


# သတ္တဝါများ နှင့် ကံတရား

ဓမ္မာစရိယ ဦးအေးနိုင်
(ဘီအေ)

မဟာသဒ္ဓမ္မဇောတိကဓဇ

မဟာစရိယဦးအေးနိုင်(ဘီအေ)

# သတ္တဝါများနှင့်ကံတရား

**သတ္တဝါများနှင့်ကံတရား**

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ် မတ်လ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ  သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၀၅၆၀၂၀၉ နှင့် စာမူခွင့်ပြုချက်အမှတ် ၃၂၀၆၃၉၁၁၀၈ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃)အောင်ပါရမီပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၂၀၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း [illegible])

၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

E-mail paramibk@myanmar.com.mm

၂၉၄.၃

အေးနိုင် ၊ ဦး ၊ ဓမ္မာစရိယ

သတ္တဝါများနှင့်ကံတရား /ဓမ္မာစရိယဦးအေးနိုင်။ - ရန်ကုန် ၊

ပါရမီစာပေ ၊ ၂၀၀၉ ။

၂၇၈ - စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။

(၁) သတ္တဝါများနှင့်ကံတရား

# မာတိကာ


၁။ ကံနှင့်အယူဝါဒအမျိုးမျိုး ၁၁

၂။ ကံနှင့်စေတနာ ၂၉

၃။ အခြေခံကံနှစ်မျိုး ၅၁

၄။ ကံဖြစ်ကြောင်းများသတိထား ၇၅

၅။ ကံတူအကျိုးပေးပုံနှစ်မျိုး ၈၈

၆။ ကံအကျိုးပေးဆန်းကြယ်ပုံ ၁၁၀

၇။ စေတနာမပါ ကံမဖြစ် ၁၃၅

၈။ အကျိုးပေးကာလမတူကြသော ကံ ၄ မျိုး ၁၅၁

၉။ ဆောင်ရွက်သည့်ကိစ္စအားဖြင့် ကံ ၄ မျိုး ၁၆၅

၁၀။ ဥပတ္ထမ္ဘက ကံနှင့် ဥပပီဠက ကံအထူး ၁၈၄

၁၁။ အကုသိုလ်ကံ၏ဆိုးကျိုးပေးပုံ အဖုံဖုံ ၂၂၈

၁၂။ ကုသိုလ်ကံ၏ ကောင်းကျိုးပေးပုံ အဖုံဖုံ ၂၃၇

၁၃။ ကံပြဿနာ၊ အဖြေ အဖြာဖြာ ၂၅၅

# နိဒါန်း

ဤလောက၌ သတ္တဝါများအတွက် ကံသည် အလွန်အရေးကြီး၏၊ ကံကိုအကြောင်းပြု၍ အကိရိယခေါ် ကံမဲ့ဝါဒ၊ အဟေတုကဝါဒ ခေါ် အကြောင်းမဲ့ဝါဒ၊ နတ္ထိကဝါဒခေါ် အကျိုးမဲ့ဝါဒ၊ ကူသလရန်မှာန ဝါဒခေါ် ဖန်ဆင်းရှင်ဝါဒ၊ ပုဗ္ဗေကတဟေတုဝါဒခေါ် ရှေးအတိတ်ကံသက်သက် ဝါဒ စသောအယူဝါဒအမျိုးမျိုး ကမ္ဘာတွင်ပေါ်ပေါက်လျက် ရှိပေသည်။

ကျွန်ုပ်တို့ထေရဝါဒဗုဒ္ဓဘာသာကား ကံမဲ့ဝါဒမဟုတ်၊ ကံရှိဝါဒ ဖြစ်၍ ကံကိုအခြေခံထားသည့် ဘာသာဖြစ်သည်။ ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးကလည်း "ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ ဟောပြသည်မှာ၊ အရင်းသာရှင့်"ဟု ကျမ်းဂန်နှင့်အညီ မိန့်ဆိုထား၏။ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုး ဤငါးမျိုးကို သက်ဝင်ယုံကြည်မှု "သဒ္ဓါ"ရှိပါမှ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်နိုင်၏။ ဤငါးမျိုးကို ကြည်ညိုမှု၊ ယုံကြည်မှုများ ဖြစ်ပွား

နိုင်ရန် "ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ ဗုဒ္ဓကိုလည်း ကြည်ညိုမည် (ယုံကြည်မည်)"ဟူသော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အတိုင်း ဤငါးမျိုး၏အကြောင်းအရာတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထားရန် လိုပေသည်။ အထူးသဖြင့် ကံ၊ ကံ၏အကျိုးတရားအကြောင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိမထားကြသည့် ဗုဒ္ဓဘာသာဝင်တို့မှာ အများစုဖြစ်သည်။ ကံ၊ အလုပ်၊ စေတနာ–ဤသုံးမျိုးကိုပင် ကွဲကွဲပြားပြားမသိရှိကြချေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များအား ကံ၊ ကံ၏အကျိုးတရားတို့ကို ယုံကြည်မှု ရှိရန် ကံအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိထားစေချင်၏။

အမှန်စင်စစ် ကံဆိုသည်မှာ မြတ်ဗုဒ္ဓ၏ ကမ္မဝါဒအရ အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်မျိုးလုံးဖြစ်သည်။ ထိုနှစ်မျိုးလုံးကိုယူမှ အယူမှန်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်၏၊ ဗုဒ္ဓဘာသာအစစ်ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်အချို့တို့သည် ကံအကြောင်းကို ကောင်းစွာမသိကြသဖြင့် အတိတ်ကံကို အလွန်အစွဲသန်ကြ၏။ ဘာမဆို အတိတ်ကံကိုချည်း ချကြ၏။ တရားခံလုပ်တတ်ကြ၏။

ယခုလက်ရှိဘဝ၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါထူမှု၊ ပညာရှိမှု၊ ပညာမဲ့မှု စသောဖြစ်ပျက်သမျှ အဝဝသည် ရှေ့ဘဝတို့က ပြုလုပ်ခဲ့ကြသော အတိတ်ကံကြောင့်သာဖြစ်သည်ဟု ယူဆပြောဆိုလေ့ရှိကြသည်။ "ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ၊ ကံဆောင်မှပြောင်သည်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ"စသော စကားပုံများသည် အတိတ်ကံကိုချည်း တစ်ဖက်သတ်အားကိုးသူတို့၏ လက်သုံးစကားပုံများဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များသည် ကံ၏အကြောင်းအရာကို ကောင်းစွာမသိကြသဖြင့် ဗုဒ္ဓဘာသာဝင်ပင်ဖြစ်လျက် အတိတ်ကံကိုချည်း အားကိုးသည့် ပုဗ္ဗေကတဟေတုဒိဋ္ဌိအယူမှားဘက်သို့ မသိမသာရောက်နေတတ်ကြ၏။ ထိုအတိတ်ကံစွဲ အားကြီးသူတို့ကိုလည်း ပစ္စုပ္ပန်ကံကိုလည်း အလေးထားရမည့်

အကြောင်း အမှန်အတိုင်းသိမြင်စေချင်၏။

အမှန်စင်စစ်လောက၌ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါရမှုစသော ကောင်းကျိုး ဆိုးကျိုးများသည် အတိတ်ဘဝကပြုလုပ်ခဲ့ကြသည့် အတိတ်ဇနကကံသတ်သတ်ချည်း မဟုတ်၊ မျက်မှောက်ဘဝတွင် ဉာဏ်ဦးဆောင်သည့် ကြိုးစားအားထုတ်မှု ဝီရိယတို့ကြောင့် ဖြစ်ပေါ်လာသည့် ပစ္စုပ္ပန်ဉပတ္ထမ္ဘကကံသည်လည်း အရေးပါသောအကြောင်းတရားတစ်ခုဖြစ်သည်။ ယခုဘဝ၌ပြုလုပ်ကြသော ကံများသည် အတိတ်ဇနကကံများ အားနည်းနေသည့်အခါ အကျိုးပေးခွင့်ရအောင်လည်း ထောက်ပံ့ကူညီ၏။ အကျိုးပေးသန်အောင်၊ ကြာမြင့်စွာ အကျိုးပေးအောင်လည်း မီးတောက်လေကူသဘောမျိုး ရေလာမြောင်းပေးသဘောမျိုးတို့ဖြင့် ကူညီထောက်ပံ့တတ်ကြ၏။

ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီးကလည်း "ပုဗ္ဗပုညံ၊ ကောင်းမှုကံလျှင်၊ အခံရှိထ၊ ရေးကမ္မထက်၊ လုံ့လပညာ၊ နှစ်ဖြာပင့် ထောက် သမ္မာလျှောက်၍၊ မီးတောက်လေကူ၊ ဟူ၏ပမာ၊ များမကြာခင်၊ ပညာဥစ္စာ၊ ကြီးပွားရာ၏ "ဟု မိန့်ဆိုထား၏။ အဓိပ္ပာယ်မှာ ရှေးကောင်းမှုအတိတ်ကံ၊ အခံရှိပါလျှင် ဉာဏ်ဦးဆောင်သော လုံ့လဝီရိယနှစ်ပါးဖြင့် ကြိုးစားသော ပစ္စုပ္ပန်ကံက ထိုအတိတ်ကံကို "မီးတောက်လေကူ"သည့်သဘောဖြင့် ကူညီမှ အကျိုးတရားများဖြစ်ပွားပေါ်ပေါက်နိုင်ပေသည်ဟု ဆိုလိုပေ၏။ အမှန်အားဖြင့် ယခုလက်ရှိဘဝ၌ ရှေ့အတိတ်ကံ များမှာ ပစ္စုပ္ပန်ဉပတ္ထမ္ဘကကံ၏ အကူအညီကိုမရပါက များသောအားဖြင့် အနည်းငယ်မျှလောက်သာ အကျိုးပေးနိုင်သည်ကိုလည်း သိစေချင်၏။

ထို့အတူ လက်ရှိဘဝ၌ ပျက်စီးဆုတ်ယုတ်မှု အမျိုးမျိုးတို့ ဖြစ်ပေါ်လာခြင်းသည်လည်း ပစ္စုပ္ပန်အကုသိုလ်ကံ၏ အကူအညီရသောကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ အတိတ်ကံကိုယုံကြည်ပြီး မီးပုံထဲသို့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခန်း (၁)

# ကံနှင့်အယူဝါဒအမျိုးမျိုး

ကံဆိုသည်မှာ ကိုယ်၊ နှုတ်၊ စိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့်လုပ်သည့် ကောင်းမှု၊ မကောင်းမှုများပင်ဖြစ်သည်။ (ကမ္မ=ကံ၊ အမှု၊ အလုပ်)

ဤကမ္ဘာလောကတွင် ဗုဒ္ဓရှင်တော်မြတ်ဘုရား မပွင့်ပေါ်လာမီကပင် ကံနှင့်ပတ်သက်၍ အယူဝါဒအမျိုးမျိုး ပေါ်ပေါက်လျက်ရှိနေပေသည်။ အယူဝါဒအချို့မှာ – ကံမရှိဝါဒ(အကိရိယဒိဋ္ဌိ)၊ အကြောင်းမဲ့ဝါဒ (အဟေတုကဒိဋ္ဌိ)၊ အကျိုးမရှိဝါဒ(နတ္ထိကဒိဋ္ဌိ)၊ အစိုးရသူ ဘုရားသခင်ဖန်ဆင်းရှင်ဝါဒ (ဣဿရနိမ္မာနဒိဋ္ဌိ)၊ အတိတ်ကံစွဲဝါဒ(ပုဗ္ဗေကတဟေတုဒိဋ္ဌိ) စသည်တို့ဖြစ်သည်။

ထိုတွင် ပူရဏကဿပ ဂိုဏ်းဆရာကြီးက "ကောင်းမှုကံ၊ မကောင်းမှု ကံဆိုသည်မှာ မရှိ၊ ကောင်းမှု မကောင်းမှုတို့ကို ပြုသော်လည်း ပြုသည်မမည်။ ပြုရာမရောက်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုသည်မှာ အမှန်တကယ်အားဖြင့် မရှိ၊ လူတို့၏သတ်မှတ်ချက်အရသာ ခေါ်ဝေါ်ပြောဆိုနေ

ကြခြင်းဖြစ်သည်"ဟု ယူဆ၏။ ထိုဆရာကြီး၏အယူဝါဒကို "အကိရိယ ဒိဋ္ဌိ"ဟုခေါ်၏။ (အကိရိယ=ဒိဋ္ဌိ=ပြုလုပ်သော်လည်း ပြုရာမရောက်၍ ကံမရှိ ဟုယူသော အယူဝါဒ)

အချို့ကလည်း- "သတ္တဝါတို့ ဆင်းရဲခြင်း၊ ချမ်းသာခြင်းမှာ အကြောင်းမရှိ၊ သူ့အချိန်ရောက်လျှင် အလိုအလျောက်ဆင်းရဲကြ၊ ချမ်းသာကြရသည်။ အယုတ်သဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှုပင် အကြောင်း မရှိ။ တရားကျင့်နေစရာမလို၊ သံသရာ၏အရှည်အလျားသည် မဟာကပ် (ကမ္ဘာ)ပေါင်း ရှစ်သန်းလေးသိန်းရှိ၏။ သတ္တဝါသည် ကမ္ဘာပေါင်း ရှစ်သန်း လေးသိန်းကြာလျှင် အလိုအလျောက် သံသရာမှ ထွက်မြောက်သွား၏။ တရားကျင့်သော်လည်း ထိုသတ်မှတ်ထားချက်မစေ့မီ သံသရာမှမလွတ်မြောက်နိုင်သကဲ့သို့ တရားမကျင့်သူ လူမိုက်များသည် လည်း ထိုသတ်မှတ် ထားချက်ထက် ပို၍မနေရဟု ယူဆ၏။ ထိုအယူဝါဒ ကို "အဟေတုကဒိဋ္ဌိ" (အကြောင်းမဲ့ဝါဒ)ဟုခေါ်၏။ မက္ခလိဂေါသာလ ဂိုဏ်းဆရာကြီး လက်ခံ ကျင့်သုံးသည့်အယူဝါဒဖြစ်သည်။

အဇိတကေသကမ္ဗလ ဂိုဏ်းဆရာကြီးကမူ- "လှူဒါန်းပေးကမ်းမှု ဟူသမျှ အကျိုးမရှိ၊ နောင်ဘဝဆိုသည်မှာမရှိ၊ လူတစ်ယောက်၏ ကောင်း သတင်းနှင့် မကောင်းသတင်းတို့မှာ သင်္ချိုင်းရောက်က ပျောက်တော့၏။ လှူဒါန်းပေးကမ်းခြင်း၏အကျိုးမှာ အလောင်းကို မီးသင်္ဂြိုဟ်လို့ဖြစ်လာသော ပြာများပင်ဖြစ်သည်။ သေပြီးတော့ ဘာမျှမဖြစ်ကြတော့။ 'နောင်ဘဝရှိသည်၊ ဒါနအကျိုးခံစားရမည်၊ မိဘကျေးဇူးသိတတ်ရမည်'ဟု ဟောပြောခြင်းသည် လိမ်ညာမှုသာဖြစ်၏။ "လူအ, လူရိုးတွေက လှူကြ၏။ လူပါး လူနပ်တွေက ယူကြ၏" စသည်ဖြင့်အယူရှိ၏။ ထိုအယူကို နတ္ထိကဒိဋ္ဌိ(အကျိုးမရှိဝါဒ)ဟု ခေါ်၏။

**ကောင်းမှုကံ၊ မကောင်းမှုကံဆိုသည်မှာ မရှိ၊ သတ္တဝါများ ဆင်းရဲ**

ဒုက္ခခံစားရခြင်း၊ ချမ်းသာသုခကိုခံစားရခြင်း စသည်တို့မှာ ဘုရားသခင်က သို့မဟုတ် ဗြဟ္မာကြီးက ဖန်ဆင်းပေးသည့်အတိုင်းပင်ဖြစ်၏။ ထိုမျှမက ဤကမ္ဘာလောကကြီးနှင့်သတ္တဝါများကိုပင် ဘုရားသခင်က ဖန်ဆင်းပေးသည်ဟု အယူဝါဒရှိသူများလည်းရှိကြ၏။ ထိုအယူဝါဒကို "ဣဿရနိမ္မာနဒိဋ္ဌိ(အစိုးရသူ ဘုရားသခင်၊ ဖန်ဆင်းရှင်အယူဝါဒ)ဟုခေါ်၏။

သတ္တဝါများမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံများလည်း ရှိကြ၏။ ထိုကံများ၏အကျိုးလည်း ရှိကြ၏။ သို့သော် ထိုကံတို့မှာ ယခုဘဝမှာပြုလုပ်သည့် ပစ္စုပ္ပန်ကံတို့မဟုတ်၊ အတိတ်ဘဝကပြုလုပ်ခဲ့ကြသည့် အတိတ်ကံများသာဖြစ်ကြ၏။ လက်ရှိဘဝမှာ ခံစားနေကြရသည့် ကောင်းကျိုး၊ ဆိုးကျိုးများသည် ရှေးအတိတ်ကံကြောင့်ချည်းသာဖြစ်ကြ၏။ ဤသို့ ယခုဘဝမှာပြုလုပ်သည့် ပစ္စုပ္ပန်ကံကိုပယ်၍ အတိတ်ကံတစ်ခုတည်းကိုသာ ယုံကြည်သူများလည်းရှိကြ၏။ ထိုသူတို့၏အယူဝါဒကို "ပုဗ္ဗေကတဟေတုဒိဋ္ဌိ"(ရှေ့ကပြုခဲ့သည့်ကံသာ အကြောင်းရှိသောအယူ (ဝါ) အတိတ်ကံစွဲဝါဒ) ဟုခေါ်သည်။

ဤသို့လျှင် ဤကမ္ဘာလောကကြီး၌ ကံကိုအကြောင်းပြု၍ အကိရိယဒိဋ္ဌိခေါ် ကံမဲ့ဝါဒ၊ အဟေတုကဒိဋ္ဌိခေါ် အကြောင်းမရှိဝါဒ၊ နတ္ထိကဒိဋ္ဌိခေါ် အစိုးရသူ ဘုရားသခင်ဖန်ဆင်းရှင်ဝါဒ၊ ပုဗ္ဗေကတဟေတုဒိဋ္ဌိခေါ် အတိတ်ကံစွဲဝါဒ စသည်ဖြင့် အယူဝါဒအမျိုးမျိုးပေါ်ပေါက်လျက်ရှိနေပေသည်။

## မြတ်ဗုဒ္ဓ၏ကမ္မဝါဒ

**ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသည့်အခါ၌မူ ဗုဒ္ဓရှင်တော်ဘုရားက ထိုအကိရိယဝါဒစသော ကံကိုပယ်သောဝါဒများသည်လည်းကောင်း၊ အတိတ်ကံတစ်ခုတည်းကိုသာ စွဲမြဲစွာယူထားသော ပုဗ္ဗေကတ ဟေတုဝါဒ**

သည်လည်းကောင်း ကြောင်းကျိုးမဆက် မမှန်ကန်သည့်အယူဝါဒများဖြစ်သည်။ မှားယွင်းသည့် မိစ္ဆာဒိဋ္ဌိအယူများဖြစ်သည်ဟု မိန့်ကြားတော်မူသည်။ တစ်ချိန်တည်းမှာပင် မိမိ၏ "ကမ္မဝါဒ" ကို သုဘလုလင်အား ဟောကြားတော်မူ၏။

အတန်ငယ် ချဲ့၍ဆိုပါဦးမည်။ အိန္ဒိယနိုင်ငံ၊ သာဝတ္ထိပြည်အနီး၌ "တုဒိ"ခေါ်သည့် ရွာကြီးတစ်ရွာရှိ၏။ ထိုရွာကြီး၏အကြီးအကဲမှာ "တောဒေယျ"ခေါ် ပုဏ္ဏားသူဌေးကြီးဖြစ်၏။ ပသေနဒီကောသလမင်းကြီးက တုဒိရွာကြီးကို အပိုင်စားပေးသောကြောင့် တောဒေယျဟုခေါ်ခြင်းဖြစ်သည်။ ထိုပုဏ္ဏားကြီးကား ၈၇ ကုဋေအထိ ကြွယ်ဝချမ်းသာသော်လည်း အလွန်နှမြောတွန့်တို၏။ သူ၏ခံယူချက်မှာ "ဥစ္စာပစ္စည်းဆိုတာ ပေးကမ်းလှူဒါန်းလိုက်ရင် အမှန်ဆုတ်ယုတ်လျော့ပါးသွားတယ်၊ ခြကောင်၊ ပျားကောင်များလို ပစ္စည်းကိုစုဆောင်းထားမှ တိုးပွားတယ်။ ဒါကြောင့် ပစ္စည်းကို မပေးကမ်း၊ မလှူဒါန်းရ"ဟုဖြစ်သည်။ ဤခံယူချက်အတိုင်းပင် သားဖြစ်သူ သုဘလုလင်ကိုလည်း ပစ္စည်းဥစ္စာများကို မပေးကမ်းမလှူဒါန်းရန် အမြဲသွန်သင်၏။ ဘုရားရှင်သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကြီးနှင့် နီးသော်လည်း ကျောင်းတော်သို့ တစ်ခါတစ်ခေါက်မျှမရောက်ဖူးပေ။ ဘုရားရှင်အားလည်း ယာဂုတစ်ဇွန်း၊ ဆွမ်းတစ်ယောက်မျှပင် မလှူဒါန်းခဲ့ဖူးဟု ဆို၏။

ထိုတောဒေယျပုဏ္ဏားကြီး သေဆုံးသွားသောအခါ ပစ္စည်းဥစ္စာ၌ စွဲလမ်းမှုတဏှာလောဘကြောင့် မိမိအိမ်၌ပင် ခွေးကြီးဖြစ်၏။ ထိုခွေးကြီးကို သားဖြစ်သူ သုဘလုလင်က ရှေ့အကြောင်းဆက်နီးသဖြင့် အလွန်ချစ်ခင်ယုယ၏။ မိမိစားသည့် အစားအစာများကိုပင် ကျွေးမွေးပြီး မိမိအိပ်ရာ၌ပင် မိမိနှင့်အတူသိပ်သတဲ့။

တစ်နေ့ နံနက်အရုဏ်တက်ချိန်တွင် ရှင်တော်ဗုဒ္ဓသည် ကျွတ်ထိုက်သည့်သတ္တဝါများကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ သု

ဘလုလင်တို့သားအဖကို တွေ့မြင်တော်မူပြီး သုဘလုလင် သရဏဂုံတည်မည့် (ဗုဒ္ဓဘာသာဝင်ဖြစ်မည့်)အကြောင်းကို သိမြင်တော်မူ၏။ ထို့ကြောင့် သုဘလုလင်အိမ်မှထွက်နေခိုက် သပိတ်ပိုက်ကာ ကိုယ်တော်တစ်ပါးတည်း သုဘလုလင်တို့အိမ်ရှေ့မှာ သွားရပ်တော်မူပါသည်။

ထိုအခါ ခွေးကြီးသည် ဘုရားသခင် ရပ်နေတော်မူရာသို့ပြေးထွက်လာပြီး ဘုရားရှင်အား ကျယ်လောင်စွာဟောင်သတဲ့၊ ဘုရားရှင်က "ဟဲ့ တောဒေယျ၊ နင်ဟိုဘဝက ငါဘုရားကို ဆဲဆိုရေရွတ်ခဲ့တဲ့အတွက် အခုလို ခွေးကြီးလာဖြစ်ရတယ်၊ အခုလည်း နင်ဟောင်ပြန်ပြီ၊ နင် အဝီစိငရဲသို့ကျလိမ့်မယ်"ဟု မိန့်ကြားတော်မူလိုက်သည့်အခါ ခွေးကြီးမှာ "ရှင်ကြီးဂေါတမ၊ ငါ့အကြောင်းသိသွားပြီ"ဟု စိတ်ပျက်သွားပြီး အမြီးကိုကုပ်၊ ခေါင်းကြီးကိုငုံ့ကာ အိမ်ထဲသို့ဖြည်းဖြည်းပြန်ဝင်သွားရှာ၏။ အိမ်ထဲသို့ရောက်လျှင် မူလအိပ်နေကျနေရာတွင် မအိပ်တော့ဘဲ မီးဖိုထဲရှိဖိုခနောက်များအကြား ပြာများပေါ်တွင် စိတ်ပျက်စွာ လူးလိမ့်အိပ်နေတော့၏။ မည်သူမျှခေါ်၍မရချေ။

## ဘုရားရှင်နှင့် သုဘလုလင်

သုဘလုလင်အိမ်သို့ပြန်ရောက်လာသည့်အခါ အိမ်သူအိမ်သားများက ဘုရားရှင်ကြွလာပုံ၊ ခွေးကြီးပြေးထွက်သွားပြီး ဘုရားရှင်ကို ဟောင်ပုံ၊ ဘုရားရှင်က ခွေးကြီးကိုပြောကြားပုံ စသည်တို့ကို အစုံအလင် ပြန်လည်ပြောကြားကြ၏။ ထိုအခါ သုဘလုလင်က "ဟာ–ခွေးကြီးဟာ ငါ့အဖေမဖြစ်နိုင်ဘူး၊ ငါ့အဖေဟာ အခု ဗြဟ္မာ့ပြည်ရောက်နေတယ်၊ ရှင်ကြီးဂေါတမဟာ မဟုတ်မမှန် လုပ်ကြံပြောတာဖြစ်တယ်၊ ရှင်ကြီးဂေါတမကို မုသာဝါဒကံနဲ့ ပြန်လည်စွပ်စွဲမယ်"ဟုဆိုပြီး ချက်ချင်းပင် ဘုရားရှင်ထံမှောက် အရောက်သွားလေတော့၏။

ဘုရားရှင်ထံမှောက်သို့ရောက်သည့်အခါ ဘုရားရှင်က သူပြော

ကြားခဲ့သည်မှာ မှန်ကြောင်း ဝန်ခံပြောဆိုပြီး "သင့်ဖခင်ကြီး သေဆုံးသွားစဉ်က မပြောမကြားဘဲ ထားရစ်ခဲ့တဲ့ပစ္စည်းများရှိသလား"ဟု မေးလိုက်၏။ သုဘလုလင်က–ပစ္စည်းတွေရှိကြောင်း၊ အဲဒီပစ္စည်းတွေဟာ အဖိုးတစ်သိန်းတန်တဲ့ ရွှေပန်း၊ အဖိုးတစ်သိန်းတန်တဲ့ ရွှေခြေနင်း၊ အဖိုးတစ်သိန်းတန်တဲ့ ရွှေခွက်နဲ့ ငွေအသပြာတစ်သိန်းတို့ဖြစ်ကြောင်း လျှောက်ထား၏။ မြတ်စွာဘုရားရှင်က– "ဒီလိုဆိုရင် အိမ်သို့ပြန်သွားပါ၊ အိမ်ရောက်တော့ ခွေးကြီးကို နို့ဃနာထမင်းအဝကျွေးပါ၊ သူအိပ်ငိုက်လာလိမ့်မယ်၊ အိပ်လို့မပျော့်တပျော် မှာ သူ့ကို အဲဒီပစ္စည်းဥစ္စာတွေ ဘယ်မှာထားရစ်ခဲ့သလဲလို့မေးပါ၊ သူလိုက်ပြပါလိမ့်မယ်" ဟု မိန့်ကြားလိုက်သည်။

သုဘလုလင်လည်း အိမ်သို့ပြန်သွားပြီး ဘုရားရှင်မှာတော်မူသည့်အတိုင်း ပြုလုပ်သည်။ သုဘလုလင်က ပစ္စည်းတွေထားခဲ့သည့်နေရာကို မေးသည့်အခါ ခွေးကြီးမှာမျက်စိပွင့်လာပြီး မျက်ရည်များယိုစီးကျလာကာ အိပ်နေရာမှထ၍ ပစ္စည်းများမြှုပ်နှံခဲ့ရာနေရာသို့ ဟောင်ပြီးသွားသည်။ သုဘလုလင်ကလည်း ခွေးကြီးနောက်မှ လိုက်သွားသည်။ ပစ္စည်းမြှုပ်နှံထားသည့်နေရာသို့ ရောက်သည့်အခါ ခွေးကြီးက ခြေနင့်ယက်ပြ၏။ သုဘလုလင်က ထိုနေရာကိုတူးဖော်စေရာ ပစ္စည်းလေးမျိုးလုံး အပြည့်အစုံပြန်ရသည်။

ထိုအခါ သုဘလုလင်သည် မြတ်စွာဘုရားကို အလွန်ကြည်ညိုသွား၏။ အလွန်ယုံကြည်သွား၏။ အလွန်အထင်ကြီးသွား၏။ ရှင်ကြီးဂေါတမသည် အလုံးစုံကိုသိသူ သဗ္ဗညုပုဂ္ဂိုလ်အမှန်တကယ်ဖြစ်၏။ ရှင်ကြီးဂေါတမထံ မိမိ မသိရသည့်အချက် ၁၄ ချက်ကို သွားမေးလျှင် သိရှိနိုင်မည်ဟုဆိုကာ ဘုရားရှင်ထံမှောက်သို့ သွားရောက်ခဲ့သည်။

ဘုရားရှင်အား–"ရှင်ကြီးဂေါတမ၊ ဤကမ္ဘာလောကကြီးမှာ လူသတ္တဝါများဟာ တစ်ဦးနှင့်တစ်ဦး မတူကြဘဲ အယုတ်၊ အမြတ် ကွဲပြားခြား

နားနေကြသည်ကို တွေ့မြင်နေရပါတယ်။

၁။ အချို့မှာ အသက်တိုပြီး
၂။ အချို့မှာ အသက်ရှည်ကြပါတယ်။
၃။ အချို့မှာ အနာရောဂါ ထူပြီး
၄။ အချို့မှာ ကျန်းမာကြပါတယ်။
၅။ အချို့မှာ အရုပ်ဆိုးပြီး
၆။ အချို့မှာ လှပချောမောကြပါတယ်။
၇။ အချို့မှာ အခြံအရံ ဘုန်းတန်ခိုး အာဏာနည်းပါးပြီး
၈။ အချို့မှာ အခြံအရံ ဘုန်းတန်ခိုး အာဏာကြီးကြပါတယ်။
၉။ အချို့မှာ ဆင်းရဲနွမ်းပါးပြီး
၁၀။ အချို့မှာ ချမ်းသာကြွယ်ဝကြပါတယ်။
၁၁။ အချို့မှာ အမျိုးယုတ်ညံ့ပြီး
၁၂။ အချို့မှာ အမျိုးမြတ်ကြပါတယ်။
၁၃။ အချို့မှာ ပညာဉာဏ် နည်းပါးပြီး
၁၄။ အချို့မှာ ပညာဉာဏ် ကြီးမားကြပါတယ်။

"အဲဒီလို မတူ ကွဲပြားခြားနားနေကြတာတွေဟာ ဘယ်လို အကြောင်းကြောင့်ပါလဲ ဘုရား" ဟုလျှောက်ထားသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက "သုဘလုလင်၊ လောကမှာ လူသာမဟုတ် အလုံးစုံသောသတ္တဝါတို့မှာ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ နှစ်တန်သောကံသာ ကိုယ်ပိုင်ဥစ္စာရှိကြ၏။ နှစ်တန်သောကံ၏အမွေကို ခံယူကြရ၏။ နှစ်တန်သောကံသာ အကြောင်းရင်းရှိကြ၏။ နှစ်တန်သောကံသာ ဆွေမျိုးဖြစ်ကြ၏။ နှစ်တန်သောကံသာ အားထားကိုးကွယ်ရာရှိကြ၏။ အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံကသာ သတ္တဝါများကို ယုတ်သူ၊ မြတ်သူဖြစ်အောင်၊ ဆင်းရဲသူ ချမ်းသာသူဖြစ်အောင် ပိုင်းခြားဝေဖန် စီမံခန့်ခွဲပေး၏" ဟု ကမ္မဝါဒကို

အကျဉ်းချုပ်ဟောကြားလိုက်သည်။

သုဘလုလင်က တရားတော်မှာကျဉ်းလွန်း၍ တပည့်တော် နား မလည်သေးပါ၊ အကျယ်ထပ်၍ဟောတော်မူရန် လျှောက်ထားရာ သုဘ လုလင် မူလမေးလျှောက်သည့် ၁၄ ချက်လုံးကိုပင် အကြောင်းကံကိုယ်စီဖြင့် ဤသို့. အကျယ်ထပ်မံဟောကြားတော်မူပါသည်။

၁။ သူတစ်ပါး၏အသက်ကို သတ်သူသည် သေလျှင်ငရဲ၌ ဖြစ်ရ၏။ အကယ်၍ လူပြန်ဖြစ်ခဲ့သော် အသက်တို၏။

၂။ သူ့အသက်သတ်မှုကို မပြုသူသည် သေလျှင် နတ်ပြည်၌ဖြစ်ရ၏။ လူပြန်ဖြစ်လျှင်လည်း အသက်ရှည်၏။

၃။ သူတစ်ပါးကို ညှဉ်းဆဲသူသည် သေလျှင်ငရဲကျ၏။ လူပြန်ဖြစ်လျှင်ရောဂါထူ၏။

၄။ သူတစ်ပါးကို မညှဉ်းဆဲသူသည် သေလျှင်နတ်ဖြစ်၏။ လူပြန်ဖြစ်လျှင် ကျန်းမာ၏။

၅။ ဒေါသကြီးသူသည် သေလျှင်ငရဲကျ၏။ လူပြန်ဖြစ်လျှင် အရုပ်ဆိုး၏။

၆။ ဒေါသနည်းပါး မေတ္တာများသူသည် သေလျှင်နတ်ဖြစ်၏။ လူပြန်ဖြစ်လျှင် ချောမောလှပ၏။

၇။ မနာလိုခြင်း(ဣဿာ)များသူသည် သေလျှင်ငရဲကျ၏။လူပြန်ဖြစ်လျှင် ဘုန်းကံအခြံအရံ နည်း၏။

၈။ မနာလိုခြင်းကင်းသူသည် သေလျှင်နတ်ဖြစ်၏။ လူပြန်ဖြစ်လျှင် ဘုန်းကံကြီးမား အခြံအရံများ၏။

၉။ မလှူဒါန်းမပေးကမ်းသူသည် သေလျှင်ငရဲကျ၏။ လူပြန်ဖြစ်လျှင် ဆင်းရဲနွမ်းပါး၏။

၁၀။ လှူဒါန်းပေးကမ်းလေ့ရှိသူသည် သေလျှင်နတ်ဖြစ်၏။ လူ ပြန်ဖြစ်

လျှင် ချမ်းသာကြွယ်ဝ၏။

၁၁။ မာနကြီးသူသည် သေလျှင်ငရဲကျ၏။ လူပြန်ဖြစ်လျှင် ယုတ်ညံ့သောအမျိုး၌ဖြစ်၏။

၁၂။ မာနနည်းသူသည် သေလျှင်နတ်ဖြစ်၏။ လူပြန်ဖြစ်လျှင် မြင့်မြတ်သောအမျိုး၌ ဖြစ်၏။

၁၃။ ကုသိုလ် အကုသိုလ် စသည်တို့ကို မေးမြန်းလေ့မရှိသူသည် သေလျှင်ငရဲကျ၏။ လူပြန်ဖြစ်လျှင် ပညာနည်း၏။

၁၄။ ကုသိုလ် အကုသိုလ် စသည်တို့ကို မေးမြန်းလေ့ရှိသူသည် သေလျှင်နတ်ဖြစ်၏။ လူပြန်ဖြစ်လျှင် ဉာဏ်ပညာကြီးမား၏ဟု စူဠကမ္မဝိဘင်္ဂသုတ်၌ မြတ်ဗုဒ္ဓက "ကမ္မဝါဒ" ကို ဟောကြားထား၏။

မှတ်သားဖွယ် သံပေါက်လင်္ကာများ

၁။ သူများ အသက်၊ သတ်သည့်တွက်၊ အသက်ကိုယ့်မှာတို။

၂။ မသတ်ရှောင်ရှား၊ ထိုလူများ၊ ရှည်လျား အသက်ကို။

၃။ နှိပ်စက်ကလူ၊ ညှဉ်းဆဲသူ၊ ပြောထူ ရောဂါဆို။

၄။ သနားစိတ်သွင်း၊ မနှိပ်နင်း၊ ကင်းရှင်းရောဂါကို။

၅။ ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို။

၆။ ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို။

၇။ မနာလိုပြန်၊ ဣဿာထန်၊ ဘုန်းကံနည်းမည်ဆို။

၈။ ဣဿာ မထား၊ ဝမ်းမြောက်ငြား၊ ကြီးမားဘုန်းကံကို။

၉။ မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို။

၁၀။ စွန့်ကြဲလေတုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။

၁၁။ မာန်မာနကြွယ်၊ ထိုသူငယ်၊ မျိုးနွယ်ညံ့မည်ဆို။

၁၂။ ထိုက်သူ ရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။

၁၃။ သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်း,အ ပညာဆို။

၁၄။ ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခုနောင်ပညာပို။

(ဤလင်္ကာများမှာ ကျေးဇူးရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရေးဖွဲ့ခဲ့သည့် လင်္ကာများဖြစ်သည်။)

ဤသို့ တရားတော်ကို အကျယ်နာကြားရသည့်အခါ သုဘလုလင်မှာ အလွန်ဝမ်းသာသွားပြီး ဘုရားရှင်ထံ သရဏဂုံခံယူကာ ဥပါသကာ(ဗုဒ္ဓဘာသာဝင်)အဖြစ်သို့ ကူးပြောင်းသွားခဲ့ပေသည်။

## ဘုရားရှင်နှင့် ပုဏ္ဏားလုလင်နှစ်ဦး

တစ်ချိန်သောအခါက ဗုဒ္ဓမြတ်စွာသည် ဣစ္ဆာနင်္ဂလနိဂုံးရွာကြီးအနီးရှိ ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ တစ်နေ့တွင် ထိုဣစ္ဆာနင်္ဂလရွာကြီးမှ ဝါသေဋ္ဌနှင့်ဘာရဒွါဇခေါ် ပုဏ္ဏားလုလင်နှစ်ယောက်တို့သည် လမ်းလျှောက်ထွက်ကြရင်း ဘာရဒွါဇက "သူငယ်ချင်း၊ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်က စ,ပြီး မိဘက်၊ ဖဘက် နှစ်ဖက်လုံး ဘယ်အမျိုးမှ မရောနှောဘဲ သန့်စင်စွာ ဗြာဟ္မဏမျိုးမှမွေးဖွားလာတဲ့အတွက် 'ဗြာဟ္မဏ' လို့ခေါ်တာကွ"ဟု ဇာတိဝါဒ (ပုဏ္ဏားတို့၏ဇာတ်မြင့်ဝါဒ)ကို ပြောကြားလိုက်၏။

ဝါသေဋ္ဌလုလင်ကမူ-"မဟုတ်ဘူး သူငယ်ချင်း၊ သီလရှိလို့၊ အကျင့်နဲ့ပြည့်စုံလို့ ဗြာဟ္မဏခေါ်တာပါ"ဟု ပြန်လည်ပြောကြားလိုက်ရာ သူငယ်ချင်းနှစ်ယောက် "ဗြာဟ္မဏ" အခေါ်အဝေါ်နှင့်ပတ်သက်၍ အငြင်းပွားကြ၏။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ အရှုံးမပေးဖြစ်နေကြရာ ဝါသေဋ္ဌလုလင်က "သကျသာကီဝင်မင်းမျိုးမှ ရဟန်းဖြစ်လာပြီး ဘုရားလို့ ထင်ရှားကျော်ကြားတဲ့ ရဟန်းဂေါတမထံ အဆုံးအဖြတ်ခံရင် မကောင်းဘူးလား"ဟုပြောရာ ဘာရဒွါဇလုလင်ကလည်း "ကောင်းတယ်"

ဟုဆိုပြီး နှစ်ယောက်သား သဘောတူ ဘုရားရှင်ထံမှောက်သို့ ရောက်သွားကြသတဲ့။

ဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောကြားကြပြီး ဝါသေဋ္ဌလုလင်က– "အရှင်ဂေါတမ၊ ကျွန်ုပ်တို့နှစ်ယောက်လုံး ဗေဒင်သုံးပုံကို တတ်မြောက်ကြသူတွေပါ။ အကျွန်ုပ်ကတော့ ပေါက္ခရသာတိပုဏ္ဏားဆရာကြီး ရဲ့တပည့်ကြီးပါ။ 'ဗြာဟ္မဏ' အခေါ်အဝေါ်နဲ့ပတ်သက်ပြီး ကျွန်ုပ်တို့နှစ်ယောက် အငြင်းအခုံဖြစ်နေကြပါတယ်။ ဘာရဒွါဇက အမျိုးဇာတ်အားဖြင့် 'ဗြာဟ္မဏ' ဖြစ်တယ်လို့ (ဇာတိဝါဒအားဖြင့်) ဆိုပါတယ်။ အကျွန်ုပ်ကတော့ ပြုလုပ်မှုကုသိုလ်ကံ(ကမ္မဝါဒ)အားဖြင့် 'ဗြာဟ္မဏ' ဖြစ်တယ်လို့ဆိုပါတယ်၊ မည်သူကမှန်ပါသလဲ။ ဘယ်နည်းဘယ်ပုံအားဖြင့် 'ဗြာဟ္မဏ' ခေါ်ပါသလဲ"ဟု ရှိခိုးလျှောက်လိုက်၏။

ဘုရားရှင်က–"ဝါသေဋ္ဌ၊ လောကမှာ မြက်သစ်ပင်များနဲ့ ကုန်းနေ၊ ရေနေ၊ ကောင်းကင်နေ တိရစ္ဆာန်သတ္တဝါတွေမှာသာ အမျိုးဇာတိအားဖြင့် အသွင်အပြင် ကွဲပြားခြားနားကြပါတယ်။ ခြေနှစ်ချောင်းရှိတဲ့ အမျိုး၊ ခြေလေးချောင်းရှိတဲ့ အမျိုး၊ အတောင်ရှိတဲ့ အမျိုး၊ အတောင်မရှိတဲ့အမျိုး၊ ရေနေတစ်မျိုး၊ ကုန်းနေတစ်မျိုး၊ ကောင်းကင်နေတစ်မျိုး စသည်ဖြင့် အမျိုးဇာတ်အရ အသွင်အပြင် အသီးအခြားရှိကြပါတယ်။ လူ့ဟွမှာတော့ အမျိုးဇာတ်အရ အသွင်အပြင် ကွဲပြားခြားနားမှု မရှိပါဘူး။ ဆံပင်၊ ဦးခေါင်း၊ နားရွက်၊ မျက်စိ၊ ခံတွင်း၊ နှာခေါင်း၊ နှုတ်ခမ်း၊ မျက်ခုံး၊ လည်ပင်း၊ ပခုံး၊ ဝမ်းဗိုက်၊ ကျောကုန်း၊ ခါး၊ ရင်၊ လက်၊ ခြေ၊ အသံ စသည်တို့မှာ အမျိုးဇာတ်အရ အသွင်အပြင် ထူးခြားမှုမရှိပါ။

လောကမှာ ခတ္တိယ, ဗြာဟ္မဏဆိုတဲ့ အခေါ်အဝေါ်တွေဟာ လူတွေက ကြံဆထားကြတဲ့ အမည်ပညတ်တွေပါ။ အမည်ပညတ်ဆိုတာကလည်း ခေါ်ဝေါ်သမုတ်ကြတဲ့အတွက် ဖြစ်ပေါ်လာကြတာဖြစ်တယ်။ အဲဒီ

သဘောကို မသိကြတဲ့အတွက် အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏဖြစ်တယ်လို့ ဆိုကြခြင်းဖြစ်တယ်။ အမှန်စင်စစ်ကတော့ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်သလို၊ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဟုတ်သူလည်း မဖြစ်နိုင်။ မိမိတို့ပြုလုပ်တဲ့အလုပ်(ကံ)ကြောင့်သာ ဗြာဟ္မဏလည်းဖြစ်နိုင်တယ်၊ ဗြာဟ္မဏ မဟုတ်သူလည်း ဖြစ်နိုင်ပါတယ်။

လယ်လုပ်သူဖြစ်လို့ လယ်သမားဖြစ်တယ်၊ လက်မှုပညာနဲ့ အသက်မွေးလို့ လက်မှုပညာသည်ဖြစ်တယ်၊ ကုန်ရောင်း ကုန်ဝယ်လုပ်လို့ ကုန်သည်ဖြစ်တယ်၊ အစေအပါးအလုပ်ကိုလုပ်လို့ အစေခံဖြစ်တယ်၊ သူ့ဥစ္စာခိုးတဲ့အလုပ်ကို လုပ်လို့ သူခိုးဖြစ်တယ်၊ စစ်တိုက်တဲ့အလုပ်ကို လုပ်လို့ စစ်သားဖြစ်တယ်၊ မင်း အလုပ်ကိုလုပ်လို့ မင်းဖြစ်တယ်။

ဝါသေဋ္ဌ-ပုဏ္ဏားမျိုး၌ဖြစ်သော ပုဏ္ဏေးမမှမွေးဖွားလာသူကို ဗြာဟ္မဏဟု ငါမဆို၊ ထိုပုဏ္ဏားဟာ ရာဂ စ,တဲ့ ကိလေသာတွေရှိရင် ဘောဝါဒီမည်တယ်၊ ရာဂ စ,တဲ့ကိလေသာတွေမရှိ၊ မကောင်းမှုမှန်သမျှကို ပယ်သတ်ထားသူကိုသာ ဗြာဟ္မဏ-ဟု ငါဆိုတယ်၊ ပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်ပြီး ကံ, ကံ၏အကျိုး၌ လိမ္မာကြတဲ့ပညာရှင်တွေသာ ဟုတ်တိုင်းမှန်စွာ အကြောင်းကံကို မြင်နိုင်ကြတယ်။

ဝါသေဋ္ဌ-ဒီသတ္တလောကကြီးဟာ အစိုးရသခင် ဖန်ဆင်းရှင်တစ်ဦးက ဖန်ဆင်းပေးတဲ့အတွက် ဖြစ်ပေါ်လာတာမဟုတ်ဘူး၊ သတ္တဝါတွေရဲ့ကံကြောင့်သာ ဖြစ်ပေါ်လာတာဖြစ်တယ်၊ (ကမ္မုနာ ဝတ္တတိ လောကော) သတ္တဝါတွေဟာလည်း ဘယ်သူကမှ ဖန်ဆင်းလို့ဖြစ်လာကြတာ မဟုတ်ဘူး၊ သူတို့ကံကြောင့် သူတို့ဖြစ်ပေါ်လာရခြင်းသာဖြစ်တယ်။ (ကမ္မုနာ ဝတ္တတိ ပဇာ)၊ ဣန္ဒြေကို စောင့်စည်းမှု မြင့်မြတ်တဲ့အကျင့်၊ သီလအကျင့်၊ ပညာအကျင့်ဆိုတဲ့ မြင့်မြတ်တဲ့ကံကြောင့်သာ ဗြာဟ္မဏဖြစ်တယ်၊ အဲဒီ ဗြာဟ္မဏအဖြစ်ဟာ အလွန်မွန်မြတ်ပါတယ်"ဟု ကမ္မဝါဒကို ဟောကြား

တော်မူရာ လုလင်နှစ်ယောက်လုံး လွန်စွာ နှစ်သက်သဘောကျကြသဖြင့် သရဏဂုံယူကာ ဥပါသကာ (ဗုဒ္ဓဘာသာဝင်)များ ဖြစ်သွားကြသည်ဟု သုတ္တနိပါတ်ပါဠိတော် ဝါသေဋ္ဌသုတ်၌ ဟောကြားထား၏။

ကမ္မဝါဒနှင့် ကာလာမ အမျိုးသားများ

ထို့ပြင် ကာလာမ အမျိုးသားတို့နေထိုင်ရာ ကေသမုတ္တနိဂုံးရွာကြီးသို့ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူလေရာ ကာလာမအမျိုးသားတို့က "မြတ်စွာဘုရား–ဤရွာကြီးသို့ရောက်လာသမျှ ရဟန်းပုဏ္ဏားတို့သည် မိမိတို့အယူဝါဒသာ မှန်ကန်ကြောင်း ဂုဏ်တင်ပြောဆိုကြ၍ အခြားသူတို့၏ ဝါဒများမှာ မှားယွင်းကြောင်း ပုတ်ခတ်ပြောဆိုကြသူချည်းသာဖြစ်ပါတယ်။ မည်သည့်ဝါဒကမှန်၍ မည်သည့်ဝါဒက မှားကြောင်း တပည့်တော်တို့ မဝေခွဲတတ်ကြပါ"ဟု လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားက "အို–ကာလာမအမျိုးသားတို့၊ သင်တို့သည် အယူဝါဒတစ်ရပ်ကို –

၁။ တစ်ဆင့်ကြားမှုဖြင့် မှန်ပြီဟု လက်မခံကြနှင့်ဦး။

၂။ ဘိုးဘေးစဉ်လာ ဆင်းသက်လာသော အယူဝါဒဟုလည်း လက်မခံကြလင့်ဦး။

၃။ ဤအရာသည် ဤသို့ဖြစ်သတဲ့–ဟူသော ကောလာဟလဖြင့်လည်း လက်မခံကြလင့်ဦး။

၄။ လေ့လာထားသော စာပေကျမ်းစာနှင့်ညီကာမျှဖြင့်လည်း လက်မခံကြလင့်ဦး။

၅။ ဤအရာသည်ယုတ္တိရှိ၏ဟု နည်းမှီထောက်ဆ၍ ရှုမျှဖြင့်လည်း လက်မခံကြလင့်ဦး။

၆။ မိမိတို့ တွေးခေါ်ချက်နှင့်ညီရုံမျှဖြင့်လည်း လက်မခံကြလင့်ဦး။

၇။ မိမိဘာသာ ကြောင်းကျိုးဆင်ခြင် သုံးသပ်၍ရှုရုံမျှဖြင့်လည်း လက်

မခံကြလင့်ဦး။

၈။ မိမိတို့လက်ခံထားသောအယူနှင့် ကိုက်ညီရုံမျှဖြင့်လည်း လက်မခံကြလင့်ဦး။

၉။ ယုံကြည်ထိုက်သောပုဂ္ဂိုလ်၏အယူဝါဒဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲဖြင့်လည်း လက်မခံကြလင့်ဦး။

၁၀။ လေးစားရသော ဆရာ ရဟန်း၏အယူဝါဒဖြစ်သည်ဟု ဆရာစွဲဖြင့်လည်း လက်မခံကြလင့်ဦး။

အို–ကာလာမ အမျိုးသားတို့၊ သင်တို့သည် (ဤဝါဒရေးရာနှင့်ပတ်သက်၍) "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ အပြစ်ရှိသော တရားတို့တည်း၊ ပညာရှိတို့ ကဲ့ရဲ့ထိုက်သည့်တရားတို့တည်း။ ဤတရားများကို လက်ခံကျင့်သုံးခဲ့သော် အကျိုးမဲ့ဖြစ်မည်၊ ဆင်းရဲဒုက္ခရောက်မည်"ဟု သင်တို့ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာ လေ့လာဝေဖန်၍သိရှိခဲ့လျှင် ထိုတရားများကို (ဝါ) ထိုအယူဝါဒများကို ဖယ်ရှားကြရမည်။

အို–ကာလာမ အမျိုးသားတို့၊ သင်တို့သည် "ဤတရားတို့ကား ကုသိုလ်တရားတို့တည်း။ အပြစ်ကင်းသောတရားတို့တည်း။ ပညာရှိတို့ ချီးမွမ်းထိုက်သောတရားတို့တည်း။ ဤတရားများကို လက်ခံကျင့်သုံးခဲ့သော် အကျိုးရှိမည်၊ ချမ်းသာမည်"ဟု သင်တို့ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာ လေ့လာဝေဖန်၍သိရှိခဲ့လျှင် ထိုတရားများကို (ဝါ) ထိုအယူဝါဒများကို လက်ခံကျင့်သုံးကြရမည်စသည်ဖြင့် အယူဝါဒမှန်သမျှကို ကုသိုလ်ကံ အကုသိုလ်ကံတို့ဖြင့် ဝေဖန်စိစစ်ရမည်ဟု "ကမ္မဝါဒ" ကို ဟောကြားတော်မူကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် ကေသမုတ္တိ (ကာလာမ)သုတ်၌ တွေ့ရ၏။

## ကမ္မဝါဒ အရေးကြီးလှ

သတ္တဝါများအဖို့ ကမ္မဝါဒသည် အလွန်အရေးကြီးလှ၏။ ကံ

တရားကိုပစ်ပယ်လျှင် အယူမှားသူဖြစ်သွား၏။ ကံတရားကို သိမြင်ယုံကြည်လက်ခံမှ အယူမှန် (သမ္မာဒိဋ္ဌိ) ဖြစ်မည်ကို ကောင်းစွာသိမြင်တော်မူသည့်အတွက် နေ့စဉ် နေ့တိုင်း အမြဲမပြတ် ဆင်ခြင်အောက်မေ့ရမည့် မွေးဖွားခြင်း (ဇာတိ)၊ အိုခြင်း (ဇရာ)၊ နာခြင်း (ဗျာဓိ)၊ သေခြင်း (မရဏ) စသော တရားငါးမျိုးတွင် ကံတရားကိုလည်း "ငါသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကံ၏အမွေကို ခံယူရ၏။ ကံသာ အကြောင်းရင်းရှိ၏။ ကံသာ ဆွေမျိုးဖြစ်၏။ ကံသာ ကိုးကွယ်အားထားရာရှိ၏။ မိမိပြုလုပ်သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ကောင်းမွေဆိုးမွေကို ခံယူရမည်" ဟု အမြဲမပြတ် ဆင်ခြင်ရန် အလေးအနက်ထား၍ မြတ်စွာဘုရား ဟောကြားခဲ့ကြောင်း ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်၊ အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ်၌ လေ့လာသိရှိရ၏။

## ကံကို ယုံကြည်မှ ဗုဒ္ဓဘာသာဝင်

ရှေ့တွင် ဆိုခဲ့ပြီးသည့်အတိုင်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံနှင့် ထိုကံတို့၏အကျိုးတရားတို့ကို အကြွင်းမဲ့ယုံကြည်ရခြင်း၊ (ကမ္မဝါဒ)သည် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ဖို့ရန် ပထမဆုံးအဆင့်ဖြစ်သည်။ "ရှေးရှေး ဘဝတွေ နှင့် ယခုလက်ရှိဘဝမှာ ကောင်းမှုကံ၊ မကောင်းမှုကံ ဆိုတာရှိတယ်၊ ကောင်းမှုကံက ကောင်းကျိုးကိုပေးသလို မကောင်းမှုကံက မကောင်းကျိုးကို ပေးတယ်"ဟု ယုံကြည်မှ ဗုဒ္ဓဘာသာဝင်ဖြစ်လာနိုင်သည်။ အကြောင်းမှာ "ကံရှိတယ်၊ ကံရဲ့အကျိုးရှိတယ်"ဟု ယုံကြည်သိမြင်ခြင်းသည် မှန်ကန်သော အယူအမြင် (သမ္မာဒိဋ္ဌိ)ဖြစ်သည်ဟု ဘုရားရှင် ထပ်ခါ ထပ်ခါ ကြိမ်ဖန်များစွာ ဟောကြားထားသောကြောင့်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့မှာ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ သရဏဂုံ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ သုစရိုက်၊ ဒုစရိုက်၊

ပုညကိရိယဝတ္ထုစသောတရားတို့ကို အထိုက်အလျောက် တတ်သိနားလည်ထားလေ့ရှိပါသည်။ နားလည်လည်း နားလည်ထားသင့်ကြပါ၏။ ဤမျှလောက်ကိုမှ နားမလည်ထားလျှင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အဆင့်သာရှိမည်။ ဘုရားရှင်ကြိမ်ဖန်များစွာ ဟောကြားခဲ့သော ကံနှင့်ကံ၏အကျိုးကို ယုံကြည်သိမြင်ရသည့် "သမ္မာဒိဋ္ဌိ" ကံသည် ယခုဖော်ပြခဲ့သည့် သရဏဂုံအစ ပုညကိရိယဝတ္ထု အဆုံးရှိသောတရားတို့တွင် ဘယ်အုပ်စု၌ ပါဝင်သနည်း-ဟု မေးလျှင် မည်သို့ဖြေမည်နည်း။ စာရှုသူဖြေကြည့်စမ်းပါ။ ဖြေနိုင်ပါမှ မိရိုးဖလာ ဗုဒ္ဓဘာသာအဆင့်လွန် ဗုဒ္ဓဘာသာဖြစ်မည်။

အမှန်အားဖြင့် ဤသမ္မာဒိဋ္ဌိကံသည် မနောသုစရိုက် ကံသုံးပါးတွင်ပါဝင်၏။ ထိုမနောကံသုံးပါးကား အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိတို့ဖြစ်၏။ စာရေးသူအတွေ့အကြုံအရ သုစရိုက်တရားဆယ်ပါး၊ ဒုစရိုက်တရားဆယ်ပါးတို့ကို ကြားသာကြားဖူး၍ မသိနားမလည်သည့် ဗုဒ္ဓဘာသာဝင်ကများနေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏အခြေခံဖြစ်သည့် ဤဒုစရိုက်တရားနှင့် သုစရိုက်တရားတို့ကို သတ္တဝါတို့အား နားလည် သိမြင်စေချင်လွန်းလှသဖြင့် သာလေယျကသုတ်၊ ဝေရဉ္စကသုတ်၊ ဒုစရိတသုတ်၊ သုစရိတသုတ်၊ ပထမနိရယသဂ္ဂသုတ်၊ ဒုတိယနိရယသဂ္ဂသုတ်၊ သံသပ္ပနိယသုတ်၊ ပထမသံဝေဇနိကသုတ်၊ ကုဏ္ဍလိယသုတ်စသော သုတ်တော်ပေါင်းများစွာနှင့် အဘိဓမ္မာ၊ ဓမ္မသင်္ဂဏီပါဠိတော်ကြီးများ၌ဟောကြားတော်မူခဲ့ပေသည်။ အထူးသဖြင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ သံသပ္ပနိယသုတ်၌ "ရဟန်းတို့၊ သတ္တဝါတို့သည် ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြ၏" စသည်ဖြင့် သုဘလုလင်အား ဟောကြားသည့်အတိုင်း နိဒါန်းခံဟောကြားတော်မူပြီးမှ သုစရိုက်တရား၊ ဒုစရိုက်တရားတို့ကို အကျယ်ဆက်လက်ဟောကြားတော်မူသည်ကို တွေ့ရှိရပေသည်။

ဗုဒ္ဓမြတ်စွာသည် ဖော်ပြပြီးသုတ်တော်များ၌ မှန်သောအယူအမြင်

ဆိုသည့် "သမ္မာဒိဋ္ဌိ" မနောကံသုစရိုက်ဖြစ်ပုံကို အချက် ၁၀ ချက်ဖြင့် ရှင်းလင်းဟောကြားတော်မူထား၏။ ထို အယူမှန်ဆယ်ချက်မှာ–

၁။ လှူဒါန်းပေးကမ်းခြင်းသည် အကျိုးတကယ်ရှိ၏ဟု ယုံကြည်သိမြင်ရခြင်း။

၂။ ရတနာသုံးပါး၊ မိဘဆရာတို့အား ပူဇော်ခြင်းသည် အကျိုးရှိ၏ဟု ယုံကြည်သိမြင်ခြင်း။

၃။ လက်ဆောင်ပေးခြင်း၊ ဧည့်သည်တို့အား ဧည့်ဝတ် စောင့်ဝတ်ပြုခြင်း၊ ပင့်ဖိတ်၍လှူခြင်း စသောအလှူငယ်များသည်အကျိုးရှိ၏ဟု ယုံကြည်သိမြင်ခြင်း။

၄။ သုစရိုက်ကံ၊ ဒုစရိုက်ကံတို့၏ အကျိုးရှိ၏ဟု ယုံကြည်သိမြင်ခြင်း။

၅။ (ရှေးဘဝ၌တည်နေခဲ့သူအတွက်) ဤပစ္စုပ္ပန်ဘဝရှိသည်ဟု တကယ်ယုံကြည်သိမြင်ခြင်း။

၆။ ဤဘဝ၌တည်နေသူအတွက်လည်း နောင်ဘဝရှိသည်ဟု တကယ်ယုံကြည်သိမြင်ခြင်း။

၇။ မိခင်ကို ပြုစုလုပ်ကျွေးလျှင် အကျိုးရှိ၏။ ပြစ်မှားလျှင် အပြစ်ရှိ၏ဟု ယုံကြည်သိမြင်ခြင်း။

၈။ ဖခင်ကို ပြုစုလုပ်ကျွေးလျှင် အကျိုးရှိ၏။ ပြစ်မှားလျှင်အပြစ်ရှိ၏ဟု ယုံကြည်သိမြင်ခြင်း။

၉။ ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာစသော ဥပပတ်သတ္တဝါမျိုးရှိ၏ဟု ယုံကြည်သိမြင်ခြင်း။

၁၀။ ဤလောက၊ နောင်တမလွန်လောကတို့ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ထင်ထင်သိမြင်၍ ဟောကြား နိုင်ကြသည့် ညီညွတ်ကုန်၊ အကျင့်ကောင်းရှိကုန်သောသမဏ၊ ဗြာဟ္မဏတို့

ရှိကြကုန်၏ဟု တကယ် ယုံကြည်သိမြင်ခြင်းတို့ဖြစ်ပေသည်။

ဤအချက် ၁၀ ချက်လုံးသည် ကံတရားနှင့်သက်ဆိုင်နေသဖြင့် သုစရိုက်လာ သမ္မာဒိဋ္ဌိ မနောကံကို "ကမ္မဿကတာသမ္မာဒိဋ္ဌိ (မိမိကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်)ဟု သိမြင်သော အယူမှန်"ဟုခေါ်၏။ ကျမ်းဂန်များ၌ အချက်မှန်ဆယ်ချက်ရှိ၍ "ဒသဝတ္ထုကသမ္မာဒိဋ္ဌိ"ဟုလည်း ဆို၏။ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ချက်ကြီးဆယ်ချက်ဟု အဓိပ္ပာယ်ရ၏။ ထိုသမ္မာဒိဋ္ဌိကိုပင် ပုညကိရိယ ဝတ္ထုဆယ်ပါးတွင် ဒိဋ္ဌိဇုကမ္မ (အယူဖြောင့်မှန်မှု)ဟုမိန့်ဆိုထား၏။

ဤသို့အားဖြင့် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံကို သိမြင်ယုံကြည်မှုသည် ဗုဒ္ဓဘာသာဝင်ဖြစ်ရန် အခြေခံအကျဆုံးသော အချက်ကြီးဖြစ်၏။ ကံကို သိမြင်ယုံကြည်မှုသည် မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်၈ပါးတွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိဟူသော လောကီမဂ္ဂင်ဖြစ်၏။ ထို့ကြောင့် တမလွန်လောက (နောင်ဘဝ)ရှိသည်ဟု မယုံကြည်သူများ၊ သုံးဆယ့်တစ်ဘုံမရှိဟု ယူကြသူများမှာ ဗုဒ္ဓဘာသာဝင်မဖြစ်နိုင်သည့်အပြင် "မိစ္ဆာဒိဋ္ဌိ" ဟူသော ဒုစရိုက်မနောကံတွင် အကျုံးဝင်သောကြောင့် ဗုဒ္ဓဘာသာဝင်ဟု နာမည်ခံနေကြသော်လည်း "မိစ္ဆာအယူရှိသူများ"သာဖြစ်ကြ၏။

ဤသို့လျှင် ကံကို သိမြင်ယုံကြည်မှု ကမ္မဿကတာ သမ္မာဒိဋ္ဌိ (သမ္မာဒိဋ္ဌိမနောကံ၊ ဒိဋ္ဌိဇုကမ္မ)သည် ဗုဒ္ဓဘာသာဝင်ဖြစ်ရေး၊ မဖြစ်ရေးကို အဆုံးအဖြတ်ပေး၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့နှင့် အရေးတကြီးသက်ဆိုင်နေသည့် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောကံများနှင့် ထိုကံတို့၏အကျိုးပေးပုံတို့ကို အလေးထား၍ လေ့လာမှတ်သားသင့်ကြပေသည်။

## အခန်း (၂)

# ကံ နှင့် စေတနာ

ကမ္မ–ဟူသော ပါဠိပုဒ်မှ မြန်မာလို "ကံ" ဟုဖြစ်လာသည်။ အမှု၊ အလုပ်ဟု အဓိပ္ပာယ်ရ၏။ (ကမ္မ=ကံ=အမှု၊ အလုပ်)။ ထိုအလုပ်သည် ကိုယ်အလုပ် (ကာယကံ)၊ နှုတ်အလုပ် (ဝစီကံ)၊ စိတ်အလုပ် (မနောကံ) ဟူ၍ သုံးမျိုးရှိသည်။ ထိုတွင် ကိုယ်အလုပ်ဆိုသည်မှာ လက်ခြေစသော ကိုယ်အင်္ဂါတို့ဖြင့် ပြုလုပ်ရသောအမှုကိစ္စများဖြစ်၏။ ဥပမာ–သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း၊ ကိုယ်တိုင်လှူဒါန်းပေးကမ်းခြင်း စသည်တို့ဖြစ်သည်။

နှုတ်အလုပ်ဆိုသည်မှာ နှုတ်ဖြင့်ပြောဆို ပြုလုပ်ရသည့်အမှုကိစ္စမျိုးဖြစ်သည်။ ဥပမာ–သူ့ကို ကြိုးပေးသတ်လိုက်ပါ၊ လှူဒါန်းပေးကမ်းပါ၊ ဘုရားရှိခိုးပါစသည်ဖြင့် ပြောဆိုစေခိုင်းတိုက်တွန်းမှု၊ လိမ်လည်ပြောဆိုမှု၊ စာပေသင်ကြားပို့ချမှု၊ တရားဟောပြောမှု စသည်တို့ဖြစ်သည်။

စိတ်အလုပ်ကား ကိုယ်လည်း မလုပ်၊ နှုတ်လည်း မပါ၊ စိတ်ထဲ၌

သာ တွေးတောကြံစည်စိတ်ကူးမှုများဖြစ်သည်။ ဥပမာ– ဒီလူသေသွားလျှင် ကောင်းမှာပဲ–စသည်ဖြင့် မကောင်းကြံခြင်း၊ အလှူဒါနလုပ်ရန် ကြံစည်ခြင်း၊ ပြုခဲ့ဖူးသောဒါနကုသိုလ်၊ သီလကုသိုလ်တို့ကို ပြန်လည်စဉ်းစားအောက်မေ့ခြင်း၊ ဘုရားဂုဏ်စသည်တို့ကို စိတ်ဖြင့်အာရုံပြုပွားများခြင်း စသည်တို့ဖြစ်သည်။ အချုပ်ဆိုသော် ကံဆိုသည်မှာ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ် သုံးမျိုးတို့ပင်ဖြစ်သည်။

အတန်ငယ် ရှင်းပြပါဦးမည်။ သိမှတ်စိတ်ဖြစ်ပေါ်လာရာ၌ စိတ်တစ်ပါးတည်းဖြစ်ပေါ်လာသည်မဟုတ်၊ အာရုံကို တွေ့ထိမှု "ဖဿ"၊ ခံစားမှု "ဝေဒနာ"၊ မှတ်သားမှု "သညာ"၊ နှိုးဆော်တိုက်တွန်းပေးမှု "စေတနာ"၊ အာရုံတစ်ခုတည်း၌တည်နေမှု "ဧကဂ္ဂတာ"၊ သက်တမ်းစေ့တည်နိုင်အောင် စောင့်ရှောက်မှု "ဇီဝိတိန္ဒြေ"၊ အာရုံကိုနှလုံးသွင်းမှု "မနသိကာရ"ခေါ် အနည်းဆုံး နာမ်တရား ၇ မျိုးလည်း စိတ်နှင့်တစ်ပါတည်း ဖြစ်ပေါ်လာကြမြဲဖြစ်သည်။

ထိုတွင် စေတနာခေါ်နာမ်ဓာတ်၏ သဘောလက္ခဏာနှင့် ဆောင်ရွက်ချက်တို့ကို အနည်းငယ်တင်ပြပါမည်။ စေတနာသည် မိမိနှင့်အတူတကွ ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားတို့ကို သူတို့ဆိုင်ရာကိစ္စများကို အသီးသီးရွက်ဆောင်ရန် တိုက်တွန်းနှိုးဆော်ပေးမှု သဘောလက္ခဏာရှိ၏။ ထိုသို့တိုက်တွန်းနှိုးဆော်ရာ၌ အလွန်ကြောင့်ကြ ဗျာပါရများသောကိစ္စရှိ၏။ ရှင်းပြဦးအံ့–စိတ်ဖြစ်ပေါ်လာရာ၌ စိတ်နှင့်အတူဖြစ်ကြသည့် နာမ်တရားစုတွင် စိတ်သည် အသင်းခေါင်းဆောင် ဥက္ကဋ္ဌနှင့်တူ၏။ စေတနာစေတသိက်ကား အကျိုးဆောင်နှင့် အလားတူ၏။ အသင်းများတွင် အကျိုးဆောင်သည် အလွန်ဗျာပါရများ၏။ အသင်းသားများကိုလည်း ဆိုင်ရာကိစ္စ၌မလစ်လပ်ရအောင် ဆော်ဩရ၏။ မိမိကိုယ်တိုင်လည်း အသင်းကိစ္စကို ကြိုးစား၍လုပ်ရသည်။ ထို့ကြောင့် အကျိုးဆောင်မှာ အခြားအသင်းသားတို့ထက် နှစ်ဆ

လောက် တာဝန်ကြီးပေသည်။

ထို့အတူ စေတနာသည်လည်း စိတ်၊ စေတသိက်များကို ဆိုင်ရာကိစ္စ၌ မလစ်လပ်စေဘဲ အာရုံနှင့်ယှဉ်တွဲနေသကဲ့သို့ဖြစ်အောင်လည်း ဗျာပါရများရ၏။ တိုက်တွန်းနှိုးဆော်ရ၏။ မိမိကိုယ်တိုင်လည်း အာရုံယူမှုကိစ္စကို ဆောင်ရွက်ရသည်။ စစ်တိုက်ရာ၌ စစ်ဗိုလ်ကြီးနှင့်လည်းတူ၏။ မိမိလည်း တိုက်ရ၊ အခြားစစ်သားများ တိုက်အောင်လည်း စိမ့်နှိုးဆော်ပေးရ၏။ ထို့ကြောင့် ကိစ္စတစ်ခုပြုရာ၌ စေတနာကညွှန်နေလျှင် စိတ်လည်းမပါ့တပါဖြစ်၏။ အခြားစေတသိက်များလည်း ညွှန့်ကြသည်။ စေတနာထက်သန်မှ ကျန်စိတ်စေတသိက်များ ထက်သန်လာကြ၍ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများ ဖြစ်ပေါ်လာကြရသည်။

ဤကဲ့သို့ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်ဟူသော ကံတရားများသည် လှုံ့ဆော်သည့်အကြောင်းတရားမရှိဘဲ ဘာသိဘာသာ အလိုအလျောက်ပေါ်ပေါက်ဖြစ်ပွားလာကြသည်မဟုတ်။ စိတ်နှင့်အတူ အမြဲယှဉ်တွဲ ဖြစ်ပေါ်နေသည့် စေတနာဆိုသည့် စေတသိက် နာမ်ဓာတ်၏ လှုံ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ စေတနာသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုကို ပြုလုပ်ရာ၌ လိုရင်းပဓာန၊ အချက်အချာကျသော အကြောင်းတရားဖြစ်သည်။ မည်သည့်အလုပ်ကိစ္စမဆို စေတနာမပါလျှင် အထမမြောက်၊ မအောင်မြင်နိုင်၊ စေတနာပါမှသာ ထမြောက်အောင်မြင်နိုင်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားက–

"ချစ်သားရဟန်းတို့ . . . စေတနာကို ကံဟူ၍ ငါဘုရားဟောတော်မူ၏။ စေတနာက စေ့ဆော်တိုက်တွန်းပေးသောကြောင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုပြုရ၏။ (စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ)ဟု အင်္ဂုတ္တိုရ်ပါဠိတော်၊ နိဗ္ဗေဓိ

ကသုတ်၌ ဟောကြားတော်မူခြင်းဖြစ်သည်။

အမှန်အားဖြင့် ကံဆိုသည်မှာ စေတနာအကြောင်းတရားကြောင့် ဖြစ်ပေါ်လာရသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဆိုသည့် အကျိုးတရားများဖြစ်ကြ၏။ ထိုအကျိုးတရားများ၏ "ကံ" ဟူသောနာမည်ကို အကြောင်းရင်းစေတနာပေါ် တင်စား၍ ဥပစာ (ဖလူပစာ) အားဖြင့် အကြောင်းရင်းစေတနာကိုပင် ကံတရားဟုခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် စေတနာထက်လျှင် ကံထက်၏။ စေတနာညံ့လျှင် ကံညံ့လေသည်။

## ပဋ္ဌာန်းလာ စေတနာကံ ၂ မျိုး

စေတနာသည် ကံမည်ကြောင်း ဖော်ပြပြီးဖြစ်၏။ ထိုကံခေါ်သော စေတနာသည် စိတ်ဖြစ်တိုင်း စိတ်နှင့်အတူတကွ ယှဉ်တွဲပါမြဲဖြစ်သည်။ ကုသိုလ်စိတ်ဖြစ်လည်း ပါ၏။ အကုသိုလ်စိတ်ဖြစ်လည်းပါ၏။ ဝိပါက်စိတ်ဖြစ်လည်းပါ၏။ ကြိယာစိတ်ဖြစ်လည်းပါ၏။ သို့သော် သူသည်အကြောင်းကံ (ကမ္မ ပစ္စည်း) အဖြစ်ဖြင့် ပါခြင်းဖြစ်သည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ပဋ္ဌာန်းတရားတော်တွင် "ကမ္မပစ္စယော"ဟူသော ကမ္မပစ္စည်း (ကံအကြောင်းတရား)ကို ဟောရာတွင် "သဟဇာတကမ္မ၊ နာနာက္ခဏိကကမ္မ"ဟု နှစ်မျိုးခွဲခြားဟောကြားတော်မူသည်။ ထိုတွင် သဟဇာတ ပစ္စည်းဆိုသည်မှာ မိမိနှင့်အတူဖြစ်ကြသည့် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်စသော နာမ်တရားနှင့်စိတ်ကြောင့်ဖြစ်သော ရုပ်၊ ပဋိသန္ဓေအခါ ကံကြောင့်ဖြစ်သော ရုပ်တရားတို့ကို အတူဖြစ်နေချိန်ခဏ၌ စေတနာမှာ "ကမ္မသတ္တိ"ဖြင့် ကျေးဇူးပြုသော ကံအကြောင်းတရားဖြစ်သည်။ (သဟဇာတ=ပြိုင်တူပြိုင်ဖက် နာမ်တရားအားလုံးနှင့် ရုပ်အချို့ကိုဖြစ်ပေါ်တည်တံ့စေသောအားဖြင့် ကျေးဇူးပြုသော+ကမ္မပစ္စည်း=စေတနာဆိုသည့်ကံ အကြောင်းတရား)၊ အကြောင်းနှင့်အကျိုး

တစ်ပြိုင်တည်းဖြစ်သော ပစ္စည်းဖြစ်သည်။

နာနာက္ခဏိကကမ္မပစ္စည်းကား–သဟဇာတ ကမ္မပစ္စည်းကဲ့သို့ အကြောင်းအကျိုး တစ်ချိန်တည်း၊ တစ်ခဏတည်း ပြိုင်တူဖြစ်သောပစ္စည်းမျိုး မဟုတ်၊ အကြောင်းပစ္စည်းတရား ဖြစ်ပေါ်ပြီးသည့်နောက်မှ အကျိုးတရား ဖြစ်ပေါ် လာရသဖြင့် အကြောင်းဖြစ်ချိန်နှင့် အကျိုးဖြစ်ချိန်တို့ ကွဲပြားခြားနား တစ်သီးတစ်ခြားစီဖြစ်သော ပစ္စည်းတည်း။ အတိတ်ဖြစ်သော (ငါ) ရှေးဦးစွာ ဖြစ်နှင့်သော ကုသိုလ်၊ အကုသိုလ်ကံ စေတနာများသည် ဝိပါက်စိတ် စေတသိက် နာမ်တရား အားလုံးနှင့် ရုပ်တရားအချို့တို့ နောက်ပိုင်းတွင်ဖြစ် ပေါ်အောင် နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

ထိုပစ္စည်းနှစ်မျိုး ကွဲပြားခြားနားပုံ သိသာအောင် ကြောင်းကျိုးနည်း ဖြင့် အတိုချုပ်ရှင်းပြပါဦးမည်။ ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ် အားလုံးနှင့် ပြိုင်တူယှဉ်တွဲဖြစ်သော စေတနာအားလုံးသည် သဟဇာတကမ္မ ပစ္စည်း အကြောင်းတရားဖြစ်၍ ဖြစ်ဖော်ဖြစ်ဖက် ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်တရားအားလုံး (စေတနာမှတစ်ပါး) စေတသိက် အား လုံးနှင့် ရုပ်အချို့တို့သည် အကျိုးတရားများဖြစ်ကြ၏။

အတိတ်ဖြစ်သော (ဝါ) ရှေ့ကဖြစ်သော ကုသိုလ်၊ အကုသိုလ်စိတ် တို့နှင့် အတူဖြစ်သော အတိတ်ကုသိုလ် စေတနာ၊ အကုသိုလ်စေတနာတို့ သည် နာနာက္ခဏိက ကမ္မပစ္စည်းအကြောင်းတရားများဖြစ်သည်။ ထို ကုသိုလ်ကံ စေတနာ၊ အကုသိုလ်ကံ စေတနာတို့ကြောင့် နောက်ပိုင်းအချိန် တွင်ဖြစ်ပေါ်လာသော (ဝါ) လက်ရှိဘဝ၊ နောင်လာမည့်ဘဝတို့၌ ဖြစ်ပေါ် လာသောအကျိုး ဝိပါက်စိတ်၊ စေတသိက်နာမ်တရားများနှင့် (ကံကြောင့်ဖြစ် သော) ရုပ်တရားတို့သည် နာနာက္ခဏိက ကမ္မပစ္စည်း၏အကျိုးတရားများ ဖြစ်သည်။

ထိုကမ္မပစ္စည်းနှစ်ခုကိုကြည့်လျှင် ဝိပါက်၊ ကြိယာတို့နှင့်အတူဖြစ်

သော စေတနာကံတို့သည် မိမိတို့နှင့်အတူ တစ်ပြိုက်နက်ဖြစ်သော ဝိပါက်၊ ကြိယာတို့ကိုသာ အကြောင်းတရားအဖြစ် ကျေးဇူးပြုတတ်သောကြောင့် "သဟဇာတ ကမ္မပစ္စည်း" သာဖြစ်သည်။

ကုသိုလ်၊ အကုသိုလ်တို့နှင့်အတူဖြစ်သော ကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံစေတနာတို့မှာမူ ဝိပါက်၊ ကြိယာစိတ်တို့နှင့်အတူဖြစ်သော စေတနာကံတို့ထက် ဗျာပါရများခြင်း၊ ထက်သန်ခြင်းတို့ကြောင့် တစ်ပြိုင်နက်အတူဖြစ်ကြသည့် ကုသိုလ် အကုသိုလ်တို့အား ဖြစ်ဆဲခဏ၌ သဟဇာတ ကမ္မသတ္တိဖြင့်လည်း ကျေးဇူးပြုတတ်၍ "သဟဇာတကမ္မ"ပစ္စည်းလည်း ဖြစ်၏။ ထိုကုသိုလ်ကံ စေတနာ၊ အကုသိုလ်ကံစေတနာတို့သည် မိမိတို့ ချုပ်ပျောက်သွားပြီးသည့်နောက် နောင်လာမည့် အနာဂတ်အချိန်တွင် အကျိုး ဝိပါက်စိတ်၊ စေတသိက်တရားနှင့် ရုပ်တရားအချို့တို့ကို အကျိုးတရားအဖြစ် ဖြစ်ပေါ်ရန် နာနာက္ခဏိက ကမ္မသတ္တိဖြင့်လည်း ကျေးဇူးပြုတတ်သော ကြောင့် "နာနာက္ခဏိက" ကမ္မပစ္စည်းလည်း မည်သည်။

ဤသို့ ဝိပါက်၊ ကြိယာစိတ်တို့၌ရှိသော စေတနာတို့သည်လည်း ကံ မည်၏။ ကုသိုလ်၊ အကုသိုလ်စိတ်တို့၌ရှိသော စေတနာတို့သည်လည်း ကံ မည်၏။ သို့သော် ကုသိုလ်ကံစေတနာ၊ အကုသိုလ်ကံစေတနာတို့က ဝိပါက်စိတ်၌ရှိသော စေတနာတို့ထက် ဗျာပါရလည်းများ၊ သတ္တိလည်း ထက်သောကြောင့် သဟဇာတကမ္မ ပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုနိုင်သည့် အပြင် နာနာက္ခဏိက ကမ္မပစ္စည်းအဖြစ်ဖြင့်လည်း အကျိုးတရားများဖြစ်ပေါ် စေနိုင်ခြင်းဖြစ်သည်။

### ကာလ၊ ဘဝခြား၍ အကျိုးပေးနိုင်ပုံ

ဤနေရာ၌ "ရှေးရှေးဘဝတို့က ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ် ကံစေတနာတို့သည် ထိုဘဝ၊ ထိုခဏ၌ပင် ချုပ်ငြိမ်းခဲ့လေပြီဖြစ်ရ

ကား ယခုဘဝ၌ အဘယ်သို့အကျိုးပေးနိုင်ပါသနည်း"ဟု မေးစရာရှိ၏။ ဤအမေးကို အတန်ငယ်ရှင်းလင်းဖြေဆိုပါမည်။ ရှေးဘဝတို့ကပြုလုပ်ခဲ့သော စေတနာကံတို့သည် နာမ်တရားတို့၏ဓမ္မတာအတိုင်း ဖြစ်ပေါ်ပြီး ချုပ်ငြိမ်းသွားခြင်းကို စေတနာနိရောဓခေါ်၏။

ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်များကား အကျိုးဝိပါက်စိတ်များဖြစ်ပေါ်လာပုံနှင့် မတူကြချေ။ ဝိပါက်စိတ်များဖြစ်ပေါ်လာသည့်အခါ(အိပ်ပျော်နေသည့်အခါကဲ့သို့) ညင်ညင်သာသာ ငြိမ်ငြိမ်သက်သက် ဖြစ်ပေါ်လေ့ရှိသော်လည်း ကုသိုလ်ဇော၊ အကုသိုလ်ဇောစိတ်တို့မှာ မငြိမ်မသက်၊ တက်တက် ကြွကြွ ကြောင့်ကြ ဗျာပါရများကြသည်။ ချစ်ဖွယ်အာရုံတစ်ခု၌ လောဘစိတ်ဖြစ်ပေါ်ပုံ၊ မုန်းဖွယ်အာရုံတစ်ခု၌ ဒေါသစိတ်ဖြစ်ပုံနှင့် ရတနာသုံးပါး၏ဂုဏ်ကို လေးနက်စွာအာရုံပြုရာ၊ အလှူအတန်း ရှင်လန်းစွာပေးကမ်းရာတို့၌ မဟာကုသိုလ်စိတ် ဖြစ်ပုံတို့ကို ကိုယ်တွေ့ကြုံခဲ့သမျှ ပြန်လည်စဉ်းစားကြည့်ပါက ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့၏ တက်တက်ကြွကြွ ကြောင့်ကြဗျာပါရရှိမှုကို တွေ့မြင်ကြရမည်ဖြစ်၏။ ထို ကုသိုလ်၊ အကုသိုလ်ဇောစိတ်တို့၏ တက်တက်ကြွကြွ ကြောင့်ကြဗျာပါရရှိမှုသည် စေတနာနာမ်ဓာတ်၏ အစွမ်းသတ္တိဖြစ်၏။

ထိုသို့ ကုသိုလ်၊ အကုသိုလ်တို့၌ရှိသော စေတနာနာမ်ဓာတ်သည် ဖော်ပြခဲ့သည့်အတိုင်း အသင်းအဖွဲ့၏အတွင်းရေးမှူးပမာ လွန်စွာဗျာပါရများလှသောကြောင့် အခြားနာမ်တရားများထက် ပို၍အရှိန်အဝါအာနုဘော်ကြီး၏။ ထို့ကြောင့် စေတနာခေါ် ကံတရားသည် နာမ်တရားတို့၏ ဓမ္မတာအတိုင်း ချုပ်ငြိမ်းသွားသော်လည်း နောင်ဘဝ နောင်ကာလတို့၌အခွင့်သင့်လျှင် အကျိုးပေးဖို့ရန် မိမိအရှိန်အဝါသတ္တိကို သတ္တဝါတို့သန္တာန်၌မြှုပ်နှံထားဘိသကဲ့သို့ ချန်ရစ်ခဲ့၏။ အရှိန်အဟုန်သတ္တိထူးသည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးအမျိုးမျိုးကို အဖန်ဖန် ဖြစ်ပေါ်စေပြီးမှသာ ချုပ်ငြိမ်းသွား၏။

ဤသို့ ကံအရှိန်အဟုန် အာနုဘော်ချုပ်ငြိမ်း သွားခြင်းကို ကမ္မဝေဂနိရောဓ–ဟုခေါ်၏။ ထို့ကြောင့် ဘုရားရှင်က "ရဟန်းတို့–စေ့ဆော်စီရင်၍ ဆည်းပူးပြုလုပ်အပ်ကုန်ပြီးသော ကုသိုလ်ကံ၊ အကုသိုလ်ကံ စေတနာတို့၏အကျိုးတရားတို့ကို မခံစားရမူ၍ ပျောက်ပျက်ခြင်းကို ငါဘုရား ဟောကြားတော်မမူ"ဟု ဆုံးမလမ်းညွှန်တော်မူခြင်းဖြစ်ပါသည်။

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ချုပ်ငြိမ်းသွားပြီးနောက် ကာလ၊ ဘဝ ကွာခြားပြီးမှ အကျိုးတရားများကို ဖြစ်ပေါ်စေသည့်သဘောကား သာမန်ဉာဏ်ဖြင့် သိနိုင်ခဲသောအရာဖြစ်၏။ သာမန်စဉ်းစားလျှင် ယုံနိုင်ဖွယ်မရှိ၊ သို့သော် လောက၌ အကြောင်းတရားထင်ရှားမရှိဘဲ အကျိုးပေးနေသည့်အရာများကို သတိထားကြည့်လျှင် များစွာတွေ့နိုင်ပါ၏။ အမြော်အမြင်ရှိသောမိဘတို့သည် သားသမီးများကို ငယ်ရွယ်စဉ်ကပင် ကျန်းမာစေကြောင်း အစာကောင်း၊ ဆေးကောင်းများကို ကျွေးမွေးကြ၏။ ထိုဆေးအစာနှင့် ထိုဆေးအစာတို့ကြောင့်ဖြစ်သောရုပ်တို့သည် အတော်အတန်ကြီးလာသည့်အခါ တည်ရှိကြတော့သည် မဟုတ်၊ သို့သော် ထိုသူငယ်တို့ ကြီးပြင်းလာသည့်အခါ လူတကာထက် ထွားကြိုင်းသန်မာ ရုပ်ဆင်းအင်္ဂါများကိုရရှိကြ၏။

ထို့ပြင် ငယ်စဉ်ကသင်ကြားထားသော လက်မှု၊ နှုတ်မှု အတတ်ပညာတို့သည် ခန္ဓာကိုယ်ထဲ စွဲမြဲတည်ရှိကြတော့သည်မဟုတ်၊ အချို့အတတ်များကို မှတ်ပင်မမှတ်မိတော့ပေ။ သို့သော် ငယ်စဉ်က (အောက်အောက်အတန်း၌) သင်ကြားမှုကြောင့် ကြီးပြင်းလာသည့်အခါ (အထက်အထက်အတန်းမှာ) ကျေးဇူးပြုလျက် အသိဉာဏ်တိုးတက်ကြပေသည် ဤသို့လျှင် အကြောင်းတရားများ ချုပ်ကွယ်သွားပြီးနောက်မှ အကျိုးတရားခံစားရသောအရာများ လောကမျက်မြင် အထင်အရှားရှိလေရကား ဤကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ချုပ်ကွယ်သွားပြီးမှ အကျိုးပေးမှု၌ယုံမှားဖွယ်မရှိထိုက်

တော့ပါချေ။

ကံတို့ အကျိုးပေးနိုင်ပုံ

သတ္တဝါတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ပြုလုပ်ပြီး ချုပ်ငြိမ်းကွယ်ပျောက်သွားသော်လည်း ချက်ချင်းသော် လည်းကောင်း၊ ကာလအတန်ကြာမှသော်လည်းကောင်း၊ ဘဝခြားပြီးမှ သော်လည်းကောင်း အကျိုးတရားကို ဖြစ်ပွားပေါ်ပေါက်စေနိုင်ကြသည်။ ဤနေရာ၌ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူထားသော ပဋ္ဌာန်းတရားတော်တွင် နာနာက္ခဏိက ကမ္မပစ္စည်း၏ကြောင်းကျိုးဆက်ပုံကို သိမြင်နားလည်ရန် အထူးလိုအပ်လှသည်။ အကျိုးတရားနှင့်ပြိုင်တူမဖြစ်ဘဲ အကျိုးတရားမဖြစ်မီ ရှေးကာလ၊ ရှေးဘဝတို့က ကြိုတင်ဖြစ်နှင့်သော အကြောင်းတရားကို နာနာက္ခဏိက ကမ္မပစ္စည်းအကြောင်းဟု ခေါ်သည်။ (နာနာ= အကျိုးတရားနှင့်တခြားစီ၊ ခဏိက=အချိန်ခဏ၌ဖြစ်သော၊ ကမ္မ= စေတနာအကြောင်းကံ)။

ထိုအကြောင်းကံ စေတနာသည် ယခုဘဝတွင် ဖြစ်ပေါ်ချုပ်ငြိမ်းသွားပြီးနောက် ထိုအကြောင်းကံ၏အရှိန်အဟုန် အစွမ်းသတ္တိကြောင့် အထူးသဖြင့် အနာဂတ်ဘဝသစ်ဘွင် ပဋိသန္ဓေ ဝိညာဉ် နာမ် ရုပ်စသော အကျိုးတရားတို့ဖြစ်ပေါ်လာခြင်းကို နာနာက္ခဏိက ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ပဋ္ဌာန်းပါဠိတော်၌ ဘုရားဟောထား၏။

အတန်ငယ် ရှင်းပြဦးအံ့၊ ကုသိုလ်၊ အကုသိုလ်စေတနာတို့သည် ချုပ်ကွယ်သွားသည်ဟုဆိုသော်လည်း ပြီးပြီးပျောက်ပျောက်ဆိုသလို ဘာမျှ အစအနမကျန်အောင် ချုပ်ကွယ်သွားကြသည်ကား မဟုတ်ပေ။ ဥပါဒ် ဌီ ဘင်စေ၍ ပရမတ္ထ အထည်ကိုယ်သဘော ပျောက်ကွယ်သွားသော်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏သတ္တိမှာ ကျန်ရစ်ခဲ့လေသည်။ ကုသိုလ်

ဇောစိတ်၊ အကုသိုလ်ဇောစိတ်များကား အကျိုးဝိပါက်စိတ်များဖြစ်ပေါ်ပုံနှင့် မတူကြချေ။ ဝိပါက်စိတ်တို့ ဖြစ်လာသည့်အခါ ညင်ညင်သာသာ၊ ငြိမ်ငြိမ် သက်သက်ဖြစ်ပေါ်လေ့ရှိသော်လည်း ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ် တို့မှာ မငြိမ်မသက်၊ တက်တက် ကြွကြွ ကြောင့်ကြဗျာပါရ ရှိကြသည်။

ချစ်ဖွယ် နှစ်သက်ဖွယ်အာရုံသစ်တစ်ခု၌ လောဘစိတ်ဖြစ်ပုံ၊ မုန်း ဖွယ်အာရုံတစ်ခု၌ ဒေါသစိတ်ဖြစ်ပုံနှင့် ရတနာသုံးပါးတို့၏ဂုဏ်ကို လေးစား ကြည်ညိုစွာ အာရုံပြုရာ၊ အလှူအတန်း ရွှင်လန်းစွာ ပေးကမ်းလှူဒါန်းရာတို့၌ မဟာကုသိုလ်စိတ်ဖြစ်ပုံတို့ကို ကိုယ်တွေ့ကြုံခဲ့သမျှ ပြန်လည် စဉ်းစားကြည့် က ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့၏ တက်တက်ကြွကြွ၊ ကြောင့်ကြဗျာ ပါရရှိပုံတို့ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထိုသို့ ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်တို့ ကြောင့်ကြဗျာပါရရှိမှုသည် စေတနာဟူသော ကံ တရား၏ အစွမ်းသတ္တိဖြစ်၏။

ဥပမာအားဖြင့် စေတနာ စေတသိက်သည် အသင်းအဖွဲ့တစ်ခု တွင် အတွင်းရေးမှူးနှင့်တူ၏။ ထိုအသင်းအဖွဲ့၌ ဥက္ကဋ္ဌ၊ အတွင်းအရေးမှူးနှင့် အသင်း ဝင်များရှိကြရာတွင် အတွင်းရေးမှူးမှာ ကြောင့်ကြဗျာပါရအများဆုံး ပုဂ္ဂိုလ်ဖြစ်၏။ အသင်းကိစ္စအဝဝကို မိမိကိုယ်တိုင်လည်း ဆောင်ရွက်ရသည်။ အသင်းဝင်များအားလည်း ဆိုင်ရာကိစ္စများကို ရွက်ဆောင်ကြရန် နှိုးဆော်ရ သည်။ အကြောင်းအားလျော်စွာ အစည်းအဝေးဖိတ်ခေါ်၍ အစည်းအဝေး တက်ရောက်ကြရန်လည်း တိုက်တွန်းလှုံ့ဆော်ရသည်။ အစည်းအဝေးအစီ အစဉ်များကိုလည်း စီစဉ်ရ၏ စသည်ဖြင့် အခြားအသင်းသားများထက် ကြောင့်ကြဗျာပါရ များရသည်။

ထိုသို့ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့၌ရှိသော စေတနာ စေတသိက်သည်လည်း အသင်းအဖွဲ့၏အတွင်းရေးမှူးပမာ လွန်စွာဗျာပါရ များလှသောကြောင့် အခြားစိတ် စေတသိက်များထက်ပို၍ အစွမ်းသတ္တိရှိ၏။

ပို၍အရှိန်အဝါ အာနုဘော်ကြီး၏။ ထို့ကြောင့် ထိုစေတနာဟူသောကံတရား သည် နာမ်တရားတို့၏ဓမ္မတာသဘောအရ ဖြစ်၊ တည်၊ ပျက်အားဖြင့် ချုပ်ကွယ်ပျောက်ဆုံးသွားသော်ငြားလည်း မိမိ၏အရှိန်အဝါသတ္တိကို သတ္တဝါတို့သန္တာန်၌ မြှုပ်နှံထားရစ်သကဲ့သို့ ဖြစ်လေသည်။

တန်ခိုးအရှိန်အဝါ မထက်မြက် မထင်ရှားသောမိဘများ ကွယ်လွန်သွားသည့်အခါ ထိုမိဘတို့၏အရှိန်အဝါသည် သားသမီးများအပေါ်၌ သိသိသာသာ မကျန်ရစ်တော့ဘဲ ထက်မြက်ထင်ရှား တန်ခိုးအရှိန်အဝါများရှိသော မိဘတို့ကွယ်လွန်သွားသည့်အခါ၌သာ ထိုမိဘတို့၏ အရှိန်အဝါသည် ကျန်ရစ်သူ သားသမီးများအပေါ်မှာ သိသိသာသာကျန်ရစ်သကဲ့သို့ ဖြစ်သည်။

မျိုးစေ့တစ်ခုသည် ဆိုင်ရာသစ်ပင်ကို တစ်ကြိမ်ပေါက်ရောက်စေပြီးသည့်အခါ အသုံးမကျတော့သကဲ့သို့ အတိတ်ကံက မြှုပ်နှံထားရစ်ခဲ့သည့် အရှိန်အဟုန်သတ္တိသည်လည်း ဆိုင်ရာအကျိုးကို ပေးပြီးသည့်အခါမှသာ အရှိန်အဟုန် ကုန်ခမ်းသွားလေတော့သည်။ ထို့ကြောင့် ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာ ကွယ်ပျောက်ရာ၌ တရားကိုယ်သာကွယ်ပျောက်၍သူ၏ နာနာက္ခဏိက ကမ္မသတ္တိမှာ မပျောက်မပျက် ဆက်လက်တည်ရှိရစ်၏။ အကျိုးပေးပြီးသည့်အခါနှင့် အကျိုးပေးခွင့်မရ၍ အဟောသိကံဖြစ်သည့် အခါကျမှသာ ထိုစေတနာ၏သတ္တိများ လုံးဝကင်းရှင်းသွားလေတော့၏။ ထို့ကြောင့် ပဋ္ဌာန်းအနုဋီကာကျမ်း၌–

မှန်၏။ အကြင်သတ္တဝါသန္တာန်၌ ကုသိုလ်၊ အကုသိုလ် စေတနာ ဖြစ်၏။ ထိုသတ္တဝါသန္တာန်၌ပင် ကာလ၊ ဂတိ၊ ဥပဓိ၊ ပယောဂ–ဟူသော အကြောင်းတို့နှင့် ပေါင်းဆုံညီညွတ်သည့်အခါ ထိုစေတနာ၏ အကျိုးတရားများဖြစ်ကြသော ဝိပါက် နာမက္ခန္ဓာ၊ ကမ္မဇရုပ်တို့ဖြစ်ကြပေလိမ့်မည်။ ထို သတ္တဝါတို့သန္တာန်၌ ထိုဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်ဟူသော အကျိုး

တရားတို့ ဖြစ်ပေါ်စေနိုင်သည့် သတ္တိထူးကို စွမ်းအားရှိသလောက်မြှုပ်နှံ၍ စေတနာတရား ချုပ်ငြိမ်းသွားခြင်းဖြစ်ပေသည်–ဟု အနုဋီကာဆရာကြီးဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

ထင်ရှားအောင် ဥပမာဆောင်ပြဦးအံ့၊ လူတစ်ယောက်သည် အခြေအနေအရ မိတ်ဆွေတစ်ဦးထံမှ ကြွေးမြီချေးယူသည် ဆိုကြပါစို့။ ထိုကြွေးယူခြင်းကိစ္စသည် ကြွေးယူ၍ရလျှင်ရချင်း ပြီးငြိမ်းချုပ်ပျောက်သွား၏။ သို့ရာတွင် ကြွေးယူခြင်းအမှုကို ပြုခဲ့သောကြောင့် ထိုကြွေးယူခြင်းအမှုသည် နောက်တစ်နှစ်၊ နှစ်နှစ် စသည့်အချိန်ကျရောက်သည့်အခါ ထိုမိတ်ဆွေ၏ ကြွေးမြီကို ပြန်၍ပေးဆပ်ရန်အတွက် အကြောင်းပစ္စည်းဖြစ်နေပေသည်။ ထိုကြွေးယူမှု ချုပ်ငြိမ်းပျောက်ပျက်သွားသော်ငြားလည်း ထိုကြွေးယူမှု၏ အရှိန်အဟုန် အစွမ်းသတ္တိရှိရစ်နေလေသောကြောင့် မိတ်ဆွေဖြစ်သူ၏ကြွေးကို ကေန်ပေးဆပ်ရမည့်သဘော ကျရောက်နေ၏။ ကြွေးဝန်တင်၍နေလေ၏။ ကြွေးကို ပြေလည်အောင်ဆပ်ပြီးသည့်အခါ၌မူကား တစ်စုံတစ်ရာ ကြွေးဝန်ဟူ၍ မရှိတော့ပြီ။

ထို့အတူ မိမိပြုလုပ်လိုက်သော ကုသိုလ်ကံ၊ အကုသိုလ်ကံသည် နောက် အကြောင်းညီညွတ်သည့်အခါ အကျိုးတရား ဖြစ်ပွားပေါ်ပေါက်လာစေရန် မျိုးထားမှု၊ အာမခံမှုဟူသော နာနာက္ခဏိက ကမ္မပစ္စယသတ္တိထူးကို ထားခဲ့ပြီး ချုပ်သွား၏။ အကျိုးမပေးသေးသမျှကာလပတ်လုံး ကံကြွေးတင်လေ၏။ ထိုသို့ ကံကြွေးတင်နေခြင်းကြောင့် အကျိုးမပေးဘဲ မဖြစ်၊ စင်စစ် အကျိုးပေးရမည်သာ ဖြစ်၏။ အကျိုးပေးပြီးသည့်အခါမှသာ ကံကြွေးပြေ၍ ထိုကံ၏အရှိန်အဟုန်သတ္တိ ကုန်ဆုံးသွားလေတော့သည်။ ဤကဲ့သို့ အတိတ်ဘဝကပြုလုပ်ခဲ့သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံစေတနာတို့ကြောင့် နောင်ဘဝသစ်တွင် ခန္ဓာအသစ် ဖြစ်ပေါ်ရခြင်းမှာ နာနာက္ခဏိက ကမ္မပစ္စည်းအရ ကြောင်းကျိုးဆက်သွယ်ပုံပင် ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ပဋ္ဌာန်းပါဠိတော်တွင် "အတိတ်ဖြစ်သောကုသိုလ်၊ အကုသိုလ်ကံစေတနာသည် ဝိပါက် နာမ်ခန္ဓာ အကျိုးတရားတို့အားလည်းကောင်း၊ ကမ္မဇရုပ်တရားတို့အား လည်းကောင်း (နာနာက္ခဏိက) ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏"ဟု ဟောတော်မူထားခြင်းဖြစ်ပေသည်။

ဤသို့ သတ္တဝါတို့၏အတိတ်ကုသိုလ်ကံစေတနာသည် ဘဝသစ်တွင် ခန္ဓာသစ်ကို ဖြစ်ပေါ်ဖန်တီးစေနိုင်ပုံကို ပဋ္ဌာန်းဒေသနာတော်လာ နာနာက္ခဏိက ကမ္မပစ္စည်းဖြင့် နားလည်နိုင်ပေသည်။

## ဝေးကွာသောအရပ်၌ ကံတို့အကျိုးပေးနိုင်ပုံ

စေတနာကံဟူသော နာမ်တရားသည် ဥပါဒ် ဌီ ဘင် အားဖြင့် ဖြစ် တည် ချုပ်ပျက် သွားသော်ငြားလည်း ကံ၏အရှိန်အဟုန် အစွမ်းအာနုဘော်မှာမူကား ထိုသတ္တဝါတို့၏သန္တာန်၌ ကျန်ရစ်နေခဲ့သည်ဟု ဆိုခဲ့ပြီးဖြစ်၏။ ထိုသို့ဖြစ်လျှင် ကံကို ပြုလုပ်သောသတ္တဝါသည် ဤလူ့ပြည်၌ ကွယ်လွန်သေဆုံးသွားပါလျက် အလွန်ဝေးကွာသော ငရဲပြည်၊ ဗြဟ္မာ့ပြည်တို့၌ အဘယ်သို့ဖြစ်နိုင်ပါသနည်းဟု မေးဖွယ်ရာရှိပြန်၏။

အဖြေကား–ဝေးလွန်းသောအရပ်မှာပင်ဖြစ်စေ၊ နီးလွန်းသော အရပ်မှာပင်ဖြစ်စေ၊ အောက်အရပ်မှာဖြစ်စေ၊ အထက်အရပ်မှာဖြစ်စေ၊ ကံ အရှိန်အဟုန် အာနုဘော်၏ပျံ့နှံ့ခြင်းမည်သည် ကြံစည်၍မရနိုင်လောက် အောင် အရှိန်အဟုန်ရှိ၏။ အကျိုးဝိပါက်တို့ မည်သည်လည်း မိမိတို့ဖြစ် ထိုက်သော ဘုံဌာနမှာသာဖြစ်ကြကုန်၏။ ဌာနဘူမိ လွဲပြောင်း၍ဖြစ်လေ့မရှိ ကြ။ ငရဲဇာတ်ရှိသော ဝိပါက်သည် ငရဲဘုံ၌သာဖြစ်၏။ ဗြဟ္မာဇာတ်ရှိသော ဝိပါက်သည် ဗြဟ္မာ့ဘုံ၌သာဖြစ်၏။ ကံ၏အရှိန်အဟုန်ပျံ့နှံ့ခြင်းနှင့် ဖြစ်ပေါ် သောအကျိုးဝိပါက်များကို ဘုရားသခင်တို့ပင် တားဆီးပိတ်ပင်၍ မရနိုင်ချေ။

ဤကား အကျဉ်းဖြေဆိုချက်ဖြစ်၏။

ချဲ့ဦးအံ့၊ လူသားတို့၏ အဆင်းအရောင်သည် ပြင်ပသို့ထွက်လေ့မရှိ၊ လူတို့၏အရိပ်မှာမူ ကြည်လင်သော မှန်အပြင်၊ ရေအပြင် စသည်တို့၌ ထင်ရှားသောသဘောရှိ၏။ ကြေးမုံ ဖန်မှန် စသည်တို့သည် အတော်အတန် ဝေးကွာသော်လည်း ထိုကြေးမုံ ဖန်မှန်အကြည်ပေါ်၌ လူရိပ်ထင်၏။ အလွန်ကြည်လင်သော ကြေးမုံမှန်ပြင်ဖြစ်မူ အလွန်ဝေးကွာသောအရပ်ကပင် ထင်ပေ၏။ ကြေးမုံမှန်ပြင်တို့၏ ကြည်လင်ခြင်းသာ လိုရင်းပဓာနဖြစ်၏။ ကြည်လင်သောကြေးမုံ မှန်ပြင်စသည်ကား လူရိပ်လူပုံ ဖြစ်ပေါ်ခြင်းငှာထိုက်သော အရာဌာနဖြစ်၏။ ထို့ကြောင့် လူတို့၏အသွင်သည် ကြေးမုံမှန်ပြင်များမရှိခဲ့လျှင် အနီးအရပ်မှာပင် မထင်ချေ။ ကြေးမုံမှန်ပြင်စသော ကြည်လင်သော အရာရှိခဲ့သော် အနီးမှာဖြစ်စေ၊ အဝေးမှာဖြစ်စေ ထင်၏။ သို့သော် လူရိပ်မှာ ရွေ့လျားသွားလာမှုကား မရှိပါချေ။ ဤဥပမာအတိုင်း ကံ၏အကျိုးဝိပါက်များဖြစ်ပေါ်ပုံကို မှတ်သားသင့်၏။ အရိပ်ထင်မှုမှာ လူကိုယ်, ကြည်လင်သော ကြေးမုံပြင်နှင့်အလယ်စပ်ကြား၌ ရှိသောအလင်းတို့ကို အစွဲပြု၍ထင်ခြင်းဖြစ်သည်။ အဆင်း၏သွားခြင်းလာခြင်း မရှိသောကြောင့် အနီးမှာ လျှင်မြန်စွာထင်သည်။ အဝေးမှာ နှေးနှေးထင်သည်ဟု ကွဲပြားခြားနားမှု မရှိချေ။ ကြေးမုံမှန်ပြင်ရှေ့မှာရပ်လိုက်လျှင် ဝေးသောမှန်မှာဖြစ်စေ၊ နီးသောမှန်မှာဖြစ်စေ တစ်ပြိုင်နက် အရိပ်ထင်လေသည်သာဖြစ်၏။

လူသည် ကံနှင့်တူ၏။ မှန်၌ထင်သောအရိပ်သည် ကံကြောင့်ဖြစ်ပေါ်လာသော အကျိုးဝိပါက်များနှင့်တူ၏။ ဝေးသောမှန်၌ဖြစ်စေ၊ နီးသောမှန်၌ဖြစ်စေ တစ်ပြိုင်နက်အရိပ်ထင်သကဲ့သို့ ကံ၏အရှိန်အဟုန် ပျံ့နှံ့ခြင်းအားဖြင့် ထိုက်သင့်သောဘုံဘဝတို့၌ အကျိုးဝိပါက်ပေါ်လာသည့်အခါ နီးသောလူ့ဘုံမှာဖြစ်စေ၊ ဝေးလှစွာသော အဝီစိမှာဖြစ်စေ၊ အနှေးအမြန်မထူးဘဲ ကံအားလျော်စွာ အကျိုးဝိပါက် ပေါ်လာခြင်းဖြစ်ပေသည်။ ပဋ္ဌာန်းဒေသနာ

တော်၌ အကျိုးဝိပါက်များကို ဖြစ်ပေါ်စေရာတွင် အာရုံအကြောင်းတရားဟူသော အာရမ္မဏပစ္စည်းအားကြီးသော မှီရာအကြောင်းဖြစ်သော ဥပနိဿယပစ္စည်းနှင့် နာနာက္ခဏိက ကမ္မပစ္စည်းတို့သည် အထူးကျေးဇူးပြုသော အကြောင်းပစ္စည်းများဖြစ်၏။ ကာလကြာသော် ဖြစ်စေ၊ ဌာနကွာသော်ဖြစ်စေ အကျိုးတရားများကို ဖြစ်ပွားပေါ်ပေါက်စေနိုင်ပေသည်။

အရှင်နာဂသိန်အဖြေ

မိလိန္ဒမင်းကြီးက 'အရှင်ဘုရား၊ နာဂသေန၊ ဤနာမ်ရုပ်ဖြင့် ကုသိုလ်ကံကိုလည်းကောင်း၊ အကုသိုလ်ကံကိုလည်းကောင်း ပြုလုပ်ကြ၏။ ထိုကံတို့သည် အဘယ်၌တည်ရှိနေပါသနည်း"ဟု မေးလျှောက်သောအခါ မထေရ်မြတ်က "မင်းကြီး၊ ထိုကံတို့သည် အစဉ်တစိုက် နောက်မှလိုက်သော အရိပ်ကဲ့သို့ အစဉ်တစိုက် နောက်မှလိုက်နေကြ၏။ သို့ရာတွင် ဤနေရာ၌လည်းကောင်း၊ ထိုနေရာ၌လည်းကောင်း ထိုကံတို့သည် တည်နေကြကုန်၏ဟု ထိုကံတို့ကို မပြနိုင်ချေ။

ဥပမာအားဖြင့် အသီးသီးမည့် သစ်ပင်နှင့်တူ၏။ အသီးသီးမည့် သစ်ပင်တို့သည် အသီးသီးရန် သတ္တိကားရှိ၏။ သို့သော် သီးမည့် အသီးများသည် သစ်ပင်၏ မည်သည့်အစိတ်အပိုင်း၌ တည်ရှိနေသည်ဟုကား ပြောလည်းမပြောနိုင်၊ မြင်လည်းမမြင်ရပေ။ ထို့အတူ မိမိတို့ပြုလုပ်ထားသော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်လည်း အကျိုးပေးရန်အတွက် မည်သည့်နေရာ၌ တည်ရှိနေသည်ဟူ၍ကား ပြောရန် ပြရန် မဖြစ်နိုင်ပေ။

သစ်ပင်များမှာ ပွင့်ချိန်တန် ပွင့်၊ သီးချိန်တန် သီးသည့်အခါမှ အသီး အပွင့်အဖြစ်မြင်ရသကဲ့သို့ ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်လည်း အကြောင်းညီညွတ်လာသည့်အခါ ကောင်းကျိုး ဆိုးကျိုးများ ထင်ရှားစွာ ဖြစ်ပေါ်လာတော့သည်။ အသီးသီးတတ်သော သတ္တိရှိနေလျှင် အသီးသီး

မည်ဟု ယုံကြည်မှတ်ယူရသကဲ့သို့ အကျိုးတရားကို ဖြစ်ပွားပေါ်ပေါက်စေနိုင်သောသတ္တိရှိသည့် စေတနာကံဟူသော အကြောင်းတရားကို ပြုလုပ်ထားလျှင် အကျိုးတရားဖြစ်ပေါ်လာမည်မှာ ကေန်ဖြစ်သည်ဟု ကံ၏အကျိုးရှိကြောင်း စိတ်ချစွာယုံကြည်နိုင်ပါသည်"ဟု ဖြေကြားရာ မိလိန္ဒမင်းကြီးသဘောပေါက်သွားသည်ကို "ကမ္မဖလအတ္ထိဘာဝပဉှာ"၌တွေ့ရသည်။

## ခန္ဓာအစဉ်၌ ကံသတ္တိများလိုက်ပါပုံ

ဆိုခဲ့သည့်အတိုင်း အသီးသီးသော သစ်ပင်မျိုး၌ အသီးသီးစေတတ်သောဓာတ်သတ္တိ အမြဲပါရှိ၏။ သစ်ပင်ပေါက်ခါစ၌လည်း ပါ၏ အညွန့် အရွက် အခက် ထွက်သောအခါ ပင်လုံးနှင့်တကွ ထိုအသီးနှင့် အသီး၏အစေ့မှာလည်း ပါရှိ၏ ထိုအစေ့ရင့်၍ မြေ၌ချပြီးစိုက်ပျိုးသောအခါ၌လည်း အသီးသီးစေတတ်သော ဓာတ်သတ္တိပါရှိ၏။ ထိုဓာတ်သည်လည်း "ဘယ်လိုအရာ"ဟု ခွဲခြားမရသော်လည်း ထိုသစ်ပင်အမျိုးတို့၏အစဉ်အဆက်မှာ သီးစေတတ်သော ဓာတ်သတ္တိတစ်မျိုးကား ကေန်ပါရှိသကဲ့သို့ ထို့အတူ ရုပ်နာမ်စဉ်ဆက် ဖြစ်ပျက်နေကြရာ၌ အသစ်ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ဝယ် ချုပ်လေပြီးသော ထိုစေတနာကံတရား၏သတ္တိလည်း အမြဲ လိုက်ပါလျက်ရှိသည်။ စုတိစိတ်အခိုက်မှာလည်း ကံ၏သတ္တိတွေ အများအပြားပါရှိနေ၏။ စုတေပြီးနောက် ဘဝသစ် ပဋိသန္ဓေခဏ၌လည်း ကံ၏သတ္တိတွေပါရှိ၏။ ဤသို့ ရုပ်နာမ် ခန္ဓာအစဉ်မှာ ဘယ်လိုအရာမျိုးဟု အထင်အရှားအထည်ဝတ္ထုကို ခွဲခြားမရသော်လည်း အကျိုးမပေးရသေးသော ကံ၏သတ္တိတွေ လိုက်ပါတည်ရှိနေလေသည်။

## ဘယ်သူမပြု မိမိမှု

ပဋ္ဌာန်း အဋ္ဌကထာ၌လည်း "နာနာက္ခဏိက ကမ္မစေတနာသည်

ဖြစ်ပေါ်ချုပ်ပျောက်ပြီး၍ ထင်ရှားမရှိတော့သော်လည်း နောင်အခါဝယ် ကမ္ဘာပေါင်း ကုဋေများစွာ ကွာခြားစေကာမူ မိမိ၏အကျိုးတရားများ ဖြစ်ပွားပေါ်ပေါက်လာစေရန် စွမ်းဆောင်နိုင်၏။ ဥပမာအားဖြင့် ရှေးရှေးသင်ယူထားခဲ့သော အတတ်ပညာသည် ဖြစ်ပေါ်ချုပ်ပျောက်ပြီး၍ ထင်ရှားမရှိတော့သော်လည်း နောက်နောင် သင်ယူသောအတတ်ပညာများ တိုးတက်ဖြစ်ပွားစေရန် စွမ်းဆောင်နိုင်သည်နှင့် တူပေသည်"ဟု ထင်ရှားအောင် ဖွင့်ဆိုထားပေသည်။

ဤဆိုခဲ့ပြီးသော စကားစဉ်အရ သတ္တဝါတို့တစ်ဘဝမှ တစ်ဘဝ ပြောင်းကြရသော်လည်း ရှေးဘဝက မိမိ၏အဝိဇ္ဇာ၊ တဏှာ၊ ကံအစွမ်းအားဖြင့် နောင်ဘဝအသစ်၌ ဖြစ်ရလေသောကြောင့် နောင်ဘဝဖြစ်သူသည် သူများမဟုတ်၊ မိမိပင်ဖြစ်သည်။ ထို့ကြောင့် မိမိပြုခဲ့သမျှသော စေတနာကံတရားတို့သည် ချုပ်ပျောက်သွားပြီဖြစ်သော်လည်း ထိုကံ၏သတ္တိတွေ အကျိုးမပေးရသေးသမျှ မပျောက်မပျက် လိုက်ပါမြဲမွတာဖြစ်သောကြောင့် မိမိပြုခဲ့သောကုသိုလ်ကံ၏သတ္တိသည် မိမိသန္တာန်မှာ လူသွားရာ လူရိပ်လိုက်ပါသလို (ဆာယာဝ အနုပါယိနီ) မိမိအားကောင်းကျိုးပေးဖို့ရန် အမြဲလိုက်ပါနေ၏။ ထို့အတူ မိမိပြုခဲ့သော အကုသိုလ်ကံ၏သတ္တိများကလည်း လှည်း၌တပ်ထားသော နွား၏နောက်သို့ လှည်းဘီးပါသလို (စက္ကံဝ ဝဟတောပဒံ) မိမိအား နှိပ်စက်ဖို့ရန် (ဝါ) မကောင်းကျိုးပေးဖို့ရန် အမြဲလိုက်ပါနေ၏။ ဤသို့ မိမိ၏ကောင်းကျိုးဆိုးကျိုးကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်ဖန်တီးပေးသည်မဟုတ်၊ မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကသာ စီမံဖန်တီးပေးသည်။ (ကမ္မံ သတ္တေ ဝိဘဇတိ) ဖြစ်ရကား ဘယ်သူမပြု မိမိမှုပင်ဖြစ်သည်။ သတိကြီးစွာထားသင့်လှ၏။

## ကံကို မယုံသူ လူဝင်စားများ

"ကမ္မဝိပါကော အစိန္တေယျော၊ နစိန္တိတဗ္ဗော" ဒေသနာတော်အရ

ကံ၏အကျိုးပေးပုံသည် ဆန်းကြယ်လွန်း၍ မကြံစည်ကောင်း မကြံစည်အပ်သည့် အရာဖြစ်သည်ဟု ဟောတော်မူထားသောကြောင့် ရှေးရှေးဘဝတွေက ကမ္မဝါဒီ ပါရမီဓာတ်ပါခဲ့သူများမှသာ ကံကို ယုံကြည်တတ်၏။ ကမ္ဘာတွင် ကံကို မယုံကြည်သူတွေ အင်မတန်များနေသောကြောင့် လည်းကောင်း၊ ကံနှင့်ကံ၏အကျိုးကို ယုံကြည်ရခြင်းသည် ဗုဒ္ဓဘာသာဝင်ဖြစ်ရန် ပထမအဆင့်ဖြစ်သောကြောင့် လည်းကောင်း ကံ၏အကျိုးပေးပုံကို အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ လောက ယုတ္တိများဖြင့် ကြိုးကြိုးစားစား တင်ပြခဲ့ခြင်းဖြစ်ပါသည်။

ဓာတ်ကြီးဆယ်ဘွဲ့တွင် မဟာနာရဒဇာတ်တော်၌ မိထ္ထိလာပြည့်ရှင် အင်္ဂတိဘုရင်ကြီးသည် မိရိုးဖလာကံကို ယုံကြည်သူဖြစ်သည်။ ရစာဒေဝီခေါ်သည့် တစ်ဦးတည်းသမီးတော်ကို အလှူဒါနပြုဖို့ ၁၅ ရက်တစ်ကြိမ်ငွေအသပြာ တစ်ထောင်ကျ ပေးလေ့ရှိ၏။ တစ်နေ့မှာ ဘုရင်ကြီးဟာ မရှင်းလင်းသည့် ဘာသာရေးပြဿနာများကို မေးရန် ဦးဂုဏခေါ်တဲ့တက္ကတွန်းကြီးထံ မှူးမတ်များနှင့်သွားသတတ်၊ ဦးဂုဏဆိုသည်မှာ "တို့က ကိလေသာအာသဝေါတွေကုန်နေပြီ၊ ရက်ဖို့ မလိုတော့ဘူး" ဆိုပြီး အဝတ်မဖုံး ကိုယ်တုံးလုံးကျင့်နေတဲ့ တိတ္ထိရသေ့ကြီးတစ်ဦးဖြစ်သည်။ သူ့အယူဝါဒက "ကံနဲ့ကံရဲ့အကျိုးဆိုတာ မရှိပါဘူး၊ လူရိုး လူအ,တွေက လှူနေတာကို လူလည်လူပါးတွေက ယူနေကြတာဖြစ်တယ်၊ ကောင်းမှုကံတွေလုပ်တဲ့လူပဲဖြစ်ဖြစ်၊ မကောင်းမှုကံကို လုပ်တဲ့လူပဲဖြစ်ဖြစ် ကမ္ဘာပေါင်း ၈၄ ကမ္ဘာကြာရင် သူ့အလိုအလျောက် အားလုံးလွတ်မြောက်သွားကြတာပါပဲ"ဟု ယူသည့် အယူဝါဒဖြစ်သည်။

## ထောက်ခံသူ စစ်သူကြီးနှင့်ကျွန် လူဝင်စားများ

ဦးဂုဏက သူ့အယူဝါဒကို ဘုရင်ကြီးကို ဟောလိုက်သည့်အခါ

ကံနှင့်ပတ်သက်၍ ဘာမျှနားမလည်သည့်ဘုရင်ကြီးခမျာ လွတ်လွတ်လပ်လပ် လုပ်ချင်သလိုလုပ်နိုင်သည့် ဦးဂုဏာ၏ကံမဲ့ဝါဒကို စိတ်ဝင်စားလာ၏။ ယုံကြည်လက်ခံချင်လာ၏။ ထိုအချိန်မှာ ဘုရင်ကြီးနှင့်အတူပါလာသည့် "အလာတ" စစ်သူကြီးက "ဆရာကြီးပြောတာ သိပ်ဟုတ်တယ်၊ သူဟာ လူဝင်စားတစ်ယောက်ဖြစ်လို့ ရှေးဘဝကို အကုန်မှတ်မိတယ်၊ သူဟာ လွန်ခဲ့တဲ့ဘဝတုန်းက ပိင်္ဂလခေါ်တဲ့ သားသတ်သမားကြီးဖြစ်ခဲ့တယ်၊ ဒါပေမယ့် ဒီဘဝမှာ ကြွယ်ဝချမ်းသာတဲ့ စစ်သူကြီးမျိုးမှာ စစ်သူကြီးဖြစ်လာတယ်၊ ပြုခဲ့တဲ့ မကောင်းမှုကံတွေဟာ အကျိုးမပေးဘူးဆိုပြီး ဦးဂုဏာရဲ့ကံမဲ့ဝါဒကို ထောက်ခံလိုက်သည့်အခါ ဘုရင်ကြီးသည် ပိုပြီးယုံကြည်လာ၏။

ထိုပရိသတ်ထဲမှာရှိသည့် "ဗီဇက" ဆိုသည့်ကျွန်ကလည်း ငိုပြီးတော့ "ကျွန်ုပ်ဟာ ဟိုလွန်ခဲ့တဲ့ဘဝက ဘာဝလို့ခေါ်တဲ့ သူဌေးတစ်ယောက်ပါ၊ မကောင်းမှုတွေကို မပြုခဲ့ပါဘူး၊ လှူဒါန်းပေးကမ်းခြင်း စတဲ့ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့သူပါ၊ ဒါပေမယ့် ဒီဘဝမှာ ကျွန်မသား လာဖြစ်ရတယ်၊ ကောင်းမှုကံတွေဟာ အကျိုးမပေးပါဘူး"ဟုပြောပြီး ထပ်ဆင့်ထောက်ခံလိုက်သောအခါ အင်္ဂတိဘုရင်ကြီးသည် ဦးဂုဏာ၏အယူဝါဒကို လုံးဝသက်ဝင်ယုံကြည်သွားပြီး မိစ္ဆာအယူတွေကို လက်ခံသွားခြင်းသည် ကံတို့၏အခြေခံသဘောကို မသိထားသည့်အပြင် လက်ရှိဘဝမှာပဲ အကျိုးပေးသည့် ကံ၊ ဒုတိယဘဝမှာ အကျိုးပေးသည့် ကံ၊ တတိယဘဝမှစပြီး သံသရာဆုံးသည်အထိ အကျိုးပေးသည့် ကံ၊ အင်အားကြီးမားသည့် ကံ၊ သေခါနီးအချိန်မှပြုသည့် ကံ၊ သို့မဟုတ် သေခါနီးမှ ပြန်သတိရသည့်ကံ၊ အလေ့အကျက်များသည့် ကံ စသည်ဖြင့် ကံအမျိုးမျိုးရှိပုံ၊ ကံရဲ့အကျိုးပေးစဉ်စသော ကံ၏အကြောင်းကို မသိနားမလည်ထားသည့် အတွက်ဖြစ်သည်။

အမှန်မှာ အလာတ စစ်သူကြီးဖြစ်လာရခြင်းသည် သားသတ်

သည့် အကုသိုလ်ကံ၏အကျိုးမဟုတ်၊ ကဿပဘုရားရှင်လက်ထက်က ပန်းကုံးနှင့် ဘုရားစေတီကို ပူဇော်ခဲ့သည့်အကျိုးဖြစ်သည်။ ဗီဇကကျွန်လည်း ကဿပဘုရားရှင်လက်ထက်မှာပဲ နွားပျောက်လို့လိုက်ရှာနေစဉ် လမ်းလာမေးသည့် ရဟန်းတစ်ပါးကို "ဘုန်းကြီးတွေဟာ တယ်စကားများတယ်၊ စကားများတာ ကျွန်တွေသာများကြတာ၊ ကိုယ်တော်လည်း ကျွန်မျိုးပဲဖြစ်မှာပဲ"ဟု စိတ်ဆိုးမာန်ဆိုးနှင့်ပြောဆိုမိခဲ့သည့် အကုသိုလ်ဝစီကံကြောင့် ကျွန်ဖြစ်လာတာဖြစ်သည်။ တစ်ဘဝလောက်သာပြန်သိရုံနှင့် ကံများရဲ့အကျိုးပေးပုံကို သူတို့မသိနိုင်ကြပါ။ ယခု ဘုရင်ကြီး၊ စစ်သူကြီးနှင့် ဗီဇကကျွန် သုံးဦးလုံးမှာ ကံအကြောင်းကို နားမလည်သည့် မိရိုးဖလာ ကမ္ဘဝါဒီများဖြစ်သည့်အတွက် လွယ်လွယ်နှင့်ပင် ဦးဂုဏ၏ တပည့်သာဝကတွေ ဖြစ်ကုန်ကြခြင်းဖြစ်၏။

## လူဝင်စား ရုစာဒေဝီ မင်းသမီး

သို့သော် အင်္ဂတိမင်းကြီး၏သမီးတော် ရုစာဒေဝီ မင်းသမီးကတော့ ကံ၏အကြောင်းကို သိတန်သလောက်ပဲ သိ၏။ ယုံလည်း ယုံကြည်တယ်၊ မင်းသမီးသည် အရှင်အာနန္ဒာ အလောင်းဖြစ်သည်။ မင်းသမီးဘဝမရောက်မီ လွန်ခဲ့သည့် ခြောက်ခုမြောက်ဘဝမှာ သိကြားမင်းကြီး၏ မိဖုရားဖြစ်ခဲ့၏။ အဲဒီအခါက ဇာတိဿရဉာဏ်ရပြီး လွန်ခဲ့ပြီးတဲ့ ခုနစ်ဘဝနှင့်အနာဂတ်ခုနစ်ဘဝ ပေါင်း ၁၄ ဘဝကို သိသူဖြစ်၏။ အခု မင်းသမီးဘဝမှာလည်း ၁၄ဘဝလုံးကိုသိသည့် လူဝင်စားဖြစ်သည်။ ထို့ကြောင့် ခမည်းတော်မင်းကြီး အယူမှားနေသည်ကို မိမိ၏ ဘဝအတွေ့အကြုံများအရ "တမလွန်ဘဝရှိပုံ၊ ကံအမျိုးမျိုးရှိပုံ၊ လွန်ခဲ့တဲ့ဘဝက ပြုခဲ့တဲ့ကံအတိုင်း ယခုဘဝမှာအကျိုးမပေးနိုင်ပုံ၊ အကျိုးပေးခွင့်ရမှ အကျိုးပေးပုံစသည်ဖြင့် ကံ၏သဘောတရားတို့ကို သူသိသလောက် တရားဟောရှာ၏။ သို့သော် မင်းကြီးက

တော့ "ငါ့သမီးဟာ တကယ်စကားပြောကောင်းတာပဲ"ဟုသာ ချီးမွမ်းပြီး ကံမှဲ့ဝါဒီကိုပဲ ယူမြဲယူနေသည်။

သို့သော် သမီးတော်က လက်မလျှော့ဘဲ လက်အုပ်မြှောက်ချီပြီးတော့ "ဒီလောကကြီးမှာ လောကပါလနတ်မင်းကြီးတွေ၊ ဗြဟ္မာမင်းကြီးတွေ ရှိကြလျှင် အမြန်ကြွရောက်ပြီး ခမည်းတော်ကြီးရဲ့ မိစ္ဆာအယူကို ချွတ်လှည့်ကြပါ။ အကျွန်ုပ်ရဲ့ သီလ၊ သမာဓိ၊ သစ္စာတရားတွေကြောင့် ခမည်းတော်ကြီးအား အယူမှန်သွားအောင် စောင့်ရှောက်တော်မူကြပါ"ဟု လေးလေးနက်နက် တောင့်တအဓိဋ္ဌာန်ပြုရှာသည်။

ဘုရားလောင်း ဗြဟ္မာကြီးနှင့် အင်္ဂတိမင်းကြီးတို့ ဝါဒတိုက်ပွဲ

ထိုအဓိဋ္ဌာန်ပြုသံကို ဘုရားလောင်း နာရဒဗြဟ္မာကြီး ကြားသိသွားသည့်အတွက် ရသေ့ယောင်ဖန်ဆင်းပြီး အင်္ဂတိမင်းကြီး၏ရှေ့တည့်တည့် ကောင်းကင်မှာ ရပ်နေသတဲ့၊ မင်းသမီးကလေးဟာ "ငါတော့ အားကိုးရာရပြီ"ဟု ဝမ်းသာသွားပြီး ရသေ့ကြီးကို အကြိမ်ကြိမ်ရှိခိုးနေရှာ၏။ မင်းကြီးလည်း အောက်ကြမ်းပြင်ကိုဆင်းကာ "အဲဒီလိုကောင်းကင်မှာ ရပ်တည်နိုင်တဲ့ တန်ခိုးကို ဘာကြောင့်ရသလဲ"ဟု မေးလိုက်၏။ ရသေ့ကြီးက ရှေးဘဝက ပြုခဲ့တဲ့ ကောင်းမှုကံတွေကြောင့် ရလာတဲ့အကြောင်း၊ သူဟာ နာရဒခေါ်တဲ့ဗြဟ္မာကြီးဖြစ်ကြောင်း၊ အခု ဗြဟ္မာ့ပြည်မှလာခဲ့ကြောင်း၊ နတ်တို့ဗြဟ္မာတို့ဆိုတာရှိကြောင်း ခပ်စုံစုံရှင်းပြလိုက်သည်။

မင်းကြီးက "ဒီလို နောင်ဘဝရှိတယ်ဆိုရင် သူ့ကို ငွေကျပ်ငါးရာ ချေးငှားထားပါ၊ နောင်ဘဝရောက်လျှင် သူ ငွေကျပ်တစ်ထောင် ပြန်ပေးပါမယ်"ဟု အချက်ပိုင်ပိုင် အရေးဆိုလိုက်သည်။ ရသေ့ကြီးက တစ်ခဏချင်းမှာပဲ "မင်းကြီးဟာ သီလရှိသူဆိုရင်တော့ တကယ်ပေးရဲတာပေါ့၊ ယခုတော့ အယူမှားပြီး မတရားတာတွေကို လုပ်ချင်သလိုလုပ်နေတဲ့အတွက် ငရဲရောက်

မှာသေချာနေတဲ့ သင့်လိုမင်းကြီးကို ကျုပ်ဘယ်လိုပေးရပ့ါမလဲ၊ ငရဲကျနေတဲ့ သင့်ထံကို ကျုပ်ဘယ်လိုကြွေးလိုက်တောင်းမလဲ၊ လောကကြီးကို ကြည့်စမ်းပါ၊ ကြွေးပေးတယ်ဆိုတာ ယုံကြည်ရတဲ့လူ၊ ဖြောင့်မှန်တဲ့လူ၊ အကျင့်ကောင်းတဲ့လူ၊ လုံ့လရှိပြီး တိုးတက်လမ်းရှိတဲ့လူတွေကိုသာ ကြွေးပေးရိုး ထုံးစံရှိတယ် မဟုတ်လား။ မင်းကြီးဟာ ဒီအတိုင်းဆို ဧကန်ငရဲကျမှာ၊ ကျုပ်ဘယ်လိုကြွေးပေးမတုန်း"ဟု ရသေ့ကြီးက မင်းကြီးမလှုပ်နိုင်အောင် ပြန်လည်ချေပလိုက်တဲ့အပြင် ငရဲဆင်းရဲများ၏ ကြောက်စရာကောင်းပုံတွေနှင့် နတ်စည်းစိမ်ချမ်းသာတွေ၏ ကောင်းမြတ်ကြီးကျယ်ပုံတို့ကို လိုရင်းမိအောင်ရှင်းပြလိုက်ပါသည်။ ထိုအခါကျမှ ဘုရင်ကြီးမှာ ငရဲရောက်မှာ အလွန်ကြောက်သွားပြီး သူယူထားသည့်အယူမှားကို စွန့်လွှတ်ကာ တမလွန်လောက ့တကယ်ရှိကြောင်း၊ ကံ, ကံ၏အကျိုးတကယ်ရှိကြောင်းတို့ကို သမီးတော်ကျေးဇူးကြောင့် တကယ်ယုံကြည်သွားသည်ကို ဇာတ်တော်မှာတွေ့ရှိရသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တွေဟာ မိမိတို့ယုံကြည်လက်ခံထားကြသည့် ကံအကြောင်းကို ကောင်းကောင်းနားလည်ထားဖို့ လိုပေသည်။ ကံနဲ့ကံရဲ့အကျိုးပေးပုံ သဘောတွေကို အသေးစိတ်နားလည်သလောက် လောကီကျိုး၊ လောကုတ္တရာကျိုးတွေကို ဧကန်ရရှိမှာဖြစ်ပါသည်။

အခန်း (၃)

# အခြေခံ ကံနှစ်မျိုး

သတ္တဝါတိုင်း၌ အခြေခံအားဖြင့် ကံနှစ်မျိုးစီ ရှိကြ၏။ ရှေးရှေးဘဝတွေ ကပြုလုပ်ခဲ့ကြသည့် အတိတ်ကံနှင့် ယခုလက်ရှိဘဝ၌ပြုလုပ်သည့် ပစ္စုပ္ပန်ကံတို့ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားက "လုလင်– သတ္တဝါတို့သည် အတိတ် ပစ္စုပ္ပန် နှစ်တန်သောကံသာ ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏" ဟု သုဘလုလင်အား ဟောကြားတော်မူခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ၌ပင် အချို့တို့သည် ကံ အကြောင်းကို ကောင်းကောင်းနားမလည်ကြသဖြင့် အတိတ်ကံကိုသာ အစွဲသန်ကြသည်။ ဘာမဆို အတိတ်ကံကိုချည်း ချကြသည်။ လက်ရှိဘဝ၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါထူမှု၊ ပညာရှိမှု၊ ပညာမဲ့မှုစသည်တို့သည် အတိတ်ကံကြောင့်သာဖြစ်သည်ဟု အယူရှိကြသည်။ ဘုရားဟောထားသည်ကို သူတို့မသိ၊ သူတို့၏ကြွေးကြော်သံများကား "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ၊ ကံချွန်မှ လူမွန်ဖြစ်မည်၊ ကံကောင်းလျှင် တစ်ချက်၊ ကံဆိုးမ,သွားရာ မိုးလိုက်လို့ရွာ"ဟူသော ရှေးသူဟောင်းတို့စကားများသာဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် ရှေးကံက တိုက်တွန်းသောကြောင့် သတ္တဝါတို့သည် သူ့အသက်ကိုသတ်ကြရ၏၊ သူ့ဥစ္စာကို ခိုးယူကြရ၏ စသည်အထိ ယူဆကြလျှင် ကံနှင့်ပတ်သက်ရာ၌ တစ်ဖက်စွန်းရောက်သောပုဂ္ဂိုလ်များတည်း။ ထိုအယူဝါဒရှိသူများ "ပုဗ္ဗေကတဟေတုဒိဋ္ဌိ" (ရှေးကံစွဲဒိဋ္ဌိ)ခေါ် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ဘုရားဟောထား၏။ ထို့ကြောင့် ယခုဘဝ၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါထူမှု၊ ပညာရှိမှု၊ ပညာမဲ့မှုစသည်တို့သည် အတိတ် ပစ္စုပ္ပန် ကံနှစ်တန်ကြောင့်ဖြစ်သည်ဟုယူမှ အယူမှန်ဖြစ်၍ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်သည်။

အတိတ်ကံကိုသာ ယုံကြည်၍ ပစ္စုပ္ပန်ကံများကို လုံးဝမျက်ကွယ်ပြုထားမည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ကြာရှည်လေးမြင့်စွာ လူ့လောက၌ ရပ်တည်နိုင်မည်မဟုတ်ပေ။ အယုတ်ဆုံးအားဖြင့် ထမင်းစားနေသည့်အခါ၌ပင် ထမင်းလုတ်ကို လက်ဖြင့်ယူ၍ ခံတွင်းသို့ထည့်ခြင်းအလုပ်ကိုလည်း ပစ္စုပ္ပန်ကံဟု ဆိုရသည်။ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုဟူသော ဣရိယာပုတ်အလုပ်မျိုးသည်လည်း ပစ္စုပ္ပန်ကံဖြစ်ပေသည်။ ဣရိယာပုတ်လေးပါးတို့ကို ပြောင်းလဲလုပ်ကိုင်သဖြင့် ရရှိသောကျန်းမာခြင်းစသည့်အကျိုးများကို ပစ္စုပ္ပန်ကံ၏အကျိုးဟုဆိုရ၏ဟု လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားထား၏။

အမှန်စင်စစ် လောက၌တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှုစသော ကောင်းကျိုး၊ ဆိုးကျိုးများသည် အတိတ်ကံကြောင့်ချည်းသက်သက်မဟုတ်၊ မျက်မှောက်ဘဝတွင် ဉာဏ်ဦးဆောင်သည့် ကြိုးစားအားထုတ်မှု ဝီရိယကြောင့် ဖြစ်ပေါ်လာသောပစ္စုပ္ပန်ကံသည်လည်း အရေးပါသောအကြောင်း တရားတစ်ခုဖြစ်သည်။ "ပုဗ္ဗေပုညံ၊ ကောင်းမှုကံလျှင်၊ အခံရှိက၊ ရှေးကမ္မထက်၊ လုံ့လပညာ၊ နှစ်ဖြာပင့်ထောက်၊ သမ္မာလျှောက်၍၊ မီးတောက်လေကူ၊ ဟူ၏ပမာ၊ များမကြာခင်၊ ပညာဥစ္စာ၊ ကြီးပွားရာ၏" ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ချက်အတိုင်း ရှေး

အတိတ်ကံကို မီးတောက် လေကူသည့်သဘောဖြင့် ပစ္စုပ္ပန်ကံက ကူညီမှ အကျိုးတရား ဖြစ်ပွားပေါ်ပေါက်နိုင်ပေသည်။ ပဝတ္တိအခါ၌ အတိတ်ကံများမှာ ပစ္စုပ္ပန်ကံ၏အကူအညီကို မရပါက အနည်းငယ်မျှလောက်သာ အကျိုးပေးနိုင်၏။ များသောအားဖြင့် လုံးဝ အကျိုးမပေးနိုင်တတ်ချေ။ ဤကဲ့သို့ ကံသည် အခြေခံအားဖြင့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ ၂ မျိုးရှိ၍ ဗုဒ္ဓဘာသာဝင်မှန်လျှင် ထိုကံနှစ်မျိုးလုံးကို ယုံကြည်ရသည်။

## အခြေခံ အကျိုး ၂ မျိုး

ထိုကံတို့ဖြစ်ပေါ်စေနိုင်သောအကျိုးမှာ အခြေခံအားဖြင့် (၁) ပဋိသန္ဓေကျိုး၊ (၂) ပဝတ္တိကျိုးဟု နှစ်မျိုးရှိ၏။ ထိုတွင် ပဋိသန္ဓေကျိုးဆိုသည်မှာ ရှေးဘဝတွေကပြုခဲ့သော အတိတ်ကံ၏အစွမ်းသတ္တိကြောင့် ထိုထိုဘုံဘဝတို့၌ အဦးအစ အသစ်ဖြစ်ပေါ်လာသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ပင်ဖြစ်၏။ ပဋိသန္ဓေစိတ် ဖြစ်ခိုက်အခါကို အဘိဓမ္မာနည်းအားဖြင့် ပဋိသန္ဓေကျိုး၊ ပဋိသန္ဓေအခါဟုခေါ်သည်။ သုတ္တန်နည်းအားဖြင့်ကား အမိဝမ်းတွင်း၌ ကိန်းနေသမျှအခါကို ပဋိသန္ဓေကျိုး၊ ပဋိသန္ဓေအခါဟုခေါ်သည်။

ပဝတ္တိအခါဆိုသည်မှာ အဘိဓမ္မာနည်းအားဖြင့် ပဋိသန္ဓေစိတ်ချုပ်ပြီးနောက် ပထမဘဝင်မှစ၍ နောင်တစ်ဘဝလုံးကို ပဝတ္တိအခါဟုခေါ်သည်။ ထိုအခါ၌ ပေးသောအကျိုးသည် ပဝတ္တိအကျိုးဖြစ်သည်။ သုတ္တန်နည်းအားဖြင့် အမိဝမ်းမှမွေးဖွားချိန်မှစ၍ သေသည်အထိတစ်ဘဝလုံးကို ပဝတ္တိအခါဟုခေါ်သည်။ ထိုအခါ၌ပေးသောအကျိုးများသည် ပဝတ္တိအကျိုးများဖြစ်သည်ဟု ကျမ်းဂန်များခွဲခြားပြထား၏။

## အတိတ်ကံ၏အကျိုးပေးရာနယ်

ဖော်ပြခဲ့ပြီးသော ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးနှစ်မျိုးအနက် ပဋိသန္ဓေ

ကျိုးကား အတိတ်ကံတစ်ခုတည်း၏ အကျိုးပေးရာနယ်ဖြစ်၏။ ပစ္စုပ္ပန်ကံနှင့် မသက်ဆိုင်ချေ။ ပဋိသန္ဓေကျိုးအားလုံးသည် အတိတ်ကံသက်သက်ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများဖြစ်၏။ ထိုအကျိုးတရားများကား အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံများ၌ အတိတ်အကြောင်းကံအား လျော်စွာ ပဋိသန္ဓေလေးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပဋိသန္ဓေနေကာ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲသားများနှင့် လူ နတ် ဗြဟ္မာ အသီးသီးဖြစ်လာကြ ခြင်းသည်လည်းကောင်း၊ ထိုသို့ဖြစ်ကြရာ၌လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ခြင်း၊ ယုတ်ညံ့သောအမျိုး၌ ဖြစ်ခြင်းများသည်လည်းကောင်း၊ ပဋိသန္ဓေ တည်နေချိန်မှစ၍ မျက်စိ၊ နား၊ နှာခေါင်း၊ လက်၊ ခြေ အင်္ဂါစသည်တို့နှင့် ပြည့်စုံမှု၊ ပြေပြစ်ချောမောမှု၊ ချွတ်ယွင်းမှု၊ ရုပ်အင်္ဂါ လက္ခဏာဆိုးမှုစသည်တို့ သည်လည်းကောင်း၊ ပဋိသန္ဓေပညာ၏ ပြည့်စုံမှု၊ ချွတ်ယွင်းမှုတို့သည် လည်းကောင်း၊ ကြွင်းသောကိုယ်အင်္ဂါကြီးငယ် တင့်တယ်သော ရုပ် လက္ခဏာတို့နှင့်ပြည့်စုံမှု၊ မပြည့်စုံမှု စသည်တို့သည်လည်းကောင်း ပစ္စုပ္ပန် ကံမဖက်၊ အတိတ်ဘဝတို့ကပြုလုပ်ခဲ့သော ကောင်းမှုကံ၊ မကောင်းမှုကံ သက်သက်တို့ကြောင့် ဖြစ်ပေါ်လာသောအကျိုးတရားများသာ ဖြစ်ကြပေ သည်။

ထို့ပြင် ဇောတိက၊ ဇဋိလ၊ မေဏ္ဍက စသော သူဌေးကြီးတို့မှာ မြေကြီးမှ ပတ္တမြား ပြာသာဒ်ထွက်ပေါ်ခြင်း၊ အတောင်နှစ်ဆယ်ရှိသော ရွှေတောင်ပေါက်ခြင်း၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ဆိတ်ရုပ်ကြီးပေါ်လာခြင်း တို့သည်လည်းကောင်း၊ လောသကတိဿမထေရ်အား ပရိနိဗ္ဗာန်စံသည် အထိ ဆွမ်းဝအောင် မဘုဉ်းပေးရခြင်း၊ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် အား ခိုးသားငါးရာသတ်၍ ပရိနိဗ္ဗာန်စံရခြင်းစသော ဝဋ်ကြွေးတို့သည် လည်းကောင်း ရှေးအတိတ်ကံ သက်သက်ကြောင့်ဖြစ်သော အကျိုးများဖြစ် ကြသည်။

အထူးသဖြင့် သတ္တဝါတစ်ဦးတစ်ယောက် ပဋိသန္ဓေနေခိုက်၌ မိဘတို့ စီးပွားဥစ္စာ ထူးထူးခြားခြားတိုးပွားလာခြင်း၊ ဥစ္စာပစ္စည်းရှာဖွေ၍မရခြင်းတို့သည် လည်းကောင်း၊ မိဘတို့ပိုင်ဆိုင်သော များစွာသော လယ်၊ ယာ၊ မြေ၊ ရွှေ၊ ငွေ၊ ရတနာ စသောပစ္စည်းတို့ကို အမွေစား အမွေခံအဖြစ်ရရှိနိုင်ခြင်းသည်လည်းကောင်း အတိတ်ကံကပေးသော အကျိုးများပင်ဖြစ်၏။ ပစ္စုပ္ပန်ကံနှင့် တစ်စုံတစ်ရာမျှ မသက်ဆိုင်ချေ။ အချုပ်အားဖြင့် ပဋိသန္ဓေနေသည်နှင့် တစ်ပြိုင်နက် ထိုက်သင့်သမျှ ရရှိခံစားရသောအကျိုးမှန်သမျှကို အတိတ်ကံ၏အကျိုးဟူ၍ မှတ်ယူရမည်။ ဤသည်မှာ အတိတ်ကံ၏ ပဋိသန္ဓေကျိုးပေးပုံဖြစ်သည်။

အတိတ်ကံ၏အကျိုးပေးရာနယ်ကား အလွန်ကျယ်၏။ သတ္တဝါဘိုင်း၌ အပရာပရိယဝေဒနီယကံများ၊ ဥပပဇ္ဇဝေဒနီယကံများ အနည်းနှင့်အများ ရှိကြသည်ချည်းဖြစ်၏။ (ထိုကံများအကြောင်းကို နောက်ပိုင်းမှာ ရှင်းပြမည်။) ထိုအတိတ်ကံများသည် အကြောင်းအားလျော်စွာ ပဋိသန္ဓေကျိုးကိုလည်း ပေးနိုင်သည်၊ ပဝတ္တိကျိုးကိုလည်း ပေးနိုင်သည်။ သို့ရာတွင် ပဝတ္တိကျိုးကိုပေးရာ၌ ပစ္စုပ္ပန်ကံ၏ ကူညီထောက်ပံ့မှုမပါဘဲ မိမိချည်း သက်သက်လည်း အကျိုးပေးနိုင်သကဲ့သို့ ရေလာမြောင်းပေး၊ မီးတောက် လေကူသဘောမျိုးဖြင့် ပစ္စုပ္ပန်ကံ၏ ထောက်ပံ့ကူညီမှု (ဥပတ္ထမ္ဘကသတ္တိ) ကြောင့်လည်း အကျိုးပေးသည်လည်း ရှိပေသည်။

## ပစ္စုပ္ပန်ကံ၏အကျိုးပေးရာနယ်

ယခု ပစ္စုပ္ပန်ဘဝ၌ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု၊ ကောင်းသောအလုပ်၊ မကောင်းသောအလုပ်များသည် ပစ္စုပ္ပန်ကံဟု့ဖြစ်ကြသည်။ ထိုကံသည် မိမိအစွမ်းသက်သက်ဖြင့်ဖြစ်စေ၊ အတိတ်ကံကို ထောက်ပံ့၍ဖြစ်စေ အစွမ်းသတ္တိရှိ

သည့်အလျောက် ယခုမျက်မှောက်၌ပင် အကျိုးအပြစ်တို့ကို ဖြစ်စေတတ်၏။ နှောင်တမလွန်ဘဝတို့၌လည်း ထိုက်သင့်သည့်အားလျော်စွာ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးကို ဖြစ်စေနိုင်သည်။

ယခုမျက်မှောက်ဘဝ၌ပင် မိမိအစွမ်းသက်သက်ဖြင့် (ပဝတ္တိ) အကျိုးအပြစ်ကို ဖြစ်စေနိုင်သော ပစ္စုပ္ပန်ကံတို့ကို ဒိဋ္ဌဓမ္မဝေဒနီယကံဟုခေါ်၏။ ဥပမာပြရလျှင် ဆင်းရဲသား မောင်ပုဏ္ဏ ဇနီးမောင်နှံတို့ နိရောဓသမာပတ်မှထပြီးစ အရှင်သာရိပုတ္တရာ မထေရ်ကြီးအား မျက်နှာသစ်ရေနှင့် ဆွမ်းလှူဒါန်းခြင်း ပစ္စုပ္ပန်ကံကြောင့် ထွန်ချေးခဲများက ရွှေတုံး ရွှေခဲတွေဖြစ်၍ နေ့ချင်းပင် သူဌေးဖြစ်သွား၏။ ကာကဝဠိယ ဇနီးမောင်နှံတို့ နိရောဓ သမာပတ်မှထပြီးစ အရှင်မဟာကဿပ မထေရ်ကြီးအား ယာဂုဆွမ်းဒါနကုသိုလ်ကြောင့် ၇–ရက်အတွင်း ရွှေအိုး, ငွေအိုး များရ၍ သူဌေးဖြစ်သွားသည်။ ကောင်းသောအမှုကိုပြုသဖြင့် ပညာရှိသူတော်ကောင်းတို့၏ ချီးကျူးမှုကို ခံရခြင်း၊ ချီးမြှောက်ထောက်ပံ့မှုကို ခံရခြင်း၊ ထိုက်သည့်အလျောက် အစိုးရတို့၏ အချီးအမြှောက် အမ အစ တို့ကိုခံရခြင်း စသည်တို့သည်လည်း ပစ္စုပ္ပန်ကံ၏ ထင်ရှားသော အကျိုးတရားများပင်ဖြစ်သည်။

နန္ဒလုလင်သည် ဥပ္ပလဝဏ် ရဟန္တာထေရီမအား မတရားကျင့်သည့် အကုသိုလ်ကြောင့် နေ့ချင်းမြေမျို၍ ဘဝဆုံးရသည်။ နန္ဒနွားသတ်သမားသည် အနှစ် ၅၀ ပတ်လုံး နွားသတ် အသက်မွေး၍ တစ်နေ့တွင် နွားအရှင်တစ်ကောင်၏ လျှာကို လှီးဖြတ်၍ မီးကင်စားနေစဉ်မှာပင် လျှာပြတ်ကျသေဆုံးပြီး ငရဲသို့ကျ၏။ နန္ဒဘီလူးသည် အရှင်သာရိပုတ္တရာ၏ ရိတ်ပြီးစခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်သော အကုသိုလ်ကြောင့် "ပူလှချည့်၊ လောင်လှချည့်"ဟု အောမြည်ကာ အဝီစိငရဲကျလေသည်။ ဤကောင်းကျိုး၊ ဆိုးကျိုးများမှာ ပစ္စုပ္ပန်ကံသက်သက်က ပေးသော အကျိုးများဖြစ်သည်။

ယခုလက်ရှိဘဝ၌ စီးပွားဥစ္စာအဖြာဖြာနှင့် ပြည့်စုံခြင်း၊ ပညာတတ်

မြောက်ခြင်း၊ အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း စသောအကျိုးတရားများမှာ အတိတ်ကံသက်သက်ကြောင့်ဖြစ်သည်လည်း ရှိ၏။ လယ်ယာထွန်ယက် စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ကုန်စည်ရောင်းဝယ်ဖောက်ကားခြင်း၊ သိပ္ပံ ပညာ၊ ဝိဇ္ဇာပညာရပ်များကို သင်ယူခြင်း၊ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်း၊ မိမိနှင့်သင့်လျော်သည့် အစားအစာ ဆေးဝါးများကို မှီဝဲခြင်း၊ အတိုင်းအရှည်ကိုကြည့်၍ စားခြင်း၊ ဣရိယာပုတ်မျှတအောင် နေထိုင်ခြင်းစသော ပစ္စုပ္ပန်ကံများ၏ အထောက်အကူပြုမှုကြောင့်လည်း ထိုအကျိုးတရားများ ဖြစ်ပွားလာရခြင်းဖြစ်သည်။

ထို့အတူ လက်ရှိဘဝ၌ ပျက်ဆီးဆုတ်ယုတ်မှုအမျိုးမျိုး၊ ဆင်းရဲအမျိုးမျိုးတို့ဖြစ်ပေါ်လာခြင်းသည်လည်း ပစ္စုပ္ပန်အကုသိုလ်ကံ၏အကူအညီရသောကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ အတိတ်ကံမှာ မူလပဓာနအရင်းခံကံဖြစ်သော်လည်း အတိတ်ကံကို ယုံကြည်ပြီး မီးပုံထဲသို့ခုန်ဆင်းလျှင် မီးလောင်ခံရမည်။ ကျားပေါသည့်တောထဲသို့သွားလျှင်လည်း ကျားဆွဲခံရမည်သာ ဖြစ်သည်။ ထို့ကြောင့် "ကံဟု မူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဓိဝိတနှင့်၊ သုခပွားရန်၊ ဉာဏ်လုံ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့် (ဉာဏ်၊ ဝီရိယ၊ ပယောဂကား ပစ္စုပ္ပန်ကံကို ဆိုလိုသည်။)ဟု ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး ဆုံးမတော်မူခဲ့ခြင်းဖြစ်သည်။

ယခုဘဝ၌ပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာဟူသော ပစ္စုပ္ပန်ကုသိုလ်ကံအပေါင်းသည် နောင်ဘဝ၌ သုဂတိရောက်ခြင်း ဘဝသမ္ပတ္တိ (ပဋိသန္ဓေကျိုး) ပစ္စည်းဥစ္စာ ကြီးပွားချမ်းသာခြင်း ဘောဂသမ္ပတ္တိ (ပဝတ္တိကျိုး)တို့ကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ သူ့အသက်သတ်မှုစသော ဒုစရိုက်ပစ္စုပ္ပန်အကုသိုလ်ကံတို့သည်လည်း နောင်ဘဝ၌အပါယ်လေးပါးသို့ ကျရောက်ခြင်း (ပဋိသန္ဓေကျိုး) လူဖြစ်သော်လည်း အသက်တိုခြင်း စသော

ဆင်းရဲအမျိုးမျိုးတို့ဖြစ်ပွားခြင်း(ပဝတ္တိကျိုး)စသော အကျိုးတရားတို့ကို ဖြစ်ပွားစေနိုင်သည်။ ဤသည်မှာ ပစ္စုပ္ပန်ကံ၏အကျိုးပေးရာနယ်ဖြစ် သည်။

ဤအတိတ်ကံ၊ ပစ္စုပ္ပန်ကံတို့နှင့်ပတ်သက်၍ အတိတ်ဘဝကပြုခဲ့သည့်ကံများမှာ မူလပဓာနကျသော်လည်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အတိတ်ကံကို ထောက်ပံ့ကူညီနိုင်၍ ယခုလက်ရှိဘဝ၌ပြုလုပ်၍ ရနိုင်သော ပစ္စုပ္ပန်ကံကောင်းရန်အတွက်သာ ဉာဏ်နှင့်ယှဉ်၍ ကြိုးစားအားထုတ်သင့်ကြပေသည်။

## ကုသိုလ်ကံနှင့် အကုသိုလ်ကံ

မြတ်ဗုဒ္ဓ၏ ကမ္မဝါဒ၌ ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း နာနာက္ခဏိက ကမ္မပစ္စယသတ္တိရှိသော ကံတရားကား ကုသိုလ်ကံနှင့် အကုသိုလ်ကံနှစ်မျိုးသာရှိ၏။ ထိုနှစ်မျိုးတို့မှာ တစ်မျိုးနှင့်တစ်မျိုး ဆန့်ကျင်ဘက်ဖြစ်၏။ အဖြူနှင့် အမည်းပမာ ခြားနားကြ၏။

မှန်၏၊ ကုသိုလ်ကံဟူသော ဝေါဟာရသည် "ကုသလကမ္မ" ဟူသော ပါဠိမှဖြစ်ပေါ်လာသော မြန်မာဝေါဟာရဖြစ်သည်။ သို့ဖြစ်၍ ကုသိုလ်ကံကို ကောင်းမှုကံဟုလည်းကောင်း၊ ကုသိုလ်ကောင်းမှုကံဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲကြသည်။ ဤ၌ "ကောင်းမှု" ဆိုရာတွင် မည်သည့်အမှုမျိုးကို ကောင်းမှုဟုခေါ်မည်နည်း၊ ကိုယ်ကောင်းချင်တိုင်း ကောင်းသည်ဟုဆိုလျှင် သဘာဝလည်းမကျ၊ မှန်သည်ဟုဆိုရန်လည်း ခက်၏။ အချို့က သတ္တဝါတွေကိုသတ်၍ ယဇ်ပူဇော်ပသမှုကို ကောင်းမှုဟု ခေါ်နေကြ၏။ အချို့ကမူ အခြားသတ္တဝါတွေကို သတ်သော်လည်း လူကို မသတ်လျှင် ကောင်းမှုဟုဆိုနေကြ၏။

မြတ်ဗုဒ္ဓ၏ ကမ္မဝါဒ၌မူ ကောင်းမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်အင်္ဂါရပ်များ အတိအကျရှိ၏။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက "အပြစ်မရှိခြင်း

(အနဝဇ္ဇ)၊ ကောင်းကျိုးကိုပေးခြင်း (သုခဝိပါက)"ဟူသော အင်္ဂါလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသောအလုပ်မျိုးကိုသာ ကောင်းသောအမှု, ကောင်းသောအလုပ်(ဝါ) ကုသိုလ်ကံခေါ်သည်ဟု ဟောကြားထား၏။ ထို့အတူ "အကုသလကမ္မ" ဟူသော ပါဠိဝေါဟာရမှဆင်းသက်လာသော မကောင်းမှုကံ (ဝါ) မကောင်းမှု အကုသိုလ်ကံနှင့်ပတ်သက်၍လည်း "အပြစ်ရှိခြင်း (သာဝဇ္ဇ)၊ မကောင်းကျိုးကိုပေးခြင်း(ဒုက္ခဝိပါက)ဟူသော အင်္ဂါလက္ခဏာနှစ်ပါးနှင့်ပြည့်စုံသောအလုပ်မျိုးကိုသာ မကောင်းသောအမှု၊ မကောင်းသောအလုပ် (ဝါ) အကုသိုလ်ကံဟုဆိုရသည် သတ်မှတ်ဟောကြားထား၏။ ကောင်းသောအမှုတို့ကို ကိုယ့်သဘောအတိုင်း ကောင်းမကောင်းဟု ပြောဆို၍မရ၊ ဖော်ပြခဲ့ပြီးသော အင်္ဂါလက္ခဏာနှစ်ပါးအရသာ သတ်မှတ်ဆုံးဖြတ်ရမည်ဟု ဟောတော်မူလိုရင်းဖြစ်သည်။

ထိုဖော်ပြပါအင်္ဂါရပ်တို့တွင် "အပြစ်ရှိခြင်း၊ အပြစ်မရှိခြင်း" အင်္ဂါရပ်တို့နှင့်ပတ်သက်၍ အတန်ငယ်ရှင်းပြပါဦးမည်။ လောကတွင် သတ္တဝါတွေကိုသတ်၍ ယဇ်ပူဇော်ခြင်းသည် အပြစ်မရှိဟုယူဆသကဲ့သို့ လူမှတစ်ပါးအခြားသတ္တဝါများကိုသတ်လျှင် အပြစ်မရှိဟုယူဆသူများလည်း ရှိကြ၏။ ထို့ကြောင့် မည်သို့ ပြုမူလျှင် အပြစ်ရှိသည်၊ မည်သို့ပြုမူလျှင် အပြစ်မရှိဟု မှတ်ရပ်ရှိရန် လိုပေသည်။ အမှန်စင်စစ် အပြစ်ဆိုသည်မှာ "မိမိ သူတစ်ပါး နှစ်ဦးသားတို့အား ထိခိုက်နစ်နာစေမှုမျိုးဖြစ်၏။ ဥပမာအားဖြင့် သတ်မှု၊ ခိုးမှု၊ ကာမတို့၌မှားယွင်းစွာ ကျင့်မှုစသည့်ပြစ်မှုတို့ဖြင့် စိစစ်နိုင်သည်။ သတ္တဝါတစ်ဦးဦးကို သတ်ရာ၌ အသတ်ခံရသူမှာလည်း ထိခိုက်နစ်နာ၏။ မိမိမှာလည်း ဒေါသစိတ်များ ဖြစ်ပွားခြင်း၊ ငရဲသို့ရောက်ခြင်း၊ လူဖြစ်လျှင်လည်း အသက်တိုခြင်းစသည်ဖြင့် ထိခိုက်နစ်နာသည်။ ဤသို့ မိမိ သူတစ်ပါး နှစ်ဦးသားလုံး ထိခိုက်နစ်နာမှုရှိသဖြင့် ထို သတ္တဝါသတ်မှုကို အပြစ်ရှိသည်ဟု ဆိုရ၏။ ခိုးမှုစသည်တို့၌လည်း ထိုနည်းတူဖြစ်၏။ အပြန်

သဘောအားဖြင့် သူတစ်ပါးတို့အား ပေးကမ်းခြင်း ဒါန၊ သတ်မှု၊ ခိုးမှု စသည်တို့မှရှောင်ကြဉ်ခြင်း သီလကုသိုလ်ကံစသည်တို့သည် သူတစ်ပါးတို့ထိခိုက်နစ်နာမှုမရှိ၊ အကျိုးသာရှိ၍ အပြစ်မရှိဟု နားလည်သိမှတ်ရပေမည်။

**ကံတရားနှင့်မျိုးစေ့များ**

ကံကား မျိုးစေ့နှင့်သဘောတူပေသည်။ သခ်ပင်တို့သည် တစ်ပင်နှင့် တစ်ပင် တူကြသည်မဟုတ်။ အချို့သစ်ပင်များက ချိုသော အရသာရှိသော သစ်သီးကို သီး၍ အချို့သောသစ်ပင်များက ချဉ်သော အရသာရှိသောသစ်သီးကို သီးကြသည်။ အကြောင်းရင်းကို ရှာဖွေစိစစ်ကြည့်လျှင် မျိုးစေ့ချင်း မတူသောကြောင့် ဤကဲ့သို့ဖြစ်ကြောင်း တွေ့ရ၏။ ထို့အတူပင် မျိုးစေ့တည်းဟူသော ကံအကြောင်းတရား မတူကြခြင်းကြောင့် ချိုသီး၊ ချဉ်သီး၊ ခါးသီးစသည် ကွဲပြားသည့်ပမာ လူ့ပြည်တွင် မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ အရာရှိ၊ မင်းစေ စသည်ဖြင့် လူတန်းစား ကွဲပြားခြားနားသွားရခြင်းဖြစ်သည်။ သရက်စေ့ကို စိုက်ပျိုးပါလျှင် သရက်ပင်ပေါက်၍ သရက်သီးကို စားကြရပေမည်။ သံပရာစေ့ကို စိုက်ပါမူ သံပရာပင်ပေါက်၍ သံပရာသီးကို စားရမည်။ ထို့အတူ ကုသိုလ်ကံကို ပြုလုပ်သူသည် ကောင်းကျိုးကို ခံစားရသကဲ့သို့ အကုသိုလ်ကံကို ပြုလုပ်သူသည် မကောင်းကျိုးကို ခံရမည်မှာ ယုံမှားဖွယ်ရာမရှိချေ။ မှန်၏။ ကုသိုလ်ကံသည် ကုသိုလ်ပြုသူ၏နောက်သို့ အကျိုးပေးရန် အရိပ်ပမာ လိုက်နေသည့်နည်းတူ၊ အကုသိုလ်ကံသည်လည်း အကုသိုလ်ပြုသူနောက်သို့ အပြစ်ပေးရန် (ဝါ) ဆိုးကျိုးပေးရန် အစဉ်တစိုက် လိုက်လျက်နေပေသည်။ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် သက္ကသံယုတ် သမုဒ္ဒကသုတ်၌ "ယာ ဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ" စသောဂါထာကို

ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ ထိုဂါထာ၏အဓိပ္ပာယ်မှာ–

"အကြင် ချို၊ ချဉ်၊ ဖန်၊ ခါး စသည့်သဘောရှိသော မျိုးစေ့ကို ကြဲချစိုက်ပျိုး၏။ ထို ချို၊ ချဉ်၊ ဖန်၊ ခါး စသည့်သဘောရှိသော အသီးကို သီး၏"

(ထို့အတူ) ကောင်းသောအမှု၊ အစုစုကို ပြုလုပ်လေ့ရှိသူသည် ကောင်းကျိုးသုခ အဝဝကို မုချမသွေ ရရှိခံစားရပေ၏။ မကောင်းမှုမှန်သမျှ ဒုစရိုက်အဝဝကို ပြုလေ့ပြုထရှိသူသည် ဆင်းရဲဒုက္ခ ဆိုးကျိုးအဝဝကို မုချ မသွေ ခံစားရပေ၏။

## ကံအကျိုးပေးနိုင်သည့်အကြောင်းများ

ဗုဒ္ဓဘာသာဝင်တို့၏ ကမ္မဝါဒအရ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း သတ္တဝါမှန်သမျှ၌ အကျိုးပေးရန်လိုက်ပါနေသော ကုသိုလ်ကံ၊ အကုသိုလ် ကံ နှစ်မျိုးလုံးရှိကြ၏။ ထိုကံများသည် ဆိုင်ရာအကြောင်းများနှင့် တိုက်ဆိုင် ကြမှသာ အကျိုးပေးလေ့ရှိကြ၏။ ဆိုင်ရာအကြောင်းများ၏ပြည့်စုံမှုကို "သမ္ပတ္တိ" ခေါ်၏။ ဆိုင်ရာအကြောင်းများ၏ ချို့တဲ့မှုကို "ဝိပတ္တိ" ခေါ်၏။ သမ္ပတ္တိ ဆိုက်နေသည့် အခါ ကုသိုလ်ကံအကျိုးပေးခွင့်သာသကဲ့သို့ ဝိပတ္တိ ဆိုက်ရာအခါ၌လည်း အကုသိုလ်ကံအကျိုးပေးခွင့် သာလေသည်။

ထိုတွင် သမ္ပတ္တိလေးပါးမှာ (၁) ဂတိသမ္ပတ္တိ=ဘဝကောင်း၊ ဌာန ကောင်းကို ရရှိခြင်း၊ (၂) ဥပဓိသမ္ပတ္တိ=ရုပ်အဆင်းအင်္ဂါ လှပခြင်း၊ (၃)ကာလ သမ္ပတ္တိ=ခေတ်ကောင်း ကာလကောင်းဖြစ်ခြင်း၊ (၄)ပယောဂသမ္ပတ္တိ=ဉာဏ် ဝီရိယ စသော ပယောဂရှိခြင်းတို့ဖြစ်သည်။ ဝိပတ္တိလေးပါးကို သမ္ပတ္တိမှ အပြန်အားဖြင့် ဂတိဝိပတ္တိ=မကောင်းသော ဘဝဌာနတို့ကို ရရှိခြင်းစသည် ဖြင့် နည်းမှီ၍ သိနိုင်သည်။

## ဂတိသမ္ပတ္တိနှင့် ဂတိဝိပတ္တိ

ဂတိသမ္ပတ္တိဆိုသည်မှာ ဘဝကောင်း၊ ဌာနကောင်းကို ရရှိခြင်းဟု အကျဉ်းဆိုခဲ့သည့်အတိုင်း လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝများ၊ မိမိစီးပွားရှာလို့ ကြီးပွားနိုင်သည့် နေရာဌာန၊ ဒေသတို့ဖြစ်သည်။ ထိုဘဝ ထိုဒေသများ၌ ဖြစ်ကြရသောအခါ များစွာသောကုသိုလ်ကံတို့အကျိုးပေးခွင့်ရကြ၏။ လူ့ပြည်၌ ဒုက္ခရှိသော်လည်း နတ်ပြည် ဗြဟ္မာပြည်တို့မှာ ဒုက္ခမရှိသလောက် နည်းပါး၏။ ကုသိုလ်ကံတို့အခွင့်ရ၍ အကျိုးပေးနေသောကြောင့် အစား အသောက် အနေ အထိုင် အတွေ့အကြုံအာရုံတို့မှာလည်း အကောင်းအမွန် ချည်းသာ ဖြစ်ကြပေသည်။ ထိုသို့ ဂတိသမ္ပတ္တိဆိုက်နေသူတို့၌ အကုသိုလ်ကံတွေ ရှိနေသေးသော်လည်း ထိုကံများမှာ အကျိုးပေးခွင့် များစွာမရကြ။ လူ့ဘုံမှာ ဒုက္ခမကင်း ဆိုရသော်လည်း အပါယ်လေးပါးနှင့် စာလျှင် များစွာ သက်သာလှ၏။

ဂတိသမ္ပတ္တိအရာ၌ ကုသိုလ်ကံ အကျိုးပေးခွင့်ရခြင်းသည် ကောင်းသောဘဝနှင့်သာ ဆိုင်သည်မဟုတ်။ မိမိကြီးပွားမည့်အရပ်ဒေသ၊ ဌာနတို့နှင့်လည်း သက်ဆိုင်သေး၏။ မိမိအလုပ်အကိုင်နှင့် သင့်လျော်ပတ်သည့်နေရာ ဒေသ(ပတိရူပဒေသ)မျိုးဖြစ်ပါမှ ကုသိုလ်ကံအကျိုးပေးခွင့်သာ၏။ နွားခြေရာခွက်တည်းဟူသော နေရာကောင်းကို ရသော ဘီလုံးငှက်ငယ်သည် သိန်းစွန်ကို စစ်ဘက်ပြိုင်၍ နိုင်ဖူးသောဝတ္ထုကို ထောက်ထားက သိသာထင်ရှား၏။

## ဂတိဝိပတ္တိ

ဂတိဝိပတ္တိဆိုသည်မှာ ဂတိသမ္ပတ္တိနှင့် ပြောင်းပြန် မကောင်းသော ဘဝ၊ ဌာနတို့ကိုရရှိခြင်းဟု ဆိုခဲ့သည့်အတိုင်း အပါယ်လေးဘုံတို့၌ဖြစ်ခြင်းတို့ ဖြစ်သည်။ ထိုဘုံတို့၌ ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်သူတို့၌ အမြဲ

ဒုက္ခရောက်၊ အမြဲနှိပ်စက်ခံ၊ အမြဲပူလောင်နေရသဖြင့် အကုသိုလ်ကံတွေဝိုင်း၍ အကျိုးပေးချင်တိုင်းပေးဖို့ အခွင့်သာကြပုံမှာ ဆိုဖွယ်ရာမရှိ။ အထိုက် အလျောက်သက်သာသည် ဟုဆိုရသော တိရစ္ဆာန်ဘဝမှာပင် အစာငတ်ဖို့၊ ရေငတ်ဖို့၊ နေပူမိုးရွာ လွန်စွာဆင်းရဲဖို့၊ တုတ်၊ ဓား စသည်ဖြင့် အရိုက်အနှက် အသတ်အဖြတ်ခံရဖို့စသော ဒုက္ခစုကိုခံဖို့ရန် အကုသိုလ်ကံတွေ အကျိုးပေး ခွင့်သာ၏။

အလွန်သေးငယ်သော ပိုးမွှားတိရစ္ဆာန်ကလေးများ၌ကား သွား ရင်းလာရင်း သူကနင်းငါကနင်းနှင့် သေခြင်းဆိုးနှင့်သေဖို့ရန် အကုသိုလ်ကံ တွေ အလွန့်အလွန် အခွင့်သာကြပေသည်။ ထို ဂတိဝိပတ္တိဆိုက်နေသော အခါ ရှေးရှေးဘဝက ကုသိုလ်ကံတွေပါရှိနေကြသော်လည်း ကယ်ဆယ်ဖို့ ရန် အခွင့်မရတော့ချေ။

ဤလောက၌ စီးပွားဥစ္စာ၊ ကုသိုလ်၊ ပညာရဖို့ရန် ခဲယဉ်းသော အရပ်ဒေသမျိုး၌ နေထိုင်ရခြင်း၊ မိမိပညာနှင့်မလျော်သောဌာနတို့၌ ဝင် ရောက်အမှုထမ်းခြင်းတို့သည်လည်း ဂတိဝိပတ္တိဆိုက်ရောက်နေ၍ ကုသိုလ် အကျိုးပေးခွင့် မသာသဖြင့် မကြီးပွား မတိုးတက်နိုင်ဘဲ ရှိရလေသည်။

## ဥပဓိသမ္ပတ္တိနှင့် ဥပဓိဝိပတ္တိ

ဥပဓိသမ္ပတ္တိကား ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်း၊ ကိုယ်လက် အင်္ဂါ ချို့တဲ့မှုမရှိခြင်းတည်း။ လူတစ်ဦးတွင် မကောင်းမှု အကုသိုလ်ကံတို့ သည် အများပင်ရှိကြသော်လည်း တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကံ ကြောင့် ကိုယ်လက်အင်္ဂါချို့တဲ့မှုမရှိခြင်း၊ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်း ဟူသော ဥပဓိသမ္ပတ္တိရှိလျှင် အကုသိုလ်ကံများ အကျိုးပေးခွင့်မသာဘဲ အမျိုး အဆွေ ပစ္စည်းဥစ္စာတို့ အောက်ကျနေသော်လည်း ပစ္စည်းရှိသူ၊ အမျိုးမြတ် သူတို့က ကြည်ဖြူလေးမြတ်ကြသဖြင့် ကုသိုလ်ကံတရားများ အကျိုးပေးခွင့်

သာကာ အထက်တန်းသို့ရောက်ကြရ၏။

မင်းမျိုးဖြစ်၍ အစ်ကို မင်းသားတို့ရှိနေကြစေကာမူ ဤမင်းသားငယ်သည် ရုပ်ဆင်းအင်္ဂါ၊ လုပတင့်တယ်၊ ရှုကြည့်ချင်စဖွယ်ရှိ၏။ ဤမင်းသားငယ်ကို မင်းမြှောက်ထားပါက တိုင်းသူပြည်သား လူအများတို့ကြီးစွာသောချမ်းသာသုခကို ရကြပေမည်ဟု တိုင်ပင်ညီညွတ်ကြကာ ဥပဓိသမ္ပတ္တိရှိသောမင်းသားငယ်ကိုသာ မင်းအဖြစ်တင်မြှောက်လေ့ရှိကြ၏။' အကယ်၍ အိမ်ရှေ့မင်းသားဖြစ်အံ့၊ ခမည်းတော်နတ်ရွာစံလျှင် မိမိပင် မင်းအဖြစ်ကိုရ၏။ အကယ်၍ အမတ်ကြီးသားဖြစ်အံ့၊ အမတ်ကြီးကွယ်လွန်သည့်အခါ မိမိသာ အမတ်ကြီးအဖြစ်ကိုရ၏။ ဥပဓိချို့တဲ့ခဲ့လျှင် ဤကဲ့သို့ဆက်ခံနိုင်မည် မဟုတ်ချေ။

အကယ်၍ ကျွန်မျိုး၌ဖြစ်စေကာမူ ရုပ်ဆင်းအင်္ဂါလုပတင့်တယ်သူဖြစ်ပါက အလုပ်ကြမ်းမလုပ်ရဘဲ ကောင်းမွန်သောအဝတ်တန်ဆာတို့ကိုဝတ်ဆင်စေကာ ဘဏ္ဍာစိုးရာထူး စသောရာထူးများ၌ ထမ်းဆောင်ရ၏။ သီဟိုဠ်ကျွန်း၊ ဘာတိကမင်းလက်ထက်၌ နွားသားစားသူများကို ဖမ်းဆီး၍ ဒဏ်တပ်လေရာ ဒဏ်ငွေမဆောင်နိုင်ကြသဖြင့် နန်းတွင်း၌ သန့်ရှင်းရေးသမားများပြုလုပ်ထား၏။ ထိုသူတို့အထဲတွင် အဆင်းလှသူကလေးတစ်ယောက်ကို ရှင်ဘုရင်မြင်၍ ထို အမျိုးသမီးကလေးကို နန်းတွင်းတွင် "သာမာဒေဝီ"ဟူသောဘွဲ့အမည်ဖြင့် အကျွမ်းတဝင်ထား၏။ သူ၏ကုသိုလ်ကံရှိန်စော် အာနုဘော်ကြောင့် သူ့ဆွေမျိုး အပြစ်မှလွတ်ပြီး ချမ်းချမ်းသာသာအသက်မွေးမြူကြရသည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ လာ၏။ စာရေးသူတို့ငယ်စဉ်ကလည်း ဧက်ဒွက်ဘုရင်ကြီး ထီးနန်းစွန့်ပြီး မင်းမျိုးမင်းဆွေမဟုတ်သည့် မစ္စစ်ဆင်ပဆင်ကို လက်ထပ်သွားခြင်းသည် မစ္စစ်ဆင်ပဆင်၏ ရုပ်ဆင်းအင်္ဂါလုပချောမောခြင်း ဥပဓိသမ္ပတ္တိ ကြောင့်ပင်ဖြစ်လေသည်။ လူ့လောကကြီးကို သတိထားကြည့်လျှင် ဥပဓိသမ္ပတ္တိ ပုဂ္ဂိုလ်

တို့ အကျိုးပေးသာပုံကို များစွာတွေ့ရှိနိုင်သည်။

လူ့ဘ၀ကို မဆိုထားဘိ၊ ဂတိဝိပတ္တိသို့ရောက်နေရသော တိရစ္ဆာန်တို့၌ပင် ရုပ်အဆင်းလှ၍ ဥပဓိသမ္ပတ္တိဖြစ်နေလျှင် (ဝါ) ခွေးလှ၊ မြင်းလှ၊ နွားလှ စသည်ဖြစ်နေလျှင် လူချမ်းသာတို့၏ ကောင်းစွာလက်သပ် မွေးမြူခြင်းကို ခံရလျက် ကုသိုလ်ကံများအကျိုးပေးခွင့်သာကြ၏။ ဤကဲ့သို့ ရုပ်ဆင်းအင်္ဂါ မချို့တဲ့ခြင်း၊ လှပတင့်တယ်ခြင်းဟူသော ဥပဓိသမ္ပတ္တိသည် ကုသိုလ်ကံအကျိုးပေးဖို့ရန် အကြောင်းတစ်ခုဖြစ်သည်။

## ဥပဓိဝိပတ္တိ

ဥပဓိပတ္တိဆိုသည်မှာ ကိုယ်လက်အင်္ဂါချို့တဲ့မှု၊ ရုပ်ဆင်းအင်္ဂါမလှပ၊ မတင့်တယ်မှု (ဝါ) အရုပ်ဆိုး အကျည်းတန်မှုတို့ဖြစ်သည်။ ဂတိသမ္ပတ္တိ ဖြစ်သော လူ့ဘုံမှာပင် ဆိုခဲ့သည့်အတိုင်း ဥပဓိဝိပတ္တိဖြစ်နေလျှင် ကုသိုလ်ကံ ၏အကျိုးကို ရသင့်သလောက်မရဘဲ ရှိတတ်၏။ ဂတိဝိပတ္တိဆိုက်ရောက်နေကြသော တိရစ္ဆာန်စသည်တို့၌မူ ရုပ်ဆင်းမလှမှုဟူသော ဥပဓိဝိပတ္တိကြောင့် ကုသိုလ်ကံ အကျိုးပေးခွင့်မရသည်မှာ ဆိုဖွယ်ရာမရှိတော့ပြီ။

ဂတိသမ္ပတ္တိဟူသော လူ့ဘုံ၌လူဖြစ်၍ အမျိုးမြတ်ဥစ္စာရှင်ပင် ဖြစ်သော်ငြားလည်း ဥပဓိဝိပတ္တိ ချို့တဲ့ခဲ့ပါလျှင် အမျိုးတူ၊ ဥစ္စာရှင်တို့ကပင် မကြည်ဖြူနိုင်ကြ၊ အလောင်းတော် ကုသမင်းကို ပဘာဝတီမင်းသမီးက တော်တော်နှင့် မကြည်ဖြူနိုင်ခြင်းမှာ ထင်ရှားသောအထောက်အထားဖြစ် ၏။ ဥပဓိဝိပတ္တိဖြစ်နေချိန်တွင် အကုသိုလ်ကံတို့က စွမ်းနိုင်သမျှ အကျိုးပေး ကြသောကြောင့် အလောင်းတော် မင်းကုသခများမှာ မင်းသားဖြစ်ပါလျက် အိုးတော်လုပ်ရ၊ ဖျာတော်ရက်ရ၊ ပွဲတော်ချက်ရနှင့် သွက်သွက်လည်အောင် ဒုက္ခခံလိုက်ရသေး၏။ ဇနီးမောင်နှံနှစ်ယောက် ရုပ်အဆင်းချင်း ရှေ့သွား နောက်လိုက်မညီလျှင် ဥပဓိဝိပတ္တိ (ရုပ်ဆိုး) ဖြစ်နေသူမှာ အစေခံဟုပင်

အထင်ခံရတတ်သေး၏။ ကောတလဂါမိရှာ သူဌေးကတော်ကြီးမှာ ဥပဓိရုပ် လက္ခဏာချို့တဲ့ရှာသောကြောင့် သူဌေးကတော်ကြီးဖြစ်စေကာမူ အခွန် တောင်းလာသူ မင်းမှုထမ်းတို့က အိမ်ကျွန်မဟု မှတ်ထင်ကာ ပြက်ရယ်ပြု ခြင်းခံရရှာသည်ဟု သမ္မောအဋ္ဌကထာ၌ဆို၏။

ဤသို့ ရုပ်ဆင်းအင်္ဂါ မလှပခြင်းကြောင့် ကောင်းမှုကုသိုလ်ကံတို့ အကျိုးပေးခွင့်မရဘဲ အကုသိုလ်ကံတို့ကသာ ဝိုင်းအုံကာ အကျိုးပေးတတ်ပေ သည်။

## ကာလသမ္ပတ္တိနှင့်ကာလဝိပတ္တိ

တရားမင်းတို့အုပ်စိုးနေသောအချိန် ခေတ်ကောင်း ကာလကောင်း ကို "ကာလသမ္ပတ္တိ"ဟုခေါ်၏။ ထိုကာလသမ္ပတ္တိနှင့် ကြုံကြိုက်နေသည့်အခါ တိုင်းပြည်ကိုအုပ်စိုးနေသော မင်းကောင်း၊ ခေါင်းဆောင်ကောင်းတို့က တိုင်းပြည်သာယာဝပြောအောင်၊ တိုင်းသူပြည်သားတို့ ပညာတတ်အောင်၊ ကျန်းမာအောင်၊ လူ့စွမ်းရည်ထက်မြက်အောင်၊ အစစ်အရာရာ တိုးတက် အောင် မေတ္တာစေတနာအပြည့်ဖြင့် စီမံခန့်ခွဲပေးသောကြောင့် ထိုမင်းကောင်း၊ ခေါင်းဆောင်ကောင်းတို့၏လက်ထက်၌ ကုသိုလ်ကံများ အကျိုးပေးခွင့် သာ၏။

ထိုသို့ ကုသိုလ်ကံများ အကျိုးပေးခွင့်သာသဖြင့် တိုင်းသူပြည် သား အားလုံးတို့မှာ ကောင်းသောအာရုံတို့ကို တွေ့ကြုံခံစားကြရ၏။ ပူပန် သောကကင်းကြ၍ ဆွေမျိုးဉာတိ ရပ်ရွာကုန် အလုံးစုံတို့ပင် ချမ်းသာကြ ၏။ တက်ကပ် အချိန်ကာလမျိုးနှင့်တူ၏။ ထိုကဲ့သို့ ကာလသမ္ပတ္တိကြုံကြိုက် သောအခါ တစ်နိုင်ငံလုံး ချမ်းသာ ဝပြောနေရကား ပြတ်သတ်တော်နေ အောင် အကျိုးပေးမည့် အကုသိုလ်ကံ ပါရှိသော်လည်း အခွင့်မရသဖြင့် အကျိုးမပေးနိုင်ချေ။ လူ့လောကတွင် ကာလသမ္ပတ္တိနှင့်ကြုံကြိုက်ရန် အလွန်

အရေးကြီးပေသည်။

ကာလဝိပတ္တိ

မင်းဆိုးမင်းညစ်၊ ခေါင်းဆောင်အညံ့စားတို့ ရှေ့သွားဦးဆောင်လျက် ဖက်ဆစ်စနစ်၊ အာဏာရှင်စနစ်တို့ဖြင့် အုပ်စိုးနေသည့်အချိန်ကာလကား ကာလဝိပတ္တိဆိုက်နေသောအခါတည်း။ တိုင်းသူပြည်သားတွေအတွက် လူ့အခွင့်အရေးအားလုံး ဆုံးရှုံး၍ အမှောင်ထုကြီးဖုံးလွှမ်းနေသောအမှောင်ခေတ်ဖြစ်သည်။ တိုင်းပြည်ပျက်သောအခါ မိမိတိုင်းပြည်ဝယ် စစ်ဖြစ်နေသောအခါများလည်း ကာလဝိပတ္တိပင်တည်း။

ထိုကဲ့သို့ ကာလဝိပတ္တိကြုံရသောအခါ၌ ရှေးဘဝတွေကပါလာခဲ့သော အကုသိုလ်ကံတို့အကျိုးပေးရန် အခွင့်သာကြ၏။ လူအများစုမှာ ဆင်းရဲပြတ်လပ် ငတ်မွတ်ကြရ၏။ နေစရာအိမ်ပိုင်မရှိ၊ စားသောက်ရန် အစားအသောက်ကောင်းမရှိဘဲ အားလုံးလိုလို ဆင်းရဲမွဲတေ၊ ဒုက္ခတွေဗရပွေနှင့်ဖြစ်နေကြ၏။ နေရ ထိုင်ရ၊ သွားရ လာရသည်မှာလည်း လွတ်လပ်မှုကင်းလျက်ရှိ၏။

ကုသိုလ်ကံကြီးမားသူတို့ပင်လျှင် ကုသိုလ်ကံ၏အကျိုးကို မခံစားရဘဲ ရှိသမျှ အကုသိုလ်ကံတို့၏ဒဏ်ကို ခံကြရသောကြောင့် ပြေးရလွှားရ၊ ပုန်းရ၊ လျှိုးရ၊ စားချင်တာ မစားရ၊ ချစ်သူနှင့်ကွဲရ၊ အချို့သေလောက်သည့်ရောဂါ မဟုတ်ဘဲ သင့်လျော်သောဆေးနှင့် ကုပေးမည့်ဆရာမရှိသောကြောင့် သေရသည့်တိုင်အောင် ဒုက္ခရောက်ကြရပေသည်။

ပယောဂသမ္ပတ္တိ

သတိ၊ ဉာဏ်တို့ဦးဆောင်သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယကို "ပယောဂ"ဟုခေါ်၏။ ဉာဏ်ဆိုသော်လည်း အပြစ်ကင်းသောအရာ၌

ပါသော အရည်အချင်းသာမက၊ အကုသိုလ်ဆိုင်ရာတွင်ပါသော ဝဋ္ဋနာ ပညာနှင့် အကြံကောင်းသော ဝိတက်များကိုလည်း ဉာဏ်ဟုပင်ဆိုလိုသည်။ ထို့ကြောင့် အရာရာတို့၌ သတိရှိခြင်း၊ လိမ္မာပါးနပ်ခြင်း၊ လုံ့လဝီရိယကောင်း ၍ သွက်သွက် လက်လက်၊ ထထကြွကြွရှိခြင်းတို့သည် ပယောဂသမ္ပတ္တိ ချည်းပင်တည်း။ တစ်နည်းအားဖြင့်ဆိုသော် ပယောဂသမ္ပတ္တိဆိုသည်မှာ ယခုဘဝ၌ ကြိုးစားအားထုတ်လုပ်ကိုင်သော ပစ္စုပ္ပန်ကံပင်ဖြစ်သည်။

နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ပယောဂသမ္ပတ္တိအတွက် မထင်ရှား သော်လည်း ဤလူ့ပြည်၌မူ ပယောဂသမ္ပတ္တိအကျိုးထင်ရှား၏။ ယခု လူ တို့၌ အကျိုးမပေးရလျှင် မနေနိုင်အောင် ကြီးကျယ်သော အကုသိုလ်ကံရှိသူ နည်းပါး၏။ အတော်အတန် ထက်သန်သောကံများကား ပယောဂသမ္ပတ္တိ ရှိ–မရှိကို လိုက်၍အကျိုးပေး၏။ အချုပ်ကား ယခုဘဝ၌ကောင်းကျိုးရဖို့ အရေးမှာ ရှေးကံတစ်ခုတည်းကိုသာ အားမကိုးသင့်၊ ယခုဘဝ၌ ကြိုးစားပြု လုပ်သော ပယောဂဆိုသည့် ပစ္စုပ္ပန်ကံကိုလည်း အားကိုးရမည်။ ပယောဂ သမ္ပတ္တိကား ရှေးက ကုသိုလ်ကံတို့ အကျိုးပေးခွင့်သာအောင် ရေလာမြောင်း ပေးပြုလုပ်ခြင်းနှင့်တူ၏။

ထို့ကြောင့် ရတ်တရက် ထိပေါက်ခြင်း၊ ရွှေအိုးတွေ့ခြင်းမျိုးမှ တစ်ပါး ကူးသန်းရောင်းဝယ်ခြင်း စသည်တို့ကြောင့် ကောင်းကျိုးခံစားရရာ၌ အကျိုးတစ်ကျပ်သားလျှင် ရှေ့ကံ၏သတ္တိမှာ တစ်မတ်သားလောက်သာ ပါဝင်၍ ယခုဘဝ၌ သတိ၊ ဉာဏ်တို့ဦးဆောင်သော ဝီရိယတည်းဟူသော ပယောဂသမ္ပတ္တိက သုံးမတ်သားလောက် ပါရှိကြောင်း ကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများ မိန့်ကြားထား၏။ ကျေးရူးရှင် မန်လည် ဆရာ တော်ဘုရားကြီးကလည်း "ကံဟု မူလ၊ သမ္ဘဒ္ဒတို့၊ ဟောပြသည်မှာ၊ အရင်း သာရှင့်၊ ဥစ္စာဘောဂ၊ ဓိဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည်း" ဟု ကျမ်းဂန်နှင့်အညီ မိန့်ဆိုတော်မူထားပေသည်။

ပယောဂသမ္ပတ္တိနှင့် အကုသိုလ်ကံ

အကုသိုလ်ကံများသည် အလွန်အပြစ်ကြီးလေးသော (ဂရု)ကံ၊ အပြစ်သိပ်မကြီးသော (ဝါ) အပြစ်ပေါ့သော (လဟု)ကံဟု နှစ်မျိုးရှိ၏။ အကျိုးမပေးရလျှင် မနေနိုင်လောက်အောင် အပြစ်ကြီးလေးသောကံကို ပယောဂသမ္ပတ္တိဖြင့် မတားဆီးနိုင်၊ သို့သော် သက်သာအောင်တော့ တတ်စွမ်းနိုင်ပါ၏။ အဇာတသတ်မင်းသည် ခမည်းတော်ကို သတ်ခြင်းဟူသော အလွန်အပြစ်ကြီးလေးလှသည့် ဂရုကံကြီးကိုပြုမိ၏။ ထိုကံကြောင့် မုချ အဝီစိသို့ကျရတော့မည်သာဖြစ်၏။ ပယောဂသမ္ပတ္တိက မည်မျှလောက်ပင်ကောင်းသော်လည်း လုံးဝလွတ်လပ်ခွင့်မရနိုင်။

သို့ရာတွင် ခမည်းတော် မရှိသောအခါရောက်မှ နောင်တ,ရ၍ ဘုရားရှင်ကို သူမတူအောင်ကြည်ညိုသော ပယောဂသမ္ပတ္တိကြောင့် အဝီစိငရဲကြီး၌မကျဘဲ အဝီစိငရဲ၏အခြံအရံဖြစ်သော ဥဿဒငရဲ၌ကျသဖြင့် သက်သာခွင့်ရသွား၏။ ဤသာဓကဖြင့် အလွန်အပြစ်ကြီးလေးသော အကုသိုလ်ကံများကိုပင် ပယောဂသမ္ပတ္တိက သက်သာအောင် တတ်နိုင်သေး၏ဟု မှတ်သားရန်ဖြစ်သည်။

ထိုမျှလောက် အပြစ်မကြီးမားသော အကုသိုလ်ကံများကိုမူ ပယောဂသမ္ပတ္တိက လုံးဝအကျိုးမပေးအောင် တားဆီးနိုင်သည်။ မိဘကို ဆဲရေးခြင်း၊ ဆရာသမားကို အပြစ်ပြောခြင်း၊ လူကြီးများကို ဆဲရေးခြင်း၊ သီလ, သမာဓိ, ပညာဂုဏ်ကြီးမားသူတို့ကို ကဲ့ရဲ့ခြင်း၊ ပြစ်မှားခြင်း၊ အရိယာပုဂ္ဂိုလ်ကိုကဲ့ရဲ့ခြင်း စသည်တို့သည် အတော်အတန်အပြစ်ကြီးသော အကုသိုလ်ကံများပင် ဖြစ်လေသည်။ သို့သော် အပြစ်တို့ကိုကြောက်၍ သတိရကာ ပြစ်မှားခံရသူ(ရှိသေးလျှင်) ထိုသူ့ထံသွား၍ဖြစ်စေ၊ ထိုသူ မရှိတော့လျှင် ထိုသူ၏သင်္ချိုင်းသို့သွား၍ဖြစ်စေ၊ ထိုကဲ့သို့ မသွားနိုင်ပါလျှင် ဘန်မာနကို လျှော့၍ တကယ့်စေတနာဖြင့် အဝေးမှ ဖြစ်စေ တောင်းပန်ဝန်ချလျှင်

(ထိုဝန်ချမှု ပယောဂသမ္ပတ္တိကြောင့်) ထိုအကုသိုလ်ကံများ အကျိုးမပေးနိုင်တော့ချေ။

ထို့အတူပင် အခြားသော အကုသိုလ်ကံကလေးများစွာလည်း ကုသိုလ်ကံအားကြီးလျှင် ပ,ပျောက်ကြရသည်။ ဘုရားရှင်၏ပညတ်တော်ကို လွန်ကျူး၍ အာပတ်သင့်သော ရဟန်းတော်များမှာလည်း ဘုရားရှင်အမိန့်တော်အတိုင်း ကုစားလျှင် အချို့အာပတ်၏မကောင်းကျိုးများ ပြေပျောက်၏။ ဤသို့ စသည်ဖြင့် အတော်အတန်ကြီးမားသော အကုသိုလ်ကံများပင် ပယောဂသမ္ပတ္တိဖြင့် (ဝါ) ကုသိုလ်အမျိုးမျိုးပြုခြင်းဖြင့် တားဆီးက အကျိုးပေးခွင့်မရတော့ဘဲ ပြေပျောက်ကြရသည်။

## စီးပွားရေးနှင့် ပယောဂသမ္ပတ္တိ

အနောက်တိုင်းသား နိုင်ငံခြားသားတို့သန္တာန်၌ ရှေးရှေးဘဝတို့က ပြုလုပ်ခဲ့သော ကုသိုလ်ကံများ အနည်းနှင့်အများ ကေန်ပါရှိကြ၏။ သူတို့၏ သတိ၊ ဝီရိယနှင့် အလိမ္မာဉာဏ်ထက်သန်ပုံမှာလည်း ချီးမွမ်းစရာ အလွန်ကောင်း၏။ ဤမြန်မာနိုင်ငံသို့လာ၍ စီးပွားရှာကြသော လူမျိုးခြားတို့သည်လည်း အလွန်သတိကောင်းကြ၏။ လုံ့လဝီရိယမှာ ပြောစရာမရှိ၊ လိမ္မာပါးနပ်မှုကား ပြိုင်စံရှားပင်။ စီးပွားရှာ၍ကောင်းမည့်အရပ်ဒေသ (ပတိရူပဒေသ)ကို ရွေးချယ်တတ်ခြင်းမှာလည်း ထိုသူတို့အသိဉာဏ်တည်း။ ထိုမျှလောက် ပယောဂသမ္ပတ္တိရှိနေရကား သူတို့သန္တာန်၌ ရှေးရှေးဘဝကပါလာခဲ့သော ကုသိုလ်ကံများသည် အကျိုးပေးရန် ကေန်အခွင့်သာသောကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့် ပြည့်စုံကြရခြင်းဖြစ်သည်။

နတ်တို့ပြည်မှာပင် ဘုမ္မစိုးနတ်မှစ၍ နိမ္မာနရတိ နတ်ပြည်အထိက, ဝီရိယနှစ်မျိုးလုံးကိုမှီ၍ အသက်မွေးမြူကြရသည့် ဥဋ္ဌာနဖလဇီဝိ၊ ပုညဖလဇီဝိဘုံတို့ဖြစ်ကြသည်။ ထို့ကြောင့် ကုသိုလ်ကံအစွမ်းဖြင့် သိကြားမင်း

စံရာ တာဝတိံသာနတ်ပြည်သို့ ရောက်သွားစေကာမူ အားထုတ်ကြိုးစားမှု ဝီရိယဟူသော ပယောဂနှင့်ကင်း၍ မနေနိုင်ကြချေ။ တစ်ချိန်က သိကြားမင်းသည် အသူရာတို့နှင့်စစ်ဖြစ်ကြခိုက်တွင် စစ်တိုက်ထွက်ဖို့ရန် အကြိမ်ကြိမ်စေခိုင်း၍မရ။ ပျင်းရိနေကြသည့် သားတော်နှစ်ယောက်တို့ကို "အို–ချစ်သားသုဝီရ၊ သုနေတ္တတို့၊ အကြင်ဒေသ၌ လုံ့လဝီရိယနှင့်ကင်း၍ ချမ်းသာသုခကို ရ၏၊ ထိုအရပ်သို့ကြွကြပါကုန်၊ သင်တို့ဖခင် ငါသိကြားမင်း အရှင်ကိုလည်း ထိုအရပ်ဌာနသို့ ပို့ဆောင်ကြပါကုန်"ဟု အခါခါ ဆုံးမဖူးကြောင်း သံယုတ်ပါဠိတော်၌တွေ့ရ၏။

ထိုသို့ လုံ့လဝီရိယဟူသော ပယောဂနှင့်ကင်း၍ ချမ်းသာသုခကို မရနိုင်ကြသည့်အတွက် ရံဖန်ရံခါ တရားတော်ကို နာကြားဖို့ရန် အားလပ်ချိန်ကိုရှာ၍ တရားနာလာကြကုန်သော သိကြားမင်း၊ စာတုမဟာရာဇ်နတ်မင်းကြီးတို့သည် စိတ်ချလက်ချ ကြာရှည်လေးမြင့်စွာ တရားတော်ကို နာကြားနိုင်ကြသည် မဟုတ်ဘဲ ကြားနာသင့်သောတရားစကားများကို လျှောက်ထားကြားနာပြီးသောအခါ "အရှင်ဘုရား၊ တပည့်တော်များမှာ ပြုဖွယ်ရာကိစ္စတွေများလှ၍ သွားပါရစေဦးဘုရား" (ဂစ္ဆာမ မယံ ဘန္တေ ဗဟုကိစ္စာ ဗဟုကရဏီယာ)ဟု လျှောက်ထားပြန်သွားကြရပေသည်။ ဤသို့နတ်ပြည်၌ဖြစ်ကြသော နတ်တို့သည်ပင် ဝီရိယနှင့်ကင်း၍ ချမ်းသာသုခကို မရနိုင်ကြရကား လူသားတို့မှာ ဝီရိယခေါ် ပယောဂမဖက် ကံသက်သက်ဖြင့် ချမ်းသာသုခကိုရဖို့ရန် အလွန်ခဲယဉ်းလှပေသည်။

မဟာဓနသူဌေးသားဝတ္ထု

ရှေးကုသိုလ်ကံထောက်မ၍ သူဌေး သူကြွယ်ကြီးအဖြစ်ကို ရငြားသော်လည်း လုံ့လဝီရိယရှိမှုဟူသော ပယောဂသမ္ပတ္တိမှကင်းခဲ့ပါလျှင် မိမိတို့ ရရှိထားသော သူဌေးကြီး၊ သူကြွယ်ကြီးဘဝမှာ ကြာရှည်စွာ မရပ်

တည်နိုင်ဘဲ သူဆင်းရဲဘဝသို့ ကျရောက်ကြရမည့် ကောန်ဖြစ်၏။ ထင်ရှား စေဦးအံ့–ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဗာရာဏသီပြည်၌ မဟာဓနမည်သော သူဌေးသားရှိ၏။ မိမိဘက်မှ ကုဋေ ၈၀၊ ဇနီးသည်ဘက်မှ ကုဋေ ၈၀ အားဖြင့် ကုဋေ ၁၆၀ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ၏။ ထိုသူဌေး သားသည် ပထမအရွယ်၌ ပယောဂသမ္ပတ္တိရှိ၍ ပစ္စည်းဥစ္စာကို ရှာမှီးစု ဆောင်းနိုင်လျှင် ပထမတန်းစားသူဌေးကြီးဖြစ်နိုင်သော ရေးကံရှိ၏။ ဒုတိယ အရွယ်၌ လုံ့လပယောဂဖြင့် ပစ္စည်းဥစ္စာကို ရှာမှီးစုဆောင်းလျှင် ဒုတိယတန်း စား သူဌေးကြီးဖြစ်နိုင်သောကံ ရှိ၏။ ထို့အတူ တတိယအရွယ်၌ လုံ့လ ပယောဂဖြင့် ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းလျှင် တတိယတန်းစား သူဌေးကြီး ဖြစ်နိုင်သောကံ ရှိ၏။

အကယ်၍ ဘုရားသာသနာ၌ ရဟန်းပြုကြ၍ ပထမအရွယ်မှာ တရားအားထုတ်ကြလျှင် သူဌေးကြီးမှာ ရဟန္တာ၊ သူဌေးကတော်ကြီးမှာ အနာဂါမ်ဖြစ်ထိုက်သော ပါရမီရှိကြ၏။ ဒုတိယအရွယ်တွင် အားထုတ်ကြပါ က သူဌေးကြီးမှာ အနာဂါမ်၊ သူဌေးကတော်ကြီးမှာ သကဒါဂါမ်ဖြစ်ထိုက် သော ပါရမီရှိကြ၏။ တတိယအရွယ်တွင် အားထုတ်ကြပါက သူဌေးကြီးမှာ သကဒါဂါမ်၊ သူဌေးကတော်ကြီးမှာ သောတာပန်ဖြစ်ထိုက်သော ပါရမီ ရှိကြ၏။

ဤသို့ လောကီ–လောကုတ္တရာ နှစ်ဌာနလုံးမှာ ရေးကံပါရမီများ ပါရှိကြသော်ငြားလည်း ပယောဂသမ္ပတ္တိ ချို့တဲ့ခဲ့ကြ၍ ကုသိုလ်ကံများ အကျိုးပေးခွင့်မရကြသဖြင့် ရှိဆဲ ရွှေငွေအသပြာကုဋေ ၁၆၀ လုံး ကုန်ဆုံးပြီး နောက်ပိုင်းတွင် ခွက်လက်စွဲကာ လှည့်လည်တောင်းရမ်း စားသောက်ရ သော သူတောင်းစားဘဝသို့ ရောက်သွားကြရကြောင်း ဘုရားရှင်ဟော ကြားထားရာ ကံကိုချည်းသာ အားကိုးကြသူများ သတိထားစရာ ကောင်းလှ ပေသည်။

ပယောဂသမ္ပတ္တိနှင့် ကျန်းမာရေး

လူသားတို့၌ ကျန်းမာဖို့ကုသိုလ်ကံနှင့် မကျန်းမာမှုကို ဖြစ်စေတတ်သော အကုသိုလ်ကံတို့ ထိုက်တန်သလို ပါရှိကြမြဲဖြစ်၏။ အသွားအလာ၊ အစား အသောက်၊ အနေအထိုင် စသည်တို့၌ "အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်" ဟူသော ရှေးဟောင်းစကားကို လိုက်နာသောအားဖြင့် အရာရာဝယ် မသင့်လျော်သည်တို့ကို သတိထား၍ ရှောင်ရှားခြင်း၊ မှန်မှန်အိပ်၊ မှန်မှန်စား၊ မှန်မှန်ရေချိုး၊ မှန်မှန်လမ်းလျှောက် စသည်ဖြင့် အချိန်မှန်မှန်ပြုဖို့ရန် မပျင်းမရိ လုံ့လရှိခြင်း၊ ဘယ်ဥတုမှာ ဘယ်အစာသင့်၏။ ဘယ်အချိန် ရေချိုးသင့်၏။ ဘယ်ဆေးကို စားသင့်၏။ တစ်နေ့လျှင် အနည်းဆုံး ၆ နာရီ အိပ်သင့်၏။ ကျန်းမာရေးကို မည်သို့လေ့လာသင့်၏။ ဤသို့ စသည်ဖြင့် တတ်သိသည့်အတိုင်း ပြုလုပ်မှုသည် ကျန်းမာဖို့ရန် လမ်းမှန်သော ပယောဂသမ္ပတ္တိများတည်း။ ဤပယောဂသမ္ပတ္တိရှိသူတို့၌ ကျန်းမာဖို့ရန် ပါလာသောကုသိုလ်ကံလည်း အကျိုးပေးရန် အခွင့်သာလေသည်။

ဤသို့ စသည်ဖြင့် ပယောဂသမ္ပတ္တိသည် ကုသိုလ်ကံ အကျိုးပေးဖို့ရန် အချုပ်အခြာဖြစ်ရကား ပယောဂသမ္ပတ္တိရှိသူသည် ပညာလည်းတတ်နိုင်၏။ ဥစ္စာလည်းရှိနိုင်၏။ အိမ်ထောင်ဖက်ကောင်းလည်း ရနိုင်၏။ မိတ်ဆွေကောင်းလည်း ပေါ၏။ ဆရာသမားကောင်းကိုလည်း တွေ့နိုင်၏။ ပညာ၊ ဥစ္စာ၊ ရာထူး ဂုဏ်သိန်၊ စည်းစိမ်များလည်း တိုးတက်နိုင်၏။ နောက်နောင်ဘဝတို့၌ နိဗ္ဗာန်ရသည့်တိုင်အောင် တန်းမြင့်ဖို့ရန် ယခုဘဝကပင် အခြေခံပါရမီများကို ရရှိနိုင်ပေသည်။

ပယောဂဝိပတ္တိ

ဝီရိယကင်း၍ ပျင်းရိမှုသည် ပယောဂဝိပတ္တိဖြစ်၏။ ဉာဏ်နှင့်

သတိတို့သည် ဝီရိယ၏ဦးဆောင်တရားများဖြစ်၍ ဉာဏ်ပညာကင်း၍ ဖျင်း၊ အ၊ ထိုင်းမှိုင်းမှု၊ သတိကင်းပေ့၊ မေ့လျော့မှုတို့သည်လည်း ပယောဂဝိပတ္တိတွင် ပါဝင်၏။ အမှန်ဆိုရသော် ဤ၌ ပယောဂဟူသော ကြိုးစားအားထုတ်မှု ဝီရိယသည် ပစ္စုပ္ပန်ကံပင်ဖြစ်သည်။ ထိုပစ္စုပ္ပန်ကံသည် တစ်ခါတစ်ရံ မိမိကိုယ်တိုင် အကျိုးပေးတတ်၏။ များသောအားဖြင့် အတိတ်ကံကို အားဖြည့်ပေးတတ်ကြ၏။ အတိတ်ကံ အကျိုးပေးဖြစ်အောင် မီးတောက်လေကူ၊ ရေလာမြောင်းပေး လုပ်ပေးတတ်ကြသည်။ ဖော်ပြပါ မဟာဓနသူဌေးသား ဝတ္ထု၌ လောကီကျိုး၊ လောကုတ္တရာကျိုးများကို ပေးနိုင်သောကုသိုလ်ကံကြီးများရှိနေသော်လည်း ပစ္စည်းဥစ္စာ တိုးပွားအောင် ကြိုးစားမှု၊ တရားဘာဝနာအားထုတ်မှုဟူသော ပစ္စုပ္ပန်ကံချို့တဲ့၍ ပယောဂဝိပတ္တိဖြစ်နေသောကြောင့် ကုသိုလ်ကံများအခွင့်မသာဘဲ အကုသိုလ်ကံကသာ အကျိုးဝင်ပေး၍ ဆင်းဆင်းရဲရဲ သူတောင်းစားဘဝ ရောက်ကြရ၏။

အချုပ်အားဖြင့်ဆိုသော် အလွန်ကြီးကျယ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံများမှတစ်ပါး များစွာသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ရမှု၊ မရမှုမှာ ပယောဂအပေါ်၌အခြေခံစိုက်လျက်ရှိရကား ပယောဂသမ္ပတ္တိ အမြဲရှိနေသူများ၌ ကံဇာတာနိမ့်ခိုက်ပင်ဖြစ်စေကာမူ အကုသိုလ်ကံအခွင့်မရ၍ ကုသိုလ်ကံတွေသာ အခွင့်ရကြပေသည်။ ပယောဂဝိပတ္တိရှိနေသူ၌ကား ကံဇာတာမြင့်ခိုက်၌ "ခွေးရူးကောင်းစား တစ်မွန်းတည့်" ဆိုသကဲ့သို့ ကောင်းစားစေကာမူ တစ်နေ့တွင် အကုသိုလ်ကံက အခွင့်သာ၍ ဆင်းရဲနွံချာသောဘဝသို့ နိမ့်ကျရမည်ဖြစ်သည်။ ဤ၌ ပယောဂဝိပတ္တိဖြစ်နေသည့် အတွက် အကုသိုလ်ကံအခွင့်သာ၍ ဆင်းရဲပျက်စီးနေသူတို့ကို မိမိတို့ပတ်ဝန်းကျင်မှာပင် ပုံပြင်ဝတ္ထုပမာ တွေ့မြင်နိုင်ကြပါသည်။

## အခန်း ( ၄ )
# ကံဖြစ်ကြောင်းများ သတိထား

ကံဆိုသည်မှာ ဆိုခဲ့သည့်အတိုင်း ကုသိုလ်ကံ၊ အကုသိုလ်ကံဟု နှစ်မျိုးရှိ၏။ ထိုတွင် ကုသိုလ်ကံများသည် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော မူလအခြေခံတရားများနှင့် ၎င်းတို့၏မိတ်ဖက်အုပ်စုဝင်တရားများ ကြောင့် ဖြစ်ပေါ်လာသည်။ ထို့အတူ အကုသိုလ်ကံများသည်လည်း လောဘ၊ ဒေါသ၊ မောဟ ဟူသော မူလအခြေခံတရားများနှင့် ၎င်းတို့၏ မိတ်ဖက်အုပ်စုဝင် တရားများကြောင့် ဖြစ်ပေါ်လာသည်။

ကုသိုလ်ကံဖြစ်ကြောင်း သုံးပါးတွင် အလောဘကား မလိုချင်မှု သဘော၊ မတွယ်တာမှုသဘောတည်း။ အဒေါသမှာ မခက်ထန်မကြမ်း တမ်းသည့်သဘော၊ အမျက်မထွက်သည့် သဘောဖြစ်၏။ အမောဟမှာမှု အသိအလိမ္မာ ဉာဏ်ပညာတရားဖြစ်သည်။

ထိုတွင် မလိုချင်၊ မတွယ်တာမှု သဘောရှိသော အလောဘဖြင့် ပြုလုပ်အားထုတ်အပ်သော အမှု(ကံ) သည် အလောဘကြောင့်ဖြစ်ပေါ်လာရ ခြင်းဖြစ်၏။ အလောဘလျှင် အကြောင်းရင်းရှိ၏။ ထိုကံသည် ကုသိုလ်ဖြစ် ၏။ အပြစ်မရှိ၊ ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်၏။ သံသရာဝဋ်ဒုက္ခဖြစ်ခြင်း သဘောမရှိ။ အဒေါသ၊ အမောဟတို့ဖြင့် ပြုလုပ်အားထုတ်သော ကုသိုလ်ကံ တို့၌လည်း အလောဘအတိုင်းဖြစ်သည်ဟု တိကအင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမ

နိဒါနသုတ်၌ ဟောထား၏။

## ကုသိုလ်အုပ်စုဝင် တရားများ

ကုသိုလ်ဖြစ်ကြောင်း၌ အလောဘ၊ အဒေါသ၊ အမောဟ သုံးပါးကို အခြေခံမူလဖြစ်၍ ပဓာနနည်းအားဖြင့် ဟောကြားထားခြင်းဖြစ်ရာ အခြားကုသိုလ်ဖြစ်ကြောင်းတရားများလည်း ရှိသေး၏။ ထိုတရားများကား–

သဒ္ဓါ=ရတနာသုံးပါး၊ ကံ, ကံ၏အကျိုးကို ယုံကြည်မှု၊ သတိ=ကုသိုလ်တရားတို့ကို အောက်မေ့မှု၊ အမှတ်ရမှု၊ ဟိရီ=မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ ဩတ္တပ္ပ=မကောင်းမှုပြုရမည်ကို ကြောက်ခြင်း၊ မေတ္တာ=သတ္တဝါတို့၏အကျိုးစီးပွားကို လိုလားချစ်ခင်ခြင်း (အဒေါသ၌အကျုံးဝင်၏။)

ကရုဏာ=ဒုက္ခိတသတ္တဝါကိုတွေ့လျှင် ဆင်းရဲမှုကယ်ဆယ်လိုခြင်း၊ မုဒိတာ=ပြည့်စုံချမ်းသာသည့် သတ္တဝါကိုတွေ့လျှင် ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ=မမုန်း၊ မချစ်၊ လျစ်လျူရှုခြင်း၊ မကောင်းလည်း သူ့ကံ၊ ကောင်းလည်းသူ့ကံဟု ကမ္မကာ=စိတ်ချထားခြင်း၊ သမ္မာဝါစာ=ဝစီဒုစရိုက်လေးပါးမှ ကောင်းစွာရှောင်ကြဉ်ခြင်း၊ သမ္မာကမ္မန္တ=ကာယဒုစရိုက်သုံးပါးမှ ကောင်းစွာရှောင်ကြဉ်ခြင်း၊ သမ္မာအာဇီဝ=ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့နှင့်ကင်း၍ အသက်မွေးဝမ်းကျောင်းပြုခြင်း၊ ဒါန=ပေးကမ်းခြင်း၊ သီလ=၅ ပါး၊ ၈ ပါးစသော သီလဆောက်တည်ခြင်း၊ သမထဘာဝနာ=ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ ပွားများခြင်းစသည်၊ ဝိပဿနာဘာဝနာ=ရုပ်နာမ်တရားတို့ကို အနိစ္စ စသည်ဖြင့် ရှုမှတ်ပွားများခြင်း၊ အပစာယန=အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ရိုသေခြင်း၊ ဝေယျာဝစ္စ=ကောင်းမှုပြုရာ၌ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း၊ ပတ္တိဒါန=မိမိ၏ကောင်းမှုအဖို့ကို အမျှပေးဝေခြင်း၊ ပတ္တာနုမောဒန=သူတစ်ပါး ပေးဝေသောကုသိုလ်ကို သာဓုခေါ်ခြင်း၊ ဓမ္မဿဝန=တရားနာခြင်း၊ ဓမ္မဒေသနာ–လာဘ်မမျှော်ဘဲ တရား

ဟောခြင်း၊ စာချခြင်း၊ သင်တန်းပြခြင်း စသည်တို့ဖြစ်သည်။ ဤတရားများ ဖြစ်ပေါ်လာသည့်အခါ ကုသိုလ်စိတ်ပါဖြစ်လာသည်။ ထို့ကြောင့် ဤတရား တို့သည် ကုသိုလ်ကံဖြစ်ကြောင်းတရားများ ဖြစ်ကြသည်။

အကုသိုလ်ကံဖြစ်ကြောင်းတရားများ

အကုသိုလ်ကံဖြစ်ကြောင်းတရား သုံးပါးတို့တွင် လောဘကား လိုချင်မှုသဘော၊ တွယ်တာမှုသဘောတည်း။ ဒေါသမှာ ခက်ထန်ကြမ်း တမ်းသည့် သဘော၊ အမျက်ထွက် စိတ်ဆိုးသည့်သဘောဖြစ်၏။ မောဟမှာ မှု အာရုံကိုမသိအောင် ဖုံးလွှမ်းခြင်းသဘော၊ မသိခြင်း၊ တွေဝေခြင်း သဘော တရားဖြစ်သည်။

ထိုတွင် လိုချင်တပ်မက်တွယ်တာမှုသဘောရှိသော လောဘဖြင့် ပြုလုပ်အားထုတ်အပ်သော အမှုကံသည် လောဘကြောင့်ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ လောဘလျှင် အကြောင်းရင်းရှိ၏။ ထိုကံသည် အကုသိုလ်ဖြစ် ၏။ အပြစ်ရှိ၏။ ဆင်းရဲဒုက္ခ အကျိုးကိုပေး၏။ သံသရာဝဋ်၌ လည်စေ တတ်သောကံဖြစ်၏။ ထိုကံသည် သံသရာဝဋ်ချုပ်ခြင်းငှာ မဖြစ်။ ဒေါသ မောဟတို့ဖြင့် ပြုလုပ်အပ်သော အကုသိုလ်ကံတို့၌လည်း လောဘအတိုင်း ပင်ဖြစ်ပေသည်။

အကုသိုလ်အုပ်စုဝင် တရားများ

အကုသိုလ်ကံဖြစ်ကြောင်း၌ လောဘ၊ မောဟ၊ ဒေါသတရား သုံးပါးတို့ကိုသာ မူလအခြေခံများဖြစ်၍ ပဓာနနည်းအားဖြင့် ဟောကြားထား ခြင်းဖြစ်ရာ အခြားအကုသိုလ်ဖြစ်ကြောင်းတရားများလည်း ရှိကြသေး၏။ ထိုတရားများကား–

အဟိရိက=အကုသိုလ်မှုကိုပြုရန် မရှက်ခြင်းသဘော၊ အနောတ္တပ္ပ

=အကုသိုလ်မှုကိုပြုရန် မကြောက်ခြင်းသဘော၊ ဥဒ္ဓစ္စ=စိတ် မတည်မငြိမ် ပျံ့လွင့်ခြင်းသဘော၊ မာယာ=မိမိမှာရှိသောအပြစ်ကို မရှိသလို ဟန်ဆောင်တတ်၊ ဖုံးကွယ်တတ်သောသဘော (လောဘအုပ်စု)၊ သာဌေယျ= သူများအထင်ကြီးအောင် မိမိမှာမရှိသောဂုဏ်ကို ရှိဟန်ဆောင်တတ်သောသဘော (လောဘ)၊ ဒိဋ္ဌိ=မှားသောအယူ အမြင်၊ မာန=ဘဝင်မြင့်တတ်သူအလားထောင်လွှားတက်ကြွ မိမိကိုယ်ကို အထင်ကြီးသည့်သဘော၊ မက္ခ=သူ့ကျေးဇူးကို ချေဖျက်တတ်၊ ကျေးဇူးကန်းတတ်သောသဘော(ဒေါသ)၊ ပဠာသ=မိမိထက် အမှန်သာနေသူအား ဂုဏ်တု ဂုဏ်ပြိုင်ပြုတတ်သောဒေါသတစ်မျိုး၊ သောက=ပျက်စီးဆုံးရှုံး၍ ဝမ်းနည်းပူဆွေးခြင်းသဘော၊ ပရိဒေဝ=ငိုကြွေးခြင်းသဘော၊ ဒုက္ခ=ကိုယ်ဆင်းရဲခြင်းသဘော၊ ဒေါမနဿ=စိတ်ဆင်းရဲခြင်းသဘော၊ ဥပါယာသ=လွန်မင်းစွာ စိတ်ကိုပူပန်စေတတ်သော ဒေါသ၊ ဣဿာ=မနာလိုခြင်း၊ ငြူစူခြင်းသဘော၊ အတ္တုက္ကံသန=မိမိကိုယ်ကို မြှောက်၍ မြှောက်၍ ပြောဆိုရေးသားခြင်း(လောဘ+မာန)၊ ပရဝမ္ဘန=သူတစ်ပါးတို့ကို ရှုတ်ချပြစ်တင်၍ပြောဆိုရေးသားခြင်း (ဣဿာ+ဒေါသ)၊ မစ္ဆရိယ=မပေးရက်၊ ဝန်တိုခြင်းသဘော၊ သူတစ်ပါးအား မရစေခြင်းသဘော၊ ကုက္ကုစ္စ=ဒုစရိုက်ကိုပြုမိတာ မှားလေခြင်း၊ သုစရိုက်ကိုမပြုမိတာ မှားလေခြင်းဟု နောင်တတစ်ဖန် ပူပန်ခြင်း သဘော၊ ထိန=စိတ်ထိုင်းမှိုင်းဖြစ်ခြင်း၊ မတက်ကြွခြင်းသဘော၊ မိဒ္ဓ=စိတ်စေတသိက် ထိုင်းမှိုင်းဖြစ်ခြင်း၊ အိပ်ငိုက်ခြင်းသဘော၊ ဝိစိကိစ္ဆာ=ရတနာသုံးပါး စသည်တို့၌ ယုံမှားသံသယဖြစ်ခြင်း၊ စိတ်ချလက်ချ မယုံကြည်သောသဘော စသည်တို့ဖြစ်သည်။ ဤတရားများဖြစ်ပေါ်လာသည့်အခါ အကုသိုလ်စိတ်ပါဖြစ်လာသည်။ ထို့ကြောင့် ဤတရားဆိုးတို့သည် အကုသိုလ်ကံဖြစ်ကြောင်းတရားများ ဖြစ်ကြသည်။ ဤအကုသိုလ်ကံဖြစ်ကြောင်း မကောင်းသောတရားဆိုးများဖြစ်ပေါ်နေကြပုံကို သူသူကိုယ်ကိုယ် သန္တာန်၌ အလွယ်ပင်တွေ့မြင်နေရ

သည်။ ထိုတရားဆိုးများ သောင်းကျန်းလျက်ရှိသောကြောင့် ဘစ်ကမ္ဘာလုံး ငြိမ်းချမ်းမှုမရှိဘဲ ဒုက္ခအဖုံဖုံကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေကြရသည်။ "ပါပသ္မိံ ရမတိ မနော" ဘုရားဟောအတိုင်း သာမန်လူသား ပုထုဇဉ်များ၏ စိတ်သည် မကောင်းမှု၌မွေ့လျော်တတ်သည့် သဘာဝရှိသည်မဟုတ်ပါ လော။

ဤသို့ဆိုသဖြင့် ဘုရားဟောကိုးကားပြီး မကောင်းမှုတို့ကို လွန်ကျူးကြရန် အားပေးစကားပြောကြားနေခြင်းမဟုတ်ပါ။ စိတ်၏သဘာဝကို သိထားပါက ကောင်းသည့်စိတ်များမွေးမြူရန် သတိထားနိုင်၊ ပြုပြင်နိုင်သည့် အတွက် ဤတရားတော်ကို ကိုးကားဖော်ပြခြင်းဖြစ်သည်။ ဤနေရာ၌ စိတ်ဆိုး၊ စိတ်မကောင်းများကို စိတ်ကောင်း၊ စိတ်မွန်များဖြစ်အောင် ပြုပြင်နည်းကို ဖော်ပြပါမည်။

## ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်

ဤကမ္ဘာကြီးကိုကြည့်လျှင် ကမ္ဘာလူသားအားလုံးတို့သည် ရုပ်ခန္ဓာကြီးကို အထူးပြင်ဆင်နေကြသည်ကို တွေ့နေရ၏။ နံနက်မိုးလင်းလာသည်နှင့် တစ်ပြိုင်နက် မိမိတို့မျက်နှာရုပ်ကို ဆေးကြောသုတ်သင်ကြရ၏။ ခန္ဓာကိုယ် အညစ်အကြေးကင်းစင်အောင် ရေချိုးပေးကြရ၏။ ဦးခေါင်းပိုင်းကို နည်းအမျိုးမျိုးဖြင့် ဖြီးလိမ်းပြင်ဆင်၍ လျောက်ပတ်သောအဝတ်အစားများကို ဝတ်ဆင်ကြရသည်။ ဤသို့ စသည်ဖြင့် နေ့စဉ်နှင့်အမျှ ဤခန္ဓာကိုယ်ရုပ်ကြီးကို ပြုပြင်သဖြင့် ကြည့်မကောင်းသူ အရုပ်ဆိုးသူများ ကြည့်ကောင်းလာ၏။ အနည်းငယ်လှသူများ အတော်အတန်လှပလာ၏။ အတော်အတန်လှပချောမောသူတို့ ပို၍လှပချောမောလာကြ၏။

တစ်ဖန် ရုပ်ခန္ဓာကြီးကျန်းမာအောင် လေ့ကျင့်ခန်းကို လုပ်ရ၏။ လမ်းလျှောက်ပေးရ၏။ လေကောင်းလေသန့် ရှူရှိုက်ရ၏။ သင့်လျော်သော

အစာအဟာရ ဆေးဝါးများစားရ၏။ မကျန်းမမာသောအခါ နားလည်ကျွမ်းကျင်သော ဆရာများနှင့်ကုသ,ရ၏။ ဤသို့ပြုပြင်ပေးသဖြင့် ခန္ဓာကိုယ်မှာ ကျန်းမာခံ့ကျန်းလျက် ရှိနေကြရပေသည်။ ဤသည်တို့မှာ ကမ္ဘာလူသားတို့ နေ့စဉ်နှင့်အမျှ ဤရုပ်ကြီးကို ပြုပြင်နေကြရပုံဖြစ်သည်။ ပြုပြင်၍လည်း ရတန်သလောက် ရသည်မှာလည်း ထင်ရှားသည်။

ဆက်၍ဆိုပါဦးမည်။ တောဥ့်မွေး၍ တောသွေး တောရုပ်ပါလာသော တောသူ တောသားသည် မြို့ကြီးပြကြီးသို့ လာရောက်နေထိုင်သည့်အခါ မြို့ကြီးသူတို့၏ဝတ်ပုံ၊ ပြင်ဆင်ပုံ၊ စားပုံ၊ နေပုံတို့ကို အားလုံးအတုယူ၍ ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးကိုပါ လိုက်စားပြုပြင်လိုက်လျှင် မကြာခင် ရုပ်တစ်သွေးတစ်မွေးပြောင်းကာ တစ်နှစ်၊ နှစ်နှစ်လောက်ကြာလျှင် ရေးကတွေ့နေကျလူအများပင် အထင်မှားလောက်အောင် ရုပ်အသွင်ပြောင်းလဲသွားလေ့ရှိ၏။ ဤသို့ အပြောင်းအလဲနှေးသဖြင့် အပြင်ခက်သည့် ရုပ်အဆင်းသည်ပင် ပြင်တတ်သူ၊ ပြင်ချင်၍ ပြင်ဆင်နေလိုက်က တစ်မျိုးတစ်ဖုံပြောင်းလဲနိုင်သေး၏။ အပြောင်းအလဲအလွန်မြန်၍ အင်မတန်ပြုပြင်လွယ်သောစိတ်ကို တကယ်ပြင်လိုလျှင် အဘယ်မှာပြင်မရဘဲ ရှိမည်နည်း။ နေ့စဉ်နှင့်အမျှ မိမိစိတ်ဖြစ်ပုံကို သတိထား၍ မတော်မတရား အကုသိုလ်စိတ်ထားများကို နှိပ်နင်းထိန်းသိမ်းသွားပါလျှင် မကြာခင် စိတ်ကောင်းရှိသူဖြစ်ကာ ၂–နှစ်၊ ၃–နှစ်လောက်ကြာသောအခါ ကိုယ့်စိတ်ကိုယ်ပင် ကြည်ညိုချင်လာပေလိမ့်မည်။ ဤအဘိဓမ္မာ အဋ္ဌကထာကြီးလာ စိတ်ပြုပြင်နည်းကို ဆက်လက်ဖတ်ရှုပါဦး။

စိတ်ကောင်းအောင်၊ တော်အောင် ပြုပြင်နည်းများ

သံသရာတစ်လျှောက်လုံး မကောင်းအာရုံနှင့် မကောင်းမှုမျိုးစုံတို့၌သာ မွေ့လျော်ပျော်ပိုက် အာရုံစိုက်ခဲ့သည့် စိတ်ကြမ်း၊ စိတ်ရိုင်း၊ စိတ်မိုက်တို့

ကောင်းအာရုံနှင့် ကောင်းမှုမျိုးစုံတို့ဘက်သို့ အလှည့်အပြောင်းပြုလုပ်ပေးရာ၌ အမှန်အားဖြင့် သမထဘာဝနာ ပွားများခြင်း၊ ဝိပဿနာဘာဝနာ ပွားများခြင်းတို့ဖြင့် စိတ်ကောင်းစိတ်မွန်ဖြစ်အောင် ပြုပြင်နိုင်ပါ၏။

သို့သော် သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာလုပ်ငန်းဖြစ်သည့် ကမ္မဋ္ဌာန်းအလုပ်ကို အချိန်ယူ၍ အားမထုတ်နိုင်ကြသေးသည့် ပုဂ္ဂိုလ်များအဖို့ စိတ်မိုက်များကို စိတ်ကောင်း၊ စိတ်လိမ္မာဖြစ်အောင် ထိန်းသိမ်းပြုပြင်ဖို့ လိုသေး၏။ နည်းလမ်းလည်း ရှိ၏။ ထိုနည်းမှာ ကျမ်းဂန်လာအတိုင်း လေးနည်းရှိ၏။ ထို လေးနည်းမှာ –

၁။ စိတ်ကို သတ်မှတ်ဆုံးဖြတ်ထားသောနည်း (နိယမိတ)။
၂။ ကုသိုလ်ဘက်၌ အလေ့အကျင့်များစေသောနည်း(သမုဒါစာရ)။
၃။ စိတ်ကို တစ်ဖက်သို့ ပြောင်းလဲပေးညွှတ်သောနည်း(ပရိဏာမိတ)။
၄။ သင့်တော်အောင် နှလုံးသွင်းနည်း (အာဘုဇိတ)တို့ဖြစ်ပေသည်။

ဤနည်းများမှာ အဋ္ဌသာလိနီခေါ် အဘိဓမ္မာအဋ္ဌကထာကြီး၌ လမ်းညွှန်ထားသည့်နည်းများဖြစ်သည်။

## နိယမိတ

ထိုနည်းလေးနည်းအနက် "စိတ်ကို သတ်မှတ်ဆုံးဖြတ်ထားသောနည်း" ဆိုသည်မှာ "ငါသည် ကုသိုလ်ဖြစ်မည့် အကြံမျိုးကိုသာကြံမည်၊ ကုသိုလ်ဖြစ်မည့် အပြောအဆိုမျိုးကိုသာ ပြောဆိုမည်၊ ကုသိုလ်ဖြစ်မည့် အလုပ်အကိုင်မျိုးကိုသာ လုပ်ကိုင်မည်၊ ဒွါရ ၆–ပါး၌ ကုသိုလ်စိတ်ကိုသာ ဖြစ်စေမည်၊ ကုသိုလ်ဖြစ်အောင် အမြဲသတိပြုမည်၊ မည်သည့်အရာ၌မဆို စိတ်မဆိုးဘဲ သည်းခံမည်၊ မကောင်းသည့်အကြံမျိုးကို မကြံမိအောင် ထိန်းသိမ်းမည်" စသည်ဖြင့် မိမိစိတ်နှလုံးကို ဆုံးဖြတ်သတ်မှတ် ကန့်သတ်ထားသောနည်းဖြစ်သည်။

ဤသို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်သတ်မှတ် ကန့်သတ်ထားပြီးသော သူသည် မိမိကန့်သတ် သတ်မှတ်ချက်အတိုင်း ပြည့်စုံစေရန် အကုသိုလ်ဖြစ်မည့်အာရုံများကို များသောအားဖြင့် မမျှော်လင့်ဘဲ ရှိတတ်သည်။ ထိုအာရုံမျိုးနှင့် မလွဲမရှောင်သာတွေ့ရသော်လည်း ထိုအာရုံ၌ အကုသိုလ်ဖြစ်လောက်အောင် အလေးမပြုဘဲရှိတတ်သည်။ ကုသိုလ်နှင့်စပ်၍သာ စိတ်ကူးကြံစည်မိတတ်ပေသည်။

ဥပမာ–ဒါနပြုရန် စိတ်အားထက်သန်စွာ ကြံစည်နေသောသူအား သင့်လျော်သော အဖိုးတန်ပစ္စည်းကိုရလျှင် မိမိသုံးဆောင်ခံစားရန် စိတ်မကူးမိဘဲ လှူမည်ဟုကြံစည်သောစိတ်ကူးက ရှေးဦးစွာဖြစ်ပေါ်လာ တတ်သကဲ့သို့ပင်ဖြစ်သည်။ ဒေါသဖြစ်ရာ အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံရစေကာမူလည်း သည်းခံမည်ဟု ကန့်သတ်ထားသည့်အတိုင်း စိတ်မဆိုးဘဲ သည်းခံနိုင်တတ်ပေသည်။ ဤကား စိတ်ကို သတ်မှတ်ဆုံးဖြတ် ကန့်သတ်ထားသော နည်းဖြင့် စိတ်ကောင်း၊ စိတ်မှန်ဖြစ်အောင် ထိန်းသိမ်းပြုပြင်ခြင်းဖြစ်သည်။

သမုဒါစာရ

စိတ်ကို တစ်ဖက်သို့ညွှတ်ပေးသောနည်းကား ဝိသဘာဂ အာရုံစသည်တို့နှင့်တွေ့၍ အကုသိုလ်စိတ်ပေါ်မိသည်နှင့်တစ်ပြိုင်နက် ချက်ချင်းထိုစိတ်ကို ကုသိုလ်စိတ်ဘက်သို့ ညွှတ်ပေး၊ ပြောင်းလဲပေးသောနည်းဖြစ်သည်။ ဥပမာအားဖြင့် နှစ်သက်စရာ ဖို မ စသော ဆန့်ကျင်ဘက်ဝိသဘာဂ အာရုံတို့နှင့်တွေ့ကြုံ၍ ကိလေသာစိတ်ဖြစ်ပေါ်လာလျှင် အမိ အဘ အရွယ်ရှိပါက အမိရင်း၊ အဘရင်းကဲ့သို့ လည်းကောင်း၊ မောင်အရွယ်၊ အစ်ကိုအရွယ်၊ ညီမအရွယ်၊ အစ်မအရွယ်ရှိပါက မောင်အရင်း၊ အစ်ကိုအရင်း၊ ညီမအရင်း၊ အစ်မအရင်း၊ သားအရင်း၊ သမီးအရင်းကဲ့သို့လည်းကောင်း၊ ဆွေမျိုးအရင်းကဲ့သို့ အောက်မေ့ပြီးလျှင် သူ၏ဆင်းရဲတို့ကို မျှော်တွေး၍ သနားခြင်း၊

ကရုဏာအစစ်၊ ချမ်းသာစေလိုခြင်း မေတ္တာအစစ်တို့ကို ဖြစ်စေရမည်။

တစ်နည်းအားဖြင့် ထိုအမျိုးသား၊ အမျိုးသမီးတို့၏ သန္တာန်၌ရှိသော မျက်ရည်၊ မျက်ချေး၊ နှပ်၊ တံတွေး၊ ချွဲ၊ သလိပ်၊ ကျင်ကြီး၊ ကျင်ငယ်စသော စက်ဆုပ်ဖွယ်တို့ကိုသာကွက်၍ အဖန်ဖန်နှလုံးသွင်းလျက် အသုဘသညာကို ဖြစ်စေရမည်။ ထို့ပြင် ဝိသဘာဂအာရုံကို ပယ်ဖျောက်၍ မိမိ၏ ဒါနမှု၊ သီလမှုတို့ကို ပြန်လည်အောက်မေ့ခြင်း၊ စာပေကို စဉ်းစားခြင်း၊ မေးခြင်း၊ ပြောဟောခြင်း၊ ရွတ်ဖတ်ခြင်း၊ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်တို့ကို ပြုခြင်း စသည်တို့ဖြင့်လည်း ကုသိုလ်စိတ်အဖြစ်သို့ ပြောင်းလဲပေးရမည်။

ပရိဏာမိတ

ကုသိုလ်စိတ်ဘက်၌ အလေ့အကျက်များစေသောနည်းကား မိမိ၏စိတ်ကို ကုသိုလ်စိတ်ဘက်၌သာ အကြိမ်များစွာ အဖြစ်များအောင်ပြုလုပ် လေ့ကျင့်ထားသောနည်းဖြစ်သည်။ နေ့စဉ်ဝတ်ထား၍ အနည်းဆုံး နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားရှိခိုးခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းတို့ကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါနုဿတိစသော အနုဿတိ ဘာဝနာ တို့ကို ပွားများခြင်း၊ မေတ္တာဘာဝနာကို အချိန်ရသရွေ့ပွားများခြင်း၊ ပရိတ် တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလတို့ကို မကျိုးမပေါက်ရအောင် သတိဖြင့်ဆောက်တည်ခြင်း၊ ဥပုသ်နေ့ တိုင်း ၈-ပါးသီလ၊ ၉-ပါးသီလ တစ်မျိုးမျိုးကို ဆောက်တည်ခြင်း၊ တံမြက် လှဲခြင်း၊ ဘုရားသောက်ရေအိုး၊ လူများ သောက်ရေအိုးများကို ရေဖြည့်ခြင်း စသည်ဖြင့် အိမ်၏ဝေယျာဝစ္စကို ဆောင်ရွက်ခြင်း၊ မိမိထက်ကြီးသူ မိဘစသူ ထို့၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေးခြင်း၊ ရပ်ကျိုးရွာကျိုးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးခြင်း၊ ညအိပ်ခါနီးတိုင်း မိမိဆောက်တည်ထားသော သီလ၏ စင်ကြယ်ပုံကို ပြန်လည်အာရုံပြုသောအားဖြင့် သီလာနုဿတိဘာဝနာ

ကုသိုလ်ဖြစ်စေခြင်း၊ ရှေးရှေးကလျှဒါန်းခဲ့သည့် ဒါနကုသိုလ်များကို ပြန်လည် အောက်မေ့ ဝမ်းသာသောအားဖြင့် စာဂါနုဿတိ ဘာဝနာကိုဖြစ်စေခြင်း၊ မကြာမကြာ ဒါနကုသိုလ်များကို ပြုလုပ်ခြင်း စသည်တို့ဖြစ်ပါသည်။

ဤသို့ မနေမနား ကုသိုလ်တရားများကို အားထုတ်နေသူအား အကုသိုလ်စိတ်များ ဖြစ်ပေါ်ခွင့်မရဘဲ ဒွါရ ၆–ပါး၌ အများအားဖြင့် ကုသိုလ်စိတ်သာဖြစ်ပေါ်တတ်ပေသည်။ ဤနည်းကား မူလကပင် ကုသိုလ်ကို လေ့ကျက်မှုများထားသဖြင့် စိတ်သည် အကုသိုလ်ဘက်သို့ အရောက်နည်းပြီး အလေ့အကျက်များရာဘက်သို့သာ အရောက်များသောနည်းဖြစ်သည်။

အာဘုဇိတ

သင့်တော်အောင် နှလုံးသွင်းနည်းဟူသည် နှစ်သက်ဖွယ်ကောင်းသော ဣဋ္ဌာရုံနှင့်ဖြစ်စေ၊ မနှစ်သက်ဖွယ် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အနိဋ္ဌာရုံနှင့်ဖြစ်စေ တွေ့ကြုံကြရသည့်အခါတွင် သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောနည်းဖြစ်သည်။ ထိုသင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းကို ပါဠိလို "ယောနိသော မနသိကာရ" ဟု ဗုဒ္ဓမြတ်စွာ ဟောကြားထားတော်မူ၏။

ဥပမာ–အပြစ်မရှိဘဲ သူတစ်ပါးတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရလျှင် "သူမသိရာ၍ ကဲ့ရဲ့ခြင်းဖြစ်သည်၊ ထင်တိုင်းပြောဆိုတတ်ခြင်းမှာ မစောင့်စည်းသောသူ ဘို့၏ ဓမ္မတာပင်ဖြစ်သည်။ အကယ်၍သာ အမှန်အတိုင်းသိသွားပါက ကဲ့ရဲ့ပြစ်မှားမိသည့်အတွက် သူ့မှာ အများကြီးစိတ်မကောင်းဖြစ်ရှာပေလိမ့်မည်၊ ငါ အခုကဲ့ရဲ့ခံရသည်မှာလည်း တစ်ခါက အပြစ်မရှိသူကို ကဲ့ရဲ့ဖူး၍ဖြစ်ပေလိမ့်မည်၊ ဝဋ်ကြွေးရှိသည့်အတွက် စိတ်နာဖွယ်မရှိပေ" စသည်ဖြင့် သင့်တော်အောင် နှလုံးသွင်းရမည်။

တစ်နည်းအားဖြင့် ကဲ့ရဲ့ခြင်းသည် လူတိုင်းနှင့်သက်ဆိုင်သော

လောကဓံတရားဖြစ်သည်။ ဘုရားရှင်သော်မှ တွေ့ကြုံရသေး၏။ ငါ့မှာ အဘယ်ကြောင့် မတွေ့ကြုံဘဲနေမည်နည်း။ ဤလောကဓံတရားနှင့်တွေ့၍ စိတ်ဖောက်ပြန်ခြင်းမှာလည်း လူအများနှင့်သက်ဆိုင်၏။ သည်းခံခြင်းမှာမူ မြင့်မြတ်သော သူတော်ကောင်းတို့နှင့်သာ ဆိုင်၏။ ငါသည် မြင့်မြတ်သော သူတော်ကောင်းတို့၏လမ်းကိုသာ လိုက်မည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဆုံးမတော်မူသည်မှာ "လူဆိုးများက မိမိကို လွှဖြင့်တိုက်ဖြတ်သော်လည်း ထိုလူဆိုးများကို စိတ်မဆိုးရဘူးတဲ့၊ စိတ်ဆိုးခဲ့လျှင် ဘုရား၏အဆုံးအမကို မနာခံသူဖြစ်သွားမယ်။ ဤကဲ့သို့ ကဲ့ရဲ့မှုသည် လွှဖြင့်တိုက်ဖြတ်ခြင်းထက် များစွာခံသာပါသေး၏။ ဘာကြောင့် ဘုရား၏အဆုံးအမကို မနာခံဘဲရှိအံ့နည်း" စသည်ဖြင့်လည်း သင့်တော်အောင် နှလုံးသွင်းရမည်။

ထို့ပြင် ကဲ့ရဲ့သူဆိုသည်မှာ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်နှင့် စိတ္တဇရုပ်သာတည်း။ ခန္ဓာငါးပါး၊ ရုပ်နာမ် ၂-ပါးသာတည်း။ ကဲ့ရဲ့တတ်သောပုဂ္ဂိုလ်ဟူ၍ အသီးအခြားမရှိ။ ထိုရုပ်နာမ်တို့သည်လည်း ကဲ့ရဲ့ဆဲမှာပင် ချုပ်ပျက်ကြလေပြီ။ ယခု စိတ်ဆိုးစရာမရှိတော့ပြီ။ ကဲ့ရဲ့သည့် ရုပ်နာမ်များမရှိသည့်နောက်မှ စိတ်ဆိုးနေလျှင် ထိုရုပ်နာမ်တို့၏အကျိုးဆက်ဖြစ်သော ရုပ်နာမ်သစ်များအပေါ်၌သာ ကျရောက်၏။ သို့ဖြစ်၍ အခုမှစိတ်ဆိုးနေလျှင် မိဘများကို မုန်းသည့်အတွက် သူတို့သေဆုံးသွားပြီးမှ သူတို့၏သားမြေးများကို စိတ်ဆိုးနေသည်နှင့်တူတော့မည် စသည်ဖြင့်လည်း သင့်တော်အောင် နှလုံးသွင်းရမည်။

## နှလုံးသွင်းကောင်းပုံနှင့် မကောင်းပုံ

ဤနေရာ သင့်တော်အောင် နှလုံးသွင်းတတ်သဖြင့် ကုသိုလ်ဖြစ်ပုံ၊ မသင့်မတော် နှလုံးသွင်းချော်သဖြင့် အကုသိုလ်ဖြစ်တတ်ပုံတို့ကို ထင်ရှားအောင် ဥပမာတစ်ခု ဆောင်ပြပါဦးမည်။ လောကတွင် သားသမီးများအား

မကောင်းသည့်အပြုအမူ၊ အပြောအဆို၊ အကြံအစည်တို့ကို မကြံမိစေရန် တားမြစ်ဆုံးမသည့်သဘောဖြင့် မကြာခဏ ဆိုဆုံးမလေ့ရှိသည်မှာ မိဘတိုင်း၏ ဓမ္မတာပင်ဖြစ်ပါသည်။

ထိုသို့ မိဘများကပြောဆိုဆုံးမသည့်အခါ "တို့အဖေ၊ အမေတွေဟာ တို့တစ်တွေကို လိမ္မာစေလို၊ ချမ်းသာစေလို၊ ကြီးပွားစေလိုလို့ အပင်ပန်းခံပြီး ပြောဆိုဆုံးမရှာတယ်၊ သူတို့ဟာ သနားစရာလည်းကောင်းတယ်၊ ကျေးဇူးတင်စရာလည်း ကောင်းတယ်၊ တို့တစ်တွေ စားဝတ်နေရေး အဆင်ပြေအောင် အမြဲတစေ ပင်ပန်းကြီးစွာ စီးပွားရှာဖွေနေရတယ်၊ ဒီကြားထဲမှာ တို့အတွက်လိမ္မာအောင် မကြာခဏ ဆုံးမစကားပြောကြားရသေးတယ်၊ မိဘတာဝန် ကျေပွန်ကြပါပေတယ်၊ မေတ္တာတရား ကြီးမားရှာကြတယ်၊ တို့အပေါ်မှာ သူတို့ရဲ့ လုပ်ဆောင်ချက်အားလုံးဟာ တို့ကောင်းစားရေးကို ဦးတည်ပြီး လုပ်တာချည်းပဲ" စသည်ဖြင့် သင့်တော်မှန်ကန်အောင် နှလုံးသွင်းတတ်လျှင် ထိုသားသမီးများ စိတ်အစဉ်ကွင် ကုသိုလ်စိတ်များ ခဏမခြားဖြစ်ပွားလာပေသည်။

ထိုသို့ နှလုံးမသွင်းဘဲ "ဒီ အဘိုးကြီး အမယ်ကြီးတွေဟာ ခေတ်မမီပါဘူး၊ ဒီခေတ်ကို သူတို့ ငယ်ငယ်တုန်းက ခေတ်လိုသဘောထားပြီး သားသမီးတွေကို နေရာတကာမှာ ချုပ်ချယ်ချင်ကြတယ်၊ တစ်နေ့တစ်နေ့ ဒီဓာတ်ပြားဟောင်းကြီးပဲ ထပ်ဖွင့်နေတာပဲ၊ သိပ်နားငြီးစရာကောင်းတဲ့ အဘိုးကြီး အမယ်ကြီးတွေပဲ" ဟု မသင့်မလျော် နှလုံးသွင်းချော်ခဲ့ပါလျှင် ထိုသားသမီးများသန္တာန်မှာ တစ်ခဏချင်း ဒေါသဦးဆောင်သည့် အကုသိုလ်စိတ်များ ဆက်တိုက်ဖြစ်ပွားလာမည်မှာ ဧကန်အမှန်ဖြစ်ပေသည်။ ဤသည်မှာ နှလုံးသွင်းကောင်းသဖြင့် ကုသိုလ်ဖြစ်ပုံနှင့် မသင့်မလျော် နှလုံးသွင်းချော်သဖြင့် အကုသိုလ်ဖြစ်ပုံ လက်တွေ့သာဓကဖြစ်သည်။

ဤသို့ သင့်တော်အောင် နှလုံးသွင်းခြင်းဟူသော "ယောနိသော

မနသိကာရသည် " ကုသိုလ်စိတ်ကို ဖြစ်ပွားစေကြောင်း နည်းကောင်းနည်းမှန်တစ်ခု ဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားက ဧကကအင်္ဂုတ္တိုရ် ပါဠိတော် ဝီရိယာရမ္ဘာဒိဝဂ်၌ . . .

"ရဟန်းတို့၊ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ဆုတ်ယုတ်ကုန်၏။ ရဟန်းတို့ သင့်လျော်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းသည် များစွာအကျိုးရှိ၏ "ဟု ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

ဤသည်တို့ကား အရာရာ၌ ကုသိုလ်တရားများဖြစ်ပွားအောင် (ဝါ) ဗုဒ္ဓနည်းကျ နေတတ်၊ ထိုင်တတ်အောင် စိတ်ကို ထိန်းသိမ်းပြုပြင်နည်းများဖြစ်သည်။ ထိုစိတ်ပြုပြင်နည်းလေးနည်းကို အလွယ်တကူမှတ်သားရန် လင်္ကာမှာ-

"အာရုံလွှေ့လွှေ့၊ မျိုးစုံတွေ့လည်း၊ မမေ့စေအပ်၊ ကုသိုလ်မြတ်၌၊ သတ်မှတ်၍ထား၊ ညွှတ်စေငြားလည်း၊ ရှေ့ဖျားဆက်ဆက်၊ ကုသိုလ်ဘက်၌၊ လေ့ကျင့်များသဖြင့်၊ အဆင့်ဆင့်သာ၊ အသင့်မနော၊ ယောနိသောကြောင့်၊ ကောင်းသောဣဋ္ဌ၊ တွေ့ကြုံရလည်း၊ လောဘမဖြစ်၊ ကုသိုလ်ဖြစ်သည်၊ စင်စစ် သူမြတ်သဘောတည်း" **(တောင်မြို့ မဟာဂန္ဓာရုံဆရာတော်)**

လင်္ကာ

၁။ နေ့စဉ်နေ့စဉ်၊ ကိုယ့်ရုပ်သွင်ကို၊
ပြင်ဆင်နေကြ၊ လှအောင်ပ။
၂။ ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊
ပြင်ဆင်ကိုင်းရ၊ နည်းမှန်ကျ။

အခန်း ( ၅ )

# ကံတူအကျိုးပေးပုံ နှစ်မျိုး

ကံတူအကျိုးပေးခြင်းသည် အကြောင်းအားလျော်စွာ နှစ်မျိုးနှစ်စား ရှိ၏။ ပထမအမျိုးမှာ ကံကို စိတ်တူကိုယ်တူပြုခဲ့ကြသဖြင့် နောင်အခါ အတူ အကျိုးခံစားရခြင်းမျိုးဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ကုသိုလ်ကံအရာ၌ ဖြစ်စေ၊ အကုသိုလ်ကံအရာ၌ဖြစ်စေ ပြုလုပ်သောကံနှင့် အလားတူသော အကျိုးကို ပေးခြင်းမျိုးဖြစ်သည်။

## ကုသိုလ်ကံတူ အကျိုးပေးပုံ

ပထမအမျိုးအစား၌ ကုသိုလ်ကံတူ အကျိုးပေးပုံကို ရှေးဦးစွာဖော်ပြပါမည်။ ဇာတ်တော်များ၌ ကံတူအကျိုးပေးပုံများ များစွာလာရှိပေသည်။ ရှေးရှေးက စိတ်တူသဘောတူ အတူပြုခဲ့ကြသောကံတို့သည် နောင်အခါ၌လည်းအတူ အကျိုးပေးတတ်ကြပါ၏။ ဒါန အတူပြုကြခြင်း၊ သီလအတူ ဆောက်တည်ကြခြင်း၊ အတူပြုခွင့်မရသည့်အခါ၌လည်း တစ်ယောက်ပြုနေသည်ကို တစ်ယောက်က သဘောကျခြင်း၊ အိမ်ရှင်လင်ယောကျ်ားက ပစ္စည်းရှာလာ၍ အိမ်သူက ထိုပစ္စည်းဖြင့်ကုသိုလ်ပြုသည်ကို ဝမ်းမြောက်ခြင်း စသော ကုသိုလ်များကို "ကံတူ" ဟုခေါ်ပေသည်။

ထိုကဲ့သို့ ကံတူပြုရာ၌ ပညာရှိသူတော်ကောင်းချင်းဖြစ်လျှင် တစ်ယောက်စကား တစ်ယောက်နားထောင်ကာ မခွဲမခွာနေလိုသော သမ္မာဆန္ဒဖြင့် တစ်ယောက်နှင့်တစ်ယောက် ငဲ့ညှာသောတဏှာဆန္ဒများလည်း ကုသိုလ်ကံ၏ ရှေ့အဖို့နောက်အဖို့မှာ မကင်းဘဲရှိတတ်၏။ ထိုကုသိုလ်ကံအကျိုးပေးသောအခါ သမ္မာဆန္ဒ၊ တဏှာဆန္ဒအလိုကျအောင် ထိုသူနှစ်ယောက်တို့ တွေ့ဆုံရတတ်၏။ အတူအကျိုးခံစားရတတ်ကြ၏။ ဤသို့ဖြစ်ပုံမျိုးကို "ကံတူ အကျိုးပေး"ဟုခေါ်ပေသည်။

ထိုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ငဲ့ညှာမှုဆန္ဒပြင်းပြလှသော ကုသိုလ်ရှင်တို့သည် သံသရာထဲ၌ ပါရမီဖြည့်ဖက်အဖြစ်ဖြင့် ကျင်လည်ကာ တပျော်တပါး အလောင်းတော်များဖြစ်ရပုံကိုလည်း ဘုရားရှင်နှင့် ယသောဓရာ မိဖုရား၊ ရှင်မဟာကဿပနှင့် မယ်ဘဒ္ဒါ၊ မဟာကပ္ပိနမင်းနှင့် အနောဇာမိဖုရားတို့အပြင် မကင်းရာမကင်းကြောင်းဖြစ်၍ ပါလာကြသော ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်အနုရုဒ္ဓါ၊ ရှင်ရာဟုလာ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ မိထွေးတော်ဂေါတမီ၊ သုဒ္ဓေါဒန မဟာရာဇာတို့၏ ဝတ္ထုအကြောင်းများဖြင့် ကောင်းကောင်းကြီး ယုံကြည်သင့်ကြပေသည်။

## အကုသိုလ်ကံတူ အကျိုးပေးပုံ

အကုသိုလ်ကံအရာမှာလည်း စိတ်တူသဘောတူပြုလျှင် ကံတူအကျိုးပေးပင် ဖြစ်၏။ ရှေးအခါက ဇနီးမောင်နှံနှစ်ဦးတို့သည် လှေပျက်၍ လူမရှိသော ကျွန်းငယ်တစ်ခုသို့ရောက်သွားသတဲ့။ ထိုကျွန်း၌ အစာမရကြသဖြင့် ငှက်ကလေးများကို သတ်၍စားကြရ၏။ ထိုမကောင်းမှုအတွက် ငရဲကျပြီးနောက် ဘုရားရှင်လက်ထက်၌ ဥတေနမင်း၏သားတော် ဗောဓိမင်းသားနှင့် မိဖုရားဖြစ်လာကြသည်။ ရှေးက ငှက်ကလေးများကို စိတ်တူသဘောတူ သတ်စားမိခဲ့သော အကုသိုလ်ကံကြောင့် သားသမီးလုံးဝမရှိဘဲရှိ

လေသည်။

ငှက်ကလေးများကို သတ်စားစဉ်က မိန်းမကသဘောမတူခဲ့လျှင် မိန်းမအတွက် သားသမီးရထိုက်၏။ ယောကျ်ားက သဘောမကျလျှင်လည်း ယောကျ်ားအတွက် သားသမီးရထိုက်၏။ ထိုဇနီးမောင်နှံနှစ်ယောက်တို့မှာမူ စိတ်တူကိုယ်တူ သတ်ခဲ့ကြသောကြောင့် လုံးဝသားသမီးမရနိုင်ဘဲ ရှိလေ၏။ ဤသို့ စသည်ဖြင့် စိတ်တူ ကိုယ်တူပြုခဲ့ကြသော အကုသိုလ်ကံများ၏ ကုသိုလ်ကံမှာကဲ့သို့ ကံတူအကျိုးပေးတတ်ပုံသဘောကို သတိထား၍ တစ်ယောက်က အကုသိုလ်မှုကိုပြုသည့်အခါ တစ်ယောက်က သဘောမတူဘဲ တားမြစ်ရန် အထူးသတိပြုသင့်ကြပေသည်။

ကုသိုလ်ကံ အရာ၌ဖြစ်စေ၊ အကုသိုလ်ကံ အရာ၌ဖြစ်စေ ခင်ပွန်းသည်က ပြုသည်ကို ဇနီးဖြစ်သူက သဘောမတူလျှင် ဇနီးသည်မှာ ကုသိုလ် မရ၊ သို့မဟုတ် အကုသိုလ်မဖြစ်၊ ထို့အတူ ဇနီးက ပြုသည်ကို ခင်ပွန်းဖြစ်သူ က သဘောမတူလျှင် ခင်ပွန်းဖြစ်သူမှာ ကုသိုလ်မရ၊ သို့မဟုတ် အကုသိုလ် မဖြစ်ပါချေ။ ထို့ကြောင့် မဃဒေဝလင်္ကာသစ် အပိုဒ် ၂၈၉ ၌-

"အကုသိုလ်နှင့်ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ။ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး" ဟု မဃလုလင်နှင့်မယားသူဇာတို့၏ဇာတ်ဝတ္ထုကို သာဓကပြု၍ ကံ၏သဘောတရားကို အထင်အရှားပြဆိုထားခြင်းဖြစ်ပေသည်။ ဒသက အင်္ဂုတ္တိုရ်ပါဠိတော်၊ သာမညဝဂ်၌ "ဒုစရိုက်ဆယ်ပါးတွင် တစ်ပါးပါး၌ဖြစ်စေ၊ သုစရိုက်ဆယ်ပါးတွင် တစ်ပါးပါး၌ဖြစ်စေ ကိုယ်တိုင်ပြုခြင်း၊ သူတစ်ပါးကို ပြုရန်တိုက်တွန်းခြင်း၊ သူများပြုလုပ်မှုကို ချီးမွမ်းခြင်း၊ သူများပြုလုပ်သည်ကို သဘောတူခြင်းအားဖြင့် ကံပေါင်း လေးဆယ်စီဖြစ်သည်"ဟု ဟောတော်မူထားချက်နှင့်လည်း ညီညွတ်၏။ (ကိုယ်တိုင် တိုက်

တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန့်မှု၊ မှတ်ယူလေးဆယ်ကံ)။

ဒုတိယအမျိုးအစား

မိမိပြုလုပ်သောကံနှင့်တူသော အကျိုးပေးပုံမှာ အကုသိုလ်ကံအရာ၌ သူတစ်ပါးအသက်ကိုသတ်သူမှာ ဖြစ်ရာဘဝ၌ သူများအသတ်ခံရ၏။ အသက်တို၏။ သူများဥစ္စာခိုးသူမှာ ဖြစ်ရာဘဝ၌ ပစ္စည်းဥစ္စာမဲ့၏။ လက်ရှိပစ္စည်းများမှာ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးရ၏။ ကာမဂုဏ်တရားတို့၌ မှားသောအကျင့်ကို ကျင့်သူမှာ ဖြစ်ရာဘဝ၌ ရန်သူများ၏။ မိန်းမ၊ သို့မဟုတ် ပဏ္ဍုက်ဖြစ်ရ၏။ လိမ်လည်လှည့်ဖျား မုသားစကားပြောသောသူမှာ ဖြစ်ရာဘဝ၌ သူတစ်ပါးတို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုကိုခံရ၏။ စကားမပီ သွားမညီဖြစ်တတ်၏။ အရက်သေစာ သောက်စားသူမှာ ဖြစ်လေရာဘဝ၌ အရူးအနှမ်းဖြစ်တတ်၏။ မေ့လျော့မှုများ၏။ ဤသည်မှာ ကံနှင့်တူသော ပဝတ္တိအကျိုးများကို ပေးပုံဖြစ်၏။ (ပဋိသန္ဓေအကျိုးမှာ ကံအားလုံးပင် အပါယ်ဘုံများသို့ ရောက်စေတတ်ကြပေသည်)

ကုသိုလ်ကံအရာ၌ သူ့အသက်သတ်မှုကို ရှောင်ကြဉ်သူမှာ ဖြစ်လေရာဘဝ၌ အသက်ရှည်၏စသည်ဖြင့် ကျန်ကံများ၌အထက်ဖော်ပြပါ အပြစ်များမှာ ပြောင်းပြန်ဖြစ်သော ပဝတ္တိအကျိုးများဖြစ်နိုင်ကြောင်းကို သိမှတ်ရာ၏။ (ပဋိသန္ဓေကျိုးမှာ ကုသိုလ်ကံအားလုံး နတ်ပြည်လူ့ပြည်သို့ ရောက်စေတတ်ကြပေသည်။) "သီလဖက်တော့ အသက်ရှည်" ဆိုသည်မှာ ငါးပါးသီလတွင်ပါဝင်သော သူ့အသက်သတ်မှု ပါဏာတိပါတကံမှ ရှောင်ကြဉ်ခြင်းသည် အဓိကဖြစ်၏။ မှန်၏။ သူတစ်ပါးအသက် သက်တမ်းမစေ့မီ သေသွားရသည့်အတွက် အသက်တိုသွားရ၏။ ထိုနည်းတူစွာ သတ်သူမှာလည်း သူပြုလိုက်သည့် ပါဏာတိပါတကံနည်းတူ ဖြစ်လေရာဘဝများ၌ သူတစ်ပါးအသတ်ကို ခံရ၏။ အသက်တိုရ၏။ ဤသည်ကိုပင် ကံတူ

အကျိုးပေး ဆိုပေသည်။

အပြန်အားဖြင့် သူ့အသက်သတ်မှု ပါဏာတိပါတကံကို စောင့်ထိန်းလျှင် (ဝါ) ရှောင်ကြဉ်လျှင် သူတစ်ပါးအသက်တိုမှုကို မပြု၊ အသက်ရှည်ခွင့်ကိုသာပြုသောကြောင့် မိမိလည်း ပါဏာတိပါတကံ စောင့်ထိန်းမှုကြောင့် သူတစ်ပါးအသတ်မခံရ၊ အသက်ရှည်ရ၏။ ဤသည်လည်း ကုသိုလ်ကံတူအကျိုးပေးပုံဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်၌ "သူများအသက်၊ သတ်သည့်တွက်၊ အသက်ကိုယ့်မှာတို။ မသတ်ရှောင်ရှား၊ ထိုလူများ၊ ရှည်လျားအသက်ကို" ဟူသော ကံတူအကျိုးပေးပုံ အဓိပ္ပာယ်ရှိသည့် ပါဠိကို ဟောကြားတော်မူထားပေသည်။ ဤသည်မှာ ကာမဝစရကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ကံတူအကျိုးပေးပုံဖြစ်သည်။

ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်ဟူသော မဟဂ္ဂုတ်ကုသိုလ်ကံတို့သည်လည်း ကုသိုလ်ကံနှင့်တူသောအကျိုးကို ပေးတတ်သောသဘောရှိကြ၏။ မှန်၏။ ပထမဈာန်ကိုသာရရှိထားသော ဈာန်ရပုဂ္ဂိုလ်သည်သေဆုံးလျှင် ထိုပထမဈာန်ကုသိုလ်၏ အယုတ်အလတ်အမြတ်အားလျော်စွာ ပထမဈာန်သုံးဘုံတို့တွင် တစ်ဘုံဘုံ၌ဖြစ်ရ၏။ အရူပဈာန်တို့၌လည်း အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကိုရသော ဈာန်ရပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနအရူပ ဗြဟ္မာဘုံ၌ဖြစ်ရ၏။ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်ကိုရသော ဈာန်ရပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတန အရူပဗြဟ္မာဘုံ၌ ဖြစ်ရ၏။ ဤသို့အားဖြင့် ကံတို့၏အကျိုးပေးတူပုံ ကံတူအကျိုးပေးသောတရားနှစ်မျိုးကို မှတ်သားကြရန်ဖြစ်သည်။

## ကုသိုလ်ကံတူ အကျိုးပေးပုံ သာဓကများ

ကုသိုလ်ကံ အကျိုးပေးပုံတို့ကို ဝတ္ထုသာဓကများဖြင့် ဆက်၍ဆို

ပါဦးမည်။ ဗုဒ္ဓမြတ်စွာ မပွင့်ပေါ်လာမီက မဂဓတိုင်း၊ မစလရွာ၌ မဃလုလင် နှင့် သူငယ်ချင်း သုံးကျိပ်သုံးယောက်တို့သည် စိတ်တူကိုယ်တူဖြင့် မစလရွာ ကြီး သာသာယာယာဖြစ်အောင် အမျိုးမျိုးပြုလုပ်ကြသည်။ ရွာလယ်၌ သဲဖြူ ခင်းကြသည်။ ရွာသားများအတွက် မီးလှုံစရာများကို ပြုလုပ်ပေးကြသည် လှည်းများ၊ ရထားများ ဝင်ရိုးနှင့်တိုက်မိနိုင်သည့် သစ်ပင် သစ်ငုတ်များကို ပယ်ခုတ်ရှင်းလင်းခြင်း၊ မညီညွတ်သည့်လမ်းမြေပြင်ကို ညီညွတ်အောင် ပြု လုပ်ပေးခြင်းတို့ဖြင့် လမ်းသန့်ရှင်းရေးကို လုပ်ဆောင်ပေးကြသည်။

လမ်းလေးခွဆုံ၌ အရိပ်ခိုနားနိုင်ရန် ဇရပ်မဏ္ဍပ်တို့ကို ဆောက် လုပ်ပေးကြသည်။ ရေတွင်းရေကန်များကိုလည်း တူးဖော်ကြ၏။ အသွား ခက်သည့် လမ်းခရီးများ၌ တံတားနင်းကြမ်းများကို ခင်းပေးကြ၏။ ဤသို့ နေထွက်မှ နေဝင်သည်အထိ တစ်နေကုန် ရပ်ကျိုးရွာကျိုးများကို ကိုယ်ကျိုး မဖက် စိတ်တူသဘောတူ ဆောင်ရွက်ကြသည်။

ဤသို့ သုံးကျိပ်လေးဦးသော "မဃလုလင်အဖွဲ့သား" တို့သည် တူညီသောကုသိုလ်ဆန္ဒဖြင့် ကုသိုလ်ကောင်းမှုများကို တိုး၍တိုး၍ ပြုလုပ်ကြ ရာ နောက်ဆုံးတွင် လမ်းလေးခွဆုံကြီး၌ ခရီးသွားတို့တည်းခိုရပ်နားနိုင်ရန် အတွက် အပန်းဖြေဇရပ်ကြီးတစ်ဆောင်ကို ဘုရင်ပေးသည့်ဆင်တော်နှင့် လက်သမားဆရာကြီးတို့၏အကူအညီဖြင့် ကြိုးကြိုးစားစား ဆောက်လုပ်ကြ သည်။

ထိုဇရပ်ကြီးဆောက်လုပ်ရာတွင် မဃလုလင်၏ ဒုတိယဇနီး သုဓမ္မာက ပိနံ့တိုင်ကိုပြုလုပ်လှူဒါန်း၏။ နန္ဒမည်သော မဃ၏ဇနီးသည် တစ်ယောက်က ဇရပ်ကြီးနှင့်မနီးမဝေးတွင် ရေကန်ကြီးတူးလှူ၏။ စိတ္တာ မည်သောဇနီးကမူ ဇရပ်ကြီးအနီးတွင် ပန်းဥယျာဉ်ကြီးကို စိုက်ပျိုးလှူဒါန်းပါ သည်။

ထို စိတ်တူ ကိုယ်တူ ရပ်ကျိုးရွာကျိုးဆောင်ပုဂ္ဂိုလ်များ ကွယ်လွန်

သွားကြသည့်အခါ တာဝတိံသာနတ်ပြည်၌ နတ်သားနတ်သမီးများ သွားဖြစ်ကြသည်။ အဖွဲ့ခေါင်းဆောင်ကြီး မဃလုလင်က သိကြားမင်းဖြစ်၍ အဖွဲ့ဝင် သုံးကျိပ်သုံးယောက်တို့မှာ နတ်မင်းကြီး သုံးကျိပ်သုံးပါးဖြစ်လာကြသည်။ မဃလုလင်၏ဇနီးလေးယောက်အနက် သုဓမ္မာ, စိတ္တာ, နန္ဒာ သုံးယောက်တို့မှာ သိကြားမင်း၏ နတ်မိဖုရားကြီးသုံးဦးဖြစ်လာကြသည်။ လက်သမားဆရာကြီး ဝိသကြုံ (ဗိသုကာ) နတ်သားဖြစ်၍ ဆင်တော်ကြီးမှာ ဧရာဝဏ်မည်သော နတ်သားဖြစ်လာသည်။

သုဓမ္မာဇရပ်ကြီးကို ဆောက်လှူခဲ့သောကြောင့် သုဓမ္မာ ဓမ္မာရုံကြီး ဖြစ်လာသည်။ ထို့အတူ နန္ဒရေကန်၊ စိတ္တလတာဥယျာဉ်ကြီးများလည်း ဖြစ်ပေါ်လာသည်။

ဤကဲ့သို့ မဃလုလင်အဖွဲ့ဝင်တို့သည် ကုသိုလ်ကောင်းမှုများကို စိတ်တူကိုယ်တူပြုလုပ်ခဲ့ကြသည့်အလျောက် ထိုကုသိုလ်ကံ၏ အကျိုးအနေဖြင့် တာဝတိံသာနတ်ပြည်၌ အတူတူ နတ်သား နတ်သမီးများဖြစ်ကြရခြင်းကား "ကံတူအကျိုးပေး"ပင် ဖြစ်ပါသည်။

ထို့အတူ မဟာကပ္ပိနမင်းကြီးဝတ္ထု၌လည်း မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည်လည်းကောင်း၊ မိဖုရားကြီး အနောဇာဒေဝီနှင့် အမတ်ကတော် တစ်ထောင်တို့သည်လည်းကောင်း ကဿပဘုရားမပွင့်မီ သာသနာပအခါ၌ ရက်ကန်းသည်တစ်ထောင် ဇနီးမောင်နှံများဖြစ်ကြ၍ ပစ္စေကဗုဒ္ဓါတစ်ထောင်တို့အား စိတ်တူကိုယ်တူ ကျောင်းပေါင်းတစ်ထောင် ဆောက်လုပ်လှူဒါန်း၍ ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ခဲ့ကြသည်။

ထိုကုသိုလ်ကြောင့် ထိုသူတို့သေဆုံးသွားကြသည့်အခါ တာဝတိံသာနတ်ပြည်၌ အစုလိုက် နတ်သား နတ်သမီးများဖြစ်ကြ၏။ ကဿပဘုရားရှင်လက်ထက်တွင် သူကြွယ်အမျိုး၌ဖြစ်ကြ၍ အရွယ်ရောက်ကြသည့်အခါ ရှေးဘဝများစွာကအတိုင်း စုံတွဲဇနီးမောင်နှံများ ဖြစ်လာကြသည်။

ထိုသူကြွယ်တစ်ထောင်တို့သည် သံဃာတော်များသီတင်းသုံးရန် အရံကျောင်းငယ်တစ်ထောင်နှင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရန် ကျယ်ဝန်းသောကျောင်းမကြီးကို စိတ်တူသဘောတူ ဆောက်လုပ်လှူဒါန်းကြ၏။ ကျောင်းရေစက်ချပွဲကြီးကိုလည်း ၇–ရက်ကျင်းပကာ အလှူဒါန ပေးလှူကြ၏။ သံဃာတော်နှစ်ထောင်အားလည်း သင်္ကန်းပေးလှူကြသည်။

ထိုသူကြွယ်ဇနီးမောင်နှံတို့ ကွယ်လွန်ကြသည့်အခါ နတ်ပြည်၌ပင် နတ်သားနတ်သမီးများဖြစ်ကြ၍ ဂေါတမဘုရားရှင် လက်ထက်ရောက်သည့်အခါ သူကြွယ်အကြီးအမှူးသည် ကုက္ကုဋဝတီပြည်၌ မဟာကပ္ပိနမင်းဖြစ်၏။ အကြီးအမှူး သူကြွယ်၏ဇနီးမှာ သာဂလပြည်၌ အနောဇာအမည်ဖြင့် မင်းသမီးဖြစ်၏။ အရွယ်ရောက်သည့်အခါ အနောဇာမင်းသမီးသည် မဟာကပ္ပိနမင်းကြီး၏ မိဖုရားကြီးဖြစ်လာ၏။

သူကြွယ်တစ်ထောင် ဇနီးမောင်နှံတို့က အမတ်တစ်ထောင် ဇနီးမောင်နှံတို့ဖြစ်လာကြ၏။ နောက်ဆုံး၌ မြတ်စွာဘုရား၏တရားတော်ကို နာကြားရသည့်အခါ အားလုံး ရဟန္တာ၊ ရဟန္တာမများ ဖြစ်သွားကြသည်။ ဤသို့ စိတ်တူကိုယ်တူစုပေါင်း၍ပြုခဲ့ကြသည့် ကုသိုလ်ကံသည် အကျိုးခံစားရသည့်အခါ၌လည်း အတူတူ အကျိုးခံစားရခြင်းသဘောရှိပေသည်။

## အကုသိုလ်ကံတူ အကျိုးပေးပုံသာဓကများ

အကုသိုလ်ကံတူ အကျိုးပေးပုံများကိုလည်း ဝတ္ထုသာဓကများဖြင့် ဆက်လက်တင်ပြပါဦးမည်။ ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ နန်းတော်သို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ပါးတို့ အမြဲကြွ၍ ဆွမ်းဘုဉ်းပေးလေ့ရှိကြသတဲ့။ နန်းတွင်းသူ မိန်းမငါးရာတို့က ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်များကို ဆွမ်းကပ်ကြရသည်။ တစ်နေ့တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ခုနစ်ပါးက ဟိမဝန္တာသို့ကြွသွား၍ ကျန်တစ်ပါးမှာ

မြစ်ဆိပ်အနီးက မြက်ချုံပုတ်တစ်ခုထဲဝင်ပြီး စျာန်ဝင်စားနေပါသည်။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ပြန်ကြွသွားသည့်အခါ နန်းတွင်းသူ ငါးရာတို့နှင့်အတူ မြစ်ဆိပ်သို့ ရေကစားထွက်ခဲ့သည်။ နန်းတွင်းသူတို့မှာ တစ်နေလုံးရေကစားရ၍ ချမ်းလှသောကြောင့် မီးလှုံရန် မီးမွှေးဖို့နေရာကို ရှာကြ၏။ နောက်ဆုံးတွင် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ် စျာန်ဝင်စားနေသည့် မြက်ချုံပုတ်ကိုတွေ့ရှိ၍ ထိုမြက်ချုံပုတ်ကို မီးရှို့ကာ ဝိုင်းပြီးမီးလှုံနေကြသည်။ မြက်များကို မီးအနည်းငယ်စွဲလောင်သွားသည့်အခါ မတုန်မလှုပ် ငုတ်တုတ်ထိုင်ပြီး စျာန်ဝင်စားနေသည့် ပစ္စေကဗုဒ္ဓါကို တအံ့တဩ ဖူးမြင်ကြရသည်။

"တို့တော့ မှားကုန်ပြီ၊ ဘုရင်ကြီးကိုးကွယ်တဲ့ အရှင်မြတ်ကို မီးရှို့မိပြီ၊ ဘုရင်ကြီးသိရင် တို့ကိုအပြစ်ဒဏ်ပေးတော့မှာပဲ၊ မထူးတော့ပါဘူး၊ ပြာကျသွားအောင် မီးရှို့ကြစို့"ဟု စိတ်တူကိုယ်တူ သစ်သားကြီးငယ်တို့ကို စုရုံးယူဆောင်ကာ အရှင်မြတ်၏ကိုယ်ပေါ်မှာ စုပုံမီးတိုက်ကြပါသတဲ့။

ထိုနန်းတွင်းသူတို့ ပထမ မီးလှုံဖို့မီးရှို့ခြင်းမှာ သေစေလိုသည့် စေတနာမရှိသည့်အတွက် အကုသိုလ်ကံမဖြစ်သော်လည်း နောက်တစ်ကြိမ် ထပ်ရှို့ကြရာ၌မူ စေတနာပါသောကြောင့် အကုသိုလ်ကံဖြစ်ပါသည်။ စျာန်ဝင်စားသောပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်တို့မှာ စျာန်သမာပတ်အတွင်း၌ မည်သည့်အန္တရာယ်မျှ ကျရောက်ခြင်းမရှိသဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်မှာ ပူရုံမျှပင်မပူပေ။ ခုနစ်ရက်မြောက်သည့်နေ့၌ စျာန်မှထ၍ ချမ်းသာစွာကြွသွားပါသည်။ ထိုအမျိုးသမီးငါးရာတို့မှာ ထိုအကုသိုလ်ကံကြောင့် ငရဲသို့နှစ်ပေါင်းများစွာကျရောက်၍ ဘဝတစ်ရာတိုင် မီးလောင်ခံရပြီး သေဆုံးကြရသည်။ ကြောက်ဖွယ်ကောင်းလေစွ။

ထိုအမျိုးသမီးငါးရာတို့မှာ အကျွန်ုပ်တို့ မြတ်စွာဘုရားသခင်လက်ထက်တော်တွင် ကောသမ္ဗီပြည့်ရှင် ဥတေနဘုရင်၏ မိဖုရားမောင်းမမိဿံ

များ ဖြစ်လာကြသည်။ ထိုနန်းတွင်းသူ အမျိုးသမီးငါးရာ၏ အကြီးအမှူးမှာ ဥတေနဘုရင်၏ မိဖုရားခေါင်ကြီးသုံးဦးအနက် "သာမာဝတီ" ဆိုသည့် အမည်ဖြင့် ပထမ မိဖုရားခေါင်ကြီးဖြစ်သည်။ ကျန်အမျိုးသမီးများမှာ ထို သာမာဝတီ မိဖုရားခေါင်ကြီး၏ အခြွေအရံ မောင်းမမိဿံများ ဖြစ်လာကြ သည်။ သူတို့ အားလုံး ခုဇ္ဇုတ္တရာ ကျွန်မ၏ကျေးဇူးကြောင့် သောတာပန် တည်သည့် ဗုဒ္ဓ၏ သာဝိကာမများဖြစ်ကြသည်။

ထို့ကြောင့် တစ်ချိန်က ဘုရားကို ရန်ငြိုးဖွဲ့ခဲ့သည့် (ဥတေနဘုရင်) ၏ တတိယမိဖုရားခေါင်ကြီးမာဂဏ္ဍီက သူတို့ကို အမုန်းပွားကာ ရန်ငြိုးထား သည်။

သို့ဖြစ်၍ သာမာဝတီမိဖုရားတို့အုပ်စု ပျက်စီးရာပျက်စီးကြောင်း ကို အမျိုးမျိုးကြံစည်အားထုတ်သည်။ သာမာဝတီမိဖုရားအား ဥတေနဘုရင် ကြီးက အထင်မှားအောင် အမျိုးမျိုးပရိယာယ်ဆင်ကာ မဟုတ်မမှန် လုပ်ကြံ ပြောဆိုသည်။ နောက်ဆုံးတွင် သာမာဝတီမိဖုရားခေါင်ကြီးတို့နေသည့် နန်း တော်ဆောင်ကြီးကို ဘထွေးတော်၏ အကူအညီဖြင့် တံခါးပိတ်မီးရှို့ရာ အား လုံး မီးလောင်သေဆုံးကြရသည်။ သို့သော် သာမာဝတီမိဖုရားခေါင်ကြီးတို့ မီးစွဲလောင်နေစဉ် ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြရာ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်ဖြစ်ပြီး မီးလောင်သေဆုံးကြရခြင်း ဖြစ်သည်။

ဤကဲ့သို့ သာမာဝတီမိဖုရားခေါင်ကြီးနှင့် နန်းတွင်းသူ အမျိုး သမီးငါးရာတို့မှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကို စိတ်တူကိုယ်တူမီးရှို့ခဲ့ သည့် အကုသိုလ်ကံကြောင့် ဘဝတစ်ရာတိုင် မီးလောင်သေဆုံးကြရသည့် အပြင် ဥတေနမင်း၏ မိဖုရားကြီးနှင့် အခြံအရံ မောင်းမမိဿံများဖြစ်လာ သည့်အခါ၌လည်း အတူတူ မီးလောင်တိုက်အသွင်းခံရခြင်းမှာ အကုသိုလ် ကံတူအကျိုးပေးကြပုံပင် ဖြစ်သည်။

ထို့အတူ မြတ်စွာဘုရား၏ဆွေတော်မျိုးတော်များဖြစ်ကြသည့် သာကီဝင်မင်းမျိုးတို့ကို ကောသလမင်း၏သားတော် ဝိဋူဍဘမင်းက ရန်ငြိုးဖြင့် စစ်သည်ဗိုလ်ပါအမြောက်အမြားနှင့် ချီတက်တိုက်ခိုက်လာရာတွင် ဘုရားက သုံးကြိမ်တိုင်တိုင်တားမြစ်ခဲ့သဖြင့် နောက်သို့ပြန်ဆုတ်သွားခဲ့သည်။ စတုတ္ထအကြိမ်၌မူ ကံအကျိုးပေးချိန် ရောက်လာပြီဖြစ်၍ မြတ်စွာဘုရားက တားတော်မမူသဖြင့် ဝိဋူဍဘမင်းနှင့် စစ်သည်တော်များသည် သာကီဝင်မင်းမျိုးတို့ကို နို့စို့အရွယ်ကိုပင်မချန်ဘဲ အားလုံးသတ်ပစ်ကြသည်။

ဤကဲ့သို့ သာကီဝင်မင်းမျိုးတို့ အသတ်ခံကြရခြင်းမှာ ရှေ့ဘဝတစ်ခုတွင် တစ်စိတ်တည်း တစ်ပေါင်းတည်းဖြင့် မြစ်ချောင်းတစ်ခု၌ အဆိပ်များကိုပစ်ချ၍ ငါးစသော သတ္တဝါတို့ကို သတ်ခဲ့ဖူးသည့်အကုသိုလ်ကံကြောင့် ဖြစ်ပါသည်။ ဤသည်တို့မှာ အကုသိုလ်ကံတူအကျိုးပေးသည့် ဝတ္ထုသာဓကများ ဖြစ်သည်။

## တစ်ယောက် ကုသိုလ်ကံကြောင့် အများစံရပုံ

ကံ၏သဘောကား "ကမ္မဝိပါကော အစိန္တိယျော ဟူသော ဘုရားဟောအတိုင်း အကျိုးပေးရာ၌ အလွန်ဆန်းကြယ်၏။ "ကိုယ်ပြုကိုယ်ခံ၊ ဘယ်သူမပြုမိမိမှု၊ ကိုယ်လုပ်မှကိုယ်ရ"ဟူသော ကံတရား၏နိယာမ သဘောတရားရှိသော်ငြားလည်း "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားရ" ဆိုသကဲ့သို့ ကုသိုလ်ကံကြီးမားသူတစ်ယောက် ပေါ်ပေါက်လာခဲ့သော် ထိုသူနှင့်သက်ဆိုင်သူများတို့ အကျိုးခံစားကြရသည့်သဘောလည်းရှိ၏။

လောက၌ ဆရာတပည့်တစ်စု၊ မိသားတစ်စု၊ ဆွေမျိုးတစ်စု စသည်ဖြင့် အစုအဖွဲ့များရှိလေရာ တစ်ယောက်ယောက်၏ကုသိုလ်ကံ အကျိုးတရားကို အစုအဖွဲ့ဝင်များကလည်း ထိုက်တန်သလောက် ခံစားကြရ၏။ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)တွင် ဘာတိကမင်းလက်ထက်၌ နွားသား

စားသူများကို ဖမ်းဆီး၍ဒဏ်တပ်လေရာ ဒဏ်ငွေမဆောင်နိုင်ကြသဖြင့် နန်းတော်ထဲ၌ အမှိုက်သန့်ရှင်းရေးသမားများအဖြစ် စေခိုင်းထား၏။ ထို သန့်ရှင်းရေးသမားများထဲတွင် ရုပ်ဆင်းအင်္ဂါ လှပချောမောသူကလေးတစ်ယောက်ကို ရှင်ဘုရင်မြင်၍ ထိုသူကလေးကို နန်းတွင်းတွင် "သာမာဒေဝီ"ဟူသောဘွဲ့အမည်ဖြင့် နန်းတွင်းသူအဖြစ် ချီးမြှောက်လိုက်၏။ သူကလေး၏ဆွေမျိုးများကိုလည်း အပြစ်ကင်းလွတ်ခွင့်ပြု၍ ချမ်းသာစွာအသက်မွေးနိုင်လောက်အောင် ချီးမြှောက်မစ,လေသည်။ ဤကားတစ်ယောက်၏ကုသိုလ်ကံကြောင့် ဆွေမျိုးများအကျိုးကို ခံစားရပုံဖြစ်သည်။ ဤနေရာ၌ "ဆွေမျိုးများမှာလည်း ကုသိုလ်ကံရှိလို့ပေါ့"ဟု ပြောစရာရှိပါ၏။ သို့သော် ထိုဆွေမျိုးများ၌ရှိသောကုသိုလ်ကံမှာ သာမာဒေဝီ၏ ကံမပါလျှင် အကျိုးပေးနိုင်လောက်သောအခြေအနေမရှိဟု မှတ်သားရာ၏။

မြန်မာဘုရင်များလက်ထက်၌လည်း ပထမကျော်အောင်မြင်ခဲ့လျှင် ထိုပထမကျော်အောင်မြင်သူ၏ မိဘများအပြင် မွေးချင်းပေါက်ဖော်နီးစပ်ရာ ဆွေမျိုး ၁၅ ဦးအထိ ဈေးပွဲ, ကင်း, ကူးတို့ စသည့်အခွန်တော်များနှင့် မင်းတိုင်း ၁၂ မှုတို့မှ လွတ်ငြိမ်းချမ်းသာခွင့်များ ရကြခြင်းသည်လည်း တစ်ယောက်ကံကြောင့် အများအကျိုးခံစားရပုံဖြစ်သည်။ ထို့ပြင် နန္ဒမင်းသား၏ ကုသိုလ်ကံ အကျိုးဆက်ကြောင့် ပဒေသာပင်ပေါက်၍ နိုင်ငံသူနိုင်ငံသားအားလုံး ချမ်းသာရခြင်းသည်လည်း တစ်ယောက်ကုသိုလ်ကံ၏အကျိုးကို အများခံစားကြရပုံဖြစ်သည်။

ဘုန်းကံပါရမီကြီးမားသော ပုဂ္ဂိုလ်ကောင်းတစ်ဦးတစ်ယောက်ပေါ်ပေါက်ဖြစ်ထွန်းလာသည်ရှိသော် "တစ်ယောက်ကောင်း၊ အပေါင်းချမ်းသာ" ဆိုသကဲ့သို့ လူပေါင်းများစွာတို့ အကျိုးစီးပွားဖြစ်ထွန်းကြ၏။ ချမ်းသာသုခရရှိကြ၏။

ကုသိုလ်ကံကြီးလျှင် ကြီးသည့်အလျောက် များစွာသောသူတို့

ခိုကိုးကြရ၏။ ဥပမာ သူဌေးကြီးတစ်ယောက်ဖြစ်ထွန်းလျှင် ထိုသူဌေးကိုမှီ၍ အသက်မွေးကြကုန်သောသူတို့မှာ ချမ်းသာကြီးပွားကြကုန်၏။ ဘုန်းရှင်ကံရှင် မင်းကောင်းတစ်ပါး ပေါ်ထွန်းလာသည်ရှိသော် ထိုမင်း၏တိုင်းနိုင်ငံမှာ ချမ်းသာကြီးပွားကြကုန်၏။ စကြဝတေးမင်းကြီး ပေါ်ပေါက်လာသောအခါ ကျွန်းငယ်များစွာတို့နှင့်တကွ လေးကျွန်းလုံး၌နေကြကုန်သောသူတို့မှာ ချမ်းသာကြီးပွားကြကုန်၏။ သုံးလောကထွတ်တင် သဗ္ဗညုတဘုရားရှင် ပွင့်တော်မူလာသောအခါ၌မူ ဇာတိ၊ အာကာ၊ ဝိသယာဟူသော လောကဓာတ် ၃– မျိုး၌နေထိုင်ကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့မှာ နိဗ္ဗာန်တိုင် အောင်အကျိုးကို ရရှိကြကုန်၍ လောကီ လောကုတ္တရာ ချမ်းသာကြီးပွားကြရ ပေကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားက–

"ရဟန်းတို့. . . လောက၌ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ် ထွန်းလင်းပေါ်ပေါက်လာခဲ့သော် လူအပေါင်းတို့၏အကျိုးစီးပွားဖြစ်ခြင်းငှာ၊ လူအပေါင်း၏ ချမ်းသာခြင်းငှာ ဖြစ်ပေါ်လာရခြင်းဖြစ်သည်"ဟု အင်္ဂုတ္တိုရ် ပါဠိတော် (ဧကက နိပါတ်) ဧကပုဂ္ဂလဝဂ်၌ ဟောတော်မူထားခြင်းဖြစ်သည်။ ထို့အတူ မျက်မှောက်ခေတ်၌လည်း ဆွေမျိုးအုပ်စုများတွင် ကံထူးချွန်သူ သူတော်ကောင်းတစ်ယောက် ပေါ်ပေါက်လာပါက ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ အခြံအရံများအားလုံး ကောင်းကျိုးခံစားရပုံကို လေ့လာတွေ့ရှိနိုင်ပါသည်။

ထို့အတူ မြို့ရွာစသော အရပ်ဒေသတစ်ခုခု၌ အာဇာနည်ယောကျ်ား ထွန်းကားပေါ်ပေါက်လာသည်ရှိသော် ထိုမြို့၊ ရွာ စသောအရပ်ဒေသရှိလူများ ချမ်းသာကြီးပွားလေ့ရှိကြောင်းကို ဓမ္မပဒ၌ "ဒုလ္လဘော ပုရိသာ ဇညော" စသောဂါထာကို ရှင်တော်ဘုရား ဟောကြားထား၏။ ဂါထာ၏အဓိပ္ပာယ်မှာ "ဇာနည်ယောကျ်ား၊ ထွန်းပေါက်ဖွားဖို့၊ လွန်ကားခက်ပေ၊ ထွေထွေနေရပ်၊ မျိုးဇာတ်အများ၊ မပေါက်ဖွားကည့်၊ အကြင်အရပ်၊

အမျိုးဇာတ်၌၊ သူမြတ်ယောက်ျား၊ ပေါ်ထွန်းကြွားအံ့၊ ထိုရပ်ကားဆွေ၊ ချမ်းသာ ပေရှင့် ဖြစ်၏။ အာဇာနည်ယောက်ျားမျိုးကား ဖြစ်ပွားပေါ်ထွန်းဖို့ရန် ခဲယဉ်း လှသည်။ ဖြစ်ပေါ်လာပြန်ပါကလည်း အရပ်တိုင်းမှာ မဖြစ်ပေါ်တတ်။ ထို ယောက်ျားမြတ် ဖြစ်ပွားပေါ်ထွန်းလာသည့် အရပ်မျိုးတို့မှာကား ကိုယ်စိတ် နှစ်ဖြာ ချမ်းသာမှုများဖြစ်ပွားကြရသည်ဟု ဟောတော်မူလိုရင်းဖြစ်သည်။

ဥပမာဆိုသော် ယခုအခါတွင် စစ်ကိုင်းတောင်ရိုးရှိ ရဟန်း ရှင်လူ သီလရှင်ဟူသမျှတို့မှာ သီတဂူရေအလှူတော်ကြောင့် ခေတ်အဆက်ဆက် တွင် တွေ့ကြုံခံစားခဲ့ရသည့် ရေဆင်းရဲမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြ၍ ရေချမ်းသာမှုသုခနှင့် ပြည့်ဝလျက်ရှိနေကြပေပြီ။ အာယုဒါနဆေးရုံကြီး ကြောင့် ကျန်းမာရေးဘက်၌စိတ်လက်အေးချမ်းကြရသကဲ့သို့ သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်ကြီး အပြီးတိုင် ပေါ်ထွန်းလာတော့မည်ဖြစ်သဖြင့် ကမ္ဘာ့ သာသနာပြုလိုသည့် အာဇာနည်ပုဂ္ဂိုလ်များမှာလည်း တက္ကသိုလ်ပညာရပ် များကို ချမ်းသာလွယ်ကူစွာ သင်ယူဆည်းပူးနိုင်ကြပေတော့မည်။ ဤသို့ စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံး နေထိုင်ကြသူများအားလုံး ချမ်းသာသုခ အဝဝကို ရရှိကြခြင်းမှာ စစ်ကိုင်းတောင်ရိုးတွင် သီတဂူဆရာတော်တည်းဟူ သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်မြတ် ထွန်းပေါ်လာခြင်းကြောင့်ဖြစ် ပေသည်။ ဤဆိုခဲ့ပြီးသည်တို့မှာ တစ်ယောက်ကုသိုလ်ကံကြောင်း အများ စံစား၊ ခံစားရပုံတို့ဖြစ်သည်။

### တစ်ယောက် အကုသိုလ်ကံကြောင့် အများခံရပုံ

ကုသိုလ်ကံကြီးသူတစ်ယောက်၏ ကုသိုလ်ကံသည် အခြားဆွေ မျိုး မိတ်သင်္ဂဟတို့၏ ကုသိုလ်ကံအား အကျိုးပေးရန် အထောက်အကူပြုနိုင် သကဲ့သို့ အကုသိုလ်ကံကြီးသူ၏ အကုသိုလ်ကံသည်လည်း အခြားပုဂ္ဂိုလ် များ၏ အကုသိုလ်ကံအား အကျိုးပေးရန် အထောက်အကူပြုနိုင်၏။ ထင်ရှား

စေဦးအံ့။ ကဿပဘုရားရှင်လက်ထက်က သူကြွယ်တစ်ယောက်၏ ကျောင်းဘုန်းကြီးတစ်ပါးသည် သီလရှိ၏။ အနေအထိုင်ကောင်း၏။ သို့သော် ကျောင်းဒကာသူကြွယ် ခဏခေတ္တလာရောက်ပို့ထားသည့် အာဂန္တု ရဟန္တာအား ကျောင်းဒကာကြည်ညိုသည်ကို သည်းမခံနိုင်ဘဲ ကုလမစ္ဆရိယ အကုသိုလ်တရားဖြစ်ပွားလျက်ရှိ၏။ ထို့ကြောင့် သူကြွယ်အိမ်သို့ နံနက် ဆွမ်းစားသွားခါနီး၌ အာဂန္တုကိုယ်တော်မနိုးအောင် ခေါင်းလောင်းကို လက်သည်းဖြင့်ထိုး၍ ကြွသွားလေသည်။ အိမ်ရောက်က သူကြွယ်က အာဂန္တု ကိုယ်တော်အကြောင်းမေးသည့်အခါ "ဒကာကြီးရဲ့ကိုယ်တော်ဟာ အင်မတန် အအိပ်ကြီးတယ်၊ မနေ့က ဒကာကြီးရဲ့အိမ်မှာ အစားကောင်း အသောက်ကောင်းတွေ စားသောက်ပြီး နင်းကန်အိပ်နေတယ်၊ ခေါင်းလောင်းထိုးတာတောင် မနိုးလို့ ထားခဲ့တယ်"ဟု ပြောသတဲ့။

ကျောင်းဒကာမှာ လိမ္မာပါးနပ်သူဖြစ်၍ သူ့ဘုန်းတော်ကြီး၏စိတ်ထားကို ရိပ်စားမိ၏။ ထို့ကြောင့် ကျောင်းဘုန်းကြီးအား ဆွမ်းကပ်ပြီးနောက် "ဤခဲဖွယ်ဘောဇဉ်များကို အာဂန္တုကိုယ်တော်အားလှူပါ"ဟု သပိတ်ထဲထည့်ပေးလိုက်၏။ ကျောင်းဘုန်းကြီးက မကျေနပ်။ "ဒီလို ဆွမ်းကောင်းတွေ စားနေရရင် ဒီကိုယ်တော် ငါ့ကျောင်းက ဆွဲချတောင် သွားတော့မှာမဟုတ်ဘူး"ဟု ဆက်လက်နေထိုင်မည်ကို ဝန်တိုသော "အာဝါသမစ္ဆရိယ မိမိထက်သာ" သည်ကို မနာလိုသော ဣဿာ အယုတ်တရားတို့ကြောင့် ကျောင်းဒကာလှူလိုက်သည့်ဆွမ်းများကို လမ်းမှာသွန်ပစ်လိုက်လေသည်။

အာဂန္တု ရဟန္တာအရှင်မြတ်ကား ကျောင်းဘုန်းကြီး၏စိတ်ဓာတ်ကို သိတော်မူ၍ စောစောကပင် ကောင်းကင်ခရီးဖြင့် လိုရာအရပ်သို့ကြွနှင့်ပြီး ဖြစ်လေသည်။

ကျောင်းဘုန်းကြီးသည် ကျောင်းသို့ရောက်၍ရှာဖွေရာ မတွေ့သောကြောင့် ဒီကိုယ်တော်ဟာ ကေန္တ ရဟန္တာဖြစ်မှာပဲ၊ ငါ့စိတ်သဘောကို

သိတဲ့အတွက် တခြားအရပ်သို့ကြွသွားတာဖြစ်မယ်၊ ငါဟာ ဝမ်းရေးကြောင့် ရဟန်းတို့နှင့်မသင့်မလျော်တဲ့အမှုကို ပြုခဲ့မိလေပြီဟု ကြီးစွာသော စိတ်နှလုံး မချမ်းမသာခြင်း ဖြစ်သွားသည်။

လောသကတိဿဝတ္ထု

ထိုကျောင်းဘုန်းကြီးမှာ မကြာမီစုတေ၍ ငရဲသို့ကျရောက်ရသည်။ ငရဲမှလွတ်ပြီးနောက် ဘီလူးဘဝ ၅၀၀၊ ခွေးဘဝ ၅၀၀ တို့၌ အစာဝ,အောင် မစားရသည်သာများ၏။ ထိုကဲ့သို့ ဆင်းဆင်းရဲရဲဖြင့်ကျင်လည်ခဲ့ရရာ ကျွန်ုပ် တို့ ဘုရားရှင်လက်ထက်တော်၌ အိမ်ခြေတစ်ထောင်ရှိသော တံငါရွာကြီး၌ တံငါသည်မတစ်ဦး၏ဝမ်း၌ ပဋိသန္ဓေနေသည်။ ထိုကလေး ပဋိသန္ဓေနေ သည့်နေ့မှစ၍ တံငါရွာကြီးတစ်ရွာလုံး ငါးရှာမရရုံသာမက မီး ၇–ကြိမ် လောင်၍ မင်းဒဏ် ၇–ကြိမ်ခံရသည်။ တစ်ရွာလုံး ခဏချင်းဆိုသလို ဆုတ် ယုတ်လျော့ပါး ဆင်းရဲသွားကြ၏။

ထိုအခါ စဉ်းစားဉာဏ်ရှိသူ လူကြီးက "ငါတို့ရွာထဲမှာ ကံဆိုးသူရှိ လိမ့်မယ်၊ ရွာကို တစ်ဝက်စီခွဲကြစို့"ဟု တိုင်ပင်ပြီး တစ်ဝက်စီခွဲလိုက်ကြ၏။ ထိုကလေး ကိုယ်ဝန်ပါသောဘက်၌ ရှေ့အတိုင်း ဆင်းရဲမြဲဆင်းရဲကြသဖြင့် ထပ်၍ ထပ်၍ခွဲကြရာ နောက်ဆုံး၌ ထိုကိုယ်ဝန်ရှိသောမိသားစုတစ်အိမ်သာ သီးခြားဖြစ်သွားတော့၏။ မိခင်မှာ ကလေးကို ဆင်းရဲစွာဖွားမြင်ပြီး ကလေး သွားလာနိုင်သည့်အရွယ်တွင် ခွက်ကလေးကို ကလေးလက်၌အပ်၍ မိခင် ခမျာ ထွက်ပြေးရာလေတော့၏။ ကလေးလည်း ထိုခွက်ကလေးဖြင့် တောင်း ရမ်းစားသောက်၍ ဆင်းရဲစွာအသက်မွေးရရှာ၏။

ဤသို့ဖြင့် ၇–နှစ်သားအရွယ်ရောက်လာ၍ တစ်နေ့တွင် အိမ် တစ်အိမ်၏တံခါးဝ ထမင်းအိုးဆေး ရေစွန့်ရာဌာနတွင် ကျိုးငှက်ပမာ ထမင်း လုံးတစ်လုံးစီ ရှာဖွေကောက်ယူစားနေစဉ် သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်ဟာ

သည့် တရားစစ်သူကြီး ရှင်သာရိပုတ္တရာမထေရ်ကြီး မြင်သွားလေသတဲ့။

ထိုအခါ မထေရ်ကြီးသည် အလွန်သနားတော်မူသဖြင့် ကျောင်းတော်သို့ခေါ်သွားကာ ကိုယ်တိုင် ခဲဖွယ်ဘောဇဉ်များကို ကျွေးမွေး၍ ကိုယ်တိုင်ပင် ရေချိုးပေးပြီး ရှင်ပြုပေးလိုက်လေသည်။ အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းခံပေးရာ "လောသကတိဿ"ရဟန်းဟုအမည်တွင်၏။ ရဟန်းဘဝတွင် ဝိပဿနာတရားကို ပွားများအားထုတ်ရာ ပါရမီရင့်နေပြီဖြစ်၍ မကြာမီရဟန္တာဖြစ်သွား၏။ ရဟန္တာဖြစ်သွားသော်လည်း ရှေးကပြုခဲ့သောမစ္ဆရိယအကုသိုလ်ကြောင့် ဘုန်းကံနည်းပါး လာဘ်လာဘ ရှားပါးလှ၏။ အသဒိသ အလှူကြီးပေးလှူသော်လည်း ဆွမ်းဝ,အောင် မဘုဉ်းပေးရရှာ၊ အသက်ရှင်ရုံမျှသာ စားသောက်ရ၏။ ထိုရဟန်း၏သပိတ်ထဲ ယာဂုတစ်ဇွန်း ထည့်လှူလိုက်ရုံဖြင့် သပိတ်ပြည့်သွားပြီဟု အလှူရှင်စိတ်တွင် ထင်သွား၏။ တစ်ခါတစ်ရံ ထိုရဟန်းအား ခဲဖွယ်ဘောဇဉ်စသည်တို့ကို လှူဒါန်းမည်ပြုသည့်အခါ အလှူရှင်များခွက်ထဲ၌ ရှိရင်းခဲဖွယ်ဘောဇဉ်များ ပျောက်နေတတ်၏။ အကုသိုလ်ကံကား ကြောက်စရာကောင်းလေစွ။

ထိုရဟန်း ပရိနိဗ္ဗာန်စံမည့်နေ့၌မူ ဆရာရင်း ရှင်သာရိပုတ္တရာမထေရ်ကြီးက "ဒီနေ့ ငါ့တပည့် ပရိနိဗ္ဗာန်စံတော့မယ်၊ ငါသည် တပည့်အားအစားအစာ ဝအောင်လှူဒါန်းကျွေးမွေးလိုက်မယ်" ဟု ကြံစည်ပြီး မိမိနှင့်အတူ ဆွမ်းခံခေါ်သွားလေသတဲ့။ ထိုရဟန်း၏ ရှေးအကုသိုလ်ကံကြောင့် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးပင် ကန်တော့ဆွမ်းမျှကိုပင် မရတော့ပေ။ ထိုရဟန်းကိုပြန်လွှတ်လိုက်ပြီး ကိုယ်တော်ကြီးတစ်ပါးတည်း ဆွမ်းခံကြွမှ ဆွမ်းရလေတော့သည်။

အရှင်သာရိပုတ္တရာလည်း အိမ်တစ်အိမ်တွင် ဆွမ်းဘုဉ်းပေးပြီးလျှင် အိမ်ကလူများကို ထိုရဟန်းသို့ ဆွမ်းပို့လွှတ်လိုက်ရာ လွှတ်လိုက်သူများမှာ သတိမေ့ပြီး လမ်းတွင်ချ၍စားပစ်လိုက်ကြလေသည်။ ထိုအကြောင်းကို

မထေရ်မြတ်ကြီး ကျောင်းပြန်ရောက်မှသိရလျှင် ကောသလမင်းကြီးထံကြွ၍ စတုမဓု အလှူခံကာ ထိုရဟန်းအားကျွေး၏။ ထိုသို့ကျွေးရာ၌လည်း သပိတ်ကို သူ့အားပေးလိုက်လျှင် သပိတ်ပါကွယ်မည်စိုးသောကြောင့် ကိုယ်တော်ကြီးကိုယ်တိုင် သပိတ်ကိုကိုင်၍ ကျွေးတော်မူမှ ထိုစတုမဓုကို အဝ, ဘုဉ်းပေး၍ ပရိနိဗ္ဗာန်စံရလေသည်။

အာနန္ဒာ သူဌေးဝတ္ထု

ထို့အတူ တစ်ယောက်ကံကြောင့် အများခံရသည့်ဝတ္ထုတစ်ခုရှိသေး၏။ ထိုဝတ္ထုမှာ ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၌လာသော အာနန္ဒာသူဌေးကြီးဝတ္ထုဖြစ်သည်။ ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က သာဝတ္ထိပြည်၌ အာနန္ဒာခေါ်သော သူဌေးတစ်ဦးရှိ၏။ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာ၏။ သို့သော် မပေးကမ်း မလှူဒါန်းလို၊ အလွန်နှမြောဝန်တိုသော သဘောရှိ၏။ လဝက်တိုင်း လဝက်တိုင်း ဆွေမျိုးများကို စည်းဝေးစေပြီး ပစ္စည်းဥစ္စာများကို မသုံးဖြုန်းကြရန်ဆုံးမ၏။ သားဖြစ်သူ မူလသိရီကိုမူ "ချစ်သား . . . ကုဋေရှစ်ဆယ် လောက်သောပစ္စည်းဥစ္စာကို များတယ်လို့ မယူဆနဲ့၊ ရှိရင်းပစ္စည်းဟောင်းများကို မလျော့သွားအောင် မပေးမကမ်းဘဲ စုဆောင်းထားပြီး ပစ္စည်းအသစ်များကိုသာ တိုးပွားအောင် ကြံဆောင်အားထုတ်ရမယ်"စသည်ဖြင့် တစ်နေ့သုံးကြိမ် ဆုံးမလေ့ရှိသတဲ့။

ထိုအာနန္ဒာသူဌေးကြီး သေဆုံးသွားသောအခါ မြေ၌မြှုပ်ထားသည့် ရွှေအိုးကြီးငါးလုံးကို သားဖြစ်သူ မူလသိရီအား မပြောကြားမိခဲ့ချေ။ ထိုအာနန္ဒာသူဌေးကြီးသည် သာဝတ္ထိပြည်တံခါးအနီးရှိ ဒွန်းစဏ္ဍားရွာတစ်ရွာက ဒွန်းစဏ္ဍားမ၏ဝမ်း၌ ပဋိသန္ဓေနေလေသည်။ ထိုကလေး ပဋိသန္ဓေနေချိန်မှစ၍ ထိုဒွန်းစဏ္ဍားရွာသားအားလုံး အလုပ်အကိုင်အဆင်မပြေတော့ချေ။ လုပ်သလောက် ရာသလောက် အခကြေးငွေများကို မရရှိကြ။

ထမင်းဟင်းကိုလည်း စားလောက်ရုံမျှသာရကြ၏။ ထို့ကြောင့် သူတို့အထဲ၌ "ကံဆိုးသူ"ရှိရမည်ဟု တိုင်ပင်ကြပြီး ရွာကို အထပ်ထပ်စိတ်ပိုင်းကြရာ နောက်ဆုံး ထိုအာနန္ဒာသူဌေးဘဝကလေးသူ၏ အမိအဖတို့သာ ကြွင်းကျန်လေတော့၏။ ဤသို့ ထိုသူငယ်၏ကံကြောင့် ဒွန်းစဏ္ဍားတစ်ရွာလုံး မကောင်းကျိုးခံရလေသည်။

ဤဝတ္ထုများတွင် ကဿပဘုရားရှင် လက်ထက်ကပြုခဲ့သော မကောင်းမှုကံကြောင့် ထိုပုဂ္ဂိုလ်သာမက ထိုပုဂ္ဂိုလ်တို့နေထိုင်ရာ တစ်ရွာလုံး မကောင်းကျိုးခံစားရပုံ၊ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးကပင် ထိုလောသကတိဿ ရဟန်းနှင့်အတူ ဆွမ်းခံဝင်ရာ ဆွမ်းမရပုံတို့မှာ တစ်ယောက်၏ မကောင်းမှုကံက အခြားနီးစပ်ရာ သက်ဆိုင်သူများကိုလည်း ကံအရှိန်ခတ်တတ်ကြောင်း ညွှန်ပြသည့် သက်သေသာဓကတို့ပေတည်း။

ဒဏ်ခံရတတ်ပုံ

အချို့ အကုသိုလ်ကံများသည် ကံပြုသူက အစောင့်အရှောက် အနေအထိုင်ကောင်း၍ အခံကုသိုလ်များ အားရှိနေချိန်တွင် ထိုသူကို ဘိုက်ရိုက်ထိခိုက်အောင် မတတ်နိုင်ဘဲ ထိုသူနှင့်ဆက်နွယ်သော ကုသိုလ်ကံနိမ့်နေသူ မိဘ၊ ဆရာ၊ သားသမီး ဆွေးကျွန်နှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမများကို ထိခိုက်စေတတ်၏။ (ဝါ) မကောင်းကျိုးပေး၏။ ထိုကဲ့သို့ တစ်စုံတစ်ယောက်ကို ထိခိုက်သွားလျှင် "ဒဏ်ခံသွားရရှာသည်"ဟု ပြောစမှတ်ပြုကြ၏။ ထိုသို့ သက်ဆိုင်သူက ဒဏ်ခံသွားရသောအခါ အကုသိုလ်ကံရှင်မှာလည်း စိတ်ဒုက္ခရောက်ရသောကြောင့်၊ တစ်နည်းအားဖြင့် အကုသိုလ်ကံပြုခဲ့သူကိုလည်း ညှဉ်းဆဲပြီးပင်ဖြစ်လေသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ် အပိုဒ် ၂၄၁ ၌–

"အခံပုည၊ ရှိကြသူမှာ၊ ဇာတာမူလ၊ ဇနမ(ဖြစ်ပုံ)၌၊ ပါပဂြိုဟ်၊

စီးနင်းကျလည်း၊ ကိုယ်မှတစ်ပါး၊ ခြွေရံများနှင့်၊ ကျွဲနွားမျှသာ၊ ပျက်စီးရာ၏၊ ကိုယ်မှချမ်းမြေ့၊ ဘေးမတွေ့ဘူး"ဟု ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး ကျမ်းနှင့်အညီ မိန့်ဆိုတော်မူခြင်းဖြစ်သည်။

ကုသိုလ်ကံများသူနှင့် နည်းသူ

လောကတွင် လှူဒါန်းပေးကမ်းမှု၊ သီလဆောက်တည်မှု၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းအားထုတ်မှုဟူသော ကုသိုလ်ကောင်းမှုတို့၌ ပျော်မွေ့သူ လူသူတော်ကောင်းများရှိသကဲ့သို့၊ အမြဲလို ခိုးဆိုးတိုက်ခိုက်လုယက်သတ်ဖြတ် မှုးယစ်စားသောက်နေသူ လူယုတ်မာများလည်းရှိကြ၏။ ထိုသူနှစ်မျိုးတို့သည် သာမန်အကုသိုလ်ကံတစ်ခုကို ကိုယ်စီကိုယ်ငပြုမိကြသည့်အခါ လူသူတော်ကောင်း၌ ထိုအကုသိုလ်ကံမှာ လောလောဆယ်အကျိုးပေးခွင့် မရတတ်ပေ။ များစွာသော ကောင်းမှုကုသိုလ်ကံတို့က ထို အကုသိုလ်ကံကို ဖုံးလွှမ်းလိုက်ကြ၏။

ယုတ်မာသူ၌ ထိုအကုသိုလ်ကံကို ကာကွယ်ဖို့ရန် အားကိုးလောက်သည့် အခံကုသိုလ်ကံမရှိရကား ထိုအနည်းငယ်မျှသော အကုသိုလ်ကံသည်ပင် လွတ်လွတ်လပ်လပ် ဆိုးကျိုးကိုပေးနိုင်တော့၏။ အတန်ငယ်ထင်ရှားစေဦးအံ့။ တစ်ခုသောညတွင် သူဌေးသားနှင့် ဘိန်းစားတို့ အိမ်တစ်အိမ်မှကြက်ကို တစ်ကောင်စီခိုးယူကြ၏။ ကြက်ရှင်က သိ၍လိုက်ရာသည့်အခါ ကြက်တစ်ကောင်ကို သူဌေးသားထံ၌တွေ့ရ၏။ သို့ရာတွင် သူဌေးသားကို သူခိုးဟု မစွပ်စွဲဝံ့သည့်ပြင် ချော့ချော့မောမောနှင့်ပင် ကြက်ကိုပြန်တောင်းယူရ၏။ ဘိန်းစားကိုမူ ရဲဌာနတိုင်၍ ထောင်ချလိုက်သည်နှင့်တူပေသည်။

တစ်နည်းအားဖြင့် ဆားတစ်ပိဿာကို ဧရာဝတီမြစ်ထဲချသော် ရေ၏အရသာမပျက်သကဲ့သို့၊ ကုသိုလ်ကံများစွာရှိသူ၌ အကုသိုလ်ကံ

ကလေးအတွက် မကောင်းကျိုးအရသာ မပေါ်ထွက်နိုင်ချေ။ ထိုဆားတစ်ပိဿာကို ရေအင်အားနည်းသည့် သောက်ရေအိုးတစ်လုံးထဲ၌ထည့်လိုက်လျှင် သောက်ရေများအားလုံး ပျက်သွားသကဲ့သို့ ကုသိုလ်ကံအကာအကွယ်အနည်းငယ်မျှရှိသူ၌ အထိုက်အလျောက် အကုသိုလ်ဖြစ်လျှင် ထိုရှိရင်းကုသိုလ်ကံကလေးများ၏သတ္တိပင် ပျက်ပြားတတ်လေသည်။ ထို့ကြောင့် "မဟော့ကုသိုလ်၊ (ကုသိုလ်ကံနည်းသူ) လူထိုထိုကား၊ ကိုယ်နှင့်တကွ၊ ပျက်တတ်စွတည်း"ဟု မန်လည်ဆရာတော်ဘုရားကြီး ဆက်လက်မိန့်တော်မူခြင်းဖြစ်သည်။

ဤသို့ ကာမာဝစရကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် "ရေများရေနိုင်၊ မီးများမီးနိုင်" ဆိုသကဲ့သို့ များရာကနိုင်သောသဘောရှိရကား များစွာသောကုသိုလ်ကံများကို အနည်းငယ်သော အကုသိုလ်ကံက မနှောင့်ယှက်နိုင်ပါသော်လည်း အနည်းငယ်သောကုသိုလ်ကံကို အနည်းငယ်သော အကုသိုလ်ကံကပင် အနှောင့်အယှက်ပေးနိုင်သောကြောင့် လူတိုင်းလူတိုင်း ပစ္စုပ္ပန်ကုသိုလ် ခံတပ်ကြီးများကို ခိုင်ခံ့စွာဆောက်တည်ထားသင့်ကြပေသည်။

## ကုသိုလ်ကံက အကုသိုလ်ကံထက် အားကြီးပုံ

ကာမဝစရ ကုသိုလ်တရားတို့သည် မိမိနှင့်ဆန့်ကျင်ဘက်အကုသိုလ်တရားတို့ကို မိမိဖြစ်ဆဲ၊ တည်ဆဲခဏ၌ အခိုက်အတန့်အားဖြင့်ပယ်ခြင်း (တဒင်္ဂ ပဟာနသတ္တိ)၊ မဟဂ္ဂုတ် (ဈာန်) ကုသိုလ်တို့သည်ကာမစ္ဆန္ဒစသော နီဝရဏအကုသိုလ်တို့ကို ကာလအတန်ကြာအောင် ပယ်ခွာထားခြင်း (ဝိက္ခမ္ဘန ပဟာနသတ္တိ)၊ မဂ်ကုသိုလ်များသည် ဆိုင်ရာအကုသိုလ်တရားတို့ကို နောက်ထပ်တစ်ဖန်မဖြစ်နိုင်အောင် အပြီးတိုင်အကြွင်းမဲ့ပယ်ရှားဖျက်ဆီးခြင်း (သမုစ္ဆေ ဒပဟာနသတ္တိ) ဟူသော အစွမ်း

သတ္တိသုံးမျိုးဖြင့် အကုသိုလ်တို့ကို ပယ်ဖျောက်နိုင်ခြင်းကြောင့် ကုသိုလ်သည် အကုသိုလ်ထက် အားကြီးကြောင်း ထင်ရှားသိသာသည်ဟုကျမ်းဂန်၌ဆို၏။

ကုသိုလ်သည် အဖန်တလဲလဲပွားများအပ်၊ ထုံအပ်သော အာသေဝန သတ္တိရသောကြောင့် အားကြီး၍၊ အကုသိုလ်မှာမူ ပွားများအပ်၊ ထုံအပ်သော အာသေဝနသတ္တိ မရှိသောကြောင့် အားနည်းသည်ဟုလည်း အဋ္ဌသာလိနီ အဋ္ဌကထာ၊ ဝိဘာဝိနီဋီကာတို့၌ မိန့်ဆိုထား၏။

ကုသိုလ်တရားတို့၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟူသော အား ၇ ပါး ပါဝင်ခြင်းကြောင့် အားကြီးသည်။ အကုသိုလ်တရား၌ကား အထက်ပါအားများမရှိ။ အဟိရိက အနောတ္တပ္ပအား နှစ်ပါးသာရှိ၍ ထိုအားများသည်လည်း ဆန့်ကျင်ဘက်နှင့်တွေ့သောအခါ မတုန်မလှုပ်ခံနိုင်ရည်ရှိသော အားများမဟုတ်ကြ၊ အတူဖြစ်ဖက်တရားတို့ကို ခိုင်ခံ့ရုံသာ စွမ်းနိုင်သော တရားများဖြစ်သည်။ ထို့ကြောင့် အကုသိုလ်သည် ကုသိုလ်ထက်အားနည်းသည်ဟု မှတ်ယူနိုင်သည်ဟု မူလဋီကာနှင့် အဘိဓမ္မာဝတာရဋီကာသစ်တို့၌ လာရှိပေသည်။

မိလိန္ဒပဉှာပါဠိတော်၌လည်း မိလိန္ဒမင်းကြီးက "အကုသိုလ်သည် ချက်ချင်းလက်ငင်း ဒိဋ္ဌဓမ္မအကျိုးပေးများခြင်းကြောင့်လည်းကောင်း၊ အကျိုးပေး မြန်ခြင်းကြောင့်လည်းကောင်း ကုသိုလ်ထက် အားကြီးသည်မဟုတ်ပါလော"ဟု သာဓက ဥပမာ စုံလင်စွာဖြင့်လျှောက်ထားရာ အရှင်နာဂသေန မထေရ်မြတ်က ကုသိုလ်က အကုသိုလ်ထက် အားကြီးကြောင်းကို အထောက်အထား ယုတ္တိ သာဓက ဥပမာတို့ဖြင့် ဖြေကြားတော်မူရာ မိလိန္ဒမင်းကြီးသည် သာဓုခေါ်၍ ကုသိုလ်၏အားကြီးသည်၏အဖြစ်ကို ဝန်ခံရလေသည်။ အကျယ်ကို မိလိန္ဒပဉှာ ပါဠိတော် (နှာ–၂၈၁) နှင့် မြန်မာပြန် (နှာ–၃၀၀) တို့၌ ကြည့်ရှုနိုင်ပေသည်။

အခန်း ( ၆ )

## ကံအကျိုးပေးဆန်းကြယ်ပုံ

ရှေ့တွင် ပြဆိုခဲ့ပြီးသော ကံတူအကျိုးပေးကြခြင်း၊ တစ်ယောက် ကုသိုလ်ကံကြောင့် အများစံစားရပုံ၊ တစ်ယောက် အကုသိုလ်ကံကြောင့် အများခံရပုံ၊ ဒဏ်ခံရတတ်ပုံတို့သည်လည်း ကံအကျိုးပေးဆန်းကြယ်ပုံများ ပင်ဖြစ်သည်။ ယခု ထူးထူးခြားခြား ကံအကျိုးပေးဆန်းကြယ်ပုံများကို ဆက် ဆိုပါဦးမည်။

သတ္တဝါအားလုံးတို့သည် အစမထင် အနမတဂ္ဂ သံသရာပြင်၌ ကျင်လည်ကြရာတွင် အောက်ဆုံးဖြစ်သော အဝီစိငရဲကြီးမှသည် အထက်ဆုံး ဘဝဂ် ခေါ်သည့် နေဝသညာ နာသညာယတနဘုံအထိ ဘုံပေါင်း သုံးဆယ့် တစ်ဘုံအတွင်း၌ ကျင်လည်ကြရ၏။ ထိုဘုံများကား သတ္တဝါများတည်းခို ရန် ဇရပ်ကြီးများသဖွယ် ဖြစ်ကြကုန်၏။ သတ္တဝါတို့သည် ကျင်လည်ကြရာ ၌ ကံအားလျော်စွာ နတ်အဖြစ်သို့လည်း ရောက်ကြ၏။ ဗြဟ္မာအဖြစ်သို့ လည်း ရောက်ကြ၏။ မဟာဗြဟ္မာအဖြစ်သို့လည်း ရောက်ကြ၏။ ထိုမှ အထက်၌ ဒုတိယဈာန် ဗြဟ္မာ၊ တတိယဈာန် ဗြဟ္မာ၊ ဝေဟပ္ဖိုလ် ဗြဟ္မာ၊

အသညသတ်ဗြဟ္မာအဖြစ်သို့လည်း ရောက်ကုန်၏။ ထိုမှအထက် အရူပဗြဟ္မာအဖြစ်သို့လည်း ရောက်ကြ၏။ ထိုသို့ အထက် အထက်ဘုံတို့၌ဖြစ်ကုန်သော်လည်း ပုထုဇဉ်တို့မှာ စိတ်မချရသေးဘဲ တစ်ဖန် အပါယ်ငရဲသို့ကျရောက်ကြရပြန်၏။

ထိုသို့ ကမ္ဘဝိပါကတန်ခိုးဖြင့် မြေလျှိုးမိုးပျံ ကျင်လည်ကြရပုံသည အလွန်ဆန်းကြယ်လှသောကြောင့် ထိုကံ၏အစွမ်းကို သာမန်လူသားတို့မကြံစည်နိုင်သောအရာဖြစ်သည်။ ယနေ့ပင် တန်ခိုးအာနုဘော်ကြီးသောနတ်မင်းကြီး၊ ဗြဟ္မာမင်းကြီးဖြစ်၍ ခမ်းနားစွာ ခံစား စံစားနေရသည်ဟုဆိုစေကာမူ နက်ဖြန်သန်ဘက် စသည်တို့တွင် ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ တိရစ္ဆာန်ဖြစ်နိုင်သည်ဟု ဆိုထိုက်၏။ ဤသို့ဖြစ်ရခြင်းမှာ ကံအကျိုးပေးအစွမ်းကမကြံစည်နိုင်လောက်အောင် ဆန်းကြယ်၍နေသောကြောင့် ထိုသို့ကျင်လည်မှုဆန်းကြယ်ပုံကို လူသာမန်တို့ မကြံစည်နိုင်ကြကုန်။ အပါယ်ဘုံတွင်အကျုံးဝင်သော ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံတို့၌ သတ္တဝါအမျိုးမျိုးတို့ အထူးထူးအထွေထွေဖြစ်နေကြပုံကို သေသေချာချာသတိပြုဆင်ခြင်ကြည့်ရှုလျှင်သာ၍ပင် ကံအကျိုးပေးဆန်းကြယ်၍ ကြံနိုင်ဖွယ်ရာ အကြောင်းမရှိသောအချက်တို့ ထင်ရှားကြကုန်၏။

ထို့ပြင် လူ တိရစ္ဆာန်တို့ ခန္ဓာကိုယ်တွင် ရေးကံကြောင့်ဖြစ်ပွားနေကြသည့် ကမ္မဇရုပ်များရှိကြ၏။ ထိုကမ္မဇရုပ်တို့မှာ ကြံစည်၍မရနိုင်လောက်အောင် ဆန်းကြယ်သောရုပ်များဖြစ်ကြ၏။ ကမ္မဇရုပ်များအားလုံး အကြွင်းမဲ့ချုပ်ငြိမ်းသွားသည့် ခန္ဓာကိုယ်ကြီးကို တစ်ဖန်ပြန်၍ရှင်အောင် ကြိုးစားသူသည် ရှုံးသွပ်ခြင်းဟူသော ဆုလာဘ်ကိုသာရရှိမည်။ အကြောင်းမှာ ထိုရုပ်တရားတို့သည် လူတို့၏ ပစ္စုပ္ပန်စွမ်းအားနှင့် မည်သို့မျှမသက်ဆိုင်ဘဲ ရှေးအတိတ်ကံတို့၏ အရာသာဖြစ်သောကြောင့် ဖြစ်သည်။

ထိုမှတစ်ပါးလည်း ကံ၏အစွမ်းကြောင့် ဖြစ်ပေါ်လာကြကုန်သော

သတ္တဝါတို့၏သန္တာန်၌ ရုပ်နာမ်နှစ်ပါးတို့၏ တည်ထောင်ဖြစ်ပွား၍နေပုံ သည်လည်း လွန်စွာဆန်းကြယ်၏။ လူသတ္တဝါအချင်းချင်း အတူတူဖြစ်ပါ လျက်အချို့မှာ အသက်ရှည်၍ အချို့မှာအသက်တိုကြ၏။ အချို့မှာ အနာ ရောဂါထူပြော၍ အချို့မှာ ကျန်းမာကြ၏။ အချို့မှာ ရုပ်ဆင်းအင်္ဂါ လှပ တင့်တယ်ကြ၍ အချို့မှာ အရုပ်ဆိုးအကြည်းတန်ကြ၏။ အချို့မှာ တန်ခိုး အာဏာကြီးမားကြ၍ အချို့မှာ တန်ခိုးအာဏာ ဩဇာအရှိန်အဝါ နည်းပါးကြ ၏။ အချို့မှာ ပစ္စည်းဥစ္စာ ရွှေ ငွေ ရတနာများ ကြွယ်ဝချမ်းသာကြ၍ အချို့မှာ ထမင်းနပ်မှန်အောင် မစားရသည့်အထိ ဆင်းရဲနွမ်းပါးကြ၏။ အချို့မှာ အဆင့်အတန်းမြင့်သောအမျိုး၌ဖြစ်၍ အချို့မှာ အဆင့်အတန်းနိမ့်သောအမျိုး၌ ဖြစ်ကြ၏။ အချို့မှာ ပညာရှိ၍ အချို့မှာ ပညာမဲ့ကြသည်။

ဤသို့ မတူကွဲပြားခြားနားကြပုံ၊ ပုံပန်းသဏ္ဌာန်နှင့်တကွ တည်ရာ ဌာနအားဖြင့် ရုပ်နာမ်တို့၏ဖြစ်နေပုံတို့ကား သာမန်လူသားတို့ ကြံစည် စဉ်းစား၍ ရနိုင်သောအရာမဟုတ်ပါချေ။ ဘုရားရှင်တို့၏ ဉာဏ်တော်အရာ သာ ဖြစ်ပေသည်။

ကံကုန်သည့်အခါ ဥစ္စာရတနာများ မီးသွေးခဲဖြစ်ပုံ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က သာဝတ္ထိပြည်၌ ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးတစ်ဦးရှိသတဲ့။ တစ်နေ့တွင် သူဌေး ၏ ကုသိုလ်ကံအရှိန်အဟုန် ကုန်သွားသောကြောင့် သူ့အိမ်ရှိ ကုဋေလေး ဆယ်သော ရွှေငွေပစ္စည်းဥစ္စာများသည် အံ့ဩဖွယ်ရာ အားလုံးမီးသွေးခဲတွေ ဖြစ်သွားကြ၏။ ရှင်းပြဦးအံ့။ လူစသော သတ္တဝါများ၌ ကုသိုလ်ကံအမျိုးမျိုးရှိ ကြ၏။ ပစ္စည်းဥစ္စာကို ကြွယ်ဝစေနိုင်သော ဘောဂ သံဝတ္တနိက ကုသိုလ်ကံ၊ အသက်ရှည်စေနိုင်သော ဒီဃာယုက သံဝတ္တနိက ကုသိုလ်ကံ၊ ရောဂါကင်း စင်နိုင်စေသော အပ္ပာဗာဓ သံဝတ္တနိက ကုသိုလ်ကံ၊ ရုပ်ဆင်းအင်္ဂါ လှပစေ

နိုင်သော ပါသာ ဒိက သံဝတ္တနိက ကုသိုလ်ကံ၊ တန်ခိုးအာဏာ အခြံအရံ များစေနိုင်သော မဟေသက္ခ သံဝတ္တနိက ကုသိုလ်ကံ၊ မြင့်မြတ်သောအမျိုး၌ ဖြစ်စေနိုင်သော ဥစ္စာကုလီ နသံဝတ္တနိက ကုသိုလ်ကံ၊ ပညာကြီးဖြစ်စေနိုင်သော မဟာပညသံဝတ္တနိက ကုသိုလ်ကံစသည်ဖြင့် အမျိုးမျိုးရှိ၏။ ဤ၌ ကုသိုလ်ကံအရှိန်အဟုန်ကုန်သွားခြင်းမှာ ပစ္စည်းဥစ္စာကို ကြွယ်ဝစေနိုင်သော ဘောဂသံဝတ္တနိက ကုသိုလ်ကံ ကုန်သွားခြင်းသာဖြစ်ပေသည်။ ထို့ကြောင့် "ကံအရှိန်အဟုန်ကုန်သွားသောအခါ စီးပွားဥစ္စာ အားလုံး ပျက်သုဉ်းသွားတတ်၏"ဟု နိမိကဏ္ဍသုတ်၌ မြတ်စွာဘုရား ဟောကြားထားခြင်းဖြစ်သည်။

ထိုသို့ ပစ္စည်းဥစ္စာများ မီးသွေးခဲများဖြစ်သွားသည့်အခါ သူဌေးမှာ မစားနိုင် မသောက်နိုင်ဖြစ်ကာ ခုတင်ပေါ်မှာသာ လဲလျောင်းနေလေတော့၏။ ထိုသူဌေး၏သူငယ်ချင်းတစ်ယောက် အမှတ်မထင် အိမ်သို့ဝင်လာခဲ့၍ ထိုအကြောင်းကို ကြားသိရသည့်အခါ "သူငယ်ချင်း မစိုးရိမ်ပါနဲ့၊ ငါ အကြံ တစ်ခု စဉ်းစားမိတယ်၊ အဲဒီအကြံကတော့ သူငယ်ချင်းရဲ့အိမ်ထဲကလူတွေ မြင်နိုင်လောက်တဲ့နေရာမှာ မီးသွေးတွေကို စုပုံထားကာ သူငယ်ချင်းကတော့ ဈေးရောင်းနေသူလို အဲဒီမှာ ထိုင်နေပါ။

အိမ်ရှေ့ကသွားကြလာကြသူတွေက "သူဌေးကြီး၊ အခြားသူတွေ အဝတ်အထည်၊ ဆီ၊ ပျား၊ တင်လဲ စ,တာတွေကို ရောင်းကြပါတယ်၊ သူဌေးကြီးကတော့ မီးသွေးကိုရောင်းနေသကိုး" လို့ ပြောလာသူတွေကို "ကိုယ့်ဥစ္စာ ကိုယ်မရောင်းရင် ဘယ်လုပ်မှာတုံး"လို့သာ တိုတိုတုတ်တုတ် ပြောလိုက်ပါ၊ သူတို့က ဘုန်းရှင်ကံရှင်မဟုတ်တဲ့သူတွေဖြစ်တယ်။

"သူဌေးကြီး . . . အခြားလူတွေက အဝတ်အထည်၊ ဆီ၊ ပျား၊ တင်လဲ စ,တာတွေကို ရောင်းကြပါတယ်၊ သူဌေးကြီးကတော့ ရွှေတွေငွေ တွေကို ရောင်းနေသကိုး"ဟု ပြောဆိုလာသူကိုတော့ "ဘယ်မှာလဲရွှေတွေငွေ

တွေ" လို့ပြန်မေးလိုက်ပါ၊ ဒီပစ္စည်းတွေပဲဟု သူကပြောဆိုလျှင် "အဲဒီ ပစ္စည်းတွေကို ယူခဲ့ပါဦး" ဟုပြောဆိုကာ လက်နှစ်ဖက်ဖြင့် ခံယူလိုက်ပါ၊ သူက ဘုန်းရှင်ကံရှင်ဖြစ်ပါတယ်။ သူပေးလာသောပစ္စည်းဥစ္စာတွေဟာ သူငယ်ချင်းရဲ့လက်ထဲ၌ မူလပကတိအတိုင်း ရွှေတွေငွေတွေပင် ဖြစ်ပါလိမ့်မယ်။

အထူးသတိပေးချင်တာကတော့ "အကယ်၍ ပြောဆိုလာသူမှာ အမျိုးသမီးဖြစ်လျှင် ထိုအမျိုးသမီးကို သူငယ်ချင်းသားနှင့်လက်ထပ်၍ ထိုကုဋေလေးဆယ်သော ရွှေငွေကို ချွေးမအားအပ်နှင်းလိုက်ပါ။ အကယ်၍ ပြောဆိုလာသူမှာ အမျိုးသားဖြစ်လျှင် ထိုအမျိုးသားကို သူငယ်ချင်းရဲ့အရွယ်ရောက်တဲ့သမီးနှင့် လက်ထပ်၍ ထိုကုဋေလေးဆယ်သော ရွှေငွေကို သမက်အားအပ်နှင်းပြီး ထိုသမက်စီမံပေးသောဥစ္စာကို သူငယ်ချင်းသုံးဆောင်ပါလေ"ဟု အကြံဉာဏ်ပေးသည်။

## ဘုန်းရှင် ကံရှင် ကိသာဂေါတမီ

စီးပွားပျက်သွားသူ သူဋ္ဌေးသည် သူငယ်ချင်းအကြံပေးသည့်အတိုင်း မီးသွေးများကို ဆိုင်ခင်းရောင်းသကဲ့သို့ ထိုင်နေလေသည်။ "အရှင်သူဋ္ဌေးက ဂုဏ်နှင့်မလိုက်ဖက်ဘဲ ဘာကြောင့် မီးသွေးတွေကို ရောင်းနေရသလဲ"ဟု မေးလာသူများကို သူငယ်ချင်းပြောထားသည့်အတိုင်း "ကိုယ့်ဥစ္စာကိုယ်မရောင်းချလျှင် ဘာလုပ်မတုံး"ဟု တိုတိုတုတ်တုတ် ပြောလွှတ်လိုက်သည်။

တစ်နေ့တွင် စီးပွားပျက်သူဋ္ဌေးတစ်ဦး၏သမီးဖြစ်သူ ကိသာဂေါတမီမည်သောအမျိုးသမီးသည် မိမိ၏ကိစ္စတစ်ခုဖြင့်သွားစဉ် ထိုမီးသွေးရောင်းနေသည့် သူဋ္ဌေးကြီးအိမ်ရှေ့ရောက်လျှင် "အိုဖခင် . . . ဘယ့်နှယ်လဲ၊ အခြားလူတွေက အဝတ်အထည် ဆီ ပျား တင်လဲ စ,တာတွေကို ရောင်းကြပါတယ်၊ ဖခင်ကတော့ ရွှေတွေ ငွေတွေကို ရောင်းချနေသကိုး"ဟု ပြောလိုက်

၏။ သူဌေးက "သမီး . . . ဘယ်မှာလဲ၊ ရွှေတွေ ငွေတွေ"ဟု မေးသည့်အခါ "ဖခင် . . . ထို ရွှေတွေငွေတွေကိုပင် ကိုင်ပြီးထိုင်နေသည် မဟုတ်ပါလား"ဟု ပြော၏။ ထိုအခါ "သမီး . . . ထိုရွှေငွေတွေကို ယူခဲ့ပါဦး"ဟုပြောရာ ကိသာဂေါတမီသည် လက်ခုပ်အပြည့်ယူကာ သူဌေး၏လက်နှစ်ဖက်တို့၌ လောင်းထည့်လိုက်သည်။ ထိုပစ္စည်းအားလုံးသည် မူလပကတိအတိုင်း ရွှေနှင့်ငွေများသာ ဖြစ်ကြလေတော့၏။

ထိုအခါ သူဌေးကြီးသည် ကိသာဂေါတမီ၏အိမ်နေရာကိုမေး၍ ကိသာဂေါတမီ၌ လင်ယောကျ်ားမရှိ၊ အပျိုဖြစ်သည်တို့ကို သိရသောအခါ မီးသွေးဖြစ်နေသောဥစ္စာကို သိမ်းသိမ်းဆည်းထားပြီးနောက် ကိသာဂေါတမီကို မိမိသားနှင့်လက်ထပ်ရန် တောင်းရမ်းခေါ်ဆောင်ခဲ့ပြီး ကုဋေလေးဆယ်သောဥစ္စာကို အပ်နှင်းလိုက်လေ၏။ ထိုအခါ မီးသွေးဖြစ်နေသော ပစ္စည်းဥစ္စာအားလုံးသည်ပင် မူလပဂတိအတိုင်း ရွှေငွေတွေချည်းဖြစ်သွားတော့၏။

ဤသို့ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာစေနိုင်သော ကုသိုလ်ကံမရှိသူများအနေဖြင့် မီးသွေးခဲများကို မီးသွေးခဲအတိုင်းသာ မြင်ကြရသော်လည်း ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာစေနိုင်သော ကုသိုလ်ကံပါလာသော ဘုန်းရှင်ကံရှင် ကိသာဂေါတမီ အမျိုးသမီးကလေးအဖို့မှာမူ မီးသွေးခဲများကို ရွှေခဲငွေခဲတွေအဖြစ် တွေ့မြင်ရခြင်းသည်လည်းကောင်း၊ အမျိုးသမီးကလေး လက်နှင့်ကိုင်လိုက်သည့် မီးသွေးခဲများမှာ သူမြင်ရသည့်အတိုင်း ရွှေခဲငွေခဲတွေဖြစ်သွားခြင်းသည်လည်းကောင်း၊ သူ့အား ပစ္စည်းဥစ္စာစုအားလုံး အပ်နှင်းလိုက်သည့်အခါ ကုဋေလေးဆယ်အားလုံး ရွှေငွေများဖြစ်သွားခြင်းသည်လည်းကောင်း ကုသိုလ်ကံ၏ အကျိုးပေးဆန်းကြယ်ပုံပင်တည်း။ အမှန်စင်စစ် ကိသာဂေါတမီမှာ သာမန်အမျိုးသမီးတစ်ယောက် မဟုတ်ပါချေ။ ကဿပဘုရားရှင်လက်ထက်တွင် ကိကီမင်းကြီး၏သမီးတော် အပျိုကြီးခုနစ်ယောက်တို့တွင် "ဓမ္မာ"မည်သော သမီးတော်ဖြစ်ခဲ့၍ အနှစ်နှစ်သောင်းကြာ ကောမာရီ

ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးခဲ့သူဖြစ်သည့်ပြင် ယခုကိသာဂေါတမီဘဝ၌လည်း ဧတဒဂ်ရ ရဟန္တာမထေရီမဖြစ်မည့် အမျိုးသမီးဖြစ်ပေသည်။

## ပုဏ္ဏသီဟသူဌေးဖြစ်ပုံ

ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးကြီး၏ လယ်လုပ်သားကြီးမှာ ပုဏ္ဏသီဟဖြစ်သည်။ သူ့၌ဇနီး ဥတ္တရာနှင့်သမီး ဥတ္တရာတို့ရှိကြ၏။ နက္ခတ်ပွဲသဘင် နေ့တစ်နေ့၌ ရာဇဂြိုဟ်သူဌေးကြီးက ပုဏ္ဏကိုခေါ်ပြီး "အမောင်ပုဏ္ဏ၊ ပွဲသဘင်အဖိုးအခ ရိက္ခာကိုယူပြီး ပွဲလမ်းသဘင်ကို ပျော်ရွှင်မည်လော၊ လယ်ကွင်းဆင်းပြီး လယ်ထွန်မည်လော"ဟု မေး၏။ "အရှင် . . . ကျွန်ုပ်၏အိမ်ရှင်မနှင့်တိုင်ပင်ပြီးမှ စဉ်းစားပါရစေ"ဟု ပုဏ္ဏက ပြောကြားခဲ့၏။

ထို့နောက် အိမ်ရှင်မနှင့်တိုင်ပင်ပြီး လယ်တောသို့သွားကာ လယ်ထွန်နေလေသည်။ အကြောင်းတိုက်ဆိုင်လာသည်မှာ ထိုနေ့တွင် အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် နိရောဓသမာပတ်မှထ၍ ချီးမြှောက်ရမည့်သူကို ဆင်ခြင်တော်မူရာ ပုဏ္ဏဆင်းရဲသားလယ်သမား၏ ရေးကောင်းမှုကံကို မြင်တော်မူ၏။ ထိုအခါဆွမ်းခံချိန်တွင် သပိတ်သင်္ကန်းကို ယူဆောင်ကာ ပုဏ္ဏလယ်သမားရှိရာသို့ ကြွတော်မူလာ၏။ ပုဏ္ဏသည် မထေရ်မြတ်ကိုမြင်လျှင် လယ်ထွန်ခေတ္တရပ်ကာ မထေရ်မြတ်အားသွားရောက်ရှိခိုး၏။ မထေရ်မြတ်က ရေရနိုင်မည့်အရပ်ကို မေးတော်မူသောအခါ ပုဏ္ဏသည် မထေရ်မြတ် မျက်နှာသစ်တော်မူလိုသည်ကိုသိ၍ လျှင်မြန်စွာ ဒန်ပူကိုယူဆောင်လာခဲ့ပြီး အပ်စပ်အောင်ပြုလျက် မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းလိုက်လေသည်။

မထေရ်မြတ် ဒန်ပူဝါးနေစဉ်မှာပင် သပိတ်နှင့်အတူ ရေစစ်ကိုယူဆောင်ကာ ရေအပြည့်ခပ်ဆောင်လှူဒါန်း၏။ မထေရ်မြတ်သည် မျက်နှာ

တော်သစ်ပြီး ဆွမ်းခံကြွတော်မူ၏။ ပုဏ္ဏ,က မထေရ်မြတ်သည် ယနေ့ငါ့အားချီးမြှောက်ရန် ကြွလာတာဖြစ်မယ်၊ ငါ့အိမ်ရှင်မသည် ငါ့အတွက်လာပို့သည့်ထမင်းကို အရှင်မြတ်အား လောင်းလှူလိုက်လျှင် ကောင်းမှာပဲဟုကြံစည်မိသည်။

မောင်ပုဏ္ဏ ကြံစည်သည့်အတိုင်းပင် မောင်ပုဏ္ဏ၏ဇနီးသည် လမ်းခရီး၌မထေရ်မြတ်ကို ဖူးမြင်ရသည့်အခါ ဒီနေ့တော့ အလှူခံလည်းရှိ၊ အလှူဝတ္ထုလည်းရှိတယ်၊ ကိုပုဏ္ဏအတွက်တော့ အိမ်ပြန်ချက်ပြီးမှ ပို့တော့မည်ဟုကြံစည်ပြီး မောင်ပုဏ္ဏအတွက်ချက်ပြုတ်လာခဲ့သည့် ဘောဇဉ်ထမင်းကို မထေရ်မြတ်သပိတ်၌ လောင်းလှူလိုက်၏။ "ဒီလို ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းမှ လွတ်မြောက်ရပါလို၏ဘုရား"ဟုလည်း ဆုတောင်းလိုက်၏။ မထေရ်မြတ်ကလည်း "သင်၏အလိုဆန္ဒ ပြည့်ဝပါစေ"ဟု အနုမောဒနာစကား မြွက်ကြားတော်မူကာ ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

မောင်ပုဏ္ဏ၏ဇနီးသည် အိမ်သို့ပြန်ကာ ခင်ပွန်းသည်အတွက်ထမင်းချက်ပြီး တစ်ဖန်ယူဆောင်ကာ လယ်တောသို့ထွက်ခဲ့သည်။ ခင်ပွန်းသည်ထံသို့ ရောက်သည့်အခါ "နေမြင့်လို့ ခင်ပွန်းသည်ဒေါသထွက်နေလျှင် ဆွမ်းအလှူဒါန အကျိုးမရမှာဖြစ်မည်ကို စိုးရိမ်၍ "အိုအရှင် . . . ဒီနေ့တစ်ရက်လောက်တော့ အရှင်၏ဒေါသကို ထိန်းထားစေလိုပါတယ်"ဟု ကြိုတင်တောင်းပန်လိုက်၏။ "ဘာကြောင့်လဲ"ဟု မောင်ပုဏ္ဏက မေးသည့်အခါ ဆွမ်းအလှူအကြောင်း အစုံအလင်ပြန်ပြောင်းပြောပြသတဲ့။ မောင်ပုဏ္ဏက–"ရှင်မ သင်သည် နှစ်သက်ဖွယ် ကောင်းမှုကို ပြုတာဖြစ်တယ်၊ ငါလည်းနံနက်စောစောကပင် မထေရ်မြတ်ကြီးအား ဒန်ပူနဲ့မျက်နှာသစ်တော်ရေကိုဆက်ကပ်လှူဒါန်းခဲ့ပြီးပြီ၊ ဒီနေ့ ငါတို့အဖို့ ကောင်းတဲ့နံနက်ခင်း ဖြစ်ပါပေတယ်၊ မထေရ်မြတ်ကြီး၏ ဒီနေ့ ကိုယ်ရေးကိုယ်တာအတွက် သုံးဆောင်မှုဟူသမျှ ငါတို့အလှူချည်းပဲဖြစ်တယ်"ဟုဆိုကာ ဇနီးမောင်နှံ နှစ်ယောက်လုံး

ကုသိုလ်ပီတိများဖုံး၍ နေကြ၏။

ထွန်ဆိုင် မြေတုံး မြေခဲမှ ရွှေတုံး ရွှေခဲဖြစ်ပုံ

ထို့နောက် မောင်ပုဏ္ဏာသည် ထမင်းစားပြီးလျှင် ဇနီးသည်၏ ပေါင်ပေါ်၌ ဦးခေါင်းချ၍ ခေတ္တမျှလဲလျောင်းနေရင်း အိပ်ပျော်သွား၏။ ခဏ အကြာ ပြန်နိုးလာသည့်အခါ မိမိထွန်ယက်ခဲ့သောနေရာကို မျှော်၍ကြည့်၏။ မောင်ပုဏ္ဏာကြည့်သမျှနေရာအားလုံးတွင် သပွတ်ခါးပွင့်ကြီးများကို ကြဲဖြန့် ထားသည့်အလား ဝါဝါဝင်းရွှေ ထိန်ထိန်ဝေလျက်ရှိနေလေသည်။ ထိုအခါ မောင်ပုဏ္ဏာက "ရှင်မရေ . . . ဟို မြင်ရတဲ့အရာဝတ္ထုတွေဟာ ဘာတွေဘာလဲ၊ ကနေ့ငါထွန်ယက်ခဲ့တဲ့ လယ်မြေတစ်ခုလုံး ရွှေရောင်တွေဖုံးနေတယ်လို့ ငါတော့ထင်တာပဲ"ဟု ပြောလိုက်၏။ ဇနီးသည်က "ရှင်တစ်နေ့လုံး ပင်ပန်း ထားလို့ မျက်စိတွေမှောက်မှားနေတာ ထင်ပါတယ်"ဟု ပြောပြောဆိုဆို သူကိုယ်တိုင်ကြည့်လိုက်တော့မှ "ရှင်ပြောတဲ့အတိုင်း ဒီဟာတွေဟာ ရွှေစိုင် ရွှေတုံးတွေဖြစ်ပါလိမ့်မယ်"ဟု ဝန်ခံပြောဆိုလေသည်။

မောင်ပုဏ္ဏာသည် ကိုယ်တိုင် ထ,သွား၍ ထွန်စိုင်မြေတုံးတစ်ခုကို ကောက်ယူပြီး ထွန်တုံးဦး၌ ထုနက်ကြည့်ရာ ရွှေတုံး ရွှေစိုင်ကြီးဖြစ်ကြောင်း သိရှိသွား၏။ ထို့နောက် ဇနီးသည်ကို ခေါ်ပြကာ "ရှင်မရေ . . . တခြားသူ တွေ စိုက်ပျိုးတဲ့မျိုးစေ့ဟာ သုံးလ၊ လေးလကြာမှ အသီးသီးတယ်၊ တို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဆိုတဲ့ လယ်မြေကောင်းမှာ စိုက်ပျိုးလိုက်တဲ့ စေတနာ, သဒ္ဓါ မျိုးစေ့ကတော့ ဒီနေ့ ချက်ချင်းပဲ အသီးသီးတယ်၊ အကျိုး ပေးတယ်၊ ဒီတစ်ပတ်မျှလောက်သော မြေနေရာမှာ သျှိသျှားသီးလောက် သေးငယ်သော မြေစိုင်ခဲပင်လျှင် ရွှေတုံးရွှေခဲချည်းဖြစ်နေတယ်"ဟု လက် တွေ့ပြကာ ပြောကြားလေသည်။

ထို့နောက် မောင်ပုဏ္ဏာသည် ထမင်းအပြည့်ထည့်လာသောခွက်

ထဲ ရွှေတုံးရွှေစိုင်ခဲတို့ကို အပြည့်ထည့်ယူ၍ မင်းနန်းတော်သို့သွားခါ မင်းကြီးအား ဖြစ်ကြောင်းကုန်စင် အစုံအလင်လျှောက်တင်လေသည်။ ထိုအခါ မင်းကြီးက ရွှေများကို လှည်းများဖြင့်သွားတိုက်ယူလာကြရန် မင်းမှုထမ်းများကို အမိန့်ပေး၏။ မင်းမှုထမ်းတို့သည် အမိန့်တော်အတိုင်း လှည်းများဖြင့်သွားကြ၍ "မင်းကြီး၏ဘုန်းတည်း"ဟု နှုတ်ကမြွက်ဆိုကာ ရွှေစိုင်၊ ရွှေတုံး၊ ရွှေခဲတို့ကို ကောက်ယူကြ၏။ ကောက်ယူသမျှ ရွှေစိုင်ရွှေခဲများသည် ပကတိ ထွန်ဆိုင် မြေကြီးခဲတွေချည်း ဖြစ်ကြ၏။ ထိုအခါ မင်းချင်းတို့သည် နန်းတော်သို့သွားခါ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြ၏။

မင်းကြီးက "အမောင်တို့ . . . ဒီလိုဆိုလျှင် မောင်ပုဏ္ဏ၏ဘုန်းကံတည်းဟု ပြောဆိုကာ ကောက်ယူကြ"ဟု အကြံပေးလိုက်၏။ မင်းချင်းတို့သည် တစ်ဖန်ပြန်သွားကြပြီး မင်းကြီးမှာသည့်အတိုင်း "မောင်ပုဏ္ဏ၏ ဘုန်းကံတည်း" ဟုပြောဆိုကာ ကောက်ယူကြမှ ယူတိုင်းယူတိုင်း ရွှေသားအတိသာ ဖြစ်ကြလေသည်။ မင်းမှုထမ်းတို့သည် ထိုရွှေအားလုံးကို လှည်းအစီးပေါင်းများစွာဖြင့် တိုက်ဆောင်ခဲ့၍ နန်းရင်ပြင်၌ပုံထားရာ ရွှေတုံးရွှေပုံကြီးကား ထန်းတစ်ဆင့်ခန့်မြင့်သည်ဟု ဆိုပေသည်။ ဗိမ္ဗိသာရမင်းကြီးသည် မြို့ရှိကုန်သည်တို့၏ အကြံပေးချက်အတိုင်း လယ်သမား ဆင်းရဲသားမောင်ပုဏ္ဏကို ကြီးကျယ်ခန်းနားသော မင်းပေးအဆောင်အယောင်တို့ဖြင့် "မဟာဓနသေဋ္ဌေး" ဘွဲ့တံဆိပ်သတ်မှတ်၍ သူဌေးကြီးရာထူးကို ပေးအပ်ချီးမြှောက်လိုက်ကာ ရွှေအားလုံးကို မောင်ပုဏ္ဏအား တစ်ဖန် ပြန်အပ်နှံခဲ့လေသည်။

ဤ၀တ္ထု၌ ထွန်ဆိုင် ရွှံ့တုံး၊ ရွှံ့ခဲများအားလုံး ရွှေတုံး၊ ရွှေခဲများ ဖြစ်သွားခြင်းသည်လည်းကောင်း၊ "မင်းကြီး၏ဘုန်းကံတည်း"ဆို၍ မင်းချင်းတို့ကောက်ယူကြသောအခါ ကောက်ယူသမျှ ရွှံ့တုံးရွှံ့ခဲများ ဖြစ်သွားခြင်းသည်လည်းကောင်း၊ "မောင်ပုဏ္ဏ၏ဘုန်းတံခိုး"ဟုဆို၍ ကောက်ကြမှ ယူတိုင်းယူတိုင်း ရွှေတုံးရွှေခဲများဖြစ်ကြခြင်းသည် လည်းကောင်း ဟုသိလ်ကံ

အကျိုးပေး ဆန်းကြယ်ပုံပင်ဖြစ်၏။ အမှန်မှာ နိရောဓသမာပတ်မှ ထ,လာသည့် ရဟန္တာပုဂ္ဂိုလ်ကြီးအား တရားသဖြင့်ရ,ထားသော ဆွမ်း၊ ဒန်ပူ၊ ရေတို့ကို စေတနာသုံးတန်ပြဋ္ဌာန်း၍ ပေးလှူကြသော မောင်ပုဏ္ဏ ဇနီးမောင်နှံတို့ သန္တာန်၌ဖြစ်သော ပထမဇောကုသိုလ် စေတနာဆိုသည့် ဒိဋ္ဌဓမ္မဝေဒနီယကံက မျက်မှောက်ဘဝ၌ပင် ဒိဋ္ဌဓမ္မအကျိုးပေးပုံကို မျက်မှောက်ခေတ် သိပ္ပံနည်းဖြင့် စမ်းသပ်၍ မသိနိုင်၊ ဘုရားရှင်တို့သာ သိနိုင်ကြ၏။

ဘုန်းမဲ့သူကြိုးစားသမျှ ဘုန်းရှိသူခံစားရ

ရှေးအခါက ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းလက်ထက်တွင် ထင်းခွေယောကျာ်းတစ်ယောက်သည် မြို့တံခါးမရောက်မီနေဝင်သဖြင့် မြို့ပြင်ကနတ်စင်အနီး သစ်ပင်ကြီးတစ်ပင်အောက်မှာ အိပ်ရ၏။ သစ်ပင်ပေါ်တွင် အောက်အထက်အိပ်ကြသော ကြက်နှစ်ကောင်တို့ရှိရာ အထက်ကြက်က ကျင်ကြီးစွန့်ချရာ အောက်ကြက်ကျောပြင်သို့ကျ၏။ ထိုအခါ ကြက်နှစ်ကောင် စကားများကြပြီး တစ်ကောင်နှင့်တစ်ကောင် အစွမ်းသတ္တိပြိုင်ပြောကြရာ အောက်ကြက်က "ငါ့အသားကိုစားလျှင် ယနေ့ချက်ချင်း အသပြာတစ်ထောင်ရနိုင်တယ်"ဟု ဆိုလိုက်၏။ "သင်၏အစွမ်းကား နွားခြေရာကွက်ရှိ ရေပမာ မပြောပလောက်ပါ၊ ငါ့ရဲ့ ဆူသောအတွင်းသားကို စားသူသည် မင်းဖြစ်မယ်၊ အပေါ်သားကိုစားသူသည် ယောကျာ်းဖြစ်လျှင် စစ်သူကြီး၊ မိန်းမဖြစ်လျှင် မိဖုရားဖြစ်မယ်၊ အရိုး၌ကပ်နေသော အသားကို စားသူသည် လူဖြစ်က ဘဏ္ဍာစိုး၊ ရဟန်းဖြစ်က မင်းဆရာဖြစ်မယ်"ဟု အထက်ကြက်က အားကျမခံ ပြန်ပြောလိုက်သတဲ့။

ထိုအခါ ထင်းခွေယောကျာ်းသည် ငြိမ်သက်စွာ သစ်ပင်ပေါ်သို့တက်ပြီး အထက်ကကြက်ကိုဖမ်း၍ အိမ်သို့ယူဆောင်ခဲ့၏။ အိမ်ရောက်လျှင် ကြက်ကို အရေဆုတ်၊ ရေဆွတ်သုတ်သင်ပြီး "ဤကြက်သားကို ကောင်းစွာ

ချက်လော့"ဟု ဇနီးသည်အားပေး၏။ ဇနီးသည်က ကောင်းစွာချက်ပြီး ခင်ပွန်းသည်စားရန် ရော့၍ချထားပေး၏။ ထင်းခွေသမားက "အို ရှင်မ၊ ဒီကြက်သားမှာ တန်ခိုးရှိ၏၊ ဒီကြက်သားကိုစားလျှင် ငါက ရှင်ဘုရင်ဖြစ်ပြီး သင်က မိဖုရားဖြစ်မယ်၊ ဒါကြောင့် ဒီနေရာမှာ စားဖို့မသင့်၊ ဂင်္ဂါမြစ်သို့သွားပြီး ရေမိုးချိုးပြီးမှ စားကြမယ်"ဟု ဆိုကာ ဂင်္ဂါမြစ်သို့ ကြက်သားအိုးကိုပါ ယူဆောင်လာကြသည်။ ထို့နောက် ဂင်္ဂါမြစ်ကမ်းစပ်တွင် ကြက်သားဟင်းအိုးကို ချထားပြီး ဂင်္ဂါမြစ်တွင်း ရေဆင်းချိုးနေကြ၏။ ကြက်သားဟင်းအိုးမှာ ဂင်္ဂါမြစ်တွင်းမှတက်လာသော လှိုင်းတံပိုးတို့ကြောင့် မြစ်ထဲသို့မျောပါသွားလေ၏။

ထိုသို့ မျောပါလာသည့်ဟင်းအိုးကို အောက်ဆိပ်တွင် ဆင်ကိုရေချိုးပေးနေသော ဆင်ဆရာမြင်၍ ဆယ်ယူပြီး အိမ်သို့ပို့ထားစေ၏။ ထိုအချိန်တွင် ဆင်ထိန်းဆရာ၏ ဆရာဖြစ်သော ဒိဗ္ဗစက္ခုရ ရှင်ရသေ့သည် ထိုအကြောင်းကို သိမြင်၍ ဆင်ထိန်း၏အိမ်သို့ ကြိုတင်ရောက်ရှိနေ၏။ ဆင်ထိန်းရောက်လာသည့်အခါ "အို . . . အိမ်ရှင်မ ဆရာရသေ့အား ကြက်သားဟင်းကို ကပ်ပါ"ဟု ခိုင်း၏။ ရသေ့သည် အတွင်းသားကို ဆင်ထိန်းအားပေး၍ အပသားကို ဆင်ထိန်းကတော်အားပေး၏။ မိမိကမူ အရိုး၌ကပ်သောအသားကိုသာ စား၏။ ထိုနောက် သုံးရက်မြောက်သောအခါ ဗာရာဏသီမင်းကြီး နတ်ရွာစံသဖြင့် ဆင်ထိန်းကို မင်းတင်မြှောက်၍ ဆင်ထိန်းကတော်မှာ မိဖုရားကြီးဖြစ်လာ၏။ ရှင်ရသေ့မှာမူ မင်းဆရာအဖြစ်ကို ရရှိလေသည်။ ဇာတ်တော်လာဤဝတ္ထု၌ ဘုန်းကံမရှိသော ထင်းခွေသမားယောကျ်ား၏ ကြိုးစားသမျှသည် ဘုန်းကံရှိသော ဆင်ထိန်းယောကျ်ားကောင်းစားဖို့ရန် ဖန်တီးပေးရသည်နှင့်ဘူပေသည်။ ဤသို့ ကံအကျိုးပေးဆန်းကြယ်ပုံကို မန်လည်ဆရာတော်ဘုရားကြီးက–

"ပုဗ္ဗေကတ၊ ရှေးဘဝက၊ ပုညဆင်းရဲ၊ ကံမွဲချို့တဲ့၊ ဘုန်းမဲ့သသူ၊

များ ဗိုလ်လူတို့၊ ချမ်းပူမနေ၊ ရာဖွေကြိုးကုတ်၊ အားထုတ်အထူး၊ ဆည်းပူးလုံ့လ၊ ပြုသမျှကား၊ ရေးကကောင်းမှု၊ အပြုများလှ၊ ပုညသိရိ၊ ပြည့်စုံတိသည့်၊ ဘုန်းရှိသူတို့၊ ခံစားဖို့တည့်၊ ထိုသို့စင်စစ်၊ ဖြစ်၏လူတွင်၊ အမြင်မျက်စိ၊ ရှုမျှော်သိလော့၊ ဘုန်းရှိကားစံ၊ ဘုန်းမဲ့ရံ၏"ဟု ဆုံးမလမ်းညွှန်တော်မူခဲ့ပေသည်။

င,တစ်ပါးမင်း

ကံအကျိုးပေးဆန်းကြယ်ပုံကို ရာဇဝင်ဝတ္ထုတစ်ခုဖြင့် သာဓကပြု၍ ဆိုဦးအံ့။ ရှေးအခါက သရေခေတ္တရာပြည်တွင် လူတစ်ယောက်သည် မိမိသားကို ဆရာဘုန်းကြီးထံအပ်နှံ၍ ရှင်သာမဏေ ပြုပေးထား၏။ ဆရာဘုန်းကြီးသည် ရှင်သာမဏေငယ်ကို ပိဋကတ်၊ ဗေဒင်တို့ကို တတ်အောင် သင်ပေး၏။ ရှင်ငယ်လည်း ဆရာဘုန်းကြီးအား ဝတ်ကြီးဝတ်ငယ်ပြုကာ လုပ်ကျွေးပြုစု၏။ တစ်နေ့တွင် ဆရာဘုန်းကြီးမွေးထားသော ကြက်ဖသည် ငါ့ဦးခေါင်းစား င–တစ်ပါးမင်း ဖြစ်လတ္တံ့ဟု အမြဲတွန်တွန်နေသတဲ့။

ထို့ကြောင့် ဆရာဘုန်းကြီးသည် ရှင်သူငယ်ကိုခေါ်၍ "မောင်ရှင်ငယ်၊ ဤကြက်ဖကို ချက်ပြုတ်၍ ငါ့ကိုကပ်လော့" ဟု မိန့်ဆိုလိုက်၏။ မောင်ရှင်ငယ်လည်း ဆရာဘုန်းကြီးစေခိုင်းသည့်အတိုင်း ကြက်ကိုသတ်၍ ချက်ပြုတ်၏။ ချက်ပြုတ်ပြီးသောအခါ ကြက်ကို အိုးကအဆယ်တွင် ကြက်ဦးခေါင်းပြုတ်၍ စဖို့ခွဲကျလေ၏။ ရှင်သူငယ်လည်း မသန့်တော့ပြီဖြစ်၍ ကြက်ဦးခေါင်းကို ဆေးကြော၍ စားလိုက်၏။ ဆရာဘုန်းကြီးလည်း ကြက်ဦးခေါင်းမပါ၍ မေးသည့်အခါ ရှင်သူငယ်က အမှန်အတိုင်းလျှောက်ထား၏။

ဆရာဘုန်းကြီးသည် "သည်တိရစ္ဆာန်တွန်တာ မှန်မမှန်သိရတာပေါ့"ဟုဆိုကာ မောင်ရှင်ငယ်ကို အမျိုးမျိုးသော ဓမ္မဝတ်၊ လောကဝတ်၊

ရာဇဝတ်တို့ကို တတ်အောင်သင်ပြီး လူထွက်စေကာ အမတ်စစ်သူကြီးထံ အပ်နှံထား၏။ အမတ်စစ်သူကြီးကလည်း ထိုသူငယ်ကို သားအဖြစ်မွေးမြူထား၏။ သူငယ်သည်လည်း အဆင်းအင်္ဂါ ဘုန်းပညာ လက္ခဏာကြီးငယ်များနှင့်ပြည့်စုံသူဖြစ်၍ ထိုက်ထိုက်တန်တန် တန်ဆာဆင်ထား၏။ စစ်သူကြီးသွားလေရာ ထိုသူငယ်ပါလေသည်။

တစ်နေ့တွင် စစ်သူကြီးသည် ထိုသူငယ်ကို မင်းနန်းတော်သို့ခေါ်သွား၏။ မင်းကြီးသည် အမူအကျင့်ကျစ်လျစ်၍ မင်းခွင့်စိုးရာနှင့်ပြည့်စုံသည့်သူငယ်ကိုမြင်လျှင် အလွန်နှစ်သက်သဘောကျ၍ သားတော်မရှိသည်နှင့် အမတ်စစ်သူကြီးထံတောင်းပြီး သားတော်နေရာ၌ထား၏။ သူငယ်သည်လည်း မင်းကျင့်တရားတို့ကိုလည်းကောင်း၊ ပြည်ထဲရေး၌ ကွပ်ညှပ်စီရင်မှုကိုလည်းကောင်း လိမ္မာကျွမ်းကျင်၏။ ခမည်းတော်မင်းကြီးကိုလည်း အလွန်ရိုသေစွာ လုပ်ကျွေးပြုစု၏။ တရားနှင့်လည်းပြည့်စုံ၏။ မင်းမှစ၍ အမတ်ဗိုလ်ပါ ပြည်သူ ရှင်လူ ရဟန်းတို့ကလည်း သူ့ကို လွန်စွာချစ်ခင်ကြ၏။ ထို့ကြောင့် မင်းကြီးသည် ထိုသူငယ်အား အိမ်ရှေ့အရာ နန်းလျာထားလေသည်။

အိမ်ရှေ့အရာပေး၍ အသက်တစ်ဆယ့်ငါးနှစ်ရှိသောအခါ ခမည်းတော် နတ်ရွာစံ၍ မင်းဖြစ်လေသည်။ ထိုမင်းကား ရတနာသုံးပါး၌ ရိုသေ၏။ ပညာရှိ ရဟန်း ပုဏ္ဏားတို့ကို မှီဝဲဆည်းကပ်၍ သီတင်းသီလကို အမြဲဆောက်တည်၏။ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါးနှင့်အညီ မင်းပြု၏။ ထိုမင်းကား ဒွတ္တပေါင်မင်းရိုးမဟုတ်၊ တစ်ပါးကမင်းဖြစ်သောကြောင့် "င-တစ်ပါးမင်း" ဟူ၍ နောက်မှတွင်၏။

ဤ၀တ္ထု၌ ဝီရိယသာရှိ၍ ဘုန်းကံမရှိသော ဘုန်းတော်ကြီးမှာ မင်းဖြစ်ချင်လှသော လောဘတဏှာဖြင့် ရဟန်းသိက္ခာကိုမျှ မငဲ့ကွက် ကြက်ကိုသတ်၍ ချက်ခိုင်းခြင်းဟူသော ရက်စက်ကြမ်းကြုတ်မှုကို ပြုလုပ်၍ မင်း

ဖြစ်အောင် ကြိုးစားသော်လည်း မင်းမဖြစ်ဘဲ သူ၏ကြိုးစားမှုသည် ဘုန်းကံရှိသော မောင်ရှင်ငယ်ကို မင်းဖြစ်ဖို့ရန် ပေးရာရောက်ပေသည်။ ဤသို့ ကံတို့၏အကျိုးပေးပုံကား ဆန်းကြယ်လှ၏။

ကံရှိသူမှ ခံစားရ

အချို့သောသူတို့မှာ လွန်ကဲသောလုံ့လဝီရိယဖြင့် ဥစ္စာပစ္စည်းကို ရှာမှီး၍ ရကြပါကုန်သော်လည်း မိမိတို့သုံးဆောင်ခံစားဖို့ရန် ကံမပါသည့်အတွက် စားသောက်သုံးစွဲခြင်းမပြုရဘဲ ဘဝတစ်ပါးသို့ပြောင်းသွားကြရသဖြင့် ကံကောင်းထောက်မ,သော သူတို့ကသာ လွယ်ကူချမ်းသာစွာ ခံစားစံစားကြရကုန်၏။ တစ်နည်းအားဖြင့်ဆိုသော် ကံနည်းပါးသူတို့ ပင်ပန်းကြီးစွာ ရှာဖွေစုဆောင်းမှရသော ဥစ္စာပစ္စည်းတို့ကို ကံရှိသောသူတို့ကသာ လွယ်ကူစွာ ခံစားကြရကုန်၏ဟု ဆိုလိုပေသည်။ ကံတရားကား အလွန်အရေးပါ၏။ ကံနည်းသောသူတို့ လုပ်ကိုင်အားထုတ်၍ အကျိုးစီးပွားမထွန်းကားသော အရပ်ဒေသမျိုး၌ပင် ကံကြီးသောသူတို့ လုပ်ကိုင်သောအခါ၌မူ အလွန်အကျိုးဖြစ်ထွန်းကြသည်ကိုလည်း လောက၌တွေ့နေရ၏။

ထိုကံအကျိုးပေးဆန်းကြယ်ပုံနှင့်ပတ်သက်၍ ရှေ့တွင်ဖော်ပြခဲ့သော သိရိဇာတ်(ထင်းခွေယောကျာ်း)ဝတ္ထု၌ မြတ်စွာဘုရားက "ယံ ဥဿုကာ သဃ်ရန္တိ" စသော နှစ်ဂါထာကို ဟောကြားတော်မူထား၏။ ဂါထာများလာ အဓိပ္ပာယ်တို့ကား –

"အတတ်ပညာ၊ အသိအလိမ္မာ ရှိကြသည်ဖြစ်စေ၊ အတတ်ပညာ၊ အသိအလိမ္မာ မရှိကြသည်ဖြစ်စေ ရှေးဘဝကဆည်းပူးခဲ့ကြသည့် ဒါန၊ သီလ စသည်ပေါင်းစု၊ ကောင်းမှုကံ မရှိကြသူတို့သည် မနေမနား ကြိုးစားအားထုတ်၍ များပြားလှစွာ ရွှေငွေဘဏ္ဍာ ဥစ္စာပစ္စည်းကို မရ,ရကြောင်း စုဆောင်းထားကြကုန်၏။ ထိုပစ္စည်းဥစ္စာ အဖြာဖြာတို့ကို ဒါနသီလ စသည်

စုဆောင်းကောင်းမှုကံ ရှိသူသာလျှင် သုံးဆောင်ခံစားရ၏။

အမှန်စင်စစ် ဘုန်းရှင်ကံရှင် ကောင်းမှုရှင်တို့သည် အလုံးစုံသော အရပ်ဌာနတို့၌ ဘုန်းကံနည်းပါး တခြားသောသူတို့ကို ထူးထူးချွန်ချွန်ကဲ လွန်၍သာလျှင် ရွှေငွေဘဏ္ဍာဖြစ်ထွန်းရာ မဟုတ်သောအရပ်တို့၌ပင်သော် လည်း မရေတွက်နိုင်ဖွယ် ကြီးကျယ်များပြားသော ဥစ္စာရတနာတို့ဖြစ်လာ ကြကုန်၏"ဟူ၍ ဖြစ်သည်။ ထိုတရားနှင့်စပ်လျဉ်း၍ ညောင်တုန်းမြို့ ရွှေ ဟင်္သာတောရကျောင်းတိုက် စံကျောင်းဆရာတော်ဘုရားကြီးက ဤသို့ လင်္ကာဖြင့် ဆုံးမခဲ့ပေသည်။

## ဆောင်ပုဒ်လင်္ကာ

တတ်ရှိတတ်မဲ့၊ ကံမတည့်ဘဲ၊ လုံ့လသည်းကာ၊ အားထုတ်ရာစု၊ ပစ္စည်းစုကို၊ ကိုယ်မသုံးရ၊ ကံမ,သူသာ၊ သုံးရပါ၏၊ ဥစ္စာပစ္စည်း၊ စုစည်းမရ၊ ရပ်ဒေသမှာ၊ ကံကောင်ဝးပါက၊ အရလွယ်လှ၊ လူထိုမျှထက်၊ သာလွန်လျက် သာ၊ ကံပါသူကား၊ လွန်စီးပွား၏။

## ကံအကျိုးပေး ဆန်းကြယ်သည့် သူဌေးကြီးများ

ထို့ပြင် ဘုရားရှင်လက်ထက်တော်က ဇောတိကသူဌေး ဖွားမြင် ချိန်တွင် လက်နက်အားလုံး အလျှံတပြောင်ပြောင် တောက်လောင်ကြခြင်း၊ ရာဇဂြိုဟ်မြို့သူအားလုံးတို့ ကိုယ်ဝယ်ဝတ်ဆင်ကြသည့် အဆင်တန်ဆာတို့ အရောင်အဝါ လွှတ်သည့်ပမာ အလျှံတပြောင်ပြောင် တောက်ပလျက်ရှိခြင်း၊ သူဌေးသား အရွယ်ရောက်ချိန်တွင် သူဌေးသားအတွက် ရတနာခုနစ်ပါးဖြင့် ပြီးသော ဘုံခုနစ်ဆင့်ရှိပြာသာဒ်ကြီး မြေမှပေါ်တက်လာခြင်း၊ တံတိုင်းကြီး ခုနစ်ထပ်၊ တံခါးမုခ် ခုနစ်ရပ်တို့နှင့်တကွ ရွှေအိုးကြီးလေးလုံးတို့ မြေမှ ထ,ပေါ်လာခြင်း၊ အတုလကာယီခေါ် မြောက်ကျွန်းသူကို "သူဌေးကတော်"

အဖြစ်ပို့ဆောင်လာခြင်း၊ ဘုံခုနစ်ဆင့်ရှိ ပြသာဒ်ကြီးနှင့်တကွ ဇောတိက သူဌေးပိုင် စည်းစိမ်ဥစ္စာတို့ကို ဇောတိကသူဌေးကမပေးဘဲ မင်းမှစ၍ မည်သူမှ မသိမ်းပိုင်နိုင်ခြင်း၊ ဇောတိကသူဌေးက ပေးလိုစိတ် မရှိဘဲ သူ့လက်ဆယ်ချောင်းတွင်ဝတ်ဆင်ထားသော လက်စွပ်အကွင်း ၂၀ တို့ကို ရပ်၍ ခုန်လျှင် အတောင် ၈၀ မြင့်ရောက်အောင်ခုန်နိုင်သည့် အားအစွမ်းရှိသော အဇာတသတ်မင်းကြီးက ဘယ်ပြန်ညာပြန်ချွတ်ယူရာ မင်းဣန္ဒြေသာ ပျက်၍ လက်စွပ်တစ်ကွင်းကိုမျှ ချွတ်မရခြင်း၊ မင်းကြီးအား ဝတ်လဲတော်ကို ဖြန့်ခိုင်းပြီး သူဌေးကိုယ်တိုင် လက်ချောင်းများကို ဖြောင့်ဖြောင့် အောက်သို့စိုက်ချလိုက်သည့်အခါ၌မူ လက်စွပ်အကွင်းနှစ်ဆယ်လုံး လွယ်ကူစွာ ထွက်ကျလာကြခြင်းတို့ကား ဇောတိကသူဌေး၏ ကံအကျိုးပေး ဆန်းကြယ်ပုံတို့ဖြစ်သည်။

မေဏ္ဍကသူဌေးကြီး (ဝိသာခါ၏အဘိုး)၏ အိမ်နောက်ဖေး ရှစ်မင်းပယ်မျှ (ကျယ်ဝန်းသော) မြေအရပ်၌ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါက ရွှေဆိတ်ရုပ်ပြုလုပ်ကာ ပူဇော်ခဲ့သော ကောင်းမှုကံအဟုန်ကြောင့် ဆင်၊ မြင်း၊ နွားလားဥသဘပမာဏရှိသော ရွှေဆိတ်ရုပ်ကြီးများသည် မြေကိုဖောက်ခွဲ၍ ကျောကုန်းချင်းထိစပ်ကာ ဖြစ်ပေါ်လာကြ၏။ ထိုရွှေဆိတ်ရုပ်ကြီးတို့၏ ခံတွင်းများ၌ အဆင်း ၅-မျိုးရှိသည့် ချည်ဂေါ်လီလုံးများ အသင့်ပါလာကြ၏။ ထောပတ်၊ ဆီ၊ ပျား၊ တင်လဲစသည့် စားဖွယ်သောက်ဖွယ်တို့ကိုဖြစ်စေ၊ အဝတ်အထည်၊ ရွှေငွေ စသည့်ပစ္စည်းတို့ကိုဖြစ်စေ အလိုရှိလျှင် ထိုရွှေဆိတ်ရုပ်တို့၏ခံတွင်းမှ ချည်ဂေါ်လီလုံးများကို ဖယ်ရှားပစ်ကြရ၏။ ထိုအခါ ရွှေဆိတ်ရုပ်တို့၏ခံတွင်းမှပင် ဇမ္ဗူဒိပ်ကျွန်းနေသူအားလုံးတို့အတွက် လောက်င,အောင် ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ၊ အဝတ်အထည်၊ ရွှေ၊ ငွေရတနာတို့ထွက်လာကြ၏။ ထိုအချိန်မှစ၍ သူဌေးကြီး၏ အမည်သည် "မေဏ္ဍကသူဌေးကြီး" ဟု ကျော်ကြားလေ၏။ (မေဏ္ဍက=ရွှေ

ဆိတ်ရုပ်ရှင်သူဌေး) ဤသည်မှာလည်း ပြုလုပ်ခဲ့သည့်ကုသိုလ်ကံနှင့် အလား
တူစွာ အဆန်းတကြယ် အကျိုးပေးပုံဖြစ်သည်။

ထို့ပြင် ဗာရာဏသီ သူဌေးသမီးနှင့် ကောင်းကင်ပျံ ဝိဇ္ဇာဓိုရ်တို့
ပေါင်းသင်းဆက်ဆံရာမှဖြစ်ပေါ်လာသော ဇဋိလသူဌေးသားသည်လည်း
(ကဿပဘုရားရှင်၏ ဓာတုစေတီတည်ရာတွင် ရွှေမလောက်သဖြင့် လှူရန်
နိုးဆော်လာသော ရဟန္တာအရှင်မြတ်အား "သင်၏ဘုရားကို ရေထဲပစ်ချ၍
သာ သွားပေတော့"ဟု ရွှေပန်းတိမ်သည်ဘဝကပြောခဲ့သော အကုသိုလ်ဝစီ
ကံကြောင့် မွေးဖွားပြီးစတွင် ခုနစ်ဘဝတိုင်တိုင် ရေမျှောခံခဲ့ရသည့်အပြင် ယခု
နောက်ဆုံးဘဝ၌လည်း) မွေးဖွားပြီးစ,တွင် ရေအိုးထဲထည့်၍ ရေမျှောခံရ
သေး၏။ နောက် အရှင်မဟာကစ္စည်း မထေရ်ထံမှတစ်ဆင့် ကုန်သည်
ဒါယကာတစ်ဦးထံရောက်ပြီး အရွယ်ရောက်လျှင် အလုပ်အကိုင်ကောင်း
သောကြောင့် သမီးနှင့်ထိမ်းမြားလက်ထပ်ကာ အိမ်သီးခြားခွဲနေစေ၏။ ထို့
နောက် အိမ်တက်မင်္ဂလာပြုလုပ်သည့်အခါ ခြေတစ်ဖက်တံခါးခုံကို နင်းမိ
လျှင်ပင် ရွှေပန်းခိုင်စိုက်ထားသော ရွှေပန်းအိုးသုံးလုံးကို စေတီဌာပနာတိုက်၌
ဌာပနာ၍ ဘုရားရှင်ကို ပူဇော်ကန်တော့ကုသိုလ်ပြု၏။ အိမ်၏နောက်ပိုင်း၌
မြေကိုဖောက်ထွင်း၍ အတောင်ရှစ်ဆယ်ခန့်မြင့်သော ရွှေတောင်ကြီးပေါက်
လာ၏။ ထို့ကြောင့် ဘုရင်ကိုယ်တိုင်က သူဌေးရာထူးခန့်ထားရာ နေ့ချင်း
ညချင်းပင် "ဇဋိလသူဌေးကြီး"ဟု ကျော်ကြားလာခဲ့သည်။ ဤသည်မှာ
လည်း ကံအကျိုးပေးဆန်းကြယ်ပုံ ဖြစ်သည်။

ကာဠဝဋိလ ဇနီးမောင်နှံတို့ နိရောဓသမာပတ်မှ ထ,တော်မူလာ
သော အရှင်မဟာကဿပမထေရ်ကြီးအား ဟင်းရွက်ရော ယာဂုချဉ်အားလုံး
ကို လှူဒါန်းလိုက်သည့်ကုသိုလ်ကံကြောင့် ခုနစ်ရက်မြောက်တွင် နတ်မင်း
ကြီးများပေးသော ရွှေအိုးကြီးများကို တူးဖော်ရရှိ၍ ဓနသေဋ္ဌိသူဌေးကြီးဖြစ်
ခြင်း၊ သီရိလင်္ကာနိုင်ငံ၌ ဒေဝါနံပိယတိဿမင်းကြီး မင်းဖြစ်လျှင် အထူးထူး

သောရတနာတို့ ဖြေမှပေါ်ခြင်း၊ အဘယဒုဋ္ဌဂါမဏိမင်းကြီး ရတနာစေတီကို တည်မည်ဟုကြံလျှင် အထူးထူးသော ရတနာတို့ဖြစ်ပေါ်လာခြင်းတို့ကား ကံတရား၏ အကျိုးပေးဆန်းကြယ်ပုံများတည်း။

## သေခြင်း စသည်တို့၌ အကျိုးပေးဆန်းကြယ်ပုံ

မိမိတို့ပြုလုပ်ခဲ့ကြသည့် အတိတ်ကံများ အားသေးမေးမှိန်လာသည့် အချိန်အခါမျိုး၌ မိမိတို့ခန္ဓာကိုယ်ကို မဖျားမနာအောင် ဓာတ်ဆရာ၊ ဗိန္ဒောဆရာ၊ ဆရာဝန်စသူတို့နှင့် အမျိုးမျိုးကုသစောင့်ရှောက်သော်လည်း သေကံရောက်လာသည့်အခါ မုချသေကြရ၏။ သေကံရောက်၍ အသက်ပျောက်ချိန်စေသည့်အခါ အလမ္ပာယ်ဆရာ မြွေကိုက်၍သေရ၏။ စားပြီးသူ စားနှင့်သေရ၏၊ လုံပြီးသောသူ လုံနှင့်သေရ၏၊ သေနတ်ပြီးသောသူ သေနတ်နှင့်သေရ၏၊ ပယောဂဆရာ ပယောဂနှောင့်ယှက်၍ သေရ၏၊ ကျန်းမာရန် လမ်းလျှောက်ထွက်ရာ ကားတိုက်ခံရ၍ သေရ၏။ အယုတ်ဆုံး အားဖြင့် သမန်းမြက်ဖျားနှင့် ထိုးမိကာမျှဖြင့်လည်း သေကြရ၏။

သေကံမရောက်၊ သက်ပျောက်ချိန် မရောက်သေးပါလျှင်မူကား မြားအစင်းတစ်ရာဖြင့် ပစ်သော်လည်းကောင်း၊ လူသူမနီးသော တောကြီးထဲ ပစ်ထားသော်လည်းကောင်း သေခြင်းသို့မရောက်ချေ။ မှန်၏။ ဘုရားရှင်လက်ထက်တော်က ဃောသကသူဌေးကြီးသည် ငယ်ရွယ်စဉ်အခါက သူ့ကိုမွေးစားသော သူဌေးကြီးက သေရာသေကြောင်းကြံ၍ ၇-ကြိမ်၊ ၇-ခါ သတ်သော်လည်း သေကံမရောက် သက်မပျောက်မူ၍ နောင်သောအခါ ဃောသကသူဌေးဟူသောနာမည်ဖြင့် လွန်စွာထင်ရှားကျော်စောခြင်းသို့ ရောက်ခဲ့၏။ မြန်မာ့သမိုင်းတွင် အနော်ရထာမင်းကြီးသည် ကျန်စစ်သားမင်းအား ပဋိသန္ဓေနေချိန်မှစ၍ လူလားမြောက်လာသည့်အရွယ်အထိ မသေသေအောင် ဖန်တီးသတ်သော်ငြားလည်း ကံကောင်းထောက်မ,သဖြင့်

သေကံမရောက်၊ သက်မပျောက်ပဲ ပုဂံပြည်တွင် မင်းအဖြစ်သို့ပင် ရောက်ခဲ့ဖူးပေသည်။

သူတို့သုံးဦး

ဗုဒ္ဓရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က သာဝတ္ထိမြို့တော်၏တံခါးအနီးတွင် ဒွါရမည်သော ရွာတစ်ရွာရှိ၏။ ထိုရွာကို မီးလောင်သည့်အခါ မီးစွဲပြီး လေအဟုန်ဖြင့် ကောင်းကင်သို့လွင့်တက်သွားသော မြက်ကရွတ်ခွေတစ်ခုသည် ကောင်းကင်တွင်ပျံလာသော ကျီးတစ်ကောင်၏လည်ပင်းတွင် ဝင်စွပ်မိလေသည်။ ထိုကျီးကန်းမှာ ကျွမ်းလောင်စွာအော်မြည်ကာ မြေသို့ကျ၍ သေရရှာလေသည်။

မဟာသမုဒ္ဒရာ၌လည်း သင်္ဘောကြီးတစ်စင်းသည် ရွက်တိုက်စက်ခုတ်၍သွားနေဆဲမှာပင် ရုတ်တရက်ရပ်သွား၏။ ရွက်လည်းရ၊ စက်လည်းကောင်းလျက် သင်္ဘောကြီးရပ်တန့်သွားသည့်အချက်ကို လေ့လာရှာဖွေကြရာ မည်သည့်ချွတ်ယွင်းချက်ကိုမှ မတွေ့ကြသဖြင့် "သင်္ဘောမှာ ကံဆိုးသူပါနေပြီ"ဟုယူဆပြီး မဲချကြသည်။ စာရေးတံမဲသည် သင်္ဘောသူကြီးကတော်၏လက်၌သာ သုံးကြိမ်တိုင်တိုင်ကျလေသည်။ ထိုအခါ သင်္ဘောသူကြီးသည် မိမိမိန်းမအတွက် လူအများကို မပျက်စီးကောင်းပေဟုဆိုပြီး ထိုလှေသူကြီးကတော်၏ လည်တွင်သဲအိုးကိုချည်၍ သမုဒ္ဒရာထဲသို့ပစ်ချလိုက်စေသည်။ ထိုအခါမှသာ သင်္ဘောကြီးသည် ရေးနည်းအတိုင်း ဆက်လက်ပြေးသွားနိုင်လေတော့သည်။

ရဟန်းတော်တစ်ပါးသည် တောင်ခြေရင်းရှိ လိုဏ်တစ်ခု၌ သီတင်းသုံးနေထိုင်စဉ် အထက်မှ တောင်ထွတ်ကြီးတစ်ခုပြိုကျပြီး လိုဏ်ပေါက်ဝ ပိတ်သွားလေသည်။ ခုနစ်ရက်ကြာမှ ကျောက်ထွတ်ကြီး အလိုလိုလိမ့်သွား၍ ပွင့်လေသည်။

ထိုဆန်းကြယ်သော အဖြစ်အပျက်ကြီးသုံးခုတို့အကြောင်းကို ဇေတဝန်ကျောင်းတော်၌ ရှင်တော်မြတ်ဘုရား တရားဟောကြားတော်မူနေစဉ် လျှောက်ထားလာကြသည်။ ထိုအခါ ဘုရားရှင်သည် ထိုပုဂ္ဂိုလ်ထူး သုံးဦးတို့၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောကြားတော်မူလေသည်။

## ကျီးကန်း၊ လှေသူကြီးကတော်၊ ရဟန်းကစ်ပါး

ထိုသုံးဦးတို့တွင် ကျီးသတ္တဝါသည် ရှေးလူဖြစ်စဉ်ဘဝ၌ နွားကြမ်း ကစ်ကောင်ကို ဆုံးမ၍မရသောကြောင့် နွား၏လည်ပင်းတွင် ကောက်ရိုးစည်းကိုဖွဲ့ချည်၍ မီးတိုက်ပြီးလွှတ်လိုက်၏။ နွားကြမ်းကြီးမှာ ထိုမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးသွားရလေသည်။ ထိုအကုသိုလ်ကံဟောင်းကြောင့် ယခုကျီးဖြစ်သောဘဝတွင် ကောင်းကင်ပျံသွားစဉ်ပင် လည်ပင်းမှာ မီးကွင်းနှပ်မိပြီး သေဆုံးရခြင်းဖြစ်သည်။

လှေသူကြီးကတော်မှာလည်း ရှေးဘဝက မိန်းမတစ်ယောက်ပင် ဖြစ်သည်။ ခွေးတစ်ကောင်သည် မိမိ တောထဲသို့ ဝင်သည့်အခါ၌ဖြစ်စေ၊ ပြန်လာသည့်အခါ၌ဖြစ်စေ မိမိနောက်သို့ တကောက်ကောက်လိုက်လျက် နေသည်။ တွေ့မြင်သူများက "တို့ ခွေးမုဆိုး ထွက်လာပြီဟေ့"ဟု ပျက်ရယ်ပြုကြ၏။ မိမိခွေးကို မိမိနောက်သို့မလိုက်အောင် မည်သို့မျှမလုပ်နိုင်ချေ။ ထို့ကြောင့် ခွေး၏လည်ပင်းတွင် သဲအိုးကိုဆွဲခါ ရေထဲ၌နှစ်သတ်ခဲ့ဖူးလေသည်။ ထိုအကုသိုလ်ကံဟောင်းကြောင့် သင်္ဘောသူကြီးကတော်ဖြစ်လာချိန်တွင် ယခုကဲ့သို့ သမုဒ္ဒရာထဲတွင် သဲအိုးဆွဲ၍ ပစ်ချခံရခြင်းဖြစ်ပေသည်။

ငိုဏ်ပိတ်ခံရသောရဟန်းမှာလည်း ရှေးဘဝက နွားကျောင်းသား ဖြစ်ခဲ့ဖူးရာ ဖွတ်တစ်ကောင် တွင်းထဲဝင်သည်ကိုမြင်၍ သစ်ရွက်တို့ဖြင့် တွင်းကို ပိတ်ဆို့သွားခဲ့သည်။ ခုနစ်ရက်ကြာမှ ထိုနေရာသို့ပြန်ရောက်၍ တွင်းကို

ဖွင့်ကြည့်ရာ အစာဝတ်၍ အားပြတ်ပြီးထွက်လာသည့်ဖွတ်ကို မြင်ရ၍ သနား သဖြင့် ချမ်းသာစွာလွှတ်လိုက်သည်။ ထိုအကုသိုလ်ကံဟောင်းကြောင့် လိုဏ် ပိတ် ခုနစ်ရက်ခံရခြင်းဖြစ်ပေသည်ဟု အတိတ်ဇာတ်ကြောင်းပြန်ကာ အောက်ပါကံနှင့်ပတ်သက်၍ မှတ်သားဖွယ်တရားကို ဟောကြားတော်မူ သည်။

"မကောင်းမှုကိုပြုခဲ့သော သတ္တဝါသည် ကောင်းကင်၌ပင် တည် နေသည်ဖြစ်စေ၊ သမုဒ္ဒရာအလယ်၌ပင် တည်နေသည်ဖြစ်စေ၊ တောင်ခေါင်း တွင်းမှာပင် ဝင်အောင်းနေသည်ဖြစ်စေ ထိုပြုခဲ့သော မကောင်းမှုကံ၏ အကျိုး ပေးခြင်းမှ မလွတ်မြောက်နိုင်ပေ။ ဤသြကာသလောကတွင် မကောင်းမှုကံ ၏ အကျိုးပေးမှုမှ လွတ်မြောက်နိုင်သည့်အရပ်ဆိုသည်မှာ လုံးဝမရှိပါချေ။ (အဘိ၊ ၄၊ ၁၊ ၁၃၁၃)။

သေကံမရောက် သက်မပျောက်သူ နှစ်ဦး

ကံအကျိုးပေးဆန်းကြယ်ပုံကို မျက်မှောက်ခေတ် အဖြစ်အပျက် များဖြင့် ဆက်လက်တင်ပြပါဦးမည်။ လွန်ခဲ့သည့် ၁၉၈၀ ပြည့်နှစ်လောက်က မြန်မာနိုင်ငံအထက်ပိုင်း မြို့ကြီးတစ်မြို့တွင် အသက် ၁၈ နှစ်အရွယ် အမျိုး သမီးငယ်တစ်ဦးမှာ ကိစ္စတစ်ခုဖြင့် ကားလမ်းမကြီးဘေးမှ လမ်းလျှောက် လာပါသည်။ ထိုအချိန်တွင် လော်လီကားကြီးတစ်စီးမှာ ထိုကလေးမနောက် မှ သူသွားသည့်လမ်းဘက်သို့ပင် ဦးတည်မောင်းနှင်လာရာ ထိုကလေးမ လေးနှင့် ပေ ၄၀ ကွာခန့်အရောက်တွင် စတီယာရင်ချွတ်ယွင်းသွားပြီး ထို ကလေးမလေးရှိရာဘက်သို့ ထိုးသွားနေသည်။ ထိုသို့ကားကြီး မိမိဘက်သို့ လာနေသည်ကိုမူ ကလေးမလေးမှာ နောက်ပြန်ဖြစ်နေ၍ မသိပေချေ။ သို့ သော် အနီးမှအမျိုးသားကြီးတစ်ဦးက တွေ့နေသဖြင့် အလျင်အမြန်ပြေးသွား ပြီး ထိုကလေးမလေးကို ဘေးသို့တွန်းလိုက်ရာ ကလေးမလေးမှာလွဲဘက်သွား

ပြီး အမျိုးသားကြီးမှာ ထိုကားကြီးတိုက်မိ၍ ကွယ်လွန်သွားရရှာလေသည်။

ထို့အတူ ထိုအဖြစ်အပျက်ဖြစ်ပြီး နောက်တစ်နှစ်တွင် မွန်ပြည်နယ်၊ အပေါင်မြို့အနီး ဇင်းကျိုက်ရွာကလေးတွင် ကလေးမိခင်တစ်ဦးသည် ကားလမ်းမတွင် ကားလာနေစဉ် လမ်းဖြတ်ကူးသည့် သားငယ်ကလေးအား ကားတိုက်မိမည်စိုးသောကြောင့် နောက်မှလိုက်၍ဖမ်းရာ သားငယ်ကလေးမှာ လွတ်မြောက်သွားပြီး မိခင်ဖြစ်သူမှာ ကားတိုက်ခံရ၍သေဆုံးရရှာသည်။ ဤအဖြစ်အပျက်နှစ်ခုတို့၌ လော်လီကားကြီးတိုက်မိမည့်ဘေးမှ လွတ်မြောက်သွားသည့် အမျိုးသမီးငယ်နှင့် ကားလမ်းမကို ဖြတ်ပြေးလွတ်မြောက်သွားသော ကလေးငယ်တို့နှစ်ဦးမှာ သေကံမရောက် သက်မပျောက်သူတို့ဖြစ်ကြသော်လည်း အမျိုးသမီးငယ်ကိုကယ်ဆယ်သူ အမျိုးသားကြီးနှင့် သားကားတိုက်ခံရမည်စိုး၍ သားကိုလိုက်ဖမ်းသူ မိခင်တို့မှာမူ သေကံ ရောက်၍ အသက်ပျောက်ကြသူများ ဖြစ်ကြသည်ဟု ဆိုရမည်ဖြစ်သည်။

အမိနိုင်ငံ ပြန်လိုသည့် သင်္ဘောသား

ထို့အပြင် လွန်ခဲ့သည့်ဆယ်နှစ်ကျော်ခန့်က မြန်မာသူငယ်ချင်းနှစ်ယောက်တို့သည် နိုင်ငံခြားသင်္ဘောကုမ္ပဏီတစ်ခုစီတွင် သင်္ဘောသားများအဖြစ် ဝင်ရောက်အမှုထမ်းနေကြပါသည်။ ထိုနှစ်ယောက်အနက် တစ်ယောက်မှာ မြန်မာနိုင်ငံရှိမိဘများထံသို့ ကားတစ်စီးတင်ပို့လိုက်ရာ မိဘများထံသို့ ကားရောက်ရှိနေပြီဖြစ်ပါသည်။ ထိုအချိန်တွင် သူငယ်ချင်းနှစ်ယောက်တို့ အမှုထမ်းကြသည့် သင်္ဘောနှစ်စင်းမှာ စင်ကာပူနိုင်ငံတွင် ဆုံမိကြပါသည်။ မိဘများထံသို့ ကားပို့ထားသည့်သင်္ဘောသား အမှုထမ်းသည့် သင်္ဘောမှာ အခြားနိုင်ငံသို့ ဆက်လက်ထွက်ခွာရမည်ဖြစ်၍ သူငယ်ချင်း၏ သင်္ဘောမှာ မြန်မာနိုင်ငံသို့ ထွက်ခွာရမည်ဖြစ်ပါသည်။ ထို့ကြောင့် မိဘများထံ ကားပို့ထားသည့်သင်္ဘောသားကလေးမှာ ကားနှင့်ပတ်သက်သည့် စိမ်

စရာကိစ္စများကို မိဘများထံ ပြန်စိမ့်လိုသဖြင့် မိမိသူငယ်ချင်းကို တောင်းပန်ကာ သင်္ဘောအရာရှိများ၏ သဘောတူညီချက်ကိုရယူ၍ နေရာချင်း လဲလှယ်လိုက်ကြပါသည်။

သို့ဖြင့် မိဘများထံ ကားပို့ထားသည့် မြန်မာသင်္ဘောသားကလေးမှာ ဝမ်းပန်းတသာ မြန်မာနိုင်ငံသို့ ထွက်ခွာလာသည့်သင်္ဘောတွင် စီးနင်းလိုက်ပါလာပါသည်။ ကံမကောင်း အကြောင်းမလှချင်တော့ ထိုသင်္ဘောကြီးမှာ မြန်မာနိုင်ငံသို့မရောက်မီ လေမုန်တိုင်းဒဏ်ကြောင့် သမုဒ္ဒရာထဲတွင် နစ်မြုပ်သွားလေရာ ထိုမြန်မာသင်္ဘောသားကလေးမှာလည်း အခြားသင်္ဘောသားအများစုနှင့်အတူ ပျက်စီးသေဆုံးသွားရရှာပါသည်။ သေကံမရောက်သောသူငယ်ချင်းမှာ ဘေးကင်းသည့်သင်္ဘောကို ပြောင်းစီးမိသော်လည်း ထိုသင်္ဘောသားကလေးမှာ "သေချင်တဲ့ကျား တောပြောင်း" ဆိုသကဲ့သို့ သေကံရောက်နေပြီဖြစ်၍ နစ်မြုပ်မည့်သင်္ဘောကို ပြောင်းစီးရခြင်းဖြစ်ပေသည်။ ကံတရားကား အကျိုးပေး ဆန်းကြယ်လှပေစွတကား။

လက်မှတ် မရမက ဝယ်သော ဘုန်းတော်ကြီး

ဒုတိယကမ္ဘာစစ်မီးကြီး ငြိမ်းပြီးစကာလ၌ ထားဝယ်မြို့သားကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးသည် ညောင်တုန်းမြို့ ရွှေဟသာ်တောရတိုက်၊ ကျေးဇူးရှင်ဆရာသမားများထံသို့ အဖူးမြော်လာခဲ့ပါသည်။ ထို ဘုန်းတော်ကြီးသည် ထားဝယ်မြို့သို့အပြန်တွင် ထားဝယ်မြို့သို့ဝင်သည့် "အဒမ်မဆင်"ခေါ် ခရီးသည်တင်သင်္ဘောကြီးနှင့်လိုက်ပါရန် သင်္ဘောလက်မှတ်သွားယူပါသည်။ လက်မှတ်အရောင်းဌာန မန်နေဂျာက သင်္ဘောလက်မှတ်ကုန်သွားပြီဖြစ်ကြောင်း လျှောက်ထားရာ ဘုန်းတော်ကြီးက သင်္ဘောလက်မှတ်ရအောင် စီစဉ်ပေးဖို့ အတန်တန်တောင်းပန်သည်။ မန်နေဂျာက "အရှင်ဘုရား၊ သိပ်လိုက်ချင်နေလျှင် မနက်ဖြန် နံနက်စောစော တစ်ခေါက်လာ

ကြည့်ပါ၊ ကံကောင်းလျှင် အရှင်ဘုရား လက်မှတ်ရမှာပဲ"ဟု ပြန်လျှောက်ထားလိုက်သည်။

မန်နေဂျာပြောသည့်အတိုင်း နောက်တစ်နေ့ နံနက်စောစော တစ်ခေါက်သွားရာ အခြားပျက်ကွက်သူ၏လက်မှတ်ကိုရရှိ၍ ထိုအဒမ်မဆင်သင်္ဘောကြီးဖြင့် ထားဝယ်သို့ပြန်ခဲ့သည်။ အဒမ်မဆင်သင်္ဘောကြီးကား ထားဝယ်သို့ဝင်ခါနီးတွင် ညအချိန် နစ်မြုပ်သွားလေရာ ထိုဘုန်းတော်ကြီးမှာလည်း ခရီးသည်ပေါင်းများစွာနှင့်အတူ ပျံလွန်တော်မူရရှာသည်။ လက်မှတ်အရောင်းဌာန မန်နေဂျာပြောလိုက်သည့် "ကံကောင်းလျှင်" ဆိုသောစကားမှာ ကံအကျိုးပေးဆန်းကြယ်မှုကြောင့် ထိုဘုန်းတော်ကြီးအတွက် ပြောင်းပြန်ဖြစ်သွားရပေသည်။ အမှန်စင်စစ် ကံကောင်းသူကား လက်မှတ်ပျက်ကွက်သူသာ ဖြစ်ပေသည်။

ထို့ပြင် ကူးတို့သင်္ဘောစီးလက်မှတ်ယူပြီးမှ ခရီးသည်များလွန်း၍ ပြန်လည်ဆင်းနေခဲ့သဖြင့် ကူးတို့သင်္ဘောနစ်မြုပ်ရာတွင်မပါပဲ ကျန်နေသူများရှိသကဲ့သို့ လေယာဉ်လက်မှတ်ယူပြီးမှ အချိန်မီမရောက်လာသဖြင့် ကျန်ရစ်ခဲ့ရာ ထိုလေယာဉ်ပျက်ကျရာတွင် မပါဝင်ပဲ အသက်ရှင်သူများလည်း ရှိပေသည်။

ဤသို့လျှင် ကံအကျိုးပေးကား မကြံစည်နိုင်လောက်အောင်ပင် ဆန်းကြယ်လှပေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားက–"ရဟန်းတို့၊ ကြံစည်၍မရနိုင်သော (၀ါ) မကြံစည်သင့်၊ မကြံစည်ထိုက်သော ကံတရား၏အကျိုးပေးပုံကို မကြံစည်ထိုက်၊ ထိုကံအကျိုးပေးပုံကို ကြံစည်စဉ်းစားသောသူသည် ရူးသွပ်ရုံ၊ ပင်ပန်းဆင်းရဲရုံမှတစ်ပါး အကျိုးမရှိ"ဟု စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် အစိန္တေယျသုတ်၌ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

# အခန်း ( ၇ )

## စေတနာမပါ၊ ကံမဖြစ်

ရှေ့ပိုင်းတွင် စေတနာကို ကံဟုခေါ်ပုံ၊ သဟဇာတကံ၊ နာနာက္ခဏိက ကံ ၂ မျိုးရှိပုံတို့ကို တင်ပြခဲ့ပြီးလေပြီ။ "စေတနာမပါ၊ ကံမဖြစ်" ဆိုရာ၌ အကျိုးတရားနှင့်အတူဖြစ်သော သဟဇာတကံမဖြစ်ဟု မဆိုလို၊ သဟဇာတကံမှာတော့ အမြဲတမ်းဖြစ်၏။ နောင်တွင် အကျိုးပေးမည့် နာနာက္ခဏိကကံ မဖြစ်သည်ကိုသာ ဆိုလိုခြင်းဖြစ်သည်။

လောက၌ တစ်ခုတစ်ခုသော ကိုယ်မှု၊ နှုတ်မှုတို့ကို ပြုလုပ်ပြောဆိုရာတို့တွင် စေတနာပါမှု မပါမှုသာ လိုရင်းပဓာနဖြစ်ပေသည်။ စေတနာပါမှ ကံဖြစ်၏။ စေတနာမပါလျှင် ကံမဖြစ်ချေ။ သက်သေသာဓက ထုတ်ပြဦးအံ့။ မျက်စိနှစ်ကွင်း အလင်းမရရှာသော စက္ခုပါလခေါ် ရဟန္တာမထေရ်မြတ်သည် မိုးရွာပြီးစ နံနက်စောစောထ၍ စင်္ကြံကြွတော်မူရာ ပိုးကောင်ကလေးများစွာကို နင်းမိသဖြင့် ပိုးကောင်အမြောက်အမြား သေကြေပျက်စီးကြရ၏။ သို့သော် မြတ်စွာဘုရားက "ရဟန္တာပုဂ္ဂိုလ်တို့အား သူတစ်ပါးတို့ကို သေစေလိုသော စေတနာမရှိသဖြင့် အပြစ်မဖြစ်၊ ပါဏာတိပါတ အကုသိုလ်ကံ

မဖြစ်"ဟု မိန့်တော်မူသည်ကို ဓမ္မပဒအဋ္ဌကထာ၌တွေ့ရ၏။

ထို့အတူ လမ်းလျှောက်သွားသောအခါတို့၌ လမ်းပေါ်မှာ ရှိနေကြသော ပိုးရွ ခြပုန်း၊ ပုရွက်ဆိတ်စသော သတ္တဝါကလေးများ သေကြေပျက်စီးသွားလျှင်လည်း နင်းသူမှာ သေစေလိုသောစေတနာ မရှိသည့်အတွက် အကုသိုလ်ကံမဖြစ်ပေ။

## သောတာပန် မုဆိုးကတော်ကြီး

ထို့ပြင် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သောတာပန်အရိယာဖြစ်သူ အမျိုးသမီးတစ်ဦးသည် မုဆိုးကြီးတစ်ယောက်နှင့် သင့်မြတ်ကာ အတူနေထိုင်ကြသည်။ ထိုအမျိုးသမီးသည် ခင်ပွန်းဖြစ်သူ မုဆိုးကြီးစေခိုင်းသမျှ လေး၊ မြား၊ လှံ၊ ပိုက်၊ ကွန် စသည်တို့ကို ယူဆောင်ပေးရသည်။ ဇနီးသည်ယူဆောင်ပေးသော လေး၊ မြား စသည်ဖြင့်တော သတ္တဝါတို့၏အသက်ကို သတ်ဖြတ်သည်။ သို့ရာတွင် ဇနီးဖြစ်သူမှာ "သတ္တဝါတို့ကို သတ်ဖြတ်ပါစေ" ဟူသောရည်ရွယ်ချက်ဖြင့် လေး၊ မြားစသည်တို့ကို ယူဆောင်ပေးသည်မဟုတ်။ သောတာပန်အရိယာဖြစ်၍ သတ္တဝါတို့အား သေစေလိုသောစေတနာလည်းမရှိ။ ခင်ပွန်းသည်၏စကားကို လိုက်နာသောအားဖြင့်သာ ယူဆောင်ပေးရခြင်း ဖြစ်သည်။ ထို့ကြောင့် သေစေလိုသော စေတနာကင်းသော မုဆိုးကတော်ကြီးအား ပါဏာတိပါတကံ မဖြစ်ပေ။ ဥပမာ လက်၌အနာမရှိက အဆိပ်ကိုကိုင်သော်လည်း အဆိပ်မသင့်သကဲ့သို့ဖြစ်သည်ဟု ဓမ္မပဒအဋ္ဌကထာ၊ ကုက္ကုဋမိတ္တ မုဆိုးကြီးဝတ္ထု၌ မိန့်ဆိုထား၏။

## တယ်ခါ၊ တယ်ကြက်များ

ထို့အတူ တတ္တိရဇာတ်တော်၌လည်း ဒီပကခေါ် တယ်"ခါ"က

လေးက "ငါတို့ဆွေမျိုးရှိတယ်ဆိုပြီး ကျွန်ုပ်ထံ ခါအပေါင်းတို့လာရောက်ကြ ရာ မုဆိုးလက်တွင်းသို့ သူတို့ သက်ဆင်းကျရောက်ရာကြရတယ်၊ ဒီအမှု၌ ကျွန်ုပ်မှာ အပြစ်များဖြစ်လေသလားဟု ယုံမှားသံသယဖြစ်မိပါတယ်"ဟု ဘုရားလောင်းရသေ့ကို လျှောက်ထား၏။ ထိုအခါ ရသေ့က "ခါငှက်တွေ ဟာ ငါ့အသံနှင့်အဆင်းတို့ကြောင့် လာရောက်ကြ၍ အဖမ်းခံကြရပါစေ၊ အသတ်ခံကြရပါစေ" ဆိုတဲ့စိတ်ထားမျိုး သင့်မှာရှိသလားဟုမေးရာ "မရှိပါ ဘုရား"ဟု ခါကလျှောက်ထား၏။ ထိုအခါ ရသေ့က "သေစေလိုသော စေတနာရှိမှသာ မကောင်းမှုကံဖြစ်ပါတယ်၊ အကယ်၍ သင့်မှာသေစေလို သော စိတ်စေတနာ မရှိရိုးမှန်ပါက မကောင်းမှု အကုသိုလ်ကံမဖြစ်ပါ"ဟု အဆုံးအဖြတ်ပေးဖူးသည်ကို တွေ့ရ၏။ ထို့ကြောင့် မုဆိုးစေခိုင်းမှုကြောင့် တွန်သံပေးကြရသော တယ်ခါ၊ တယ်ကြက်စသော ငှက်တို့မှာလည်း သေ စေလိုသော စေတနာမရှိသောကြောင့် ပါဏာတိပါတကံ မဖြစ်ပါချေ။

မိခင်ကြီးစကားကို နားမထောင်ဘဲ တောထဲထွက်ခွာသွားသော သားငယ်ကို ကျွဲမကြီးခတ်၍သေပါစေဟု ကျိန်ဆဲသော မိခင်၏စကား သည် လည်းကောင်း၊ အကျိုးလိုလားမှုဖြင့် တပည့်သားသမီးတို့ကို ကြမ်း တမ်းစွာ ငေါက်ငမ်းဆဲဆိုကြိမ်းမောင်းကြသော ဆရာမိဘစသူတို့၏စကား သည် လည်းကောင်း နှုတ်ထွက်ပင် ကြမ်းတမ်းသော်လည်း စိတ်စေတနာက နူးညံ့သောကြောင့် ဖရုသဝါစာမဖြစ်ဟု ကျမ်းဂန်များ၌ပြဆိုထားပေသည်။ သို့ရာတွင် ဤသူကို ချမ်းသာစွာအိပ်ပါစေဟု ပြုံးရွှင်စွာ သတ်မိန့်ချသော တရားသူကြီး၏စကားသည် နှုတ်ထွက်ပင်နူးညံ့စေကာမူ စိတ်စေတနာ ကြမ်းတမ်းသောကြောင့်၊ တစ်နည်း သေစေလိုသော စိတ်စေတနာပါရှိသော ကြောင့် ဖရုသဝါစာဖြစ်သည်ဟု အဋ္ဌသာလိနီအဋ္ဌကထာစသော အဋ္ဌက ထာကျမ်းကြီးများ၌ဖွင့်ဆိုထားကြ၏။

ကြမ်းကြမ်းပြောဆိုသော ရဟန္တာ

ကြမ်းကြမ်းတမ်းတမ်းပြောဆိုလေ့ရှိသော ပိလိန္ဒဝစ္ဆ ရဟန္တာအရှင်မြတ်သည် သူတစ်ပါးကို သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိသော ပုဏ္ဏားမျိုး၌ ဘဝငါးရာပတ်လုံး အဆက်ဆက်ဖြစ်ခဲ့ဖူးသောကြောင့် တွေ့မြင်သူတိုင်းကို သူယုတ်, သူယုတ်(ဝသလ၊ ဝသလ)ဟု ပြောဆိုလေ့ရှိသည်။ ထိုအကြောင်းကို ဘုရားရှင်ထံလျှောက်ထားကြရာ အရိယာပုဂ္ဂိုလ်တို့မည်သည် သူတစ်ပါးကို ထိပါးပုတ်ခတ် ကဲ့ရဲ့ရှုတ်ချလိုသော စိတ်စေတနာတို့ဖြင့် ရန့်ရင်းကြမ်းတမ်းသောစကားကို မပြောဆိုကြ၊ အရိယာပုဂ္ဂိုလ်တို့အား ယုတ်မာကြမ်းတမ်းသော စေတနာမည်သည် မရှိ။ ပိလိန္ဒဝစ္ဆ မထေရ်သည် ဘဝအဆက်ဆက်က အထုံဝါသနာပါလာခဲ့၍ ဝါသနာအလျောက် ပြောဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ဖရုသဝါစာမဖြစ်"ဟု ဘုရားရှင်မိန့်တော်မူသည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့၌ ဖွင့်ဆိုထား၏။ (ရဟန္တာတို့မှာ ကိလေသာအားလုံးကို အကြွင်းမဲ့ပယ်သော်လည်း ဝါသနာကျန်သေးသည်)

ထို့ကြောင့် ကျေးရှူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက–

"မှန်စွာအပုတ်၊ ကျမ်းလာထုတ်ပိမ့်၊ ကိုယ်နှုတ်နှစ်ဖြာ၊ ပြုကျင့်ရာ၌၊ စေတနာပါမှ၊ အပုညနှင့်၊ ပုညစင်စစ်၊ ကံဟုဖြစ်၏၊ သားချစ်မှတ်ရာ၊ တိမ်ညင်ခါနှင့်၊ သောတာပန်မှ၊ လုဒ္ဒကမျိုး၊ မုဆိုးကတော်၊ ထုတ်ဖော်အတိတ်၊ အာဂုံဟိတ်ဖြင့်၊ စိတ်စေတနာ၊ ကင်းမပါက၊ အနာမဲ့လက်၊ ဆိပ်မတက်သို့၊ သူ့သက်တစိ၊ သေတုံဘိလည်း၊ ပါဏာတိပါတော၊ ဖြစ်မဟောဘူး" ဟု ကျမ်းဂန်နှင့်အညီ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ဤကဲ့သို့ အကုသိုလ်ကိုယ်မှု, နှုတ်မှုတို့ကို ပြုကြရာ၌ စေတနာမပါလျှင် မကောင်းမှု အကုသိုလ်ကံမဖြစ်၊ အပြစ်မရှိချေ။ ထို့အတူ ကုသိုလ်အရာ၌လည်း စေတနာ မပါလျှင် ကံမဖြစ်ပုံကို နည်းမှီသိရမည်။

အိပ်မက်စေတနာ

အိပ်မက်ထဲတွင် ဘုရားဖူးရသည်၊ တရားနာရသည်၊ အလှူဒါနပြုရသည်၊ သူ့အသက်သတ်ရသည်၊ သူ့ဥစ္စာခိုးရသည်၊ လိမ်ညာပြောကြားရသည် စသည်ဖြင့် မြင်မက်သောသူတို့၏ ကုသိုလ်အိပ်မက်စေတနာ၊ အကုသိုလ်အိပ်မက်စေတနာတို့သည် အာရုံထင်လာမှုအားနည်းသောကြောင့် ပဋိသန္ဓေကျိုးကို မပေးစွမ်းနိုင်။ တစ်ပါးသော ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာတို့၏ ထောက်ပံ့ကူညီမှုကိုရပါမှ ပဝတ္တိကျိုးကိုကားပေးစွမ်းနိုင်သည်ဟုသမ္မောဟဝိနောဒနီအဋ္ဌကထာစသည်တို့၌လာရှိပေသည်။

မိဘ လင်သားစေတနာ

မိဘနှစ်ပါးတို့က သားသမီးများအား လုပ်ကျွေးပြုစုသောစေတနာနှင့် ခင်ပွန်းသည်ယောကျ်ားတို့က ဇနီးမယားတို့အား လုပ်ကျွေးပြုစုသော စေတနာတို့သည်လည်း ကုသိုလ်စေတနာများဖြစ်၍ ကောင်းကျိုးကို ပေးနိုင်သည်။ ထိုစေတနာမျိုးကို မဆိုထားဘိ၊ ထိုသူတို့အချင်းချင်း ချစ်ခင်ကြသော မေတ္တာပါသည့်စေတနာသည်ပင် တစ်ဆင့်ထက်တစ်ဆင့် ရင့်စေ၍ စကြဝတေးမင်းအဖြစ်တိုင်အောင် အကျိုးပေးနိုင်ကြောင်း မာတုဂုဏသုတ်၌-

"သင်တို့သည် သားသမီးတို့ကို ချစ်ခင်ကြကုန်၏။ ခင်ပွန်းသည်လင်ယောကျ်ားတို့အား ကြင်ရာသက်ထား ဇနီးမယားတို့က ချစ်ခင်ကြ၏။ လင်ယောကျ်ားတို့ကလည်း ဇနီးမယားတို့အား ချစ်ခင်ကြ၏။ မေတ္တာ၏အစွမ်းအားဖြင့် ထိုချစ်ခင်ကြခြင်းသည် စကြဝတေးမင်း၏အဖြစ်ကို ပြုတတ်၏"ဟု ဟောတော်မူသည်။

သားမယားတို့အား ချစ်ခင်ခြင်းသည် တဏှာအားဖြင့် ချစ်ခြင်း၊ မေတ္တာအားဖြင့် ချစ်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ငါ့အား ခြေဆုပ်လက်နယ်ပြုခြင်း၊ ယပ်ခပ်ပေးခြင်း၊ ကျွေးမွေးခြင်း၊ နာရေးဖျားတာပြုစုခြင်း၊

ကောင်းမှုပြုရာ ညီညာခြင်း၊ ဥစ္စာကို ထိန်းသိမ်းခြင်း စသောအမှုကို ပြုပေသည်ဟု ဂုဏ်ကျေးဇူးကို အောက်မေ့၍ ချစ်ခြင်းသည် မေတ္တာအားဖြင့် ချစ်ခြင်းမည်၏။ ထိုမေတ္တာသည် မဟာကုသိုလ်ပင်ဖြစ်ရကား မြတ်သောအကျိုးကို ပေး၏ဟု မနောရထပူရဏီကျမ်း ၁၅၇ ၌ ဆုံးဖြတ်ထားပေသည်။

## စိတ်ကူးစဉ်းစား(မနောကံ)စေတနာတရား

ရှေးလွန်လေပြီးသော ဘဝတစ်ခုတွင် ကျွန်ုပ်တို့ဘုရားအလောင်းတော်သည် "တိလောကဝိဇယ"မည်သော စကြာမင်းဖြစ်ခဲ့ဖူး၏။ ထိုမင်းသည် သံဃာတော်များနှင့်တကွ ရှေးဘုရားရှင်တို့ကိုလည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း စိတ်ထဲ၌ထင်မြင်လာအောင် စိတ်ကူး၏။ စိတ်ကူးသည့်အတိုင်း ထင်လာသောဘုရားရှင်ကို လက်အုပ်ချီလျက် နှစ်သက်ကြည်ညိုရှိသေစွာ ရှိခိုးဦးချ၏။

ထိုမျှဖြင့် အားမရသေးဘဲ ရတနာမျိုးစုံခြယ်လှယ်ထားသော "ဝေဇယန္တာ"မည်သော ရတနာဗိမာန်ပြာသာဒ်တော်ကြီးကို အထပ်ပေါင်းများစွာ ဆင့်လျက် စိတ်ကူးဖြင့်ဖန်ဆင်းလိုက်၏။ ထိုဗိမာန်ကြီးဝယ် တင့်တယ်သားနားသော အခင်းအမျိုးမျိုးကိုလည်း စိတ်ကူးဖြင့်ခင်းထား၏။ ရေပြည့်အိုး၊ ပန်းပြည့်ရေတကောင်းများကိုလည်း သူ့နေရာနှင့်သူတည်ထား၏။ ထို့နောက် မိမိ၏ပင့်ဖိတ်ချက်အရ ကျယ်ပြန့်သောတံခါးကြီးများမှ နောက်ပါသံဃာတော်များနှင့်တကွ ဘုရားရှင်များနှင့်ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ကြွတော်မူလာကြ၍ ပလ္လင်များဝယ် အသီးသီးထိုင်နေတော်မူပုံကို စိတ်ကူးလေသည်။

ထို့နောက် လူ့ပြည် နတ်ပြည်၌ရှိသမျှ အထည်ကောင်းတို့ကို စုပေါင်းဆောင်ယူလျက် ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသံဃာတော်တို့အား ၃–ထည်စီသော (တိစီဝရိတ်)ကိုလှူဒါန်း၍ မွန်မြတ်သော ခဲဖွယ်ဘော

ဇဉ်ချိုး ချဉ်အရသာ အဖြာဖြာတို့ဖြင့် သပိတ်အသီးသီးသို့အပြည့်ထည့်၍ ဆက်ကပ်ပုံနေကို စိတ်ကူးပြန်သည်။ ဆွမ်းဘုဉ်းပေးပြီးကြသောအခါ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ သံဃာတော်တို့ ဗိမာန်ကြီးရှိ ရဟနာတိုက်ခန်းများသို့ အသီးသီးဝင်ကာ ခေတ္တမျှ ကိန်းအောင်းတော်မူကြပြီးနောက် ကိန်းအောင်းရာမှထ၍ တချို့က ဈာန်ဝင်စားနေပုံ၊ တချို့က ပြဿနာမေးပုံ၊ ဖြေပုံတို့ကို စိတ်ကူးလေသည်။

ဘုရား၊ ပစ္စေကာ၊ အရိယာ သံဃာတော်တို့သည် ဈာန်ဝင်စားမှုစသော အလိုတော်ရှိရာကိစ္စဖြင့် မွေ့လျော်တော်မူနေကြစဉ် ထိုအရှင်မြတ်တို့၏ အထက်တွင် ရတနာထီးဖြူများ ဆောင်းမိုးလျက် မွှေးကြိုင်သော ပန်းမျက်နှာကြက်တွေ ကဝေဝေနှင့် ထီးဖြူကြီးများ၏ပတ်ပန်းကျင်ဝယ် နီမြန်းသော ဖာပန်းတွေ တွဲလျားကျနေပုံ၊ ရတနာဗိမာန်၏ အရပ်လေးမျက်နှာတို့၌ ကြာမျိုးငါးပါးဖြင့် တင့်တယ်သောရေကန်ကြီးများတည်နေပုံ၊ ပတ်ဝန်းကျင်ရှိ ပန်းဥယျာဉ်၏ပန်းပင်များမှ ပန်းဝတ်မှုန်တို့သည် အထက်သို့လွင့်တက်ကာ ဗိမာန်တော်ကြီးကို လွှမ်းဖုံးနေပုံ၊ ရွှေခုံများပေါ်၌ ရောင်စုံ မီးတိုင်များကို စကြဝဠာအနံ့စိုက်၍ ညှိထွန်းထားပုံ၊ သစ်ပင်များနှင့် တောင်ထိပ်တိုင်း၌ အလံတလူလူ စိုက်ထူထားပုံတို့ကိုပါ စိတ်ကူးလေသည်။

ထိုမျှလောက် ကြည်နူးဖွယ်ကောင်းသော ဗိမာန်တော်ကြီး၏အနီးအပါး၌ သိဆိုတတ်၊ က,တတ်သူတို့သည်လည်း မနေနိုင်၊ မထိုင်နိုင် ပျော်မြူး၍ ကြည်နူးသောစိတ်ဖြင့် က,ကြ၊ သိဆိုကြ၊ တီးမှုတ်ကြပုံ၊ လူ၊ နတ်၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ မကျန် သူတော်ကောင်း မှန်သမျှလည်း အသီးသီးလက်အုပ်ချီကာ အရိယာတို့သီတင်းသုံးရာ ထိုဗိမာန်အနီးသို့ ချဉ်းကပ်လာကြပုံ၊ ထိုပရိသတ်အား စကြာမင်းကြီးက မိမိ ပြုလုပ်သော ကုသိုလ်၏အဖို့ကို အမျှဝေစကားပြောကြားနေပုံ၊ ဤနေရာသို့ မရောက်လာသေးသူတို့အား နတ်များကတစ်ဆင့်ပြောပြနေပုံတို့ကိုပါ စိတ်

ကူးလေသည်။

စိတ်ကူးများ၏ အကျိုးတရားများ

ထိုကဲ့သို့ အလှူဒါနကြီးကို စိတ်ကူးဖြင့်ပေးလှူသော စကြာမင်းကြီးသည် နတ်ရွာစံသောအခါ ထိုစိတ်ကူးစေတနာ မနောကံကောင်းမှုကြောင့် တာဝတိံသာ၌ဖြစ်ရသည်။ နတ်ပြည်မှ လူ့ပြည်သို့လည်းကောင်း၊ လူ့ပြည်မှ နတ်ပြည်သို့လည်းကောင်း စုတေရွှေ့ပြောင်း၍ ဖြစ်လေရာ၌ ပညာအရည်အချင်း၊ ရုပ်အဆင်းအားဖြင့် နတ်ချင်းလည်းသာလွန် လူချင်းလည်း သာလွန်သည်သာဖြစ်ခဲ့ရလေသည်ဟု ဗုဒ္ဓအပဒါန်ပါဠိတော်၌ ဟောကြားတော်မူထားသည်ကို တွေ့ရ၏။

ဤဘုရားဟော "တိလောကဝိဇယ စကြာမင်းကြီး" ဝတ္ထုတော်အရ ပစ္စည်းဝတ္ထုမပါ၊ ဗလာစိတ်ကူး(မနောကံ) စေတနာထူးသက်သက်မျှကြောင့်လည်း အကျိုးတရားများစွာ ခံစားရကြောင်းကို အထူးမှတ်သားကြရန်ဖြစ်သည်။ ဤသို့ တကယ်ကိုယ်ထိလက်ရောက်မှု လုံးဝမပြုဘဲ စိတ်ကူးဖြင့်လှူဒါန်းခြင်း၊ ကုသိုလ်ဖြစ်စရာအာရုံများ စိတ်ကူးဖြင့်ဖန်တီး၍ အာရုံပြုခြင်း၊ ကုသိုလ်တို့၏ အကျိုးပေးခြင်းမှာလည်း ကံတရား၏ဆန်းကြယ်ပုံဖြစ်သည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာက "စုန္ဒ–ကုသိုလ်တရားတို့၌ စိတ်ဖြစ်ရုံမျှကိုသော်လည်း များသောကျေးဇူးရှိသည်ကို ငါဘုရား ဟောကြားတော်မူ၏။ (စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ)ဟု မူလပဏ္ဏာသပါဠိတော်၊ သလ္လေခသုတ်၌ ဟောကြားထားသည်ကိုလည်း အထူးမှတ်သားရန် ဖြစ်ပေသည်။

ကံဟာရားနှင့် စေတနာသုံးပါး

လှူဒါန်းပေးကမ်းခြင်း ဒါနအရာ၊ သီလဆောက်တည်ခြင်း သီလ

အရာ စသည်တို့၌ စေတနာသုံးမျိုးရှိသည်။ ထိုစေတနာသုံးမျိုးကိုပင် ကံသုံးမျိုးဟု ခေါ်သည်။ ထိုစေတနာသုံးမျိုးမှာ–

၁။ ပုဗ္ဗစေတနာ (မလှူမီ ရှေ့အဖို့၌ဖြစ်သောစေတနာ)။

၂။ မုဥ္စစေတနာ (လှူဆဲကာလ၌ဖြစ်သောစေတနာ)။

၃။ အပရစေတနာ (လှူပြီးနောက်ကာလ၌ဖြစ်သောစေတနာ)။

တို့ဖြစ်သည်။

ထို့တွင် လှူဒါန်းပေးကမ်းမည်ဟု ကြံစည်သည်မှစ၍ (ဝါ) လှူဖွယ်ဝတ္ထုမရှိသေးလျှင် လှူဖွယ်ဝတ္ထုကို ရှာဖွေစုဆောင်းသည်မှစ၍ "လှူပါ၏"ဟုမဆိုမီ မစွန့်လွှတ်၊ မဆက်ကပ်မီ ရှေ့အဖို့၌ ဒါနနှင့်ဆက်သွယ်၍ ဒွါရသုံးပါးလုံး (ကိုယ်, နှုတ်, စိတ်)၌ ဖြစ်ဖြစ်သမျှ ကုသိုလ်စေတနာများကို "ပုဗ္ဗစေတနာ"ဟု ခေါ်သည်။ မဆက်ကပ် မလှူဒါန်းမီ ရှေ့အဖို့၌ဖြစ်သော်လည်း ဒါနကိစ္စနှင့် မဆက်သွယ်ဘဲ အခြားကိစ္စအတွက်ဖြစ်သော စေတနာများကိုမူ ပုဗ္ဗစေတနာဟု မခေါ်ရချေ။ (ပုဗ္ဗ=မလှူမီ ရှေ့အဖို့၌ဖြစ်သော + စေတနာ=စေတနာ)။

မုဥ္စစေတနာဆိုသည်မှာ အလှူခံပုဂ္ဂိုလ်၏လက်သို့ အလှူဝတ္ထုကို "လှူဒါန်းပါ၏"ဟုလျှောက်ဆဲ ဆက်ကပ်ပေးကမ်းဆဲ၊ စွန့်လွှတ်လှူဒါန်းဆဲ အခိုက်မှာဖြစ်သောစေတနာမျိုးဖြစ်သည်။ အလှူဒါနပြီးဆုံးသည့်အခိုက်၌ ဖြစ်သောစေတနာဖြစ်၍ ထိုစေတနာကို "သန္နိဋ္ဌာပနစေတနာ"ဟုလည်းခေါ်သည်။ (မုဥ္စ=လှူဆဲကာလ၌ဖြစ်သော + စေတနာ=စေတနာ)။

အပရစေတနာကား– လှူဒါန်းပေးကမ်းစွန့်ကြဲပြီးနောက် ထိုဒါနကို အထပ်ထပ် မပြတ်ဆင်ခြင်အောက်မေ့မှု၊ ဝမ်းသာအားရဖြစ်မှုများ၌ပါရှိသော ကုသိုလ်စေတနာမျိုးဖြစ်သည်။ ကျမ်းဂန်များ၌ ပရစေတနာဟုမရှိ၊ အပရစေတနာဟုသာရှိသည်။

စေတနာသုံးတန်နှင့် ပဋိသန္ဓေကျိုး

ထိုစေတနာသုံးမျိုးတို့တွင် ပုဗ္ဗစေတနာ၊ အပရစေတနာတို့သည် မုဥ္စစေတနာ ထက်သန်မွန်မြတ်ခြင်း အကြောင်းသာဖြစ်သောကြောင့် မုဥ္စစေတနာသည်သာ ပဋိသန္ဓေကျိုးကိုပေးသည်။ ပုဗ္ဗစေတနာနှင့် အပရစေတနာတို့သည်ကား ပဋိသန္ဓေကျိုးကို မပေးနိုင်။ ပဝတ္တိကျိုးကိုသာ ပေးစွမ်းနိုင်၏။ ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ၊ စူဠကမ္မဝိဘင်္ဂသုတ်အဖွင့်၌ "ဆုံးဖြတ်သော သန္နိဋ္ဌာန စေတနာ၏အစွမ်းကြောင့်လည်း နတ်ပြည်တို့၌ ဖြစ်ရ၏။ ပုဗ္ဗစေတနာ၊ အပရ စေတနာတို့ကြောင့် ဆိုအပ်ပြီးသောနည်းဖြင့် အသက်ရှည်ခြင်းဖြစ်ပေသည်" ဟူသော အဆိုအမိန့်ကိုကိုးကား၍ ကေတုမာလာဘိဓဇသော ရာဇဂုရုဘွဲ့တံဆိပ်တော်ရ စလင်းဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကမူ စေတနာသုံးမျိုးတွင် မည်သည့်စေတနာမဆို အားကောင်းလျှင် ပဋိသန္ဓေကျိုးကို ပေးနိုင်သည်ဟု ပရမတ္ထဒီပနီမည်သော သင်္ဂဟမဟာဋီကာဖွင့်ဆိုထားပေသည်။

ပုဗ္ဗစေတနာ ပဋိသန္ဓေအကျိုးပေးနိုင်ပုံ

ပုဗ္ဗစေတနာက ပဋိသန္ဓေကျိုးပေးနိုင်ပုံကို မင်းကွန်း အလယ်တောရ ဆရာတော်မေးသဖြင့် မန်လည်ဆရာတော်ဘုရားကြီး ဤသို့ ဖြေကြားတော်မူ၏။

စေတနာသုံးတန်မျှတွင်၊ ပုဗ္ဗတဲ့စေတနာ၊ ပဋိသန်နောင်ဖလ၊ ပေးသင့်လှပါ၊ ဘယ်သူမှာ ရေ့စေတနာအကျိုး၊ ဘယ်ဂတိ ဘယ်ဌာန်၌၊ ပဋိသန် နေလေရတယ်၊ ကျမ်းပြလို့ကိုး" (မင်းကွန်းအမေး)

"ရာဇဂြိုဟ်ပြည်သူမိပါတဲ့၊ ဓောပီတိရှင်စွာ၊ စေတီတွင် ပန်းတင်သွားမှာလ၊ နွားသားသည်ရင်ကိုတိုက်၊ လမ်း၌ဆုံးရှာ။ ပူဇော်ခင်ပါရဘဲကိုပဲ၊

မိညှဲငှဲစေတနာ၊ ဝတိမှာဖြစ်သော။ ပါဠိအဋ္ဌကထာနှင့်၊ ကျမ်းရွှေစာ ဝိမာနမှာ၊ ဟောပြသကော"။ (မန်လည်အဖြေ)

မန်လည်ဆရာတော်ဘုရားကြီး၏ အဖြေကို အတန်ငယ်ရှင်းပြဦး အံ့–ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည့်နောက် အဇာတသတ်မင်းသည် မိမိဝေစုရ ရှိသော မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီတော်ကြီးတည်၍ ဥာပနာကာကိုးကွယ်တော်မူ၏။ ရာဇဂြိုဟ်ပြည်သူ အမျိုးသမီးတစ်ယောက် သည် နံနက်စောစောထ၍ ကိုယ်လက်သုတ်သင်ပြီးလျှင် "မြတ်စွာဘုရား၏ စေတီတော်ကို ပူဇော်အံ့"ဟု ရရှိထားသော ရွှေဝါရောင်သပွတ်ခါးပန်းလေး ပွင့်ကို ယူဆောင်ကာ သဒ္ဓါတရားထက်သန်သောစိတ်ဖြင့် လမ်းတွင် ဘေး ရန်ကို မရှုမြင်မဆင်ခြင်မိပဲ ထိုစေတီတော်သို့ ရှေ့ရှုသွားခဲ့၏။

ထိုအခါ နွားသားငယ်ရှိသော နွားမကြီးသည် လျင်မြန်စွာပြေးလာ ပြီး ထိုအမျိုးသမီးကို ဝှေ့သတ်လိုက်လေသည်။ ထိုအမျိုးသမီးသည် တာ ဝတိံသာနတ်ပြည်၌ သိကြားမင်းဥယျာဉ်ကစားထွက်စဉ် အခြံအရံအဖြစ် လိုက်ပါလာကြကုန်သော နှစ်ကုဋေခွဲရှိသော နတ်သမီးတို့၏အလယ်၌ ရွှေ ဝါရောင်အဆင်းဖြင့် တောက်ပစွာ နတ်သမီးထင်ရှားဖြစ်ခဲ့၏။ ထိုအမျိုးသမီး သည် စေတီတော်ကို ပန်းမပူဇော်ရမီ ပူဇော်အံ့ဟူသော ပုဗ္ဗစေတနာထက် သန်စွာဖြင့် သွားရင်းသေဆုံးသွားခဲ့၍ ထိုပုဗ္ဗစေတနာ ကုသိုလ်ကံကြောင့် တာဝတိံသာ၌ နတ်သမီးဖြစ်သွားရာ ပုဗ္ဗစေတနာက ပဋိသန္ဓေကျိုးကိုပေး ကြောင့် ဝိမာနဝတ္ထုအဋ္ဌကထာ "ပီတဝိမာနဝတ္ထု" မှာ ဟောထားသည်ဟု ဖြေဆိုတော်မူခြင်းဖြစ်ပေသည်။ ဤသို့ တစ်နည်းအားဖြင့် ပုဗ္ဗစေတနာများ ကလည်း ပဋိသန္ဓေကျိုးပေးနိုင်ကြောင်းကို မှတ်သားရန်ဖြစ်သည်။

## စေတနာသုံးတန် ပြည့်ဝသည့် သုမနပန်းသည်

စေတနာသုံးတန် ပြည့်လျှံသဖြင့် အကျိုးပေးကြီးကျယ်ပုံကို

ဆက်ဆိုဦးအံ့။ မြတ်စွာဘုရားရှင်လက်ထက်တော်က ဗိမ္ဗိသာရမင်းကြီးအား နေ့စဉ် ပန်းတော်ဆက်သရသည့် "သုမန"မည်သော ပန်းသည်ယောကျ်ား တစ်ဦးရှိ၏။ တစ်နေ့တွင် သူသည် မင်းကြီးအား ပန်းတော်ဆက်သ,ရန် လာခဲ့ရာ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာဆွမ်းခံဝင်တော်မူ လာသည့် ဘုရားရှင်အား ဖူးမြင်ရသည့်အခါ ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်လာခဲ့သည်။ "မြတ်စွာဘုရားအား မည်သည့်ကောင်းမှုကို ပြုရပါအံ့နည်း" ဟု စဉ်းစားသည့်အခါ ယူဆောင်လာသည့် မြလေးပန်းတို့ကိုတွေ့ရှိပြီး "ဒီ ပန်းတွေနဲ့ မြတ်စွာဘုရားကို ပူဇော်မယ်"ဟု ပုဗ္ဗစေတနာဖြစ်ခဲ့သည်။ နောက် စဉ်းစားပြန်သည်မှာ "ဤပန်းများကား ဘုရင်မင်းမြတ်အား နေ့စဉ်မပြတ် ဆက်ကပ်နေကျကန်းများဖြစ်တယ်၊ မင်းကြီးသည် ဤပန်းများကို မရရှိခဲ့ လျှင် ငါ့ကို ထောင်ချလျှင်လည်း ထောင်ချလိမ့်မယ်၊ သတ်လျှင်လည်း သတ်လိမ့်မယ်၊ တိုင်းပြည်မှ နှင်ထုတ်လျှင်လည်း နှင်ထုတ်လိမ့်မယ်။ မည်သို့ ပင်ပြုစေ၊ ဒီပန်းကို မင်းကြီးအားဆက်သ,လျှင် ဤခန္ဓာကိုယ် အတွက်သော အသက်ရှင်ရုံမျှသောဥစ္စာကိုသာ မင်းကြီးပေးမည်။ မြတ်စွာဘုရားအား လှူဒါန်းပူဇော်လိုက်ရပါမူ များစွာသော ကမ္ဘာကုဋေတို့၌ ဥစ္စာစီးပွားချမ်းသာ ခြင်းများဖြစ်ပေမည်"ဟု မိမိအသက်ကို ဘုရားရှင်အတွက် စွန့်လွှတ်လိုက်၏။ ဤသို့ ပုဗ္ဗစေတနာ ထက်သန်အားကောင်းခဲ့သည်။

ထို့နောက် သုမနသည် ပုဗ္ဗစေတနာ အားကောင်းနေစဉ်မှာပင် ပန်းရှစ်ဆုပ်တို့ကို အလွန်တက်ကြွရွှင်လန်း ပီတိဖျန်းသောစိတ်ဖြင့် မြတ်စွာ ဘုရားအား ပေးလှူလိုက်၏။ ဤသို့လှူဒါန်းဆဲ၌လည်း ထက်သန်သော မုဥ္စစေတနာ ဖြစ်ခဲ့၏။ လှူဒါန်းပုံကား လက်နှစ်ဆုပ်သောပန်းတို့ကို ဘုရား ရှင်၏ဦးခေါင်းထက်သို့ ပစ်လွှင့်လိုက်ရာ ပန်းတို့သည် ဦးခေါင်းတော် အထက်တွင် ဗိတာန်မျက်နှာကြက်သဖွယ် တည်နေ၏။ နောက် ပန်းလက် နှစ်ဆုပ်တို့ကို ဘုရားရှင်၏ လက်ယာနံဘေးသို့ ပစ်လွှင့်လိုက်ရာ ဘုရားရှင်

၏ လက်ယာနံပါးတစ်လျှောက် အထက်အောက် ပန်းဆိုင်းကဲ့သို့ ဖြစ်နေ၏။ နောက် ပန်းလက်နှစ်ဆုပ်တို့ကို နောက်ကျောဘက်သို့ ပစ်လူရာ ထို့အတူ ကျောတော်တစ်လျှောက် ပန်းဆိုင်းသဖွယ်ဖြစ်နေ၏ နောက်ကျန် ပန်းလက်နှစ်ဆုပ်တို့ကို လက်ဝဲနံပါးသို့ပစ်လွှင့်လိုက်ရာ လက်ဝဲနံပါး တစ်လျှောက် အထက်အောက် ပန်းဆိုင်းကဲ့သို့ဖြစ်နေ၏။ အံ့ဩဖွယ်ကောင်း သည်ကား ပန်းဆိုင်းတို့သည် အောက်သို့လည်းပြုတ်မကျ၊ ဖရိုဖရဲ ပြိုကွဲခြင်း လည်းမရှိဘဲ အသက်ရှိသကဲ့သို့ ဘုရားရှင်ကို ခြံရံလိုက်ပါကြခြင်းဖြစ်၏။ ဘုရားရှင် ရပ်တော်မူသည့်အခါလည်း ရပ်ကြ၏။ ရာဇဂြိုဟ်မြို့ကြီး တစ်မြို့လုံး တုန်လှုပ်သွား၏။ မြို့တွင်းမြို့ပြင်ရှိသော ၁၈ ကုဋေသောယောကျ်ား, မိန်းမတို့တွင် ဆွမ်းထွက်မလောင်းသူ မရှိကြ။ သုမနပန်းသည်လည်း ထို အခြင်းအရာကို တွေ့မြင်ရသည့်အခါ တစ်ကိုယ်လုံး ပီတိငါးမျိုးတို့လွှမ်းဖုံး ကာ ရွှင်ပြုံးကြည်နူးလျက်ရှိ၏။ ဤသို့ အပရစေတနာလည်း ဝေဖြာခဲ့ပေ သည်။

ထို့ကြောင့် ဤသတင်းကို ဗိမ္ဗိသာရဘုရင်ကြီး ကြားသိရသည့် အခါ သုမနပန်းသည်အား အပြစ်မယူသည့်အပြင် ထိုနေ့မှာပင် ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ ကျွန်မိန်းမရှစ်ယောက်၊ ကောင်းမြတ် သော အဆင်တန်ဆာရှစ်မျိုး၊ အသပြာရှစ်ထောင်၊ မင်းမျိုးမှမွေးဖွားသည့် အမျိုးသမီးရှစ်ယောက်၊ ရွာကြီးရှစ်ရွာဟူသော ရှစ်မျိုးရှစ်လီ "သဗ္ဗဋ္ဌကဒါန" ဆုကို ပေးတော်မူ၏။ ထိုသုမနပန်းသည်မှာ ထိုဘဝမှစုတေပြီးနောက် ကမ္ဘာ တစ်သိန်းပတ်လုံး ဒုဂ္ဂတိဘဝသို့မလားရဘဲ လူနတ်စည်းစိမ်တို့ကို အကြိမ် ကြိမ်ခံစားပြီးလျှင် နောက်ဆုံးဘဝ၌ သုမနမည်သော ပစ္စေကဗုဒ္ဓါ အဖြစ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံမည်ဟု မြတ်စွာဘုရားဟောကြားထားသည်ကို ဓမ္မပဒအဋ္ဌ ကထာ၊ သုမနမာလာကာရီ ဝတ္ထု၌တွေ့ရ၏။ ဤသည်မှာ အနည်းငယ်မျှ သော အလှူကလေးဖြစ်သော်လည်း စေတနာသုံးတန် ပြည့်ပြည့်စုံစုံ လှူဒါန်း

ခြင်းကြောင့် ကြီးကျယ်သောအကျိုးကို ရရှိပုံဖြစ်သည်။

## ပုဗ္ဗစေတနာ ချို့တဲ့သူ ပဥ္စပါပီနှင့် မင်းကုသ

စေတနာသုံးတန်တွင် ပုဗ္ဗစေတနာချို့တဲ့ပျက်ကွက်ခဲ့လျှင် ပထမအရွယ်၌ ဆင်းရဲနွမ်းပါးခြင်း၊ ရုပ်ဆင်းအင်္ဂါ မလှပခြင်းစသော ဆိုးကျိုးများဖြစ်ရတတ်သည်။ ဘုရားရှင်လက်ထက်တော်က အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံအရာ၌ ထင်ရှားကျော်ကြားသည့် ဆင်းရဲသူမကလေး ပဥ္စပါပီသည် ရှေးတစ်ခုသောဘဝ၌ ဆင်းရဲသူမကလေးဖြစ်၍ မြေညက်များကိုနယ်ပြီး အိမ်နံရံများကို လိမ်းကျံရသောအလုပ်ကို လုပ်၏။

တစ်နေ့တွင် ပစ္စေကဗုဒ္ဓါတစ်ပါးသည် လိုဏ်ဂူလိမ်းကျံရန် မြေညက်လိုသဖြင့် သပိတ်ပိုက်ကာ ထိုဆင်းရဲသူမကလေးအနီးတွင် လာရပ်သည်။ ထိုအခါ ဆင်းရဲသူမကလေးက "ဒီကိုယ်တော်ကြီးဟာ မြေညက်တောင်းမှ လာအလှူခံတယ်"လို့ ဒေါသစိတ်ဖြင့်ပြောကြားပြီး မျက်စောင်းထိုး၍ကြည့်နေသည်။ သို့သော်လည်း မလှုပ်မယှက် ငြိမ်သက်စွာရပ်မြဲရပ်နေသည်ကို မြင်ရသည့်အခါ တစ်ဖန် ကြည်ညိုစိတ်ဖြစ်ပေါ်လာပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်ထဲသို့ မြေညက်ခဲကြီးကိုထည့်၍ စေတနာထက်သန်စွာဖြင့် လှူဒါန်းလိုက်သည်။

ထိုဆင်းရဲသူမကလေးသည် ပဥ္စပါပီဘဝရောက်သောအခါ မြေညက်လှူဒါန်းခဲ့သော ဒါနစေတနာကြောင့် ကိုယ်အတွေ့အလွန်ကောင်းသော အမျိုးသမီးကလေးဖြစ်ရသော်လည်း မလှူမီ ရှေ့အဖို့၌ ဒေါသစိတ်ဖြင့် မကောင်းပြောကြားမှု ကြည့်မှုဆိုသည့် ပုဗ္ဗစေတနာချို့တဲ့မှုကြောင့် လက်၊ ခြေ၊ ပါးစပ်၊ မျက်စိ၊ နှာခေါင်းအင်္ဂါ ငါးပါးလုံး အချိုးအစားမကျ၊ အရုပ်ဆိုးလှသော အမျိုးသမီးကလေးဖြစ်ရပေသည်။

ဘုရားအလောင်းတော် ကုသမင်းသည် ကုသမင်းမဖြစ်မီဘဝ

တစ်ခုဌ် မိမိအတွက် ဝေစုရသောမုန့်ကို မရှိးဖြစ်သူက ပစ္စေကဗုဒ္ဓါတစ်ပါး အား ပေးလှူလိုက်ရာ အမျက်ထွက်ပြီး မုန့်ကိုပြန်၍လုယူလိုက်သည်။ နောက်မှ ထိုမုန့်ကို ပစ္စေကဗုဒ္ဓါအားပြန်လှူသည်။ မုန့်ကိုလှူခဲ့သော ဒါနစေတနာကြောင့် တန်ခိုးကြီးသော မင်းတစ်ပါးဖြစ်ရသော်လည်း ပုဗ္ဗစေတနာချို့တဲ့ ပျက်ကွက်ခဲ့သောကြောင့် ရုပ်ဆိုးသူဖြစ်ရလေသည်ဟု ဇာတ်အဋ္ဌကထာ ၅ ဌ မိန့်ဆိုထားပေသည်။

### အပရစေတနာချို့တဲ့သူ အပုတ္တက သူဌေးကြီး

အပရစေတနာချို့တဲ့ခဲ့လျှင်လည်း ကောင်းမြတ်သော အသုံးအဆောင် ပစ္စည်းဘဏ္ဍာတို့ မိမိလက်ဝယ်ရှိနေလင့်ကစား ထိုပစ္စည်းဘဏ္ဍာများကို မသုံးစွဲလိုခြင်း၊ မသုံးစွဲရခြင်း စသော မကောင်းကျိုးများဖြစ်ရတတ်ပေသည်။ ရှေးအခါက အပုတ္တကမည်သောသူဌေးသည် တဂ္ဂရသိခီအမည်ရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူရန်မှာကြားသွား၏။ အရပ်တစ်ပါးမှ ပြန်လာခိုက် ဇနီးဖြစ်သူလောင်းလှူလိုက်သည့် မွန်မြတ်သောဘောဇဉ်ကိုမြင်ရသည့်အခါ "ဤမွန်မြတ်သော ဘောဇဉ်ကို ငါ၏အစေအပါး ကျေးကျွန်များအား ကျွေးမွေးလိုက်လျှင် ကောင်းပေဦးမည်။ အလုပ်သမားကျေးကျွန်များသည် ဤဘောဇဉ်ကိုစားရသည့်အတွက် ငါ့အမှုကိစ္စများကို ပြုလုပ်ကြလိမ့်မည်။ ဤရဟန်းကား မိမိနေရာသို့ပြန်ပြီး ဤဘောဇဉ်ကိုစားကာ အိပ်နေပေလိမ့်မည်"ဟု နှလုံးမသာမယာဖြစ်ကာ အပရစေတနာ ချို့ယွင်းခဲ့သည်။

ထိုသူဌေးသည် ပစ္စေကဗုဒ္ဓါအားဆွမ်းလှူခဲ့သော ဒါနစေတနာကြောင့် နတ်ပြည်၌နတ်သား ၇–ကြိမ်၊ လူ့ပြည်၌ သူဌေး ၇–ကြိမ်ဖြစ်ရသည်။ အပရစေတနာ ချို့တဲ့ပျက်ကွက်ခဲ့သောကြောင့် စည်းစိမ်ဥစ္စာ ရတနာသုံးဆောင်ဖွယ်ရာ အဖြာဖြာတို့နှင့်ပြည့်စုံသည့် သူဌေးကြီးဖြစ်သော်လည်း ထိုမွန်မြတ်သည့် ပစ္စည်းဥစ္စာ အသုံးအဆောင်တို့ကို မသုံးစွဲရဘဲ ဆန်ကွဲ

ထမင်းနှင့် ပုန်းရည်ဟင်းကိုသာစား၍ သုံးစပ် စပ်ချုပ်ထားသော ပိုက်ဆံလျှော် အဝတ်ကိုသာ ဝတ်ဆင်သည်။ သွားသည့်အခါ၌လည်း သစ်ရွက်ထီးမျှကို သာဆောင်းကာ ရထားအို ရထားဟောင်းကလေးဖြင့် သွားလေသည်။ ထို အကြောင်းများကိုရည်၍ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက–

"လူထွေ ရေးဖို့၊ ဉာဏ်မဲ့ချို့၍၊ တွန့်တိုတုံ့က၊ ပထမရွယ်၊ နှောင်ခါ ဝယ်၌၊ နွမ်းနယ်ချမ်းသာ၊ ဆိုးရုပ်ဝါနှင့်၊ မဟာကုသ၊ ပဥ္စပါပီ၊ မဟောသီသို့၊ ယက္ခိယက္ခ၊ တူတမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာ၏၊ နောက်မှာတွန့် ငြား၊ သားသမီးမဲ့၊ ချို့တဲ့ယွင်းယို၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိန်နိမ့်ကျ၊ ဖြစ်တတ်ကြ၏၊ ပဒုမ ဝတီ၊ ဒေဝီနေမြတ်၊ သန္ဓေနတ်နှင့်၊ ပညတ်မည်တုတ်၊ အပုတ္တက၊ သူဌေးစသည်၊ ထိုမျှဝတ္ထု၊ အစုစုကို၊ မျှော်ရှုနှိုင်းဆ၊ ထောက်အပ်စွရှင့်၊ မုဥ္စအခါ၊ တွန့်တိုပါသော်၊ အင်္ဂါ ချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏တန်ခိုး၊ မပြည့်ဖြိုးသည်၊ နွမ်း ညှိုးရော်ရမည်ကိုကား"ဟု မိန့်တော်မူခဲ့သည်။

## ကုသိုလ်ကံ, အကုသိုလ်ကံနှင့် စေတနာသုံးတန်

ဒါနကုသိုလ်ပြုရာ၌ ပုဗ္ဗ, မုဥ္စ, အပရစေတနာဟု စေတနာသုံးမျိုး အကြိမ်များစွာဖြစ်ပေါ်သကဲ့သို့ အခြား သီလစသော ပုညကိရိယာဝတ္ထု၊ သုစရိုက်မှု၊ ဒုစရိုက်မှုတို့ကို ပြုလုပ်ကြရာ၌လည်း ထိုစေတနာသုံးမျိုးတို့ အကြိမ်များစွာ ဖြစ်ပေါ်လေ့ရှိပေသည်။ သို့ဖြစ်၍ ကုသိုလ်မှု၊ အကုသိုလ်မှု တစ်ခုခုကို ပြုလုပ်ရာ၌ ပုဗ္ဗ, မုဥ္စ အပရစေတနာ ရနိုင်သည်သာဖြစ်သည်။ ယင်းစေတနာသုံးမျိုးတွင် မုဥ္စစေတနာကို ဒါနမြောက်မှုကို အဆုံးအဖြတ်ပေး သော စေတနာဖြစ်၍ သန္နိဋ္ဌာပက စေတနာခေါ်သည်ဟုလည်း အဋ္ဌသာ လိနီအဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာတို့၌ မိန့်ဆိုထားပေသည်။

အခန်း ( ၈ )

# အကျိုးပေးကာလ မတူကြသော ကံ ( ၄ ) မျိုး

ကံဆိုသည်မှာ အကြောင်းတရားဖြစ်၍ အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော သဘောသတ္တိရှိကြောင်းကို ရှေ့ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့သော် အကျိုးတရားကိုဖြစ်ပေါ်စေရာ၌ အချိန်ကာလချင်း မတူကြ။ အချို့ကံက ယခုလက်ရှိဘဝမှာပင် အကျိုးပေး၍ အချို့ကံက ကွယ်လွန်သေဆုံးပြီး ဒုတိယဘဝ (နောက်ဘဝ)မှာမှ အကျိုးပေး၏။ အချို့ကံကမူ တတိယဘဝမှ စပြီး ဘဝမဆုံးမချင်း နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေး၍ အချို့ကံက မည်သည့်အချိန် အခါမှာမှ လုံးဝအကျိုးမပေးသော သဘောရှိ၏။ ဤသို့ အကျိုးပေးကာလ မတူကြသောကံ ၄ မျိုးကား–

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ (လက်ရှိဘဝ၌ အကျိုးပေးကံ)။

၂။ ဥပပဇ္ဇဝေဒနီယကံ (ဒုတိယဘဝ၌ အကျိုးပေးကံ)။

၃။ အပရာပရိယဝေဒနီယကံ (တတိယဘဝမှ နိဗ္ဗာန်အထိ အကျိုးပေးကံ)။

၄။ အဟောသိကံ (လုံးဝအကျိုးမပေးသောကံ)တို့ဖြစ်ကြသည်။ (အံ၊ ၃၊ ၂၊ ၁၀၄။ ဝိသုဒ္ဓိမဂ္ဂ၊ ၂၊ ၂၃၆)

## ဒိဋ္ဌဓမ္မဝေဒနီယကံ

ဒိဋ္ဌဓမ္မဝေဒနီယကံဆိုသည်မှာ ယခုလက်ရှိဘဝ၌ပင် အကျိုးပေးသောကံ၊ သို့မဟုတ် ခံစားအပ်သော အကျိုးရှိသောကံမျိုးဖြစ်သည်။ (ဒိဋ္ဌဓမ္မ=မျက်မှောက်ထင်ထင် တွေ့မြင်ရသော လက်ရှိဘဝ၌ + ဝေဒနီယ=ခံစားအပ်သော အကျိုးရှိသောကံ)

သတ္တဝါတို့သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်သည်ဖြစ်စေ၊ အကုသိုလ်မှုကို ပြုလုပ်သည်ဖြစ်စေ ပြုလုပ်ခိုက်တွင် သတ္တဝါတို့သန္တာန်၌ ဖြစ်ပေါ်သော စိတ်အစဉ်တွင် ကုသိုလ်ဇော သို့မဟုတ် အကုသိုလ်ဇောစိတ် ခုနစ်ကြိမ်တွင် ကုသိုလ်, အကုသိုလ် ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်သည်။

## ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ပဝတ္တိကျိုး

ဘဝကိုဖြစ်ပေါ်စေသည့် ပဋိသန္ဓေကျိုးနှင့် ဘဝရပြီးနောက် ခံစားရသော ပဝတ္တိကျိုးနှစ်မျိုးတို့ကို ရှေ့တွင်တင်ပြခဲ့ပြီး ဖြစ်သည်။ ထိုနှစ်မျိုးအနက် ပဝတ္တိကျိုး တစ်မျိုးကိုသာ ဒိဋ္ဌဓမ္မဝေဒနီယကံက အကျိုးပေးနိုင်သည်။ မှန်ပါသည်။ ဤဒိဋ္ဌဓမ္မဝေဒနီယကံဟူသော ပထမဇော စေတနာသည် ဇောခုနစ်ကြိမ်တွင် အစဆုံးဖြစ်သည့်အတွက် မိမိရှေ့က အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီမှုကို မရသောကြောင့် ဒုတိယ၊ တတိယစသော ဇောစေတနာများလောက် အင်အားမရှိပါချေ။ ထို့ကြောင့် အခြားဒုတိယ၊ တတိယစသော ဇောစေတနာများကဲ့သို့ ပဋိသန္ဓေကျိုးကို ရွက်ဆောင်၍ ဘဝသစ်တစ်မျိုးဖြစ်ပေါ်လာအောင် မထူထောင်နိုင်။ လက်ရှိဘဝ၌သာ အဟိတ်ကုသလဝိပါက် အကုသလဝိပါက် အကျိုးများနှင့် ကမ္မဇရုပ်၊ ကမ္မ ပစ္စယဥတုဇရုပ် အကျိုးများဟူသော ပဝတ္တိကျိုးမျှကိုသာ ဖြစ်ထွန်း ပေါ်ပေါက်စေနိုင်ပေသည်ဟု ပရမတ္ထဒီပနီ မဟာဋီကာ၌ မိန့်ဆိုထား၏။

အကျိုးပေးပုံ သာဓကများ

ဤ၌ ဒိဋ္ဌဓမ္မဝေဒနီယ အကျိုးပေးပုံကို ဝတ္ထုသာဓကအချို့ဖြင့် ရှင်းပြပါဦးမည်။ ပုဏ္ဏမည်သော ဆင်းရဲသားသည် နိရောဓသမာပတ်မှ ထ,ပြီးစဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်ကြီးအား နံနက်စောစော မျက်နှာသစ်ရေနှင့်ဒန်ပူကို လှူဒါန်း၏။ ဇနီးသည်ဘာရိယာက ဆွမ်းလှူဒါန်း ဆက်ကပ်၏။ ထိုကုသိုလ်များကြောင့် ဇနီးမောင်နှံတို့မှာ ထွန်ချေးခဲများက ရွှေတုံး ရွှေခဲဖြစ်၍ နေ့ချင်းပင် သူဌေးဖြစ်သွားကြ၏။

ကာကဝဋ္ဋိယ ဇနီးမောင်နှံတို့သည် နိရောမသမာပတ်မှ ထ,ပြီးစ ဖြစ်သော အရှင်မဟာကဿပ မထေရ်မြတ်ကြီးအား ယာဂုဆွမ်းလှူဒါန်း၏။ ထို ကုသိုလ်ကြောင့် ၇–ရက်အတွင်း၌ ရွှေအိုး ငွေအိုးများကိုရ၍ သူဌေးဖြစ်သွားသည်။

ထိုသို့ သူဌေးဖြစ်သွားကြသောအခါ ကောင်းသောအာရုံများကို မြင်ရ, ကြားရ, ရှူရှိုက်ရ, စားရ, တွေ့ထိရမှုတို့ကြောင့် အဟိတ်ကုသလ ဝိပါက် စက္ခုဝိညာဉ်စသော စိတ်များနှင့် ခန္ဓာကိုယ်ဝယ် ကုသိုလ်ကမ္မဇရုပ်များ တိုးပွားခွင့်ရလေသည်။ သူဌေးဖြစ်အောင် တိုးပွားလာကြသော ပစ္စည်းဥစ္စာများကား ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာကြသော ရုပ်ဝတ္ထုများဖြစ်၍ ကမ္မပစ္စယ ဥတုဇရုပ်များဟု ခေါ်သည်။

ကောင်းသောအမှုကိုပြုသဖြင့် သူတော်ကောင်း စသည်တို့၏ ချီးကျူးမှု၊ ချီးမြှောက်ထောက်ပံ့မှုတို့ကို ခံရခြင်းသည်လည်းကောင်း၊ ထိုက်သည့် အလျောက် လောကီဝတ္ထုရားဖြင့် အစိုးရတို့၏ အချီးအမြှောက်၊ အမ, အစတို့ကို ခံစားရခြင်းတို့သည်လည်းကောင်း ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယ၏ မထင်ရှားသော အကျိုးတရားများဟု ဆိုသင့်ပေသည်ဟု ပရမတ္ထ သံခိပ် ဋီကာ၌ မိန့်ဆိုထား၏။

ထို့ပြင် ပရမတ္ထစက္ခုကျမ်း၌လည်း "ဤသို့ စသည်ကောင်းမှုကို

ပြု၍ ပစ္စက္ခ၌ ချမ်းသာကြရ ဆိုသမျှ ရတနာသုံးပါးဂုဏ်ကို အောက်မေ့၍၊ ပရိတ်တရားကိုနာ၍၊ မိဘကို၊ ကြီးသောသူကို ရိုသေ၍၊ လူနာကို ပြုစု၍၊ ဘုရားအိုဘုရားပျက်၊ ကျောင်းအို ကျောင်းဟောင်း, ဇရပ်တန်ဆောင်းကို ပြုပြင် ၍ ပစ္စက္ခတွင် ရောဂါ အန္တရာယ်ကင်းသည်၊ အသက်ရှည်သည်ဆိုသမျှ ကုသိုလ် ပထမဇောစေတနာ၏ သတ္တိမှတ်လေ"ဟု ဒိပဲယင်းဆရာတော် ဘုရားကြီးက မိန့်ဆိုတော်မူထားပေသည်။

အကုသိုလ်အရာ၌ နန္ဒလုလင်သည် ရဟန္တာဖြစ်သော ဥပ္ပလဝဏ် ထေရီမအား ထေရီမ၏ကျောင်း၌ပင် မတရားပြုကျင့်၏။ ထိုအကုသိုလ်ကံ ကြောင့်ပင် နေ့ချင်းညချင်း မြေမျို၍ ဘဝဆုံးရသည်ဟု ပါရာဇိကဏ် ပါဠိ တော် အဋ္ဌကထာတို့၌ လာရှိ၏။

သာဝတ္ထိပြည်၌ နန္ဒနွားသတ်သမားသည် အနှစ် ၅၀ ပတ်လုံး နွားသတ်ခြင်းအလုပ်ဖြင့် အသက်မွေးခဲ့၏။ တစ်နေ့တွင် ထမင်းပွဲ၌ အမဲသား ဟင်းမပါသောကြောင့် နွားအရှင်တစ်ကောင်၏လျှာကို လှီးဖြတ်၍ မီးကင် စားနေစဉ်မှာပင် လျှာပြတ်ကျ၍သေရသည်။ သေပြီးနောက် ငရဲသို့ကျ ရောက်ရ၏ဟု ဓမ္မပဒအဋ္ဌကထာ၌ မိန့်ဆိုထား၏။

နန္ဒမည်သောဘီလူးသည်လည်း အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီး၏ ရိတ်ပြီးခါစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်၏။ ထို အကုသိုလ်ကံကြောင့်ပင် "ပူလှချည်၊ လောင်လှချည်"ဟု မြည်တမ်းလျက် အဝီစိငရဲသို့ ကျရောက်ရသည်ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ဖွင့်ဆိုထား၏။

ဤဝတ္ထုများ၌ ဒိဋ္ဌ ဓမ္မဝေဒနီယကံသည် ပဝတ္တိအကျိုးမျှကို ပေးနိုင်၍ မြေမျိုခံ ရခြင်း၊ လျှာပြတ်၍ သေဆုံးခြင်း၊ ပူလောင်ခြင်းတို့သည်သာ အကုသိုလ် ပထမဇောစေတနာ (ဒိဋ္ဌ ဓမ္မဝေဒနီယကံ)၏ သတ္တိဖြစ်သည်။ အဝီစိငရဲသို့ ကျရောက်ခြင်းတို့ကား နောက်ဆုံး အကုသိုလ်သတ္တမဇော၏ သတ္တိဖြစ် သည်ဟု ခွဲခြားသတ်မှတ်ရာ၏။

ထို့ပြင် ခန္တိဝါဒီရှင်ရသေ့ကို ပြစ်မှား၍ မြေမျိုခံရသော ကလာဗုမင်း၊ ဘုရားကိုစွပ်စွဲသည့်အတွက် ဒဏ်သင့်၍ လတ်တလောသေဆုံးရသော သုန္ဒရီအမျိုးသမီး၊ မြေမျိုခံရသော စိဉ္စမာန၊ သောတာပန်မ သာမာဝတီမိဖုရားကို ပြစ်မှားသည့်အတွက် ဒဏ်သင့်၍သေဆုံးရသော မာဂဏ္ဍီမိဖုရားဝတ္ထု စသည်တို့ကိုလည်း ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးဝတ္ထုများဟု ထပ်ဆင့်မှတ်သားနိုင်သည်။

မကောင်းမှုကိုပြု၍ ပစ္စက္ခတွင် ဘေးသင့်သည်၊ ဒဏ်သင့်သည်၊ ဆင်းရဲဒုက္ခရောက်သည်၊ အသက်စည်းစိမ် ဆုတ်ယုတ်ပျက်စီးရသည် ဆိုသမျှ ပထမဇောစေတနာ၏ သတ္တိမှတ်လေဟု တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီးက ပရမတ္ထစက္ခုကျမ်း၌ မှာထားတော်မူသည်။

## အထောက်အပံ့ အကူအညီရမှ အကျိုးပေးနိုင်

ဤပထမဇောစေတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံ ပဝတ္တိအကျိုးပေးသည်ဟုဆိုသော်လည်း အခါခပ်သိမ်း ပေးနိုင်ကြသည်မဟုတ်ချေ။ အကြောင်းအထောက်အပံ့ များစွာစုံညီမှ အကျိုးပေးနိုင်သည်။ အတန်ငယ်ချဲ့ပြဦးအံ့။ ဤ ပထမဇောစေတနာသည် ရှေးဦးဆုံးဖြစ်သော ဇောဖြစ်၍ မိမိကို အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီသည့်ဇောမရှိသည့်အတွက် အလွန်အားနည်းပေသည်။ ထို့ကြောင့် ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်လျှင် ဆန့်ကျင်ဘက် အကုသိုလ်တို့၏ လွှမ်းမိုးနှိပ်စက် နှောက်ယှက်မှုကို မခံရပါမှ မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်ပါသည်။

ဆန့်ကျင်ဘက် ကုသိုလ်၊ အကုသိုလ်တို့၏ လွှမ်းမိုးနှိပ်စက်မှုများ မရှိသည့်တိုင်အောင် ကုသိုလ်အရာ၌ ဂတိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ ဆိုသည့် ထူးခြားသော အကြောင်းအထောက်အပံ့

အကူအညီတို့ကို ပထမဇော အားကောင်းလောက်အောင်ရရှိပါမှ ဒိဋ္ဌဓမ္မ အကျိုးကို ပေးနိုင်သည်ဟု ဝိဘာဝိနီဋီကာ (ဋီကာကျော်)၌ မိန့်ဆိုထား၏။

ဒါနအရာ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အင်္ဂါ ၄ ပါး

ဆင်းရဲသား မောင်ပုဏ္ဏနှင့် ကာကဝဠိယ ဇနီးမောင်နှံတို့ကဲ့သို့ အလှူဒါနကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးရာ၌ အင်္ဂါလေးရပ်ရှိသည်။ ထိုအင်္ဂါလေးရပ်နှင့်ပြည့်စုံမှ အကျိုးပေး၏။ ထိုအင်္ဂါ ၄ ရပ်မှာ–

၁။ အလှူခံပုဂ္ဂိုလ်သည် အနာဂါမ်၊ ရဟန္တာ တစ်မျိုးမျိုးဖြစ်ခြင်း။ (ဝတ္ထုသမ္ပဒါ)။

၂။ လှူသောပစ္စည်းမှာ တရားသဖြင့်ရှာဖွေရရှိထားသော ပစ္စည်းဖြစ်ခြင်း။ (ပစ္စယသမ္ပဒါ)။

၃။ အလှူရှင်က စေတနာသုံးတန်လုံး ထက်သန်ရခြင်း (စေတနာသမ္ပဒါ)။

၄။ အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးစ ဖြစ်ခြင်း (ဂုဏာတိရေကသမ္ပဒါ)တို့ဖြစ်သည်။

သို့သော် ထိုအကြောင်းအင်္ဂါလေးပါးမှာ ဒါနကုသိုလ်စေတနာ၏ ဒိဋ္ဌဓမ္မအကျိုးပေးရာ၌သာ ဆိုင်၏။ အခြားကုသိုလ်တို့နှင့်မဆိုင်ဟု ဓမ္မပဒ အဋ္ဌကထာ၊ သုခသာမဏေဝတ္ထုအဖွင့်၌ ဖွင့်ဆိုထား၏။

ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ကာကဝဠိယသူဌေး၊ နန္ဒလုလင်တို့ကဲ့သို့ ပြုလုပ်ကျူးလွန်ပြီး ၇–ရက် အတွင်းအကျိုးပေးသော "ပရိပက္ကဒိဋ္ဌဓမ္မဝေဒနီယကံ"၊ ၇–ရက်လွန်ပြီးမှ အရွယ် ၃–ပါးတွင် တစ်ရွယ်၌အကျိုးပေးသော "ဒိဋ္ဌဓမ္မဝေဒနီယမတ္တကံ" ဟူ၍ နှစ်မျိုးနှစ်စားရှိသည်ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဒေဝဒဟသုတ် အဖွင့်၌ ဖွင့်ဆိုထား၏။

ဥပပဇ္ဇဝေဒနီယကံ

အခြားမဲ့ဘဝ၌ (ဝါ) ဒုတိယဘဝ၌ ရရှိခံစားရသော အကျိုးရှိသည့် ကံမျိုးကို ဥပပဇ္ဇဝေဒနီယကံဟုခေါ်သည်။ ဒုတိယဘဝ၌ အကျိုးပေးသောကံ ဟု ဆိုလိုပေသည်။ (ဥပပဇ္ဇ– အခြားမဲ့ဘဝ၌ + ဝေဒနီယ–ခံစားအပ်သော အကျိုးရှိသောကံ) ဤကံသည် ဇော ၇–ကြိမ်တို့တွင် နောက်ဆုံးသတ္တမဇော ၌ရှိသော စေတနာဖြစ်၏။ ဒါန, သီလစသော ကုသိုလ်မှု၊ သူတစ်ပါး အသက်သတ်ခြင်း (ပါဏာတိပါတ)စသော အကုသိုလ်မှုများသည် ဤ သတ္တမဇောထိဆိုက်ရောက်မှ အထမြောက်ကြ၏။

ရှင်းပြဦးအံ့၊ ထိုထိုကုသိုလ်မှု၊ အကုသိုလ်မှုတို့ကို ပြုရာ၌ ရှေ့ဇော များဖြင့် အထမမြောက်သေး၊ ရှေ့ဇောများသည် သတ္တမဇော အားရှိအောင် အထောက် အပံ့တို့သာ ဖြစ်ကြ၏။ သတ္တမဇောကျမှသာ ဆိုင်ရာအမှုများပြီး စီးနိုင်၏။ ထို့ကြောင့် အမှုကိစ္စများကို ပြီးမြောက်စေနိုင်၍ သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချကြောင်း ဖြစ်သော သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီ ယကံမည်ဟု ဝိဘာဝနီဋီကာ (ဋီကာကျော်) စသည်တို့၌ မိန့်ဆိုကြခြင်းဖြစ် ပေသည်။ ဤသို့ သတ္တမဇော စေတနာသည် ကံအထမြောက်မှု၌ အချုပ် အခြာဖြစ်၏။ ထို့ကြောင့်ပင် ဤ သတ္တမဇောစေတနာသည် ပဋိသန္ဓေကျိုး ကို ပေးနိုင်သောစေတနာတို့တွင် ရှေးဦးစွာထွက်၍ ဒုတိယဘဝတွင် ပဋိ သန္ဓေကျိုးကို ပေးစွမ်းနိုင်လေသည်။

ထိုကံသည် ဒုတိယဘဝတွင် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး နှစ်မျိုးလုံး ကို ဖြစ်စေ၊ တစ်မျိုးမျိုးကိုဖြစ်စေ အကျိုးပေးသောကံမျိုးဖြစ်သည်။ ထိုကံသည် ဒုတိယဘဝတွင် ပဋိသန္ဓေကျိုးကို မပေးသော်လည်း ပဝတ္တိကျိုးကိုကား ပေးပေသည်။ မှန်၏။ စမ္ပေယျနဂါးမင်းသည် ရှေးဘဝက နဂါးမင်းစည်းစိမ် ကို တောင့်တ၍ ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့၏။ သေဆုံးသောအခါ အကုသိုလ်ကံကြောင့် အဟိတ်တိရစ္ဆာန်ဖြစ်သော နဂါး

ပဋိသန္ဓေနေ၍ မင်းဖြစ်လာခဲ့ပါသည်။ ဤ၌ ရှေးဘဝကပြုလုပ်ခဲ့သော ဒါန, သီလစသည့် ကုသိုလ်ကောင်းမှုများသည် ပဋိသန္ဓေကျိုးကို မပေးလိုက်ရပါချေ။ သို့သော် ထိုကုသိုလ်ကောင်းမှုများကြောင့် ပဝတ္တိအခါ၌ ကြီးကျယ်သော နဂါးမင်းစည်းစိမ်ကို ခံစားရပေသည်။ ဤသို့ ထိုဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို မပေးရသော်လည်း ပဝတ္တိကျိုးမျှကို ပေးသော ဇာတ်ဝတ္ထုပေါင်းများစွာ ရှိပေသည်။

ထို့ပြင် ကုသိုလ်ကံအရာ၌ သမာပတ် ၈–ပါး (ဈာန်ကုသိုလ်ကံ ၈–ပါး)တို့သည် အားကြီးသောကုသိုလ် ဂရုကံကြီးများဖြစ်၍ ဈာန်လက်ရှိနှင့် သေဆုံးလျှင် ထိုက်သင့်ရာ ဗြဟ္မာ့ဘုံသို့ ကေန်ရောက်ရ၏။ ပထမဈာန် တစ်မျိုးတည်းကို ရသူဖြစ်က ပထမဈာန်သုံးဘုံတွင် ထိုက်သင့်ရာ တစ်ဘုံဘုံ၌ဖြစ်ရန် သေချာသော်လည်း ဈာန်သမာပတ် ၇–ပါး၊ ၈–ပါး ရထားသည့် ဈာန်ရပုဂ္ဂိုလ်များကား ကွယ်လွန်သေဆုံးသည့်အခါ အမြင့်ဆုံးကုသိုလ်ဈာန်နှင့်ဆိုင်သောဘုံ၌ဖြစ်ရ၍ ကျန်ကုသိုလ်ဈာန်များမှာ အကျိုးမပေးသည့်အတွက် အဟောသိကံများဖြစ်သွားကြ၏။

အကုသိုလ်ကံအရာ၌ အာနန္တရိယကံ ၅–ပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့သည်လည်း သေသည်၏အခြားမဲ့၌ ဒုတိယဘဝတွင် ကေန် အဝီစိငရဲသို့ကျရောက်စေတတ်သောကံများဖြစ်ကြသည်။ ထို့ကြောင့် ကုသိုလ်အရာတွင် သမာပတ် ၈–ပါး၊ အကုသိုလ်အရာတွင် အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် ဒုတိယဘဝတွင် ကေန်အကျိုးပေးသော ဥပပဇ္ဇဝေဒနီယကံများဖြစ်ကြသည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌မိန့်ဆိုထား၏။ (အံ၊ ဋ္ဌ၊ ၂။ ၁၀၄)

ဤဥပပဇ္ဇဝေဒနီယကံသည်လည်း ဆန့်ကျင်ဘက်တရားတို့၏ နှောင့်ယှက်မှုကို မခံရပါမှ အကြောင်းအထောက်အပံ့အထူးဖြင့် ရအပ်သော အကြောင်းထူးလည်းရှိပါမှ အကျိုးပေးနိုင်သည်ဟု အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)၌ မိန့်ဆိုထား၏။

ဝဋ္ဋနိဿိတစေတနာ

ကုသိုလ်အရာ၌ မငြကုဏ္ဍလီ သတို့သား၊ ဖားနတ်သား၊ လာဇာနတ်သမီး စသည်တို့ကဲ့သို့လည်းကောင်း၊ အကုသိုလ်အရာ၌အဇာတသတ်မင်း၊ ဝိဋ္ဋူဘမင်းသား၊ ရွှံသမားလင်မယား စသည်တို့ကဲ့သို့လည်းကောင်း ဒုတိယဘဝ၌ ကောင်းကျိုးဆိုးကျိုးကို ခံစားရသမျှ သတ္တမဇော စေတနာဖြစ်သော ဥပပဇ္ဇဝေဒနီယကံ၏ သတ္တိဟုမှတ်သားရန်ဖြစ်သည်။

## အပရာပရိယဝေဒနီယကံ

အပရာပရိယဝေဒနီယကံဆိုသည်မှာ "တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အခွင့်သာတိုင်း ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ကိုဖြစ်စေနိုင်သော ကံမျိုးဖြစ်၏။ ဤကံကား ဇော ၇-ကြိမ်တွင် အလယ်ဇော ငါးချက် စေတနာပင်ဖြစ်သည်။ ဤစေတနာများသည် ရှေ့ရှေ့ဇောများ၏ အာသေဝနသတ္တိဖြင့် ထောက်ပံ့ကူညီမှုကို ရရှိကြသောကြောင့် အလွန်အားကောင်းကြသည်။ ထို့ကြောင့် တတိယဘဝမှစ၍ ဘဝမဆုံးမချင်း သံသရာအတွင်း၌ အခွင့်သင့်ရာဘဝတွင် အကျိုးပေးနိုင်ပေသည်။ တစ်ဘဝ၌ပင် ထိုအလယ်ဇော ၅ ချက် စေတနာတို့သည် ကုသိုလ်ဘက်၌ဖြစ်စေ၊ အကုသိုလ်ဘက်၌ဖြစ်စေ အလွန်များလှ၏။ ဘဝပေါင်းများစွာဖြစ်လာခဲ့ရသော သတ္တဝါများဖြစ်၍ အပရာ ပရိယဝေဒနီယကံမှလွတ်သော သတ္တဝါမည်သည် မရှိချေဟု အင်္ဂုတ္တရအဋ္ဌကထာ နိဒါနသုတ်အဖွင့်၌ မိန့်ဆိုထားခြင်းဖြစ်သည်။

## အပရာပရိယဝေဒနီယကံ အကျိုးပေးပုံ

အပရာပရိယဝေဒနီယကံ၏အကျိုးပေးပုံကို မှတ်သားထိုက်လှသဖြင့် ဆက်၍တင်ပြဦးအံ့။ "အပရာပရိယဝေဒနီယကံသည် တတိယဘဝမှ

စ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ကိုပေးနိုင်သည်"ဟူသောစကားအရ မည်သည့် အပရာပရိယစေတနာမဆို ထပ်ခါထပ်ခါ အကြိမ်များစွာ အကျိုးပေးနိုင်သည်ဟု မှတ်ယူလေ့ရှိကြ၏။ ထိုသို့ မမှတ်ယူသင့်ပါချေ။ ထိုကံသည် မိမိသတ္တိရှိသမျှ အကျိုးပေးပြီးဖြစ်ခဲ့လျှင် နိဗ္ဗာန်မရခင်မှာလည်း ထိုကံများ၏အစွမ်းသတ္တိ ကုန်ဆုံးသွားပြီးဖြစ်တော့၏။ အကျိုးမပေးရသေးလျှင်သာ နောက်ဆုံး နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သတ္တိပါနိုင်ပေ၏။

အကိုးသာကေပြဆိုရသော် ဇာတ်နိပါတ်တို့၌ သတ္တဝါတစ်ကောင်ကိုသတ်မိ၍ ငရဲသို့ကျရောက်ပြီးနောက် ထိုသတ္တဝါ၏ အမွေးအရေအတွက်နှင့်အညီအမျှ (ပုဗ္ဗအပရစေတနာများစွာအတွက်) အသတ်ခံရ၍ ချည်းသေရ၏။ နောက်ဆုံးအရေအတွက်စေ့မည့်ဘဝ၌ အသတ်ခံရသော်လည်း ဝဋ်ကျွတ်တော့မည်ဖြစ်၍ ဝမ်းမြောက်ကြောင်းကို ပြဆိုသောဇာတ်ဝတ္ထုတွေများစွာရှိပေသည်။ ဤသို့ နိဗ္ဗာန်မရောက်သေးမီအကြားတွင် ထိုကံသည် အကျိုးပေးသတ္တိ ကုန်ဆုံးသွားသော သဘောရှိပေသည်။ နိမိဇာတက အဋ္ဌကထာ၌လည်း "အပရာပရိယဝေဒနီယကံသည် အကျိုးမပေးရသေးလျှင် မပျက်စီး (အပရာပရိယဝေ ဒနီယံ ပန ဝိပါကံ အဒတွာ နနဿတိ)ဟု တိုက်ရိုက်ပြဆိုထားသဖြင့် "အကျိုးပေးပြီးသောအခါ ပျက်စီးပျောက်ကွယ်သည်"ဟု အဓိပ္ပာယ်ရပေသည်။

ကံ၏အကျိုးသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုးဟူ၍နှစ်မျိုးရှိရာ "တစ်ခုသောစေတနာကံသည် တစ်ခုသော ပဋိသန္ဓေကျိုးကိုသာပေး၏" (ဧကာယ စေတနာယ ကမ္မေ အာယူဟိတေ ဧကာ ပဋိသန္ဓိ ဟောတိ) ပဝတ္တိကျိုးကိုမူကား တစ်ခုသောစေတနာသည် ဘဝများစွာတို့၌အကျိုးပေးနိုင်၏။ ထို့ကြောင့် ဤကံအရာ၌ အလယ်ဇော စေတနာ ၅- ချက်တို့တွင် သင့်လျော်ရာဇော စေတနာတစ်ချက်ကသာ တတိယဘဝမှစ၍ ပဋိသန္ဓေ

ကျိုးကိုပေး၏။ ကျန်သောဇောစေတနာများက ပဝတ္တိကျိုးကို နိဗ္ဗာန်ရောက်သည်အထိ အကျိုးပေးကြ၏ဟု မှတ်သားရာ၏။

သင်္ဂြိုဟ်ဘာသာဋီကာကျမ်း၌မူ "တစ်ခုသောစေတနာဖြင့် ကံကိုအားထုတ်ရာ၌ ထိုကံကို ဇောစေတနာတစ်ခုတည်းဖြင့် ထမြောက်အောင်အား မထုတ်နိုင်၊ ဝီထိတစ်ခုတွင်ပါဝင်သော ဇောခုနစ်ကြိမ်ဖြင့်အားထုတ်မှ ကံတစ်ခုထမြောက်နိုင်သည်။ ထိုဇောစေတနာ ၇ ကြိမ်လုံးကိုပင် သဘောတူသောကြောင့် စေတနာတစ်ခုဟုဆိုထားသည်။ ထို့ကြောင့် "သတ္တမဇောအတွက် ပဋိသန္ဓေအကျိုး။ အလယ်ဇော ၅–ချက်အတွက် ပဋိသန္ဓေ ၅–ကျိုးဟူသောစကားသည် လားလားမျှမသင့်၊ တစ်ဝီထိပါ ဇောစေတနာအားလုံးအတွက်မှ ပဋိသန္ဓေကျိုးတစ်ချက်သာရနိုင်သည်။ သို့ဖြစ်၍ ဥပပဇ္ဇဝေဒနီယကံ၌ သတ္တမဇောစေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပေးခဲ့လျှင် အလယ်ဇော ၅–ချက်က နောက်ထပ်ပဋိသန္ဓေကျိုး မပေးနိုင်၊ ပဝတ္တိကျိုးကိုသာဆိုင်ရာဘဝ၌ပေးခွင့်ရှိတော့သည်"စသည်ဖြင့်အကျယ်ရှင်းပြထားသည်။

## အဟောသိကံ (အကျိုးမပေးသောကံ)

ကံတရားသာဖြစ်၍ ထိုကံ၏အကျိုးတရားလုံးဝမဖြစ်ပွား မပေါ်ပေါက်လာသည့်ကံမျိုးကို "အဟောသိကံ"ဟုခေါ်၏။ (အဟောသိကမ္မ= အဟောသိ ကံ၊ ကမ္မ=ကံသာလျှင်၊ အဟောသိ=ဖြစ်ပြီးပြီ၊ တဿ= ထိုကံ၏၊ ဝိပါကော=အကျိုးသည်၊ န ဟောတိ=မဖြစ်) "အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မံ အတ္ထိ ကမ္မံ န တဿ ဝိပါကော"ဟူသော ပါဠိတော်၌ အာဒိလဒ္ဓနာမအားဖြင့် အစဆုံး အဟောသိ ကမ္မံ ဟူသောအမည်ကိုယူ၍ ရှေးဆရာကြီးတို့ ထိုကံ၏အမည်ကို ပေးတော်မူခဲ့ကြသည်။

ထိုကံကား တရားကိုယ် စေတနာ သီးခြားမရှိသောကံတည်း။ ဆိုခဲ့ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကံစသော ကံသုံးမျိုးတို့၏ တရားကိုယ်

စေတနာများသည်ပင် ထိုအဟောသိကံ၏တရားကိုယ်များဖြစ်၏။ ရှင်းပြဦးအံ့။ ဖော်ပြပါ ကံသုံးမျိုးတို့၌ အကျိုးပေးသည့်နယ်များ အသီးသီးရှိကြ၏။ ဒိဋ္ဌဓမ္မဝေဒနီယကံက မျက်မှောက်ဘဝ၌သာ အကျိုးပေးသကဲ့သို့ ဥပပဇ္ဇဝေဒနီယကံက ဒုတိယဘဝ၌သာအကျိုးပေး၏။ အပရာပရိယဝေဒနီယကံကား တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်အထိ အကျိုးပေး၏။

ထိုတွင် ပထမဇောစေတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝ၌အကျိုးမပေးခဲ့သော်လည်းကောင်း၊ အလယ်ဇောစေတနာငါးချက်ဟူသော အပရာပရိယဝေဒနီယကံသည် တတိယဘဝမှ နိဗ္ဗာန်ရသည်အထိ အကျိုးမပေးခဲ့သော်လည်းကောင်း၊ သတ္တမဇောစေတနာဟူသော ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝ၌အကျိုးမပေးခဲ့သော် လည်းကောင်း အဟောသိကံ (အကျိုးမပေးသောကံ) ဖြစ်သွားလေတော့၏။

မှန်ပါသည်။ ပစ္စုပ္ပန်ဖြစ်သော ယခုလက်ရှိဘဝ၌ ဒိဋ္ဌဓမ္မအကျိုးပေးနိုင်လောက်သောကံများကို အားထုတ်လျှင် ကံတစ်ခုကသာ ဒိဋ္ဌဓမ္မအကျိုးကိုပေးနိုင်၏။ ကြွင်းကျန်သောကံများသည် အဟောသိကံဖြစ်ကြရသည်။ ဥပပဇ္ဇဝေဒနီယကံများကို အားထုတ်ရာ၌လည်း ကံတစ်ခုက ပဋိသန္ဓေကျိုးကိုပေးလျှင် ကျန်သောကံများက ပဋိသန္ဓေကျိုးကိုမပေးနိုင်၊ ပဝတ္တိကျိုးကိုကားပေးနိုင်သေး၏။ ပဝတ္တိကျိုးကိုမျှ မပေးနိုင်လျှင် အဟောသိကံဖြစ်ကြရ၏။

ပဉ္စာနန္တရိယကံငါးမျိုးလုံးကို လွန်ကျူးထားရာ၌ အစွမ်းသတ္တိအထက်ဆုံးဖြစ်သော သံဃဘေဒကကံသာ ငရဲပဋိသန္ဓေကျိုးကိုပေး၏ ကြွင်းသော အာနန္တရိယကံလေးမျိုးတို့ အဟောသိကံဖြစ်ကြရ၏။ ဈာန်သမာပတ်ရှ–ပါးလုံးကို ရထားရာ၌ တစ်ပါးကသာ ပဋိသန္ဓေကျိုးကိုပေး၏။ ကြွင်းသောဈာန်သမာပတ်များက အဟောသိကံဖြစ်ကြရသည်ဟု သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်္ဂအဖွင့်၌ ဖွင့်ဆိုထား၏။ အပရာပရိယဝေဒနီယကံကား နိဗ္ဗာန်ရ၍ သံသရာစက်ပြတ်မှ အဟောသိကံဖြစ်၏။

သံသရာစက်ရဟတ် မပြတ်လည်နေသေးလျှင် အဟောသိကံမဖြစ်သေးဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ဆို၏။

ဤကဲ့သို့ အဟောသိကံဖြစ်ရသော ကံများကား အတော်များများ ရှိပေသည်။ ကမ္မပထမမြောက်သော စားရင်းသောက်ရင်း လာရင်းဖြစ်သည့် သာမန်ကုသိုလ် အကုသိုလ်ဇောစေတနာများ များစွာရှိ၏။ ထိုစေတနာများ သည် ပဝတ္တိကျိုးမျှကို ပေးနိုင်ထောက်ပံ့နိုင်သည်ဟု ဆိုရသော်လည်း သန္တာန် အစဉ်၌ သတ္တိအရာမထင်ရှားဘဲ ပြီးပြီးပျောက်ပျောက် အဟောသိကံလောက် ဖြစ်သော ဇောစေတနာတို့သာ များဖွယ်ရှိပေသည်ဟု သင်္ဂြိုဟ်ဘာသာ ဋီကာ၌ဆိုထား၏။ အချုပ်ဆိုရသော် အဟောသိကံဆိုသည်မှာ သီးခြားကံ တစ်မျိုးမဟုတ်၊ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး လုံးဝမပေးသော ဒိဋ္ဌဓမ္မ ဝေဒနီယ ကံ၊ ဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယ ဝေဒနီယကံတို့ပင်ဖြစ်ပေသည်။ ထိုကံများကို ပထမဘဝ၊ ဒုတိယဘဝ၊ တတိယဘဝမှ နိဗ္ဗာန်အထိအကျိုး ပေးရာ အချိန်ကာလ နယ်နမိတ်သတ် မှတ်ပိုင်းခြားထားသောကြောင့် "ပါ ကကာလကံ"များဟု ခေါ်ရလေသည်။

## ဒိဋ္ဌဓမ္မကျိုး ကြီးကျယ်သလော

ယခုဘဝ၌ပင် ချက်ချင်းသူဌေးဖြစ်သွားခြင်း၊ ချက်ချင်းမြေမြိုခြင်း၊ လျှာပြတ်ကျခြင်းများကို အလွန်ကြီးကျယ်သော အကျိုးအပြစ်များဟု ထင် မှတ်ကြ၏။ ချက်ချင်း သူဌေးဖြစ်မှုနှင့် ဒုတိယဘဝ၌ နတ်ပြည်၌ဖြစ်ရမှုနှစ်မျိုး ကို နှိုင်းယှဉ်ကြည့်လျှင် အလွန်ကွာခြားကြောင်း ထင်ရှား၏။ ချက်ချင်းသူဌေး ဖြစ်မှုကား ဒိဋ္ဌ ဓမ္မဝေဒနီယကံ၏အကျိုးဘည်း။ ပဋိသန္ဓေသစ် ဘဝသစ်ကို ထူထောင်၍ နတ်ပြည်၌ဖြစ်ရမှုကား ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီ ယကံ တစ်မျိုးမျိုး၏ အကျိုးဖြစ်သည်။

ဤနေရာ၌ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဥပပဇ္ဇဝေနီယကံ၊ အပရာ

ပရိယဝေဒနီယကံများကဲ့သို့ သဟိတ် ပဋိသန္ဓေကျိုးကို မပေးနိုင်ဘဲ နောက်တစ်ဆင့်မျိုးစေ့ရဖို့ အသီးမသီးသည့်အပွင့်မျှကဲ့သို့ အဟိတ် ဝိပါက်မျှဖြစ်သော ပဝတ္တိကျိုးကိုသာ ပေးနိုင်လေသည်။ ဒိဋ္ဌဓမ္မဝေဒနီယကံကား အစဆုံးဇောစေတနာဖြစ်သောကြောင့် ဘဝသစ်တစ်ခုထူထောင်နိုင်လောက်အောင် အင်အားမရှိချေ။ ထို့ကြောင့် အခြားကံများကဲ့သို့ ပဋိသန္ဓေကျိုးကို မပေးဘဲ ပဝတ္တိကျိုးမျှကိုသာပေးရခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒိဋ္ဌဓမ္မအကျိုးကား ကြီးကျယ်သော အကျိုးမျိုးမဟုတ်ချေ။

## အခန်း ( ၉ )

# ဆောင်ရွက်သည့်ကိစ္စအားဖြင့် ကံ ၄–မျိုး

မိမိတို့ဆောင်ရွက်သည့်ကိစ္စကိုလိုက်၍ ကံ ၄မျိုးဖြစ်လာ၏။ ထိုကံလေးမျိုးမှာ –

၁ ။ အကျိုးအပြစ်ကို ဖြစ်ပေါ်စေသောကံ (ဇနကကံ)။

၂ ။ ထောက်ပံ့ကူညီသောကံ (ဥပတ္ထမ္ဘကကံ)။

၃ ။ နှိပ်စက်သောကံ (ဥပပီဠကကံ)။

၄ ။ သတ်ဖြတ်သောကံ (ဥပဃာတကကံ)တို့ဖြစ်ကြသည်။

အထူးမှတ်သားရန်အချက်မှာ–ဤကံလေးမျိုးတို့သည် ရှေ့တွင် တင်ပြခဲ့ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကံစသော ကံ ၃ မျိုးမှ သီးခြားဖြစ်သောကံများ မဟုတ်ချေ။ ဒိဋ္ဌဓမ္မဝေဒနီယစသောကံတို့ ဆောင်ရွက်သည့်ကိစ္စကို လိုက်၍ အမည်တစ်မျိုးမှည့်ခေါ်ထားခြင်းဖြစ်သည်။ ကံကို အကျဉ်းချုပ်လိုက်လျှင် ထိုဒိဋ္ဌဓမ္မဝေဒနီယစသော ကံ ၃ မျိုးသာရှိသည်ဟု တိကအင်္ဂုတ္တိုရ် အဋ္ဌကထာ နိဒါနသုတ်၌ မိန့်ဆိုထား၏။

### အကျိုးအပြစ်ကို ဖြစ်ပေါ်စေနိုင်သောကံ

ထိုတွင် အကျိုးအပြစ်ကို ဖြစ်ပေါ်စေနိုင်သောကံကို ပါဠိလို "ဇနက

ကံ"ဟု ခေါ်သည်။ (ဇနကကံ=ဖြစ်ပေါ်စေနိုင်သောကံ)၊ ထိုဇနကကံသည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်မျိုးလုံးကို ပေးစွမ်းနိုင်သည်။ ပဋိသန္ဓေအကျိုး၊ ပဝတ္တိ အကျိုးနှစ်မျိုးလုံးဖြစ်ပေါ်စေနိုင်သော ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာတို့ကား ဇနကကံပင်တည်း။

ပဋိသန္ဓေအခါ အကျိုးပေးပုံမှာ ကုသိုလ်ဇနကကံသည် လူ့ဘုံ၊ နတ်ဘုံတို့၌ ပဋိသန္ဓေနေသောအခါ ပဋိသန္ဓေ နာမ်တရားများ (စိတ်+စေတသိက်)နှင့် ကမ္မဇရုပ်တရားတို့ကို ဖြစ်ပေါ်စေသည့်အပြင် နတ်ပြည်၌ နတ်တို့၏ဘုံဗိမာန်များဟူသော ကမ္မပစ္စယ ဥတုဇရုပ် (ကံကြောင့်ဖြစ်သော ဥတုဇရုပ်)များကိုလည်း ဖြစ်ပေါ်စေသည်။ အကုသိုလ် ဇနကကံသည် အပါယ်လေးဘုံတို့၌ ပဋိသန္ဓေအခါ အပါယ်ပဋိသန္ဓေ နာမ်တရားများနှင့် ကမ္မဇရုပ်တရားတို့ကို ဖြစ်ပေါ်စေသည့်အပြင် ငရဲပြည်၌ သင့်မုန်းစက်စသော ကမ္မပစ္စယ ဥတုဇရုပ်များကိုလည်း ဖြစ်ပေါ်စေသည်။ (အံ၊ ၄၊ ၂။ ၁၀၉)။

ပဝတ္တိအခါ၌ ကုသိုလ်ဇနကကံ၊ အကုသိုလ် ဇနကကံ နှစ်မျိုးလုံး ကုသလဝိပါက် မြင်သိစိတ် (စက္ခုဝိညာဉ်)၊ အကုသလဝိပါက် မြင်သိစိတ် (စက္ခု ဝိညာဉ်)၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံ မဟာဝိပါက်စသော နာမ်အကျိုးတရားများကိုလည်းကောင်း၊ ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်တရားများကိုလည်းကောင်း ထိုက်သင့်သလိုဖြစ်စေသည်။ အထူးအားဖြင့် အကုသိုလ်ဇနကကံကြောင့် တိရစ္ဆာန်ဘုံ၌ နဂါး၊ ဂဠုန် စသည် ဖြစ်ရသော်ငြားလည်း ပဝတ္တိအခါတွင် လှပသောအဆင်းနှင့် ဘုံဗိမာန် စသည်တို့ကို ရရှိအောင် ပဝတ္တိကုသိုလ် ဇနကကံက ဖြစ်စေသည်။ အပြန်အားဖြင့် ကုသိုလ် ဇနကကံကြောင့် လူ့ဘုံ၊ နတ်ဘုံ စသည်တို့၌ဖြစ်ရငြားသော်လည်း ပဝတ္တိအခါ ရုပ်ဆင်းအင်္ဂါလှပခြင်းမရှိအောင်၊ ဝေမာနိက ပြိတ္တာတို့ကဲ့သို့ နေ့၌ ချမ်းသာသုခကို ခံစားရသော်လည်း ညအခါတွင် ဆင်းရဲဒုက္ခခံရအောင် ပဝတ္တိဇနကကံက ဖြစ်စေပေသည်။ (ပရမတ္ထဒီပနီ မဟာဋီကာ။ ၂၀၉)။

ထိုဇနကကံသည် ကမ္မပထမြောက်မှသာ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးနှစ်မျိုးလုံးကို ပေးစွမ်းနိုင်သည်။ ကမ္မပထမြောက်လျှင် ပဝတ္တိအကျိုးမျှကို သာပေးသည်ဟု ပရမတ္ထဒီပနီ မဟာဋီကာ၌ ဆို၏။ သို့ရာတွင် အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုတိယအုပ်၊ နိဒါနသုတ်အဖွင့်၌ကား ဇနကကံသည် ပဋိသန္ဓေအကျိုးကိုသာဖြစ်စေနိုင်၍ ပဝတ္တိအကျိုးကို မဖြစ်စေနိုင်ဟု ဆိုသေး၏။

**ဆောင်ရန်။ ။ ဝိပါက်စိတ်စေ၊ ရုပ်ထွေထွေကို၊ သန္ဓေ ပဝတ္တိ၊ ခွင့်ခါရှိသော်၊ မိမိကိုယ်တိုင်၊ ဖြစ်စေနိုင်၊ ခေါ်ပိုင်ဇနက။**

**(အမရပူရ မဟာဂန္ဓာရုံဆရာတော်)။**

ထောက်ပံ့ကူညီသောကံ

အထောက်အပံ့ အကူအညီပေးသောကံကို ပါဠိလို "ဥပတ္ထမ္ဘကကံ" ဟုခေါ်သည်။ (ဥပတ္ထမ္ဘကကံ=ထောက်ပံ့ ကူညီသောကံ) ဇနကကံကိုလည်းကောင်း၊ ဇနကကံ၏အကျိုးကိုလည်းကောင်း၊ ကူညီထောက်ပံ့ပေးသော ကုသိုလ်၊ အကုသိုလ်စေတနာများဖြစ်သည်။ မိမိကိုယ်တိုင်မူကား အကျိုးကို မဖြစ်စေနိုင်၊ အကျိုးဖြစ်ပေါ်စေနိုင်သော ဇနကကံကိုသာ ထောက်ပံ့ကူညီပေးနိုင်သောကံ ဖြစ်သည်။ ထိုကံ၏ထောက်ပံ့ကူညီပုံမှာ–

၁။ ဇနကကံ အကျိုးပေးခွင့်ရအောင်လည်း ကူညီထောက်ပံ့ခြင်း။

၂။ အကျိုးပေးခွင့်ရနေသည့်ဇနကကံကို အကျိုးပေးထက်သန်အောင်လည်း ကူညီထောက်ပံ့ခြင်း။

၃။ ဇနကကံ၏အကျိုး ကြာရှည်စွာအကျိုးပေးအောင်လည်း ကူညီထောက်ပံ့ခြင်းတို့ဖြစ်သည်။

**ဆောင်ရန်။ ။ အကျိုးပေးခွင့်၊ အခါသင့်အောင်၊ အခွင်သင့်ပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ပြီးကာ၊ ရှည်မြင့်ကြာဖို့၊ လျော်စွာထောက်မ၊ ကူညီက၊**

ဥပတ္ထမ္ဘကခေါ်။

(အမရပူရ မဟာဂန္ဓာရုံဆရာတော်)။

ထောက်ပံ့ကူညီပုံအမျိုးမျိုး

၁။ အတန်ငယ်ရှဲ့ဦးအုံ့။ သေခါနီးအချိန်၌ ကုသိုလ်စောစောလျှင် နှောင်ဘဝ၌ ကုသိုလ်ကံ အကျိုးပေးခွင့်ရ၏။ အကုသိုလ်စောစောလျှင် နှောင်ဘဝ၌ အကုသိုလ်ကံ အကျိုးပေးခွင့်ရ၏။ ဤနေရာ၌ သေခါနီး အချိန်တွင် စောသောကုသိုလ်ဇော၊ အကုသိုလ်ဇောတို့သည် ကိုယ်တိုင် အကျိုး မပေးနိုင်ဘဲ ရေလာမြောင်းပေး၊ မီးတောက်လေကူ ဆိုသကဲ့သို့ အခြားဇနကကံများ အကျိုးပေးခွင့်ရအောင် ထောက်ပံ့ပေးသော ဥပတ္ထမ္ဘကကံများဖြစ်သည်။ ရှိးရှိးပဝတ္တိအခါ၌လည်း ကုသိုလ်တရားတို့ကို များစွာပြုလုပ်နေလျှင် ထိုကုသိုလ်ဥပတ္ထမ္ဘကကံများက ရှေးရှေးက ပြုခဲ့သော ပဝတ္တိကုသိုလ်ကံ ဇနကကံများအကျိုးပေးခွင့်ရအောင် ကူညီ ထောက်ပံ့ကြသည်။ အကုသိုလ်တရားတို့ကို များစွာပြုလုပ်နေလျှင် လည်း ထိုအကုသိုလ် ဥပတ္ထမ္ဘကကံများက ရှေးရှေးကပြုခဲ့သော ပဝတ္တိ အကုသိုလ်ဇနကကံများ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပံ့ကြ သည်။ (ဤအချက်ကို ကောင်းစွာသတိပြုသင့်ကြ၏။)

မှန်၏။ အချို့ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုကိုပြု၍ (ထို ကုသိုလ်ဇနကကံ၏အစွမ်းကြောင့်) လူ့ဘဝ၊ နတ်ဘဝ စသော သုဂတိဘုံ၌ ဖြစ်ရ၏။ ထိုပုဂ္ဂိုလ်တို့သည် ထိုဘုံ၌တည်ရှိနေစဉ် ကုသိုလ်ကောင်းမှုတို့ကို အကြိမ်ကြိမ်ပြုလုပ်ခြင်းအားဖြင့် ထိုကုသိုလ် ဇနကကံကို အထောက်အပံ့ပေး သောကြောင့် ထိုသုဂတိဘုံ၌ပင် နှစ်ပေါင်း ရာ, ထောင်, သောင်း, သိန်းမက အသက်ရှည်၏။ အချို့ပုဂ္ဂိုလ်များကမူ မကောင်းမှုအကုသိုလ်ကံကိုပြုလုပ်၍ (ထိုအကုသိုလ် ဇနကကံ၏အစွမ်းကြောင့်) အပါယ်ဘုံဟူသော မကောင်း

သောဘုံများ၌ဖြစ်ရ၏။ ထို ပုဂ္ဂိုလ်တို့သည် ထိုဘုံ၌တည်ရှိနေစဉ် မကောင်းမှု အကုသိုလ်တို့ကို အကြိမ်ကြိမ် ပြုလုပ်သောအားဖြင့် ထိုအကုသိုလ် ဇနကကံ ကို အထောက်အပံ့ပေးသောကြောင့် ထိုဒုဂ္ဂတိဘုံ၌ပင် နှစ်ပေါင်း ရာ, ထောင်, သောင်း, သိန်းမက အသက်ရှည်၏။ (အံ၊ ဋ္ဌ၊ ၂။ ၂၀၉)။

ထိုသို့ထောက်ပံ့ပုံကို သာဓကဆောင်၍ပြဦးမည်။ သီဟိုဠ်(သီရိ လင်္ကာ)နိုင်ငံ၌ နန်းတက်သော "ဝသဘ"မင်းသည် မင်းဖြစ်ခါစ၌ ပညာရှိ ပုဏ္ဏားတို့အား ဆိတ်ကွယ်ရာသို့ခေါ်၍ "အကျွန်ုပ် ဘယ်မျှလောက် မင်းပြုရ အံ့နည်း"ဟုမေး၏။ "တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည်"ဟု ဟောသော် ထိုပုဏ္ဏားဆရာကို စကားစောင့်စိမ့်သောငှာ အသပြာတစ်ထောင်ပေး၍ မည် သူ့အားမျှ မပြောကြားလင့်ဆို၍လွှတ်လိုက်၏။ ထို့နောက် သံဃာတော်တို့ ကို စည်းဝေးစေ၍ ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့၊ အသက်ရှည်လျား တိုးပွား ခြင်းအကြောင်း ကောင်းမှုမရှိပါသလော"ဟု မေးလျှောက်၏။ သံဃာတော် တို့က "ပရိဿဝန ဒါနဉ္စ အာဝါသဒါန မေဝစ" စသော သုံးဂါထာတို့ကို ဟောကြားတော်မူ၏။ ဂါထာတို့၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ-

၁။ ငါးပါးသီလကို နေ့ညမပြတ် အမြဲဆောက်တည်ရမည်။
၂။ ဥပုသ်နေ့တိုင်း ရှစ်ပါး, ဆယ်ပါးစသော ဥပုသ်သီလကို ဆောက်တည်ရမည်။
၃။ ရေစစ်ကို ပေးလှူရမည်။
၄။ ကျောင်းအလှူ လှူရမည်။
၅။ လူနာတို့အတွက် ဆေး၊ ယာဂု စသည်ကို ပေးလှူရမည်။
၆။ ဆွေးမြည့်ယိုယွင်း ဟောင်းမြင်းနေသော ကျောင်းကန်တို့ကို ပြုပြင်ရမည်။

ဤသို့ပြုလျှင် အသက်ရှည်စွာ နေရမည်ဟု ဟောကြားတော်မူကြ ၏။ (ပုဏ္ဏား=နက္ခတ်ဗေဒင်ပညာရှင်)။

**ဆောင်ပုဒ်။ ။ မှတ်ဆောင်တစ်ဆစ်၊ ရေစစ်, ဆေး, ကျောင်း၊ အဟောင်း ပြုပြင်၊ ပဋ္ဌင်, အဋ္ဌ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက၊ ပုညခေါ်ရိုး၊ ကျင့်တစ်မျိုးတည့်၊ အားကြီးသမှု၊ ဆောက်တည်ပြုက၊ ယခုဒိဋ္ဌ၊ ဤဘဝ၌၊ သုခပွားစည်၊ ချမ်းသာတည်၍၊ သက်ရှည် ဘုန်းကြီး၊ အံ့မပြီး အောင်၊ ဝှဲချီးလူ့ဘောင်၊ ဘဝနောင်လည်း၊ အခေါင်းဓိမိုင်း၊ တုမဲ့နိုင်းသည်၊ ဖြစ်တိုင်းကျော်ရမည်ကိုကား။ (မဃဒေဝလင်္ကာသစ်)။**

ဝသဘမင်းသည် ဤကောင်းမှုကုသိုလ်များအပြင် အခြားကုသိုလ် ကောင်းမှုများကိုလည်းပြုလုပ်ခဲ့ရာ ဝသဘမင်းမှာ ပညာရှိဟူးရားတို့ ဟော ထားသည့် နန်းစံ ၁၂ နှစ်ကို ကျော်လွန်၍ မကောင်းသောအန္တရာယ်တို့ စဉ်းငယ်မျှမရှိဘဲ ၄၄ နှစ်ပတ်လုံး နန်းစံသွားရပေသည်။ (မဟာဝင်၊ ၃၃၆)။ ဤသည်မှာ ကုသိုလ် ဇနကကံ၏အကျိုးကို ကုသိုလ်ဥပတ္ထမ္ဘကကံများက ထောက်ပံ့ကူညီသော သာဓကဖြစ်သည်။

ထို့ကြောင့် ကျေးရူးရှင် မန်လည်ဆရာတော်ဘုရားကြီးက–

"သက်ပိုင်းတိုရာ၊ ဇာတာပါလည်း၊ သမ္မာပယောဂ၊ ကုသလဖြင့်၊ ဒီဃအာယု၊ ပြိုင်တုဘက်ရှား၊ သက်ရှည်ပွား၍၊ ထင်ရှားချမ်းသာ၊ ကြီးကျယ် စွာလျက်၊ တေဇာဘုန်းရောင်၊ တိုးတက်ပြောင်၏"ဟု ကျမ်းဂန်နှင့်အညီမိန့် ဆိုထားခြင်းဖြစ်သည်။

၂။ ဇနကကံတို့အကျိုးပေးဖို့အခွင့်သာနေသည့်အခါ အကျိုးပေး ထက်သန်အောင်လည်း ထောက်ပံ့၏။ ဘုရားအလောင်းတော်တို့ ပဋိသန္ဓေနေရာ၌ ပဋိသန္ဓေကျိုးကိုပေးမည့် ဇနကကံတစ်ပါးပါး အားရှိ အောင် (ဝါ) အကျိုးပေးထက်သန်အောင် များစွာသော ပါရမီကုသိုလ် များက ဝိုင်းဝန်းထောက်ပံ့ကြ၏။

ဥပမာ–လူ့လောက၌ ပြစ်ချက်များစွာရှိဖူးသူများသည် အပြစ် တစ်ခုပေါ်ပေါက်ထင်ရှားလာသောအခါ ထိုရှေးကပြစ်ချက်များ၏ ထောက်ပံ့

ချက်ကြောင့် ကြီးလေးသောပြစ်ဒဏ်ကို ခံကြရသကဲ့သို့ဖြစ်၏။ ဤသည်မှာ ဇနကကံ အကျိုးပေးသန်အောင် ဥပတ္ထမ္ဘကကံက ထောက်ပံ့ပုံဖြစ်သည်။

၃ ။ ဇနကကံက ဖြစ်ပေါ်စေသော လူ၌၊ အနိဋ္ဌဖြစ်သော အကျိုး နာမ်ရုပ်တရားများကို ကြာရှည်စွာတည်တံ့နိုင်အောင်လည်း ဥပတ္ထမ္ဘကကံ က ထောက်ပံ့ကူညီ၏။ ကုသိုလ်ဇနကကံကြောင့် လူ့ဘဝ၊ နတ်ဘဝများကို ရရှိလေရာ ထိုလူနတ်အဖြစ်တို့၌ ကာရှည်စွာတည်နိုင်အောင် ဝမှာ ပစာယန စသောကုသိုလ် ဥပတ္ထမ္ဘကကံများက ဘေးအန္တရာယ်ရန် အသွယ်သွယ်တို့ကို ကာကွယ်ပေး၏။ အသက်ရှည်ရာရှည်ကြောင်း ဆေးဝါးကောင်းများရရှိအောင် ထောက်ပံ့၏။ အကုသိုလ် ဇနကကံကြောင့် ခွေးဘဝကိုရရှိလေရာ ထိုခွေးဘဝ၌ ခွေးပိန်ခွေးချိအဖြစ်ကာရှည်အောင် အကုသိုလ် ဥပတ္ထမ္ဘကကံက ထောက်ပံ့ပေး၏။ ဤကား ဇနကကံ၏အကျိုးဝိပါက်အစဉ်ကို အခွန့်ရှည်စွာတည်လေအောင် ဥပတ္ထမ္ဘကကံက အထောက်အကူပြုပုံတည်း။ (ပရမတ္ထဒီပနီမဟာဋီကာ။ ၂၀၈၊ ၉)။

## ကုသိုလ်က အကုသိုလ်ကို ထောက်ပံ့ပုံ

ဤနေရာ၌ ကုသိုလ်ဥပတ္ထမ္ဘကကံက အကုသိုလ်ဇနကကံကြောင့် ဖြစ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို ထောက်ပံ့သည်လည်းရှိ၏။ ဥပမာ–နဂါး၊ ဂဠုန် စသောသတ္တဝါတို့၏ ရုပ် နာမ် ခန္ဓာအစဉ်ကို ရရှိခြင်းကား အကုသိုလ် ဇနကကံကြောင့်ဖြစ်သည်။ ထိုနဂါး၊ ဂဠုန် စသည်တို့ ပဝတ္တိအခါ၌ တန်ခိုး အာနုဘော်ကြီးခြင်း စသောအကျိုးတရားများကို ရရှိခြင်းသည် ရှေးအတိတ်က ပြုခဲ့ဖူးသော ကုသိုလ် ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပံ့မှုပင်ဖြစ်သည်။ (ပရမတ္ထဒီပနီမဟာဋီ ကာ၊ ၂၀၉)။

အကုသိုလ်က ကုသိုလ်ကို ထောက်ပံ့ပုံ

ထို့ပြင် အကုသိုလ် ဥပတ္ထမ္ဘကကံက ကုသိုလ်ဇနကကံကြောင့် ဖြစ်သော ရုပ် နာမ် ခန္ဓာအစဉ်ကို ထောက်ပံ့မှုလည်းရှိသေး၏။ ဥပမာ- ဝိနိပါတိက အသုရာဘဝကို ရရှိခြင်းသည် ကုသိုလ်ဇနက ကံကြောင့်ဖြစ်သည်။ ထိုဘဝ၌ ဆင်းရဲခံရခြင်းစသော အနိဋ္ဌကျိုးများကို ကြာရှည်လေးမြင့် ခံစားနေရခြင်းကား ရှေးဘဝတို့၌ပြုခဲ့သော အကုသိုလ်ဥပတ္ထမ္ဘကကံ၏ ကူညီထောက်ပံ့မှုပင်ဖြစ်သည်။ (ပရမတ္ထဒီပနီ ဋီကာ၊ ၂၀၉)။

ဤသို့ ဆန့်ကျင်ဘက်ထောက်ပံ့ပုံတို့ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ဥပမာတစ်မျိုး ဆောင်ပြထား၏။ ပြပုံမှာ "ယခုကာလ နိုင်ငံကြီးများ၌ လက်နက်အင်အား အကုသိုလ်စွမ်းပကားကြောင့် ရှေးကုသိုလ် ဇနကကံများ အခွင့်သာလျက် အကျိုးပေးထက်မြက်နေကြခြင်းသည် ကုသိုလ်ဇနကကံနှင့် ထိုကံ၏ အကျိုးဝိပါက်ကို အကုသိုလ် ဥပတ္ထမ္ဘကကံက ထောက်ပံ့မှုပင်တည်း။ မကောင်းမှု ဒုစရိုက်ဖြင့် ကြီးပွားနေသူများကို စဉ်းစားကြည့်ပါ။ ရှေ့ကပြဆိုခဲ့သော ခွေးကလေး၏ အန္တရာယ်ကင်းအောင်၊ အစားအသောက် ဝဝစားရအောင် ရှေးကုသိုလ်ကံများက ထောက်ပံ့ထားသဖြင့် အကုသိုလ် ဇနကကံ၏ အကျိုးဖြစ်သော ခွေးဘဝတို့မှာ ကြာရှည်စွာတည်တံ့နေရလေသည်" ဟု မိန့်ဆိုထား၏။

မိခင်က ကလေးမွေးပေးလိုက်ခြင်းသည် ဇနကကံ၏အကျိုးပေးပုံနှင့်တူ၏။ ထိုကလေးကို နို့ထိန်းက ပြုစုစောင့်ရှောက်ခြင်းသည် ဥပတ္ထမ္ဘကကံက ထောက်ပံ့သည်နှင့်တူ၏ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒုတိယအုပ်၊ နိဒါနသုတ်၌ ဖွင့်ပြထား၏။ (ဇနကကံ=မိခင်၊ ဥပတ္ထမ္ဘကကံ=နို့ထိန်း) ဤ၌ ကမ္မပထ မြောက်သည်ဖြစ်စေ၊ မမြောက်သည်ဖြစ်စေ အိပ်မက်ထဲ၌ဖြစ်သော စေတနာ၊ ပဋိသန္ဓေ ပဋ္ဌာန်ဂါရီက စေတနာများပင် ဥပတ္ထမ္ဘက သတ္တိရှိကြ၏ဟု ဆို၏။

မှတ်သားစရာ ဥပဋ္ဌမ္ဘက ကံမှာ

ဤ ဥပဋ္ဌမ္ဘက ကံအရာ၌ စူဠကမ္မဝိဘင်္ဂသုတ်ဖွင့်ပုံကို မှတ်သားဖွယ်ဖြစ်သဖြင့် ထပ်ဆင့်ပြဆိုပါဦးမည်။ အနည်းငယ်သောကံမျှဖြင့် လူ့ဘဝရောက်လာသူအား ပါဏာတိပါတ ဝိရတိသီလ ကုသိုလ်ကံသည် လာရောက်၍ "အကယ်၍သာ ငါသည် စောစောသိခဲ့ပါမူ သင့်အား ဤလူ့ဘုံ၌ ဖြစ်ခွင့်ပေးမည် မဟုတ်။ နတ်ပြည်လောက၌သာ သင့်ကိုဖြစ်စေပေလိမ့်မည်။ ရှိပါစေတော့ ငါ ဥပဋ္ဌမ္ဘက ကုသိုလ်ကံသည် သင်ဖြစ်ရာဘုံမှာပင် သင့်ကို ကူညီထောက်ပံ့မှုကို ပြုရတော့မည်။ သင့်အား ဘေးရန်အန္တရာယ် အသွယ်သွယ်ကို ကာကွယ်ဖျက်ဆီးပေးမည်။ စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေပေမည်"ဟု တကယ်မဆိုသော်လည်း ဆိုသကဲ့သို့ပြုမူလေတော့၏။

ပြုမူပုံမှာ– ထိုသူငယ် မိခင်ဝမ်း၌ ပဋိသန္ဓေတည်သည့်အချိန်မှစ၍ မိဘနှစ်ပါးတို့ ချမ်းသာသုခပွား၍ သာယာမှုများကြ၏။ လူများ၌ဖြစ်တတ်သော ဘေးအန္တရာယ်၊ ရန်အသွယ်သွယ်အားလုံး ကင်းငြိမ်းကြ၏။ သူငယ် ပဋိသန္ဓေနေချိန်မှစ၍ စည်းစိမ်ဥစ္စာရတနာတို့ အံ့သြဖွယ်ရာတိုးတက်လာကြ၏။ ရွှေအိုးကြီးတို့သည် ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ အိမ်ထဲသို့ လိမ့်ဝင်လာကြ၏။ မိခင်ဖခင်တို့မှာလည်း သူတစ်ပါးတို့ထံပေးထားသော ပစ္စည်းဥစ္စာတို့ကိုလည်း ပြန်လည်ရရှိကြ၏။ မွေးထားသည့်နွားမများမှာလည်း နို့များစွာထွက်ကုန်၏။ နွားတို့မှာ ချမ်းသာသောအလေ့အကျင့်ရှိကြ၏။ စိုက်ပျိုးထားသောကောက်များလည်း ပျက်စီးခြင်းမရှိကုန်။ အတိုးအပွားပေးထားသော ဥစ္စာကိုဖြစ်စေ၊ ခဏခေတ္တအပ်ထားသော ပစ္စည်းကိုဖြစ်စေ ငြင်းခုံမှုမပြုဘဲ ကိုယ်တိုင်ပင် လာရောက်ပေးအပ်ကြကုန်၏။ အိမ်အခိုင်းအစေများကလည်း စကားနားထောင်ကာ ကောင်းစွာပြောဆိုဆက်ဆံကြ၏။ အစေအပါးတို့နှင့် ပြည့်စုံကုန်၏။ သူငယ်မှာ ကိုယ်ဝန်တည်ချိန်မှစ၍ ကောင်းစွာစောင့်ရှောက်ခံရ၏။ ကလေးကု သမားတော်ကြီးများလည်း

အနီးအပါး၌ပင် ရှိကြ၏။ သူကြွယ်မျိုး၌ဖြစ်လျှင် သူဌေးရာထူးကိုရ၏။ အမတ်စသောအမျိုး၌ဖြစ်လျှင် စစ်သူကြီးစသော ရာထူးတို့ကိုရ၏။ ဤသို့ ဥပတ္ထမ္ဘက ကံက အစစအရာရာ ပစ္စည်းဥစ္စာနှင့်ပြည့်စုံအောင် ထောက်ပံ့၏။ ထို့ကြောင့် လက်ရှိဘဝ၌ဥပတ္ထမ္ဘကကုသိုလ်မျိုးကိုလူတိုင်းပြုလုပ်သင့်ကြ၏။

## နှိပ်စက်တတ်သော ကံ

နှိပ်စက်တတ်သောကံကို ပါဠိလို "ဥပပီဠက ကံ"ဟုခေါ်၏။ ထိုကံကား ဇနကကံကိုလည်းကောင်း၊ ထိုဇနကကံ၏အကျိုးဖြစ်သော ရုပ်နာမ်ခန္ဓာ အစဉ်ကိုလည်းကောင်း ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းသိမ်ငယ်သွားအောင် ဖိစီးနှိပ်စက် နှောက်ယှက်တားမြစ်တတ်သော ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာများတည်း။ ထိုဥပပီဠက ကံသည်–

၁။ ကုသိုလ်ဇနကကံကို တားမြစ်နှိပ်စက်တတ်သော ကုသိုလ် ဥပပီဠကကံ။

၂။ အကုသိုလ်ဇနကကံကို တားမြစ်တတ်သော ကုသိုလ် ဥပပီဠက ကံ–ဟု နှစ်မျိုးရှိသည်။

၁။ ထိုတွင် အထက်အထက်ဘုံ၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကြောင့် အောက်အောက်ဘုံတို့၌ အကျိုးပေးရခြင်း၊ တန်ခိုးကြီးသောဌာနတို့၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ်ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ဘုန်းတန်ခိုးငယ်သော ဌာနတို့၏ အကျိုးပေးရခြင်း၊ မြတ်သောအမျိုး၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ် ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ယုတ်ညံ့သော အမျိုး၌ အကျိုးပေးရခြင်း၊ သက်ရှည်ကြွယ်ဝချမ်းသာသောအမျိုး၌ အကျိုးပေးနိုင်သော ကုသိုလ်ကံရှိသော်လည်း အကုသိုလ် ဥပပီဠကကံ

၏ နှိပ်စက်တားမြစ်မှုကြောင့် အသက်တို၍ စည်းစိမ်ဥစ္စာနည်းပါးသော အမျိုး၌ဖြစ်ရခြင်း စသည်တို့ကား အကုသိုလ်ဥပပီဠကကံက တစ်ပါးသောကုသိုလ်ဇနကကံကို တားမြစ်နှိပ်စက်ခြင်းဖြစ်ပေသည်။ ထိုအရာကား သုနက္ခတ္တဝတ္ထုဖြင့် ထင်ရှားသိသာပေသည်။

(အံ၊ ဋ္ဌ၊ ၂၁၀၉။ ပရမတ္ထဒီပနီဋီကာ– ၂၀၉)။

၂ ။ ငရဲကြီးရစ်ထပ်၌ အကျိုးပေးနိုင်သော အကုသိုလ်ကံရှိ သော်လည်း နောက်နောက်ကပြုခဲ့သော အားကြီးသော ကုသိုလ်ဥပပီဠက ကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ဥဿဒငရဲတို့၌ လည်းကောင်း၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့၌ လည်းကောင်း အကျိုးပေးရခြင်း၊ ခိုးသားများကို သတ်ဖြတ်ရသည့် အကုသိုလ်ကံကို အနစ်ငါးဆယ်ပတ်လုံး လွန်းကျူးခဲ့သော်လည်း လက်ယာတော်ရဲ အရှင်သာရိပုတ္တရာအား နို့ဆွမ်းလှူဒါန်းရသည့် ကုသိုလ်ဥပပီဠကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် ဝါတကာဋ္ဌကမည်သော ခိုးသားသတ်ယောကျ်ား၏ တာဝတိံသာနတ်ပြည်၌ဖြစ်ရခြင်း စသည်တို့သည် ကုသိုလ်ဥပပီဠကကံက တစ်ပါးသော အကုသိုလ်ကံကို တားမြစ်နှိပ်စက်ခြင်းဖြစ်သည်။ (အံ၊ ဋ္ဌ၊ ၂၁၀၉)။

ကံတစ်ပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို တားမြစ်နှိပ်စက်ရာ၌ ကုသိုလ်ဇနကကံကြောင့် လူ့ခန္ဓာကိုယ်ရရှိပြီးသော်လည်း ပဝတ္တိအခါ၌ အကုသိုလ် ဥပပီဠကကံ၏နှိပ်စက်မှုကြောင့် အနာရောဂါထူပြောခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ရာထူးဌာနန္တရလျှော့ကျခြင်း စသည်တို့သည် ကံတစ်ပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို အကုသိုလ် ဥပပီဠကကံက တားမြစ်နှိပ်စက်ခြင်းဖြစ်သည်။ (ပရမတ္ထဒီပနီ မဟာဋီကာ–၂၁၀)။

နိပ်စက်ပုံ ၃ မျိုး

ထို့ပြင် ဥပပီဋကကံသည် ကုသိုလ်ဇနကကံ၊ အကုသိုလ် ဇနကကံတို့ကို ဆန့်ကျင်ဘက်အနေဖြင့် နှိပ်စက်ရာတွင်–

၁ ။ ဇနကကံများ လုံးဝအကျိုးပေးခွင့်မရအောင်လည်းကောင်း။

၂ ။ အကျိုးပေးခွင့်ရနေသည့်အခါ၌ပင် အကျိုးပေး မထက်သန်အောင် လည်းကောင်း။

၃ ။ ပေါက်ရောက်ပြီးသော သစ်ပင်ချုံနွယ်များကို ဓား, တုတ် စသည်တို့ဖြင့် ဖျက်ဆီးနှိပ်စက်သည့်အခါ ကြာရှည်စွာ မစည်ပင်နိုင်သကဲ့သို့ ကံတစ်ပါးတို့ပေးထားသောအကျိုးကို ကြာရှည်စွာ မတည်၊ မစည်ပင်အောင်လည်းကောင်း ဟူသော နည်းသုံးမျိုးဖြင့် နှိပ်စက်လေ့ရှိသည်။

ထိုတွင် အကျိုးပေးခွင့်မရအောင် နှိပ်စက်ပုံမှာ ကျမ်းပြုဆရာများသည် ကျမ်းမပြုမီ ရှေးဦးစွာ "နမော တဿ" စသဖြင့် ကျမ်းဦးပဏာမအနေဖြင့် ရတနာသုံးပါးတို့ကို ရှိခိုးပူဇော်လေ့ရှိကြသည်။ ထိုသို့ ရှိခိုးပူဇော်ရာ၌ ဖြစ်ပေါ်လာသော ကုသိုလ်စေတနာကို ပဏာမစေတနာဟုခေါ်သည်။ ထိုပဏာမကုသိုလ်စေတနာသည် ကျမ်းပြုခြင်းကိစ္စ၌ ကျမ်းမပြီးအောင် အန္တရာယ်ပြုနိုင်သော အကုသိုလ်ဇနကကံများ အကျိုးပေးခွင့်မရအောင် ကာကွယ်နှောင့်ယှက်နှိပ်စက်၏။ ယခုကာလ၌ ဆရာသမား မိဘဘိုးဘွား သက်ကြီးဝါကြီးများကို ပြစ်မှားသူ၊ သူတော်သူမြတ်တို့အား ပြစ်မှားမှု အကုသိုလ်ကံသည်လည်း ရှေးရှေးကုသိုလ် ဇနကကံများ အကျိုးပေးခွင့်မရအောင် တားမြစ်နှိပ်စက်၏။

အကျိုးပေး မထက်သန်အောင် နှိပ်စက်ခြင်းကား ပင်ကိုက မျက်စိ၊ နား၊ နှာ၊ အင်္ဂါစုံသော လူ့ဘဝကိုပေးနိုင်သည့် ဇနက ကုသိုလ်ကံရှိသော်ငြားလည်း အကုသိုလ်ကံနှောက်ယှက်မှုကြောင့် မျက်စိအကြည်ဓာတ်မပါဘဲ

ဇစ္စန္တအကျိုးကိုသာ ပေးရခြင်း၊ အဇာတသတ်မင်း၏ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုသတ်မှု ပိတုဃာတက အကုသိုလ်ကံကြီးသည် အဝီစိငရဲကြီးတိုင်အောင် အကျိုးပေးခွင့်ရှိသော်လည်း ဘုရားရှင်နှင့်သာဓုနာတော်ကို ကြည်ညိုသော ကုသိုလ်ကံများ၏ နှောင့်ယှက် နှိပ်စက်မှုကြောင့် အဝီစိငရဲကြီး၏ အခြံအရံဖြစ်သော ဥဿဒငရဲငယ်၌သာ အကျိုးပေးခြင်းမျိုးတည်း။

အကျိုးပေးကြာရှည်စွာမတည်အောင် နှိပ်စက်ခြင်းမှာ ကုသိုလ်ဇနကကံစွမ်းကြောင့် လူ့ခန္ဓာကိုယ်ကို ရပြီးဖြစ်သော်လည်း ပဝတ္တိအခါဝယ် အကုသိုလ်ကံ၏နှိပ်စက်မှုကြောင့် ရောဂါထူပြောခြင်း၊ ဆွေမျိုးဂုဏ်သိမ်စည်းစိမ်ရာထူးများ ပျက်ပြားလျက် စိတ်စက်မကြည်မသာခြင်းစသည်တို့သည် ကုသိုလ်ကံ၏ အကျိုးကို အကုသိုလ်ကံက နှိပ်စက်ခြင်းပင်တည်း။ အကုသိုလ်ကံ၏အကျိုးဝိပါက်အစဉ်ကို ကုသိုလ်ကံကနှိပ်စက်ပုံမှာ အကုသိုလ်ကံကြောင့် ခွေး၊ နဂါး၊ ဂဠုန်စသည်ဖြစ်ရသော ခန္ဓအစဉ်ဝယ် အကုသိုလ်ကံအလိုကျအောင် ဆင်းရဲသမျှ မဆင်းရဲရဘဲ၊ အစားအသောက် အနေအထိုင်စသည်ကို ရရှိအောင်စီမံတတ်သော ကုသိုလ်ကံသည် အကုသိုလ်ကံ၏အကျိုးဝိပါက်အစဉ်ကို နှိပ်စက်ရာရောက်သည်ဟု ပြောစမှတ် ပြုကြပေသည်။ ထို့ပြင် အကုသိုလ်ကြောင့်ဖြစ်သော အကျိုးဝိပါက်အစဉ်ကို အကုသိုလ်ကပင် ထပ်မံနှိပ်စက်သောအရာလည်း ရှိသေး၏။ ဥပမာ အကုသိုလ်ဇနကကံကြောင့်ဖြစ်လာရသော ခွေးခန္ဓာဝယ် အစာငတ်၍ ခွေးပိန်ခွေးနာဖြစ်အောင် အကုသိုလ်ကံက နှိပ်စက်ပုံမျိုးကဲ့သို့ပင် ဖြစ်သည်။

**ဆောင်ရန်။ ။ အကျိုးပေးခွင့်၊ မရလင့်အောင်၊ ရသင့်လေပြန်၊ ကျိုးမသန်အောင်၊ ရပြန်အကျိုး၊ မပွံ့ဖြိုးဖို့၊ အမျိုးမျိုးက၊ နှိပ်စက်လှ၊ ဥပပီဠကကံ။**

ဤဥပပီဠကကံအရာ၌ ဥပရိပဏ္ဏာသအဋ္ဌကထာ (စူဠကမ္မဝိဘင်္ဂသုတ် အဖွင့်)၌ မိန့်ဆိုထားပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ဆက်ဆိုပါဦးမည်။ အားကြီးသော ကုသိုလ်ဇနကကံကြောင့် လူ့ဘဝကို ရသည့်အခါ

ဥပပီဠကကံကလာ၍ "အကယ်၍သာ ငါသည် စောစောကသိခဲ့ပါမူ သင့်အား ဤလူ့ဘုံ၌ဖြစ်ခွင့်ပေးမည်မဟုတ်၊ သင့်ကို အပါယ်ဘုံတို့၌သာ ဖြစ်စေပေမည်၊ ကဲ ရှိပါစေတော့၊ သင်ဖြစ်ရာဘုံ၌ ငါ ဥပပီဠကကံသည် သင့်ကို နှိပ်စက်၍ အရသာဩဇာဓာတ်မရှိသည့် ပဲပြုတ်ရေမျှကိုသာ သောက်စေရမည်"ဟု တကယ်မဆိုသော်လည်း ဆိုသကဲ့သို့ ပြုမူတော့၏။

ပြုမူပုံမှာ– အမိဝမ်း၌ ထိုကလေး ပဋိသန္ဓေနေချိန်မှစ၍ မိခင်အား သက်သာမှု၊ ချမ်းသာမှု မရှိတော့ချေ။ ထိုကလေးကိုအကြောင်းပြု၍ မိဘနှစ်ပါးလုံး ဘေးအမျိုးမျိုးတွေ့ရ၍ ပြုံးပန်းမပွင့်နိုင်ကြ။ အိမ်ကစည်းစိမ်ဥစ္စာများ ရေဘေး မီးဘေးတို့ကြောင့် ပျက်စီးကုန်ကြ၏။ ရေအိုးတစ်လုံးစာ နို့ရသောနွားမတို့မှာလည်း နို့မထွက်ကြကုန်။ ရဲရင့်လိမ္မာကြသည့် နွားတို့မှာလည်း ကြမ်းကြုတ်ကုန်၊ ကန်းကုန်၊ ခြေခွင်ကုန်ကြ၏။ နွားများတွင် ရောဂါကျရောက်၏။ အိမ်အမှုလုပ်စသည်တို့သည်လည်း အိမ်ရှင်စကားကို နားမထောင်ကြကုန်။ စိုက်ပျိုးထားသော ကောက်စပါးများလည်းမဖြစ်ထွန်း။ အိမ်ရှိပစ္စည်းများ အိမ်၌ပင်ပျက်စီး၏။ တောရှိပစ္စည်းများ တောမှာပင် ပျက်စီး၏။ အစဉ်သဖြင့် မားရေး ဝတ်ရေးမျှကိုပင် လုံလုံလောက်လောက် မရရှာကြ၊ မိခင်ကလည်း ကိုယ်ဝန်စောင့်ရှောက်မှုကို မပြုနိုင်တော့။ မွေးဖွားလာသည့်အခါ၌လည်း မိခင်မှာ နို့လုံးဝမထွက်ပေ။ သူငယ်မှာ အစောင့်အရှောက် အပြုအစုကင်းမဲ့စွာ အရသာဩဇာမရှိသော ပဲပြုတ်ရည်မျှသာ သောက်ရရှာ၏။ ဤကဲ့သို့ အကုသိုလ် ဥပပီဠကကံသည် ကုသိုလ်ဇနကကံကြောင့်ဖြစ်သော သူငယ်၏ခန္ဓာအစဉ်ကို နှိပ်စက်၏။ ထိုသား၏အကုသိုလ်ကံကြောင့် တစ်နွယ်ငင်တစ်စင်ပါ ဆိုသကဲ့သို့ မိဘနှစ်ပါးပါ ဆင်းရဲဒုက္ခ ရောက်ရရှာသည်ကိုလည်း သတိပြုစရာကောင်းလှပေသည်။ (မ၊ ဋ္ဌ၊ ၄၊ ၁၇၈)။

သတ်ဖြတ်တတ်သောကံ

သတ်ဖြတ်တတ်သောကံကို ပါဠိလို "ဥပဃာတကကံ"ဟုခေါ်၏။ ထိုကံကား ကံတစ်ပါးကိုလည်းကောင်း၊ ကံတစ်ပါးကြောင့်ဖြစ်ပေါ်လာသည့် အကျိုးခန္ဓာအစဉ်ကိုလည်းကောင်း သတ်ဖြတ်တတ်သော ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာများတည်း။ ထိုကံကိုပင် ကံတစ်ပါးကို ကပ်၍ဖြတ်တတ်သောကြောင့် "ဥပစ္ဆေဒက" ကံဟုလည်း ခေါ်သည်။ (အံ၊ ဋ္ဌ၊ ၂၊ ၁၁၀)။ ထိုဥပဃာတကကံသည်–

၁။ တစ်ပါးသောကုသိုလ်ကံကိုသတ်ဖြတ်တတ်သော အကုသိုလ် ဥပဃာတကကံ။

၂။ တစ်ပါးသောအကုသိုလ်ကံကို သတ်ဖြတ်တတ်သော ကုသိုလ် ဥပဃတကကံ–ဟူ၍ နှစ်မျိုးရှိပေသည်။

ထိုနှစ်မျိုးတွင် အဇာတသတ်မင်း၏ တစ်ဘဝလုံး ဘုရားသခင်အား ကြည်ညိုဆည်းကပ်ခြင်းစသော ကုသိုလ်ကံများကို ဖခင်ကြီး ဗိမ္ဗိသာရဘုရင်အားသတ်ခြင်းဟူသော ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည်။ ထို့ပြင် သေခါနီးအချိန်၌ ကုသိုလ်ကံ၏အစွမ်းကြောင့် သုဂတိနိမိတ်ထင်လာစဉ် တစ်ဖန် အကုသိုလ် ဥပဃာတကကံက ထင်လာသော သုဂတိနိမိတ်ကို တားမြစ်သတ်ဖြတ်သည်။ ထိုတားမြစ်သတ်ဖြတ်ချက်ကြောင့် ဒုဂ္ဂတိနိမိတ်ထင်လာ၍ အပါယ်ဘုံသို့ကျရောက်စေသည်။ ဤသည်မှာ အကုသိုလ် ဥပဃာတကကံက ကုသိုလ်ကံကို သတ်ဖြတ်ပုံဖြစ်သည်။ (အံ၊ ဋ္ဌ၊ ၂၊ ၁၁၀–၁)။

အင်္ဂုလိမာလမထေရ်အကြောင်း စာဖတ်ပရိသတ်များ သိပြီးဖြစ်ပါသည်။ အင်္ဂုလိမာလသူခိုးကြီးဘဝတွင် ကျူးလွန်ခဲ့သည့်အကုသိုလ်ကံများကား အလွန်များလှသည်။ သို့သော် အရဟတ္တမဂ်ကိုရသည်နှင့် တစ်ပြိုင်နက် မဂ်စေတနာဟူသော ကုသိုလ် ဥပဃာတကကံက ထိုအကုသိုလ်ကံ

အားလုံးကို ချေမှုန်းသတ်ဖြတ်ပစ်လိုက်လေသည်။ ထို့ပြင် သေခါနီးကာလ၌ လည်း အကုသိုလ်ကံ၏အစွမ်းကြောင့် ဒုဂ္ဂတိနိမိတ်ထင်လာစဉ် တစ်ဖန် ကုသိုလ် ဥပဃာတကကံက ထင်လာသော ဒုဂ္ဂတိနိမိတ်ကို တားမြစ်သတ် ဖြတ်သည်။ ထိုသို့ တားမြစ်သတ်ဖြတ်ချက်ကြောင့် သုဂတိနိမိတ်ထင်လာ၍ နတ်ပြည်၌ဖြစ်စေသည်။ (အံ၊ ဌ၊ ၂၊ ၁၁၀–၁)။

ထင်ရှားစေဦးအံ့–သောဏဂီရိခေါ် တောင်ပေါ်ကျောင်း၌ သီတင်း သုံးနေသော ရဟန္တာ အရှင်သောဏမထေရ်၏ ခမည်းတော်ကြီးသည် သန် သန်မာမာရှိစဉ်က မုဆိုးအလုပ်ဖြင့် နှစ်ပေါင်းများစွာ အသက်မွေးခဲ့၏။ အိုမင်း မစွမ်းရှိလာသည့်အခါ သားတော်ထံတွင် ရဟန်းကြီးပြုနေသည်။ မကျန်းမာ ၍ သေခါနီးအချိန်ရောက်သည့်အခါ မုဆိုးလုပ်ခဲ့သည့်အကုသိုလ်ကံကြောင့် တောင်ခြေမှခွေးကြီးများ မိမိကိုကိုက်တော့မည့်ဟန်ဖြင့် ဂတိနိမိတ်များထင် လာ၍ "ချောက်ပါ ဟဲ့–သားရဲ့"ဟု ဆက်ခါဆက်ခါ အော်ဟစ်ရှာသတဲ့။ ထိုအခါ အရှင်သောဏက "ဘာလဲ–ဦးပဉ္စင်းကြီး"ဟု မေးသည့်အခါ "ခွေး ကြီးတွေ–ခွေးကြီးတွေ"ဟု ပြန်ပြောရာ ငရဲဂတိနိမိတ်ထင်နေကြောင်း ရဟန္တာ အရှင်မြတ်သိသွားလေသည်။ ထို့နောက် "ငါ့လိုသားမျိုးရှိပါလျက် ငရဲဘာ ဖြစ်လို့ကျရမှာလဲ"ဟူသောစိတ်ထားဖြင့် သာမဏေများကို ပန်းရှာခိုင်းပြီး ဘုရားရင်ပြင်တော်ပေါ်မှာ ပန်းမွေ့ရာခင်းစေကာ ဦးပဉ္စင်းကြီးကို ညောင် စောင်းနှင့်တကွရွှေ့၍ ရုပ်ပွားတော်ရှေ့၌ ချထားသည်။ သားရဟန္တာက "ဦးပဉ္စင်းကြီးအတွက် ပန်းပူဇော်ထားသည်၊ ကြည်ညိုပါ"ဟု တိုက်တွန်း သဖြင့် ကြည်ညိုဝမ်းမြောက်သည့်ခဏ၌ ခွေးကြီးနိမိတ်များ မထင်တော့ဘဲ နတ်သမီးနိမိတ်များ ပြောင်းလဲထင်လာရာ "ဟဲ့–သားရဲ့ ဖယ်ပေးပါ၊ ဖယ် ပေးပါ၊ သားရဲ့မိထွေးများလာနေတယ်"ဟု ယောင်ယမ်းပြောဆိုနေစဉ် စုတိ စိတ်ကျ၍ နတ်ပြည်သို့ရောက်ရလေသည်။ ဤသို့ ကုသိုလ် ဥပဃာတက ကံက ထင်လာသော ဒုဂ္ဂတိနိမိတ်ကိုတားမြစ်၍ သုဂတိနိမိတ်ထင်စေကာ

နတ်ပြည်၌ဖြစ်စေနိုင်ပေသည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၀)။

ကုသိုလ်ဇနကကံ၏အစွမ်းကြောင့် လူ့ နတ် ခန္ဓာအစဉ်ကို ရရှိလာရာ အကုသိုလ်ဥပဃာတကကံ၏ တားမြစ်နှိပ်စက်မှုကြောင့် သက်တမ်းမကုန်မီ လတ်တလောသေရခြင်းသည် ကံတစ်ပါးကြောင့်ရလာသော ခန္ဓာအစဉ်ကို အကုသိုလ် ဥပဃာတကကံက တားမြစ်သတ်ဖြတ်သည်မည်၏။ (မ၊ ဋ္ဌ၊ ၄၊ ၁၇၈)။

သတ်ဖြတ်ပုံ ၃ မျိုး

ကံတစ်ပါး၏အကျိုး (ဝိပါက်ခန္ဓာအစဉ်)ကို သတ်ဖြတ်ရာ၌–

၁။ သတ်ရုံသာသတ်သော ဥပဃာတက ကံ။

၂။ သတ်ပြီးနောက် အခြားသော ဇနကကံကို အကျိုးပေးခွင့်ပြုသော ဥပဃာတက ကံ။

၃။ သတ်ပြီးနောက် မိမိကိုယ်တိုင် ပဋိသန္ဓေကျိုးကို ဆက်လက်ပေးသော ဥပဃာတက ကံ–ဟူ၍ ၃ မျိုးရှိပြန်သည်။

စက္ခုပါလထေရ်နှင့် ရှင်မဟာမောဂ္ဂလာန်

ထိုတွင် ဓမ္မပဒ၌လာသော စက္ခုပါလမထေရ်ဝတ္ထုဝယ် ဆေးဆရာ ဘဝတုန်းကပြုခဲ့သော အကုသိုလ်ဥပဃာတကကံ၏ သတ်ဖြတ်မှုကြောင့် ကုသိုလ်ဇနကကံက စီမံထားသော စက္ခုပသာဒကမ္မဇရုပ် ပျက်စီးသွားရခြင်း၊ အရှင်မဟာမောဂ္ဂလာန်၏ ရှေးဘဝက အမိကိုသတ်ခဲ့သော အကုသိုလ်ကံကြောင့် ခိုးသားငါးရာ၏လက်ချက်ဖြင့် ပရိနိဗ္ဗာန် စံတော်မူရခြင်းတို့မှာ ကံတစ်ပါး၏အကျိုးကို သတ်ရုံသာသတ်၍ နောက်ထပ် အကျိုးမဆက်သော ဥပဃာတကကံများ၏ လက်ချက်ပေတည်း။

(ပရမတ္ထဒီပနီဋီကာ၊ ၂၁၂)

ဗိမ္ဗိသာရဘုရင်နှင့် သာမာဝတီမိဖုရားတို့

ဗိမ္ဗိသာရဘုရင်သည် ရှေးဘဝက ဘုရားရှင်ပြင်တော်ပေါ်မှာ ဖိနပ်စီးခဲ့ဖူးသော အကုသိုလ် ဥပဃာတကကံ၏လက်ချက်ကြောင့် ခြေဖဝါးကို ဓားခွဲခံရပြီးနောက် အခြားသော ကုသိုလ်ဇနကကံအတွက် စာတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ရ၏။ သာမာဝတီအမှူးရှိသော မောင်းမတို့သည် ရှေးဘဝက အကုသိုလ် ဥပဃာတကကံကြောင့် မီးလောင်ခံကြရ၍သေဆုံးပြီးနောက် ကုသိုလ်ဇနကကံကြောင့် နတ်ပြည်၊ ဗြဟ္မာပြည်တို့သို့ တက်ရောက်ကြရသည်။ ဝဂ္ဂုမုဒါမြစ်နား၌နေသော ရဟန်းငါးရာတို့သည် ရှေးဘဝ သားမုဆိုးဖြစ်ခဲ့စဉ်က သားငှက်တို့ကို သတ်ဖြတ်ခဲ့သော အကုသိုလ် ဥပဃာတကကံကြောင့် ရဟန်းတု၊ ရဟန်းယောင် မိဂလဏ္ဍိက၏ သတ်ဖြတ်မှုကိုခံရပြီးနောက်တစ်ပါးသော ကုသိုလ်ဇနကကံကြောင့် နတ်ပြည်၌ဖြစ်ကြရသည်။ ဤသည်တို့ကား မိမိက သတ်ရုံသာသတ်၍ အခြားသောဇနကကံ၏ အကျိုးပေးခွင့်ကိုပြုသော ဥပဃာတကကံ ဖြစ်သည်။ (ပရမတ္ထဒီပနီဋီကာ၊ ၂၁၂၊ အနုဒီပနီ၊ ၁၅၄)။

ဒုသီမာရ်နတ်နှင့် နန္ဒဘီလူး

ဒူသီခေါ် မာရ်နတ်သည် ကကုသန်မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက အရှင်ဝိဓုရ၏ဦးခေါင်းတော်ကို ကျောက်ခဲဖြင့်ပေါက်ခဲ့၏။ နန္ဒမည်သော နတ်ဘီးလူးတစ်ယောက်သည် အရှင်သာရိပုတ္တရာ၏ ရိတ်ပြီးခါစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့်ခေါက်၏။ ကလာဗုမင်းသည် အလောင်းတော် ခန္တိဝါဒီရှင်ရသေ့ကို သေကျေအောင်နှိပ်စက်၏။ ထိုနတ်များနှင့် မင်းတို့၏ခန္ဓာအစဉ်ကို ထိုအကုသိုလ် ဥပဃာတကကံက သတ်ဖြတ်၍ ထိုအကုသိုလ်ကံကြောင့်ပင် အဝီစိငရဲကြီး၌ ပဋိသန္ဓေနေကြရပြန်၏။ ဤသို့ ကံတစ်ပါး၏အကျိုးကို သတ်ဖြတ်ပြီးနောက် မိမိကိုယ်တိုင်ပင် ပဋိသန္ဓေ

အကျိုးကို ဆက်လက်ပေးသော ဥပဃာတကကံမျိုးလည်း ရှိသေးသည်။
(မ၊ ၁၊ ၄၀၇-၄၁၅)။

ဆောင်ရန်။ ။ နှိပ်စက်ရုံတွင်၊ မကချင်ဘဲ၊ ယခင်ထက်တိုး၊ ကံအကျိုးကို၊ ပယ်ချိုးနှိမ်ချ၊ သတ်ဖြတ်က၊ ဥပဃာတကကံ။

(မဟာဂန္ဓာရုံဆရာတော်)

## အခန်း ( ၁၀ )

# ဥပတ္ထမ္ဘက ကံနှင့် ဥပပီဠက ကံအထူး

ဥပတ္ထမ္ဘကကံသည် ဇနကကံကို ထောက်ပံ့ရာ၌ ကုသိုလ်အချင်းချင်းကိုသော် လည်းကောင်း၊ အကုသိုလ်အချင်းချင်းကိုသော် လည်းကောင်း ထောက်ပံ့သည့်အပြင်၊ ကုသိုလ်ကံက အကုသိုလ်ကံကိုသော် လည်းကောင်း၊ အကုသိုလ်ကံက ကုသိုလ်ကံကိုသော်လည်းကောင်း ထောက်ပံ့ကူညီသည်။ ထောက်ပံ့ရာ၌ ကံကိုသော်လည်းကောင်း၊ ကံ၏အကျိုးဖြစ်သော နာမ်ရုပ်ခန္ဓာအစဉ်ကိုသော် လည်းကောင်း ထောက်ပံ့သည်။

ဥပပီဠကကံသည် ဇနကကံကိုနှိပ်စက်ရာ၌ ကုသိုလ်ဥပပီဠကကံက အကုသိုလ်ဇနက ကံကိုလည်းကောင်း၊ အကုသိုလ်ဥပပီဠကကံက ကုသိုလ်ဇနက ကံကိုလည်းကောင်း (ဆန့်ကျင်ဘက်အားဖြင့်) တားမြစ်နှိပ်စက်၏။ အကုသိုလ်ကံက အကုသိုလ်ကံ၏အကျိုးကို တားမြစ်နှိပ်စက်သည်လည်းရှိ၏။

ဥပပီဠကကံကား ကံတစ်ပါးကိုနှိပ်စက်သည်။ ဥပတ္ထမ္ဘကကံကား ကံတစ်ပါးကိုထောက်ပံ့သည်။ နှိပ်စက်မှုကိုခံရလျှင် မိမိရှိရင်းအစွမ်း

ဆုတ်ယုတ်၏။ ထောက်ပံ့မှုကိုခံရလျှင် မိမိရှိရင်းအစွမ်းတိုးတက်၏။ ကံတို့ မည်သည် ပြုလုပ်အားထုတ်စဉ်က အားနည်းပင်နည်းသော်လည်း နောင်အခါတို့၌ အားကြီးသော ကုသိုလ်ကံ၏ ထောက်ပံ့မှုကိုလည်းကောင်း၊ အကုသိုလ်ကံ၏ထောက်ပံ့မှုကိုလည်းကောင်း ခံရကုန်သည်ရှိသော် အတိုင်းထက်အလွန် အားရှိ၍လာ၏။ (ပရမတ္ထသံခိပ်ဋီကာ၊ ၈၃)။ ထို့ကြောင့် ကုသိုလ် ဥပတ္ထမ္ဘကကံကို စွမ်းနိုင်သမျှ ဉာဏ်ဝီရိယနှင့်ယှဉ်၍ ကြိုးစားအားထုတ်သင့်ကြပေသည်။

## ကံအကျိုး ၂ မျိုး

ကံ၏ အကျိုးပေးပုံသည် (၁) ဝိပါကဖလ၊ (၂) နိဿန္ဒဖလ ဟူ၍ ၂ မျိုးရှိ၏။

ထိုနှစ်မျိုးတွင် ကံကိုပြုလုပ်သောသူ၏အပေါ်၌သာ ကျရောက်ဖြစ်ပွား၍ အကျိုးပေးသောအရာမျိုးသည် "ဝိပါကဖလ" မည်၏။ အကျိုးရင်းလည်းခေါ်၏။ မုချကျိုးလည်းခေါ်၏။ ထိုဝိပါကဖလသည် အခြားသောသူတို့နှင့်တစ်စုံတစ်ရာမျှ မသက်ဆိုင်ချေ။ (ဝိပါကဖလ=အကျိုးရင်း၊ မုချကျိုး)

နိဿန္ဒဖလသည်ကား မိမိနှင့်စပ်လျက်ရှိသော သူတစ်ပါးတို့နှင့်သော်လည်း စပ်ဆိုင်နီးနှောလျက်ရှိ၏။ အကျိုးဖျားလည်းမည်၏။ သာမညကျိုးလည်း ခေါ်၏။ နိဿန္ဒဖလ၏ သူတစ်ပါးတို့နှင့်လည်း စပ်ဆိုင်ကြောင်းကို လောသကတိဿအလောင်းတစ်ယောက်ကြောင့် အိမ်ခြေတစ်ထောင်ရှိသောရွာ၏ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်၍ သရောတိုက်ခြင်း၊ မိတ္တဝိန္ဒကတစ်ယောက်အတွက်ကြောင့် သင်္ဘောသားငါးရာတို့နှင့်တကွ ပင်လယ်ပြင်၌ သင်္ဘောရပ်နေ၍ဆင်းရဲခြင်း ဝတ္ထုများကိုယောက်၍ သိရာ၏။ (နိဿန္ဒဖလ=အကျိုးဖျား, သာမညကျိုး) (ပရမတ္ထသံခိပ်ဋီကာ၊ ၈၃-၈၄)။

ဥပတ္ထမ္ဘက ကံအရာ၌ပြဆိုခဲ့သော သူငယ်ပဋိသန္ဓေတည်ချိန်မှစ၍ မိဘနှစ်ပါးတို့ ချမ်းသာသုခတိုးပွားခြင်း စသည်လည်းကောင်း၊ ဥပပီဠက ကံအရာ၌ပြဆိုခဲ့သော သူငယ်ပဋိသန္ဓေတည်ချိန်မှစ၍ မိဘနှစ်ပါးတို့ ဆင်းရဲဒုက္ခရောက်ခြင်း၊ ရေဘေး မင်းဘေးတို့ကြောင့် စည်းစိမ်ဥစ္စာများ ပျက်စီးခြင်း စသည်တို့သည်လည်းကောင်း၊ ရှေး၌ဆိုခဲ့သော တစ်ယောက်ကံကြောင့် အများစံရပုံ–ခံရပုံစသည်တို့သည်လည်းကောင်း "နိဿန္ဒဖလ"တွင် အကျုံးဝင်ပေသည်။

## ဇနက ကံနှင့် ဥပဃာတက ကံ အထူး

ဇနက ကံသည် ကံတစ်ပါး၏အကျိုးကို မဖြတ်တောက်ဘဲသာ မိမိအကျိုးကို ဖြစ်စေသည်။

ဥပဃာတကကံကမူ ကံတစ်ပါး၏အကျိုးကို သတ်ဖြတ်၍ အခြားကံတစ်ပါး၏အကျိုးပေးခွင့်ကို ပြုပေသည်လည်းရှိ၏။ ကံတစ်ပါး၏ အကျိုးကို သတ်ဖြတ်ပြီး မိမိကိုယ်တိုင် အကျိုးပေးသည်လည်းရှိ၏။ (ဋီကာကျော်၊ ၁၆၉)

## အကျိုးပေးအစဉ်အားဖြင့် ကံ ၄ မျိုး

ထို့ပြင် ကံတို့သည် သူ့အလှည့်အစဉ်အားဖြင့် အစဉ်အတိုင်း အကျိုးပေးသည်ကိုစွဲ၍ လေးမျိုးရှိ၏။ ထိုလေးမျိုးမှာ–

၁။ အကျိုးအပြစ် ကြီးလေးသောကံ (ဂရုက ကံ)။

၂။ သေခါနီး အောက်မေ့သော (ဝါ) ပြုသောကံ (အာသန္နကံ)။

၃။ အမြဲလေ့ကျက် တိုးပွားစေသောကံ (အာစိဏ္ဏကံ)။

၄။ အမှတ်တမဲ့ သာမန်ပြုလုပ်သောကံ (ကဋတ္တာကံ)။

တို့ဖြစ်သည်။

အပြစ်ကြီးလေးသောကံ

ထိုတွင် အကျိုး၊ အပြစ်ကြီးလေးသောကံကို ဂရုက ကံဟုခေါ်၏။ (ဂရု=ကြီးလေးသောအကျိုးအပြစ်ကို+က=ပြုတတ်သောကံ) ကြီးလေးသော အကျိုး၊ အပြစ်ကိုပေးခြင်းဆိုသည်မှာ အခြားကံများက ထိုကံ၏အကျိုး၊ အပြစ်ပေးမှုကို မခုခံမတားဆီးနိုင်သဖြင့် သေဆုံးသည်နှင့် တစ်ပြိုင်နက် ကေန်အကျိုးပေးသည့် (ဝါ) အကျိုးပေးမြဲသည့် ကံမျိုးဟုဆိုလိုပေသည်။

ထိုဂရုကကံများကား ကုသိုလ်အရာ၌ တန်ခိုးအာနုဘော်ကြီးမား သော (မဟဂ္ဂုတ်)ဈာန် ကုသိုလ်ကံများဖြစ်၍ အကုသိုလ်အရာတွင် အပြစ် ကြီးလေးသော ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံများတည်း၊

**ဆက်ဦးအံ့။** ဂရုကကံဟူသည် ပင်ကိုသဘောအားဖြင့် ကြီးလေးသော ကံပင်ဖြစ်၏။ အခြားသောကံများက မခုခံမတားမြစ်နိုင်မှုမှာ ကြီးလေးသော သဘောနှင့်မသက်ဆိုင်ချေ။ ဤအချက်ကို နောက်ပိုင်းတွင် ရှင်းပြပါမည်။

အကုသိုလ် ဂရုက ကံများ

အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံဆိုသည်မှာ အာနန္တရိယကံ ငါးမျိုးဟု အဓိပ္ပာယ်ရ၏။ သေဆုံးကွယ်လွန်ခြင်းနှင့်တစ်ပြိုင်နက် အခြားမဲ့ ဒုတိယဘဝ၌ ကေန်အကျိုးပေးလေ့ရှိသော ကံမျိုးဖြစ်၍ "အာနန္တရိယကံ"ဟု ခေါ်သည်။ (အာနန္တရိယကံ=အခြားမရှိ၊ ဒုတိယဘဝ၌ မုချအကျိုးပေးသော ကံ) ထိုကံသည်–

၁။ အမိကိုသတ်သော မာတုဃာတက ကံ။

၂။ အဘကိုသတ်သော ပိတုဃာတက ကံ။

၃။ ရဟန္တာကိုသတ်သော အရဟန္တဃာတက ကံ။

၄။ ဘုရားရှင်၌ သွေးခြည်ဥအောင်လုပ်သော လောဟိတုပ္ပာဒကကံ။

၅ ။ သံဃာအချင်းချင်း သင်းခွဲသော သံဃဘေဒက ကံများဖြစ်သည်။
၁–၂ ။ ထိုတွင် အမိကိုသတ်အောင် လှုံ့ဆော်ပေးသည့်စေတနာကို မာတုဃာတက ကံ၊ အဘကိုသတ်အောင် လှုံ့ဆော်ပေးသည့် စေတနာကို ပိတုဃာတက ကံဟုခေါ်သည်။ အမိ၊ အဘမှန်း သိသိ၊ မသိသိ သေစေလို၍သတ်မိလျှင် ဂရုကကံထိုက်တော့၏။ မိဘတို့က တိရစ္ဆာန်ဖြစ်လျှင် သို့မဟုတ် မိမိက တိရစ္ဆာန်ဖြစ်လျှင် အာနန္တရိယကံ မထိုက်သော်လည်း အာနန္တရိယကံလောက်နီးနီး အပြစ်ကြီးလှ၏။ အခြားသူကို သေစေလို၍ သေနတ်ဖြင့်ပစ်ခတ်ရာ မိဘတို့ကို မတော်တဆထိမှန်လျှင်လည်း မာတုဃာတကကံ၊ ပိတုဃာတက ကံများထိုက်သည်ဟု တတိယ ပါရာဇိကအဖွင့် အဋ္ဌကထာ စသည်တို့၌ ဖွင့်ဆိုထား၏။
၃ ။ ရဟန္တာပုဂ္ဂိုလ်အား သတ်ကြောင်းဖြစ်သောစေတနာကို အရဟန္တဃာတကကံဟုခေါ်၏။ ရဟန္တာမဖြစ်မီ သတ်စေကာမူ ရဟန္တာဖြစ်ပြီးမှ သေခဲ့လျှင် အရဟန္တဃာတက ကံပင်ဖြစ်သည်။
၄ ။ လောဟိတုပ္ပါဒက ကံဆိုသည်မှာ ဘုရားရှင်၏ မပြိုကွဲနိုင်၊ သွေးမယိုထွက်နိုင်သောခန္ဓာကိုယ်၌ သွေးခြေဥအောင်ပြုလုပ်ကြောင်းဖြစ်သော စေတနာပင်ဖြစ်သည်။ ထင်ရှားစေဦးအံ့။ အရှင်ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ခြေ၌ စင်္ကြံကြွတော်မူနေသော ဘုရားရှင်ကိုယန္တရား စက်ဆင်၍ ကျောက်တုံးကြီးဖြင့် လိမ့်ချသတ်သည်။ကျောက်တုံးကြီးပြိုကျအလာတွင် တောင်ထွတ်နှစ်ခုခံထားမှုကြောင့် ခြေမတော်ကိုထိခိုက်မိရာ ခြေမတွင် သွေးခြည်ဥသွား၏။

ဤကဲ့သို့ ဘုရားရှင်၏ခန္ဓာကိုယ်တော်၌ သွေးခြည်ဥအောင်ပြုလုပ်မှုမျိုးကို လောဟိတုပ္ပါဒကကံဟု ခေါ်သည်။ ဤသွေးခြည်ဥအောင်ပြုလုပ်မှုသည် သေစေလိုသောစေတနာဖြင့်ပြုသောကြောင့် ပါဏာတိပါတကမ္မပထ မမြောက်သော်လည်း (အနုဋီကာအလိုအားဖြင့်) ဗျာပါဒကမ္မပထ

မြောက်သည်ဟု ဆိုရပေမည်။

၅။ သံဃာအချင်းချင်း ကွဲပြားအောင်ပြုလုပ်ကြောင်းစေတနာကို သံဃဘေဒက ကံဟုခေါ်၏။ သိမ်တစ်ခုတည်း၌ ရဟန်းသံဃာအချင်းချင်း အတူတကွကံမပြုဘဲ သူ့ဘက်ကိုယ့်ဘက် နှစ်ခုခွဲ၍ တစ်ပိုင်နက်ကံပြုအောင် အားထုတ်စီမံသဖြင့် အထမြောက်ခဲ့သော် ကွဲပြားအောင် ကြံဆောင်စီမံသောရဟန်းမှာ သံဃဘေဒက ကံထိုက်၏။ မတရားဘက်၌ လိုက်ပါအားပေးသော ပုဂ္ဂိုလ်များလည်း အပြစ်ကြီးမားလှ၏။ တစ်သိမ်တည်းပင်ဖြစ်သော်လည်း တစ်ဖက်ပြီးမှ တစ်ဖက်က ကံပြုခြင်း၊ ကံ ဒွါရ ကွဲပြားခြင်းတို့မှာ သံဃဘေဒကကံနှင့်မဆိုင်၊ တစ်သိမ်တည်းဝယ် ကံကြီးကံငယ်ခွဲခြားလျက် တစ်ပိုင်နက်ကံပြုမှ သံဃဘေဒက ကံဖြစ်သောကြောင့် လူသာမဏေတို့မှာ သံဃဘေဒကကံ မထိုက်ပါချေ။ သို့သော် ရပ်ရွာနယ်ပယ်တို့၌ သံဃာတော်အချင်းချင်း ကွဲပြားအောင်ကြံဆောင် အားထုတ်သူတို့မှာ သူတို့အတွက် ရင်ဆိုင်ရာဝယ် အကုသိုလ်တိုးပွားရသောကြောင့် သံဃဘေဒက ကံလောက်နီးနီး အပြစ်ကြီးလေးလှသည်ကို သတိပြုသင့်ကြ၏။

## ကံများ အပြစ်ကြီးငယ်အဆင့်

ဤအာနန္တရိယကံ ၅-ပါးတွင် တစ်ပါးပါးကိုပြုမိလျှင် သေသည်၏အခြားမဲ့၌ အဝီစိငရဲသို့ရောက်ရ၏။ အဓာတသတ်မင်းသည် အဖကိုသတ်၍ ပိတုဃာတက ကံထိုက်သောကြောင့် အဝီစိငရဲ၏အခြံအရံ ဥဿဒငရဲ၌ ကျရောက်စေကာမူ အဝီစိတွင် အပါအဝင်ပင်ဖြစ်၏။

ဤကံ ၅-မျိုးတွင် သံဃဘေဒက ကံသည် အပြစ်အကြီးဆုံးဖြစ်၏။ အဝီစိငရဲကြီးတွင် ထိုငရဲဘုံ သက်တမ်းကုန်သည်အထိ ခံရသော "ကပ္ပဋ္ဌိတိယကံ" (ကမ္ဘာတည်သရွေ့ ခံရသောကံ)တည်း။ ကျန်သောကံလေးပါး

ကိုကား "ကပ္ပဋ္ဌိတိယကံ"များဟု အဆိုမရှိချေ။ ထိုက်သင့်သမျှ ခံကြရသည်။

ထို့ကြောင့် ကံ ၅–ပါးလုံးပြုမိလျှင် သံဃဘေဒကကံက အခြားကံ ၄–ပါးကို လွှမ်းမိုး၍ ပဋိသန္ဓေကျိုးပေး၏။ အခြားကံများအတွက် အဝီစိ၌ ဖြစ်ဖွယ်မရှိတော့။ သို့သော် နောင်အခွင့်သင့်ရာဘဝ၌ ပဝတ္တိအကျိုးကိုကား ပေးသေး၏။ ရှေးကံ ၄–ပါးလုံးကို ပြုမိလျှင် လောဟိတုပ္ပါဒကကံက အကျိုးပေး၏။ ရှေ့သုံးပါးလုံးကိုပြုမိလျှင် အရဟန္တဃာတက ကံက အကျိုးပေး၏။ ရှေ့ဆုံးကံ ၂–ပါးကို ပြုမိလျှင် မိဘနှစ်ဦး သီလရှိခြင်း၊ မရှိခြင်း တန်းတူဖြစ်ခဲ့သော် အမိကသာ၍ ကျေးဇူးများသောကြောင့် မာတုဃာတက ကံက အကျိုးပေး၏။ အဘက အမိထက် သီလသာနေပါမူ ပိတုဃာတက ကံက အကျိုးပေး၏။

## နိယတမိစ္ဆာဒိဋ္ဌိကံ

နိယတမိစ္ဆာဒိဋ္ဌိကံလည်း အကုသိုလ်ဂရုကံကြီးများတွင် ပါဝင်၏ ထိုကံကား ဘုရားပေါင်းများစွာ ခြေချွတ်ကုစား၍မရအောင် အယူအမှားကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ကာ ခိုင်မြဲစွာယူသော ဒိဋ္ဌိနှင့်အတူဖြစ်သည့် စေတနာကံမျိုးဖြစ်သည်။ သက္ကာယဒိဋ္ဌိ စသောအယူမှားသည့် ဒိဋ္ဌိများအနက် ကံ၏ အကျိုးမရှိဟုယူသော "နတ္ထိကဒိဋ္ဌိ"၊ ကံ, ကံ၏အကျိုးတို့ကိုပယ်သော "အဟေတုဒိဋ္ဌိ"၊ အကြောင်းကံကိုပယ်သော "အကိရိယဒိဋ္ဌိ" သုံးမျိုးသာ ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်သည်။

ထိုအယူများကို ဘုရားရှင်ချွတ်မရအောင် ခိုင်မြဲစွာယူသောကြောင့် "နိယတ" ဟုခေါ်သည်။ ထိုခိုင်မြဲသော အယူမှား(နိယတမိစ္ဆာဒိဋ္ဌိ)နှင့် အတူဖြစ်သော စေတနာကံကို နိယတမိစ္ဆာဒိဋ္ဌိ ကံဟုခေါ်သည်။ ထိုကံရှိသူသည် သေသည်၏အခြားမဲ့၌ အဝီစိမှာသက်တမ်းပြည့် (အာယုကပ်ပတ်လုံး) အမြဲ

ဒုက္ခဆင်းရဲခံရ၏။ သံဃဘေဒကကံထက်ပင် ဤနိယတမိစ္ဆာဒိဋ္ဌိကံက အပြစ်ကြီးလေးသတဲ့။ အဝီစိသက်တမ်း မပြည့်သေးလျှင် ကမ္ဘာပျက်သော် လည်း မပျက်သောကမ္ဘာသို့ ရွှေ့ပြောင်း၍ဖြစ်စေ၊ ကောင်းကင်မှာဖြစ်စေ ဆက်လက်ခံရသေး၏။ သံဃဘေဒက ကံမှာမူ ထိုကဲ့သို့ ကမ္ဘာပျက်လျှင် အာယုကပ်(သက်တမ်း) မပြည့်သေးသော်လည်း ဆက်လက်မခံရတော့ ချေ။ ဤမျှကြောက်စရာကောင်းသော ကံပေတည်း။

## အတိဘာရိယကံ

ဂရုကကံကြီးလောက် အပြစ်မကြီးလေးသော်လည်း ထိုကံကြီးနီး ပါးမျှ အပြစ်ကြီးလေးသောကံများလည်း ရှိသေးကြောင်း ကျမ်းဂန်များ၌ မိန့်ဆိုထား၏။ ထိုကံများမှာ ရဟန္တာမှကြွင်းသော အရိယာပုဂ္ဂိုလ်တို့ကို သတ်သောကံ၊ အလိုမတူသော ဘိက္ခုနီမကို ဖျက်ဆီးသောကံ၊ အရိယာ ပုဂ္ဂိုလ်တို့ကိုစွပ်စွဲသော အရိယူပဝါဒကံနှင့် စေတီတော်ကိုသော် လည်း ကောင်း၊ ဗောဓိပင်ကိုသော်လည်းကောင်း ဖျက်ဆီးသောကံတို့ဖြစ်သည်။ ထိုကံများကို အလွန်အပြစ်ကြီးလေးသောကြောင့် အဋ္ဌကထာများ၌ "အတိ ဘာရိယကံ"ဟု မိန့်ဆိုထားကြ၏။ (အတိဘာရိယ=အလွန်အပြစ်ကြီးလေး သောကံ)။

အရိယာတို့ကို စွပ်စွဲပြောဆိုသောကံ၌ အရိယာပုဂ္ဂိုလ်မှန်းသိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ အရိယူပဝါဒကံ ထိုက်၏။ လက်ရှိဘဝ၌တရား အားထုတ်၍ မဂ်, ဖိုလ်ကို မရနိုင်တော့။ သေဆုံးလျှင်လည်း သုဂတိသို့ မရောက်နိုင်လောက်အောင် အပြစ်ကြီးလေး၏။ သို့သော် ထိုအရိယူပဝါဒ ကံကိုမူ ကုစား၍ရ၏။ ကုစားပုံမှာ မိမိပြစ်မှားမိသော အရိယာပုဂ္ဂိုလ်ကို ဝန်ချတောင်းပန်ကန်တော့ရ၏။ ထိုအခါ အပြစ်များမဖြစ်ပွားတော့။ ပြေ ပျောက်သွား၏။ ထိုအတိဘာရိယကံများကို "အာနန္တရိယကံ" နှင့် အလားတူ

၏ဟု အဋ္ဌကထာများ၌မိန့်ဆိုထားကြ၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၁၃၄–၅)

ဂရုက ကံတွင် အကျုံးမဝင်သော်လည်း ဂရုကကံလောက်နီးပါး အပြစ်ကြီးလေးသော အတိဘာရိယကံတို့ရှိသေးကြောင်း သိစေလို၍ ဖော်ပြလိုက်ခြင်းဖြစ်သည်။

## ကုသိုလ် ဂရုကကံများ

ဈာန်ကုသိုလ် ဂရုကကံ ၉–ပါးသည်လည်း ကုသိုလ်အရာ၌ အခြားကုသိုလ်ကံများ အကျိုးပေးမှုကို တားမြစ်ဖိစီး၍ မိမိကသာ အခြားမဲ့ ဘဝ၌ ပဋိသန္ဓေကျိုးကိုပေး၏။ ဂရုက ကုသိုလ်ဈာန်အချင်း အတူတူပင်ဖြစ်သော်လည်း အထက်အထက် ဈာန်ကုသိုလ်များက အောက်အောက် ဈာန်ကုသိုလ်များ၏ အကျိုးပေးမှုကိုတားမြစ်၍ မိမိတို့က အကျိုးပေး၏။ ဥပမာ– ပဋ္ဌမဈာန်အထိ ရထားသူသည် အောက်ဈာန်လေးပါး၏ အကျိုးပေးမှုကို တားမြစ်၍ ပဋ္ဌမဈာန်ကုသိုလ်ကသာ ပဋ္ဌမဈာန်ဘုံတို့၌အကျိုးပေး၏။ ထို့အတူ ဈာန် ၉–ပါးလုံး ရထားသူသည် အောက်ဈာန် ၈–ပါးတို့၏ အကျိုးပေးမှုကို တားမြစ်၍ ၉–ပါးမြောက် အထက်ဆုံး နေဝသညာနာသညာယတန အရူပကုသိုလ်ဈာန်ကနေ နေဝသညာနာသညာယတန အရူပဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးသကဲ့သို့ဖြစ်သည်။

သို့သော် ပင်ကိုအားဖြင့် ကြီးလေးသော သဘောသည်သာ ဂရုက ဖြစ်သည်။ လွှမ်းမိုးတားမြစ်နိုင်မှု၊ မတားမြစ်နိုင်မှုမှာ ဂရုကနာမည်နှင့် မဆိုင်ချေ။ ထို့ကြောင့် ပထမဈာန်စသော ကုသိုလ်တို့ အခြားဈာန်ကုသိုလ်တို့၏ အလွှမ်းမိုးခံရသော်လည်း ပင်ကိုအားဖြင့် ကြီးလေးသောသဘောရှိ၍ "ဂရုက" ဟူသော နာမည်ကို ရမြဲရနေပေသည်ဟု မှတ်သားရမည်။

သေခါနီး၌အောက်မေ့သောကံ (ဝါ) ပြုသောကံ

အာသန္နသဒ္ဒါသည် "အနီး"ဟု အဓိပ္ပာယ်ရ၏။ ဤ၌ အနီးဆိုသည်မှာ သေတော့မည့်ကာလ၏ အနီးဟုဆိုလို၏။ ထို့ကြောင့် သေခါနီးအချိန်၌ ပြန်လည်အောက်မေ့မိသော ကံကိုလည်းကောင်း၊ သေခါနီးကာလတွင်မှ ပြုလုပ်သောကံကိုလည်းကောင်း ပါဠိလို "အာသန္နကံ" ဟုခေါ်သည်။ သေခါနီးကာလဆိုသည်မှာကား အသေးစိတ်အားဖြင့် "မရဏာသန္နဇောဝီထိ"သို့ မရောက်မီ အရေးကြီးဆုံးအချိန်ပိုင်းကလေးဖြစ်သည်။ (ဝိဘာဝိနီဋီကာ၊ ၁၆၇)

ရှင်းပြဦးအံ့–အချို့ပုဂ္ဂိုလ်များသည် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတို့ကို ကာလအတန်ကြာကပြုခဲ့ပြီးသည့်နောက် ထပ်ခါ ထပ်ခါ သတိရမဘဲ သေခါနီးရောက်ချိန်မှ အမှတ်တမဲ့ပေါ်လာ၊ သတိရလာတတ်ကြ၏။ ထိုကံမျိုးကိုလည်း အာသန္နကံခေါ်၏။ သေခါနီးမှ မိတ်ဆွေကောင်းတို့၏အကူအညီဖြင့် တရားနာခြင်း၊ ပန်းဆီမီးပူဇော်ခြင်း၊ သင်္ကန်းလှူဒါန်းခြင်း၊ တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်ရိုက်နှက်ခြင်း စသောကံမျိုးကိုလည်း အာသန္နကံခေါ်၏။

သာဓကဆောင်၍ပြရလျှင် မဇ္ဈိမနိကာယ်ရွာကြီး၌ ဒမိဠဒေါဝါရိကမည်သော ထံငါသည်ကြီးတစ်ဦးရှိသတဲ့။ သူသည် အနှစ်ငါးဆယ်ပတ်လုံး ထံငါအလုပ်ဖြင့် အသက်မွေးမြူ၍ ပါဏာတိပါတအမှုကို ပြုခဲ့၏။ ထို့နောက် အသက်အရွယ်အိုမင်း၍ လုံးဝမထနိုင်ရှာတော့ဘဲ လဲလျောင်းပြီးသာ နေရရှာ၏။ ထိုအကြောင်းကို တောင်ပေါ်ကျောင်း၌သီတင်းသုံးနေသည့် စူဠပိဏ္ဍပါတိကတိဿမထေရ် သိရှိသောအခါ "ငါရှိလျက် ဒီသတ္တဝါ မပျက်စီးသင့်" ဟု စဉ်းစားကာ ထိုထံငါ၏အိမ်ထံခါးဝ၌သွားရပ်၏။ ဇနီးဖြစ်သူက ထိုအကြောင်းကို ပြောကြားသည့်အခါ "ငါဟာ အနှစ်ငါးဆယ်ပတ်လုံး မ...ရဲ့ မြတ်ထံ တစ်ကြိမ်မျှမသွားဖူးခဲ့၊ ဘာကျေးဇူးရှိလို့ မထေရ်မြတ်လာပါသလဲ၊

ရှင်မသွားပြီး ကန်တော့ဆွမ်းပါဘုရား"ဟု လျှောက်လိုက်ဟုပြောသည့် အတိုင်း ဇနီးသည်က သွားလျှောက်ထား၏။

မထေရ်မြတ်က "ဒါယကာမှာ ဘာရောဂါဖြစ်သလဲ"ဟုမေးသည့် အခါ "အားနည်းတဲ့ ရောဂါပါဘုရား"ဟု ပြန်လျှောက်၏။ ထိုအခါ မထေရ် မြတ်သည် အိမ်ထဲသို့ကြွဝင်သွားပြီး သတိကိုဖြစ်စေကာ "သီလယူမလား" ဟု မေးလိုက်၏။ ယူပါမည်ဘုရား၊ သီလပေးသနားတော်မူပါဟု လျှောက် သည့်အခါ မထေရ်မြတ်သည် သရဏဂုံသုံးပါးကို ပေးတော်မူပြီး ငါးပါးသီ လကို ဆက်ပေးရန် စ, ခါရှိသေးစဉ် လုံးဝလိုက်မဆိုနိုင်တော့ချေ။ မထေရ် မြတ်လည်း ဤသရဏဂုံဆောက်တည်ခြင်းဖြင့် ဒကာအား ချမ်းသာရပေ မည်ဟုဆိုကာ အိမ်မှထွက်ခွာလာခဲ့၏။ တံငါသည်လည်း မကြာမီကွယ်လွန် ၍ စာတုမဟာရာဇ်နတ်ဘုံ၌ နတ်သားသွားဖြစ်၏။ သရဏဂုံဆောက်တည် ခြင်းဟူသော အာသန္နကံကုသိုလ်ကံက အကျိုးကြီးပေစွ။ (အံ၊ ဋ္ဌ၊ ၂။ ၁၀၇–၈)

ထို့ပြင် မဟာဝါစကာလ ဥပါသကာသည်လည်း သောတာပန် ဖြစ်ရန် ရည်မှန်း၍အနှစ်သုံးဆယ်ပတ်လုံး ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခဲ့သည်။ သို့သော် ဩဘာသနိမိတ်မျှ မရသောကြောင့် "ဘုရားသာသနာတော်သည် သံသရာမှထွက်မြောက်ကြောင်းဖြစ်မည် မထင်"ဟု အယူမှားယွင်းဖောက်ပြန်၏။ ထိုအယူမှားယွင်းဖောက်ပြန်မှုသည် သေခါနီးကာလ၌ဖြစ်၍ ကွယ်လွန်သေဆုံးသွားသောအခါ မဟာဂင်္ဂါမြစ်၌ ၉–ဥသဘရှည်သော မိကျောင်းပြိတ္တာကြီးဖြစ်ရလေသည်။ (အံ၊ ဋ္ဌ၊ ၂။ ၁၀၈–၉)

## အာသန္နကံနှင့် မရဏာသန္နဇောစေတနာ

မှတ်သားရန်အချက်မှာ အာသန္နကံနှင့် မရဏာသန္နဇော စေတနာ

တို့ မတူကြသည့်အချက်ဖြစ်သည်။ အာသန္နကံမှာ ဆိုခဲ့သည့်အတိုင်း သေခါနီးကာလ၌ပြုသော (ဝါ) ပြုပြီးသည်ကို ပြန်လည်အောက်မေ့သည့်ကံဖြစ်သည်။ သေခါနီးကာလဆိုသည်မှာ မရဏာသန္နဇောဝီထိမဖြစ်မီ ရှေးအဖို့ကာလဖြစ်သည့် ထိုကံကား ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်သော ကံဖြစ်သည်။

မရဏာသန္နဇောစေတနာကား သေတော့မည့် နောက်ဆုံးကာလတွင် ဖြစ်ပေါ်လာသော ဝီထိ (စိတ်အစဉ်) ဖြစ်သည်။ ထိုမရဏာသန္နဝီထိတွင် ဟဒယဝတ္ထုရုပ် အလွန်အားနည်းနေပြီဖြစ်၍ အင်အားလျော့ပါး၊ ချိနဲ့နေသောဝတ္ထုရုပ်ကို မှီ၍ဖြစ်လာရသောဇောများမှာလည်း အရှိန်အဟုန်လျော့ပါးအင်အားနည်းလှသဖြင့် ပကတိအခါကဲ့သို့ ဇော ၇–ကြိမ်၊ ၆–ကြိမ် မဇောနိုင်တော့ဘဲ ၅–ကြိမ်သာ ဇောရတော့၏။ ဤသို့ ဇောစေတနာ အင်အားနည်းသောကြောင့်လည်းကောင်း၊ ဆည်းပူးအပ်သော အာသေဝနပစ္စည်းကို မရသောကြောင့်လည်းကောင်း၊ တဏှာသည် မသာယာအပ်သောကြောင့်လည်းကောင်း၊ ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်လောက်အောင် ကမ္မပထမမြောက်သောကြောင့်လည်းကောင်း ပဋိသန္ဓေကျိုးကို ပေးနိုင်သောဇနကကံမျိုးမဟုတ်ချေ။

ထိုမရဏာသန္နဝီထိ၌ ကုသိုလ်ဇောစောလျှင် နောင်ဘဝ၌ ကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရ၏။ အကုသိုလ်ဇောစောလျှင် နောင်ဘဝ၌ အကုသိုလ်ကံအကျိုးပေးခွင့်ရ၏။ ထို့ကြောင့် မရဏာသန္နကုသိုလ်၊ အကုသိုလ်ဇော စေတနာတို့သည် ကိုယ်တိုင်အကျိုးမပေးဘဲ ရေလာမြောင်းပေးဆိုသလို အခြားဇနကကံများ အကျိုးပေးခွင့်ရအောင် ထောက်ပံ့ကူညီသော ဥပတ္ထမ္ဘကကံများသာဖြစ်သည်။ ထိုဇောများသည် ပဋိသန္ဓေကျိုးပေးမည့် ဇနကကံ၏အစွမ်းကြောင့်ထင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးမျိုးတွင် တစ်မျိုးမျိုးကို အာရုံပြု၍ ထိုအာရုံကို ပဋိသန္ဓေဝိညာဉ်က အာရုံပြုအောင်လည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု အဋ္ဌကထာ၊

ဋီကာတို့၌မိန့်ဆိုထား၏။

## အမြဲဆည်းပူး လေ့ကျက်သော ကံ

အမြဲမပြတ် ဆည်းပူးလေ့ကျက်၊ တိုးပွားစေခြင်းကို ပါဠိလို "အာစိဏ္ဏ" ဟုခေါ်၏။ ထို့ကြောင့် အကုသိုလ်အရာ၌ သတ်ခြင်း၊ ခိုးခြင်း စသည်တို့ဖြင့် အမြဲအသက်မွေးမှုသည်လည်းကောင်း၊ ကုသိုလ်အရာ၌ ပိဋကပါတ်ဆွမ်းလောင်းခြင်း၊ ငါးပါးသီလ ဆောက်တည်ခြင်း၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ စာပေသင်ကြားပို့ချခြင်း စသည်တို့ကို အမြဲမပြတ် လေ့လာဆည်းပူးမှုသည်လည်းကောင်း အာစိဏ္ဏကံဖြစ်ပါသည်။

ထို့ပြင် တစ်ကြိမ်ကုသိုလ်ပြုပြီးသည့်နောက် ထိုကုသိုလ်ကို ထပ်တလဲလဲ ကြိမ်ဖန်များစွာအောက်မေ့၍ ဝမ်းမြောက်ဝမ်းသာဖြစ်မှုသည် လည်းကောင်း၊ တစ်ကြိမ်အကုသိုလ်ပြုပြီးနောက် ထိုအကုသိုလ်ကို ပြန်လည်အောက်မေ့၍ အကြိမ်ကြိမ်အဖန်ဖန် စိုးရိမ်ပူပန်နေမှုသည်လည်းကောင်း "အာစိဏ္ဏကံ" မည်ပါသည်။ (အံ၊ ၄၊ ၂။ ၁၀၅။ ဝိဘာဝိနီဋီကာ၊ ၁၆၉-၇၀)

## ပြုပြီးနှင့် ပြုကာမျှဖြစ်သော ကံ

ပြုပြီးနှင့်ပြုကာမျှကံကို ပါဠိလို "ကဋတ္တာကံ"ဟုခေါ်၏။ ထို့ကြောင့် ရှေးရှေးဘဝတို့၌ ပြုခဲ့ပြီးသော အပရာပရိယဝေဒနီယကံများနှင့် ယခုဘဝ၌ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ အခြေအနေသို့မရောက်တတ်ဘဲ အမှတ်တမဲ့ သာမန်မျှပြုလုပ်သောကံများကို "ကဋတ္တာကံ"ဟု ခေါ်သည်။ (ဝိဘာဝိနီဋီကာ၊ ၁၇၀)

သူရူးပစ်လိုက်သော တုတ်နှင့်တူသောကံဖြစ်သည်။ သူရူးပစ်လိုက်သောတုတ်သည် ရည်ရွယ်ဦးတည်ချက်မရှိဘဲ ကျချင်ရာနေရာမှာ ကျ

သကဲ့သို့ အခြားကံသုံးပါးတို့ အကျိုးပေးနေခိုက်တွင် အကျိုးပေးခွင့်မသာ သေးသဖြင့် ဘယ်အချိန်တွင် အကျိုးပေးမည်ဟု မရေရာသောကံမျိုးဖြစ် သည်။ သို့ရာတွင် တုတ်သည် ဘယ်နေရာမှာကျမည်ဟု မသေချာသော် လည်း တစ်နေရာရာတွင် ကျမှာဖြစ်သကဲ့သို့ ထိုကံသည်လည်း တစ်ချိန်ချိန် တစ်နေရာရာတွင် အကျိုးပေးခွင့်ကြုံက အကျိုးပေးမည်ဖြစ်သည်ဟု ပရမတ္ထ ဒီပနီဋီကာ၌ မိန့်ဆိုထား၏။

မိဘ၊ သားမယားတို့၌ လုပ်ကျွေးပြုစုသော စေတနာကံသည် ထို ကဋတ္တာကံ၌အကျုံးဝင်၍ တစ်ချိန်ချိန်တွင် အကျိုးပေးနိုင်၏။ ထို စေတနာကိုပင် မဆိုထားဘိ၊ ထိုသူတို့အချင်းချင်း ချစ်ခင်ကြသော မေတ္တာနှင့် တကွသောစေတနာသည်ပင် တစ်ဆင့်ထက်တစ်ဆင့် ရင့်စေ၍ စကြဝဠာ မင်းအဖြစ်တိုင်အောင် အကျိုးပေးနိုင်ကြောင်း မာတုဂုဏာသုတ်၌ ဟောတော်မူ ၏။

ချစ်ခြင်းသည် တဏှာအားဖြင့် ချစ်ခြင်း၊ မေတ္တာအားဖြင့် ချစ်ခြင်း ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ငါ့အား ခြေဆုပ်လက်နယ်ပြုခြင်း၊ ယပ် ခပ်ခြင်း၊ ကျွေးမွေးခြင်း၊ နာရေး ဖျားတာပြုစုခြင်း၊ ကောင်းမှုပြုရာ ညီညာခြင်း၊ ဥစ္စာကို ထိန်းသိမ်းခြင်းစသောအမှုကို ပြုပေသည်ဟု ဂုဏ်ကျေးဇူးကိုအောက် မေ့၍ ချစ်ခြင်းသည် မေတ္တာအားဖြင့်ချစ်ခြင်းမည်၏။ ထိုမေတ္တာသည် မဟာ ကုသိုလ်ပင်ဖြစ်ရကား မြတ်သောအကျိုးကိုပေး၏ဟူလိုသည်။ (မနောရထပူ ရဏီကျမ်း–၁၅၇)

## ကံ ၄ မျိုးတို့ အကျိုးပေးပုံအစဉ်

ဤဆိုခဲ့ပြီးသော ဂရုကကံစသော ကံလေးမျိုးလုံးပင် ပဋိသန္ဓေ အကျိုးကိုပေးပေသည်။ ယခု ဤကံလေးမျိုး စဉ်ထားခြင်းမှာလည်း ပဋိသန္ဓေ အကျိုးပေးသည့် အလှည့်အကြိမ် အစဉ်အားဖြင့် စဉ်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကံလေးမျိုးလုံးရှိသူတို့၌ နောင်ဘဝမှာ ဂရုကကံက ပဋိသန္ဓေကျိုးကိုပေး၏။ လောကီစျာန်လည်းမရ၊ အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိ ကံလည်းကင်းကြ၍ ဂရုကကံမရှိသောပုဂ္ဂိုလ်များ၌ အာသန္နကံစသော ကံသုံးမျိုးရှိလျှင် အာသန္နကံပဋိသန္ဓေကျိုးကိုပေး၏။ ဂရုကကံ၊ အာသန္နကံမရှိဘဲ လတ်တလောသေဆုံးရသူ၊ မေ့မေ့မူးမူးနှင့်သေဆုံးရသူများ၌ အာစိဏ္ဏကံစသော ကံနှစ်ပါးရှိလျှင် အာစိဏ္ဏကံက ပဋိသန္ဓေကျိုးကို ပေးလေသည်။ ဤစကားအရ ဂရုကစသော ရှေ့ကံသုံးမျိုးသည် ယခုမျက်မှောက်ဘဝ၌ပြုသောကံများတည်း။ ကဋတ္တာကံက ယခုဘဝ၌ အမှတ်တမဲ့ပြုထား၍ ဂရုကစသော အဖြစ်သို့ မရောက်သောကံများနှင့် ရှေးရှေးဘဝတို့၌ပြုခဲ့ပြီးသောကံများတည်း။ ထို့ကြောင့် ကဋတ္တာကံနှင့် မည်သူမျှမကင်းနိုင်ကြပေ။ ဂရုကကံစသော ရှေ့ကံ ၃-ပါးမရှိလျှင် ဤကဋတ္တာကံသည်ပင် ပဋိသန္ဓေကျိုးကိုပေးရလေသည်။

ဤအဓိပ္ပာယ်ဖြင့် နောင်တမလွန်ဘဝအတွက် ဂတိကောင်းဖို့၊ မကောင်းဖို့မှာ ယခုလက်ရှိဘဝတွင် အားရပါးရထူထောင်ထားသောကံတို့၏ လက်ချက်သာဖြစ်သည်။ ထိုကံများမရှိမှ ရှေ့ဘဝကကံများ အကျိုးပေးခွင့် ရနိုင်ပေသည်ဆိုသည့်အချက်မှာ ပေါ်လွင်သိသာပါသည်။ ထို့ကြောင့် ဒုတိယဘဝ၌ အားရကျေနပ်နိုင်မည့် ပဋိသန္ဓေကိုရနိုင်ဖို့ လက်ရှိဘဝတွင် လွန်စွာ ကြိုးစားအားထုတ်သင့်ကြသည်။

### ကံနှစ်ပါးပြဿနာ

အာသန္နကံနှင့် အာစိဏ္ဏကံနှစ်မျိုးတွင် နောင်ဘဝ၌ ပဋိသန္ဓေကျိုးပေးမှုကိုမကြည့်ဘဲ ပင်ကိုသဘောအတိုင်းဆိုပါက အာသန္နကံထက် အာစိဏ္ဏကံက အားကောင်း၏။ ထို့ကြောင့် အင်္ဂုတ္တိုရ် အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ "ယဂ္ဂရုကံ၊ ယဗ္ဗဟုလံ၊ ယဒါသန္နံ၊ ကဋတ္တာကမ္မံ"ဟု

အာသန္နကံ၏ရှေ့က အာစိဏ္ဏကံကိုထားကာ အစဉ်တစ်မျိုးစဉ်ထား၏။ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာနှင့် ဝိသုဒ္ဓိမဂ်ဋီကာတို့၌ "ဂရုကကံသည် ကျန်ကံသုံးပါးတို့၏ ရှေးဦးစွာအကျိုးပေးသည်။ ဂရုကကံမရှိသော် အာစိဏ္ဏကံ အကျိုးပေးသည်။ အာစိဏ္ဏကံမရှိမှ အာသန္နကံအကျိုးပေးသည်။ အာသန္နကံမရှိသော် ကဋတ္တာကံ အကျိုးပေးသည်"ဟု ဖွင့်ဆိုကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤကံလေးပါး၏ရှေ့နောက်စီစဉ်မှုမှာ ရှင်တော်ဗုဒ္ဓ၏ မဟာကမ္မဝိဘင်္ဂ ဉာဏ်အရာသာဖြစ်သည်။ သာဝကတို့၏ ဉာဏ်အရာမဟုတ်ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ကောက်ချက်ချထားသည်။ (ယဗ္ဗဟုလံဆိုသည်မှာ အာစိဏ္ဏကံပင် ဖြစ်သည်။)

ဤသို့ ပင်ကိုသဘောအားဖြင့် အာသန္နကံထက် အာစိဏကံက အားရှိသော်လည်း တမလွန်ဘဝ၌ ပဋိသန္ဓေကျိုးပေးရာတွင် မရဏာသန္နဇော ဝီထိနှင့်နီးကပ်နေသော အာသန္နကံသာလျှင် သာလွန်အရေးပါအရာရောက်၏။ မှန်၏။ မရဏာသန္နဇော၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးသည် ပဋိသန္ဓေကျိုးပေးမည့် ကံ၏အစွမ်းကြောင့် ထင်လာရမြဲဓမ္မတာဖြစ်၏။ ထိုသို့ထင်စေနိုင်သောကံသည် အမှန် ပဋိသန္ဓေကျိုးကို ပေးရတော့မည်။ ထိုသို့ မရဏာသန္နဇော၌ နိမိတ်တစ်ပါးပါးထင်စေဖို့ကိစ္စကိုလည်း ရှေးရှေးက အလေ့အကျက်များခဲ့သော အာစိဏ္ဏကံထက် မရဏာသန္နဇောနှင့်နီးကပ်လျက်ရှိသော အာသန္နကံက သာလွန်စွာဆောင်ရွက်နိုင်ဖွယ်ရှိ၏။

ဤအဓိပ္ပာယ်ကိုရည်ရွယ်၍ အင်္ဂုတ္တရအဋ္ဌကထာစသည်တို့၌ နွားခြံကြီးထဲတွင် ခွန်အားဗလကောင်းသော နွားငယ်၊ လိမ္မာသောနွားပို့များရှိနေကြသော်လည်း နွားခြံတံခါးကို ဖွင့်လိုက်သည့်အခါ ခြံတံခါးအနီး၌ ရောက်နေသော အားအင်ချိနဲ့သည့်နွားအိုကြီးကသာ ခြံတံခါးဝနှင့်နီးသောကြောင့် ရှေ့ဆုံးကထွက်ရသကဲ့သို့ အာစိဏ္ဏကံ စသည့်အခြားကံများရှိသော်လည်း အာသန္နကံသည်သာ သေခါနီးကာလနှင့်နီးသည့်အတွက် ထိုကံကသာ

ပဋိသန္ဓေကျိုးကို ပေးသည်ဟု ဥပမာဆောင်ပြထားလေသည်။ ဤနည်းအရ အာသန္နကံက အာစိဏ္ဏကံထက် ဦးစွာအကျိုးပေးလှည့်ကျသောကြောင့် အာသန္နကံကို အာစိဏ္ဏကံ၏ရှေ့မှာထား၍ "သင်္ဂဟအဋ္ဌကထာ" ၌ စဉ်ပြထားခြင်းဖြစ်သည်။

## အကျိုးပေးရာဌာနအားဖြင့် ကံ ၄ မျိုး

တစ်နည်းအားဖြင့် ကံသည် အကျိုးပေးရာဘုံဌာနလိုက်၍ (၁) အကုသိုလ်ကံ၊ (၂) ကာမာဝစရ ကုသိုလ်ကံ၊ (၃) ရူပါဝစရ ကုသိုလ်ကံ၊ (၄)အရူပါ ဝစရကုသိုလ်ကံအားဖြင့် လေးပါးရှိသည်။

## ကုသိုလ်ကံ

အပြစ်လည်းရှိ၊ မကောင်းကျိုးကိုလည်း ပေးတတ်သောကံကို အကုသိုလ်ကံဟုခေါ်သည်။ ထိုအကုသိုလ်ကံသည် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် သုံးပါးရှိသည်။ ထိုတွင် ကာယကံသည် ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံဟု သုံးပါးရှိ၏။ ကိုယ်ဖြင့်ပြုလုပ်မှုများဖြစ်၍ ကာယကံဟုခေါ်သည်။ ဝစီကံသည် မုသာဝါဒကံ၊ ပိသုဏာဝါစာကံ၊ ဖရုသဝါစာကံ၊ သမ္ဖပ္ပ လာပကံဟု လေးပါးရှိ၏။ နှုတ်ဖြင့်ပြောဆိုပြုလုပ်မှုများဖြစ်၍ ဝစီကံဟုခေါ်သည်။ မနောကံသည် အဘိဇ္ဈာကံ၊ ဗျာပါဒကံ၊ မိစ္ဆာဒိဋ္ဌိကံဟု သုံးပါးရှိ၏။ စိတ်ဖြင့်ကြံစည်မှု ယူဆမှုများဖြစ်၍ မနောကံဟုခေါ်သည်။

ထိုတွင် မနောကံသုံးပါးမှာ လူသိနည်းပါးသဖြင့် မနောကံသုံးပါး၏ အဓိပ္ပာယ်ကိုသာ အနည်းငယ်ပြဆိုပါမည်။ မနောကံသုံးပါးတွင် အဘိဇ္ဈာကံဆိုသည်မှာ သူတစ်ပါးစည်းစိမ်ဥစ္စာပစ္စည်းသည် ငါ့ဥစ္စာပစ္စည်းဖြစ်ပါလျှင် ကောင်းလေစွဟု ကြံစည်သော လောဘစိတ်ဖြစ်သည်။ တရား

သဘောအားဖြင့် သူတစ်ပါးစည်းစိမ်ဥစ္စာကို မတရားလိုချင်သော လောဘဖြစ်၏။ ထိုလောဘနှင့်အတူဖြစ်သော စေတနာကိုလည်း အဘိဇ္ဈာကံဟုခေါ်သည်။

ဗျာပါဒကံကား သူတစ်ပါးသေကျေပျက်စီးမှုကို လိုလားသောဒေါသတရားတည်း။ ဤအရာ၌ ဒီအကောင်သေရင်တော့ အေးတာပဲ၊ ဘယ်တော့များမှ သေပါ့မလဲ၊ ဒီအကောင် ပျက်စီးအောင် ဘယ်လိုများလုပ်ရမလဲစသည်ဖြင့် ပိုးမွှားတိရစ္ဆာန်ကိုဖြစ်စေ၊ လူကိုဖြစ်စေ၊ သတ္တဝါတစ်ဦးဦးကိုဖြစ်စေ သေကျေပျက်စီးလိုသော အကြမ်းစားဒေါသမျိုးသာ ကမ္မပထမြောက်၏။ သူတစ်ပါးအပေါ်မှာ စိတ်ဆိုးရုံသက်သက်ကား ကမ္မပထ မမြောက်ဗျာပါဒကံသာထိုက်၏။

မိစ္ဆာဒိဋ္ဌိကံဆိုသည်မှာ မှားသောအယူအမြင်ဟူသော ဒိဋ္ဌိစေတသိက်၊ ထိုဒိဋ္ဌိစေတသိက်နှင့်အတူဖြစ်သော စေတနာတို့ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဤမနောကံ၏အကြောင်းကို "မှားသောအယူအမြင်"ဟုလောက်သာ နားလည်ကြ၏။ ထို့ထက်ပို၍ နားမလည်ကြ။ ဘယ်လိုယူလျှင် မှားသောအယူဟုမသိကြ။ အမှန်စင်စစ် ဤအယူ အမြင်မျိုးဖြစ်ပေါ်ယူဆလျှင် ဗုဒ္ဓဘာသာဝင် မဟုတ်တော့သဖြင့် ဤကံ၏အဓိပ္ပာယ်ကိုထိုက်သင့်သလောက် နားလည်ထားသင့်ကြ၏။

ဤကံ၏အဓိပ္ပာယ်ကို ဒုစရိုက် ၁၀ ပါးမကြောင်းကို ဟောသောထိုထို သုတ္တန်ပါဠိတော်များနှင့် အဘိဓမ္မာပါဠိတော်များ၌ အယူအမြင် ၁၀ မျိုးအထိ ဟောကြားထား၏။ သို့သော် ဤ၌ အတိုချုံး၍ဖော်ပြရလျှင် (၁) ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏အကျိုးရင်း၊ အကျိုးဆက် မရှိဟုယူဆခြင်း၊ (၂) ရေးဘဝမရှိဟု ယူဆခြင်း၊ (၃) အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်ဟူသော နောင်ဘဝမရှိဟုယူခြင်း၊ (၄) ငရဲ၊ ပြိတ္တာ၊ နတ်သိကြား၊ ဗြဟ္မာစသော ဥပပတ်သတ္တဝါမျိုး မရှိဟုယူခြင်း၊ (၅) ရေးဘဝ

နောင်ဘဝတို့ကို ကိုယ်တိုင်သိမြင်၍ ဟောကြားနိုင်ကြသည့် အကျင့်ကောင်း ရှိကုန်သော သမဏဗြာဟ္မဏတို့ လောက၌မရှိဟုယူခြင်းတို့သည် မှားသော အယူအမြင်ဟု ခေါ်ဆိုရသော မိစ္ဆာဒိဋ္ဌိ မနောကံပေတည်း။ အထူးသဖြင့် ဖော်ပြပါငါးမျိုးအနက် တစ်မျိုးမျိုးကိုယူလျှင် ဗုဒ္ဓဘာသာဝင်မဟုတ်တော့။ အယူမှားသော မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတော့၏။ ထို့ကြောင့် ထိုအယူအမြင်မျိုး မယူမိအောင် အထူးသတိဆောင်သင့်ကြသည်။

## အကုသိုလ်အုပ်စုဝင် တရားများ

ယခုဖော်ပြခဲ့ပြီးသော ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ၃ ပါးပေါင်း ၁၀ ပါးကို ဒုစရိုက်တရားဟူ၍လည်းကောင်း၊ အကုသလကမ္မပထ တရားဟူ၍လည်းကောင်း ခေါ်သည်။ ဤတရားဆယ်ပါးတို့သည် တရားသဘောအားဖြင့် အကုသိုလ်စိတ်၊ စေတနာ ၁၂ ပါးတို့ဖြစ်သည်။ ထိုအကုသိုလ် စိတ်၊ စေတနာတို့ကား အကြောင်းမဲ့ဖြစ်ပေါ်လာကြသည် မဟုတ်၊ ၎င်းတို့ကို ဖြစ်ပေါ်စေသောအကြောင်းတရားများလည်း ရှိကြသေး၏။

ထိုအကြောင်းတရားတို့တွင် ပဓာန မူလအကြောင်းတရားတို့ကား လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်စေတသိက်တရား သုံးပါးတို့တည်း။ လိုချင်မှု လောဘစေတသိက်ဖြစ်လာလျှင် လောဘ(မူ) အကုသိုလ်စိတ်ဖြစ်သည်။ စိတ်ဆိုးမှု၊ ရန်ငြိုးမှု၊ ပြစ်မှားမှု၊ ဒေါသ စေတသိက် ဖြစ်လာလျှင် ဒေါသ(မူ) အကုသိုလ်စိတ်ဖြစ်သည်။ မသိမှု၊ တွေဝေမှု မောဟ စေတသိက်ဖြစ်လာလျှင် မောဟ(မူ) အကုသိုလ်စိတ်ဖြစ်သည်ဟု ဆိုလိုပေသည်။ ဤကဲ့သို့ အကုသိုလ်ဖြစ်ကြောင်း မကောင်းသော အကုသိုလ်အုပ်စု ဝင်တရားများကို ရှေ့အခန်းတွင် ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပြီးပေပြီ။

အကျိုးပေးရာဘုံဌာန

ဤပြဆိုခဲ့ပြီးသော အကုသိုလ်စေတနာကံ ၁၂ ပါးအနက် ဥဒ္ဓစ္စ အကုသိုလ်စေတနာမှတစ်ပါး ကျန်အကုသိုလ်စေတနာ ၁၁ ပါးတွင် တစ်ပါးပါးကို ပြုလုပ်သူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံတို့တွင် တစ်ဘုံဘုံ၌ဖြစ်ရသည်။ (ပဋိသန္ဓေကျိုး)။ ဖြစ်ပြီးသည့်နောက်၌လည်း ဖြစ်ရာဘုံတို့၌ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရာကာယ်ဘုံတို့၌ဖြစ်သော ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရသည့်အပြင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ (အသညသတ်ဘုံမပါ)တို့၌ ကုသိုလ်ကံအားလျော်စွာ ဖြစ်ကြရသော်လည်း ဆင်းရဲဒုက္ခရောက်ခြင်း၊ အသက်တိုခြင်း၊ ရုပ်ဆင်းအင်္ဂါ မလှပမတင့်တယ်ခြင်း၊ ရောဂါထူခြင်း၊ တန်ခိုးအရှိန်အဝါနည်းပါးခြင်း စသောဆိုးကျိုးများကို ခံစားကြရ၏။ (ပဝတ္တိကျိုး)။ ဤသို့ အပါယ်ဘုံတို့၌ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးနှစ်မျိုးကို ခံစားရ၍ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ပဝတ္တိမကောင်းကျိုးများကို ခံစားရသည်။ ဥဒ္ဓစ္စစေတနာသည် အင်အားနည်းသည့်အပြင် သောတာပတ္တိမဂ်ဖြင့် မပယ်ရသေးသောကြောင့် ပဋိသန္ဓေကျိုးကို မပေးသော်လည်း ပဝတ္တိကျိုးပေးနိုင်သည်ဟု ကျမ်းဂန်၌လာ၏။

ကာမာဝစရကုသိုလ်ကံ

ကာမာဝစရကုသိုလ်စေတနာ ၈ ပါးသည် ကာမာဝစရကုသိုလ်ကံ ဖြစ်၏။ ကာမ ၁၁ ဘုံ၌ အများအားဖြင့် ဖြစ်လေ့ရှိသောကြောင့် ကာမာဝစရ အမည်ရ၍ အပြစ်လည်းမရှိ၊ ကောင်းကျိုးပေးခြင်း သဘောလည်းရှိသောကြောင့် ကုသိုလ်အမည်ကို ရပေသည်။

ဤကုသိုလ်ကံသည် အခြားရူပါဝစရ ကုသိုလ်စသော ကုသိုလ်များထက်လည်း အရေအတွက်များ၏။ ကုသိုလ်ဖြစ်ရာဌာနလည်း ကျယ်ဝန်း၏။ ဒါနမှုမျိုးစုံကိုပြုရာ၌လည်းကောင်း၊ ငါးပါး, ရှစ်ပါးစသောသီလများ

ကို စောင့်ထိန်းရာ၌လည်းကောင်း ထိုကုသိုလ် ၈ ပါးတွင် တစ်ပါးပါးဖြစ်သည်။ အယုတ်ဆုံးအားဖြင့် ရူပကုသိုလ်၊ အရူပကုသိုလ်ဆိုသည့် ဈာန်တရားများရအောင် အားထုတ်ရာ၌လည်းကောင်း၊ လောကမှလွန်မြောက်ကြောင်း မဂ်တရား ဖိုလ်တရားများကိုရအောင် အားထုတ်ရာ၌လည်းကောင်း ဤ ၈ပါးအနက် ပညာဉာဏ်ပါသော ကုသိုလ်စိတ် ၄–ပါးကို (ပုဗ္ဗဘာဂ သမထဘာဝနာကုသိုလ်၊ ဝိပဿနာ ဘာဝနာကုသိုလ်များအဖြစ်) အခြေခံ အရင်းအနှီးပြုကာ အားထုတ်ကြရ၏။

ထိုမျှမကသေး၊ ဈာန်ရပြီးသောအခါ၊ မဂ်ဖိုလ်ကို ရပြီးသောအခါတို့၌ ဈာန်အင်္ဂါများကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ မဂ်ဖိုလ် စသည်တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ(ဆင်ခြင်သော စိတ်အစဉ်)တို့မှာ ဉာဏ်ပါသော ကာမကုသိုလ်စိတ်တို့ပင် (သေက္ခ၊ ပုထုဇဉ်တို့သန္တာန်၌) ဖြစ်ကြ၏။ ဣဒ္ဓိဝိဓ အဘိညာဉ်စသော တန်ခိုးအဘိညာဉ်များကို ရဖို့ရန်အားထုတ်ရာ၌လည်း ပရိကမ္မဝီထိခေါ် အဓိဋ္ဌာနဝီထိတို့၌လည်း ထိုကာမာဝစရဉာဏသမ္ပယုတ်ကုသိုလ်စိတ်များ အခြေခံအဖြစ်ဖြင့်ပါဝင်ကြရသည်။ ဤကဲ့သို့ဖြစ်ရာဌာန ကျယ်ဝန်းလှသောကြောင့် ဤကာမာဝစရ ကုသိုလ်စိတ်များကို "မဟာ"ဟူသောပုဒ်ဖြင့် အထူးပြုကာ "မဟာကုသိုလ်ကံ ၈–ပါး"ဟု အမည်ပေးကြသည်။

## ဘုံဌာနအသီးသီး၌ အကျိုးပေးပုံ

လှူဒါန်းပေးကမ်းခြင်းဒါန၊ ၅–ပါး၊ ၈–ပါး၊ ၁၀–ပါး စသည့်စောင့်ထိန်းမှုသီလ၊ ဈာန်သို့မရောက်သေးသော ပုဗ္ဗဘာဂ သမထဘာဝနာပွားများမှု နှင့် ဝိပဿနာဘာဝနာပွားများမှု ကုသိုလ်အားလုံး ကာမာဝစရကုသိုလ်ချည်း ဖြစ်ကြောင်း ဆိုခဲ့ပြီးဖြစ်သည်။ ထိုကာမကုသိုလ်များကြောင့် လူ့ဘုံ၊ နတ်ဘုံဟူသော ကာမသုဂတိ ၇ ဘုံတို့၌ လူအမျိုးမျိုး၊ နတ်အဖုံဖုံ စုံနေအောင်

ဖြစ်သည် (ပဋိသန္ဓေကျိုး)။ ကိုယ်ချမ်းသာမှုကို ရရှိခြင်း၊ အလိုရှိထိုက် နှစ်သက်မြတ်နိုးထိုက်သော ဥယျာဉ်၊ ရေကန်၊ ဘုံဗိမာန်၊ အဆင်တန်ဆာ၊ အဆောက်အအုံစသည့် ဣဋ္ဌာရုံများကို မြင်တွေ့ရခြင်း၊ ရရှိပိုင်ဆိုင်ခြင်း စသည်တို့ကား ထိုကုသိုလ်ကံ၏ ပဝတ္တိကျိုးများဖြစ်၏။

ထို့ပြင် နဂါး၊ ဂဠုန်၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ခြင်္သေ့အာဇာနည်စသော တန်ခိုးကြီးသတ္တဝါတို့၏ ကြီးကျယ်ခမ်းနားသော စည်းစိမ်ကို ခံစားရခြင်း၊ တန်ခိုးကြီးခြင်း၊ ကောင်းမွန်သော ဣဋ္ဌာရုံများနှင့် တွေ့ကြုံဆုံစည်းရခြင်း စသည်တို့သည် အပါယ်ဘုံများ၌ ပဝတ္တိကျိုးပေးခြင်းများဖြစ်သည်။ ရူပဗြဟ္မာကြီးများ လူ့ဘုံသို့လာ၍ ဘုရားဖူးခြင်း၊ တရားနာကြားရခြင်းတို့သည်လည်းကောင်း၊ ဗြဟ္မာဘုံ၌ပင် ဣဋ္ဌာရုံတို့ကို မြင်ကြရ၊ ကြားကြရခြင်းတို့သည်လည်းကောင်း ဤကာမကုသိုလ်၏ပဝတ္တိကျိုးများပင်ဖြစ်ပေသည်။ အထူးမှတ်သားရန်မှာ ဒါန၊ သီလ၊ သမထ ဘာဝနာ ကုသိုလ်များဖြစ်သော ကာမာဝစရကုသိုလ်တရားများသည် နိဗ္ဗာန်သို့ တိုက်ရိုက်မပို့ဆောင်နိုင်ကြသော်ငြားလည်း အခြေခံအကြောင်းတရားအနေဖြင့် ပကတူပနိဿယပစ္စည်းအဖြစ်ဖြင့် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်ကြ၏။ ဝိပဿနာဘာဝနာပွားများသော ကာမကုသိုလ်ကမူ ပါရမီအားလျော်စွာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ တိုက်ရိုက်ပို့ဆောင်နိုင်ပါသတည်း။

လောက၌ သူသူငါငါပြုလုပ်နေကြသော ကုသိုလ်တို့မှာ ကာမကုသိုလ်တို့သာများ၏။ သို့ဖြစ်၍ ထိုကာမကုသိုလ်ကို ပြုလုပ်ရာ၌ အမွန်အမြတ်ဖြစ်နိုင်သမျှဖြစ်အောင် (ဝါ) အကျိုးပေးထက်သန်အောင် ပြုလုပ်တတ်ကြရန် ကုသိုလ်တို့ကို ကျမ်းဂန်လာသည့်အတိုင်း အယုတ်အမြတ်ခွဲခြားပြပါဦးမည်။

တိဟိတ်ကုသိုလ်ကံနှင့် ဒွိဟိတ်ကုသိုလ်ကံ

ဤကာမာဝစရကုသိုလ်ကံ ၈ ပါးတွင် ကုသိုလ်ပြုရာ၌ အမောဟ ဟိတ်တည်းဟူသော ဉာဏ်မပါဘဲပြုလုပ်သော "ဉာဏဝိပ္ပယုတ် မဟာ ကုသိုလ်ကံ၄-ပါး"သည် အလောဘ၊ အဒေါသဟိတ်နှစ်ပါးသာ ပါဝင် သောကြောင့် "ဒွိဟိတ်ကုသိုလ်ကံများ" ဖြစ်ကြသည်။ အမောဟဟိတ်တည်း ဟူသော ဉာဏ်ဦးဆောင်၍ပြုလုပ်သည့် ဉာဏသမ္ပယုတ် မဟာကုသိုလ်ကံ ၄-ပါးတို့သည် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး ပါဝင်သော ကြောင့် "တိဟိတ် ကုသိုလ်ကံများ" ဖြစ်ကြသည်။

ဤ၌ ဉာဏ်ဆိုသည်မှာ ကမ္မဿကတာဉာဏ်နှင့် ဝိပဿနာ ဉာဏ်တို့ဖြစ်၏။ ကံနှင့်ကံအကျိုးရှိသည်ဟု ယုံကြည်သိမြင်သောဉာဏ် (ဝါ)ကံသာ မိမိကိုယ်ပိုင်ဥစ္စာရှိသည်ဟုသိသောဉာဏ်မျိုးကို ကမ္မဿကတာ ဉာဏ်ဟုခေါ်သည်။ ရုပ်တရား နာမ်တရားတို့ကို အမြဲမရှိ အနိစ္စ၊ ဆင်းရဲအစု ဒုက္ခ၊ အစိုးမရ အနှစ်သာရမရှိ အနတ္တဟု ရှုမြင်သောဉာဏ်ကား ဝိပဿနာ ဉာဏ်တည်း။ ဤ ဉာဏ်တို့ကို အဘိဓမ္မာကျမ်းများ၌ ပညိန္ဒြေ စေတသိက် ဟုလည်းကောင်း၊ အမောဟ စေတသိက်ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲ ၏။ ကုသိုလ်ပြုရာတွင် ဤဉာဏ်နှစ်ပါးတွင် တစ်ပါးပါးဦးဆောင် ပြုလုပ်ရန် အထူးလိုအပ်၏။ ဉာဏ်တစ်ပါးပါးပါမှ "တိဟိတ်ကုသိုလ်ကံ" ဖြစ်၏။

ကုသိုလ်ပြုစဉ် ထိုကဲ့သို့ နားလည်သိမြင်သော ဉာဏ်နှစ်ပါးလုံး ဖြစ်စေ၊ တစ်ပါးပါးဖြစ်စေမပါဘဲ ကလေးသူငယ်နှင့် လူရိုင်းများပြုသကဲ့သို့ တော်စွာလျော်စွာ ပေါ့ပေါ့ဆဆ အမှတ်တမဲ့ပြုလျှင် ဉာဏ်မပါသည့်အတွက် "ဒွိဟိတ်ကုသိုလ်ကံ" မျိုးသာဖြစ်၏။

အမြွတ်စား၊ အညံ့စား ၄ ပါးကွဲပုံ

အသေးစိတ် ရှင်းပြဦးအံ့-တိဟိတ်၊ ဒွိဟိတ်ကုသိုလ်ဖြစ်မှုသည်

ကုသိုလ်ပြုလုပ်ဆဲ မုဥ္စစေတနာ (စွန့်လွှတ်ဆဲ၌ဖြစ်သော စေတနာ) အခိုက် အတန့်၌ဖော်ပြပါဉာဏ်များ ပါ, မပါ၊ ဖြစ်, မဖြစ်ကို အစွဲပြု၍ ကွဲပြားခြားနား သွားကြခြင်းဖြစ်သည်။ ကုသိုလ်ပြုလုပ်ဆဲ (ဝါ) ပစ္စည်းဝတ္ထုတို့ကို စွန့်လွှတ် လှူဒါန်းဆဲ၊ သီလဆောက်တည်ဆဲ စသော မုဥ္စစေတနာအခိုက်၌ ဖော်ပြပါ ဉာဏ်တစ်မျိုးမျိုးပါလျှင် တိဟိတ်ကုသိုလ်ဖြစ်၍ မပါလျှင် ဒွိဟိတ်ကုသိုလ် ဖြစ်၏။

ဤတိဟိတ်ကုသိုလ်၊ ဒွိဟိတ်ကုသိုလ်တို့ကို အညံ့စား၊ အမြတ် စား ခွဲခြားသတ်မှတ်ရာ၌ကား ကုသိုလ်မပြုမီ ရှေးပုဗ္ဗစေတနာအခိုက်နှင့် ကုသိုလ်ပြုပြီးနောက် အပရ စေတနာအခိုက်တို့၌ ကုသိုလ်စိတ်ဖြစ်ပုံ၊ အကုသိုလ်စိတ်ဖြစ်ပုံတို့ကို ကြည့်ရှု၍သတ်မှတ်ခြင်းဖြစ်သည်။ အကျဉ်းအား ဖြင့်ဆိုရသော် ကုသိုလ်မပြုမီ ရှေးအဖို့၌သော်လည်းကောင်း၊ ကုသိုလ်ပြုပြီး နောက်ပိုင်း၌သော်လည်းကောင်း အကုသိုလ်မရောဘဲ ကုသိုလ်စိတ်စေတနာ ချည်းသာ ခြံရံနေလျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်လျှင် တိဟိတ် အမြတ်စားကုသိုလ်ဖြစ်၍ ဒွိဟိတ်ကုသိုလ်ဖြစ်လျှင် ဒွိဟိတ်အမြတ်စား ကုသိုလ်ဖြစ်သည်။

အပြန်အားဖြင့် ကုသိုလ်မပြုမီ ရှေးအဖို့၌သော်လည်းကောင်း၊ ကုသိုလ်ပြုပြီး နောက်ပိုင်း၌သော်လည်းကောင်း အကုသိုလ်စိတ်များသာ ခြံရံ နေလျှင် ထိုကုသိုလ်မျိုးကို တိဟိတ်ဖြစ်ပါက တိဟိတ်အညံ့စားကုသိုလ်၊ ဒွိဟိတ်ဖြစ်ပါက ဒွိဟိတ်အညံ့စားကုသိုလ်မျိုးဟုခေါ်ပေသည်။

အမြတ်စားကို ပါဠိလို ဥက္ကဋ္ဌ၊ အညံ့စားကို "ဩမက" ဟုခေါ်၏။ လှူဒါန်းမှုစသောကုသိုလ်ကို ပြုတော့မည်ဟု ကြံစည်စိတ်ကူးသည်မှစ၍ မလှူသေးမီ ပုဗ္ဗစေတနာအခိုက်၌ ကုသိုလ်ဖြစ်မြောက်ရေးကိုသာ တွေးတော နေ၏။ အလှူကုသိုလ်နှင့်စပ်သောဇောများ တဖွားဖွားဖြစ်နေ၏။ ကုသိုလ်ပြု မှု အထမြောက်ပြီးသည့်နောက် အပရစေတနာအခိုက်မှာလည်း လွန်စွာအားရ

၏။ ငါကြံစည်ခဲ့သောကုသိုလ်ကြီး အထမြောက်သွားပေပြီ။ ငါအရတော် လေစွ စသည်ဖြင့် ဝမ်းမြောက်လျက်ရှိ၏။ ထိုကုသိုလ်မျိုးသည် ရှေ့ရော နောက်ပါ ကုသိုလ်များခြံရံလျက်ရှိသောကြောင့် အလွန်အားရှိသည့် အမြတ်စား(ဥက္ကဋ္ဌ)ကုသိုလ်မျိုးဖြစ်သည်။ ပြုလုပ်သောကုသိုလ်က တိဟိတ်ဖြစ်လျှင် "တိဟိတ်ဥက္ကဋ္ဌကုသိုလ်" ဒွိဟိတ်ဖြစ်လျှင် "ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်"ဟု ခေါ်ပေသည်။

အချို့မှာ ပုဗ္ဗစေတနာအခိုက်၌ ဝမ်းမြောက်ဝမ်းသာမှု မရှိ၊ မလှူချင် လှူချင်နှင့် နှမြောတွန့်တိုနေခြင်း၊ တစ်စုံတစ်ရာအတွက် မကျေမနပ်ဖြစ်ခြင်း၊ မိမိဂုဏ်သတင်းကြီးလိုခြင်း၊ အထောက်အပံ့အကူအညီကို မျှော်လင့်ခြင်း၊ ပူဇော်သက္ကာရပြုမှုကို ခံယူလိုခြင်းစသော အကုသိုလ်တရားများရှေ့သွားလျက်ရှိ၏။ ကုသိုလ်ပြုပြီးနောက် အပရစေတနာအခိုက်မှာလည်း "ငါ ကုသိုလ်ပြုမိတာ မှားလေခြင်း၊ တုသိုလ်လုပ်တဲ့အတွက် ငါ့ပစ္စည်းယုတ်သွားတယ်၊ ကြွေးတင်သွားတယ်" စသည်ဖြင့် နှလုံးမသာမယာဖြစ်တတ်ကြ၏။ ထိုကုသိုလ်မျိုးမှာ ရှေ့နောက်အဖို့တို့၌ အကုသိုလ်များ ခြံရံနေသောကြောင့် အညံ့စား(ဩမက)ကုသိုလ် မျိုးဖြစ်ရပေသည်။ ထိုကုသိုလ်သည် တိဟိတ်ဖြစ်လျှင် "တိဟိတ်ဩမက ကုသိုလ်" ဒွိဟိတ်ဖြစ်လျှင် "ဒွိဟိတ်ဩမက ကုသိုလ်"ဟုခေါ်ဆိုရသည်။

အကျဉ်းချုပ်မှတ်သားရန်

၁။ ကုသိုလ်ပြုဆဲ၌လည်း ဉာဏ်နှင့်ယှဉ်၍ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌လည်း ကုသိုလ်တရားများသာ ဖြစ်ပွား၏။ ထိုကုသိုလ်ကို တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဟုခေါ်၏။

၂။ ကုသိုလ်ပြုဆဲ၌ ဉာဏ်နှင့်ယှဉ်၍ ပြု၏။ ကုသိုလ်၏ရှေ့ပိုင်း၊ နောက်ပိုင်းတို့၌ကား အကုသိုလ်တရားများ ဖြစ်ပွားခဲ့၏။ ထိုကုသိုလ်မျိုးကို

တိဟိတ်ဩမက ကုသိုလ်ဟုခေါ်၏။

၃။ ကုသိုလ်ပြုဆဲ၌ကား ဉာဏ်နှင့်မယှဉ်ဘဲ ကလေးသူငယ်များကဲ့သို့ အမှတ်တမဲ့ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌မူ ကုသိုလ်တရားများ ဖြစ်ပွား၏။ ထိုကုသိုလ်မျိုးကို ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ဟု ခေါ်၏။

၄။ ကုသိုလ်ပြုဆဲ၌ကား ဉာဏ်မပါဘဲ ကလေးသူငယ်များပမာ အမှတ်တမဲ့ပြု၏။ ကုသိုလ်၏ ရှေ့ပိုင်းနှင့်နောက်ပိုင်းတို့၌လည်း လောဘ၊ ဒေါသစသော အကုသိုလ်တရားများဖြစ်ပွားခဲ့သည်။ ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဩမကကုသိုလ်ဟုခေါ်သည်။

အကျိုးပေးပုံ

ထိုကုသိုလ် ၄ မျိုးတို့တွင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံကြောင့် လူ့ဘုံ နတ်ဘုံဟူသော ကာမသုဂတိ ၇ ဘုံတွင် တစ်ဘုံဘုံ၌ ဉာဏ်ပညာ အလွန်ထက်မြက်သည့် လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း တိဟိတ်ပုဂ္ဂိုလ် အမျိုးအစားဖြစ်နိုင်၏။ (ပဋိသန္ဓေကျိုး)။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်သောကြောင့် အခါသင့်၍ ဘဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများအားထုတ်ပါက ဈာန် မဂ် ဖိုလ်တရားများကို ရနိုင်၏။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း လူ့စည်းစိမ်ချမ်းသာ နတ်စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားနိုင်သည် (ပဝတ္တိကျိုး)။

တိဟိတ်ဩမက ကုသိုလ်ကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံတို့ကြောင့်ကား ထိုကာမသုဂတိဘုံများ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ၍ ဉာဏ်ပညာကင်းသော ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မျိုးဖြစ်နိုင်၏။ (ပဋိသန္ဓေကျိုး)။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်လောက် ဉာဏ်စွမ်းဉာဏ်စ မထက်မြက်၊ အလတ်တန်းစား စည်းစိမ်ချမ်းသာများကို ခံစားနိုင်

သည် (ပဝတ္တိအကျိုး)။

ဒွိဟိတ်ဩမက ကုသိုလ်ကံကြောင့်မူ လူ့ဘုံနှင့် စာတုမဟာရာဇ် နတ်ဘုံတို့၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တိရဏစိတ်ဖြင့် ပဋိသန္ဓေ နေကြ၍ ပဋိသန္ဓေကပင် မျက်စိကန်းသူ၊ နားထိုင်းသူ၊ ဆွံ့အ,သူ၊ နပုံး ပဏ္ဍုက် စသော လူအညံ့စားများနှင့် ဝိနိပါတိကာ အသူရာတစ္ဆေ မြေဘုတ် စသော နတ်အညံ့စားများဖြစ်ကြရသည် (ပဋိသန္ဓေကျိုး)။ ဉာဏ်ပညာနည်း ပါး၍ အညံ့စား စည်းစိမ်ချမ်းသာမျှလောက်ကိုသာ ခံစားရရှိနိုင်သည် (ပဝတ္တိကျိုး)။

## အကျိုးကြီးသောကုသိုလ်

ဤတင်ပြခဲ့သော အကျိုးပေးပုံကိုထောက်ထား၍ နောင်ဘဝများ တွင် အထက်တန်း တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မျိုးဖြစ်နိုင်ရန် ကုသိုလ်ပြုသည့် အခါ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံမျိုးဖြစ်အောင် သတိထား၍ ကြိုးစားပြုလုပ် သင့်ကြ၏။ ကုသိုလ်ပြုဆဲ မုဉ္စစေတနာအခိုက်မှာ ဉာဏ်ပါဖို့ ဉာဏ်နှင့်ယှဉ် ပြီး လှူဒါန်းနည်းကို လှူဒါန်းတတ်အောင် အမြွက်မျှပြဆိုပါမည်။ ဥပမာ– ဘုရားဆွမ်းတော်ကပ်သည့်အခါ ဆွမ်းတော်ဗန်းကို ကိုင်မြှောက်ထားပြီး "ဤကောင်းမှုကုသိုလ်ကံသည် အကျွန်ုပ်နောက်သို့အရိပ်ပမာလိုက်ပါ၍ တစ်ချိန်ချိန်တွင် အကျိုးပေးမည်ဟု သိမြင်ယုံကြည်သော ကမ္မဿကတာ ဉာဏ်နှင့်ယှဉ်ပါကုန်သည်ဖြစ်၍ ဤဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ် အရသာ အဖြာဖြာတို့ကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး အား ရှိသေစွာဆက်ကပ်လှူဒါန်းပါ၏ဘုရား"ဟု ဆို၍ (ဝါ) အာရုံပြု၍ သံဃာတော်အား ဆက်ကပ်သကဲ့သို့ ဗန်းမြှောက်ပြီး ဆက်ကပ်ရမည်။ ကုသိုလ်ပြုတိုင်း အမှတ်တမဲ့မပြုဘဲ ဤနည်းကိုမှီ၍ ကမ္မဿကတာဉာဏ်ပါ အောင် ပြုလုပ်ဖြစ်အောင် အမြဲသတိဆောင်ကြရမည်။ သို့မှသာ အထက်

တန်းစား တိဟိတ်ပုဂ္ဂိုလ်အမျိုးအစားဖြစ်နိုင်ပေသည်။

ရူပါဝစရကုသိုလ်ကံ

ပဉ္စကနည်းအားဖြင့် ရူပါဝစရကုသိုလ်စေတနာ ၅-ပါးသည် ရူပါဝစရကုသိုလ်ကံမည်၏။ ထို ၅-ပါးသည် အများအားဖြင့် ရူပဗြဟ္မာဘုံများ၌ ဖြစ်လေ့ရှိသောကြောင့် ရူပါဝစရဟုခေါ်ဝေါ်ခြင်းဖြစ်၏။ ထိုရူပကုသိုလ်ကံ ငါးပါးတွင် ယှဉ်တွဲပါဝင်ကြသော "ဝိတက်၊ ဝိစာရ" စသောတရားတို့သည် ကသိုဏ်းစသောအာရုံတို့ကို စူးစူးစိုက်စိုက် ရှုတတ်သောကြောင့် လည်းကောင်း၊ ကာမစ္ဆန္ဒ (လောဘ)စသော နီဝရဏတရားတို့ကို လောင်မြိုက်တတ်သောကြောင့် လည်းကောင်း ဈာန်ဟုခေါ်သည်။ ထိုဈာန်တို့နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်သော ဈာန် စေတနာ ၅-ပါးကို ဈာန်ကုသိုလ်ကံ ၅-ပါးဟု ခေါ်သည်။

ထိုဈာန်ကုသိုလ်ကံတို့သည် ဆိုင်ရာကိလေသာတို့ကို နှစ်ပေါင်းကြာညောင်းစွာပယ်ခွာထားနိုင်စွမ်းလည်း ရှိ၏။ ကြီးကျယ်သောအကျိုးကိုလည်း ပေးစွမ်းနိုင်၏။ ဈာန်သမာပတ်ဝင်စားသည့်အခါ ရှည်လျားသောစိတ်အစဉ်လည်း ရှိ၏။ ထို့ကြောင့် ထိုဈာန်ကုသိုလ်ကံတို့ကို "မဟဂ္ဂုတ်" (မဟဂ္ဂတ)ဟုလည်းခေါ်၏။ ကြီးမြတ်ခြင်းသို့ရောက်သောတရားဟု အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် ဆန္ဒ၊ ဝီရိယ စသော အဓိပတိတရားလေးပါး အားကောင်း၍ မြင့်မြတ်သောပုဂ္ဂိုလ်တို့ ကျင့်ရသည့်တရားမျိုးဖြစ်သောကြောင့် မဟဂ္ဂုတ်ဟုခေါ်ခြင်းဖြစ်သည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

ထိုရူပါဝစရကုသိုလ်ကံ ၅-ပါးမှာ (၁) ပဌမဈာန်ကုသိုလ်ကံ၊ (၂) ဒုတိယဈာန်ကုသိုလ်ကံ၊ (၃) တတိယဈာန်ကုသိုလ်ကံ၊ (၄) စတုတ္ထဈာန်ကုသိုလ်ကံ၊ (၅) ပဉ္စမဈာန် ကုသိုလ်ကံတို့ဖြစ်ကြသည်။ ထိုဈာန်ကုသိုလ်များ

ကို လှူဒါန်းပေးကမ်းခြင်း ဒါန၊ စောင့်ထိန်းခြင်း သီလတို့ဖြင့် မရရှိနိုင်။ ဘာဝနာကမ္မဋ္ဌာန်းများကို စီးဖြန်းပွားများအားထုတ်မှု ကုသိုလ်ဖြင့်သာ ရရှိနိုင်၏။ ဒါနကုသိုလ်၊ သီလကုသိုလ်တို့ထက်လည်း ပို၍အကျိုးပေးကြီးကျယ်၏။

အကျိုးပေးရာဘုံဌာန

ပထမဈာန်ကုသိုလ်ကံသည် ဈာန်ရအောင်အားထုတ်စဉ်က အဓိပတိတရားအားလျော်စွာ အားရှိ၊ အားမဲ့အားဖြင့် ပထမဈာန်ကုသိုလ်ကံသည် ၃–မျိုး ၃–စား ကွဲပြား၏။ ထို့အတူ ဒုတိယဈာန်စသည်တို့သည်လည်း ၃–မျိုးစီရှိကြ၏။ ထိုတွင် အင်အားနည်းသော ပထမဈာန်ကုသိုလ်ကံကြောင့် ပထမဈာန်ဘုံတွင် အညံ့စားဖြစ်သော ဗြဟ္မပါရိသဇ္ဇ ပထမဈာန်ဘုံတွင် ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာဖြစ်၏။ အားအလတ်စားရှိသော ပထမဈာန်ကုသိုလ်ကံကြောင့် အလတ်စားဖြစ်သော ဗြဟ္မပုရောဟိတာဘုံ၌ ဗြဟ္မပုရောဟိတာ ဗြဟ္မာဖြစ်၏။ အားကြီးသော ပထမဈာန်ကုသိုလ်ကံကြောင့် မဟာဗြဟ္မာဘုံ၌ မဟာဗြဟ္မာကြီးဖြစ်၏။

အင်အားနည်းသော ဒုတိယဈာန်၊ တတိယဈာန်ကုသိုလ်ကံတို့ကြောင့် ဒုတိယဈာန်သုံးဘုံတွင် အညံ့စားဖြစ်သော ပရိတ္တာဘာ ဗြဟ္မာဘုံ၌ ပရိတ္တာဘာဗြဟ္မာကြီးဖြစ်၏။ အားအလတ်စားရှိသော ဒုတိယဈာန်၊ တတိယဈာန်ကုသိုလ်ကံတို့ကြောင့် အလတ်စားဖြစ်သော အပ္ပမာဏာ ဗြဟ္မာဘုံ၌ အပ္ပမာဏာဗြဟ္မာကြီးဖြစ်၏။ အားကြီးသော ဒုတိယဈာန်၊ တတိယဈာန်ကုသိုလ်ကံတို့ကြောင့် အထက်တန်းစားဖြစ်သော အာဘဿရာ ဗြဟ္မာဘုံ၌ အာဘဿရာ ဗြဟ္မာကြီးဖြစ်၏။

အင်အားနည်းသော စတုတ္ထဈာန်ကုသိုလ်ကံကြောင့် တတိယဈာန်သုံးဘုံတွင် အညံ့စားဖြစ်သော ပရိတ္တသုဘာဘုံ၌ ပရိတ္တသုဘာဗြဟ္မာ

ကြီးဖြစ်၏။ အလတ်စားရှိသော စတုတ္ထဈာန် ကုသိုလ်ကံကြောင့် အလတ်စားဖြစ်သော အပ္ပမာဏာသုဘာဘုံ၌ အပ္ပမာဏာသုဘာဗြဟ္မာကြီးဖြစ်၏။ အားကြီးသော စတုတ္ထဈာန်ကုသိုလ်ကံကြောင့် တတိယဈာန်သုံးဘုံတွင် အထက်တန်းစားဖြစ်သော သုဘကိဏှာဘုံ၌ သုဘကိဏှာဗြဟ္မာကြီးဖြစ်၏။

အဘိဓာန်ကိစ္စမတပ်၊ သာမန်ဖြစ်သော ပဉ္စမဈာန်ကုသိုလ်ကံကြောင့် စတုတ္ထဈာန်ဘုံများအနက် ဝေဟပ္ဖိုလ်ဘုံ၌ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးဖြစ်၏။ ပဉ္စမဈာန်ကုသိုလ်ကံကြောင့် ကမ္ဘာငါးရာအထိ အသက်ရှည်ကြ၏။ ဈာန်ရတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်များအနေဖြင့် အမြင့်ဆုံးရောက်နိုင်သောဘုံဖြစ်၍ ထိုဘုံကို "ပုထုဇ္ဇ နဘဝဂ်"ဟုခေါ်သည်။ သညာသည် အနာရောဂါနှင့်တူ၏ စသည်ဖြင့် သညာကင်းအောင် အားထုတ်သောပဉ္စမဈာန်ကုသိုလ်ကံကြောင့် အသညသတ်ဘုံ၌ နာမ်တရားလုံးဝမရှိ ဇီဝိတနဝက ကလာပ်ခေါ် ရုပ်တရားမျှသာရှိသော အသညသတ်ဗြဟ္မာကြီးဖြစ်ရ၏။ ဤကာမဘုံ၌ သေဆုံးစဉ်က ဣရိယာပုတ်အတိုင်းပင် ထိုင်၍သော်လည်းကောင်း၊ လျောင်း၍သော်လည်းကောင်း ကမ္ဘာငါးရာပတ်လုံး ရွှေတုံးကြီးကဲ့သို့ တည်နေပေသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိတို့ရှိသော ပဉ္စမဈာန်ကုသိုလ်ကံကြောင့် သုဒ္ဓါဝါသငါးဘုံတို့၌ လွန်ကဲသည့်ဣန္ဒြေအားလျော်စွာ သုဒ္ဓါဝါသဗြဟ္မာကြီးများဖြစ်ကြရသည်။ သဒ္ဓိန္ဒြေလွန်ကဲလျှင် အဝိဟာဘုံ၌၊ ဝီရိယိန္ဒြေလွန်ကဲလျှင် အတပ္ပါဘုံ၌၊ သတိန္ဒြေလွန်ကဲလျှင် သုဒဿာဘုံ၌၊ သမာဓိန္ဒြေလွန်ကဲလျှင် သုဒဿီဘုံ၌၊ ပညိန္ဒြေလွန်ကဲလျှင် အကနိဋ္ဌာဘုံ၌ အသီးသီးဖြစ်ကြရသည်ဟု ဆိုလိုပေသည်။ ဒေါသစသော ကိလေသာအညစ်အကြေးများ စင်ကြယ်ပြီးဖြစ်ကြသော အနာဂါမ်ပုဂ္ဂိုလ် (အရဟတ္တမဂ်ပုဂ္ဂိုလ်) ရဟန္တာပုဂ္ဂိုလ်တို့နေထိုင်ရာဘုံဖြစ်၍ "သုဒ္ဓါဝါသဘုံ" ဟုခေါ်သည်။

အရူပါဝစရကုသိုလ်ကံ

အရူပါဝစရကုသိုလ်စေတနာလေးပါးသည် အရူပါဝစရ ကုသိုလ်ကံမည်၏။ ထိုကုသိုလ်ကံလေးပါးသည် အရူပဘုံ၌ ပဋိသန္ဓေကျိုးပေးခြင်း စသည်ဖြင့် အများအားဖြင့် ဖြစ်တတ်သောကြောင့် အရူပါဝစရ ဟူသော နာမည်ကို ရရှိခြင်းဖြစ်သည်။ ရူပါဝစရ ကုသိုလ်ကံကဲ့သို့ မဟဂ္ဂုတ်အမည်ကိုလည်း ရရှိကြ၍ ဈာန်ကုသိုလ် ဂရုကကံကြီးများဖြစ်ကြသည်။ ထို အရူပကုသိုလ်ကံ ၄–ပါး မှာ (၁) အာကာသာနဉ္စာယတနကုသိုလ်ကံ၊ (၂) ဝိညာဏဉ္စာယတနကုသိုလ်ကံ၊ (၃) အာကိဉ္စညာယတန ကုသိုလ်ကံ၊ (၄)နေဝသညာ နာသညာယတန ကုသိုလ်ကံတို့ဖြစ်ကြသည်။

အကျိုးပေးရာဘုံဌာန

ထိုအရူပါဝစရကုသိုလ်ကံ ၄–ပါးတွင် အာကာသာနဉ္စာယတနဈာန် ကုသိုလ်ကံကြောင့် အာကာသာနဉ္စာယတနဘုံ၌ ရုပ်မရှိ၊ နာမ်ချည်းသက်သက်ရှိသော အရူပဗြဟ္မာကြီးဖြစ်ရ၏။ မဟာကပ်ပေါင်းနှစ်သောင်းအသက်ရှည်၏။ ထို့အတူ ဝိညာဏဉ္စာယတနဈာန်ကုသိုလ်ကံကြောင့် ဝိညာဏဉ္စာယတနဘုံ၌ အရူပဗြဟ္မာကြီးဖြစ်ရ၏။ မဟာကပ်ပေါင်း လေးသောင်းအသက်ရှည်၏။ အာကိဉ္စညာယတနဈာန် ကုသိုလ်ကံကြောင့် အာကိဉ္စညာယတနဘုံ၌ အရူပဗြဟ္မာကြီးဖြစ်ရ၏။ မဟာကပ်ပေါင်း ခြောက်သောင်းလေးထောင် အသက်ရှည်၏။ နေဝသညာနာသညာယတနဘုံ၌ အရူပဗြဟ္မာကြီးဖြစ်ရ၏။ မဟာကပ်ပေါင်း ရှစ်သောင်းအသက်ရှည်၏။ ၃၁ ဘုံတွင် အမြင့်ဆုံး၊ ထိပ်ဆုံးဖြစ်၍ ထိုနေဝသညာ နာသညာယတနဘုံကို "ဘဝဂ်" ဟုခေါ်၏။ (ဘဝဂ္ဂ=ဘဝဂ်=အမြင့်ဆုံးဘုံ)။ ထိုအရူပဘုံလေးဘုံသည် နား၊ မျက်စိ စသောရုပ်တရားတို့မရှိသောကြောင့် ဘုရားရဟန္တာတို့ထံမှ တရားနာယူခွင့်မရသောကြောင့် ရပ်ပြစ် ၈–ပါးတွင် ပါဝင်သောဘုံဖြစ်

သည်။

ဘုံဟုဆိုရသော်လည်း ရုပ်တရားဟူသော တကယ့်ဘုံဗိမာန်တို့ရှိတော့ကြသည်မဟုတ်။ အာကာသာနဉ္စာယတန ဝိပါက်စိတ် စေတသိက်တို့ဖြင့် ပဋိသန္ဓေတည်နေလျက် အဆက်ဆက်ဖြစ်ပွားနေသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာကောင်းကင်ပြင်ကို အာကာသာနဉ္စာယတနဘုံဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ ကျန်သုံးဘုံတို့လည်း ထို့အတူပင်ဖြစ်ကြသည်။(အရူပဘုံ=ရုပ်မရှိ၊ နာမ်ချည်းသက်သက်ရှိသောဘုံ)။

ပြုပုံအကျိုးပေးပုံအရ ကံ ၄ မျိုး

ပြုလုပ်သည့်အတိုင်း အကျိုးပေးသည့်ကံ ၄ မျိုးတို့ကို မဇ္ဈိမပဏ္ဏာသပါဠိတော် စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်များ၌ ဘုရားရှင်ဟောကြားထား၏။ ထိုလေးမျိုးမှာ –

၁။ ကဏှကဏှဝိပါက ကံ(အမည်းကံ၊ အမှောင်ကံ)

၂။ သုက္ကသုက္ကဝိပါက ကံ(အဖြူကံ၊ အလင်းကံ)

၃။ ကဏှသုက္က ကဏှသုက္ကဝိပါက ကံ(အမည်းအဖြူရောသောကံ)

၄။ အကဏှအသုက္က အကဏှအသုက္က ဝိပါက ကံ(မမည်းမဖြူသောကံ) တို့ဖြစ်သည်။

၁။ ထိုတွင် ပြုလုပ်စဉ်က အမည်းကံဖြစ်၍ မည်းသောအကျိုးကို ပေးသောကံမျိုးကို အမည်းကံ အမှောင်ကံခေါ်သည်။ "ပါဠိလို ကဏှကဏှဝိပါက ကံ"ဟုဆို၏။ အမည်းကံဆိုသည်မှာ မိမိပြုလုပ်သောကမ္မပထမြောက်သည့် အကုသိုလ်ကံဖြစ်၏။ ထိုကံကြောင့် အပါယ်လေးဘုံတို့၌ ဖြစ်ရခြင်း၊ ကုသိုလ်ကံကြောင့် လူ့ဘုံ၌ လူသတ္တဝါများဖြစ်ရသော်ငြားလည်း ရုပ်ဆင်းအင်္ဂါ မလှမပခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ ဘုန်းကံနည်းပါး ဆင်းရဲနွမ်းပါးခြင်း စသည်တို့ဖြစ်ရခြင်းတို့ကား မည်းသောအကျိုး

များဖြစ်သည်။ (ကဏှ=မည်းသော)

၂။ ပြုလုပ်စဉ်က ဖြူစင်၍ ဖြူစင်သောအကျိုးကို ပေးသောကံမျိုးကို ပါဠိလို "သုက္ကသုက္ကဝိပါကကံ" မြန်မာလို "အဖြူကံ၊ အလင်းကံ"ဟု ခေါ်၏။ အဖြူကံဆိုသည်မှာ ကမ္မပထမြောက်သည့် လောကီ ကုသိုလ်ကံမျိုးဖြစ်၏။ ထိုအဖြူကံကြောင့် နတ်ပြည်စသော သုဂတိဘုံတို့၌ ဖြစ်ရခြင်း၊ လူ့ဘဝ၌ ရုပ်ချောမောခြင်း၊ ပစ္စည်းဥစ္စာနှင့်ပြည့်စုံခြင်း၊ ဘုန်းကံကြီးမားခြင်းစသည်တို့ကား ဖြူသောအကျိုးများဖြစ်၏။ (သုက္က=ဖြူစင်သော)

၃။ ပြုလုပ်စဉ်က အမည်းအဖြူရောစ၍ အမည်းအဖြူရောသော အကျိုးကိုပေးသောကံမျိုးကို ပါဠိလို "ကဏှသုက္က ကဏှသုက္က ဝိပါက" မြန်မာလို "အမည်းအဖြူကံ၊ အမှောင်အလင်းကံ"ဟုခေါ်၏။ အမည်းအဖြူကံဆိုသည်မှာ ကုသိုလ်၊ အကုသိုလ်နှစ်မျိုး ရောနှောပြုသော မိဿကကံမျိုး ဖြစ်၏။ ထိုကံကြောင့် ဖြစ်ပေါ်လာရသည့် ဆင်းရဲချမ်းသာ၊ အကောင်းအဆိုး နှစ်မျိုးကို အမည်းအဖြူရောသော အကျိုးဟုခေါ်၏။ ဥပမာ–အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘုံတွင် မင်္ဂလာဆင်မျိုး၌ဖြစ်ရ၏။ သို့သော် ကုသိုလ်ကံကြောင့် ချမ်းသာစွာ နေထိုင်စားသောက်ရခြင်း မျိုးကဲ့သို့ဖြစ်၏။ တစ်နည်းအားဖြင့် ကုသိုလ်ကံကြောင့် မင်းမျိုး၌ ဖြစ်ရသော်လည်း အကုသိုလ်ကံကြောင့် ပဝတ္တိအခါ၌ ဘုန်းကံနည်းပါး ဆင်းရဲကို ခံစားရခြင်းမျိုးနှင့်တူ၏။

၄။ ပြုလုပ်စဉ်က အမည်းအဖြူမှလွတ်၍ မမည်းမဖြူသော အကျိုးပေးသောကံမျိုးကို ပါဠိလို "အကဏှအသုက္က အကဏှအသုက္က ဝိပါက" မြန်မာလို "မမည်း မဖြူသောကံ၊ မမှောင်မလင်းသောကံ"ဟု ခေါ်၏။ မမည်း မဖြူသောကံဆိုသည်မှာ ကံကုန်ခြင်းကို ပြုတတ်သော မဂ်ဉာဏ်လေးပါးဖြစ်သည်။ ထိုမဂ်ဉာဏ်လေးပါးသည် မည်းသော

အကျိုးကိုလည်းမပေး၊ ဖြူစင်သောအကျိုးကိုလည်း မပေးဘဲ အလွန်ဖြူစင်သည့် ဖိုလ်လေးပါးတည်းဟူသောအကျိုးကို ဖြစ်ပေါ်စေပေသည်ဟု အဋ္ဌကထာများ၌ဖွင့်ဆိုထားကြသည်။

ဝိဘင်းပါဠိတော်လာ ကံ ၁၆ မျိုး

ဝိဘင်းပါဠိတော်၊ ဉာဏဝိဘင်္ဂ၊ ဒသကနိဒ္ဒေသ၌ အကုသိုလ်ကံ ၈ မျိုး၊ ကုသိုလ်ကံ ၈ မျိုးတို့ကို ဟောကြားထား၏။ ထိုတွင်

အကုသိုလ်ကံ ၈ မျိုး

၁။ ဂတိသမ္ပတ္တိပဋိဗာဠှ အကုသိုလ်ကံ၊
၂။ ဥပဓိသမ္ပတ္တိပဋိဗာဠှ အကုသိုလ်ကံ၊
၃။ ကာလသမ္ပတ္တိပဋိဗာဠှ အကုသိုလ်ကံ၊
၄။ ပယောဂသမ္ပတ္တိပဋိဗာဠှ အကုသိုလ်ကံ၊
၅။ ဂတိဝိပတ္တိ အကုသိုလ်ကံ၊
၆။ ဥပဓိဝိပတ္တိ အကုသိုလ်ကံ၊
၇။ ကာလဝိပတ္တိ အကုသိုလ်ကံ၊
၈။ ပယောဂဝိပတ္တိ အကုသိုလ်ကံ၊တို့ဖြစ်ကြသည်။

၁။ ထိုတွင် ဂတိသမ္ပတ္တိပဋိဗာဠှ အကုသိုလ်ကံဆိုသည်မှာ "လူ့ဘုံ နတ်ဘုံတို့၌ဖြစ်ခြင်း ဂတိသမ္ပတ္တိ၏တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံမျိုး ဖြစ်၏။ မှန်၏။ တစ်ယောက်သောသူမှာ များစွာသော အကုသိုလ်ကံတို့ရှိကြ၏။ ထိုအကုသိုလ်ကံများသည် အပါယ်လေးဘုံ၌ဖြစ်ခြင်း ဂတိဝိပတ္တိရှိပါမှ အကျိုးပေးနိုင်ကြသည်။ သို့ရာတွင် ထိုသူကား ကုသိုလ်ကံကြောင့် လူ့ဘုံ နတ်ဘုံ တစ်ဘုံဘုံတို့၌ဖြစ်၍ ဂတိသမ္ပတ္တိရှိနေ၍ ထိုအကုသိုလ်ကံများ အကျိုးပေးခွင့်မရကြ

ချေ။ ထိုအကုသိုလ်ကံများကို "ဂတိသမ္ပတ္တိပဋိဗာဠ္ဌ အကုသိုလ်ကံ"ဟု ခေါ်သည်။ (ဂတိသမ္ပတ္တိ=ဂတိပြည့်စုံခြင်း၏+ ပဋိဗ္ဗ=တားမြစ်ချက်)

၂ ။ ဥပဓိရုပ်လက္ခဏာ၊ ကိုယ်အင်္ဂါ ပြည့်စုံကောင်းမွန်ခြင်း ဥပဓိသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော အကုသိုလ်ကံကို "ဥပဓိသမ္ပတ္တိပဋိဗာဠ္ဌ အကုသိုလ်ကံ"ဟုခေါ်၏။ မှန်၏။ လူတစ်ဦးတွင် များစွာသော အကုသိုလ်ကံများရှိရာ ထိုအကုသိုလ်ကံများသည် ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါချို့တဲ့မှ အကျိုးပေးနိုင်၏။ သို့သော် ထိုသူမှာ ကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာနှင့်ပြည့်စုံလျက်ရှိရာ ထို အကုသိုလ်ကံမျိုး အကျိုးပေးခွင့်မရဘဲ ရှိလေသည်။

ဥပမာ–အကုသိုလ်ကံကြောင့် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရစေကာမူ ဥပဓိသမ္ပတ္တိကြောင့် ယုတ်ညံ့သောအလုပ်ကိုမလုပ်ရဘဲ ဘဏ္ဍာစိုးစသော ရာထူးများ၌ ခန့်ထားခံရခြင်းမျိုးဖြစ်သည်။

ဘာတိကမင်းလက်၌ နွားသတ်သမားများကိုဖမ်း၍ မင်းထံခေါ်ဆောင်လာကြသည်။ နွားသတ်သမားတို့၏ သမီးတစ်ယောက်သည် အလွန်တရာအဆင်းလှပ၍ ဥပဓိရုပ်လက္ခဏာနှင့်ပြည့်စုံ၏။ ထိုအမျိုးသမီးကို မြင်သောအခါ မင်းကြီးသည် ထိုသတို့သမီးကို မောင်းမအရာ၌ထား၍ ချီးမြှောက်၏။ ကျန်ရှိသောဆွေမျိုးများမှာလည်း ထိုသတို့သမီး၏ အရှိန်အဝါကြောင့် ချမ်းချမ်းသာသာ အသက်မွေးမြူကြရသည်။ ဤကဲ့သို့ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရသည့်အဖြစ်အပျက်မျိုးကို လောက၌ မကြာခဏတွေ့ရ၏။ ဤသည်မှာ ဥပဓိသမ္ပတ္တိတားမြစ်ချက်ကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရသော သာဓကပင်ဖြစ်၏။ (အံ၊ ၄၊ ၂၊ ၁၁၁)

၃ ။ ခေတ်ကောင်းအခါကောင်းဟူသော ကာလသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကျိုးမပေးနိုင်သည့် အကုသိုလ်ကံများသည် ကာလသမ္ပတ္တိပဋိဗာဠ္ဌအကုသိုလ်ကံဖြစ်၏။ မှန်၏။ လူတစ်ဦးတစ်ယောက်၌ များစွာ

သော အကုသိုလ်ကံတို့ရှိကြ၏။ ထိုအကုသိုလ်ကံများသည် ခေတ်ဆိုး ကာလဟူသော ကာလဝိပတ္တိနှင့်ကြုံမှသာ အကျိုးပေးနိုင်ခွင့်ရှိလေသည်။ သို့သော် ထိုသူမှာ ကုသိုလ်ကံကြောင့် ခေတ်ကောင်း၊ ကာလကောင်းဟူသော ကာလသမ္ပတ္တိ၌ဖြစ်၏။ ထိုအကုသိုလ်ကံများမှာ အကျိုးပေးခွင့်မရချေ။ ဤကား ကာလသမ္ပတ္တိတားမြစ်ချက်ကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရခြင်းပင်ဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၂)

၄ ။ မှန်ကန်သော အားထုတ်မှုလုံ့လနှင့်ပြည့်စုံခြင်း ပယောဂသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသည့် အကုသိုလ်ကံများကို "ပယောဂသမ္ပတ္တိပဋိဗာဠ္ဍ အကုသိုလ်ကံ"ဟုခေါ်၏။ ချဲ့ဦးအံ့–တစ်စုံတစ်ယောက်သောသူ၌ များစွာသော အကုသိုလ်ကံများရှိရာ လုံ့လကြိုးကုတ် အားထုတ်မှုမရှိ ပယောဂဝိပတ္တိဖြစ်ပါမှ ထိုအကုသိုလ်ကံများ အကျိုးပေးနိုင်သည်။ သို့ရာတွင် ထိုသူသည် ကုသိုလ်ကံကြောင့် မှန်ကန်သောအားထုတ်မှု လုံ့လဝီရိယနှင့်ပြည့်စုံလျက်ရှိရာ ထိုအကုသိုလ်ကံများ အကျိုးပေးခွင့်မရ၊ ကုသိုလ်ကံများသာ အကျိုးပေးခွင့်ရလျက်ရှိလေသည်။ ဤကား ပယောဂသမ္ပတ္တိတားမြစ်ချက်ကြောင့် အကုသိုလ်ကံများ အကျိုးပေးခွင့်မရခြင်းဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၂)

၅ ။ အပါယ်လေးဘုံ၌ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိ အခွင့်ကောင်းကိုရမှ အကျိုးပေးသော အကုသိုလ်ကံကို ဂတိဝိပတ္တိ အကုသိုလ်ကံဟုခေါ်၏။ မှန်၏။ တစ်စုံတစ်ယောက်သောသူ၌ များစွာသော အကုသိုလ်ကံများရှိရာ ထိုအကုသိုလ်ကံများသည် လူ့ဘုံ၊ နတ်ဘုံတို့၌ဖြစ်ခြင်းဟူသော ဂတိသမ္ပတ္တိနှင့်ကြုံခဲ့လျှင် အကျိုးပေးနိုင်ခွင့်မရချေ။ သို့သော် ထိုသူသည် အကုသိုလ်ကံကြောင့် အပါယ်ဘုံ၌ဖြစ်လေရာ ဂတိဝိပတ္တိနှင့်ကြုံသဖြင့် ထိုအကုသိုလ်ကံများ အကျိုးပေးခွင့်ရလေသည်။ ဤသည်

မှာ ဂတိသမ္ပတ္တိကြောင့် အကျိုးပေးခွင့်ရလာခြင်းဖြစ်၏။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၂)

၆။ ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါချို့တဲ့မှုကြောင့် အကျိုးပေးသော အကုသိုလ်ကံကို ဥပဓိဝိပတ္တိ–အကုသိုလ်ကံဟုခေါ်၏။ ထိုအကုသိုလ်ကံများသည် ရုပ်ဆင်းအင်္ဂါ၊ ကြန်အင်လက္ခဏာနှင့်ပြည့်စုံခြင်း ဥပဓိသမ္ပတ္တိရှိလျှင် အကျိုးပေးခွင့်မရချေ။ သို့ရာတွင် ထိုသူသည် တစ်ခုသောအကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာ ချို့တဲ့သွားခဲ့ရာ ထိုအကုသိုလ်ကံများ အကျိုးပေးခွင့်ရလာကြ၏။ ဥပမာ–မြတ်သောအမျိုး၌ဖြစ်သော်လည်း ဥပဓိရုပ်လက္ခဏာ ချို့တဲ့ရာသောကြောင့် အခွန်တောင်းလာသူ မင်းမှုထမ်းက အိမ်ဖော်ဟုထင်မှတ်ကာ ပြက်ရယ်ပြုခြင်းခံရသော ကောတလဝါပီရွာနေ သူဌေးကြီး၏အိမ်ရှင်မ သူဌေးကတော်ကြီးကဲ့သို့တည်း။ ဤသည်မှာ ဥပဓိသမ္ပတ္တိ တားမြစ်ချက်ကြောင့် အကျိုးပေးနိုင်ခွင့်မရှိသော အကုသိုလ်ကံများ ဥပဓိဝိပတ္တိကြောင့် အကျိုးပေးခွင့်ရလာခြင်းဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၃)

၇။ ခေတ်ပျက်၊ ကာလပျက် ခေတ်ဆိုး၊ ကာလဆိုးတို့နှင့် ကြုံကြိုက်၍ အကျိုးပေးခွင့်ရသော အကုသိုလ်ကံကို "ကာလဝိပတ္တိ" အကုသိုလ်ကံဟုခေါ်သည်။ မှန်၏။ တစ်စုံတစ်ယောက်သောသူ၌ များစွာသော အကုသိုလ်ကံများရှိရာ ထိုအကုသိုလ်ကံများသည် ခေတ်ကောင်းကာလကောင်းဖြစ်လျှင် အကျိုးပေးခွင့်မရှိချေ။ သို့သော် ထိုသူမှာ တစ်ခုသောအကုသိုလ်ကံကြောင့် ခေတ်ဆိုး၊ ကာလဆိုးဟူသော ကာလဝိပတ္တိအချိန်၌ လာကြုံကြိုက်လေရာ အကုသိုလ်ကံများ အကျိုးပေးခွင့်ရလာ၏။ ဤကား ခေတ်ကောင်း၊ အချိန်ကောင်းဟူသော ကာလသမ္ပတ္တိတားမြစ်ချက်ကြောင့် အကျိုးမပေးစွမ်းနိုင်သော အကုသိုလ်ကံများသည် ခေတ်ပျက်ကာလပျက်ဟူသော ကာလဝိပတ္တိကြောင့်

အကျိုးပေးခွင့်ရခြင်း ဖြစ်ပေသည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၃)

၈။ မမှန်ကန်သော ကြိုးစားအားထုတ်မှု (ဝါ) လုံးဝမကြိုးစား အားမထုတ်မှုဟူသော ပယောဂဝိပတ္တိကြောင့် အကျိုးပေးခွင့်ရသော အကုသိုလ်ကံများသည် မှန်ကန်သည့်ကြိုးစားအားထုတ်မှုဟူသော ပယောဂသမ္ပတ္တိရှိခဲ့လျှင် အကျိုးပေးခွင့်မရနိုင်ချေ။ သို့သော် ထိုသူ့ဒွ်များ ပွင်းသော အားထုတ်မှုဟူသော ပယောဂဝိပတ္တိဒွ်တည်လျက် များစွာသော သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု စသည့်အကုသိုလ်ကံများကို ကြိုးစားအားထုတ်၏။ ထိုသူကို ဥစ္စာနှင့်တကွဖမ်း၍ မင်းထံပို့ကြ၏။ မင်းက ညှဉ်းဆဲမှုအမျိုးမျိုးကိုပြု၍ သတ်စေ၏။ ဤကား ပယောဂဝိပတ္တိကြောင့် အကျိုးပေးခွင့်ရလာခြင်းဖြစ်သည်။ (အံ၊ ဋ္ဌ၊ ၂၊ ၁၁၂)

ကုသိုလ်ကံ ၈ မျိုးကား

၁။ ဂတိဝိပတ္တိ ပဋိဗာဠ္ဍ ကုသိုလ်ကံ၊

၂။ ဥပဓိဝိပတ္တိ ပဋိဗာဠ္ဍ ကုသိုလ်ကံ၊

၃။ ကာလဝိပတ္တိ ပဋိဗာဠ္ဍ ကုသိုလ်ကံ၊

၄။ ပယောဂဝိပတ္တိပဋိဗာဠ္ဍ ကုသိုလ်ကံ၊

၅။ ဂတိသမ္ပတ္တိ ကုသိုလ်ကံ၊

၆။ ဥပဓိသမ္ပတ္တိ ကုသိုလ်ကံ၊

၇။ ကာလသမ္ပတ္တိ ကုသိုလ်ကံ၊

၈။ ပယောဂသမ္ပတ္တိ ကုသိုလ်ကံတို့ဖြစ်ကြသည်။ (အဘိ၊ ၂၊ ၃၅၁)

၁။ ထိုတွင် ဂတိဝိပတ္တိ ပဋိဗာဠ္ဍကုသိုလ်ကံဆိုသည်မှာ အပါယ်ဘုံတို့ဒွ်ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိ၏တားမြစ်ချက်ကြောင့် ကောင်းကျိုးပေးခွင့်မရသော ကုသိုလ်ကံမျိုးဖြစ်၏။ မှန်၏။ တစ်ယောက်သောသူ့ဒွ်များစွာသော ကုသိုလ်ကံတို့ရှိကြ၏။ ထိုကုသိုလ်ကံများသည် လူ့ဘုံ၊ နတ်

ဘုံတို့၌ ဖြစ်မှုဟူသော ဂတိသမ္ပတ္တိရှိခဲ့ပါလျှင် အကျိုးပေးနိုင်ကြသည်။ သို့သော် ထိုသူသည် တစ်စုံတစ်ခုသော အကုသိုလ်ကံကြောင့် ငရဲ၊ အသူရကာယ်ဟူသော ဂတိဝိပတ္တိ၌ဖြစ်၏။ ထို့ကြောင့် ထိုကုသိုလ်ကံများ အကျိုးပေးခွင့်မရဘဲ အကုသိုလ်ကံများကသာ အကျိုးပေးခွင့်ရကြသည်။ ဤကား ဂတိဝိပတ္တိတားမြစ်ချက်ကြောင့် ကုသိုလ်ကံများ အကျိုးပေးခွင့်မရခြင်းဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၄၂၄)

၂။ ဥပဓိရုပ်လက္ခဏာချို့တဲ့ခြင်းဟူသော ဥပဓိဝိပတ္တိတားမြစ်ချက်ကြောင့် အကျိုးပေးခွင့်မရသော ကုသိုလ်ကံမျိုးကို ဥပဓိဝိပတ္တိပဋိဗာဠ္ဍကုသိုလ်ကံဟုခေါ်၏။ လူတစ်ဦးတစ်ယောက်တွင် များစွာသော ကုသိုလ်ကံတို့ရှိကြ၏။ ထိုကုသိုလ်ကံများသည် ကိုယ်အင်္ဂါ လက်အင်္ဂါ မချို့တဲ့ဘဲ ဥပဓိရုပ်လက္ခဏာ ကောင်းမွန်ခြင်းဆိုသည့် ဥပဓိသမ္ပတ္တိ အင်္ဂါနှင့်ညီညွတ်မှ အကျိုးပေးနိုင်ခွင့်ရှိကြသည်။ သို့သော် ထိုသူသည် တစ်စုံတစ်ခုသော အကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာချို့တဲ့လျက်ရှိရာ ထိုကုသိုလ်ကံများ အကျိုးပေးခွင့်မရတော့ချေ။

ထင်ရှားစေဦးအံ့-ဥပဓိရုပ်လက္ခဏာ ချို့တဲ့နေသူသည် ဘုရင်သားတော်ပင် ဖြစ်သော်ငြားလည်း ဘုရင်ဖြစ်ဖို့အခွင့်အရေးကို မရနိုင်။ ထို့အတူ စစ်သေနာပတိချုပ်၏ သားပင်ဖြစ်လင့်ကစား စစ်သေနာပတိရာထူးကို ရနိုင်မည်မဟုတ်ပါ။ ရှေးအခါက သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ကို အုပ်စိုးသောဘုရင်ကြီး၌ သားတော်တစ်ပါးထွန်းကားခဲ့ရာ မိဖုရားအား ဆုတော်ပေးမည် ဝန်ခံကတိပြုခဲ့၏။ မင်းသားကလေးသည် ၇-နှစ်၊ ၈-နှစ်သားအရွယ်တွင် နန်းတော်ရင်ပြင်၌ ကြက်တိုက်ကစားရာ ကြက်ခွပ်လိုက်သဖြင့် မင်းသားလေးမှာ မျက်စိနှစ်ကွင်း အလင်းမရဖြစ်ခဲ့သည်။

ထိုမင်းသားကလေး ၁၆-နှစ်သားအရွယ်ရောက်သောအခါ မယ်တော်မိဖုရားကြီးက ဘုရင်ကြီးထံ သားတော်ကလေးမှာ ကိုယ်အင်္ဂါ

လက္ခဏာချို့တဲ့သောကြောင့် သီရိလင်္ကာနိုင်ငံတွင် ဘုရင်မြှောက်ခွင့်မပေးဘဲ နာဂဒေါ် ကျွန်းငယ်ကလေး၌သာ မြို့စားနယ်စားအဖြစ်ပေးခဲ့ရသည်။ ဤသို့ မင်းသားလေးမှာ ဘုရင်သားတော်ဖြစ်သော်ငြားလည်း ဥပဓိရုပ်လက္ခဏာ ချို့တဲ့ရာသောကြောင့် တစ်နိုင်ငံလုံးကိုအုပ်ချုပ်ရသည့် မင်းမဖြစ်လာဘဲ ကျွန်း ငယ်ကလေးကို အုပ်စိုးရသည့် နယ်စားရာထူးဖြင့်သာ ကျေနပ်နေရရှာလေ သည်။ ဤကား ဥပဓိဝိပတ္တိတားမြစ်ချက်ကြောင့် ကုသိုလ်ကံများ ပြည့်ပြည့် စုံစုံ အကျိုးပေးခွင့်မရသော သာဓကပင်ဖြစ်ပေသည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၅)

၃။ ခေတ်ပျက် ကာလပျက်ဟူသော ကာလဝိပတ္တိတားမြစ်ချက် ကြောင့် အကျိုးပေးခွင့်မရသော ကုသိုလ်ကံများကို "ကာလဝိပတ္တိ ပဋိ ဗာဠ္ဍကုသိုလ်ကံ"ဟုခေါ်၏။ မှန်၏။ တစ်စုံတစ်ယောက်သောသူ၌ ကုသိုလ်ကံများစွာရှိ၏။ ထိုကုသိုလ်ကံများသည် အချိန်ကောင်း၊ အခါ ကောင်းမျိုးနှင့်ကြုံကြိုက်မှသာ အကျိုးပေးခွင့်ရကြ၏။ သို့သော် ထိုသူ သည် တစ်စုံတစ်ခုသော အကုသိုလ်ကံကြောင့် ခေတ်ဆိုးကာလဆိုး၌ ဖြစ်ရရာ ထိုကုသိုလ်ကံများ အကျိုးပေးခွင့်မရခြင်းပင်ဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၅)

၄။ မှားသောအားထုတ်ခြင်းဟူသော ပယောဂဝိပတ္တိ၏တားမြစ်ချက် ကြောင့် အကျိုးပေးခွင့်မရသော ကုသိုလ်ကံများကို "ပယောဂ ဝိပတ္တိ ပဋိဗာဠ္ဍ" ကုသိုလ်ကံဟုခေါ်၏။ မှန်၏။ ပုဂ္ဂိုလ်တစ်ဦး၌ ကုသိုလ်ကံ များစွာရှိ၏။ ထိုကုသိုလ်ကံများသည် မှန်ကန်သောကြိုးစားအားထုတ်မှု ပယောဂသမ္ပတ္တိ အကူအညီကိုရလျှင် အကျိုးပေးခွင့်ရှိ၏။ သို့သော် ထိုသူသည် သတ်ဖြတ်၊ ခိုးဆိုးသောအားဖြင့် မှားယွင်းသောကြိုးစား အားထုတ်မှု ပယောဂဝိပတ္တိ၌တည်လျက်ရှိ၏။ ထို့ကြောင့် မိမိနှင့်အမျိုး တူ၊ အရွယ်တူများကပင် ထိမ်းမြားလက်ထပ်မှုကိုမပြုကြ။ မိန်းမလိုက် စားသူ၊ သေသောက်ကြူးသူ၊ အလောင်းအစားဝါသနာပါသူဟုဆိုကာ

အဝေးမှရှောင်သွားကြ၏။ ထို့ကြောင့် ထိုကုသိုလ်ကံများ အကျိုးပေးခွင့် မရတော့ချေ။ ဤကား ပယောဂဝိပတ္တိတားမြစ်ချက်ကြောင့် ကုသိုလ်ကံများ ပေးခွင့်မရခြင်းပင်ဖြစ်၏။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၅)

၅ ။ လူ့ဘုံ နတ်ဘုံ၌ဖြစ်ခြင်းဟူသော ဂတိသမ္ပတ္တိရှိမှသာ အကျိုးပေးသော ကုသိုလ်ကံကို "ဂတိသမ္ပတ္တိကုသိုလ်ကံ" ဟုခေါ်၏။ ချဲ့ဦးအံ့– တစ်စုံတစ်ယောက်သောသူအား ကုသိုလ်ကံတို့များစွာရှိကြ၏။ ထိုကုသိုလ်ကံတို့သည် အပါယ်ဘုံ၌ဖြစ်ခြင်းဟူသော ဂတိဝိပတ္တိဖြစ်ခဲ့လျှင် အကျိုးပေးခွင့်မရှိပါချေ။ သို့ရာတွင် ထိုသူသည် တစ်ခုသော ကုသိုလ်ကံကြောင့် လူ့ဘုံ၊ နတ်ဘုံဟူသော ဂတိသမ္ပတ္တိဖြစ်ရာ အကျိုးပေးခွင့်ရကြလေသည်။ ဤကား ဂတိဝိပတ္တိတားမြစ်ချက်ကြောင့် အကျိုးပေးမစွမ်းနိုင်သော ကုသိုလ်ကံများ၊ ဂတိသမ္ပတ္တိကြောင့် အကျိုးပေးခွင့်ရလာခြင်းဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၂၆)

၆ ။ ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါပြည့်စုံမှု ဥပဓိသမ္ပတ္တိကြောင့် အကျိုးပေးသော ကုသိုလ်ကံမျိုးကို "ဥပဓိသမ္ပတ္တိကုသိုလ်ကံ" ဟုခေါ်၏။ မှန်၏။ လူတစ်ဦးတစ်ယောက်၌ ကုသိုလ်ကံများစွာရှိ၏။ ထိုကုသိုလ်ကံများသည် ဥပဓိရုပ်လက္ခဏာချို့တဲ့မှု ဥပဓိဝိပတ္တိဖြစ်နေလျှင် အကျိုးပေးခွင့်မရှိနိုင်ချေ။ သို့သော် ထိုသူသည် တစ်ခုသောကုသိုလ်ကံကြောင့် ဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါတို့နှင့် ပြည့်စုံခြင်း၊ ဥပဓိသမ္ပတ္တိရှိလေရာ ထိုကုသိုလ်ကံများ အကျိုးပေးခွင့်ရကြကုန်၏။

ထိုဥပဓိရုပ်လက္ခဏာ ကိုယ်အင်္ဂါတို့နှင့်ပြည့်စုံသူသည် ဘုရင့်သားတော်ဖြစ်ခဲ့မူ မိမိထက်အသက်ကြီးသည့် နောင်တော်မင်းသားများကိုပင် ကျော်လွန်၍ မင်းအဖြစ်ကိုရနိုင်သည်။ အိမ်ရှေ့မင်းသားဖြစ်ခဲ့မူ ဖခင်ကွယ်လွန်သော် အိမ်ရှေ့မင်းသော်လည်းကောင်း၊ စစ်သူကြီးသော်လည်းကောင်း၊ ဘဏ္ဍာစိုးသော်လည်းကောင်း ဖြစ်နိုင်သည်။ ဤသည်မှာ (ဥပဓိဝိပတ္တိ တား

မြစ်ချက်ကြောင့် အကျိုးမပေးနိုင်သောကုသိုလ်ကံများသည်) ဥပဓိသမ္ပတ္တိရှိမှုကြောင့် အကျိုးပေးခွင့်ရလာခြင်းဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၃၀)

၇။ ခေတ်ကောင်း အချိန်ကောင်း၌ဖြစ်ခြင်း ကာလသမ္ပတ္တိရှိမှ အကျိုးပေးခွင့်ရသော ကုသိုလ်ကံများကို ကာလသမ္ပတ္တိကုသိုလ်ကံဟုခေါ်၏။ ထိုကုသိုလ်ကံများသည် ခေတ်ပျက်၊ အခါပျက်(ကာလဝိပတ္တိ)ဖြစ်လျှင် အကျိုးမပေးနိုင်ချေ။ သို့သော် ထိုသူသည် တစ်စုံတစ်ခုသော ကုသိုလ်ကံကြောင့် ခေတ်ကောင်း၊ အခါကောင်းဟူသော ကာလသမ္ပတ္တိနှင့်ကြုံတွေ့ရ၍ ထိုကုသိုလ်ကံများ အကျိုးပေးခွင့်ရလာကြသည်။

ထင်ရှားစေဦးအံ့–သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ ခိုးသူ သူပုန်နှိပ်စက်၍ ခေတ်ပျက်၊ ကာလပျက် (ကာလဝိပတ္တိ)နှင့်ကြုံကြိုက်နေသောကြောင့် မဟာသောဏထေရ် အမှူးရှိသော ရဟန်းတော်များသည် ကုသိုလ်ကံများရှိလင့်ကစား ထိုကုသိုလ်ကံများမှာ ကာလဝိပတ္တိကြောင့် အကျိုးမပေးနိုင်သဖြင့် သစ်မည် စည်သီး၊-သစ်ခေါက်၊ သစ်ခွံ၊ ကြာရိုးစသော အစာအဟာရများဖြင့်သာ ရောင့်ရဲတင်းတိမ်၍ နေကြရှာလေသည်။

ဗြာဟ္မဏတိဿ ခိုးသူဘေးကြီး ကင်းငြိမ်း၍ မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်သော ပိတုမဟာရာဇာ နန်းတက်လာသောအခါ မြို့ရွာနယ်ပယ်များ ပြန်လည်စည်ကားလာ၏။ ရဟန်းတော်များလည်း ပစ္စည်းလေးပါးပေါများလာကြ၏။ မဟာသောဏထေရ် တစ်ပါးတည်းကိုအကြောင်းပြု၍ရသော ပစ္စည်းလေးပါးသည်ပင် ရဟန်းပေါင်းများစွာ သုံးစွဲ၍ မကုန်နိုင်တော့ဟု ဆိုပေသည်။ ဤသည်မှာ ကာလဝိပတ္တိအချိန်၌ ကုသိုလ်ကံအကျိုးပေးခွင့်မရ၍ လာဘ်လာဘနည်းပါးကြသော်ငြားလည်း ကာလသမ္ပတ္တိအချိန်၌မူ ကုသိုလ်ကံအကျိုးပေးခွင့်ရ၍ လာဘ်လာဘပေါများသောဝတ္ထုသက်သေဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၃၀)

၈။ မှန်ကန်သောအားထုတ်မှုဟူသော ပယောဂသမ္ပတ္တိကြောင့် အကျိုး

ပေးသော ကုသိုလ်ကံမျိုးကို "ပယောဂသမ္ပတ္တိကုသိုလ်ကံ" ဟုခေါ်၏။ တစ်စုံတစ်ယောက်သောသူ၌ များစွာသောကုသိုလ်ကံတို့ရှိကြ၏။ ထိုကုသိုလ်ကံများသည် မှားယွင်းသောအားထုတ်မှု ပရိယောဂဝိပတ္တိဖြစ်ခဲ့လျှင် အကျိုးပေးခွင့်မရချေ။ သို့သော် ထိုသူသည် တစ်စုံတစ်ခုသော ကုသိုလ်ကံကြောင့် မှန်ကန်သောအားထုတ်မှု၌တည်၍ ကောင်းမှုကုသိုလ်များကို ဆည်းပူး၏။ ငါးပါး၊ ဆယ်ပါးစသော သီလများကို စောင့်ထိန်း၏။ ဤသို့ ပယောဂသမ္ပတ္တိနှင့်ပြည့်စုံခဲ့လျှင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူကပင် ဆင်ယာဉ်၊ မြင်းယာဉ်စသော လက်ဆောင်ပဏ္ဏာများနှင့် မင်းသမီးတို့ကိုပင် ထိုသူနှင့်တော်သည်ဟု ပို့စေကြကုန်၏။ ရဟန်းတော်များဖြစ်မူ အခြံအရံများ၏၊ ဘုန်းကံကြီး၏စသည် ကုသိုလ်ကံများ၏အကျိုးပေးခွင့် ရလာကြလေသည်။

ထင်ရှားစေဦးအံ့–ကုဋ္ဌကဏ္ဏမင်းသည် တိပိဋကစူဠနာဂထေရ်ကို ကြည်ညို၏။ တစ်ချိန်တွင် မထေရ်မြတ်၏လက်ညှိုး၌ အနာတစ်လုံးပေါက်လာသည်။ မင်းကြီးသည် မထေရ်၏ရောဂါအခြေအနေကိုမေးရန် ကျောင်းသို့လာ၏။ မထေရ်ကို ကြည်ညိုလွန်းလှသဖြင့် ပြည်ပေါက်လုနီးနေသော မထေရ်၏လက်ညှိုးကို ပါးစပ်၌ငုံထားရာ ပါးစပ်တွင်း၌ပင် အနာသည်ပြည်ပေါက်၏။ မင်းကြီးသည် သွေးတို့ကို မထွေးပစ်ဘဲ အမြိုက်ရသာသဖွယ် မျိုချလိုက်၏။ ထိုမထေရ် ပျံလွန်တော်မူသောအခါ မင်းကြီးသည် မိးအိုးကင်းကို ခေါင်းပေါ်ရွက်၍ "ခမ္မလှည်းယာဉ်ကြီး၏ ဝင်ရိုးကျိုးပါပြီ"ဟုဆိုကာ ငိုကြွေးမြည်တမ်းရာလေသည်။ ဤသည်မှာ မထေရ်၏ပယောဂသမ္ပတ္တိကြောင့် ဘုန်းတန်ခိုးကြီးသော သာဓကပင်ဖြစ်သည်။ (အဘိ၊ ဋ္ဌ၊ ၄၃၃)

ဤတင်ပြခဲ့သော ကံ ၁၆–ပါးတို့ကား ဝိဘင်းပါဠိတော်၌ ဟောကြားထားသော ကံတို့ဖြစ်ကြသည်။ ထိုကံအားလုံးတို့သည် "ဇနက"စသောကံတို့၌ အကျုံးဝင်ကြ၏။ ထိုဇနက စသောကံများကို အကျဉ်းချုံးလျှင်

"ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယာယဝေဒနီယကံ"ဟု သုံးမျိုးသာကျန်၏။ ထိုကံသုံးပါး အကျိုးပေးရာကာလ မပြောင်းရွှေ့ကြ။ မိမိအကျိုးပေးရမည့်ကာလ၌သာ အကျိုးပေးကြလေသည်။ (အံ၊ ၄၊ ၂၊ ၁၁၄)

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက "ကံမည်သည် အထွေထွေ အပြားပြား အလွန်များ၏။ ပြောဖွယ်သိဖွယ်အလွန်ကျယ်၏"ဟု နိယာမဒီပနီကျမ်းတွင် မိန့်ဆိုထားသည်။ ထို့ကြောင့် ကံအကြောင်း သိကောင်းစရာတို့ကား အလွန်များလှ၏။ ယခု သိကောင်းစရာကံအကြောင်းတို့ကို အကျဉ်းချုံး၍တင်ပြခဲ့ပေပြီ။ ယခု ဆက်လက်၍ ကံ၏ အကျိုးပေးပုံတို့ကို ဝတ္ထုသာဓကများဖြင့် တစ်ခန်းဖွင့်၍ တင်ပြဦးအံ့။

အခန်း ၁၁

# အကုသိုလ်ကံ၏ဆိုးကျိုးပေးပုံ အဖုံဖုံ

**ရေကပတ္တနဂါးမင်း**

ကဿပဘုရားရှင်လက်ထက်တော်အခါက ရဟန်းငယ်တစ်ပါးရှိခဲ့၏။ ထိုရဟန်းငယ်သည် တစ်နေ့တွင် ဂင်္ဂါမြစ်ထဲ၌လှေစီး၍ ခရီးသွားစဉ် ပိန်းပင်ချုံတစ်ခုမှ ပိန်းရွက်ကို လက်ဖြင့်ကိုင်ဆွဲမိသဖြင့် ပိန်းရွက်ပြတ်၍သွား၏။ သို့သော် ရဟန်းငယ်မှာ "ဤအာပတ်အပြစ်ကား မဖြစ်စလောက်သေးငယ်တဲ့အပြစ်ကလေးပဲ"ဟုဆိုကာ ဒေသနာမကြားဘဲနေခဲ့၏။ ထိုရဟန်းသည် အနှစ် နှစ်သောင်းကာလပတ်လုံး အရညဝါသီ တောနေရဟန်းအဖြစ် ရဟန်းတရားများကို ပွားများအားထုတ်ခဲ့၏။

သို့ရာတွင် ပျံလွန်တော်မူခါနီးကာလ၌ လည်ပင်းကို ပိန်းရွက်ဆွဲယူသယောင် နိမိတ်ထင်လာ၍ ထိုစဉ်အခါက သင့်ခဲ့သောအာပတ်ကို ဒေသနာကြားချင်လာ၏။ သို့သော် ဒေသနာခံ ရဟန်းတစ်ပါးမှမရှိသဖြင့် "ငါ၏သီလသည် မစင်ကြယ်လေစွတကား"ဟု နှလုံးမသာမယာဖြစ်လျက်

ပျံလွန်တော်မူလေရာ ဂင်္ဂါမြစ်တွင်း၌ တစ်ခုသောသစ်ပင်လုံးချည်းထွင်းထား
သော လှေစကျင်းပမာဏရှိသည့် နဂါးမင်းသွားဖြစ်၏။ အမည်ကား ဧရက
ပတ္တ(ပိန်းရွက်)ဟုခေါ်၏။ နဂါးဖြစ်သွားသောခဏ၌ပင် မိမိ၏အသွင်
သဏ္ဍာန် ခန္ဓာကိုယ်အတ္တဘောကိုကြည့်ပြီး "ဤမျှအချိန်ကြာမြင့်စွာ ရဟန်း
တရားကို အားထုတ်ခဲ့ပါလျက် ဖားစိမ်းစား အဟိတ်သတ္တဝါမျိုး၌ဖြစ်ရလေ
ခြင်း"ဟု စိတ်နှလုံး မသာမယာဖြစ်ရလေသတဲ့။ (ဓမ္မပဒ၊ ၄၊ ၂၊ ၁၄၉)

မဟာဝါစကာလ ဥပါသကာ

ဂင်္ဂါမြစ်အနီး၌နေသော "မဟာဝါစကာလ" ဆိုသူ ဥပါသကာ
တစ်ဦးသည် သောတာပန်ဖြစ်ရန် အနှစ်သုံးဆယ်ပတ်လုံး ၃၂-ကောဋ္ဌာသ
ကမ္မဋ္ဌာန်းကို စီးဖြန်းသော်လည်း ဩဘာနိမိတ်မျှမရ၍ "သာသနာတော်
သည် သံသရာမှထွက်မြောက်ကြောင်း ဖြစ်မည်မထင်ဟု အယူဖောက်ပြန်
သွားခဲ့လေသည်။ ထိုဥပါသကာ ကွယ်လွန်သောအခါ ထိုအကုသိုလ်ကံ
ကြောင့် မဟာဂင်္ဂါမြစ်၌ ကိုးဥသဘရှိသော မိကျောင်း ပြိတ္တာကြီးဖြစ်ရသည်။
တစ်ချိန်၌ ကစ္စကကမ်းဆိပ်မှကူးသော ကျောက်တိုင်များတင်ဆောင်ထား
သည့် လှည်းအစီး ၆၀ လုံးကို နွားများ၊ ကျောက်တိုင်များနှင့်တကွ အားလုံး
စားပစ်လိုက်သတဲ့။ (အံ၊ ၄၊ ၂၊ ၁၀၈)

မလ္လိကာ မိဖုရားကြီး

တစ်နေ့တွင် ပသေနဒီကောသလမင်းကြီး၏မိဖုရားကြီး မလ္လိကာ
ဒေဝီသည် ရေချိုးခန်းထဲသို့ဝင်ပြီး ခံတွင်းမျက်နှာတို့ကို ဆေးကြော၏။
ထို့နောက် ခါးကုန်းပြီး ခြေသလုံးကို ဆေးကြောနေစဉ် မိဖုရားကြီးနှင့်အတူ
ဝင်လိုက်လာသော မင်းအိမ်မွေးခွေးကြီးသည် မိဖုရားကို နောက်ကြောမှ
တက်၍ပေါင်းဖော်စပ်ယှက်၏။ မိဖုရားကြီးလည်း ဖောဋ္ဌဗ္ဗာရုံအတွေ့ခံတက်ကို

သာယာသောအားဖြင့် ငြိမ်ခံနေမိ၏။ ထိုအဖြစ်အပျက်ကို ပသေနဒီကောသလမင်းကြီးသည် နန်းတော်အထက် လေသာပြတင်းပေါက်မှ တွေ့မြင်လိုက်၏။

မိဖုရားကြီး မင်းကြီးထံမှောက်သို့ရောက်သောအခါ ထိုကိစ္စနှင့်ပတ်သက်၍ မင်း မိဖုရားနှစ်ပါးတို့ အကြီးအကျယ်စကားများကြ၏။ နောက်ဆုံးတွင် မိန်းမတို့ပရိယာယ်ဖြင့် မိဖုရားကြီးက "အရှင်မင်းကြီး ဤရေချိုးခန်းထဲသို့ တစ်စုံတစ်ယောက်သောသူ ဝင်ရောက်နေစဉ် နန်းတော်ထက် လေသာပြတင်းပေါက်မှကြည့်သူအတွက် တစ်ယောက်တည်းကို နှစ်ယောက်ဟု ထင်တတ်ပါသည်။ အကယ်၍မယုံပါလျှင် မင်းကြီးကိုယ်တိုင် ထိုရေချိုးခန်းထဲသို့ ကြွတော်မူပါ၊ ကျွန်တော်မျိုးမက ဤလေသာပြတင်းပေါက်မှ ကြည့်နေပါမည်"ဟု လျှောက်တင်၏။

မိန်းမပရိယာယ် နားမလည်လှသော ပသေနဒီကောသလ မင်းကြီးသည် မိဖုရားလျှောက်တင်သည့်အတိုင်း ရေချိုးခန်းသို့ ကိုယ်တော်တိုင် ကြွဝင်တော်မူရာသည်။ မင်းကြီးပြန်ရောက်လာသောအခါ မိဖုရားကြီးက မင်းကြီးကို ဆိတ်မနှင့်စွပ်စွဲပြောဆိုလေသည်။ မင်းကြီးကငြင်းဆိုသော်လည်း လက်မခံပေ။ ဤသို့ဖြင့် မင်းကြီးမှာ ထိုရေချိုးခန်းအကြောင်းကို ယုံကြည်သွားတော့၏။ သို့သော် "မင်းကြီးမှာ ဉာဏ်မရှိရာလို့ ငါလုပ်သည့်ပတ်သည်ကို ယုံကြည်သွား၏။ ငါသည် ငါရဲ့အရှင်သခင်ကို မဟုတ်မမှန်စွပ်စွဲမိ၏။ မကောင်းမှုကို ပြုမိပြီ၊ ဒီအမှုကို ဘုရားနှင့်အဂ္ဂသာဝကကြီးတို့ သိကြပေလိမ့်မည်။ ဩော်–ဝန်လေးတဲ့အမှုကို ငါပြုမိလေစွ"ဟု မိဖုရားကြီးမှာ နှလုံးမသာမယာဖြစ်၏။

ဤမိဖုရားကြီးကား သာမန်မဟုတ်၊ ကောသလမင်းကြီး အသဒိသအလှူတော်ကြီးကို ပေးလှူရာ၌ လှူဖော်လှူဖက်ဖြစ်ခဲ့သူတည်း။ ထိုအသဒိသအလှူတော်ကြီးကား တစ်နေ့တည်းမှာပင် လှူဒါန်းသောဥစ္စာ

သည် တစ်ဆယ့်လေးကုဋေတန်ဖိုးရှိ၏။ ဤအလှူကြီးကို မိဖုရားကိုယ်တိုင် စီမံ၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ သို့သော် မိဖုရားကြီးသည် သေခါနီးကာလ၌ သတိရစရာကောင်းသော ထိုအသဒိသအလှူတော်ကြီးကို သတိမရဘဲ မိမိ အရှင်သခင်မင်းကြီးအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲခဲ့မိသော မကောင်းမှုကံကို သာ အောက်မေ့နှလုံးသွင်းမိခဲ့သဖြင့် အဝီစိငရဲကြီး၌ ၇ ရက်(လူ့ရက်)ဖြစ်ရ လေသည်။ ရှစ်ရက်မြောက်နေ့မှ ငရဲမှစုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်ရ သည်ဟု ဆိုပေသည်။ (ဓမ္မပဒ၊ ၄း ၂၊ ၇၅)

## တိဿ ရဟန်းကြီး

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ဝါကပ်သော "တိဿ"ခေါ် ရဟန်းကြီးသည် ထူထဲသော သင်္ကန်းလျာအဝတ် ရှမ်းတောင်ကို အလှူခံရရှိ၍ ဝါကျွတ်ပဝါရဏာပြုပြီးသည့်အခါ ထိုသင်္ကန်းလျာအဝတ်ကို အစ်မဖြစ်သူထံ အပ်နှံထား၏။ အစ်မဖြစ်သူက ထူထဲသောအဝတ်ကို ပါးချောအောင် စေတနာဖြင့်ရက်လုပ်ထား၏။

ထိုတိဿမထေရ်သည် အစ်မထံမှ သင်္ကန်းလျာအဝတ်ကို ပြန်ယူ လာ၍ သင်္ကန်းချုပ်တတ် ဆိုးတတ်ကြသည့် ရဟန်းသာမဏေငယ်တို့နှင့် သင်္ကန်းချုပ်ဆိုးခြင်းအမှုကို ပြု၏။ အစ်မဖြစ်သူကလည်း သင်္ကန်းချုပ်ဆိုးကြ သည့် ရဟန်းသာမဏေတို့ကို ယာဂုဆွမ်းစသည်တို့ကို လာ၍ဆက်ကပ် ၏။ သင်္ကန်းချုပ်ဆိုပြီးသည့်နေ့၌မူ အတိုင်းထက်အလွန် ပူဇော်မှုကိုပြု၏။ တိဿမထေရ်ကလည်း ချုပ်ဆိုးပြီးစ သင်္ကန်းအသစ်ကလေးကို အလွန်နှစ် သက်သဘောကျ၏။ "နက်ဖြန်ကျမှ ဒီသင်္ကန်းကလေးကို ကောင်းကောင်း ဝတ်လိုက်မယ်"ဟုဆိုပြီး သင်္ကန်းကိုခေါက်ပြီး သင်္ကန်းတန်းတွင် တင်ထား လိုက်သတဲ့။

တိုက်တိုက်ဆိုင်ဆိုင် ထိုညဉ့်ပင် တိဿမထေရ်မှာ အစာမကြေ

သည့်ရောဂါဖြင့် ပျံလွန်တော်မူသွားပြီး ထိုသင်္ကန်းအစွဲကြောင့် ထိုသင်္ကန်း၌ ပင် သန်းမကြီးဖြစ်သွား၏။ အစ်မဖြစ်သူက ကြားသိသည်နှင့်တစ်ပြိုင်နက် ရောက်လာပြီး ရဟန်းတော်များခြေရင်း၌ လူးလိမ့်ငိုကြွေး၏။ ရဟန်းတို့ သည် ထိုတိဿမထေရ်၏ ရုပ်ကလာပ်ကို ပြုလုပ်ကြပြီးသောအခါ ဂိလာနပြု စုသူမရှိသဖြင့် ထိုတိဿရဟန်း၏ သင်္ကန်းကို သံဃာအားဝေဖန်ရန် သင်္ကန်း ကို ဆောင်ယူကြသည်။ ထိုအခါ သန်းမကြီးက "ဒီရဟန်းတွေ ငါ့ဥစ္စာကို လုယက်ဖျက်ဆီးကြပြီ" ဟု အော်လျက် သင်္ကန်းပေါ် ဟိုဟိုဒီဒီလျှောက်ပြေး နေ၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်မှ ထိုသန်းမကြီး၏အော် နေသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူ၍ "အာနန္ဒာ . . . တိဿ ရဟန်းရဲ့သင်္ကန်းကို မဝေဖန်သေးဘဲ ၇ ရက်ထားခိုင်းလော့" ဟု မိန့်ကြား တော်မူ၏။ ထိုသန်းမကြီးသည် ခုနစ်ရက်မြောက်နေ့၌သေဆုံး၍ တုသိတာ ဘုံ၌ နတ်သားဖြစ်သွား၏။ မြတ်စွာဘုရားက ၈ ရက်မြောက်နေ့တွင် သင်္ကန်းဝေဖန်ယူရန် မိန့်တော်မူရာ ရဟန်းများ ဘုရားရှင်အမိန့်အတိုင်း ပြုလုပ်ကြ၏။ မြတ်စွာဘုရား ဤသို့စီမံတော်မူခြင်းသည် အကြောင်းရှိ၏။ အကယ်၍ ၇ ရက်အတွင်း၌ သင်္ကန်းဝေဖန်မှုပြုခဲ့လျှင် သန်းမကြီးမှာ ထို ဝေဖန်သည့်ရဟန်းများအပေါ် ဒေါသထွက်ပြစ်မှား၍ ငရဲသို့ကျရောက်ပေ လိမ့်မည်။ ဤသို့စီမံလိုက်သဖြင့် တိဿသည် တုသိတာဘုံ၌ သွားရခြင်းဖြစ် ပေသည်။ ဤဝတ္ထု၌ မြတ်စွာဘုရား၏ သတ္တဝါများအပေါ် ကရုဏာ တော်တော်ကြီးမားပုံကို ကြည်ညိုရသကဲ့သို့ တဏှာစိတ်၏စွဲလမ်းပုံမှာ လည်း "သံကို သံဖျက် သံချေးတက်" ဆိုသကဲ့သို့ ကြောက်စရာကောင်းလှ ပေသည်။

## လောဘ်စားသူ တရားသူကြီး

ဤလောကၬ တရားသူကြီးတို့သည် လာဘ်စား၍ မတရား အဆုံးအဖြတ်ပေးကြ၏။ ကုန်သည်ပွဲစား စသည်တို့ကလည်း တောင်းစဉ်းလဲ၊ ချိန်စဉ်းလဲ၊ အသပြာစဉ်းလဲ စသည်တို့ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာများကို မတရားလှည့်ဖြားယူဆောင်ကြ၏။ မဖြောင့်မမှန်ပြုကြ၏။ ထိုသူတို့သည် စက်ဆုပ်ဖွယ် မကောင်းသောကိုယ်ဖြင့် ငရဲ၌ဖြစ်ကုန်၏။ အလျှံပြောင်ပြောင် တောက်လောင်နေသော သံတူကြီးတို့ဖြင့် နေ့ရောညပါ ဦးခေါင်းကို ထုနှက်ရိုက်ပုတ်ခံနေကြရ၏။ ဦးခေါင်းကွဲသော် အန်ကုန်၏။ ထိုသူတို့ အန်ဖတ်ကို သံအိုးကင်းတို့ဖြင့်ခံယူ၍ အချို့သောသူတို့၏ ခံတွင်း၌ထည့်ကုန်၏။ ထိုသူတို့သည် အန်ဖတ်ကို စားကြရကုန်၏။

ထို့နောက် မှောက်ခုံအိပ်ခိုင်းပြီး လျှာကိုလုတ်စေ၍ ထိုမှ ဤမှ တုန်လှုပ်နေစဉ်မှာပင် ကျီး၊ မြေခွေး၊ လင်းတတို့က ကြောက်မက်ဖွယ်ရာ နှုတ်သီးများဖြင့် ထိုးဆိတ်ဆွဲကာ စားသောက်ကြကုန်၏ဟု သံကိစ္စပဏ္ဏာသ ဇာတ်တော်၌ ဟောကြားထား၏။

## မတရားစီးပွားရှာခဲ့သည့် အမျိုးသမီး ၄ ဦး

ရာဇဂြိုဟ်မြို့သူ အမျိုးသမီးလေးယောက်တို့သည် ဆီ၊ ထောပတ်၊ ပျားရည်၊ စပါးစသည်တို့ကို မတရားသောရောင်းနည်းများကို အသုံးပြုကာ ဥစ္စာပစ္စည်းတို့ကို ရှာမှီးစုဆောင်းခဲ့ကြသည်။ ထိုအမျိုးသမီးများသေဆုံးသွားကြသည့်အခါ လေးယောက်လုံးပင် ပြိတ္တာမကြီးများ ဖြစ်ကြရလေသည်။ သူတို့သည် ညအချိန်ရောက်သည့်အခါ ဒုက္ခဝေဒနာပြင်းစွာခံစားကြရ၍ "ကျွန်ုပ်တို့သည် လွန်ခဲ့သောဘဝတွေက မတရားသောနည်းတို့ဖြင့် ပစ္စည်းဥစ္စာတို့ကို ရှာမှီးစုဆောင်းခဲ့ကြပါတယ်။ ယခုမှာတော့ ကျုပ်တို့တစ်တွေ ဝိသမလောဘဖြင့် စုဆောင်းခဲ့ကြသည့်ပစ္စည်းတွေကို သူများတွေက ခံစား

သုံးဆောင်နေကြတယ်။ ကျွန်ုပ်တို့လေးယောက်မှာတော့ ကြီးကျယ်သော ဒုက္ခဆင်းရဲကိုသာ ခံစားနေကြရပါတယ်"ဟု အသံကျယ်ကြီးများဖြင့် ဟစ် အော်ညည်းတွားရှာနေကြကြောင်း "ဘောဂသံဟရဏပေတဝတ္ထု"၌ လာရှိပေ သည်။

## နန္ဒနွားသတ်သမား

နန္ဒနွားသတ်သမားသည် အနှစ် ၅၀–ပတ်လုံး နွားသတ်လုပ်ငန်း ဖြင့် အသက်မွေးခဲ့၏။ တစ်နေ့တွင် ထမင်းပွဲ၌ အမဲသားမပါသောကြောင့် နွားအရှင်တစ်ကောင်၏ လျှာကိုလှီးဖြတ်၍ မီးကင်စားနေစဉ်မှာပင် လျှာပြတ် ကျ၍သေရရှာသည်။ သေပြီးနောက် ငရဲသို့ကျရောက်ရ၏။ (ဓမ္မပဒ၊ ဌ၊ ၂၊ ၂၁၃–၄)

## နှုတ်ကြမ်းသည့် ရဟန်းတစ်ပါး

ကဿပဘုရားရှင် သာသနာတော်တွင်း၌ ရဟန်းတစ်ပါးသည် ကိုယ်ဖြင့်သာစောင့်စည်း၍ နှုတ်ဖြင့်မစောင့်စည်းခဲ့။ ထိုမကောင်းမှုကံကြောင့် ပျံလွန်တော်မူသည့်အခါ ပြိတ္တာသွားဖြစ်၏။ ကိုယ်မှာ ရွှေအဆင်းရှိ၍မျက်နှာ ကား ဝက်မျက်နှာသဏ္ဍာန်ရှိ၏။ တစ်ချိန်တွင် ကျွန်ုပ်တို့ဘုရားရှင် လက် ထက် အရှင်နာရဒမထေရ်နှင့်တွေ့ကြ၍ "အရှင်နာရဒ အကျွန်ုပ်၏ကိုယ် သည် လည်ပင်းမှအောက်သို့ လူသဏ္ဍာန်ဖြစ်၍ အထက်ဦးခေါင်းပိုင်းမှာ ဝက်နှုတ်သီး၊ ဝက်သဏ္ဍာန်ရှိနေသည်ကို ပစ္စက္ခဘောဖြင့်မြင်ရသည် မဟုတ် လော၊ အရှင်နာရဒ ကိုယ်နှုတ်နှစ်ပါးကို ကောင်းစွာစောင့်စည်းပါ"ဟု ပြိတ္တာ က အဆုံးအမပေးသတဲ့။

(ပေတ၊ ပါ၊ ၁၂၇)

ရက်ကန်းလူကြီး၏ဇနီး

ဘုရားရှင်လက်ထက်တော်က ကမ္မဋ္ဌာန်းအားထုတ်သည့် ရဟန်းတော်အချို့သည် တောအရပ်ရှိ ရက်ကန်းရွာအနီး၌ ဝါဆို၍ တရားအားထုတ်ကြ၏။ ရက်ကန်းသူကြီးသည် ရဟန်းနှစ်ပါးအတွက် ပစ္စည်းလေးပါးကို တာဝန်ယူ၍ ရိုသေစွာလုပ်ကျွေး၏။ သို့ရာတွင် ရက်ကန်းလူကြီး၏ဇနီးမှာ သဒ္ဓါတရားမရှိ၊ ရတနာပုံသုံးပါးကို မကြည်ညို၊ မှားသောအယူရှိ၍ ဝန်တို၏။ ရဟန်းတို့ကို ကောင်းမွန်စွာ မပြုစု၊ ဝါကျွတ်သည့်အခါ ရဟန်းတော်များအား ဆေး၊ သင်္ကန်း တစ်ထည်စီလှူဒါန်းကြ၏။ ထိုအခါ ဇနီးဖြစ်သူက ဒေါသထွက်ပြီး "သင်သည် အမြဲတမ်း ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်တို့ကို စားလော့၊ ကျင်ကြီး၊ ကျင်ငယ် သွေးပြည်တို့သည် တမလွန်ဘဝတွင် သင့်မှာဖြစ်စေ၊ သင်၏အဝတ်အစားတို့သည်လည်း အလျှံတောက်သော သံပြားကြီးဖြစ်ပါစေ"ဟု ဆဲရေးခြိမ်းခြောက်၏။

ရက်ကန်းလူကြီး၏ဇနီးမှာ ဤအကုသိုလ်ကံကြောင့် သေလွန်သောအခါ တစ်ခုသောတောကြီးထဲ၌ ပြိတ္တာမကြီးဖြစ်ပြီး ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်တို့ကို စားနေရ၏။ အဝတ်မှာလည်း သံပြားကြီးဖြစ်၏။ တင့်တယ်သန့်ရှင်း နူးညံ့စင်ကြယ်၍ အမွေးရှိသောအဝတ်တို့ကို သူမအား ပေးလိုက်သည့်အခါ သူမကိုင်ခါမျှဖြင့် အလျှံတောက်သော သံပြားကြီးဖြစ်သွား၏။ ကောင်းမွန်သည့်အစား အသောက်တို့ပေးလျှင်လည်း သူမလက်နှင့်ထိခါမျှဖြင့် ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်များဖြစ်သွား၏။ သူမမှာ အမြဲတမ်းဆာလောင်မွတ်သိပ်ဒုက္ခခံနေရရှာ၏။ (မဟာပေသတိရ ပေတဝတ္ထု၊ ပေတဝတ္ထုပါဠိ၊ အဋ္ဌကထာ)

ပါဋလိပုတ်ပြည်သား ပြိတ္တာ

သာဝတ္ထိပြည်၊ ပါဋလိပုတ်ပြည်တို့မှ ကုန်သည်တို့သည် သင်္ဘော

ဖြင့် သုဝဏ္ဏဘူမိသို့ကုန်ရောင်းသွားလေ့ရှိကြ၏။ ထိုကုန်သည်တို့တွင် ကုန်သည်တစ်ယောက်သည် မကျန်းမမာဖြစ်ပြီး အမျိုးသမီးတစ်ယောက်၌ ချစ်ကြိုက်သောစိတ်ကြောင့် သမုဒ္ဒရာအလယ်၌ ဝေမာနိကပြိတ္တာသွားဖြစ်၏။ ထိုပြိတ္တာသည် မိမိချစ်ကြိုက်သည့် အမျိုးသမီးကို ခေါ်ဆောင်လိုသဖြင့် ထိုအမျိုးသမီးစီးသွားသောသင်္ဘောကို မသွားနိုင်အောင်လုပ်၏။ ထိုအခါ ထုံးစံအတိုင်း သင်္ဘောပါလူများကိုမဲချကြရာ နတ်ပြိတ္တာတန်ခိုးဖြင့် ထိုနတ်ပြိတ္တာကြိုက်သောအမျိုးသမီးမှာ သုံးကြိမ်မဲကျ၏။ ထို့ကြောင့် ဝါးဖောင်ပေါ် အမျိုးသမီးကို တင်လိုက်ကြ၏။ ထိုအခါမှ သင်္ဘောသွားရ၏။

နတ်ပြိတ္တာသည် ထိုအမျိုးသမီးကို မိမိဗိမာန်သို့ခေါ်ဆောင်၍ ထိုအမျိုးသမီးနှင့် ပျော်ပျော်ပါးပါး နေထိုင်၏။ တစ်နှစ်အချိန်ကာလကြာသွားသောအခါ "ကျွန်မမှာ ဒီလိုနေလို့ နောင်ဘဝအတွက် ကောင်းမှုမရပါ၊ ကျွန်မကို ပါဋလိပုတ်ပြည်သို့ ပြန်ပို့ပေးပါ"ဟု တောင်းပန်၏။ နတ်ပြိတ္တာသည် သူနှင့်နေစဉ်အတွင်း ရံဖန်ရံခါ မိမိတန်ခိုးဖြင့် အမျိုးသမီးကို ခေါ်ဆောင်၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရာနတ် စသည်တို့ကို လှည့်လည်ပြလေ့ရှိ၏။ ထိုအမျိုးသမီးမှာ မိမိပြုသည့်ကံအတိုင်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဖြစ်ကြရသည်တို့ကို ကိုယ်တိုင်တွေ့ရ၍ ကံ၊ ကံ၏အကျိုးကို ယုံကြည်သွားရကား ကုသိုလ်ပြုရန်အတွက် ပြန်ပို့ပေးရန် တောင်းပန်ခြင်းဖြစ်သည်။

ဝေမာနိက နတ်ပြိတ္တာကလည်း အမျိုးသမီးအား ကုသိုလ်ကောင်းမှုပြုရန် တိုက်တွန်းပြီး ကောင်းကင်ခရီးဖြင့် အမျိုးသမီးကို ပါဋလိပုတ်မြို့သို့ ပြန်ပို့ပေးခဲ့လေသည်။ (ပါဋလိပုတ္တပေတဝတ္ထုပါဠိ၊ အဋ္ဌကထာ)

အခန်း ၁၂

# ကုသိုလ်ကံ၏ ကောင်းကျိုးပေးပုံ အဖုံဖုံ

**နိန္ဒိယကျောင်းဒါယကာ**

ဘုရားရှင်လက်ထက်တော်က ဗာရာဏသီပြည်သား နန္ဒိယ သတို့သားသည် မိဘမျိုးရိုးအလိုက် သဒ္ဓါတရားကောင်း၍ အလှူအတန်း ဝါသနာ ပါ၏။ သံဃာတော်ကို လုပ်ကျွေးပြုစုလေ့ရှိ၏။ အရွယ်ရောက်ချိန် တွင် မိဘတို့က မျက်နှာချင်းဆိုင်အိမ်မှ ရေဝတီမည်သော အမျိုးသမီးနှင့် လက်ထပ် ပေးလို၏။ သို့သော် ထိုအမျိုးသမီးမှာ ရတနာသုံးပါးကို မကြည် ညို၊ လှူဒါန်းလေ့မရှိ။ သီလဆောက်တည်ခြင်းလည်း မရှိ၍ နန္ဒိယက ထို အမျိုးသမီးကို မလိုလားပေ။ နောက်ဆုံးတွင် မိခင်ကြီး၏ကြံဆောင်မှုဖြင့် မိဘစကားကို လိုက်နာကာ ထိုရေဝတီခေါ် အမျိုးသမီးကို လက်ထပ်လိုက် ၏။

ထိုရေဝတီအမျိုးသမီးနှင့် သားသမီးနှစ်ယောက်ရ၍ မိဘနှစ်ပါး ကွယ်လွန်သွားချိန်တွင် နန္ဒိယသူကြွယ်သည် ကြီးကျယ်သော ဒါနရှင်ဖြစ်၍

သံဃာတော်များအားလှူဒါန်း၍ ဆင်းရဲသူများ၊ ခရီးသည်များအား အိမ်တံခါးဝ၌ ချက်ပြုတ်ကျွေးမွေးခြင်းဟူသော အလှူဝတ်ကိုပြု၏။ တစ်နေ့တွင် ကျောင်းအလှူ၏အကျိုးကြီးမားပုံကို မြတ်စွာဘုရားထံတော်မှ နာကြားရ၍ သဒ္ဓါစိတ်ပေါက်ပြီး ကျောင်းဆောက်လှူချင်စိတ်ဖြစ်လာ၏။ ဣသိပတန မိဂဒါဝုန်တော၌ အခန်းလေးခန်းတို့ဖြင့် တန်ဆာဆင်ထားသော ဇရပ်ကျောင်းလေးတစ်ကျောင်းတို့ကို ဆောက်လုပ်စေပြီး ညောင်စောင်း အင်းပျဉ်စသည်တို့ကို အပြည့်အစုံခင်းကျင်းထား၏။

ထို့နောက် နန္ဒိယသူကြွယ်သည် ထိုဣသိပတနကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော သံဃာတော်အား ရေစက်သွန်းချပေးလှူ၏။ မြတ်စွာဘုရားလက်ထက်တော်တွင် အလှူရေစက်တည်သည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်ဝယ် အလုံးစုံသောအရပ်မျက်နှာတို့၌ ၁၂–ယူဇနာအပြန့်အကျယ်ရှိ ယူဇနာတစ်ရာမြင့်သော နတ်သမီးအပေါင်းပါရှိသည့် ရတနာဗိမာန်ကြီး ပေါ်ပေါက်လာ၏။ အံ့ဩဖွယ်ကောင်းလေစွ။ နတ်ပြည်တွင် ထိုဗိမာန်ကြီးကို တွေ့မြင်ခဲ့သော အရှင်မောဂ္ဂလာန်မထေရ်က "ရှင်တော်ဘုရား . . . အလှူရှင်တို့သည် လူ့ပြည်မှာအသက်ထင်ရှားရှိနေကြစဉ်မှာပင် အလှူ့အကျိုးဖြစ်သော နတ်ဗိမာန်များ ဖြစ်ပေါ်လာနိုင်ပါသလား" ဟု ဘုရားရှင်အားမေးလျှောက်ထား၏။ "မောဂ္ဂလာန်၊ နန္ဒိယသူကြွယ်၏ နတ်စည်းစိမ်ချမ်းသာကို နတ်ပြည်တွင် သင်ကိုယ်တိုင် တွေ့ခဲ့ပြီမဟုတ်လား၊ ငါဘုရားကို မေးဖို့လိုသေးသလား" "မှန်ပါ အရှင်ဘုရား၊ နန္ဒိယသူကြွယ်အား နတ်ဗိမာန်ဖြစ်ပေါ်ပါသည်ဘုရား"ဟု လျှောက်ထား၏။ (ကံတရား၏ အကျိုးပေးပုံကား ဆန်းကြယ်လှပါတကား။)

ရာဇဂြိုဟ်ပြည်သူကလေး

ရှေးအခါက ရာဇဂြိုဟ်မြို့မှ အမျိုးသမီးကလေးတစ်ယောက်သည်

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဓာတ်တော်များ ဌာပနာထားသည့် ဓာတုစေတီတော်ကိုပူဇော်ရန် ခဝဲပန်းလေးပွင့်ကို ယူဆောင်ကာ လမ်းလျှောက်လာခဲ့ပါသည်။ ယင်းသို့ သက်တော်ထင်ရှား မြတ်စွာဘုရား၏ဂုဏ်တော်ကို ရည်မှန်း၍ စေတီတော်ကို ပန်းဖြင့်ပူဇော်လိုသည့် ကုသိုလ်စိတ်ဖြင့်လာနေစဉ် စေတီတော်သို့မရောက်မီ သားငယ်ရှိသော နွားမကြီးတစ်ကောင်ဝှေ့လိုက်သောကြောင့် သေဆုံးသွားခဲ့သည်။ တစ်ခဏချင်းပင် ထိုအမျိုးသမီးကလေးသည် တာဝတိံသာနတ်ပြည်မှာ နတ်သမီးဖြစ်သွားသည်။ နတ်သမီး၏ဘုံဗိမာန်မှာ ရွှေရောင်တောက်၍ အိပ်ရာ နေရာ၊ စားခွက်သောက်ခွက်စသော အသုံးအဆောင်များအားလုံးတို့မှာလည်း ရွှေချည်းဖြစ်ကြသည်။ နတ်ရထား၊ ထီး၊ အလံတို့မှာ ရွှေရောင်ချည်းဖြစ်၍ အဝတ်တန်ဆာများမှာလည်း ရွှေသားအဆင်းကဲ့သို့ ဝါဝင်းနေသည်ဟု ဝိမာနဝတ္ထု အဋ္ဌကထာ၌ မိန့်ဆိုထား၏။ (မလူရသေးမီက ပုဗ္ဗစေတနာကံ၏စွမ်းအင်ပင်တည်း။)

## ဗိမ္ဗိသာရမင်းကြီး

ဗိမ္ဗိသာရမင်းကြီး၏အကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း အသိများကြသည်။ သို့သော် ဤ၌ အသိနည်းသောအကြောင်းအရာကို တင်ပြပါမည်။ မင်းကြီးသည် အနာထပိဏ်၊ ဝိသာခါတို့ကဲ့သို့ သောတာပန် အရိယာပုဂ္ဂိုလ်ကြီးဖြစ်၏။ ဝေဠုဝန်ကျောင်းတိုက်ကြီးကို လှူဒါန်းသည့် ဘုရားကျောင်းဒကာကြီးလည်းဖြစ်၏။ ကျောင်းတိုက်ကြီးကို ရေစက်သွန်းချလှူဒါန်းစဉ်ကလည်း မဟာပထဝီမြေကြီး တုန်လှုပ်ခဲ့၏။ ဤမျှကုသိုလ်ကံကြီးမားသူသည် အနာထပိဏ်၊ ဝိသာခါတို့ကဲ့သို့ အထက်နတ်ဘုံတို့၌ဖြစ်နိုင်၏။ သို့သော် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံသည့်အခါ အထက်နတ်ဘုံတို့၌မဖြစ်ဘဲ စာတုမဟာရာဇ်နတ်ပြည်တွင် ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံ အလုပ်အကျွေး "ဇနဝသဘ"ခေါ် နတ်ဘီလူးစစ်သူကြီး သွားဖြစ်ခဲ့၏။

ဤသို့ဖြစ်ရသည်မှာ အကြောင်းရှိ၏။ ထိုမင်းကြီးသည် ထိုစာတုမဟာရာဇ်ဘုံ၌ လူ့ပြည်မှ ၇ ကြိမ်ဖြစ်ဖူး၍ ထိုစာတုမဟာရာဇ်ဘဝကို နှစ်သက်သဘောကျခဲ့သည်။ ပျော်ပိုက်ခဲ့သည်။ ဤသို့ စာတုမဟာရာဇ်ဘဝကို လိုလားနှစ်သက် မက်မောတွယ်တာသည့် ဘဝနိကန္တိခေါ် တဏှာတရား ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ထိုမင်းကြီး နတ်ရွာစံသည့်အခါ အထက်နတ်ဘုံများ၌ဖြစ်နိုင်သည့် ကုသိုလ်သင်္ခါရများရှိသော်လည်း အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးသော စာတုမဟာရာဇ်နတ်ဘဝ၌ တပ်မက်သော ဘဝနိကန္တိ ခေါ် တဏှာက လမ်းညွှန်ပေး၊ ညွှတ်ပေးသည့်အတိုင်းသာ အောက်ဆုံး နတ်ဘုံ၌ဖြစ်ရကြောင်းကို နတ်စစ်သူကြီးကိုယ်တိုင် ဘုရားရှင်ကို လျှောက်ထားသည်ဟု သုတ်မဟာဝါ ပါဠိတော်၊ ဇနဝသဘသုတ်၌ ဟောထား၏။ (ကံအကျိုးပေးရာ၌ ဘဝကို လမ်းညွှန်ပေး၊ ညွှတ်ပေးသည့် ဘဝနိကန္တိကတဏှာသည်လည်း အရေးပါသောတရားဖြစ်၏။)

## လင်းနို့သား ငါးရာ

ကဿပ မြတ်စွာဘုရားလက်ထက်တော်အခါက လင်းနို့သား ငါးရာတို့သည် တစ်ခုသောတောင်ဝှမ်းထဲ၌ လင်းနို့တို့သဘာဝအတိုင်း တွဲရရွဲဆွဲ၍ နေထိုက်ကြသတဲ့။ ထိုတောင်ဝှန်းအနီးတွင် အဘိဓမ္မာဆောင် ရဟန်းနှစ်ပါးတို့သည် နေ့စဉ် အဘိဓမ္မာတရားတော်ကို အာဂုံရွတ်ဆိုလေ့ရှိကြ၏။ လင်းနို့ငယ် ငါးရာတို့သည် ကုသိုလ်တရား၊ အကုသိုလ်တရားဟူ၍ ခွဲခြားမသိကြသော်လည်း ထိုရဟန်းနှစ်ပါးတို့ရွတ်ဆိုသံကို ကြားရသည့်အခါတိုင်း "ဒီအသံဟာ တရားသံပဲ" ဟူသော နိမိတ်အာရုံကို ယူလေ့ရှိကြသည်။ (ပါရမီရှိ၍ ဤသို့နိမိတ်ယူနိုင်ခြင်းဖြစ်သည်။)

ထိုလင်းနို့ငယ်ငါးရာတို့ သေဆုံးကြသောအခါ "တရားသံပဲ" ဟူသော အာရုံကိုယူခဲ့သည့် ကုသိုလ်ကြောင့် နတ်ပြည်၌နတ်သားများဖြစ်ကြ

သည်။ လင်းနို့သားဘဝမှဖြစ်လာသော နတ်သားငါးရာတို့သည် ဂေါတမ ဘုရားရှင်ပွင့်တော်မူလာသောအခါ လူ့ပြည်၌ဖြစ်ကြ၍ ဘုရားရှင်၏ ရေမီး အစုံစုံ တန်ခိုးပြဋ္ဌိဟာ ပြတော်မူသည်ကို ကြည်ညိုကြပြီး အရှင်သာရိပုတ္တရာ မထေရ်ထံတွင် ရဟန်းပြုကြသည်။ စန္ဒကူးတောအ၌ အရှင်သာရိပုတ္တရာက အဘိဓမ္မာတရားတော်ကို ဘုရားရှင်ထံမှအကျဉ်းနာယူ၍ တစ်ဖန် လင်းနို့ငယ် ဘဝ၌ အဘိဓမ္မာအထုံပါခဲ့သည့် ထိုရဟန်းငါးရာတို့အား အဘိဓမ္မာတရား တော်များကို မကျဉ်းမကျယ် ဟောကြားတော်မူရာ ပထမဆုံး အဘိဓမ္မာ ဆောင် ရဟန်းတော်များဖြစ်လာကြသည်။ (ကံတူအကျိုးပေးကြခြင်း ဖြစ် သည်ဟု အဋ္ဌသာလိနီအဋ္ဌကထာနိဒါန်း၌ မိန့်ဆိုထား၏။)

ဝိမာနဝတ္ထုလာ ဖားနတ်သားဘဝ၌ "ဖား" တိရစ္ဆာန်သည် လင်းနို့ သားတို့ကဲ့သို့ပင် ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားမသိ၊ မြတ်စွာဘုရားတရား ဟောကြားသံကို ကြားရ၍ "ဒီအသံဟာ တရားသံပဲ"ဟု နိမိတ်အာရုံ ယူနေရုံ မျှဖြင့်ပင် နွားကျောင်းသား၏တုတ်ထောက်မိပြီး သေဆုံးသွားရာ တာဝတိံ သာနတ်ပြည်၌ နတ်သားသွားဖြစ်သည်ကိုလည်း မှတ်ထားရန်ဖြစ်သည်။

ဂေါပိကာသာကီဝင်မင်းသမီး

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကပိလဝတ်ပြည်၌ ဘုရား၊ တရား၊ သံဃာ၌ ကြည်ညို၍ ငါးပါးသီလကို စောင့်ထိန်းလေ့ရှိသော ဂေါပိကာခေါ်သော သာကီဝင်မင်းသမီးတစ်ဦးရှိခဲ့၏။ ထိုမင်းသမီးသည် မိန်းမဘဝကို စက်ဆုပ်သည့်အတွက် ယောကျာ်းဖြစ်ကြောင်းတို့ကို ဖြည့်ကျင့် ခဲ့သောကြောင့် ကွယ်လွန်သည့်အခါ၌ တာဝတိံသာနတ်ပြည်၌ သိကြားမင်း ၏သားတော်ဖြစ်၍ "ဂေါပက" နတ်သားဟု အမည်တွင်၏။ (အမျိုးသမီးက နတ်သားဖြစ်ခြင်းသည် ရှားပါး၏။)

ကံအကျိုးပေးဆန်းကျယ်ပုံမှာ ထိုဂေါပိကာမင်းသမီးအိမ်၌ ဆွမ်းခံ

ကိုယ်တော်သုံးပါးတို့မှာ သီလနှင့်လည်းပြည့်စုံ (သီလဝန္တ)၊ ဈာန်ရ (ဈာန လာဘီ) ပုဂ္ဂိုလ်များလည်းဖြစ်ကြပါလျက် စာတုမဟာရာဇ်နတ်ဘုံ၌ ယုတ် နိမ့်သော ဂန္ဓဗ္ဗ (ကချေသည်)နတ်မျိုး၌ဖြစ်ကြခြင်းပင် ဖြစ်၏။ အကြောင်းမှာ ထိုသမဏနတ်သားသုံးဦး ရှေးက ထိုဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ခဲ့ရပေါင်းများခဲ့၍ ထိုဘဝ၌တွယ်တာတပ်မက်သော ဘဝနိကန္တိတဏှာ၏ အစွမ်းကြောင့်ပင် ဖြစ်၏။

ထိုရဟန်းတို့အား ဂေါပကနတ်သားပြောကြားသောစကားတို့မှာ တရားရစရာ၊ သံဝေဂပွားစရာကောင်းလှ၏။ ဂေါပကနတ်သားက သူတို့ ကို လာဖျော်ဖြေကြသော ဂန္ဓဗ္ဗနတ်များတွင်ပါဝင်လာသည့် မိမိအိမ်တွင် ဆွမ်းခံနေသည့် သမဏနတ်သားသုံးပါးကို "အကျွန်ုပ်မှာ သင်တို့၏အဆုံး အမ ဩဝါဒ၌ တည်ခဲ့သည့်အတွက် နတ်တို့သနင်း သိကြားမင်း၏ ရင်ခွင်၌ မိန်းမဘဝမှ သားရင်းတစ်ယောက်ဖြစ်လာရ၏။ သင်တို့သုံးဦးမှာမူ သီလ လည်းရှိ၊ ဈာန်လည်းရသူဖြစ်ပါလျက် မြတ်စွာဘုရား တရားဟောတဲ့အခါ ဟိုဟိုဒီဒီ တောင်ကြည့်မြောက်ကြည့် ကြည့်နေကြသလား၊ သို့မဟုတ် အိပ် ငိုက်နေကြသလား" ဟု ခပ်ကြမ်းကြမ်းပြောဆိုသည့်စကားသည် ထိုသမဏ နတ်သားတို့အား သံဝေဂရစေ၏။

ဂေါပကနတ်သား၏စကားကို ကြားရသည့်အခါ ထိုက,ချေ သည် သမဏနတ်သားသုံးယောက်အနက် နတ်သားနှစ်ယောက်က ပထမ ဈာန်ကို သတိရရှိကြ၍ ထိုဈာန်ကို အခြေပါဒကပြုလျက် ရုပ်နာမ်ဓမ္မ သင်္ခါရ တို့ကို လက္ခဏာတင် ဆင်ခြင်သုံးသပ်ကြသဖြင့် အနာဂါမ်အရိယာများဖြစ် သွားကြရသည်။ ထိုခဏ၌ပင် နတ်သက်ကြွေစုတေ၍ ပထမဈာန်သုံးဘုံ တွင် ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်ကြ၏။ အခြားနတ်သားတစ်ဦးကမူ ထို က,ချေသည် နတ်ဘဝ၌ တွယ်တာသောတဏှာကို မပယ်ဖြတ်နိုင်သော ကြောင့် ထိုစာတုမဟာရာဇ်ဘုံ က,ချေသည်နတ်ဘဝ၌ပင် ကျန်ရစ်ခဲ့လေ

သည်ဟု သုတ်မဟာဝါပါဠိ၊ အဋ္ဌ ကထာ၊ သက္ကပဥှသုတ်အဖွင့်၌တွေ့ရ၏။

ဤဝတ္ထု၌ မိန်းမဘဝမှ က၏စွမ်းအားကြောင့် ရှားရှားပါးပါး နတ်သားဖြစ်ရခြင်း၊ ရဟန်းတော်သုံးပါးတို့မှာ ဈာန်အထိရကြပါလျက် ဗြဟ္မာပြည်၌မဖြစ်နိုင်ကြဘဲ ဘဝနိကန္တိ၏စွမ်းအားကြောင့် ကချေသည်နတ်မျိုး၌ ဖြစ်ရခြင်း၊ လူ့ပြည်၌ စွမ်းအားရှိသော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်ခဲ့သူဖြစ်က က,ချေသည်နတ်နှစ်ဦးပမာ အနာဂါမ် စသည်ဖြစ်နိုင်၍ ဈာန်ရလျှင် ဗြဟ္မာဘုံ၌ ဖြစ်နိုင်စွမ်းရှိသည်။ ပါရမီနည်းသူတို့အတွက်ကား ကျန်ရစ်သော က,ချေသည် နတ်အလား တရားမပွားနိုင်ဘဲ ဖြစ်ရာဘုံ၌ပင် ပျော်မွေ့တတ်ကြသည်ကို သတိထားသင့်ကြ၏။

### ဝိသာခါ၏ သူငယ်ချင်းမ

ဝိသာခါ ကျောင်းအမကြီးအကြောင်းကား ဗုဒ္ဓဘာသာဝင်များသိရှိပြီး ဖြစ်ကြ၏။ သို့သော် အကြောင်းစပ်လာဖြင့် အနည်းငယ်ပြောဆိုပါမည်။ ဝိသာခါသည် ပေးကမ်းလှူဒါန်းမှု၌ အလွန်ဝါသနာပါ၍ တေဒဂ်ပင်ရခဲ့၏။ ကျောင်းအမကြီး လှူဒါန်းသော ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ ဘုံခုနစ်ဆင့်ရှိ၏။ ပြာသာဒ်ကျောင်းတော်ကြီး ဖြစ်သည်။ အောက်ထပ်၌ တိုက်ခန်း ၅၀၀၊ အထက်ထပ်၌ တိုက်ခန်း ၅၀၀ ပေါင်း တိုက်ခန်းပေါင်း ၁၀၀၀ ရှိ၏။ ထိုကျောင်းတော်ကြီးကို ဝိုင်းရံပြီး ကမ္မဋ္ဌာန်းကျောင်း ၅၀၀၊ ပြာသာဒ်ငယ် ၅၀၀၊ တန်ဆောင်းရှည် ၅၀၀တို့ကို ဆောက်လုပ်ထား၏။ သာဝတ္ထိမြို့ အရှေ့မျက်နှာတံခါးပေါက်၏ အပြင်ဘက်အနီးတွင်တည်ရှိသောကြောင့် ပုဗ္ဗာရုံကျောင်းတော်ဟုခေါ်၏။

ကျောင်းဆောက်ရာ၌ ကိုးကုဋေ၊ ကျောင်းမြေဝယ်ရာ ကိုးကုဋေ၊ ကျောင်းရေစက်ချပွဲကြီး လေးလကြာကျင်းပရာ၌ ကိုးကုဋေပေါင်း ၂၇ ကုဋေသော ဥစ္စာတို့ကို ဘုရားသာသနာ၌လှူဒါန်း၏။ ရေစက်ချပွဲကြီးကျင်းပရာ၌

ဝိသာခါကျောင်းအမကြီး၏ သူငယ်ချင်းမတစ်ဦးလည်းပါဝင်၏။ ထိုသူငယ်ချင်းမသည် ဤမျှလောက်အကုန်အကျခံ၍ ကြီးကျယ်ခမ်းနားသော ကျောင်းကြီးကိုကြည့်ပြီး အားရဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ ထိုရေစက်ချပွဲကြီးတွင် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ(သာဓု) ခေါ်ခဲ့သည်။

ထို့ကြောင့် ထိုအမျိုးသမီးကွယ်လွန်သောအခါ ထိုသာဓုခေါ်ခဲ့သော ပတ္တာနုမောဒနာ ကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်၌ လှမျိုးစုံကျက်သရေ၊ တူရိယာသံတွေ အထွေထွေတို့ဖြင့် ပတ်ဝန်းကျင် ၁၆ ယူဇနာရှိသောဗိမာန်၌ နတ်သမီးသွားဖြစ်သည်။ ပုံစံတူ၊ အတိုင်းအရှည်တူကုန်သော ပြာသာဒ်ဆောင်ပေါက်သော သူ၏ဗိမာန်တို့သည် ထက်ဝန်းကျင် ယူဇနာတစ်ရာတိုင်တိုင် အလွန်တောက်ပ ထွန်းလင်းနေကြကုန်၏။ (ဤကားသာဓုခေါ်သော ကုသိုလ်ကံ၏အကျိုးဖြစ်၏။)

တိလောကဝိဇယစကြာမင်း၏ စိတ်ကူးအလှူ

ကျွန်ုပ်တို့ကိုးကွယ်သော ဂေါတမဘုရားရှင်သည် တစ်ခုသောဘုရားလောင်းဘဝတွင် "တိလောကဝိဇယ" မည်သော စကြာမင်းဖြစ်ခဲ့ဖူး၏။ ထိုမင်းသည် သံဃာတော်များနှင့်တကွသော ရှေးရှေးသော ဘုရားရှင်တို့ကိုလည်းကောင်း၊ ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း စိတ်ထဲ၌ထင်မြင်လာအောင် စိတ်ကူး၏။ စိတ်ကူးသည့်အတိုင်း ထင်လာသော ဘုရားရှင်စသည်တို့ကို လက်အုပ်ချီကာ ဦးညွတ်လျက် နှစ်သက်ကြည်ညို ရှိသေစွာရှိခိုး၏။

ထို့နောက် ရတနာမျိုးစုံဖြင့် ချယ်လှယ်ထားသော "ဝေဇယန္တာ" မည်သော ရတနာဗိမာန်ပြာသာဒ်တော်ကြီးကို အထပ်ပေါင်းများစွာဆင့်လျက် စိတ်ကူးဖြင့်ဖန်ဆင်းလိုက်၏။ ထိုဗိမာန်ကြီးဝယ် တင့်တယ်ခမ်းနားသော အခင်းအမျိုးမျိုးကိုလည်း စိတ်ကူးဖြင့် ခင်းထား၏။ ရွှေပြည့်အိုး၊ ပန်းပြည့်အိုး၊ ရေတကောင်းများကိုလည်း သူ့နေရာနှင့်သူ ဘည်ထား၏။ ထို့နောက်

ကျယ်ပြန့်သော တံခါးပေါက်ကြီးများမှ နောက်ပါသံဃာတော်များခြံရံလျက် ဘုရားရှင်များစွာ၊ ပစ္စေကဗုဒ္ဓါများစွာတို့ မိမိပင့်ဖိတ်ချက်အရ ကြွလာတော်မူလာကြ၍ ရွှေပလ္လင်တော်များဝယ် အသီးသီးထိုင်နေတော်မူကြပုံကို စိတ်ကူးသည်။

ထို့နောက် ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသံဃာတော်တို့အား သုံးထည်သောသင်္ကန်း(တိစီဝရိတ်)ကို လှူဒါန်း၍ မွန်မြတ်သောခဲဖွယ်ဘောဇဉ် ချိုချဉ်ဩဇာ အဖြာဖြာတို့ဖြင့် သပိတ်အသီးသီးသို့ အပြည့်ထည့်၍ ဆက်ကပ်နေပုံကို စိတ်ကူးပြန်၏။ ဘုရားရှင် စသည်တို့ ဆွမ်းဘုဉ်းပေးကြပြီး ဗိမာန်တော်ကြီး၌ ရတနာတိုက်ခန်းအသီးသီးသို့ဝင်ကာ ကိန်းအောင်းတော်မူကြပြီးနောက် အချို့ ဈာန်ဝင်စားနေပုံ၊ အချို့က ပြဿနာမေးပုံ ဖြေပုံများကို စိတ်ကူး၏။ ထိုအချိန်တွင် ရတနာဗိမာန်၏အရပ်လေးမျက်နှာတို့၌ ကြာမျိုးငါးပါးပြည့်နေသော ရေကန်ကြီးများတည်နေပုံ၊ ပတ်ဝန်းကျင်ရှိ ပန်းဥယျာဉ်၏ပန်းပင်များမှ ပန်းဝတ်မှုန်တို့ အထက်သို့လွင့်တက်ကာ ဗိမာန်တော်ကြီးကို လွှမ်းဖုံးနေပုံ၊ ရွှေခုံပေါ်၌ရောင်စုံမီးတိုင်များကို စကြဝဠာအနှံ့စိုက်၍ ညှိထွန်းထားပုံ၊ သစ်ပင်တိုင်း တောင်ထိပ်တိုင်းတို့၌ အလံတလူလူ လွင့်ထူထားပုံတို့ကိုစိတ်ကူး၏။ ထိုမျှလောက် ကြည်နူးဖွယ်ကောင်းသော ဗိမာန်တော်ကြီးအနီးအပါး၌ ဆိုတတ်၊ ကတတ်ကြသူတို့ကလည်း မနေနိုင်မထိုင်နိုင်ကကြ ဆိုကြ တီးမှုတ်ကြပုံ၊ လူနတ်သိကြား၊ နဂါး ဂဠုန်၊ ကုမ္ဘာဏ် ယက္ခ၊ ဂန္ဓဗ္ဗမကျန် သူတော်ကောင်းမှန်သမျှ အသီးသီးလက်အုပ်ချီကာ ထိုဗိမာန်တော်ကြီးသို့ ချဉ်းကပ်လာကြပုံ၊ ထိုပရိသတ်များအား စကြာမင်းကြီးက မိမိကုသိုလ်၏အဖို့ကို အမျှဝေစကားပြောကြားနေပုံတို့ကိုပါ စိတ်ကူးလေသည်။

ထိုကဲ့သို့ ဒ..ပူဒါနကြီးကို စိတ်ကူးဖြင့်ပေးလှူသော စကြာမင်းကြီးသည် နတ်ရွာစံသောအခါ ထိုမနောကံကောင်းမှုကြောင့် တာဝတိံသာ၌ဖြစ်ရ

၏။ ထိုကောင်းမှုကံစေတနာကြောင့် နတ်ပြည်မှ လူ့ပြည်သို့ လည်းကောင်း၊ လူ့ပြည်မှ နတ်ပြည်သို့လည်းကောင်း ပြောင်း၍ ဖြစ်လေရာ၌ ပညာအရည်အချင်း၊ ဂုဏ်အဆင်းအားဖြင့် နတ်ချင်းလည်းသာလွန်၊ လူချင်းလည်းသာလွန်သူသာ ဖြစ်ခဲ့ရလေသည်ဟု အပဒါန်ပါဠိတော်၊ ဗုဒ္ဓအပါဒါန်ပါဠိ၊ အဋ္ဌကထာတို့၌ဟောကြားဖွင့်ဆိုထားပေသည်။

## ရောဟိနီသာကီဝင်မင်းသမီး

တစ်ခုသောအချိန်၌ အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းငါးရာတို့နှင့်အတူ ကပိလဝတ်ပြည်သို့ ကြွတော်မူလာ၏။ မထေရ်မြတ်၏ဆွေမျိုးတို့သည် နှမဖြစ်သူရောဟိနီမှတစ်ပါး အားလုံးမထေရ်မြတ်ထံသို့ ရောက်လာကြ၏။ မထေရ်မြတ်က "ရောဟိနီ ဘယ်ရောက်နေသလဲ"ဟုမေးရာ အိမ်မှာရှိပါတယ်ဘုရားဟု လျှောက်ထားကြ၏။ ဘာဖြစ်လို့ ဒီကို မလာတာလဲဟု မေးသည့်အခါ နှုနာရောဂါဖြစ်နေ၍ ရှက်သည့်အတွက်ကြောင့် မလာတာပါဘုရားဟု လျှောက်ထားကြ၏။ ထိုအခါ နှမရောဟိနီကို အခေါ်ခိုင်းပြီး ရောက်လာသည့်အခါ "ရောဟိနီ ဘာဖြစ်လို့မလာတာလဲ"ဟုမေး၏။ တပည့်တော်မ ခန္ဓာကိုယ်မှာ နှုနာစွဲနေလို့ ရှက်တဲ့အတွက်ကြောင့် မလာတာပါဘုရားဟု လျှောက်၏။ ထိုသို့ဖြစ်လျှင် နားနေစရာ ဇရပ်ကျောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပါလားဟု အမိန့်ရှိ၏။

ထိုအခါ ရောဟိနီမင်းသမီးသည် မိမိ၌ရှိသော အသပြာတစ်ထောင်ဖြင့် ဇရပ်ကျောင်းကို ဆွေတော်မျိုးတော်တို့၏ အကူအညီကိုရယူကာ အားချင်းဆောက်လုပ်၏။ အနုရုဒ္ဓါမထေရ်မြတ်လည်း ကျောင်းဆောက်ရာနေရာ၌ပင် သီတင်းသုံးနေတော်မူသည်။ မထေရ်မြတ်က "နှစ်ထပ်ကျောင်းကို ဆောက်လုပ်နေစဉ် အထက်ထပ်ကို ပျဉ်ချပ်များခင်းချိန်မှစပြီး ကျောင်းအောက်ထပ်ကို အမြဲတစေတံမြက်လှည်း၍ နေရာထိုင်ခင်းတို့ကို ခင်းထား

ပါ၊ သောက်ရေအိုးတို့ကိုလည်း အမြဲတစေတည်ထားပါ"ဟု နှစ်မဖြစ်သူအား မိန့်ကြား၏။ ရောဟိနီမင်းသမီးသည်လည်း မောင်တော် မထေရ်ညွှန်ကြားသည့်အတိုင်း ပြုလုပ်၏။ ထိုအောက်ထပ်၌ ရဟန်းတော်များ အမြဲသိတင်းသုံးကြ၏။ ရောဟိနီမင်းသမီးမှာ ကျောင်းအောက်ထပ်ကို တံမြက်လှည်းချိန်မှစ၍ နူနာရောဂါ သိသိသာသာကြီး ညှိုးနွမ်းသွား၏။

ရောဟိနီမင်းသမီးသည် နှစ်ထပ်ကျောင်းပြီးချိန်တွင် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ကျောင်းအပြည့်ပင့်ဖိတ်၍ ဘုရားအမှူးရှိသော သံဃာတော်အား မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ "ဒါ ဘယ်သူ့ဒါနလဲ"ဟု မေးတော်မူရာ တပည့်တော်မ ရောဟိနီ၏ဒါနပါဘုရားဟု လျှောက်ထား၏။ သူအခုဘယ်မှာလဲဟု မေးသည့်အခါ သူဒီနေရာကို မလာလို၍ အိမ်မှာပဲနေပါသည်ဘုရားဟု လျှောက်ထားရာ မလာချင်ပေမယ့် ရောဟိနီကို ဒီကိုခေါ်လာခဲ့ဟု မိန့်ကြားတော်မူ၏။ ရောဟိနီရောက်လာပြီး ရှိခိုးပြီးသည့်အခါ "ရောဟိနီ . . . ဘာဖြစ်လို့မလာတာလဲ"ဟုမေးရာ တပည့်တော်မမှာနူနာရောဂါစွဲနေလို့ ရှက်သည့်အတွက် မလာတာပါဘုရားဟုလျှောက်၏။ သင့်မှာ ဒီရောဂါ ဘာကြောင့်ဖြစ်တယ်ဆိုတာ သိသလား၊ မသိပါဘုရား။ ရှေ့ဘဝက သင်ရဲ့အမျက်ဒေါသကြောင့် ဒီရောဂါဖြစ်တာဟုမိန့်တော်မူကာ သူမ၏အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောကြားတော်မူ၏။ တရားတော်အဆုံး၌ လူပေါင်းများစွာနှင့်တကွ ရောဟိနီမင်းသမီး သောတာပန်တည်ပြီး နူနာရောဂါပျောက်ကင်းကာ ရွှေဝါရောင်အဆင်းကဲ့သို့ ဝါဝင်းလှပခဲ့သည်။ (ကျောင်းဆောက်လှူခြင်း၊ သောက်ရေအိုးတည်ခြင်း၊ တံမြက်လှည်းခြင်းတို့ကိုပြု၍ နူနာရောဂါပျောက်သည်မှာ ပထမဇော၏ဥပတ္ထမ္ဘကသတ္တိမှတ်ဟု ဒီပဲယင်းဆရာတော်မိန့်၏။) (ဓမ္မပဒ၊ ဌ၊ ၂၊ ၁၉၂)

အကျိုးအပြစ် အကြီးမားဆုံးသောကံ

ရှေ့၌ဖော်ပြခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံ ၃ ပါးတို့တွင် မနောကံသည်သာ ကုသိုလ်အရာ၌ အကျိုးအကြီးမားဆုံး၊ အကုသိုလ်အရာ၌ အပြစ်အကြီးမားဆုံးသောကံဖြစ်သည်။ မှန်၏။ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က နိဂဏ္ဌနာဋပုတ္တဂိုဏ်းကြီး၏ အားထားမှီခိုရာဖြစ်၍ ထင်ရှားကျော်ကြား အခြံအရံများသော ဥပါလိခေါ် သူကြွယ်သည် နာလန္ဒာမြို့၌နေ၏။ နိဂဏ္ဌနာဋပုတ္တဂိုဏ်းက ဖော်ပြပါ ကံသုံးပါးကို "ကံ" ဟုမခေါ်၊ "ဒဏ်"ဟုခေါ်၍ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူ၍ သုံးနှုန်း၏။ ထိုသုံးမျိုးတွင်လည်း ကာယဒဏ်သာ အပြစ်အကြီးဆုံးဟုယူဆ၏။ နာဋပုတ္တဂိုဏ်းဆရာကြီးမှာ "ဒီဃတပဿီ"ခေါ်သော လက်ထောက်ဆရာကြီး တစ်ယောက် ရှိသေး၏။

တစ်နေ့တွင် ဒီဃတပဿီ နိဂဏ္ဌသည် ဆွမ်းခံရာမှအပြန်တွင် သရက်ဥယျာဉ်၌သီတင်းသုံးနေသည့် ဘုရားရှင်ထံသို့ဝင်ရောက်ပြီး ထိုဒဏ်သုံးပါး အကြောင်းကို ဝင်ရောက်ဆွေးနွေးခဲ့ရာ ဘုရားရှင်၏ မနောကံ(ဒဏ်)သာ အပြစ်အကြီးဆုံးဖြစ်သည်ဟူသောဝါဒကို သိခဲ့ရ၏။ ဒီဃတပဿီသည် ဘုရားရှင်၏ဝါဒကို ဥပါလိသူကြွယ်အမှူးရှိသော ပရိသတ်အလယ်၌ ထိုင်နေသည့် နိဂဏ္ဌဂိုဏ်းဆရာကြီးကို တင်ပြပြောဆိုခဲ့သည်။ ထိုအခါ ဥပါလိသူကြွယ်သည် ဒီဃတပဿီ၏စကားကို အားရစွာ သာဓုခေါ်ဆိုပြီး သူကိုယ်တိုင် ဂေါတမဗုဒ္ဓထံသွားပြီး ဝါဒပြိုင်ရန်ပြင်ဆင်လေတော့၏။ ထို့နောက် ဂိုဏ်းဆရာကြီးထံခွင့်ပန်၏။ ဆရာကြီးက အနူးအညွတ်ခွင့်လွှတ်၏။ ဒီဃတပဿီက ဥပါလိသွားသည်ကို သဘောမတူ၊ ဥပါလိသည် ရဟန်းဂေါတမ၏ အလှည့်အပတ်ခံရပြီး ရဟန်းဂေါတမ၏ တပည့်ဖြစ်သွားမှာ သေချာသည်ဟုဆို၏။

ဆရာကြီးက "ဥပါလိသူကြွယ်မှာ ရှင်ဂေါတမတပည့်ဖြစ်ဖို့

အကြောင်းမရှိပါ၊ ဖြစ်ချင်းဖြစ်လျှင် ရှင်ဂေါတမသာ ဥပါလိတပည့်ဖြစ်စရာရှိပါတယ်၊ သွားသာသွားပါ"ဟု ပြောဆိုသည်။ ထိုအခါ ဥပါလိသည် ဆရာကြီး၏စကားကို နားထောင်၍ ဆရာကြီးကိုဦးချပြီးလျှင် ရှင်တော်ဗုဒ္ဓ သီတင်းသုံးတော်မူရာ သရက်ဥယျာဉ်သို့သွားလေ၏။ ဥပါလိသည် ဘုရားရှင်ထံမှောက်ရောက်လျှင် ဒီဃတပဿီနှင့် ဘုရားရှင်တို့၏ ဆွေးနွေးချက်များကို မေးမြန်းလျှောက်ထားသဖြင့် ဝါဒနှစ်ခုမတူကြောင်း အတိအကျသိရ၏။ ထိုဥပါလိက ဝါဒပြိုင်ရန် ဤသို့ စကားစ,တင်ဆိုလိုက်သည်။

ဥပါလိ။ ။ ဒီဃတပဿီသည် ဆရာကောင်းတပည့်ပီပီ ဖြေဆိုနိုင်ပါပေတယ်၊ ကာယဒဏ်ကိုထောက်လျှင် မနောဒဏ်ဟာ ပြောပလောက်စရာမရှိပါ၊ ကာယဒဏ်သာ ပိုအပြစ်ကြီးတော့မပေါ့။

ဗုဒ္ဓ ။ ။ သူကြွယ်. . .ဤကိစ္စနှင့်စပ်ပြီး ဆွေးနွေးမယ်ဆိုလျှင် မှန်ရာကို ဝန်ခံပြောဆို ဆွေးနွေးကြဖို့ပဲ။ (ငါ့အယူအဆသာ အမှန်ဖြစ်စေရမည်ဟု စကားနိုင်လုလိုလျှင် ပြောဆိုဆွေးနွေးဖို့မလို–ဟုဆိုလိုသည်။)

ဥပါလိ။ ။ အမှန်အတိုင်း အတည်ဖြစ်ဖို့ ဆွေးနွေးလိုပါတယ်။

ဗုဒ္ဓ ။ ။ သူကြွယ် . . . နိဂဏ္ဌတစ်ယောက်မှာ သည်းခြေရောဂါရောက်နေပြီ ဆိုကြပါစို့၊ ရေအေးကို မသောက်မချိုးရလျှင် သူ့မှာရောဂါတိုးတော့မည်။ စိတ်ကလည်း ရေအေးကို အလွန်တောင့်တ၏။ သူသည် သူ့တို့ဘာသာအရ၌ သောက်ခွင့်မရှိ၊ ရေအေးကိုမသောက်ရသောကြောင့် သေဆုံးခဲ့သော် မည်သည့်ဘဝရောက်သည်ဟု နိဂဏ္ဌဆရာတို့ အယူရှိကြသလဲ။

ဥပါလိ။ ။ သူသည် ရေအေးအပေါ်၌ စိတ်စွဲလမ်း၍သေရသော

ကြောင့် "မနောသတ္တ"အမည်ရသော နတ်ဖြစ်သည်ဟု ပညတ်ကြပါသည်။

ဗုဒ္ဓ ။ ။ ဥပါလိ . . . သတိထားပြီးဖြေပါ၊ သင့်အဖြေဟာရှေ့နှင့် နောက်နှင့် မညီညွတ်ဘူး။

ဥပါလိ။ ။ မနောသည်သာ ကာယ၊ ဝစီတို့ထက်သာ၍ သတ္တိထက် ကြောင်း သဘောပေါက်သော်လည်း အရှင်ဘုရားက ဤ သို့ပြောသော်လည်း ကာယဒဏ်သာ ပို၍သတ္တိထက်ပါ တယ်။

ဗုဒ္ဓ ။ ။ နိဂဏ္ဌနာဋပုတ္တဆရာသည် "သွားရင်းလာရင်း နင်းမိသော ကြောင့် ပိုးကောင်ကလေးတွေသေလျှင် နင်းသူမှာဘယ်လို အပြစ်ရှိသည်"ဟု ပညတ်သလဲ။

ဥပါလိ။ ။ သေစေလိုသောစေတနာ မပါသောကြောင့် အပြစ်ကြီး သည်ဟု မပညတ်ပါ။

ဗုဒ္ဓ ။ ။ သေစေလိုသောစေတနာပါလျှင် ဘယ်လိုပညတ်သလဲ။

ဥပါလိ။ ။ စေတနာပါလျှင် အပြစ်ကြီးသည်ဟု ပညတ်ပါတယ်။

ဗုဒ္ဓ ။ ။ စေတနာကို (ကာယ၊ ဝစီ၊ မနောကံသုံးမျိုးတွင်) ဘယ်ထဲ သွင်းသလဲ။

ဥပါလိ။ ။ မနောဒဏ်ထဲသွင်းပါတယ်။

ဗုဒ္ဓ ။ ။ ဥပါလိ . . . သတိထားပြီးဖြေပါ၊ သင့်စကားသည် ရှေ့ နောက်မညီဘူး။

ဥပါလိ။ ။ သူကြွယ်သည်လည်း "ငါတို့ဆရာကြီးသည် စေတနာ မပါသောကံကို အပြစ်မရှိ၊ စေတနာပါသောကံကို အပြစ် ကြီး၏"ဟု ပညတ်ပြီးလျှင် စေတနာကို မနောဒဏ်၌ထည့် သွင်းထား၏။ "ဆရာကြီးရဲ့စကားသည် ရှေ့နောက်မညီပါ

တကား"ဟု သဘောပေါက်လာ၏။ သို့ရာတွင် ဗုဒ္ဓ၏ ဆန်းကြယ်သောစကားကို နာခံလိုသေး၍ ကာယဒဏ်သာ အပြစ်ကြီးကြောင်း လျှောက်ပြန်၏။

ဗုဒ္ဓ ။ ။ တန်ခိုးကြီးဒ္ဓိပါဒ်ရှိသူတို့၏ စိတ်အစွမ်းများကို ဥပမာဆောင် ပြပြီး လက်တွေ့ပြရန် ဥပါလိ . . . ဒဏ္ဍကီတိုင်း၊ ကလိင်္ဂ တိုင်း၊ မဇ္ဈတိုင်း၊ မာတင်္ဂတိုင်းတို့ တောအတိ ဖြစ်သွားရ သည့်အကြောင်းကို သင်ကြားဖူးပါသလော။

ဥပါလိ။ ။ ကြားဖူးပါသည် အရှင်ဘုရား . . . တန်ခိုးရှင်ရသေ့တို့ စိတ်ဆိုးအမျက်ထွက်မှုကြောင့် တောအတိဖြစ်သွားခဲ့ရဖူးပါ သည်။

ဗုဒ္ဓ ။ ။ ဥပါလိ . . . စဉ်းစဉ်းစားစားပြောပါ၊ သင့်စကားသည် ရှေ့နောက်မညီပါ။

ဥပါလိ။ ။ မြတ်စွာဘုရား . . . မြတ်စွာဘုရား၊ ပထမဥပမာကို ဟော ကြားစဉ်ကပင် မနောကံကအပြစ်ကြီးကြောင်း တပည့် တော် နားလည်သဘောပေါက်ပါပြီ၊ ဘုရားရှင်၏ ဆန်း ကြယ်သော ပြဿနာတို့ကို ကြားနာလို၍သာ ဆက်လက် ငြင်းဆိုခြင်းပြုမိပါသည်။ မြတ်စွာဘုရား၏အယူဝါဒကို နှစ်သက်သဘောကျလှပါ၍ တပည့်တော်သည် ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့မှစ၍အသက် ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသိကာဟု မှတ် တော်မူပါဟု လျှောက်ထားလေသည်။

ဤသို့ နိဂဏ္ဌ၏တပည့်ကြီးသည် ကာယကံ၊ ဝစီကံတို့ထက် မနောကံက အပြစ်ကြီးကြောင်း သက်ဝင်ယုံကြည်၍ မြတ်စွာဘုရား၏ တပည့်ဒါယကာအဖြစ် ခံယူသွားကြောင်းတွေ့ရ၏။ (မ၊ ပါ၊ ၂၊ ၃၅။)

ကုသိုလ်ကံနှင့် အကုသိုလ်ကံ

ဆက်၍ဆိုဦးအံ့–အကျိုး၊ အပြစ်ကြီးမားသောကံမျိုးကို ရှေ့၌ ဂရုကကံဟု ဖော်ပြခဲ့၏။ မိမိက အင်အားအကြီးမားဆုံးဖြစ်၍ အခြားကံများကို လွှမ်းမိုးပြီး ထိုကံတို့၏ရှေးဦးစွာ အကျိုး၊ အပြစ်ပေးသောကံမျိုးတည်း။ ထို ကံများမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံဟု နှစ်မျိုးရှိ၏။ ထိုတွင် ကုသိုလ်အရာ ၌ တန်ခိုးအာနုဘော်ကြီးမားသော မဟဂ္ဂုတ်ခေါ် ရူပကုသိုလ်ဈာန်၊ အရူပ ကုသိုလ်ဈာန်တို့သည် အကျိုးပေးအင်အား ကြီးမားသောကုသိုလ် ဂရုကကံ များဖြစ်ကြ၏။ ထိုအကျိုးပေးကြီးကျယ်သော ကုသိုလ်ဈာန်များသည် ကာယကံ၊ ဝစီကံများ မဟုတ်ကြ။ မနောကံတို့သာဖြစ်ကြ၏။

အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ ငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိကံ များသည် အပြစ်ကြီးမားသော အကုသိုလ် ဂရုကကံကြီးများဖြစ်၏။ ပဉ္စာ နန္တရိယကံ ငါးပါးလုံးသည် ကာယကံချည်းဖြစ်ကြ၏။ ထိုငါးပါးတွင် သံဃ ဘေဒကကံသည်အပြစ်အကြီးဆုံးဖြစ်၏။ အဝီစိငရဲကြီးတွင် ငရဲသက်ကုန် သည်အထိခံရသော "ကပ္ပဋ္ဌိတိယ"ကံတည်း။ နိယတမိစ္ဆာဒိဋ္ဌိကံကား ဒိဋ္ဌိပြ ဋ္ဌာန်းသောကြောင့် မနောကံတည်း။ နိယတမိစ္ဆာဒိဋ္ဌိမနောကံသည် ကာယ ကံဖြစ်သော သံဃဘေဒကံထက် အပြစ်ကြီးလေး၏။ နိယတမိစ္ဆာဒိဋ္ဌိကံရှိ သူသည် အဝီစိငရဲကြီး၌ သက်တမ်းမကုန်မီ ကမ္ဘာပျက်ခဲ့လျှင် မပျက်သော ကမ္ဘာသို့ရွှေ့ပြောင်း၍ဖြစ်စေ၊ ကောင်းကင်မှာဖြစ်စေ သက်တမ်းကုန်ဆုံးရ ၏။ သံဃဘေဒကကံမှာ ထိုကဲ့သို့ကမ္ဘာပျက်လျှင် အာယုကပ်မပြည့်သေး သော်လည်း ဆက်လက်မခံရချေ။ ဤသို့ မနောကံသည် အင်အားကောင်း ၍ ကုသိုလ်အရာ၌အကျိုးကြီး၍ အကုသိုလ်ကံအရာ၌ အပြစ်ကြီးလေးသည်။

အတန်ငယ်ရှင်းပြဦးအံ့–ကာယကံကို ပြုလုပ်ရာ၌ဖြစ်စေ၊ ဝစီကံကို ပြုလုပ်ရာ၌ဖြစ်စေ "စေတနာ"ဟူသော မနောကံသည် ပဓာနကျ၏။ ပြဋ္ဌာန်း ၏။ ကာယကံ၊ ဝစီကံနှစ်ပါးကိုသာ စောင့်ထိန်းရသော သီလအကျင့်ကြောင့်

တိုက်ရိုက်အားဖြင့် လူ့ဘုံ နတ်ဘုံတို့၌သာဖြစ်နိုင်၏။ သမာဓိအားကောင်းအောင် လေ့ကျင့်အားထုတ်ရသည့် မနောကံ သမထဘာဝနာအကျင့်ကြောင့်ကား မြေလျှိုးမိုးပျံနိုင်စွမ်းသော ဈာန်အဘိညာဉ်တန်ခိုးတို့ကိုရရှိ၍ ဗြဟ္မာပြည်အထိဖြစ်နိုင်၏။ ဝိပဿနာ ဘာဝနာပွားများသော မနောကံ ပညာအကျင့်ကြောင့်မူကား မဂ်ပေါက် ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်၍ သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်နိုင်၏။ ဤသို့ မနောကံသည် အင်အားကြီးမားသောကံဖြစ်သည်။

စိတ်ဟူသော မနောကံသည် ကုသိုလ်ရေးမှာဖြစ်စေ၊ အကုသိုလ်ရေးမှာဖြစ်စေ မည်သည့်အရာ၌မဆို အချက်အချာ ပဓာနဖြစ်ကြောင်း၊ စိတ်သည်သာ ရှေ့ဆောင်ဦးစီးကြောင်း ရှင်တော်ဘုရားဟောကြားခဲ့၏။ ထို့ကြောင့် ရှေ့ပညာရှိကြီးများက "စိတ်သာရှင်စော ဘုရားဟော"ဟု စကားပုံဆိုထုံးပြုခဲ့ကြသည်။

မြတ်စွာဘုရားရှင်က–စိတ်သည် သတ္တလောကဟူသော သတ္တဝါအပေါင်းကို ထိုထိုဘုံသို့လည်းကောင်း၊ ထိုထိုဘုံမှ လွတ်ရာနိဗ္ဗာန်သို့လည်းကောင်း ပို့ဆောင်တတ်၏။ စိတ်သည် သတ္တဝါအပေါင်းကို ထိုထိုဘုံများနှင့်နိဗ္ဗာန်သို့ဆွဲငင်၏။ အလုံးစုံသော သတ္တဝါမှန်သမျှ၊ အနန္တတို့သည် စိတ်ဆိုသည့် တစ်ခုတည်းသော သဘောဝဓမ္မ၏အလိုသို့ အစဉ်တစိုက် လိုက်၍နေကြ၏။ (သံ၊ ၁၊ ပါ။ ၃၆။)

ရဟန်းတို့ . . . အကုသိုလ်ဖြစ်ကုန်သော၊ အကုသိုလ်အဖို့ရှိကုန်သော၊ အကုသိုလ်ဘက်တော်သားဖြစ်ကုန်သော တရားအားလုံးတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ဖြစ်ကုန်၏။ စိတ်သည် ဦးစီးနာယက၊ ပဓာနခေါင်းဆောင်ဖြစ်သောကြောင့် ထိုတရားတို့၏ ရှေ့ဦးပထမဖြစ်သကဲ့သို့ဖြစ်၏။ (အံ၊ ၁၊ ပါ။ ၁၀။)

ထို့ပြင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝိနည်းတရားတော်ကို အဆုံးအဖြတ်ပေးတော်မူရာ၌ "ရဟန်း . . . သင်သည် အဘယ်သို့စိတ်ရှိ

သနည်း"ဟု စိတ်ကိုပစာနထား၍ မေးတော်မူ၏။ "မြတ်စွာဘုရား . . . တပည့်တော်မှာ ခိုးယူလိုသည့်စိတ် မရှိပါဘုရား"ဟု လျှောက်ထားသည့်အခါ ခိုးယူလိုသည့်စိတ်မရှိလျှင် အာပတ်မသင့်ဟု မိန့်တော်မူပါသည်။

မနောကံဟူသော စိတ်ဓာတ်စွမ်းအင်အား အလွန်အားကြီး၏။ အလွန်ထက်မြက်၏။ ဘုရားကျောင်းတော်သို့ တစ်ခေါက်မှမရောက်ဖူးသည့် မိစ္ဆာဒိဋ္ဌိပုဏ္ဏားရှိ၏သား မဋ္ဌကုဏ္ဍလီကိုပင် သေခါနီးတွင် ရတ်ခြည်းဖြစ်ပေါ်စေခဲ့သော ဘုရားရှင်အား ကြည်ညိုစိတ်မနောကံက နတ်ပြည်သို့ ပို့ဆောင်ပေးခဲ့သည်။ ထို့ ပြင် လူသတ္တဝါကို မဆိုထားဘိ၊ လင်းနို့သတ္တဝါ၊ ဖားသတ္တဝါတို့ကိုပင် နတ်သားများဖြစ်အောင် တရားသံဟူသော ကုသိုလ်စိတ် မနောကံက ပြုလုပ်ပေးခဲ့သည်။ ထို့ကြောင့် ကုသိုလ်တရားတို့၌ စိတ္တုပ္ပာဒ်ကလေးဖြစ်ကာမျှသည် (ဝါ) ကုသိုလ်စိတ်ဟူသော မနောကံကလေးဖြစ်ကာမျှသည် ကျေးဇူးအလွန်များလှပေ၏ဟု သလ္လေခသုတ်၌ ရှင်တော်ဘုရား ဟောကြားတော်မူထားခြင်းဖြစ်ပေသည်။

ဤသို့လျှင် ကံသုံးပါးတို့တွင် မနောကံသည် အကျိုးအပြစ်အကြီးမားဆုံးကံ ဖြစ်ပေသည်။

အခန်း ၁၃

## ကံပြဿနာ၊ အဖြေ အဖြာဖြာ

မေး ။ ။ လောက၌ "နတ်မ,တယ်၊ နတ်မ,တယ်" ဟုဆိုနေကြရာ နတ်က တကယ်မ,ရဲ့လား၊ ကံတရားကို ဘယ်လိုသဘောထားမလဲ။

ဖြေ ။ ။ နတ် မ,တာတွေကို ကျမ်းဂန်များမှာ အများကြီးတွေ့ရပါတယ်။ မ,တာက နှစ်မျိုးရှိပါတယ်။ နတ်နှင့် စောင်မ,တာနှင့် ကိုယ်ထိလက်ရောက် မ,တာတို့ဖြစ်ပါတယ်။ တေမိဇာတ်တော်မှာ တေမိမင်းသားဟာ မယ်တော်ဟောင်းဖြစ်ခဲ့ဖူးတဲ့ ထီးချက်စောင့်နတ်သမီးရဲ့ လမ်းညွှန်ပြသဆိုဆုံးမမှုကြောင့် ၁၆ နှစ်သားအရွယ်အထိ စကားမပြောဘဲ တောထွက်ပြီးရသေ့ပြုသွားနိုင်တယ်။ အရှင်အာနန္ဒာတို့၊ မဟာသိဝမထေရ်ကြီးတို့ဟာ တောစောင့်နတ်သမီး သတိပေးချက်ကြောင့် သတိသံဝေဂရပြီး တရားအားထုတ်လို့ ရဟန္တာဖြစ်သွားကြတယ်။

ကိုယ်တိလက်ရောက် မ,ပုံကတော့ ပင်လယ်ထဲမျောနေတဲ့ ဘုရား

လောင်း မဟာဇနကမင်းသားကို မဏိမေခလာ နတ်သမီးကိုယ်တိုင် ပွေ့ယူ ကယ်တင်၍ မိထိလာပြည်ဥယျာဉ်တော်ရှိ ကျောက်ဖျာပေါ်သို့ အရောက်ပို့ခဲ့ တယ်။ အနာထပိဏ်သူဌေးကြီး ဆင်းရဲသွားချိန်မှာ အိမ်ရဲ့စတုတ္ထတံခါးမုခ်ကို စောင့်တဲ့နတ်ဟာ သူဌေးကြီးကို မသင့်တဲ့အကြံပေးမိလို့ အိမ်ဝင်းအတွင်းမှ နှင်ထုတ်ခံရတဲ့အတွက် သူဌေးကြီးပေးထားသော အကြွေး ၁၈ ကုဋေကို ပြန်ရအောင်ယူပြီး ဘဏ္ဍာတိုက်ထဲထည့်ပေးထားရတယ်။ ကမ်းပါးပြိုကာ ရေထဲပါသွားတဲ့ အမွေပစ္စည်း ၁၈ ကုဋေကိုလည်း ယူဆောင်ပြီး ဘဏ္ဍာ တိုက်ထဲထည့်သွင်းပေးထားရတယ်။ ပိုင်ရှင်မဲ့-၁၈ ကုဋေသော ဥစ္စာတွေကို လည်း ယူဆောင်ပြီး ဘဏ္ဍာတိုက်ထဲထည့်ပေးရတယ်။ အဲဒီလို ၅၄ ကုဋေ သော ဥစ္စာတွေကို သူဌေးကြီးအား မ,စ, စောင့်ရှောက်ခဲ့ပါတယ်။

ဒါပေမယ့် သတ္တဝါတွေကို ဆင်းရဲခြင်း၊ ချမ်းသာခြင်းကံသာလျှင် အကြောင်းရင်းမူလရှိတယ်လို့ ဟောထားချက်ရှိပါတယ်။ အကျိုးမပေးတဲ့ ကံအရာမှာ မည်သည့်အခါမျှ နတ်များကဝင်ပြီးမစီရင်နိုင်၊ မစွက်ဖက်နိုင်ပါ ဘူး။ "သိကြားနတ်ရှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာတည့်၊ မြင်ပါလျက်ကဲ့၊ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊ မရှုသာတည့်"ဆိုတဲ့ မဃဒေဝ လင်္ကာလာတဲ့အတိုင်း ကံအကျိုးပေးချိန်မရောက်သေးလို့ ဆင်းရဲနေတဲ့သူ ကို ချမ်းသာအောင် နတ်တို့မည်သို့မျှမမ,စနိုင်။ ကံအကျိုးပေးချိန် တန်တဲ့ အခါမှာသာ နတ်များ ဝင်ရောက်ကူညီ မ,စနိုင်ကြပါတယ်။

ဥပမာ–မြန်မာ့သမိုင်းမှာ ကြောင်ဖြူမင်းဟာ မင်းမဖြစ်မီ ကွမ်းဆော် ဘဝက ကွမ်းဆော်သွားတိုင်း စောင်ချမ်းပင်ကြီးအောက်မှာ စားမြိန်စာထုပ်ကို ဖြေပြီး မိမိမစားခင် စားဦးကို စောင်ချမ်းပင်မှာ အမြဲတင်ပြီးမှစားတယ်။ တစ်နေ့တော့ စောင်ချမ်းပင်စောင့်နတ်က ကိုယ်ထင်ပြကာ ကျေးဇူးစကား ပြောကြားပြီး "သင်ဘုန်းကြီးလိုရင် သရဏဂုံပဉ္စသီလကို မြဲစွာဆောက် တည်၊ သစ္စာစကားကို မှန်အောင်သုံး၊ အနုဿတိဆယ်ပါးကို တစ်နေ့

နှစ်ထောင်ရအောင်စီးဖြန်းပါ" ပြောတယ်။ နတ်က ကွမ်းဆော်ရဲ့ကုသိုလ်ကံ အကျိုးပေးတော့မယ်ဆိုတာသိလို့ မြန်မြန်အကျိုးပေးအောင် ဥပတ္ထမ္ဘက ကုသိုလ်တွေ လုပ်ခိုင်းတာဖြစ်တယ်။ ကွမ်းဆော်လည်း နတ်ပြောတဲ့အတိုင်း လိုက်နာပြုလုပ်ခဲ့ပြီး မကြာမီမှာဘဲ ပုဂံပြည်၌ မင်းလောင်းပေါ်နေတယ်ဟူသော ကောလဟာလကြောင့် မင်းလောင်းကို သွားကြည့်စဉ် သိကြားမင်းက လူအိုယောင်ဖန်ဆင်းလျက် မြင်းပျံ၊ အရိန္ဒမာလှံ၊ ပတ္တမြားဦးသျှောင်ကျင်နှင့် လက်စွပ်တို့ကို ပေးအပ်ပြီး ပုဂံကိုသွားခိုင်းရာ ပုဂံပြည်တွင် သူ့ကိုပင် မင်းလောင်းဟုသမုတ်ကြ၍ ပုဂံပြည်တွင် ကွမ်းဆော်ကြောင်ဖြူမင်းအဖြစ် ထီးနန်းစံရသည်ဟု မှန်နန်းရာဇဝင်ကြီး၌လာသည်။ (နတ်တို့သည် ကုသိုလ်ရှင်ဖြစ်သူသည် ကုသိုလ်အကျိုးပေးတော့မည်ဟု ဆင်ခြင်၍ ကြိုတင်သိနိုင်ကြသည်။)

မေး ။ ။ ဝေဒပညာရှင်ကြီးများက အာယုဒါယကျမ်းအရ အသက်တိုမည်ဟောထားသူကို ကမ္မဝါဒအရ အသက်ရှည်အောင် ပြုလုပ်နိုင်ပါသလား။

ဖြေ ။ ။ လူတိုင်း သတ္တဝါတိုင်းမှာ ရှေးရှေးဘဝတွေက ပြုလုပ်ခဲ့သော အပရာပရိယာယဝေဒနီယကံများ၊ လွန်ခဲ့သည့်ဘဝကပြုလုပ်ခဲ့သော ဥပပဇ္ဇဝေဒနီယကံများ ရှိကြသည်ချည်း ဖြစ်၏။ ထိုကံများတွင် အသက်ရှည်စေတတ်သော ကံများ ပါသကဲ့သို့ အသက်တိုစေတတ်သောကံများလည်း ပါရှိ၏။ ထိုတွင် အသက်တိုစေတတ်သော အကုသိုလ်ကံက အကျိုးပေးခွင့်ရ၍ အသက်တိုမည်ဟု အဟောထွက်ခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓ၏ကမ္မဝါဒအရ အသက်ရှည်စေတတ်သော ကုသိုလ်ကံများ အကျိုးပေးခွင့်ရအောင် အသက်ရှည်စေတတ်သော ကောင်းမှုကုသိုလ်

ကံများကို အတိတ်ဇနကကံများအား အထောက်အကူပြု(ဥပတ္ထမ္ဘက)ကံ အဖြစ် ကြိမ်ဖန်များစွာ ထပ်တလဲလဲပြုပေးပါလျှင် အသက်ကို တိုစေတတ်သည့် အကုသိုလ်ကံ အကျိုးပေးခွင့်မရဘဲ အသက်ရှည်စေတတ်သော ကုသိုလ်ကံအကျိုးပေးခွင့်ရ၍ အသက်ရှည်သည့်အပြင် ချမ်းသာကြီးပွားတန်ခိုးပင် ထွားနိုင်ပါသည်။

ထို့ကြောင့် မဃဒေဝလင်္ကာသစ်၌ "သက်ပိုင်းတိုရာ၊ ဇာတာပါလည်း၊ သမ္မာပယောဂ၊ ကုသလဖြင့်၊ ဒီဃအာယု၊ ပြိုင်တုဘက်ရှား၊ သက်ရှည်ပွား၍၊ ထင်ရှားချမ်းသာ၊ ကြီးကျယ်စွာလျက်၊ တေဇောဘုန်းရောင်၊ တိုးတက်ပြောင်၏"ဟု မန်လည်ဆရာတော်ဘုရားကြီး လမ်းညွှန်ထားခြင်းတည်း။

ထင်ရှားစေအံ့–သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ ဝသဘမင်း မင်းဖြစ်သောအခါ ပညာရှိပုဏ္ဏားတို့အား ဆိတ်ကွယ်ရာသို့ခေါ်၍ "အကျွန်ုပ်အဘယ်မျှလောက် မင်းပြုရအံ့နည်း" ဟုမေး၏။ တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည်ဟုပြောသော် ထိုပုဏ္ဏားဆရာကို နှုတ်ပိတ်၍ မည်သူ့အားမျှမပြောရန်မိန့်ကြားပြီး အသပြာတစ်ထောင်ပေးလိုက်၏။ ထို့နောက် မင်းကြီးသည် သံဃာတော်များကို စည်းဝေးစေ၍ ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့– အသက်ရှည်လျား၊ တိုးပွားခြင်းအကြောင်း၊ ကောင်းမှုမရှိပါသလော"ဟု မေးလျှောက်၏။ ထိုအခါ သံဃာတော်များက "ပရိဿာဝန ဒါနဉ္စ" စသောဂါထာ ၃ ဂါထာကို ဟောကြား၏။

အဓိပ္ပာယ်မှာ "ဝသဘမင်းမြတ်. . .ငါးပါးသီလကို နေ့ညမပြတ် အမြဲဆောက်တည်ထား၍ အကြားအကြား ဥပုသ်နေ့၌ ဥပုသ်သီလကို ဆောက်တည်ရာ၏။ ရေစစ်အလှူ၊ ကျောင်းကန်နေရာအလှူ၊ ဂိလာနလူနာတို့အဖို့ ယာဂု၊ ဆေးလှူတို့ကို ပေးလှူရာ၏။ ဆွေးမြည့်ယိုယွင်းဟောင်းမြင်းသော ကျောင်းကန်နေရာကိုလည်း ပြုပြင်ရာ၏။ ဤသို့ပြုလျှင် အသက်ရှည်

စွာ နေရရာသတည်းဖြစ်၏။

မင်းကြီးသည် သံဃာတော်များဟောကြားသည့်အတိုင်း အသက်ရှည်စေသော ကောင်းမှုကုသိုလ်တို့ကို အစဉ်မပြတ်ပြုလုပ်ခဲ့ရာ ၄၄ နှစ်ပတ်လုံး ဘေးမသီ၊ ရန်မခဘဲ မင်းပြုတော်မူရသည်ဟု မဟာဝင်ကျမ်း၌မိန့်ဆိုထား၏။ ထို့ကြောင့် ကမ္မဝါဒအရ အသက်ရှည်အောင်ပြုလုပ်နိုင်ပါသည်။

မေး။ ။ တချို့က အကုသိုလ်အလုပ်ကိုမှ စီးပွားတက်၍ ကောင်းသောအလုပ်ကို ပြောင်းလဲလုပ်သောအခါ စီးပွားဆုတ်ယုတ်သောကြောင့် "အကုသိုလ်အလုပ်နှင့်အကျိုးပေးသည်"ဟု ပြောကြ၏။ မှန်ပါသလား။

ဖြေ ။ ။ မမှန်ပါ၊ အကုသိုလ်မှန်လျှင် ကောင်းသောအကျိုးကို မပေးပါ။ အကုသိုလ်အလုပ်ဖြင့် အကျိုးပေးသူမှာ ထိုသူ၏ အကုသိုလ်အလုပ် ရှေးကကုသိုလ်ကံ အခွင့်သာအောင်ပြုပေးခြင်းမျှသာဖြစ်ပါသည်။ ရှေးကုသိုလ်ကံ အခွင့်သာအောင်ပြုပေးသော အကုသိုလ်အလုပ်ကိုပင် "ပယောဂသမ္ပတ္တိ"ဟု ဆိုရပါမည်။ သို့သော် ထိုအကုသိုလ်အလုပ်သည် ကံအသစ်ဖြစ်ပြန်ရကား ထိုအလုပ်က နောက်နောင်ဘဝ၌ မကောင်းကျိုးပေးပါလိမ့်မည်။

တချို့မှာမူ ယခုဘဝ၌ပင် ရှေးအကုသိုလ်ကံ အခွင့်သာအောင် ရေလာမြောင်းပေးပြုသကဲ့သို့ဖြစ်ရကား ယခုဘဝ အကုသိုလ်သည် ရှေးအကုသိုလ်ကံအား အကူအညီ(ဥပတ္ထမ္ဘက)ပြုပါလိမ့်မည်။ ဥပမာ–လူတစ်ယောက်သည် ခိုးဝှက်တိုက်ခိုက်၍ ရွှေငွေရ၏။ ထိုရွှေငွေရခြင်းသည် ရှေးကုသိုလ်ကြောင့်ဖြစ်၏။ ထိုသို့ ရှေးကုသိုလ်ကံ အခွင့်သာအောင်ပြုပေးသော ခိုးမှုတိုက်မှုကား အကုသိုလ်ကံအသစ်ဖြစ်သောကြောင့် ယခုဘဝမှာပင် ဥစ္စာရှင်က လက်ဦး၍အသတ်ခံရခြင်း၊ ထောင်ဒဏ်ခံရခြင်း အကျိုးများ

ကိုပေးဖို့ရန် ရေးအကုသိုလ်က အခွင့်သာအောင်လည်း ပြုပေးပြန်သကဲ့သို့ တည်း။ (ဗုဒ္ဓဘာသာသင်ခန်းစာ၊ နှာ–၂၈၈။အမရပူရ မဟာဂန္ဓာရုံဆရာတော်)။

ထိုပိဋကရေဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကမူ သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန နှစ်မျိုးကိုဖော်ပြရာ၌ "သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ်သော ဒါနမျိုးသည် အပြစ်နှင့်တကွ ဖြစ်သောကြောင့်သာ ဝဇ္ဇဒါနမည်၏။

ယခု လောကမှာ အချို့သောသူတို့သည် တံငါအလုပ်ဖြင့် ဥစ္စာကြွယ်ဝချမ်းသာပြီးနောက် "ငါသည် မကောင်းမှုကိုမပြုဘဲ တံငါအလုပ်ကို စွန့်ပြီးလျှင် စင်ကြယ်သောအလုပ်ဖြင့်သာ လုပ်ကိုင်အသက်မွေးတော့အံ့ဟု နေထိုင်လျှင် စည်းစိမ်ဥစ္စာ ဆုတ်ယုတ်သွား၏။ တစ်ဖန် တံငါအလုပ်ကို ပြန်၍လုပ်ကိုင်သောအခါ ချမ်းသာလာပြန်၏။ ဤသို့ဖြစ်ရခြင်းမှာ ရှေးဘဝကပြုခဲ့သော သာဝဇ္ဇဒါန အကျိုးပေးသည့်အတွက်ဖြစ်သည်။ ကံပြုစဉ်ကပင် ပါဏာတိပါတကံနှင့်တွဲဖက်၍ပြုခဲ့သောကြောင့် အကျိုးပေးရာမှာလည်း ပါဏာတိပါတကံနှင့်တွဲဖက်ရ၍ အကျိုးပေးသန်သည်။ မတွဲဖက်ရလျှင် ထိုကံအကျိုးမပေးနိုင်၍ ဆင်းရဲသွားပြန်သည်ကို သိရှိအပ်၏"ဟု မိန့်ဆိုထား၏။ [မဟာဗုဒ္ဓဝင်၊ ပထမတွဲ (ပထမပိုင်း) အနုဒီပနီ၊ ပါရမီတော်ခန်း (ဇော)]။

မေး ။ ။ ဉာဏ်ပညာထက်မြက်သည့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်အောင် မည်ကဲ့သို့ပြုလုပ်ရမည်နည်း။

ဖြေ ။ ။ ကုသိုလ်ကောင်းမှုပြုလုပ်သည့်အခါ ကမ္မဿကတာဉာဏ်နှင့်ယှဉ်၍ပြုလုပ်ရမည်။ ဥပမာ–ဒါနပြုတဲ့အခါ "ဤကောင်းမှုကုသိုလ်ကံသည် အကျွန်ုပ်နောက်သို့ အရိပ်ပမာလိုက်ပါ၍ တချိန်ချိန်တွင်အကျိုးပေးမည်ဟု ယုံကြည်သိမြင်သော ကမ္မဿကတာဉာဏ်နှင့် ယှဉ်ပါကုန်သည်

ဖြစ်၍ ဤပစ္စည်းကို စေတနာသုံးတန်ပြဋ္ဌာန်း၍ လှူဒါန်းပါ၏"ဟု နှလုံးသွင်းရွတ်ဆို၍ လှူဒါန်းခြင်းမျိုးကဲ့သို့ ဖြစ်သည်။ အခြားကုသိုလ်ပြုရာ၌လည်း ထိုနည်းအတိုင်း နှလုံးသွင်းရမည်။ ဤသို့ကောင်းမှုပြုခြင်းသည် ကုသိုလ်ပြုရာ၌ အလောဘ၊ အဒေါသ၊ အမောဟ(ကမ္မဿကတာဉာဏ်) ဟိတ်သုံးပါးပါ၍ နောင်ဘဝမှာ တိဟိတ် ပဋိသန္ဓေ ပုဂ္ဂိုလ် ဖြစ်နိုင်သည်ဟု ကျမ်းဂန်၌ဆို၏။

မေး။ ။ ဒါန, သီလ ကုသိုလ်ကံများကြောင့် နိဗ္ဗာန်ရောက်နိုင်ပါသလား။

ဖြေ ။ ။ ဒါန, သီလ ကုသိုလ်ကံများကြောင့် နိဗ္ဗာန်သို့ တိုက်ရိုက်မရောက်နိုင်ပါ။ လူ့ဘုံ, နတ်ဘုံဆိုတဲ့ ကာမသုဂတိ ခုနစ်ဘုံတို့သို့သာ တိုက်ရိုက်ရောက်နိုင်ပါတယ်။ ဒါပေမယ့် ဒီကုသိုလ်နှစ်မျိုးဟာ ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးဖြစ်လျှင် တစ်ဆင့်ခံအကြောင်း၊ အခြေခံအကြောင်းအနေနဲ့ နိဗ္ဗာန်ရောက်အောင် အထောက်အကူပြုနိုင်၊ ကျေးဇူးပြုနိုင်ကြပါတယ်။

အမှန်စင်စစ် မဂ်, ဖိုလ် နိဗ္ဗာန်ရအောင်၊ ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့တရားကတော့ ဝိပဿနာ ကုသိုလ်တရားဖြစ်ပါတယ်။ ဒါပေမယ့် ဒီဝိပဿနာတရားကို လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတွေမှာသာ အားထုတ်ခွင့်ရှိပါတယ်။ အပါယ်လေးဘုံမှာ ဝိပဿနာတရားကို အားထုတ်ခွင့်မရှိပါဘူး။ ဒါန, သီလ ကုသိုလ်တွေဟာ တိုက်ရိုက် မဂ်, ဖိုလ် နိဗ္ဗာန်ရောက်အောင် မတတ်စွမ်းနိုင်ပေမယ့် သတ္တဝါတွေ ဝိပဿနာတရား အားထုတ်ခွင့်ရအောင် လူ့ဘုံ, နတ်ဘုံတွေကို ရောက်အောင်ပို့ဆောင်ပေးနိုင်တယ်။ တရားအားထုတ်ခွင့်ရအောင် စည်းစိမ်ဥစ္စာ၊ ရတနာတွေနဲ့ပြည့်စုံအောင်လည်း လုပ်ပေးတယ်။ တရားအားထုတ်တဲ့အခါ မဂ်ပေါက် ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်နိုင်တဲ့ တိ

ဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မျိုးဖြစ်အောင်လည်း လုပ်ပေးတယ်။

အဓိပ္ပာယ်ကတော့ ဒါန, သီလကုသိုလ်တွေက ဝိပဿနာတရား အားထုတ်ခွင့်ရအောင် ဥစ္စာပစ္စည်းနဲ့ပြည့်စုံတဲ့ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်နဲ့ ကာမသုဂတိ ခုနစ်ဘုံအနက် တစ်ဘုံဘုံကိုပို့ပေးတယ်။ အဲဒီဘုံမှာ ဝိပဿနာ တရားအားထုတ်လို့ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ပါရမီအားလျော်စွာ ရနိုင်တယ်လို့ ဆိုပါတယ်။ အဲဒီ ဒါန, သီလ ကုသိုလ်တွေက နိဗ္ဗာန်ရောက်အောင် တစ်ဆင့်ခံအကြောင်း၊ အခြေခံအကြောင်းအနေနဲ့ ကျေးဇူးပြုတာကို ပဋ္ဌာန်း တရားတော်အရ "ပကတူပနိဿယပစ္စည်း"နဲ့ ကျေးဇူးပြုတယ်လို့ ကျမ်းဂန် မှာဆိုပါတယ်။

မေး ။ ။ ယခုခေတ်မှာ ပဋိသန္ဓေတားခြင်းကို အများအပြား ပြုလုပ် နေကြပါတယ်။ ပဋိသန္ဓေတားဆီးခြင်းမှာ အပြစ်ရှိ, မရှိ၊ ရှိလျှင် မည်သည့်အပြစ်ဖြစ်နိုင်ပါလဲ။

ဖြေ ။ ။ ယခုခေတ်မှာ သားသမီးမရအောင် ပြုလုပ်ကြတဲ့နေရာမှာ (၁) ပဋိသန္ဓေပျက်ဆေးကို အသုံးပြုခြင်း၊ (၂) ပဋိသန္ဓေ မတည်အောင် ပဋိသန္ဓေတားဆေးကို အသုံးပြုခြင်းနှင့် (၃) ခေတ်ပေါ်ဆေးပညာဖြင့် ခွဲစိတ်ကုသထားခြင်းရယ်လို့ နည်းသုံးနည်းရှိတယ်။ ပဋိသန္ဓေပျက်ဆေးကို အသုံးပြု ခြင်းဆိုတဲ့ ပထမဆုံးနည်းကတော့ သတ္တဝါဖြစ်နေပြီဖြစ်တဲ့ အတွက် "သတ္တဝါဖြစ်ခြင်း၊ သတ္တဝါဟု အမှတ်သညာရှိ ခြင်း၊ ပျက်စေလိုခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း၊ ပဋိသန္ဓေ ပျက်စီးခြင်း" ဆိုတဲ့အင်္ဂါညီတဲ့အတွက် ပါဏာတိပါတကံ ထိုက်တဲ့ အပြစ်ရှိပါတယ်။

ဒုတိယနည်းအရ ပဋိသန္ဓေတားဆေးတွေဟာ အဖ၏သုက်ဓာတ် ကို ဖျက်ဆီးလို့ဖြစ်စေ၊ အမိ၏သားဥကို ဖျက်ဆီးလို့ဖြစ်စေ၊ ပဋိသန္ဓေ

မတည်အောင် လုပ်တဲ့ဆေးတွေဖြစ်လို့ ပါဏာတိပါတကံ ထိုက်သည်ဟု မဆိုရပါ။ ပဋိသန္ဓေအရာမှာ "စပါမယ်တိဗ္ဗာ"ကို လှုပ်ရှားသွားလာခြင်း၊ ပိုးကောင်နှင့်သဏ္ဍာန်တူခြင်းတို့ကြောင့် ဆေးပညာအရ သုက်ပိုးလို့ခေါ်ထား ပေမယ့် စိတ်ဝိညာဉ်ရှိတယ်လို့ မဆိုနိုင်တဲ့အတွက် ဗုဒ္ဓတရားတော်အရ "စပါ မယ်တိဗ္ဗာ"ကို သတ္တဝါလို့ အသိအမှတ်မပြုပါ။ သုက်ပိုးနဲ့သားဥတွေ စော စောကပင် ပျက်စီးနေပြီဖြစ်တဲ့အတွက် ပဋိသန္ဓေဝိညာဉ်လည်း မတည်တော့ ပါ။ ဒါကြောင့် အင်္ဂါမညီညွတ်တဲ့အတွက် ပဋိသန္ဓေတားဆေး သုံးသူတွေ မှာ ပါဏာတိပါတကံလည်း မထိုက်၊ အပြစ်လည်းမရှိပါ။

တတိယနည်းကလည်း–မူလကပင် သတ္တဝါမဖြစ်သေးတဲ့ အတွက် ပါဏာတိပါတကံဆိုတဲ့အပြစ်မရှိပါ။ ဒီ ဒုတိယနည်းနှင့်တတိယ နည်းတွေကတော့ သားသမီးမရလိုတဲ့အတွက် ပေါင်းဖော်ခြင်းမပြုဘဲ ရှောင် ကြဉ်နေကြသူတွေမှာပါ ပါဏာတိပါတကံထိုက်တယ်လို့ မဆိုနိုင်သလို မှတ်ရမယ်လို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဆရာဝန်ကြီး များနှင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်တော်မူထားပါတယ်။

မေး။ ။ "ဗြဟ္မာဖြစ်လို့၊ ပြောင်ပြောင်ဝင်း၊ ဝက်စာကျင်းမှာ တရှုံ့ရှုံ့" ဟူသောအဆိုသည် မှန်ကန်ပါသလား၊ ရှင်းပြပေးပါ။

ဖြေ။ ။ ရူပဘုံမှ ဗြဟ္မာကြီးစုတေလျှင် ရူပါဝစရ ဥပစာရဇော စေတနာ အားကောင်းသောကြောင့် တိုက်ရိုက်အားဖြင့် ဝက်စသော၊ ဒုဂ္ဂတိအဟိတ် တိရစ္ဆာန်ဘုံသားများမဖြစ်နိုင် ဟု ပဋိစ္စသမုပ္ပါဒ် ဝိဘင်း မူလဋီကာ၌ မိန့်ဆိုထား၏။ အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကျမ်း၌လည်း ရူပါဝစရမှ စု တေလျှင် အဟိတ်သတ္တဝါမဖြစ်နိုင်ဟု ဆိုထား၏။

တိုက်ရိုက်မဖြစ်နိုင်သော်လည်း လူ့ဘုံစသော သုဂတိဘုံမှ တစ် ဆင့်ဖြစ်နိုင်၏။ တစ်ချိန်က ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်

သည့်အခါ ဝက်မပျိုတစ်ကောင်ကိုတွေ့၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာက ပြုံးတော်မူခြင်းအကြောင်း လျှောက်သည့်အခါ "အာနန္ဒာ . . . ဟောဟိုက ဝက်မလေးကိုမြင်တယ်မဟုတ်လား အဲဒီဝက်မလေးဟာ ကကုသန်ဘုရား သာသနာတော်၌ ဆွမ်းစားဇရပ်တစ်ခုအနီးမှာ ကြက်မငယ်ဖြစ်ခဲ့ဖူးတယ်။ ထိုကြက်မသည် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသရဇ္ဈာယ်သော ယောဂီ ရဟန်းတစ်ပါး၏တရားသံကို ကြား၍ ကြက်မဘဝမှ စုတေသောအခါ မင်းမျိုး၌ ဥဗ္ဗရီမည်သော မင်းသမီးဖြစ်တယ်။ ထိုမင်းသမီးသည် အိမ်သာဝင် ရင်း ပိုးလောက်အစုကိုမြင်၍ ထိုပိုးလောက်အစု၌ ပုဠုဝကသညာကိုဖြစ်စေ သောကြောင့် ပထမဈာန်ကိုရတယ်။ မင်းသမီးဘဝမှ စုတေသောအခါ ဗြဟ္မာ ပြည်၌ဖြစ်တယ်။ ဗြဟ္မာပြည်မှ စုတေသောအခါ သူဌေးသမီးဖြစ်တယ်။ သူဌေးသမီးဘဝမှ စုတေသောအခါ ယခုဝက်မကလေး လာဖြစ်တာကိုမြင် ၍ ငါပြုံးတော်မူခြင်းဖြစ်တယ်"ဟု မိန့်ကြားတော်မူသတဲ့။ ဤမိန့်ကြားချက် ကို အစွဲပြု၍ "ဤဗြဟ္မာဖြစ်လို့ ပြောင်ပြောင်ဝင်း"စတဲ့ စကားပုံကို ဆိုထုံးပြု ထားကြခြင်းဖြစ်သည်။ အဘိဓမ္မာသဘော ကမ္မနိယာမအားဖြင့် တိုက်ရိုက် မဖြစ်နိုင်။ ဗြဟ္မာမှစုတေလျှင် လူ, နတ်တို့ကိုသာ တိုက်ရိုက်ဖြစ်နိုင်တယ်။ ထို့ကြောင့် ဤစကားပုံကို တိုက်ရိုက်ဖြစ်သည်ဟုယူလျှင် မမှန်ကန်ပါ။ မိဂ ပဒဝလဥ္စန နည်းအားဖြင့်ဆိုထားခြင်းဖြစ်၍ တစ်ဆင့်ခံဖြစ်သည်ဟု ယူမှ မှန်ကန်ပါသည်။

မေး ။ ။ တစ်ယောက်သောသူက ရဟန္တာပုဂ္ဂိုလ်အစစ်ကို "ဒီပုဂ္ဂိုလ် ဟာ ဒုဿီလပဲ"ဟု ကဲ့ရဲ့ပြောဆို၏။ အခြားတစ်ယောက်က မူ ဒုဿီလပုဂ္ဂိုလ်ကို "ဒီပုဂ္ဂိုလ်ဟာ ရဟန္တာပုဂ္ဂိုလ်ချည်းပဲ"ဟု ချီးကျူးပြောဆို၏။ ထိုသူနှစ်ယောက်မှာ ဘယ်သူက အပြစ်ကြီးပါသလဲ။

ဖြေ ။ ။ အပြစ်မှာ အတူတူပင်ဖြစ်သည်။ နှစ်ဦးသားဗာလတို့၊ မိုက်

ကြည့်အနေ။ ။ တစ်ဦးသား ဗာလကာ၊ ရဟန္တာကေန္တကို၊ ဤသူလျှင် ဒုဿီလဟု၊ မြွက်ဟတုံပေ။ ။ တစ်ဦးမှာ ဒုဿီလကို၊ ရဟန္တာ ကေန္တဟု၊ ခွန်းနှုတ်ကဖွင့်ချေသည်၊ ဆိုပုံလေလွန်ရိုင်း။။ နှစ်ပါးစုံထိုကံညစ်မှာ၊ အပြစ်ကယ်အတူရှိတယ်၊ ဖြေ၏မှန်တိုင်း။ (မင်းကွန်းအမေး။ မန်လည်အဖြေ)။ (သဂါထာဝဂ္ဂသံယုတ်၊ တုရူဖြပ္မသုတ်၊ ပါ၊ ၄–၁၉၇)။

မေး။ ။ မရဏာသန္နဇောက နောင်ဘဝသစ်ကို ဖြစ်ပေါ်စေတာလား၊ ဂရုကကံ၊ အာသန္နကံစတဲ့ကံတွေက နောင်ဘဝသစ်ကို ဖြစ်ပေါ်စေတာလား၊ သေခါနီးကာလ၌ အရေးကြီးတယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ ။ ။ မရဏာသန္နဇောစေတနာဟာ သေတော့မယ့် နောက်ဆုံးအချိန်မှာဖြစ်ပေါ်လာတဲ့ နောက်ဆုံးစိတ်အစဉ် (ဝီထိ) ဖြစ်ပါတယ်။ ထိုအချိန်မှာ အပြင်းအထန် ဒုက္ခဝေဒနာဒဏ် ခံစားနေရလို့ ခန္ဓာကိုယ်တစ်ကိုယ်လုံး အင်အားဆုတ်ယုတ်နေတဲ့အတွက် မရဏာသန္နဇောစိတ်တို့ မှီနေရတဲ့ ဟဒယဝတ္ထုရုပ်လည်း အင်အားအလွန်နည်းနေပါတယ်။ အင်အားအလွန်နည်းနေတဲ့ဝတ္ထုရုပ်ကို မှီပြီးဖြစ်လာရတဲ့ဇောတွေမှာလည်း အရှိန်အဟုန်လျော့ပါး အင်အားနည်းလှတဲ့အတွက် ပကတိအခါမှာလို ၇–ကြိမ်၊ ၆–ကြိမ် မစောနိုင်တော့ပဲ ၅–ကြိမ်သာစောနိုင်ပါတော့တယ်။ အဲဒီလို မရဏာသန္နဇောဟာ အင်အားနည်းတဲ့အတွက်ကြောင့်လည်းကောင်း၊ အာသေဝနပစ္စည်းကို မရသောကြောင့်လည်းကောင်း၊ ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်လောက်အောင် ကမ္မပထမမြောက်တာကြောင့်လည်းကောင်း နောင်ဘဝသစ်ကို မဖြစ်ပေါ်စေ

နိုင်ပါ။

ဒါပေမယ့် သေခါနီးအခါစောတဲ့ မရဏာသန္နဇောက ကုသိုလ်ဇောဖြစ်လျှင် ထိုကုသိုလ်ဇောက နောင်ဘဝသစ်ကို ဖြစ်ပေါ်စေမယ့် ကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပံ့ပါတယ်။ အကုသိုလ်ဇောစောလျှင်လည်း အကုသိုလ်ဇနကကံ အကျိုးပေးခွင့်ရအောင် ကူညီထောက်ပံ့ပေးပါတယ်။ ပြီးတော့ ကံအစွမ်းကြောင့်ထင်လာတဲ့ ကံ, ကမ္မနိမိတ်စတဲ့ အာရုံတစ်ခုခုကို ပဋိသန္ဓေဝိညာဉ်က အာရုံပြုအောင်လည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု အဋ္ဌကထာ ဋီကာများမှာမိန့်ဆိုထားပါတယ်။ ဒါကြောင့် မရဏာသန္နဇောကိုယ်တိုင်က ဘဝသစ်ဖြစ်ပေါ်စေနိုင်တဲ့ ဇနကကံမဟုတ်သော်လည်း ဘဝသစ်ကိုဖြစ်ပေါ်စေတဲ့ ဇနကကံကိုတော့ အထောက်အကူပြုတဲ့ ဥပတ္ထမ္ဘကကံမျိုးဖြစ်တယ်လို့ မှတ်သားရမှာဖြစ်ပါတယ်။

ယခုဘဝမှာ ပြုလုပ်ထားတဲ့ ဂရုကကံရှိလျှင် အဲဒီကံက နောင်ဘဝသစ်ကို ဖြစ်စေပါတယ်။ ဂရုကကံမရှိလျှင် အာသန္နကံက ဘဝသစ်ကို ဖြစ်စေပါမယ်။ အာသန္နကံမရှိလျှင် အာစိဏ္ဏကံက ဖြစ်စေပါမယ်။ အာစိဏ္ဏကံမရှိလျှင် ကဋတ္တာကံက ဘဝသစ်ကို ဖြစ်ပေါ်စေမည်ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာမှာ ကမ္မဝါဒအရ သေခါနီးကာလမှာ အလွန်အရေးကြီးတဲ့အတွက် အရေးကြီးတယ်ဆိုတာ ဟုတ်ပါတယ်။ လူများသေဖို့ရာအချိန်နီးကပ်လာလျှင် မသေမီ နာရီဝက်လောက်ကစပြီး ဇောကောင်းများစောနေဖို့၊ ကုသိုလ်စိတ်များဖြစ်ဖို့၊ စိတ်ကောင်းများဖြစ်နေဖို့ အရေးကြီးလှပါတယ်။ သေဆုံးတဲ့အထိ ကုသိုလ်ဇောများစောနေရင် ဧကန်မုချ သုဂတိဘဝသို့ရောက်မယ်။ သို့မဟုတ်ပဲ သေခါနီးမှာ အကုသိုလ်ဇောများ စောနေရင် ဧကန်အပါယ်ဘုံသို့ရောက်ရမယ်။ ဥပမာ–မြင်းအပြေးပြိုင်တဲ့အခါ ပန်းဝင်ခါနီးမှာ အရေးအကြီးဆုံးဖြစ်သလို၊ နောင်တစ်ဖန် ဘဝကောင်းရဖို့ သေခါနီးမှာ

အရေးကြီးလှပါတယ်။ ထိုသေဆုံးခါနီး၌ ဇောစိတ်များ ကောင်း, မကောင်း မှာလည်း ထိုအချိန်မှာထင်လာတဲ့ အာရုံနဲ့သက်ဆိုင်ပါတယ်။

ထိုအချိန်မှာ ထင်ပေါ်လာတဲ့အာရုံကတော့ "ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်" သုံးမျိုးအနက် တစ်မျိုးမျိုးထင်လာတတ်တယ်။ ကံအာရုံထင်ပုံကတော့ ရှေးက ဒါန, သီလစတဲ့ကုသိုလ်ပြုခဲ့ရင် ထိုကံကိုပြန်၍ အမှတ်ရခြင်း၊ ယခုပင် လှူနေရသလို၊ ဥပုသ်စောင့်နေရသလို၊ အိပ်မက်မက်သလို ထင်လာခြင်းမျိုးဖြစ်တယ်။ အကုသိုလ်ဘက်မှာလည်း ဒီအတိုင်းပဲ သူများအသက်သတ်ခဲ့သည်ကို ပြန်ပြီးအမှတ်ရခြင်းနှင့် ယခုပဲသတ်ဖြတ်နေရသလို ထင်ခြင်းမျိုးဖြစ်တယ်။

ကမ္မနိမိတ်အာရုံထင်ပုံကတော့ ကံပြုစဉ်က အသုံးပြုခဲ့တဲ့ တုတ်၊ ဓား၊ သေနတ်၊ ပိုက်ကွန်၊ လေး၊ မြား၊ လှံ စသည့်လက်နက်များ၊ ကျောင်း၊ ဘုရားစေတီ၊ ဆွမ်း၊ သင်္ကန်း၊ ပန်း၊ ဆီမီး၊ စိပ်ပုတီး စသောအရာများ ထင်လာတာမျိုးဖြစ်တယ်။ ဂတိနိမိတ်ထင်လာပုံကတော့ သေဆုံးပြီးနောက် ရောက်ရမယ့်ဘဝ၌ တွေ့ကြုံရမယ့် အမိဝမ်းရေး၊ နတ်သမီး၊ ဘုံဗိမာန်၊ ဥယျာဉ်စသည်တို့မှာ လူ့ဘဝ, နတ်ဘဝ ရောက်ရမယ့်သူများမှာ ထင်လာတတ်သလို၊ အပါယ်ရောက်မယ့်သူများမှာ ငရဲမီး၊ ငရဲထိန်း၊ ခွေးနက်ကြီး၊ တောကြီး၊ တောင်ကြီး၊ မြစ်၊ ရေ၊ သမုဒ္ဒရာ၊ ကမ်း စသည်တို့ထင်လာတတ်တယ်။

သေခါနီးမှာထင်လာတဲ့အာရုံကတော့ နောင်ဘဝသစ်ကို ဖြစ်စေတော့မယ့် ကံရဲ့အစွမ်းသတ္တိကြောင့်လည်း ထင်လာတတ်ပါတယ်။ သို့မဟုတ် ဆွေမျိုး၊ မိသင်္ဂဟ စသူတို့ကြောင့်လည်း ထင်လာတတ်ပါတယ်။ တွေတွေဝေဝေ(သမ္မူဠ္ဌမရဏ)ဖြင့် သေရသူ၊ သတိလက်လွတ် မေ့မေ့လျော့လျော့(မုဋ္ဌဿတိ)ဖြင့် သေရသူတို့မှာမူ ဘဝသစ်ကိုဖြစ်စေသည့် ကံ၏ အစွမ်းကြောင့် အာရုံထင်လာလေ့ရှိပါတယ်။ တွေတွေဝေဝေမရှိ၊ သတိလက်

လွတ်မဖြစ်ဘဲ သတိရှိရှိ၊ မတွေမဝေ သေရသူတို့မှာကတော့ ကံ၏အစွမ်းကြောင့် ထင်မှုနည်းပါးပါတယ်။ သေခါနီးလောလောဆယ်မှာပြုတဲ့ အာရုံ၊ ဆွေမျိုးတွေစသူတို့က သတိပေး၍ သတိရတဲ့အာရုံ၊ အမြဲလေ့လာထားတဲ့ အာရုံ၊ ကိုယ်တိုင်တွေးတောစဉ်းစား၍ ပေါ်လာတဲ့အာရုံများဟာ ကံ၏ အစွမ်းကြောင့်မဟုတ်ဘဲ အမြဲလေ့လာခြင်းစတဲ့ အကြောင်းတို့ကြောင့်လည်း ထင်လာနိုင်ပါတယ်။

ယခုဘဝမှာ ဂရုက ကံမရှိလျှင် အာသန္နကံက နောင်ဘဝသစ်ကို ဖြစ်ပေါ်စေလိမ့်မယ်လို့ ဆိုခဲ့တယ်မဟုတ်လား။ ဒါကြောင့် နောင်ဘဝမှာ သုဂတိရောက်ဖို့မှာ ကုသိုလ်အာသန္နကံပေါ် တည်နေတာဖြစ်လို့ ကုသိုလ်အာသန္နကံဖြစ်ဖို့ဟာ သေခါနီးမှာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် မကျန်းမာခြင်းစသည်တို့ကြောင့် ဖြည်းဖြည်းသက်သာ သေရမည့်ပုဂ္ဂိုလ်မျိုးကို သေခါနီးကာလမှာ ဆရာသမားကောင်း၊ ဆွေကောင်း မျိုးကောင်းတွေက အာရုံကောင်းထင်လာဖို့ရာ ပြုပြင်ပေးကြရမယ်၊ ပြုပြင်လည်း ပြုပြင်လို့ရတယ်။

လူမမာဟာ စွဲကပ်နေတဲ့ရောဂါမှ လွတ်နိုင်တော့မယ် မထင်ရင် လူမမာရဲ့အနီးအပါးမှာ သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် ပြုပြင်ထားရမယ်။ ဘုရားကိုရည်စူးပြီး ပန်းတွေကို ရေမွှေးကောင်းကောင်းဆွတ်ဖျန်းပြီး လှူဒါန်း ပူဇော်ထားရမယ်။ ညဥ့်အခါဖြစ်လျှင် ဆီမီးတွေ ထိန်ထိန်လင်းအောင် ညှိထွန်းထားရမယ်။ တတ်နိုင်လျှင် သံဃာတော် အနည်းဆုံးတစ်ပါးပင့်ပြီး လူနာကိုယ်စား(လူနာကိုအသိပေးပြီး) သင်္ကန်း၊ ထီး၊ ဖိနပ် စတာတွေကို လှူဒါန်းပေးရမယ်။

လူနာကိုလည်း "(အမေ့အတွက်၊ အဖေ့အတွက်) သံဃာတော်ကို သင်္ကန်းလှူပါတယ်၊ ဝမ်းမြောက်ကြည်ညိုပါ၊ ပန်းတွေ ဆီမီးတွေလည်း ပူဇော်ထားပါတယ်၊ ကြည်ညိုဝမ်းမြောက်ပါ"ဟု ပြောပေးရမယ်။ တရား

တိတ်ခွေကောင်းကောင်းကို လူနာကြားနာရုံလောက် မတိုးမကျယ်ဖွင့်ပေးထားရမယ်။ ဒီတရားတိတ်ခွေကို သေခါနီးမှာသာမဟုတ်၊ ရက်အတန်ကြာက လုံနာရဲ့သဘောအရ ဖွင့်ပေးထားရမယ်။ ပြုစုသူ ဆွေမျိုးများကလည်း ငိုသံပါနဲ့စကားပြောတာ၊ ငိုရှိုက်သံပြုတာမျိုးတွေကို လုံးဝရှောင်ကြဉ်ရမယ်။ အဲဒီလိုပြုပြင်ရင် လူနာမှာ ပန်းဆီမီး အမွှေးနံ့ တရားသံတွေကို ဖြစ်စေ၊ ဘုရားသံကိုဖြစ်စေ အာရုံပြုကာ ရက်အတော်ကြာ၊ အချိန်အတော်ကြာအောင် ကုသိုလ်စိတ်တွေဖြစ်ပွားမှု အထုံရနေပါလိမ့်မယ်။

ပန်း ဆီမီး အမွှေး တရားသံတွေကလည်း ရှိတုန်း၊ မျက်စိတွေကလည်းမြင်တုန်း ကြားတုန်းဖြစ်ချိန်မှာ သေဆုံးသွားရင် ထိုပန်းဆီမီး စ,တာတွေကို ပူဇော်တဲ့ အာသန္နကံကုသိုလ်ကံက ကောင်းကျိုးပေးလို့ သုဂတိဘဝသို့ ရောက်မှာသေချာတယ်။ အဲဒီလို ကုသိုလ်အာရုံတွေ တိုက်ရိုက်ရှိနေတုန်း လူနာစုတေနိုင်အောင် ဆိုင်ရာဆွေမျိုး မိတ်သင်္ဂဟတွေက ဂရုတစိုက်ပြုပြင်ပေးကြဖို့ လူတိုင်းသတိပြုသင့်ကြပါတယ်။

သေခါနီးမှာ လူနာမျက်နှာ အနေအထား ကြည်ကြည်လင်လင်ရှိရင် အာရုံကောင်းထင်နေပြီဖြစ်လို့ သုဂတိသွားရလိမ့်မယ်လို့ မှန်းဆနိုင်ပါတယ်။ မျက်နှာညှိုးငယ်နေရင် ကြမ်းတမ်းတဲ့ အမူအရာဖြစ်နေရင် မကောင်းတဲ့အာရုံထင်နေပြီဖြစ်လို့ ကောန်မုချ ဒုဂ္ဂတိသို့သွားရတော့မယ်လို့ မှန်းဆနိုင်ပါတယ်။ အချို့ သေခါနီးမှာ ညင်ညင်သာသာမရှိဘဲ ပြောလား၊ ဆိုလား၊ ယောင်လား၊ ယမ်းလား လုပ်တတ်ပါတယ်။ ရှေးတုန်းက ရဟန္တာအရှင်သောဏမထေရ်ရဲ့ ခမည်းတော်ဟာ ငယ်ရွယ်စဉ်က မုဆိုးကြီးဖြစ်ပြီး အသက်ကြီးခါမှ ရဟန်းပြုတယ်။ သေခါနီး (မိနစ်အတော်ငေးငေးကပင်) ခွေးနက်ကြီးတွေ သူ့ကိုကိုက်တော့မယ့်ဟန် နိမိတ်ထင်နေလို့ "သားရဲ့-ချောက်ပါဟဲ့၊ ချောက်ပါဟဲ့" လို့အော်သတဲ့။

အရှင်သောဏက ဦးပဥ္စင်းကြီးမှာ ငရဲနိမိတ်ထင်နေပါပကောဟု

တွေးတောပြီး ချက်ချင်း သာမဏေတွေကို ပန်းရှာခိုင်းပြီး စေတီရင်ပြင်တော်ပေါ်မှာ ပန်းမွေ့ရာခင်းပြီးမှ ဦးပဥ္စင်းကြီးကို ခုတင်နဲ့ယူသွားပြီး "ဦးပဥ္စင်းကြီး ကြည်ညိုလိုက်၊ ကြည်ညိုလိုက်၊ ဦးပဥ္စင်းကြီးအတွက် ပန်းတွေလှူထားတယ်"ဟု ပြောတဲ့အခါ သတိရလာပြီး ဘုရားကိုအာရုံပြုပြီး ကြည်ညိုဝမ်းမြောက်လိုက်သည့်ခဏမှာ ခွေးနက်ကြီးတွေပျောက်သွားပြီး နတ်သမီးတွေ ထင်လာလို့ "ဟဲ့ သားရဲ့ ဖယ်ပေးပါ၊ ဖယ်ပေးပါ၊ သားရဲ့မိထွေးတွေ လာနေတယ်"ဟု ယောင်ယမ်းပြောဆိုနေတဲ့အခါ "အင်း နတ်ပြည်အထိ နိမိတ်ထင်လာပေါ့ကိုး"ဟု မထေရ်မြတ်စဉ်းစားနေတုန်း ဦးပဥ္စင်းကြီးဘဝဆုံးခါ နတ်ပြည်ရောက်သွားရသတဲ့။

သာသနာပြုကုသိုလ်တွေ အမြောက်အမြားပြုခဲ့တဲ့ သီရိခမ္မာသောကမင်းကြီးသည် ပထမတွင် ဓောအာရုံကောင်းထင်လာပြီးမှ သမားတော်ဆက်သတဲ့ သျှိသျှားသီးပိုင်းကလေးကိုရှုမိလို့ "ဇမ္ဗူဒိပ်ကို အစိုးရသူဖြစ်ပါလျက် အခုတော့ သျှိသျှားသီးပိုင်းကလေးကိုသာ အစိုးရသူဖြစ်ရလေခြင်း"ဟု အလွန်အမင်းဝမ်းနည်းလျက် မကောင်းတဲ့အာရုံများကိုယူကာ စုတေရရှာပြီး စပါးကြီးမြွေဖြစ်ရတယ်လို့ ဆိုပါတယ်။

အဲဒီလို သေခါနီးကာလမှာ အလွန်အရေးကြီးပါတယ်။ အဲဒီအချိန်မှာ နှလုံးသွင်းမကောင်းရင် ရှေးကကုသိုလ်တွေ အများကြီးလုပ်ခဲ့ပေမယ့် မလ္လိကာမိဖုရားကြီးတို့လို၊ ဧရကပတ္တနဂါးကြီးသွားဖြစ်တဲ့ မထေရ်ကြီးတို့လို၊ မဟာစာကိလဉပါသကာကြီးတို့လို ဒုဂ္ဂတိရောက်မှာ သေချာသလို၊ ရှေးက ကုသိုလ်မပြု, အကုသိုလ်သာပြုခဲ့ပေမယ့် သေခါနီးမှာ နှလုံးသွင်းကောင်းခဲ့ရင် ဒမိဠဒေါဝါရိက တံငါသည်(ရှေး၌ဖော်ပြခဲ့ပြီ။) မဋ္ဌကုဏ္ဍလီ သတို့သား ဖားနတ်သားတို့လို သုဂတိသို့ရောက်မှာ သေချာပါတယ်။

ဒါကြောင့် သတိချွတ်ယွင်းသူ မဟုတ်လျှင် သေခါနီးအချိန်တွင် ရှေးကပြုလုပ်ခဲ့သမျှ ကုသိုလ်တွေကို တတ်နိုင်သမျှ ပြန်လည်အောက်မေ့ပါ။

အမှတ်တရားဖြင့် မှတ်၍နေပါ။ ဘုရားဂုဏ်တော်တစ်ပါးကိုဖြစ်စေ နှလုံးသွင်းပွားများပါ။ မေတ္တာဘာဝနာပွားများပါ။ အကုသိုလ်ဖြစ်စရာတွေကို သတိတရားနဲ့ရှောင်ရှားပြီး ကုသိုလ်ဖြစ်မည့် အရာကိုသာ စဉ်းစားပါ။ အယုတ်ဆုံး သရဏဂုံသုံးပါးကို စိတ်ထဲကနှလုံးသွင်းရွတ်ဆိုပါ။ ကိုယ့်စိတ်က လိုလားလျှင် သံဃာတော်တစ်ပါးပင့်ခိုင်းပြီး သင်္ကန်းလှူပါ။ ထို့နောက် ထိုအလှူကို အောက်မေ့ဝမ်းသာပါ။ ဤသို့ပြုလုပ်နိုင်စွမ်းလျှင် ထိုသူအတွက် သုဂတိသို့ ရောက်ရန်သေချာ၍ သေခါနီးကာလမှာ အရေးမကြီးတော့ဟု ဆိုနိုင်ပါတော့တယ်။

မေး ။ ။ "ပါရမီ" ရဲ့အဓိပ္ပာယ်က ဘာလဲ၊ ပါရမီဖြစ်တဲ့အရာ၊ မဖြစ်တဲ့ အရာများကို ခွဲခြားရှင်းပြပါ။

ဖြေ ။ ။ ရည်ရွယ်ချက်ဖြင့် မြတ်သောသူတော်စင်တို့၏လုပ်ငန်းကို ပါရမီလို့ခေါ်ပါတယ်။ ထိုလုပ်ငန်းကို အရကောက်လျှင် "ကုသိုလ်" ဖြစ်ပါတယ်။ ဒီကုသိုလ်ဟာ ပါရမီမြောက်တဲ့ ကုသိုလ်၊ ပါရမီ မမြောက်တဲ့ ကုသိုလ်လို့ နှစ်မျိုးရှိပါတယ်။

ဘဝအဆက်ဆက်မှာ ခံစားဖို့ကို မရည်ရွယ်ဘဲ၊ ဆုမတောင်းဘဲ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ဧကန်မျက်မှောက်ပြုလိုသော ရည်ရွယ်ချက်၊ ဆန္ဒတို့ဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို တောင့်တပြုလုပ်သောကုသိုလ်မျိုးကို "ပါရမီကုသိုလ်"လို့ ခေါ်ပါတယ်။ (သံသရာမှထွက်မြောက်သောကုသိုလ်)။ ထိုပါရမီ ကုသိုလ် ကံကား ရည်ရွယ်တောင့်တချက် မပြည့်စုံသေးသမျှ အစဉ်လိုက်ပါနေတဲ့ ဘုရားအလောင်းတော်တို့ရဲ့ ပါရမီကုသိုလ်တော်များဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ သတ္တိမပြယ်ဘဲ လိုက်ပါနေရကား ဘုရားဖြစ်တော်မူပြီး ပရိနိဗ္ဗာန်စံတော်မူမှ သတ္တိများကုန်ပါတယ်။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မရည်ရွယ်ဘဲ ဘဝအဆက်ဆက် ချမ်းသာဖို့ ကိုသာ ရည်ရွယ်တောင့်တ ပြုလုပ်တဲ့ကုသိုလ်မျိုးကို "ပါရမီမဖြစ်တဲ့ကုသိုလ်"

ဟု ခေါ်ပါတယ်။ အဲဒီကုသိုလ်ဟာ ရည်ရွယ်ချက်အတိုင်း သူတို့စွမ်းနိုင်သမျှ အကျိုးပေးပြီးသည့်အခါ သတ္တိလည်းပြယ်သွားတော့၏။ ကံအရှိန်ကုန်သဖြင့် နောက်ထပ်လည်း အကျိုးမပေးတော့ဟု ဆိုလိုပေသည်။ (သံသရာလည်သော ကုသိုလ်)။

မေး ။ ။ ယောက်ျားသေလို့နတ်ဖြစ်ရင် နတ်သားဖြစ်တယ်၊ မိန်းမသေလို့နတ်ဖြစ်ရင် နတ်သမီးဖြစ်တယ်လို့သိရတယ်။ ကံက ဒီအတိုင်းပဲ သတ်မှတ်ထားပါသလား။

ဖြေ ။ ။ ကံက အဲဒီအတိုင်း သတ်မှတ်ထားတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ပြုလုပ်ခဲ့တဲ့ကံနှင့် ဘဝကိုတပ်မက်နှစ်သက်တဲ့ ဘဝနိကန္တိက (တဏှာ)က နတ်သား, နတ်သမီးဖြစ်အောင် ဖန်တီးပေးထားပါတယ်။

ယောက်ျားတွေဟာ ယောက်ျားဘဝကိုပင် နှစ်သက်ကြတယ်။ ယောက်ျားလို ဝတ်ရ, စားရ, နေထိုင်သွားလာလုပ်ကိုင်ရတာကိုပဲ သဘောကျကြတယ်။ ယောက်ျားဖြစ်ချင်တဲ့စိတ်လည်း ရှိကြတယ်။ ထိုစိတ်သတ္တိဟာ ယောက်ျားတွေသန္တာန်အမြဲရှိနေတဲ့အတွက် ကုသိုလ်ကံပြုတဲ့အခါ ထိုကံရဲ့သတ္တိမှာ ယောက်ျား၏စိတ်ဓာတ်သတ္တိက တွဲဖက်ပါရှိတဲ့အတွက် ထိုကုသိုလ်ကံက နတ်သားဖြစ်ဖို့ရန်သာ စီမံပေးတယ်။

ကာမေသုမိစ္ဆာစာရစတဲ့ အကုသိုလ်ကံ မနှောင့်ယှက်သမျှ ယောက်ျားဟာ မိန်းဘဝ၌မဖြစ်တော့။ ဒါကြောင့် ယောက်ျားဘဝဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုကြတဲ့ ဘုရားလောင်း၊ အဂ္ဂသာဝက မဟာသာဝက အလောင်းတွေဟာ ဆုတောင်းတဲ့ဘဝမှာလည်း ယောက်ျား၊ နောက်ဆုံးဘဝမှာလည်း ယောက်ျားပဲ ဖြစ်ကြရတယ်။ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို လွန်ကျူးရင်တော့ မိမိ မဖြစ်ချင်ပေမယ့် ကံအတိုင်း မိန်းမဖြစ်ရတော့တယ်။ အရှင်အာနန္ဒာ အလောင်းတော် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့်

မိန်းမဘဝများ ဖြစ်ခဲ့ဖူးပါတယ်။

မိန်းမတွေဟာလည်း မိမိတို့မိန်းမဘဝကိုပင် နှစ်သက်ကြတယ်။ ဖြီးလိမ်းပြင်ဆင်၊ ဝတ်စားဆင်ယင်ရတာကို သဘောကျကြတယ်။ သာယာကြတယ်။ မိန်းမလို ဝတ်ရစားရတာကို နှစ်သက်ကြပြီး မိန်းမဖြစ်လိုစိတ်များကြတယ်။ အဲဒီစိတ်ဓာတ်သတ္တိက မိန်းမသန္တာန်၌ အမြဲပါနေတဲ့အတွက် ပြုပြုသမျှ ကုသိုလ်ကံဟာလည်း ထိုသတ္တိနှင့်တွဲဖက်နေတာကြောင့် ထိုကုသိုလ်ကံက နတ်သမီးဖြစ်ဖို့ရန် စီမံပေးခြင်းဖြစ်တယ်။

ဒါကြောင့် ယသော်ဓရာ အလောင်းဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလောက်က သုမိတ္တာ အမျိုးသမီးဖြစ်ခဲ့ပြီး ဘုရားလောင်းနှင့်အတူကြင်ရာတော်ဖြစ်လိုတဲ့စိတ်ဖြင့် ကုသိုလ်တွေ လုပ်ခဲ့တယ်။ ထိုကာလအတွင်းမှာလည်း မိန်းမအဖြစ်ကျင်လည်ပြီး နောက်ဆုံး ယသော်ဓရာဖြစ်လာရတယ်။ ဒါပေမယ့် မိန်းမဘဝကို ရွံရှာစက်ဆုပ်ပြီး ယောကျ်ားဘဝကိုရအောင်စိတ်ညွတ်ရင်တော့ မိန်းမစိတ်ဓာတ် သတ္တိမရှိတော့လို့ ပြုလုပ်တဲ့ ကုသိုလ်ကံတွေက ယောကျ်ားဘဝကို စီမံပြုလုပ်ပေးပါတယ်။ ဥပမာ–ဘုရားရှင်လက်ထက်က ဂေါပိကာခေါ်တဲ့ သာကီဝင်မင်းသမီးဟာ ငါးပါးသီလကို မြဲအောင်စောင့်ထိန်းတယ်။ မိန်းမဘဝဟာ ဘုရားတို့စကြာမင်းတို့ သိကြားတို့ဖြစ်နိုင်တာ မဟုတ်ဘူးဆိုပြီး မိန်းမဘဝကို စက်ဆုပ်တယ်။ မိန်းမဖြစ်ချင်တဲ့စိတ်မရှိတော့လို့ ကုသိုလ်ပြုတိုင်း ယောကျ်ားဘဝကိုပဲ တောင့်တတယ်။ တောင့်တတဲ့အတိုင်း ကွယ်လွန်တဲ့အခါ သိကြားမင်းရဲ့သားတော် ဂေါပကနတ်သားသွားဖြစ်ခဲ့တာလိုပါပဲ။ အဲဒီလိုပဲ အမျိုးသမီးများသေရင် နတ်သားဖြစ်တာအလွန်ရှားပါတယ်။ ဘုရားမယ်တော်၊ အင်္ဂတိမင်းရဲ့ သမီးတော် ရုစာဒေဝီနဲ့ အခုဂေါပကနတ်သားတို့လောက်ပဲ တွေ့ရတယ်။

အချုပ်ပြောရရင် ယောကျ်ားဘဝ၊ မိန်းမဘဝတွေကို နှစ်သက်တွယ်တာတဲ့ ဘဝနိကန္တိက ကာမတဏှာကြောင့်ပဲဖြစ်တယ်။ ကံက တရား

သေ သတ်မှတ်ထားတာမရှိပါဘူး။ (ဗုဒ္ဓဘာသာ သင်ခန်းစာ၊ ၂၂၃)။

အတိတ်ကံကိုချည်း အားမကိုးရ

ကျမ်းဂန်လာ ကံအကြောင်းကို စာရေးသူလက်လှမ်းမီသလောက် ကောက်နုတ်တင်ပြ ရှင်းလင်းခဲ့ပေပြီ။ ဤမျှလောက်ဖြင့် စာဖတ်ပရိသတ်များ ကံအကြောင်း အကဲခတ်နားလည်သဘောပေါက်ကြလိမ့်မည်ဟု ယူဆပါသည်။ ယခု ဗုဒ္ဓဘာသာဝင်တို့ ကံနှင့်ပတ်သက်၍ တစ်ဖက်စွန်းမရောက်သွားအောင် နိဂုံးချုပ်အနေဖြင့် သတိပေးရေးသားပါဦးမည်။

ဗုဒ္ဓဘာသာ၌ ကံနှင့်ပတ်သက်၍ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်မျိုးလုံးကို ယူရသည်။ ပစ္စုပ္ပန်ကံဆိုသည်မှာ မည်သည့်ကံမျိုးဖြစ်သည်ကိုလည်း ရှင်းလင်းတင်ပြခဲ့ပြီ။ သို့ရာတွင် မြန်မာဗုဒ္ဓဘာသာဝင်တို့သည် အတိတ်ကံကိုချည်း အစွဲများကြသည်၊ အားကိုးကြသည်။ ထို့ကြောင့် "ပုဗ္ဗေကတဟေတုဒိဋ္ဌိ"နှင့် နီးကပ်နေသည်။ အမှန်မှာ "မကောင်းလည်းကံ၊ ကောင်းလည်းကံဟု ကံကိုချည်းသာ မကိုးရာဘူး" ဆိုသည့်အတိုင်း အတိတ်ကံကို ချည်းအားမကိုးရ။ "ကံယုံ၍ ဆူးပုံမနင်းရ၊ ကျားရဲရာ ကြမ်မှာမရိုးရာ"ဟူသော ရှေးသူဟောင်းတို့၏ လမ်းညွှန်ချက်ကိုလည်း သတိထားရမည်။

အမှန်စင်စစ် လူ့ဘုံသည် ကံ၏အကျိုးသက်သက်ကို မှီခို၍ အသက်မွေးရသော၊ ကြီးပွားတိုးတက်နိုင်သော"ကမ္မဖလူပဇီဝိ"ဘုံမျိုးမဟုတ်။ လုံ့လဥဿာဟ၏အကျိုးကို မှီခိုအားထား၍အသက်မွေးရသော၊ ဝါ-ကြီးပွားတိုးတက်နိုင်သော "ဥဋ္ဌာနဖလူပဇီဝိ"ဘုံမျိုးသာဖြစ်၏ဟု ဘုရား ဟောထား၏။

ဆက်ဦးအံ့-အကယ်၍ အတိတ်ကံကို ယုံကြည်၍ ပစ္စုပ္ပန်ကံများကို လုံးဝမျက်ကွယ်ပြုထားမည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ကြာရှည်လေးမြင့်စွာ လူ့လောက၌ရပ်တည်နိုင်မည် မဟုတ်ပေ။ အယုတ်ဆုံးအားဖြင့် ထမင်းစား

နေ့စဉ်အခါ၌ပင် ထမင်းလုတ်ကို လက်ဖြင့်ယူ၍ ခံတွင်းသို့ထည့်ခြင်းအလုပ်ကိုလည်း ပစ္စုပ္ပန်ကံဟု ဆိုရသည်။ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုဟူသော ဣရိယာပုတ် အလုပ်ကြီးသော်လည်း ပစ္စုပ္ပန်ကံဖြစ်ပေသည်။ ဣရိယာပုတ်လေးပါးတို့ကို ပြောင်းလဲလုပ်ကိုင်သဖြင့် ရရှိသောကျန်းမာခြင်းစသော အကျိုးများကိုလည်း ပစ္စုပ္ပန်ကံ၏အကျိုးဟုဆိုရ၏ဟု လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားထား၏။

အမှန်ဆိုရသော် လောက၌ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ ကျန်းမာမှု၊ ရောဂါရမှုစသော ကောင်းကျိုး၊ ဆိုးကျိုးပြစ်များသည် အတိတ်ဘဝကပြုလုပ်ခဲ့သည့် အတိတ်ကံကြောင့်ချည်းမဟုတ်။ မျက်မှောက်ဘဝတွင် ဉာဏ်ဦးဆောင်သည့် ကြိုးစားအားထုတ်မှု ဝီရိယကြောင့်ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ကံသည်လည်း အရေးပါသောအကြောင်းတရားတစ်ခုဖြစ်သည်။

"ပုဗ္ဗပုည်၊ ကောင်းမှုကံလျှင်၊ အခံရှိထ၊ ရှေးကမ္မထက်၊ လုံ့လပညာ၊ နှစ်ဖြာပင့်ထောက်၊ သမ္မာလှောက်၍၊ မီးတောက်လေကူ၊ ဟူ၏ပမာ၊ များမကြာခင်၊ ပညာဥစ္စာ၊ ကြီးပွားရာ၏"ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ချက်အတိုင်း ရှေးအတိတ်ကံကို မီးတောက်လေကူသည့်သဘောဖြင့် ပစ္စုပ္ပန်ကံကကူညီမှ အကျိုးတရားများ ဖြစ်ပွားပေါ်ပေါက်နိုင်ပေသည်။ ပဝတ္တိအခါ၌ အတိတ်ကံများမှာ ပစ္စုပ္ပန်ကံ၏အကူအညီကိုမရပါက အနည်းငယ်မျှလောက်သော အကျိုးပေးနိုင်၏။ များသောအားဖြင့် လုံး၀အကျိုးမပေးနိုင်တတ်ချေ။

ဤနေရာ၌ မဟာဇနကမင်းသား ဇာတ်တော်သည် ထင်ရှားသော သာဓကဖြစ်သည်။ အလောင်းတော် မဟာဇနကမင်းသားသည် ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောပျက်၍အသက်ဘေးနှင့်ကြုံတွေ့ခဲ့ရ၏။ သို့သော် ၇–ရက်ပတ်လုံး မလျှော့သောယောကျ်ားတို့၏လုံ့လဝီရိယဖြင့် ကြိုးစားကူးခတ်

ခဲ့ရာ မေခလာနတ်သမီးကယ်သဖြင့် အသက်ဘေးမှလွတ်မြောက်ခဲ့သည့်ပြင် မူလရည်မှန်းချက်အတိုင်း မင်းအဖြစ်ကိုပင် ရရှိခဲ့ပေသည်။

အလောင်းတော်နှင့်အတူပါလာကြသော သင်္ဘောသားများကား ဉာဏ်ဝီရိယတို့ဖြင့် ပစ္စုပ္ပန်ကံကိုမပြုကြသဖြင့် ရေတွင်နစ်ကာ ငါးစာဖြစ်ကြရရှာသည်။ ဤဇာတ်ဝတ္ထု၌ အလောင်းတော် မဟာဇနကမင်းသည် အတိတ်ကံကိုချည်း အားကိုးအားထားပြုခဲ့ပါမူ အခြားသင်္ဘောသားများနည်းတူ ပင်လယ်ကြောတွင်နစ်မျောသေဆုံးဖွယ်ရာရှိ၏။ ဉာဏ်, ဝီရိယတို့ဖြင့် ပစ္စုပ္ပန်ကံကူ၍သာ အသက်ဘေးမှလွတ်မြောက်လာရခြင်းဖြစ်သည်။ ထီးနန်းအုပ်ချုပ်မင်းလုပ်ရခြင်းကား အတိတ်ကံ၏ကိစ္စဖြစ်ပေသည်။ ထို့ကြောင့် အရာရာ၌ ပြည့်စုံလိုသူသည် အတိတ်ကံကိုချည်းအားမကိုးရ၊ ပစ္စုပ္ပန်ကံကိုလည်း မီးတောက်လေကူ၊ ရေလာမြောင်းပေးသဘောဖြင့် ဉာဏ်ရှေ့ဆောင်သော ဝီရိယတို့ဖြင့် ပြုလုပ်ကြိုးစားသင့်ကြ၏။

အမှန်အားဖြင့် လက်ရှိဘဝ၌ စီးပွားဥစ္စာ အဖြာဖြာနှင့်ပြည့်စုံခြင်း၊ ပညာတတ်မြောက်ခြင်း၊ အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း စသော အကျိုးတရားများဖြစ်ပွားရခြင်းကား မူလအရင်းခံဖြစ်သော အတိတ်ကံသက်သက်မဟုတ်ပါချေ။ လယ်ယာထွန်ယက်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ကုန်စည်ရောင်းဝယ်ဖောက်ကားခြင်း၊ သိပ္ပံပညာ, ဝိဇ္ဇာပညာရပ်များကို သင်ကြားခြင်း၊ ကိုယ်လက်လှုပ်ရှား ပြုလုပ်ခြင်း၊ မိမိနှင့်သင့်လျော်သည့် အစားအစာများကိုသာ မှီဝဲခြင်း၊ စားသည့်အခါ၌လည်း အတိုင်းအရှည်ကိုကြည့်၍စားခြင်း၊ သင့်လျော်သည့် ဆေးဝါးဓာတ်စာများကို စားခြင်း၊ ဣရိယာပုတ်မျှတအောင် နေထိုင်ခြင်းစသော ဉာဏ်ဝီရိယတို့ဖြင့်ပြုလုပ်သည့် ပစ္စုပ္ပန်ကံ၏အထောက်အကူပြုမှုကြောင့်သာ ထိုအကျိုးတရားများဖြစ်ပွားရခြင်းဖြစ်ပါသည်။

ထို့အတူ လက်ရှိဘဝ၌ ပျက်စီးဆုတ်ယုတ်မှုစသော မကောင်း

ကိုးအမိုးမိုးတို့ ဖြစ်ပေါ်လာခြင်းသည်လည်း ပစ္စုပ္ပန်အကုသိုလ်ကံ၏ အကူ အညီရသောကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ အတိတ်ကံကိုယုံကြည် ပြီး မီးပုံထဲသို့ ခုန်ဆင်းလျှင် မီးလောင်ခံရမည်။ ကျားပေါသည့် တောထဲသို့ သွားလျှင် ကျားဆွဲခံရမည်မှာ သေချာသည်။ ထို့ကြောင့် "ကံဟု မူလ၊ သမ္ဘုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွား ရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်"ဟု ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီး လမ်းညွှန်ဆုံးမတော်မူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရှေ့တွင်တင်ပြခဲ့ပြီးသော သမ္ပတ္တိ ၄–ပါး၊ ဝိပတ္တိ ၄–ပါး တို့အကြောင်းကို စဉ်းစားပြီး ငါတို့သန္တာန်၌ အကျိုးမပေးရသေးသော ကုသိုလ်ကံ၊ အကုသိုလ်ကံများ အစဉ်တစိုက်လိုက်ပါနေသည်ကား အမှန် ဖြစ်၏။ သို့သော် ထိုကံတို့တွင် အကုသိုလ်တို့သည် ဝိပတ္တိအမျိုးမျိုးဆိုက် နေရာအခါမှသာ အကျိုးပေးခွင့်ရကြ၏။ ကုသိုလ်ကံတို့လည်း သမ္ပတ္တိအမျိုး မျိုးတို့နှင့် ဆုံဆည်းမှသာ အကျိုးပေးခွင့်ရကြသည်ဟု သတိပြုရမည်။

ဆက်၍ဆိုပါဦးမည်။ အကုသိုလ်ကံ အကျိုးပေးဖို့ရာ (ကံဇာတာ ညံ့ခိုက်)ကြုံသော်လည်း သတိ၊ ဝီရိယ၊ ဉာဏ်ဟူသော ပယောဂသမ္ပတ္တိ (ပစ္စုပ္ပန်ကံ)ရှိသူမှာ အကုသိုလ်များ မကောင်းကျိုးမပေးဘဲ ရှောင်လွဲရမည် သာတည်း။ အကယ်၍ ယခုဘဝ၌သူတော်ကောင်းတရား၊ ပါရမီများကို ကြိုးကြိုးစားစား ထူထောင်လိုက်ပါလျှင် နောင်ဘဝစသည်တို့၌ ကောင်းမြတ် သောဂတိကို ဧကန်မုချရမည်သာတည်း။ ထိုသို့ ဂတိသမ္ပတ္တိစသည်နှင့် အဆင့်ဆင့်ကြုံနေရပါမူ ရှေးရှေးကပြုခဲ့သော အကုသိုလ်ကံတို့သည် နိဗ္ဗာန်ရ သည့်ဘဝတိုင်အောင်ပင် အကျိုးပေးခွင့်ရဖို့ ခဲယဉ်း၏။

ထို့ကြောင့် မိမိ မမြင်နိုင်သော ရှေးအတိတ်ကံတို့ကို တွေးကြံမနေ ဘဲ ယခုဘဝ၌လည်း စီးပွားရေးစသည် တန်းမြင့်၍ နောင်သံသရာ၌လည်း အဆင့်ဆင့် မြင့်မြတ်လေအောင် ယခုလက်ငင်း ပြုပြင်၍ရကောင်းသော

ပယောဂသမ္ပတ္တိဆိုရသည့် ပစ္စုပ္ပန်ကံကိုသာ ဉာဏ်ဦးဆောင်သော ဝီရိယဖြင့် ထူးထူးခြားခြား ကြိုးစားအားထုတ်သင့်ကြပေသည်။

[ ပြီးပါပြီ ]

ဓမ္မာစရိယဦးအေးနိုင်(ဘီအေ)

မဟာသဒ္ဓမ္မဇောတိကဓဇ





ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက
"ကံမည်သည် အထွေထွေအပြားပြား အလွန်များ၏။
ပြောဖွယ်၊ သိဖွယ် အလွန်ကျယ်၏" ဟု မိန့်ဆိုထားသည်။
သို့ရာတွင် သိဖွယ်များသော ကံတရားအကြောင်းကို
"နည်းနည်းနှင့် ကျဲကျဲဝိုင်း" ဆိုသကဲ့သို့
သိသင့်သိထိုက်သည့် ကံအကြောင်းအရာတို့ကို
ဗုဒ္ဓဘာသာဝင်များအား စုံစုံလင်လင် သိထားစေချင်သော
ဆန္ဒမွန်ဖြင့် ဤစာအုပ်ကို ရေးသားထုတ်ဝေသည်။

Than Myint Aung 2009